www.burmeseclassic.com

တောင်မှူးကြီးသိန်းဝင်း

# ပြေ့စင်ကန်ကာမမြစိမ်း



www.burmeseclassic.com

စီစဉ်သူ — ကိုတင်ထွန်း

**ပုံနှိပ်ခြင်း**

ပထမအကြိမ် — ၂၀၁၅၊ ဖေဖော်ဝါရီလ
အုပ်ရေ — ၅၀၀
မျက်နှာဖုံး — *Myat Min Han*
ကွန်ပျူတာစာစီ — *Maw Maw (New Idea)*
အတွင်းဖလင် — *Zin Oo & Brothers*

**ပုံနှိပ်သူ**

ဒေါ်ယဉ်ယဉ်မွန် (မြို့ဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ထုတ်ဝေသူ**

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅ • ၈၃
သိန်းဝင်း၊ထောင်မှူးကြီး
မြွေစင်ကန်ကမြေစိမ်း/ထောင်မှူးကြီးသိန်းဝင်း။
-ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၅။
၂၃၈-စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) မြွေစင်ကန်ကမြေစိမ်း

## စာရေးသူ၏အမှာစာ

ကျွန်တော် စာမျိုးစုံ ရေးခဲ့ပါသည်။ အကျဉ်းထောင်နှင့်သက်ဆိုင်သော အတွေ့အကြုံဝတ္ထုဇာတ်လမ်းများ၊ တောတောင်နှင့်ပတ်သက်သော ကိုယ်တွေ့အမဲလိုက်ဝတ္ထုများ၊ နေ့စဉ်လောကကြီးကို ကျော်လွှားဖြတ်သန်းနေကြသည့် လူ့ဘဝအမှတ်တရ ဝတ္ထုတိုများဖြင့် ကျွန်တော်နှင့် ပတ်သက်ဆုံတွေ့ခဲ့ရသော ဂမ္ဘီရဝတ္ထုများအပြင် မြန်မာတစ်နိုင်ငံလုံးသို့ လှည့်လည်သွားလာရင်း ကြုံတွေ့ခဲ့ရသော ခရီးသွားဇာတ်လမ်းများကိုလည်း စာဖတ်ပရိသတ်ကြီး ဗဟုသုတရစေချင်သော စေတနာ၊ မေတ္တာဖြင့် ကြိုးစားပြီး ရေးဖွဲ့ခဲ့ပါသည်။ ယခုဆိုလျှင် ကျွန်တော်ရေးသားပြုစုခဲ့သော အတွေ့အကြုံနှင့် ဖန်တီးထားသော ဝတ္ထုဇာတ်လမ်းများမှာ စာအုပ်ပေါင်း (၄၀)ပင်ကျော်ပါပြီ။ ဝတ္ထုတိုအရေအတွက် အပုဒ်ပေါင်း (၁၀၀၀)ကျော်ရှိနေပြီဖြစ်ပြီး။ ကျွန်တော်ဦးစီး၍ ထုတ်ဝေခဲ့သော အကျဉ်းထောင်အရာရှိများ၏ သုတ, ရသ ဝတ္ထုလတ်ပေါင်းချုပ်စာစဉ်ကလည်း လစဉ်နီးနီးထွက်ရှိခဲ့ပြီး စာဖတ်ပရိတ်သတ်အား အသိပညာနှင့် သုတရသဇာတ်လမ်းများကို ပေးဝေပြီး ပေးဝေနေဆဲဖြစ်ပါသည်။

ယခုအခါတွင်တော့ တောသဘာဝနှင့် အမဲလိုက်မုဆိုးအတွေ့အကြုံအပြင် ဂမ္ဘီရဆန်သော ကျွန်တော် တစ်ကိုယ်ပင်ကြုံတွေ့ခဲ့ရသော ငွေယား

www.burmeseclassic.com

တောင်သိုက်နှင့် ငမိုးရိပ်ချောင်းတစ်ဖက်ကမ်း ဆင်ဖုန်ရွာရှိ ကျွန်တော် ငယ်စဉ်က တစ်ကယ်ပင်တည်ရှိခဲ့ပြီး ပတ်ဝန်းကျင် ရွာသူရွာသားများ ကြုံတွေ့ဖူးခဲ့ကြသော ဖြေ့စင်ကန် သိုက်အကြောင်းကို ကျွန်တော် ကြုံတွေ့သိရှိခဲ့ဖူးရသလို တင်ပြလိုက်ရခြင်းဖြစ်ပါတော့သည်။

ဥစ္စာစောင့်သိုက်များမှာ လူ့ဘဝသို့ ခေတ္တအလည်လာ၍ နှစ်ကာလအကန့်အသတ်ဖြင့် နေထိုင်ကြရပြီး အိမ်ထောင်ရက်သားကျသည်နှင့် သိုက်နန်းမှ ပြန်ခေါ်သည်ဟူသော ပုံပြင်များကိုလည်း စာဖတ်ပရိသတ်ကြီး ကြားဖူးနား၀ ရှိကြပါလိမ့်မည်။ ယခုကြုံတွေ့ရသော ဇာတ်လမ်းမှာ ပုံပြင်မဟုတ်ပါ။ ကျွန်တော်တို့ငယ်စဉ် ကြုံတွေ့ဖူးသောဇာတ်လမ်းကို ပုံဖော်၍ ပြန်လည်အသက်သွင်းထားခြင်းသာ ဖြစ်ပါသည်။

ဇာတ်လိုက်ဖြစ်သူ မင်းသမီးမှာ သူ့ဘဝသူ သိရှိသော်လည်း လူ့ဘဝသို့ ရောက်ရှိနေခိုက်မှာပင် လူ့မှုရေးနှင့်၊ နိုင်ငံရေးတာဝန်များကို အတတ်နိုင်ဆုံး ကျေပွန်စွာ ထမ်းဆောင်သွားသည့်အပြင် အသက်ကို အသေခံ၍ အချစ်ကို သက်သေပြသွားခြင်းဖြစ်ပါကြောင်း ပုံဖော်၍ ရေးသားတင်ပြထားခြင်းဖြစ်ပါသည်။ ကျွန်တော် ယခုကဲ့သို့ ရေးသားတင်ပြလိုက်သော ဇာတ်လမ်းမျိုးများမှာ မြန်မာတစ်နိုင်ငံလုံး၌ သူ့ဒေသနှင့်သူ ဆင်တူရိုးမှား ကွဲပြားသွားသောဇာတ်လမ်းများဖြင့် အသီးသီး ရှိနေကြမည်မှာ သေချာကြောင်း ကျွန်တော်၏ ဖြေ့စင်ကန်က မမြစိမ်းဟူသော ဝတ္ထုဇာတ်လမ်းဖြင့် တင်ပြလိုက်ရခြင်းဖြစ်ပါတော့သတည်း။

ပရိုတ်သတ်ကြီးအား အစဉ်လေးစားလျက်

ထောင်မြှူးကြီးသိန်းဝင်း

## အခန်း ( ၁ )

ကျွန်တော့် မွေးရာဇာတိက သဃ်န်းကျွန်းကြီးရွာဗျ။ အဲဒီရွာကြီးက အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်ကတည်းက ရွာအုပ်စုခေါင်းဆောင်၊ အလွန်စည်ကားခဲ့တဲ့ ရွာကြီးပဲ။ ကျွန်တော်တို့မျိုးရိုးက သူကြီးမျိုးရိုး၊ သဃ်န်းကျွန်းကြီးရွာအပြင် ပေါက်တလောက်ရွာနှင့် ထားဝယ်ချောင်ရွာ သုံးရွာကို အုပ်ချုပ်ရသော သူကြီးတစ်ပိုင်ရွာများဖြစ်သည်။

ထိုရွာသုံးရွာကို အုပ်ချုပ်စီမံရသောသူမှာ ကျွန်တော်တို့အဘိုး (အင်္ဂလိပ်လက်ထက်ကစပြီး) အစဉ်အဆက် အုပ်ချုပ်လာခဲ့ရသော သူကြီးမျိုးရိုးဖြစ်ပါသည်။ သဃ်န်းကျွန်းကြီးရွာဆိုသည်မှာ ရန်ကုန်-ပြည် လမ်းမကြီးနှင့် သုံးလေးမိုင်ခန့်သာဝေးပြီး ပျဉ်းမပင်ဟူသော ရွာအနီးမှ အတွင်းသို့ ဝင်ရသည်။

ပြည်လမ်းမကြီးမှာ ကုန်းပေါ်၌ရှိပြီး သဃ်န်းကျွန်းကြီးရွာနှင့် အခြားရွာများက အောက်အနိမ့်ပိုင်း ငမိုးရိပ်ချောင်းတစ်ဖက်တစ်ချက်စီတွင် တည်ရှိနေပါသည်။ ဤမှာဘက်ကမ်းတွင် ကျွန်တော်တို့နေထိုင်သော သဃ်န်းကျွန်းရွာကြီးနှင့် ပေါက်တလောက်၊ ထားဝယ်ချောင်၊ အုတ်ပုံဆိပ်ဟူသော ရွာများ

www.burmeseclassic.com



မြို့ပြီး ငမိုးရိပ်ချောင်းတစ်ဖက်တွင် စစ်ပင်၊ ဆင်ဖုန်းမဒဟူသော ရွာဟောင်းကြီးများရှိသည်။

ထိုရွာများအားလုံး လယ်ယာလုပ်ကိုင်ကြသည်။ အပိုဝင်ငွေ ရရှိရန်အတွက် ဓနိခြံလုပ်ငန်းလည်း ရှိပါသည်။ ငမိုးရိပ်ချောင်းမှာ ရေချိုရေငန်ဝင်သောချောင်းဖြစ်သည်။ ထိုချောင်းမှရေမှာ ချောင်းလက်တက်ကလေးများ ငမိုးရိပ်ချောင်း၏ တစ်ဖက်တစ်ချက်သို့ စီးဝင်ရာ ထိုစီးဝင်သော၊ ချောင်းလက်တက်ကလေးများအတွင်း၌ ရေချို၊ ရေငန်စပ်ကိုကြိုက်သော ဓနိပင်များကို စိုက်ပျိုးကြသည်။

ဓနိပင်ဆိုသည်မှာ ယခုခေတ် မလေးရှားဘက်မှလာသော စားအုန်းဆီထွက်သည့် ဆီအုန်းပင်နှင့် အလွန်တူပါသည်။ တစ်ပင်တည်းကပင် အရွယ်ရောက်သောအခါ အဖိုနိုင်နှင့် အမနိုင်ဟူသော အသီးနိုင်များထွက် ဝတ်မှုန်ကူးသည်။ ဝတ်မှုန်ကူးသည့် လိင်ဆုံပင်ဖြစ်ပြီး အဖိုနိုင်က ထန်းအဖိုနိုင်လို ဖူးတံများထွက်သည်။ အမနိုင်ကတော့ အသီးနိုင်ကြီးထွက်သည်။ တစ်ပင်တည်း ဝတ်မှုန်ကူး၍ အမနိုင်မှ အသီးအောင်မြင်သည်။

ဓနိသီးက နီညိုရောင်ပြားပြားလုံးလုံး အောက်ခြေက ချွန်သည်။ အတွင်းသားကို စားရသည်မှာ ထန်းသီးစားရသကဲ့သို့ပင် အရသာရှိသည်။ သို့သော် ဓနိသီးကို များများစားပါက ဝမ်းကိုက်တတ်သည်။ လုပ်ကိုင်တတ်သူများကတော့ ဓနိပင်၏ အဖိုနိုင်နှင့် အမနိုင်တို့တွင် လှီးဖြတ်၍ ထန်းရည်ခံရသလို ဓနိရည်ကိုလည်းခံပြီး အချဉ်ဖောက်၍ သောက်တတ်ကြသည်။

ရေစပ်စပ်တွင်ပေါက်သော အပင်မျိုးဖြစ်သောကြောင့် အရည်အလွန်ထွက်သည်။ ဓနိလက်များမှာ တစ်နှစ်ပတ်လုံး ထွက်နေပြီဖြစ်သော်လည်း ဓနိရာသီ ဆောင်းအကုန်၊ နွေအကူး တပို့တွဲ၊ တပေါင်းလများတွင်မှ ဓနိနိုင်ခုတ်၍ အသက်မွေးပြီး ဓနိပျစ်ကို ဝါးခြမ်းပြားတွင်ခေါက်၍ ဓနိမိုးဖြင့် ထိုးကြခြင်းဖြစ်သည်။ ဓနိရွက်ဆံ၏ အရှည်အတိုအလိုက် ဓနိပျစ်ဈေးက တန်ဖိုးကွာခြားပါသည်။

ဓနိဆံရှည်လျှင် ဈေးပိုပေးရသည်။ ဓနိပျစ်များကို ရောင်းတန်းဝင်လုပ်ကိုင်ကြနိုင်ရန် အတွေ့အကြုံနှင့် ကျွမ်းကျင်မှု လုပ်နည်းလုပ်ဟန်များက





အလွန် လိုအပ်ပါသည်။ ထိုခေတ်ထိုအချိန်က အလွန်နာမည်ကြီးသော ဆွတ္တာဓနိဆိုသည်မှာ အိမ်မိုးထားလျှင် ပိုးမစား၊ နှစ်ပေါက်ခံသည်။ ဓနိရွက်အနေအထားရင့်ပါက အိမ်တွင်မိုးထားလျှင် နှစ်နှစ်ခန့်ခံသည်။ အကြောင်းမှာ ဓနိရွက်ရင့်ရင့်ကို ဓနိပျစ်ထိုးပြီး ရေငန်ထဲတွင် (၁)ည၊ (၂)ညစိမ်ပြီးမှ ဆော်ယူ၍ ရောင်းခြင်းဖြစ်သည်။

ထို့ကြောင့် ပိုးမစားပါ။ ဓနိပျစ်ထိုးရာတွင်လည်း လွန်စွာရင့်ပါက ဓနိပျစ်က ဆတ်သည်။ အနော့်ကျိုးတတ်သည်။ လွန်စွာ နုပါကလည်း ဆွေးမြေ့ပြီး ပိုးစားတတ်သည်။ ထို့ကြောင့် ဓနိပျစ်ထိုးရန်သင့်သော ဓနိဖက်နိုင်များကိုသာ ဓနိဖက်ခုတ်သူက ရွေး၍ ခုတ်တတ်ရသည်။ သို့မှသာ ကောင်းမွန်သော ဓနိဖက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

အထက်တွင် ဆိုခဲ့သလို ကျွန်တော်တို့မျိုးရိုးက အင်္ဂလိပ်ခေတ်အတည်းကပင် ရွှေစလွယ်ရ နှစ်လုံးပြူးကိုင် (၃) ရွာအုပ် သူကြီးမျိုးရိုးဖြစ်သည်။ အဘိုးသူကြီး ကွယ်လွန်တော့ ကျွန်တော်တို့အဖေက သူကြီးမလုပ်ပါ။ ထို့ကြောင့် အဖေ၏အစ်ကိုကြီးဖြစ်သူ၊ ဦးစံနိုင်က သူကြီးလုပ်သည်။ ကျွန်တော်တို့အဖေ ဦးစံကြိုင်ကတော့ လွတ်လပ်သော ကုန်သည်ဘဝကို နှစ်သက်သဘောကျသည်။ ထို့ကြောင့် စပါး (၅၀၀၀)ပါ။ တုံကင်းကြီးကို စက်တပ်ပြီး ငမိုးရိပ်ချောင်း၊ ပုဖွန့်တောင်ချောင်း၊ လှိုင်မြစ်တို့အတွင်း စပါးသယ်ယူခြင်း၊ ဓနိများသယ်ယူရောင်းချခြင်း၊ သစ်၊ ဝါးများ သယ်ယူရောင်းချရန်အတွက် ကုန်သည်သွားလာနေခဲ့သည်။

ထို့ကြောင့် အဖေ့တွင် မိတ်ဆွေပေါသည်။ အပေါင်းအသင်းစုံသည်။ အပေါင်းကျွန်ကြီးရှာ၍သူကြီးဖြစ်သူ၊ အစ်ကိုကြီး ဦးစံနိုင်နှင့် မြဲဝင်းတစ်ခုအတွင်း စုပေါင်းနေထိုင်ကြသည်။ အစဉ်အဆက် အမွေရခဲ့သော လယ်ကွင်းကြီးတွေကိုလည်း အမွေမခွဲဘဲ စုပေါင်းလုပ်ကိုင်ကြသည်။ နွားအုပ်ကြီးတွေကြီး အကောင် (၂၀)ကျော်ရှိသည်။ ထို့ကြောင့် သယ်ဆန်းကျွန်းရွာ၊ ပထဲရွာတွင် ကုလားဖျင်းများထိုး၍ ဆန်စပါးအလုပ်သမားများ၊ ဓနိထိုးသမားများ လူအများအပြား နေစဉ်စည်ကားနေတတ်ပါသည်။

www.burmeseclassic.com



ကျွန်တော်တို့ အဖေနှင့် ဆင်ဖုန်ရွာသူ အမေ ဒေါ်မြခင်တို့ လက်ထပ်ထိမ်းမြားပြီးတော့ ငမိုးရိပ်ချောင်းတစ်ဖက်ကမ်း ဆင်ဖုန်းမဒဟူသော ရွာများအနီးရှိ လယ်ကွင်းများနှင့် ဓနိခြံများကို မိခင်ဘက်မှ အမွေရသည်။ ထို့ကြောင့် အဖေ၏ ကုန်သွယ်ရောင်းဝယ်မှုလုပ်ငန်း ပို၍ တိုးတက်ဖွံ့ဖြိုးလာသည်ဟု ဆိုပါသည်။ အခြေချသည်ကတော့ သယ်န်းကျွန်းကြီးရွာ၌ပင်ဖြစ်သည်။ ကျွန်တော်တို့တွင် မွေးချင်းညီအစ်ကိုမောင်နှမ လေးယောက်ရှိသည်။ အကြီးဆုံးက အစ်ကိုကြီးဦးအောင်သန်း၊ အောက်က အစ်မကြီးဒေါ်အေးလှိုင်၊ အလတ်ဖြစ်သူက ကျွန်တော် တင်ထူး၊ အငယ်ဆုံးက ညွန့်ဆွေဟူ၍ ဖြစ်သည်။

ကျွန်တော်တို့ ငယ်စဉ်ကပင် အဖေ၏ စက်တပ်တဲ့ကင်းကြီးဖြင့် အမေတို့ရွာ ဆင်ဖုန်ရွာသို့ မကြာခဏ သွားလည်ဖူးပါသည်။ သယ်န်းကျွန်းကြီးရွာမှာ ငမိုးရိပ်ချောင်းဖြင့် ဝေးသော်လည်း ဆင်ဖုန်နှင့် မဒရွာများမှာ တစ်လျှောက်ရှိပြီး ငမိုးရိပ်ချောင်းကမ်းပါးပေါ်တွင် တည်ရှိသည့် ရွာကလေးများဖြစ်ပါသည်။ ချောင်းကမ်းပါးတွင်ရှိသောကြောင့် လယ်လုပ်ငန်း၊ ဓနိခြံလုပ်ငန်းအပြင် ငါးဖမ်းခြင်းလုပ်ငန်းလည်း လုပ်ကိုင်ကြပါသည်။ အမေ့၏မောင် ကျွန်တော်၏ ဦးလေးကိုမှုန်ကြီးက လယ်သမားသားသမီးပီပီ ငှက်ထောင်၊ ငှက်ပစ်၊ ငါးဖမ်းခြင်းလုပ်ငန်းကို လွန်စွာ ဝါသနာပါပါသည်။

ကျွန်တော်တို့ ဆင်ဖုန်ရွာသို့ သွားလည်လျှင် ဦးလေးကိုမှုန်ကြီးက သားငါးဟင်းလျာများဖြင့် အမျိုးစုံ ချက်ပြုတ်လုပ်ကိုင်ပေးသည်။ ကိုမှုန်ကြီးနှင့် ကျွန်တော့်မိခင်တို့၏ အဖေမှာ ဗိန္ဒောဆေးဆရာကြီး ဦးရွှေမှုန်းဖြစ်သည်။ ဆေးကုသရာတွင် ငွေကြေးကို အလေးမထား။ စေတနာကို ဦးစားပေး၍ ကုသည်။

အထူးသဖြင့် မြွေဆိပ်ကို အလွန်နိုင်သည်။ ပိုးထိပြီး (၁) နာရီအတွင်း သူ့ထံသို့လူနာအား အရောက်သယ်ဆောင်လာနိုင်ပါက အသက်ရှင်ရန် အာမခံသည်။ ငါးပါးသီလ မြဲ၍ လယ်ဧက (၁၀၀)ကျော် ပိုင်ဆိုင်ပြီး ဓနိခြံများလည်း ပိုင်ဆိုင်သော တောသူဌေးဖြစ်သည်။ ဆေးကုသခြင်း





မှာ ဝါသနာအလျှောက်ဖြစ်သည်။ အဘွားအမည်က ဒေါ်ပုတို၊ အရပ်ကတော့ ရှည်သည်။ စိတ်လည်း အလွန်ရှည်ပါသည်။

အဘိုးက ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲသောကြောင့် ဆေးဝါးကုသရာတွင် အဖိတ်အစင်မရှိဘဲ စေတနာဆရာအဖြစ် နာမည်ကျော်ကြားပါသည်။ အမေတို့တွင်လည်း မြခင်နှင့် မြတင်၊ ကိုမှုန်ကြီးဟူသော မောင်နှမသုံးယောက်သာ ရှိပါသည်။ ထို့ကြောင့် အိမ်ထောင်ကျသည့်နောက် သျှောင်နောက်ဆံထုံးပါ ခွဲခွာရသော်လည်း ကျွန်တော်တို့မိခင် ဒေါ်မြခင်က သူမ၏ ချက်မြုပ်မွေးဖာတိရွာ ဆင်ဖုန်နှင့် မိသားစုအား မခွဲနိုင်သောကြောင့် မကြာခဏ သူမရွာသို့ ပြန်တတ်သည်။ ထို့ကြောင့် သားငယ်များဖြစ်ကြသော ကျွန်တော်နှင့်ညီငယ်က အမေရွာပြန်တိုင်း ဆင်ဖုန်နှင့် မဒရွာများသို့ ပါနေကျဖြစ်သည်။

ထို့ကြောင့် သယ်န်းကျွန်းကြီးရွာတွင်မွေး၍ အခြေချနေထိုင်သော်လည်း မိခင်ကြီး၏ မွေးဖာတိရွာ ဆင်ဖုန်နှင့် မဒရွာများမှာ ကျွန်တော်တို့နှင့် မစိမ်းကားဘဲ ကျွမ်းဝင်ရင်းနှီးနေပါသည်။

ကျွန်တော်တို့ အဖေ့ဘက်က အဘိုးဖြစ်သူ ဦးတောက်ထိန်နှင့် မဆုံဖြစ်လိုက်ပါ။ ကျွန်တော်တို့ ငယ်စဉ်ကပင် ကွယ်လွန်သွားခြင်းဖြစ်သောကြောင့် ကျွန်တော်တို့ မသိရှိ၊ မမီလိုက်ပါ။ ထို့ကြောင့် အမေ့ဘက်မှ ကျွန်တော်တို့ အဘိုးဦးရွှေမှုန်းနှင့် အဘွား ဒေါ်ပုတိုတို့သာလျှင် အလွန်ရင်းနှီးခင်မင်ပါသည်။ အဘိုး၊ အဘွားဟူ၍လည်း အရင်းအခြာလို့ မှတ်ယူမိပါသည်။ အဖေ့ဘက်က အဘိုး၊ အဘွားများကိုတော့ ကျွန်တော်တို့ အငယ်များ မှတ်မိသောအရွယ်၊ အသက်ထင်ရှား မရှိတော့သောကြောင့် ခင်တွယ်ခြင်း မရှိခဲ့ပါ။

ကျွန်တော်၏ အစ်ကိုနှင့် အစ်မ အရွယ်ရောက်လာတော့ အဖေက ခေတ်ပညာတတ်ရန် သမိုင်းသို့ ပြောင်းရွှေ့သည်။ ကျောင်းထားပေးသည်။ မိဘများကတော့ သယ်န်းကျွန်းကြီးရွာနှင့် သမိုင်းကို သွားလိုက်ပြန်လိုက် ကူးသန်းသွားလာနေကြသည်။ သမိုင်းတွင် မိခင်၏ မောင်တစ်ဝမ်း

www.burmeseclassic.com



ကွဲရှိသော့ကြောင့် အစ်ကိုကြီးနှင့် အစ်မကြီးတို့အတွက် အဖော်ရပါသည်။ ကျောင်းပိတ်ရက်တိုင်းလည်း ကျွန်တော်တို့ မိသားစု သမိုင်းအိမ်ကြီးသို့ သွားလည်ရသလို အစ်ကိုကြီးနှင့် အစ်မကြီးတို့ကလည်း သမိုင်းရပ်ကွက်တွင် မပျော်ပါ။ ပညာရေးကြောင့်သာ သွားနေကြရခြင်းဖြစ်ပြီး သဃ်န်းကျွန်းကြီး ရွာသို့လည်း ကျောင်းပိတ်သည်နှင့် မကြာခဏ ပြန်လာကြပါသည်။

အစ်ကိုကြီးက ကျွန်တော့်ထက် (၁၀)နှစ် အသက်ပိုကြီးပြီး၊ အစ်မကြီးက ကျွန်တော့်ထက် (၅)နှစ် အသက်ပိုကြီးပါသည်။ ညီငယ်က ကျွန်တော့်ထက် အသက် နှစ်နှစ်ပိုငယ်ပါသည်။

ကျွန်တော်၏ ဖခင်မှာ အထက်က ပြောခဲ့သလို အပေါင်းအသင်းစုံသောကြောင့် အားလပ်ရက်များတွင် ကျွန်တော်တို့ရွာနှင့် (၃)၊ (၄)မိုင်ကွာဝေးသော လှော်ကားကန်တွင်းတောခေါ် သာဓုကန်တောသို့သွားပြီး အဖွဲ့နှင့် အမဲလိုက်လေ့ရှိပါသည်။

အဖေ၏ အပေါင်းအသင်းများတွင် ဌာနအုပ်ကြီးဦးသီဟနှင့် တောခေါင်းကြီး ဦးစံရွှေတို့လည်းရှိသည်။ ထို့ကြောင့် တောတွင်း၌ အမဲလိုက်ရန် လက်နက်များလည်း အဆင်သင့် ရှိပါသည်။ အဖေကတော့ ထိုစဉ်က သူကြီးသေနတ်ဟု ခေါ်ဆိုသည့် သူ့အစ်ကို သူကြီးဦးစံခိုင်၏ နှစ်လုံးပြူးသေနတ်ကြီးကို ကျွမ်းကျင်စွာ ကိုင်တွယ်ပြီး အမဲလိုက်လေ့ရှိပါသည်။

ထိုခေတ်က နှစ်လုံးပြူးကျည်ဆန်များကို ပန်ဆိုးတန်းလမ်းရှိ (Smith Watson) လက်နက်ပစ္စည်းဆိုင်မှ ရဲအုပ်ကြီး၏ ထောက်ခံချက်ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ ထို့အပြင် အဖေတို့က ပစ်ပြီးသား နှစ်လုံးပြူးကျည်ဆန်ခွံများအား တွတ်ပီရိုက်သည့်နေရာကို ပြန်ပြင်၍ ယမ်းပျော့ထည့်ပြီး နဂိုမူလယမ်းများအစား မီးသွေးမှုန့်၊ ကန့်မှုန့်နှင့် ယမ်းစိမ်းထည့်ပြီးနောက် ခြောက်လုံးကျည်၊ ကိုးလုံးကျည်တို့အတွက် ခဲအစာကိုလုံးပြီးထည့်သည်။

ထိုသည်က အမဲကောင်ကြီးများအတွက်။ ရစ်၊ ကြက်နှင့် ရေဝမ်းဘဲများအတွက်တော့ ခဲကျည်ဆန် အသေး (၁၂)လုံးပါဝင်သော စားရိတ်ကျည်များကို ကိုယ်တိုင်လုပ်၍ ပစ်ခတ်သုံးစွဲရပါသည်။ ထိုစဉ်က ကန်တွင်း





တောခေါ် သာဓုကန်တောမှာ ကျွန်တော်တို့ သဃ်န်းကျွန်းကြီးရွာအပါအဝင် မိုးရိပ်ချောင်းတစ်လျှောက်ရှိ ရွာများအတွက် မျှောတိုင်နှင့် သစ်ဝါးများ၊ ထင်းချက်စရာများ တောကောင်သားများကို အမြဲတမ်း ရရှိသော တောကြီးသည်းဖြစ်ပါသည်။

ကျွန်တော်တို့ အဖေတို့ကတော့ ခနီထိုးရန်အတွက် ခနီပျစ်အနှောင့်ဝါးခြမ်းများအလွန်လိုသည်။ ထို့ကြောင့် မွင့်လင်းရာသီရောက်သည်နှင့် ကန်တွင်းတောသို့ လှည်းကြမ်းကြီးသွားကာ ဝါးခုတ်ရသည်။ (၂)ညအိပ်၊ (၃)ရက်ခန့် တောတွင်း၌ နေထိုင်ပြီး ဝါးများ လှည်း (၄)၊ (၅)စီးတိုက်ခန့်ရမှ ရွာသို့ ပြန်လေ့ရှိပါသည်။

ထိုအချိန်တွင် လူအင်အားများသောကြောင့် အဖေက ကျွန်တော်တို့ ညီအစ်ကိုများကိုလည်း တောတွင်းအလေ့အကျင့်ရစေရန် ခေါ်သွားလေ့ရှိပါသည်။ ထိုစဉ်ကတည်းက ကျွန်တော့်မှာ တောပျော်ကလေးတစ်ယောက်ဖြစ်ခဲ့သည်။ ငယ်စဉ်ကပင် အဖေသင်ပေးသောကြောင့် ဝါးအမျိုးမျိုးနှင့် သစ်ပင်မျိုးပေါင်းများစွာ တောသတ္တဝါများစွာတို့၏ နေထိုင်ကြပုံအလေ့အကျင့်ကိုလည်း သိရှိနေခဲ့ပါသည်။

ထို့အပြင် လောက်လေးခွတစ်ချောင်းနှင့် ငှက်ပစ်ရသည်ကိုလည်း အလွန်ပျော်သည်။ ကန်တွင်းတောထဲ၌ မှိုရှာ၊ မျှစ်ရှာ စားသုံး၍ရနိုင်သော အသီးအနှံများ၊ ရှာဖွေခြင်းကိုလည်း လွန်စွာဝါသနာပါပါသည်။ ထိုဝါသနာအလျောက် ကန်တွင်းတောထဲ မသွားနိုင်ဘဲ မိခင်၏ ရွာဘက် ဆင်ဖုန်၊ မဲရွာများဘက်သို့ ရောက်ရှိလျှင် လယ်တောစပ်နှင့် ရွာအနီးရှိ ခြေစင်ကန်ဟူသော သောက်သုံးကန်ကြီးအနီးရှိ ကြာကန်ကြီးတွင် တောငှက်များကို ချောင်းမြောင်းပစ်ခတ်ရသည်မှာ လွန်စွာပျော်စရာကောင်းသည်။

ခြေစင်ကန်ကြီးကို ကန်ဘောင်ပေါ်၌ မြန်မာကုက္ကိုလ်၊ မန်ကျည်းပင်ကြီးများနှင့်ညောင်ချဉ်ပင်ကြီးများက ကန်ဘောင်ပေါ်၌ ဝိုင်း၍ ပေါက်နေပြီး ကန်ကြီး၏အရှေ့ဘက်တွင် ရေလျှံသည့်အခါ ပိုလျှံရေများ စီးကျသတ်သည်။ ရေလျှံမြောင်းကလေးကို ကန်ကြီးမှ ရေပိုလျှံပါမှ ငမိုးရိပ်ချောင်းအတွင်းသို့ စီးဝင်သည့် ထိုမြောင်းကလေးမှာ (၃)ပေခန့် အကျယ်ရှိသည်။

www.burmeseclassic.com



အနက်က လူတစ်ရပ်ခန့်ရှိသည်။ ထူးဆန်းသည်ကတော့ သောက်သုံးရေကန်ကြီးထိပ် ညောင်ချဉ်ပင်ကြီးအနီး ရေပိုလွှဲမြောင်းဝအနီး ကာဘောင်ရိုးပေါ်၌ ရှေးဟောင်းဘုရားပျက်တစ်ဆူရှိသည်။

ထိုနေရာသည် အဆိပ်ရှိသောမြွေများ၊ ပေါ်များလွန်းသောကြောင့် လူမဆိုနှင့် နွားများပင် သွားရောက်ကြခြင်း မရှိပါ။ ထူးဆန်းသည်ကတော့ မိုးတွင်းအခါ ရေလျှံချိန်တွင် သောက်သုံးရေကန်ကြီးမှ ပိုလျှံရေများမြောင်းကလေးအတွင်း လျှံကျသည်နှင့် ကန်ဘောင်ရိုးနှင့် မြောင်းကလေးအောက်ခြေ မြေသားပြင်ပေါ်တွင် ရွှေအိုးကြီးများ၏ နှုတ်ခမ်းသား (ရာဝင်အိုးနှုတ်ခမ်းသား) ကြီးများ ရေစီးအလျှင်အောက်တွင် ပေါ်လာတတ်ခြင်းဖြစ်သည်။ ထိုရာဝင်ရွှေအိုးကြီးများ၏ နှုတ်ခမ်းသားများကို ဆင်ဖုန်နှင့် မဒရွာများမှ ရွာသူရွာသားများသာမက ရွာနီးချုပ်စပ်နှင့် ညေ့သည်အချို့ပင် မြင်ဖူးကြသည်ဟုဆိုသည်။

ရွာလူကြီးများ၏ အပြောအရ အရိမေတ္တေယျမြတ်စွာဘုရား ပွင့်တော်မူလျှင် လှူဒါန်းရန်ဟူသော အပြောကြောင့် မည်သူမျှ တူးဖော်ရန်မဆိုထားနှင့် စိတ်ဖြင့်ပင် ပြစ်မှားကြခြင်း မပြုကြပါ။ ရှေးအခါက သိုက်ဆရာများ လာကြ၍ သိုက်တူးဖော်သည်ဟုဆိုသော်လည်း အောင်မြင်ခြင်း မရှိကြပါ။ ထိုရွှေအိုးကြီး နှုတ်ခမ်းသားများမှာ မိုးတွင်းအခါ၌သာ အများမြင်အောင် ပေါ်နေတတ်ပြီး နွေရာသီနှင့် ဆောင်းရာသီ ရေမရှိသောချိန်များတွင် သဲနုံးများဖုံးပြီး ပျောက်ကွယ်သွားတတ်ပါသည်။

ကျွန်တော် အမေတို့ရွာ ဆင်ဖုန်နှင့်မဒ ရွာများသို့ အလည်သွားရလျှင် အလွန်ပျော်သည်။ အမေ့မောင် ဦးလေးဦးမှုန်ကြီးက သားငါးရှာ၍ ဟင်းကောင်းချက်ကျွေးသည်။ ကျွန်တော်က ဖြေ့စင်ကန်ဘက်သို့သွား၍ ကြာကန်ထဲမှ ကြာဖက်နင်း ရေကြက်မ၊ ဖျိုင်းအောက်နှင့် ရေဘဲ၊ ငှက်များကို ချောင်းမြောင်းပစ်ခတ်သည်။ အကယ်၍ ငှက်များ မရရှိပါကလည်း ကန်ဘောင်ပေါ်မှ မြန်မာကုက္ကိုလ်ရွက်နု မန်ကျည်းရွက်နုနှင့် ညောင်ချဉ်ရွက်နုတို့ကို ခူးဆွတ်၍ ခါးပိုက်ထဲထည့်ပြီး အိမ်သို့ပြန်တတ်သည်။ အိမ်မှ အမေ့ညီမ ဒေါ်မြတင်က ကျွန်တော်စားလိုသမျှ သုတ်၍ လုပ်ကိုင်ကျွေးသည်။ အဘိုး





ဦးရွှေမှုန်းကလည်း သား၊ ငါး ထက် အသီးအရွက်ကို ပိုကြိုက်ပါသည်။

အဘိုးက ဖြေ့စင်ကန်ဘက် ကျွန်တော်သွားသည်ကို မတားမြစ်သော်လည်း ကန်အနီး ရေလျှံပေါက်ပေါ်တွင်ရှိသည့် ဘုရားအနီးကိုတော့ သွားရန် တားမြစ်ထားပါသည်။ ထို့အပြင် လိုရမည်ရဟုဆိုကာ ကျွန်တော်၏ ခြေချောင်းကြား လက်ချောင်းကြားများအပေါ်တွင် စုပ်ဆေးဖြင့် ဆေးပေါက်ပေးသည်။ ထို့အပြင် အသက်အန္တရာယ် ကင်းစေရန်အတွက် ခြေသည်းနှင့် လက်သည်းခွံများအပေါ်တွင် ကညစ်ဖြင့် စမ အက္ခရာများ ရေထိုးပေးထားသည်။ ထို့ကြောင့် ကျွန်တော့်မှာ မြင်းကို ဦးချိုတပ်သလို နဂိုကမကြောက်မလန့်တတ်သည့် လူငယ်ဖြစ်၍ ပို၍ပင် အကြောက်တရားကင်းမဲ့လာသည်။ ထင်တိုင်းကဲ့ သွားလာနေပါတော့သည်။

သို့သော် ကျွန်တော့်တွင် ငှက်ပစ်ဝါသနာပါ၍ သူများအသက်ကို သတ်သည်ဟုဆိုသော်လည်း ကျန် ငါးပါးသီလကိုတော့ အမြဲတမ်းလုံခြုံအောင် စောင့်ထိန်းနိုင်ပါသည်။ ဤသည်မှာလည်း ကျွန်တော့်၏အဖေနှင့် အစ်ကိုကြီးတို့၏ သွန်သင်ဆုံးမမှုကြောင့် ဖြစ်ပါသည်။ မလိမ်မညာ၊ မှန်တာကို ရဲရဲပြောသည်။ မိဘများက ချမ်းသာသူများဖြစ်ကြ၍ သူများပစ္စည်းကို ခိုးတတ်၊ အသက်ငယ်သေး၍ သူများသား၊ မယားနှင့် အရက်သေစာ သောက်စားခြင်းကိုလည်း ပြုရန်မလိုပါ။ ထို့ကြောင့်လည်း အဘိုးက ငါးပါးသီလမြဲရန် အစဉ်အမြဲ ဆုံးမတတ်ပါသည်။

ထိုအချိန်က ကျွန်တော့်မှာ (၆)နှစ်သားခန့်သာရှိသေးသဖြင့် အတန်းကျောင်းလည်း နေ၍မရသေးပါ။ ထို့ကြောင့် လွတ်လပ်သော ကလေးဘဝကို တန်ဖိုးရှိစွာ လွတ်လွတ်လပ်လပ် အသုံးချနေသည်ဟု ပြောလျှင် ရပါသည်။

တောဇာတိ မိခင်၊ ဖခင်တို့နှင့် တောမှာမွေးသော ကျွန်တော့်မှာ တောကို အလွန်ချစ်ပါသည်။ ကန်တွင်းတောကို တောတွင်းသစ်ပင်မျိုးစုံပေါက်သော စိမ်းလန်းသာယာသည့် တောကိုသာမက အမေတို့ဇာတိ ဆိုးရိုပ်ချောင်းအနီး ဆင်ဖုန်၊ မဒ ရွာဝန်းကျင်မှ ခရိုတောနှင့် ရိုးဖြတ်နွံသင်းသည့် ရွှေဝါရောင် လယ်ကွင်းကြီးကိုလည်း ကျွန်တော် ချစ်ပါသည်။

www.burmeseclassic.com



ကျွန်တော် ငယ်စဉ်ကပင် စိတ်ထဲ၌ ထူးထူးခြားခြား စွဲလမ်းမက်မောသည်ကတော့ စပါးပင်များရိတ်ပြီးခါစ ထွက်ပေါ်တတ်သည့် ရိုးပြတ်နံ့ သင်းသင်းကလေးကို ရှူရှိုက်ရသည့်အရသာပဲ ဖြစ်ပါသည်။ ထိုအစွဲအလမ်းမှာ နောက်ပိုင်း တက္ကသိုလ်ကျောင်းသားဖြစ်သည်အထိ စာမေးပွဲနီးသည်နှင့် ကိုယ်ပိုင်စာကြည့်ချိန်ပေးသည်နှင့် ကျွန်တော် တောနယ်သို့ပြေးသည်။ ရိုးပြတ်နံ့ကို အားပါးတရ ရှူရှိုက်ပြီးမှ စာမေးပွဲအတွက် စာကျက်မှတ်တတ်ခြင်းကို အလေ့အကျင့်တစ်ခုသဖွယ် စွဲဖြစ်၍ နေပါတော့သည်။

ထို့ကြောင့် ကျွန်တော် နောက်ပိုင်းတွင် မိဘများနှင့် မြို့ပေါ်သို့တက်၍ အတန်းကျောင်းနေရသော်လည်း တောနယ်ကို မမေ့ပါ။ လယ်ကွင်းထဲ (သို့မဟုတ်) သစ်တောထဲတွင်နေပြီး ပေါ့ပါးစွာ အသက်ဝရှူရသည်ကို အလွန်နှစ်မြို့က် စွဲလမ်းပါသည်။ ထို့ကြောင့် ကျွန်တော် အသက်ကြီး၍ဘွဲ့ရပြီးနောက် အလုပ်အကိုင်လုပ်လျှင်လည်း တောနှင့် ဆက်သွယ်သည့်လုပ်ငန်းများကိုသာ လုပ်ကိုင်မည်။ ထို့အပြင် အစိုးရ အရာရှိတစ်ယောက်ဖြစ်မှသာ အလုပ်ဝင်မည်ဟု ခံယူထားပါသည်။

မူလတန်းကျောင်းတက်စဉ်ကအကြောင်း ပြောရပါဦးမည်။ ကျွန်တော်အသက် (၇)နှစ်အရွယ်တွင် ကျွန်တော်တို့ သမိုင်းအိမ်နှင့်နီးသော မူလတန်းကျောင်းကလေးတွင် သူငယ်တန်းမှစ၍ ပညာသင်ကြားရပါသည်။ ထိုကျောင်းကလေးမှာ ကျွန်တော်၏ အစ်ကိုကြီးနှင့် အစ်မကြီးတို့ ပညာသင်ကြားကြပြီး မူလတန်း (စတုတ္ထတန်း)အောင်ပြီး အထက်တန်းကျောင်းသို့ပြောင်းရွှေ့သွားမှ ကျွန်တော်တို့က စတင်ပြီး ပညာသင်ကြားရခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့၏ အစ်ကိုကြီးနှင့် အစ်မကြီးမှာ ကျွန်တော်တို့နှင့် အသက်ကွာခြားသောကြောင့် ဖြစ်ပါသည်။

ထိုမူလတန်းကျောင်းကလေးမှာ ပါသာဒီကာရုံ ဘုန်းတော်ကြီးကျောင်း၏ လက်အောက်ခံ အစိုးရမူလတန်းကျောင်းဖြစ်ပြီး ကျောင်းအုပ်ဆရာကြီးက ဦးမောင်မောင်ဖြစ်သည်။ (၁၉၅၇–၅၈) ပါလီမန်ခေတ်က ကျွန်တော်တို့ဘကြီး ဦးစံနိုင်မှာ တောရွာသူကြီးဖြစ်၍ နှစ်လုံးပြူးသေနတ်ကြီး





ကိုသာ ကိုင်ဆောင်ခွင့်ရသော်လည်း ပါလီမန်ခေတ် မြို့ပေါ်မှ သူကြီးဖြစ်သူကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်မှာတော့ နှစ်လုံးပြူးမကိုင်ဘဲ ခြောက်လုံးပြူး သေနတ်ကလေးကိုသာ သူ အမြဲတမ်းလွယ်၍ ဆေးလွယ်အိတ်ကလေး၌ ဆောင်ထားပြီး သွားလေရာသို့ လွယ်သွားတတ်သည်။

ဆရာကြီးမှာ ဂဏန်း၊ သင်္ချာဘာသာသင်ရာ၌ အလွန်တော်သည်။ ထို့အပြင် ကျွန်တော်တို့အား မြန်မာစာလုံးပေါင်း သတ်ပုံနှင့် လက်ရေးလှစေရန်အတွက်လည်း 'န' အက္ခရာအရေးအသားကို ပိုင်နိုင်ပါလျှင် မြန်မာစာအရေးအသား လက်ရေးလက်သား လှမည်ဟု အမြဲတမ်း ပြောဆိုဆုံးမတတ်ပါသည်။ ထိုစဉ်က ကျွန်တော်တို့ သဘောမပေါက်ခဲ့ပါ။ (န)အက္ခရာကိုရေးရသည်မှာ အလွန်လွယ်ကူပါသည်။ မြန်မာစာ ဗျည်း (၃၃)လုံးတွင် (န)အက္ခရာထက် ရေးဆွဲရာတွင် ခက်ခဲသော အခြားအက္ခရာများ အများအပြားရှိပါလျက် (န)အက္ခရာကို ဂရုစိုက်၍ ဆရာကြီးလမ်းညွှန်သည်မှာ မလိုဘူးဟု ထိုစဉ်အခါက မှတ်ယူခဲ့မိပါသည်။

သို့သော် (န)အက္ခရာအလုံးများပြီး အတန်းကြီးလာတော့မှ ကျွန်တော်တို့ မြန်မာစာစာရေးသားရာတွင် (န)အက္ခရာမှာ လွန်စွာ အရေးပါမှန်းသိရှိပြီး ဆရာကြီး၏ ဆုံးမဩဝါဒကို ပြန်လည်ကြားယောင်ပြီး လေးစားစွာ ဂါရဝပြုမိပါတော့သည်။ ဟုတ်လည်း ဟုတ်ပါသည်။ မြန်မာစာကို အလျင်အမြန်ရေးရာတွင် (န)အက္ခရာ မပီသ၍ ပုံပျက်သည်နှင့် အခြားအက္ခရာများလည်း ပုံလိုက်၍ ပျက်သည်ကို ထိုအခါမှ ဆင်ခြင်မိပါတော့သည်။ ပထမတန်းတွင် အတန်းပိုင်ဆရာမှာ ဆရာကြီးဦးသစ်ဆိုသူဖြစ်ပြီး လွန်စွာအသင်အပြကောင်းသလို အရိုက်လည်းကြမ်းပါသည်။

ဒုတိယတန်းရောက်တော့ အတန်းပိုင်ဆရာမက ဒေါ်မြသွေးဖြစ်သည်။ ဆရာမက သမိုင်းဘာသာ အသင်အပြကောင်းသည်။ တတိယတန်းရောက်တော့ အတန်းပိုင်ဆရာက ဦးကျော်ညွှန့် (အဆိုတော် ဦးကျော်ညွှန့်)ဖြစ်သည်။ ဆရာက မြန်မာစာသတ်ပုံ၊ သတ်ညွှန်းအပြင် ဝါကျဖွဲ့စည်းပုံ အလွန်နိုင်နင်းပြီး ကဗျာ၊ လင်္ကာအဖွဲ့အနွဲ့များတွင် အဆိုတော်ပီပီ

www.burmeseclassic.com



အလွန်တော်သည်။ ထိုဆရာများ၏ အခြေခံသင်ရိုးများက ကျွန်တော်တို့အာ တစ်သက်တာတွင် သံမှိုနှက်ထားသလို ဦးနှောက်အတွင်း၌ စွဲထင်နေသည်။

ထို့ကြောင့်လည်း မြန်မာစာသတ်ပုံ သတ်ညွှန်းနှင့် ဝါကျ အထား အသို၊ အရေးအသားတွင် ကျွန်တော်တို့အား အမြဲတမ်း ဂရုစိုက်ပြီး တန်ဖိုး ထားရန်အတွက် အနီးအနားတွင်ထိုင်၍ သတိပေးနေသည်ဟု ကျွန်တော် စိတ်ထဲတွင် အောက်မေ့သတိရနေမိပါသည်။

✿ ✿ ✿

❑

ကျွန်တော် ဒုတိယတန်းရောက်တော့ အသက်(၉)နှစ်ခန့် ရှိပါသည်။ မူလတန်းကျောင်းမှာ ပါသာဒိကာရုံဟူသော ဘုန်းကြီးကျောင်းဝင်း အတွင်း တန်းပညာသင်ကြားရခြင်းဖြစ်သော်လည်း ကျောင်းထိုင်ဆရာတော် ကြီး၏ အသုံးအမအတိုင်း ကျောင်းဝင်းထဲဝင်သည်နှင့် ဖိနပ်ချွတ်ပြီး ဝင်ရသည်။ မနက် (၇)နာရီထိုးသည်နှင့် ဘုန်းတော်ကြီးကျောင်း အပေါ်ထပ်တွင် ဘုရား ဝတ်ပြုရသည်။ ပြီးမှ ကျောင်းခန်းထဲဝင်၍ ကမ္ဘာမကျေဆိုပြီး အတန်းတက် ခြင်းဖြစ်ပါသည်။

ကျောင်းတက်စကတော့ ကျောင်းမှာမပျော်ပါ။ သမိုင်းအိမ်ကြီး၌ လည်း မပျော်ပါ။ မွေးဇာတိ သဃ်န်းကျွန်းကြီးရွာသို့ပင် လွမ်းပြီး အမြဲတမ်း အိမ်ပြန်ချင်နေမိသည်။ တစ်ပတ်တစ်ခါ ကျောင်းပိတ်ရက်တိုင်း ရွာသို့ပြန်ရန် အဖေက လာခေါ်လေ့ရှိသော်လည်း နောက်ပိုင်းတွင် အတန်းကြီးလာသည် နှင့်အမျှ ရွာသို့ အပတ်စဉ် မပြန်နိုင်တော့ပါ။





အမေကသာ သမိုင်းအိမ်ကြီးတွင် ကျွန်တော်တို့ အငယ်များအား စိတ်မချသောကြောင့် ပြောင်းလာ၍နေပေးသည်။ အဖေလုပ်သူကတော့ ရွာတွင် စီးပွားရေးအလုပ်များအား အခြေချပြီး ဖြစ်နေ၍ သမိုင်းအိမ်ကြီးသို့ လာမနေနိုင်ပါ။ သဃ်န်းကျွန်းကြီးရွာ၌ပင် နေထိုင်ပြီး တစ်ခါတစ်ရံမှသာ သမိုင်းအိမ်ကြီးကို ရောက်လာတတ်ပါသည်။

ကျောင်းရက်ရှည်ပိတ်ရက်များတွင် ကျွန်တော် အလွန်ပျော်သည်။ အဘယ်ကြောင့်ဆိုသော် ငယ်စဉ်က ဝါသနာအလျှောက် လောက်လေးခွကိုသာ ကိုင်ပြီး ငှက်ကလေးများကိုသာ ပစ်ခတ်နိုင်ခဲ့သော်လည်း တတိယတန်းနှစ် သို့ရောက်သောအခါ အဖေက လေသေနတ်ကလေးတစ်လက်ကို(Row) ကုမ္ပဏီမှ ဝယ်ပေးပါသည်။ ထိုလေသေနတ်ကလေးကို လေ့ကျင့်ပစ်ခတ် ရန်လည်း ကျွန်တော်တို့ သမိုင်းအိမ်ကြီး၏ အနောက်ဘက်တွင် ကန်ကြီးတစ် ကန်ရှိသည်။ ထိုကန်ကြီးမှာ အင်္ဂလိပ်ခေတ် ရန်ကုန်မြို့ကြီး တည်ဆောက်ရာတွင် မြေရွေးချယ်ရာ၌ အလွန်ကောင်းသော ရွှံ့စေးမြေကို ရရှိသဖြင့် ထိုကန်ကြီး မှ ရွှံ့စေးမြေကို အုတ်ဖုတ်ရာတွင် အသုံးပြုခဲ့ကြောင်း အဖေပြော၍ သိရပါ သည်။

ထိုအုတ်များမှာ ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ဗိုလ်ချုပ်ဈေးပတ်လည် တွင် ခင်းထားသော အုတ်အမဲကြီးများဖြစ်ရာ ယခုအချိန်အထိ နှစ်ပေါင်း (၁၀၀)ကျော်သော်လည်း ခိုင်မြဲတောင့်တင်းစွာ မပျက်စီးဘဲ ရှိနေခြင်းဖြစ်ပါ သည်။ ရန်ကုန်တစ်မြို့လုံးအတွက် အုတ်ဖုတ်သော အုတ်ကျင်းကန်ကြီးမှာ ကျွန်တော်တို့အရွယ်ရောက်သောအချိန်၌ လွန်စွာကျယ်ပြန့်ပြီး ပိန်းပင်နှင့် ကိုင်းပင်များ ဗေဒါပင်များ ဖုံးလွှမ်းနေပါသည်။

အစိုးရပိုင်သော ကန်ကြီးဖြစ်၍ အများပိုင်ဖြစ်ပါသည်။ ထိုကန် ကြီးအတွင်း၌ ကုလားများက ကျွဲခေါင်းပင်များစိုက်ပြီး တရုတ်များက ကန်စွန်းပင်များစိုက်သည်။ ကျွန်တော်တို့ကတော့ ထိုကန်ကြီးအတွင်းတွင် သာရောက်ပြီး ကျက်စားပျော်မြူးကြသော ငှက်များကို လောက်လေးခွဖြင့် လည်းကောင်း၊ လေသေနတ်ဖြင့်လည်းကောင်း ပစ်ခတ်သည်။ ထို့အပြင်

www.burmeseclassic.com



အပျော်တမ်းလည်း ငါးများသည်။ ကန်စပ်မှ ကျွဲခေါင်းသီးများကိုလည်း ခူး၍စားသည်။ ကန်ဖွန်းပင်များကိုလည်း ကန်ဖွန်းညွှန့်များချိုး၍ စားပါသည်။

သို့သော် စိုက်ပျိုးသူ ကုလားနှင့် တရုတ်များကမြင်သော်လည်း မပြောကြပါ။ စားသောက်ရုံသာ ခူးဆွတ်ကြသည်။ ကလေးများဖြစ်၍လည်း မပြောဆိုကြခြင်းဖြစ်ပါသည်။

(၁၉၆၅)ခုနှစ် ကျွန်တော် စတုတ္ထတန်းဖြေဆိုပြီးသည်နှင့် ကျွန်တော် ရွာသို့ပြန်သည်။ အဖေက ကျွန်တော် အမဲလိုက်ဝါသနာပါမှန်း သိသောကြောင့် လေသေနတ် နံပါတ်(၂)တစ်လက်ကို ဝယ်ပေးသည်။ ထိုလေသေနတ်က ကြီးမားသော ငှက်သာမက ချေနှင့် ဝက်ပေါက်၊ မျောက်လောက်ကို ပစ်ခတ်နိုင်ပါသည်။ ကျည်ဆန်က ကြီးသောကြောင့် လူကိုထိမှန်လျှင်လည်း အန္တရာယ်ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့်က အဖေက ရွာထဲတွင် လေသေနတ် နံပါတ်(၁)ကိုသာပေးကိုင်ပြီး ရွာမှထွက်၍ ကန်ကြီးတောဘက် ငါးခုတ်သွားမှသာ လေသေနတ်နံပါတ် (၂)ကို ပေးကိုင်ပါသည်။

နွေရာသီကျောင်းပိတ်ရက် (၁) ရက်၊ ခနီထိုးရာသီတွင် ဝါးများလိုအပ်သောကြောင့် ကျွန်တော်တို့ရွာမှ လှည်းငါးစီးဖြင့် ကန်တွင်းတောသို့ အုပ်စုလိုက် ထွက်ခဲ့ကြပါတော့သည်။ အဖေ့တွင် နှစ်လုံးပြူးသေနတ်ကြီးပါသည်။ အဖေ၏တပည့် ကိုချက်ကြီးတွင် ယမ်းတောင့်တူးမီးသေနတ်တစ်လက်ပါသည်။ ကျွန်တော့်တွင်တော့ အဖေဝယ်ပေးသော အသစ်ကျပ်ချွတ် နံပါတ် (၂) လေသေနတ် တစ်လက်ပါပါသည်။ နံပါတ် (၂)လေသေနတ်မှာ နံပါတ် (၁)လေသေနတ်ထက် ပိုမိုကြီးမားပြီး လေးလံပါသည်။ အသုံးပြုရသော ခဲ၊ ကျည်ဆန်မှာလည်း ကြီးမားပါသည်။

ရွာနှင့် (၃)၊ (၄)မိုင်ခန့်ဝေးသော ကန်တွင်းတောသို့ ကျွန်တော်တို့ရောက်တော့ တခြားရာသီများက ဝါးခုတ်၊ သစ်ခုတ်လာလျှင် ရက်မကြာဘဲ ယာယီတဲအိမ်ဆောက်၍သာ လှည်းတစ်စီးစ၊ နှစ်စီးစ လူ (၄)၊ (၅) ယောက်ဖြင့် တစ်ညအိပ်ခန့်သာ လာသောကြောင့် ယာယီတဲအုံကိုသာ သင့်ရာနေရာတွင် ဆောက်လုပ်အသုံးပြုခဲ့ကြပါသည်။ ယခုအခါတွင်တော့ မိုးမကျမီ ခနီပျစ်ထိုးရန် ကြက်သောင်းဝါးများ အရေးပေါ် အများအပြားလို





သောကြောင့် တစ်ပတ်တစ်ခါ (၂)ရက်။ (၃)ရက် တောတွင်း၌ ညအိပ်စခန်းချပြီး နေထိုင်ရမည်ဖြစ်ပါသည်။

ထိုသို့ တစ်ပတ်တစ်ခါ လာရောက်ရမည်ဖြစ်သောကြောင့် ယာယီတည်းရန် အိမ်မျှသာမဟုတ်တော့ဘဲ မကြာခဏ တည်းခိုရန်အတွက် ခနီမိုး၊ ထရံကာ ဝါးခြမ်းခင်း အဆောင်ကြီးတစ်ခုကို အလျင်အမြန် ဆောက်လုပ်ရတော့သည်။ လှည်းအစီး လေးငါးဆယ်စီး လူအယောက် နှစ်ဆယ်ခန့်အတွက် နေထိုင်ရန်နှင့် အိပ်စက်အနားယူရန် ချက်ပြုတ်သူ၊ ထမင်းချက်သမားများအတွက်လည်း ချက်ပြုတ်ရန် အဆောင်လိုအပ်နေရာ ထိုနေ့က မြေပြင့်နီးသည့် စခန်းချမည့်နေရာ ရောက်သည်နှင့် အဖွဲ့သားများ မျောခုတ်၊ ဝါးခုတ်၊ အိမ်ဆောက်ခနီမိုးပြီး ဝါးကြမ်းခင်းကြတော့သည်။

အိမ်ဆောက်သူကဆောက်၊ ချက်ပြုတ်သူက ချက်ပြုတ်နေကြစဉ် ကျွန်တော်နှင့် အဖေ၊ အဖေ့တပည့် ကိုချက်ကြီးတို့က ဟင်းစားရှာရန် ထွက်ခဲ့ကြပါတော့သည်။ ကိုချက်ကြီးတွင် ငါးများတံများအပြင် ပိုက်များလည်း ပါသောကြောင့် ငါးဖမ်းရန်အတွက် ကန်စပ်တွင် ထောင်ထားခဲ့ပြီး တောတွင်းသို့ ဝင်ခဲ့ကြပါတော့သည်။ ကိုချက်ကြီးမှာ အကုသိုလ်အလုပ်နှင့် အလွန်အကျိုးပေးသည်

ရေထဲ၌ ငါးရှာရှာ၊ ကုန်းပေါ်၌ တောကောင်ရှာရှာ ကိုချက်ကြီးတောဝင်လျှင် အကောင်ပလောင်၊ မရသောနေ့ မရှိပါ။ ပါလာသော အလုပ်သမားများ ဝဝလင်လင်စားသုံးရန်အတွက် အမြဲတမ်း ရရှိတတ်ပါသည်။ ကျွန်တော်နှင့်အဖေကတော့ အပျော်တမ်းမုဆိုး အဆင့်ခန့်သာရှိပါသည်။ အဖေ့တပည့် ကိုချက်ကြီးက တောကောင်အရှာ ကျွမ်းကျင်သည့်အပြင် တောထမ်း၊ တောင်လမ်းကိုလည်း လွန်စွာမှတ်မိပါသည်။ သူနှင့် သွားလျှင် တောမှောက်၊ တောချောက်ပြီး လမ်းမှားသည်ဟူ၍ မရှိခဲ့ဖူးပါ။

အလွန်အားကိုးရသည့် အမဲလိုက်မုဆိုးတစ်ဦး ဖြစ်ပါသည်။ ထိုနေ့တွင် အဖေက ...

"ချက်ကြီးရေ ... ဒီကနေ့ အလုပ်သမားများတယ်။ တောကောင်ကြီးကြီး တစ်ကောင်လောက်ရမှ အဆင်ပြေလိမ့်မယ်ထင်တယ်။ မင်း ကန်ထဲ

www.burmeseclassic.com



မှာထောင်ထားခဲ့တဲ့ ငါးလောက်ကတော့ အလုပ်သမားတွေ ဝဝစားရမယ် မထင်ဘူး။ အဲဒီတော့ တောဝက်ကြီးကြီးဖြစ်စေ၊ ဆတ်ဖြစ်စေ၊ ချေဆိုရင် တောင် အကောင်ကြီးမှုဖြစ်မယ် ထင်တယ်ဟေ့''

''စိတ်ချစမ်းပါ ... ဆရာရယ်။ ဒီနွေဦးပေါက်ရာသီမှာ တော အသီးအနှံနဲ့ ဆီးဖြူသီး၊ ဖန်းခါးသီး၊ ဝှေးသီးပင်ပေါပါတယ်။ အသီးကြိုက် တဲ့ကောင်က အသီးစား၊ အရွက်နုကြိုက်တဲ့ကောင်က အရွက်နုစား။ ဒီတော ဒီတောင်ထဲ ဒီအချိန်မှာ တောကောင်အပေါဆုံးရာသီပါပဲ။ ဆရာကတော ကျွန်တော်နဲ့ အမဲလိုက်နေကျမို့ လေတင်လေအောက် အသံမထွက်အော ခြေနင်းတာကအစ သိပါတယ်။ ဟိုအငယ်ကောင်သာ မုဆိုးလက်သစ်ဖြ လို့ သတိထားရလိမ့်မယ်''

''ဦးချက်ကြီးကလည်းဗျာ ... ကျွန်တော်က ငယ်စဉ်ကတည်းက ငှက်ချောင်းပြီး ပစ်လာခဲ့တာ။ လေတင်လေအောက်လည်း သိပါတယ် အသံမထွက်အောင်လည်း မုဆိုးလမ်းလျှောက်နည်းကိုလည်း သိပ့်ဗျာ''

''အေး ... အေး ... သိရင်ပြီးရော ... အငယ်လေးရေ။ ရှေ့မှာ ဂုံမင်းလျှိုရှိတယ်။ အဲဒီလျှိုကျော်ရင် ကညင်ပင်စခန်း၊ အဲဒီတောင်ပေါ်ရောက် တာနဲ့ သတိထားရတော့မယ်။ ဟိုတစ်ဖက်မှာ စိမ့်စမ်းတွေချည်းပဲ။ တော ကောင်တွေက အုပ်လိုက်၊ အလွန်ပေါတာ။ ဒီနားမှာ ခဏနားကြပြီး အသ ဗလံနားထောင်ကြရအောင်''

ထို့ကြောင့် ကျွန်တော်တို့ လေအောက်ကိုရွေး၍ ခေတ္တနားကြ သည်။ ကျွန်တော်က ရေသောက်သည်။ အဖေနဲ့ ကိုချက်ကြီးက ဆေးလိ သောက်ကြပြီး ခေတ္တနားကြသည်။ ထိုအချိန်တွင် ကျွန်တော်တို့ရှေ့ ကညင်နှစ်ပင်တောင်ကုန်းတစ်ဖက် လျှိုစမ်းထဲမှ တောဝက်အော်သံ ယောက်သံနှင့် ဆတ်တစ်သံများအား ကြားလာရသည်။ ထို့ကြောင့် ကျွန်တော် တို့ အနားယူခြင်းကို ရပ်နားပြီး ကညင်နှစ်ပင်တောင်ကုန်းဆီသို့ တရွေ့ရွေ့ တက်ခဲ့ကြပါတော့သည်။

တောင်ကုန်းမှာ ပေ(၃၀)ခန့်သာမြင့်သော်လည်း တစ်ဘက်လျှို အတွင်းရှိ စမ်းရေအိုင်မှာ အပေါ်စီးမှ ကောင်းစွာမြင်နိုင်ပါသည်။ ကညင်နှ





ပင်တောင်ကုန်းဆိုသည့်အတိုင်း လှနှစ်ဘက်စာခန့်ရှိ ကညင်ပင်ကြီးနှစ်ပင်က ကာကပ်၍ ပေါက်နေသောကြောင့် အပင်ခြေကိုကပ်၍ တောင်အောက်လျှို ထဲသို့ အကာအကွယ်ပြု၍ ချောင်းမြောင်းရန် လွန်စွာအနေအထားကောင်း သည်။ ထို့ကြောင့် ကျွန်တော်တို့ နေရာယူပြီး ကြည့်ကြတော့ အောက်တွင် စမ်းရေအိုင်ထဲ၌ ဝက်အုပ်နှင့် ချေဖိုမအပါအဝင် ခြောက်စထောင်ချိုကြီးနှင့် ဆတ်မောင်နှံတို့အပြင် ဒရယ်အုပ်ကိုလည်း တွေ့ရသည်။ ကျွန်တော် ဘာကောင် ကို ပစ်ရမှန်းမသိပါ။ ထို့ကြောင့် အဖေက ...

''သား ... မင်းက ဝက်ပေါက်လောက်ပဲပစ်။ ချက်ကြီးက ဝက်ဖို့မ တစ်ကောင်ကိုပစ်။ ငါကတော့ ဝက်သိုးကြီးကိုပစ်မယ်။ အခွင့်အရေးရရင် တော့ ချေတစ်ကောင်လောက်ပစ်မယ်။ ကဲ ... နေရာယူကြ''

ကျွန်တော်တို့ ကိုယ်စီကိုယ်ငှ အဖေပြောရာအကောင်များကို ချိန် ပြီးကြောင်းအချက်ပြတော့ အဖေက ခေါင်းညိတ်ပြသည်နှင့် ကျွန်တော်တို့ ပြိုင်တူပစ်ကြတော့သည်။

''ဒိန်း ... ဒိန်း ... ရွှတ် ... အုံး''

ကျွန်တော်တို့ပစ်ပြီးတော့ အဖေသတ်မှတ်ပေးသော အကောင်များ သာ၍ ကျန်ခဲ့ပါသည်။ သို့သော် ကျွန်တော်တို့သေနတ်များ မောက်ထပ် ကျည်ဆန်အသစ်လဲစဉ် ကျည်ဆန်မမှန်သော တောကောင်များက ပစ်ကွင်း နေရာမှ အသီးသီး ပျောက်ကွယ်သွားကြပြီဖြစ်ပါသည်။ ထိုစဉ် အဖေ က ...

''အေး ... မင်းတို့ပစ်တာ တော်ပါတယ်။ ဒါပေမဲ့ တစ်တောင့် ထိုး သေနတ်တွေဆိုတော့ ချက်ချင်းဆက်ပစ်လို့ မရတော့ဘူး။ ငါ့သေနတ်က နှစ်လုံးပြူးသေနတ်ဆိုတော့ ဘယ်ပြောင်းညာပြောင်း နှစ်ချက်ဆက်တိုက်ပစ် နိုင်တယ်။ အေး ... အခုလည်း အလုပ်သမားတွေအတွက် ရိက္ခာဖူလုံတဲ့ အပြင် ပိုလျှံတောင်နေပြီကွ။ ကဲ ... ချက်ကြီး တောကောင်တွေကိုသယ် ဖို့ ဆန်းပြန်ပြီး အလုပ်သမား (၁၀)ယောက်လောက် သွားခေါ်ချေကွာ။ ငါတို့ သားအဖ ဒီမှာပဲ အနားယူပြီး စောင့်နေမယ်''

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာ ကျွန်တော် အမြန်ဆုံးစခန်းပြန်ပြီး အလုပ်သမားတွေကို ခေါ်ခဲ့ပါ့မယ်"

"အေး ...အေး ...မြန်မြန်သွားပြီး မြန်မြန်ပြန်လာခဲ့။ ငါတို့စောင့်နေမယ်"

ထိုစဉ် အဖေက သူ့တွင်ပါလာသော ဆေးပေါ့လိပ်တစ်ခုကို မီးညှိ၍ ဖွာရှိုက်ရင်း ...

"အင်း ...ငါ့သားလည်း ရိုင်ဖယ်သေနတ်အရှည်ကို ကျွမ်းကျွမ်းကျင်ကျင်ပစ်ခတ်တတ်ပြီပဲ။ လေသေနတ်နံပါတ်(၂၂)ကို နိုင်ပြီးဆိုတော့ တစ်ခါတော့ ငါ့မိတ်ဆွေ ဌာနအုပ်ကြီးကို အကူအညီတောင်းပြီး ပွိုင့်(၂၂)ရိုင်ဖယ်သေနတ်ကလေးကို ဝယ်ပေးမယ်။ အဲဒီ သေနတ်ကလေးကပေါ့ပါးပြီး ယမ်းသေနတ်ဖြစ်တယ်။ ကျည်ဆန်က ထိပ်ချွန်ပါ ကျည်ဆန်တစ်မျိုးနဲ့ (Hollow) လို့ခေါ်တဲ့ ထိပ်မှာအပေါက်ပါပြီး ဖောက်ထွင်းအားအလွန်ကောင်းတဲ့ ကျည်ဆန်တစ်မျိုးလည်း ရှိတယ်"

"အဲဒီ (Hollow) ကျည်ဆန်က တောကောင်ကြီးတွေကိုလည်း ပစ်လို့ရတယ်။ နောက်ပြီး ပွိုင့် (၂၂)သေနတ်က (Semi-auto) သေနတ်လို အတွဲလိုက်ပစ်မရပေမယ့် တစ်တောင့်ခြင်း ဆက်တိုက်ပစ်လို့ရတယ်။ အဲဒါမင်းအတွက် အဖေဝယ်ပေးမယ်။ မြို့ပေါ်မှာတော့ ကိုင်လို့ရမှာမဟုတ်ဘူး။ ယမ်းပါတော့ လူကိုသေစေနိုင်တယ်။ ဒါကြောင့် ရွာမှာပဲ ကိုင်လို့ရမယ်"

"ဟုတ်ကဲ့ပါ ...အဖေ"

ကျွန်တော်တို့ အထမ်းသမားများအားစောင့်ရင်း နားနားနေနေနေလည်ထမင်းထုပ်များ ဖြည်စားနေကြစဉ် နာရီဝက်ခန့်အကြာတွင် 'ဟူး ...ဟူး ...ဟူး ...' ဟူသော လူအူသံကြားရသဖြင့် အဖေကလည်း ပြန်ပြီး 'ဟူး ဟူး'ဟူ၍ တန်ပြန်အော်ဟစ်နေပါသည်။ ထိုအချိန်တွင် အလုပ်သမားများကိုချက်ကြီးနှင့်အတူ ရောက်ရှိလာကြသည်။ စမ်းအိုင်ထဲဆင်း၍ တောကောင်များအား ဝမ်းသာအားရ သယ်ဆောင်ကြပါတော့သည်။

တောကောင်များအား အလုပ်သမားများ အသီးသီး သယ်ဆောင်နေကြစဉ် ကျွန်တော်တို့ မုဆိုးအဖွဲ့ တည်းခိုရန် ယာယီတဲစခန်းသို့ ပြန်လာ





ကြပါသည်။ ထမင်းချက် ဗိုလ်ခေါင်းနှင့်အဖွဲ့က တောကောင်များအား ကိုင်တွယ်၍ ချက်ပြုတ်ရန် ပြင်ဆင်နေကြစဉ် အချိန်အအားရရှိထားသော ကျွန်တော့်မှာ အလုပ်မရှိသောကြောင့် တောကောင်များဖျက်ရာတွင် ခေတ္တခဏသွားရောက်ကြည့်ရှုပြီးနောက် ယာယီတဲအိမ်ကြီး၏ အနောက်ဘက် ငွေယားတောင်ဟုခေါ်ဆိုသည့် တောင်ကမူ ကုန်းမြင့်ကလေးပေါ်သို့ တက်ခဲ့ပါတော့သည်။

ထိုတောင်ကမူကလေးမှာ လွန်စွာ ကျယ်ပြန့်ခြင်းမရှိသော်လည်း အဝန်းအဝိုင်း ပေ ၁၀၀ ပတ်လည်ခန့်မျှ ရှိပါသည်။ ထိုတောင်ကမူကလေးပေါ်တွင် ပြိုပျက်နေသော ထုံးစေတီကလေးတစ်ဆူသာ တည်ရှိပြီး စေတီအလေးနှင့် ပတ်ဝန်းကျင် ပေ (၁၀၀)အဝန်းအဝိုင်းအတွင်း၌ ဒန်ပန်းကန်ပြားခန့်ရှိသော ငွေခွက်ကြီးများ အစုလိုက်၊ အပုံလိုက် ရှိနေပါသည်။ ထူးဆန်းသည်ကတော့ ထိုငွေခွက်ကြီးများကို ယင်းတည်ရှိရာ တောတွင်း၌ ကြိုက်နှစ်သက်သလို ကိုင်တွယ်ဆော့ကစားသော်လည်း မယားပါ။

ကျွန်တော်ဆိုရင် ကန်တွင်းတောသို့ရောက်သည်နှင့် ငွေခွက်ကြီးများအား တောတွင်းနေရာအနှံ့သို့ ပစ်ခတ်ကစားလေ့ရှိပါသည်။ ငွေခွက်ကြီးများမှာ ပန်းကန်ပြားပျံ ပျံသလို တဝီဝီလည်ပတ်ပျံဝဲပြီး၊ တောတွင်းနေရာအနှံ့သို့ ကျရောက်သွားပါသည်။ ကျွန်တော်က ငွေခွက်ကြီးများ ထိုသို့ ပျံဝဲသွားသည်ကို အလွန်သဘောကျပါသည်။ ထို့ကြောင့် လက်မညောင်းချင်း တစ်နာရီခန့် ဆော့ကစားနေတတ်ပါသည်။

အလွန်ထူးခြားသော အခြေအနေမှာ ကျွန်တော် ငွေယားခွက်ကြီးများအား တစ်နာရီခန့် ကိုင်၍ ဆော့ကစားသော်လည်း မယားပါ။ ထို့အပြင် နောက်တစ်နေ့ မနက်ခင်းတွင် ဤငွေယားတောင်သို့ ရောက်ရှိလာပါကလည်း ယမန်နေ့က ဆော့ကစားပစ်လွှတ်ထားသော ငွေယားအပြားကြီးများမှာ နဂိုနေရာတွင် မူလအတိုင်း ပြန်လည်ရောက်ရှိနေခြင်းဖြစ်ပါသည်။

ဘိုးဘွားများ ပြောခဲ့သည်ကို အဖေ၊ အမေတို့ ပြန်ပြောကြသောကြောင့် မှတ်သားမိပါသည်။ ထိုအကြောင်းမှာ ဟိုးရှေးယခင်က ငွေယား

www.burmeseclassic.com



တောင်တွင် သိုက်တစ်ခုရှိပြီး စေတီကလေးအနီးရှိ ပန်းတင်ခုံပေါ်၌ အလှူ မင်္ဂလာဆောင်ပွဲလမ်းသဘင်ရှိပါက ငွေယားတောင်ဘိုးဘိုးကြီးအား ဆီးမီး နှံ့သာ၊ ပန်း၊ ရေချမ်းတို့ဖြင့် ကပ်လှူပူဇော်ပြီး လက်ဝတ်ရတနာများအား ငှားရမ်း၍ရကြောင်း၊ ငှားရမ်းသူက ဘိုးဘိုးကြီးအားတိုင်တည်၍ မည်သည့် နေ့၊ ရက်တွင် ပြန်လည်အပ်နှံပါမည်ဟု ကတိသစ္စာပြုရကြောင်း၊ ထိုသို့ ကတိသစ္စာပြုပါက ငွေယားတောင်သိုက်စောင့် ဘိုးဘိုးကြီးထံမှ လက်ဝတ် လက်စားများ ငှားရမ်း၍ရကြောင်း။ သို့သော် နောက်ပိုင်းတွင် ဘိုးဘိုးကြီး ထံ ပြန်လည်မအပ်နှံကြသောကြောင့် လက်ဝတ်ရတနာများအား ငှားရမ်း၍ မရတော့သည့်အပြင် ငွေပြားများအား လိုချင်စိတ်ဖြင့် အသုံးပြုရန် မိမိတို့ အိမ်သို့ ယူဆောင်သွားပါက တစ်အိမ်သားလုံး မနေနိုင်အောင် ယားယံတတ် သောကြောင့် ညတွင်းချင်း သူ့နေရာသို့ ပြန်ပို့ပါမှ သက်သာရ ရကြ သည်။

ထို့ကြောင့် ယခုအခါတွင် ငွေယားတောင်မှ ငွေယားပြားများကို ကိုင်တွယ်ရန်ကိုပင် လွန်စွာကြောက်ရွံ့ကြပြီး အဝေးက ရှောင်ရကြောင်း သိရှိရပါသည်။ ထိုခေတ်က ငွေယားပြားများဖြစ်သောကြောင့် တန်ဖိုးမရှိ လှသော်လည်း သူ့တန်ဖိုးနဲ့သူတော့ ရှိပါလိမ့်မည်။ သို့သော် ရောင်းချစား ရန်မပြောနှင့် ကိုင်တွယ်ရန်ကိုပင် အလွန်ကြောက်ရွံ့ကြပါသည်။

ကျွန်တော်ကတော့ ကန်တွင်းတောတွင်းရောက်သည်နှင့် ဆော့ ကစားနေကျဖြစ်သောကြောင့် ကြောက်ရွံ့ခြင်းလည်း မရှိပါ။ ကိုင်တွယ်ခြင်း ကြောင့် ယားယံခြင်းလည်း မရှိပါ။ ထိုနေ့က ငွေယားပြားများအား တစ်နာရီ ခန့် တောအနှံ့ ပန်းကန်ပြားပုံလွှတ်တမ်း ကစားပြီးနောက် ချွေးစို့လာသဖြင့် တဲအိမ်သို့ ပြန်ခဲ့သည်။ တဲအိမ်တွင်းမှ အဝတ်အစားနှင့် မျက်နှာသုတ်ပဝါ၊ ဆပ်ပြာတို့ကိုယူဆောင်ပြီး တောင်ကုန်းအောက်ခြေရှိ ရေခပ်ရန် စမ်းချောင်း သို့ ဆင်းခဲ့ပါသည်။ ထိုတွင် ချွေးတိတ်စေရန် ခေတ္တနားပြီးနောက် ရေချိုး ပါသည်။ စမ်းချောင်းရေဖြစ်သောကြောင့် အလွန်အေးသည်။ သို့သော် ငွေယားခွက်များအား ပစ်ခတ်ဆော့ကစားပြီး လေ့ကျင့်ခန်းလုပ်သလို ချွေးထွက်





အနားယူပြီးမှ ရေချိုးခြင်းဖြစ်သောကြောင့် လွန်စွာ ရေချိုး၍ ကောင်းပါ သည်။

ကျွန်တော် ရေချိုးပြီး အဝတ်အစားလဲ၍ တောင်ကုန်းပေါ်ရှိ တဲ အိမ်သို့ ရောက်ရှိတော့ အဖေတို့က အငွေ့တထောင်းထောင်းထနေသော ဟင်းမျိုးစုံပါ ထမင်းစားပွဲကြီးဖြင့် တဲအိမ်ပေါ်၌ အသင့်စောင့်နေကြပါ သည်။

"လာဟေ့ ... သားရေး ညနေ့ထမင်း စောစောစားရအောင်။ ဒီ မှာ ထမင်းချက်အဖွဲ့က လက်ရာစုံစုံနဲ့ တောဝက်ဝမ်းတွင်းသား၊ ချေသား၊ ဆတ်သားတွေ စုံလင်အောင်ချက်ထားတယ်။ ခေါင်းသုပ်တွေလည်းပါ တယ်။ တောတွင်းက အစားအစာ၊ အတို့အမြှုပ်တွေလည်း ပါတယ်။ ငါ့သား ထမင်းမြိန်မှာပါ"

ကျွန်တော့်မှာ စားကောင်းသောက်ကောင်းအရွယ်၊ ဆော့ကစားပြီး ရေချိုးပြီးဖြစ်သောကြောင့် ထမင်းစား၍ အလွန်မြိန်ပါသည်။ တောကောင် သားများမှာ အလွန်လတ်ဆတ်၍ ချိုသောကြောင့် စား၍အလွန်မြိန်ပါ သည်။ တောကောင်သားမျိုးစုံသာမက ကျွန်တော်နှစ်သက်သော ဖလံ ထောင်မွှေးကြော်၊ စင်ပြွန်းသီးချဉ်ရည်ဟင်း၊ အဖေ့တပည့် ကိုချက်ကြီး ပိုက် ထောင်၍ဖမ်းဆီးထားသော ငါးမျိုးစုံဟင်းများနှင့် ဖရစ်ရှီးနီပြုတ်အပြင် ကျွန်တော်တို့ရွာထွက် ငပိရည်လည်းပါသောကြောင့် လွန်စွာထမင်းစား၍ မြိန်ပါသည်။ ထိုညနေခင်းက ကျွန်တော် ထမင်းစားမြိန်လာသောကြောင့် ထမင်း နှစ်ပန်းကန်၊ သုံးပန်းကန် မြိန်ရှက်စွာ စားလိုက်ပါတယ်။ စားပြီး တော့လည်း အဖေတို့ တောအကြောင်း တောင်အကြောင်း ပြောနေကြသော ဆက်ဖက်ရည်ကြမ်းဝိုင်း၌ပင် ထိုင်ပြီး နားမထောင်နိုင်တော့ပါ။ အလုပ်သမား အားလုံးလည်း ညနေစာ စားနေကြစဉ်၌ပင် ကျွန်တော် ဘုရားရှိခိုးပြီး တောစောင့်နတ်၊ တောင်စောင့်နတ်နှင့် ငွေယားတောင်ဘိုးတော်ကြီးအား ခေတ္တာပို့အမျှဝေပြီး အိပ်ရာဝင်ခဲ့ပါတော့သည်။

✿ ✿ ✿

www.burmeseclassic.com

❑

ကလေးပီပီ ဆော့ကစားပြီး မိုက်ဝသောကြောင့် အိပ်ရာဝင်သည်နှ
ချက်ချင်းပင် နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။ စွဲလမ်းသောစိတ်ကြောင့်လာ
မသိ အိပ်မက်မက်ရာတွင် ကျွန်တော် ငွေယားတောင် ဘုရားစေတီပျ
ကလေးအနီးသို့ ရောက်ရှိနေပါသည်။ ထိုအချိန်တွင် အနောက်ဘက်
ခြေသံကြားသောကြောင့် လှည့်ကြည့်မိရာ ဆီးဖြူသီးလုံးခန့်ရှိ ပုတီးကု
ကြီးအား လည်တွင်ဆွဲပြီး နီညိုရောင်ဝါးအမြက် တောင်ဝှေးကြီးတစ်ချော
ကိုကိုင်ထားပြီး အဖြူရောင်ပုဝါကို ခေါင်း၌စည်းထားသော ဝတ်ဖြူစင်ကြယ်
ဝတ် အဘိုးကြီးတစ်ဦးအား မြင်တွေ့ရပါသည်။

အဘိုးက ...

"လူကလေး ... မင်းပျင်းနေရင် အဘိုးတို့သိုက်နန်းထဲ အလည်
လိုက်ခဲ့ပါလား။ မင်းရဲ့ အစ်မတော်တွေ သိုက်နန်းထဲမှာ အဖော်ရှိပါတယ်
မင်းကို မြန်မာမုန့်မျိုးစုံနဲ့ သစ်သီးမျိုးစုံလည်း ကျွေးဖို့ စောင့်နေကြတယ်"

"ဟုတ်ကဲ့ပါ ... အဘိုး။ ကျွန်တော် လိုက်ခဲ့ပါ့မယ်။ ဒါနဲ့ အဘိုးက
ဘယ်သူလဲ ခင်ဗျား"

"အေးကွယ် ... လူကလေးက အဘိုးတို့ကိုမသိပေမယ့် အဘိုးတို့
ကတော့ အင်မတန်ဆော့တဲ့ လူကလေးကို သိပြီး ခင်မင်ရင်းနှီးနေကြ
တယ်။ ယက္ခညီနောင်ကတော့ လူကလေးကို ကျေနပ်တဲ့ဟန်မတူဘူး"





"ဘာဖြစ်လို့ပါလဲ ... အဘိုး။ ကျွန်တော် ငွေယားပြားတွေကို ပန်းကန်ပြားပုံလွှတ်တမ်း ကစားခဲ့ပေမယ့် တစ်ခါမှ အိမ်ကိုယူသွားဖို့ စိတ်နဲ့ထောင်ခြစ်မှားမိပါဘူး။ အမြဲတမ်း အိပ်ရာဝင်ချိန်မှာလည်း ကျွန်တော် အဘိုးတို့ကို မေတ္တာပို့ အမျှဝေပါတယ်"

"အေး ... အဲဒါတွေကြောင့် အဘိုးတို့က လူကလေးကို ခင်မင်ရင်းနှီးနေတာ။ ယက္ခညီနောင်ကတော့ လူကလေးကို ကျေနပ်ပုံမရကြဘူး။ ဒါပေမဲ့ အဘိုးဆူထားလို့ သူတို့လည်း လူကလေးကို ဘာမှမလုပ်ကြပါဘူး"

"အဘိုး ... ယက္ခညီနောင်က ကျွန်တော့်ကို ဘာကြောင့် မကျေနပ်ကြတာလဲ။ ကျွန်တော်လည်း သူတို့ကို မစော်ကားပါဘူး။ သူတို့ညီနောင်ကိုလည်း တစ်ခါမှ မမြင်ဖူးဘူး။ အဘိုး အခုပြောမှ ကြားဖူးရတာပါ"

"အေးလကွယ် ... သူတို့ကို လူကလေး ဘယ်ကြားဖူး၊ မြင်ဖူးမလဲ။ သူတို့ညီနောင်က အဘိုးတို့ရဲ့ ငွေယားတောင်ကို စောင့်ရှောက်ရတဲ့ အဓိပတိ ဘီလူးညီနောင်ပဲ။ လူကလေး ပန်းကန်ပြားပုံလွှတ်တမ်းကစားပြီး တောအနှံ့တောင်အနှံ့ ကျရောက်သွားတဲ့ ငွေပြားတွေကို သူတို့နှစ်ကောင်က ဆက်အောက်ခံအစောင့်တွေနဲ့ လိုက်ပြီး သိမ်းဆည်းရတာ။ နောက်ပြီး နဂိုမူလပုံစံမပျက် ပြန်ထားကြရတာ အလွန် အလုပ်ရှုပ်တာပေါ့။ ဒါကြောင့် သူတို့ညီနောင်က လူကလေးကို မကျေနပ်ကြတာ"

"အဘိုးရယ် ... ကျွန်တော် အဲလိုမှန်းမသိလို့ပါ။ အခု သိပြီဆိုတော့ ကျွန်တော် နောင်ကို ငွေယားတွေနဲ့ ပန်းကန်ပြားပုံလွှတ်တမ်း မကစားတော့ပါဘူး။ ယက္ခညီနောင်ကိုလည်း ကျွန်တော် တောင်းပန်တယ်လို့ ပြောပေးပါ"

"ကိစ္စမရှိပါဘူး ... လူကလေး၊ မင်းကို အဘိုးနဲ့ မင်းအစ်မတွေက သဘောကျတယ်။ ဆက်သာကစားပါ၊ အဘိုး ခွင့်ပြုပါတယ်။ ယက္ခညီနောင်က မကျေနပ်ပေမယ့် လူကလေးကို အန္တရာယ်မပြုနိုင်အောင် အဘိုးတို့က အဆောင်ပေးထားပါ့မယ်။ ကဲ ... လာ ... လူကလေး၊ မင်းအစ်မတွေ စောင့်နေကြရော့မယ်။ အဘိုးတို့သိုက်နန်းထဲ သွားလည်ကြစို့"

www.burmeseclassic.com



သို့နှင့် အဘိုးဦးဆောင်ပြီး ငွေယားတောင်ကုန်းပေါ်မှ ကျွန်တော် တို့ အရှေ့ဘက်လှေကားထဲကို ဆင်းခဲ့ကြပါတယ်။ လှေကားကြီးမှာ မတ်စောက်လှ သောကြောင့် ယခင်အခါများက ကျွန်တော် ဆင်းကြည့်ရန် စိတ်ကူးမိသော် လည်း မဆင်းဝံ့ခဲ့ပါ။

ဟော ... အခု အဘိုးနဲ့အတူဆင်းကြည့်တော့လည်း ပြေပြစ်သော လှေကားထစ်များဖြင့် လွယ်ကူစွာ ဆင်းခဲ့ကြသည်။ အရှေ့ဘက်လှေကား ရောက်တော့ ရေဓာတ်ကြောင့် လွန်စွာ အေးစိမ့်သွားသည်။ အဘိုး ဦးဆောင်ပြီး တောင်ကမ်းပါးယံရှိ ဖုံးအုပ်နေသော နွယ်များကို ဖယ်ရှား ပေါ်လာသောဂူပေါက်ဝအတွင်းသို့ ဝင်ကြသည်။ အတွင်းဂူပေါက်ဝ စင်္ကြံလ ထိပ်တွင် တင်းပုတ်ကြီးများ ကိုင်ထားသော ဘီလူးညီနောင်ရုပ်တုကြီး အဝင်စင်္ကြံလမ်း တစ်ဖက်တစ်ချက်စီတွင် ကြောက်မက်ဖွယ်ရာ မြင်တွေ့ ပါသည်။

စင်္ကြံလမ်းမှာ မှောင်မဲမနေပါ။ မည်သည့်နေရာက ထွက်ပေါ်လ မှန်းမသိရသော ရောင်ပြန်အလင်းရောင်ကြောင့် ဖန်မီးအိမ်ထွန်းညှိထားသ လင်းထိန်နေပါသည်။ (၁၀) ပေခန့်အတွင်းသို့ ဝင်မိတော့ ဝင်ပေါက်တစ် နှင့် ခန်းမကျယ်ကြီးတစ်ခုကို တွေ့ရသည်။ ခန်းမကျယ်ကြီးအတွင်း၌ လွန်စွ သပ္ပာယ်သော 'အဘယမုဒြာ' ရွှေဆင်းတုရုပ်ပွားတော်ကို အသီးအနှံ ပန်း ရေချမ်းဖြင့် အမွှေးနံ့သာအလင်းတိုင်များ ပူဇော်ထားသောကြောင့် ဘုရ ခန်းမကြီးမှာ လွန်စွာ မွှေးကြိုင်သင်းပျံ့နေပါသည်။

အဘိုးက အလွန်သိမ်မွေ့စွာ ပုဆစ်တုပ်၍ထိုင်ပြီး ရှိသေစွာ ဝတ် ရှိခိုးသလို ကျွန်တော်လည်း ဘုရားရှင်အား ရိုသေစွာ ရှိခိုးဝတ်ပြုပါသည် ရှိခိုးပြီးနောက် အဘိုးက အတွင်းခန်းဝင်သည့် တံခါးပေါက်ဝတွင်ရှိသေ ဆင်စွယ်တစ်စုံတွင် ချိတ်ဆွဲထားသည့် ရွှေမောင်းကလေးအား အနီးတွ ရှိသည့် မောင်းထုတုတ်ကလေးဖြင့် သုံးချက်တီးခတ်လိုက်ပါသည်။

"ဒူ ... ဒူ ... ဒူ ..."

ထိုအချိန်တွင် အတွင်းခန်းထဲမှ မြစိမ်းရောင်ဝတ်စုံကိုယ်စီ ဝတ်ဆ ထားသော မင်းသမီးလေးသုံးယောက် ထွက်လာပါသည်။

---

စိတ်ကူးသစ်စာပေ



"အဘိုး ... ညှော်သည်တော်မောင်လေး ရောက်လာပြီလား။ သမီး တို့ စားသောက်ဖွယ်ရာတွေ အဆင်သင့်ပြင်ပြီး စောင့်မျှော်နေတာပါ"

"အေး ... လူကလေး ရောက်လာပြီ။ မြေးတို့ပဲ အတွင်းခန်းထဲ ခေါ်ပြီး ညှော်ခံကျွေးမွေးလိုက်ကြပေတော့။ အဘိုးတော့ နံ့စွပါတ်ဝတ်ကလေး ပြုသေးလို့ ဘုရားဝတ်ပြုလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ အဘိုး။ ကျွန်မတို့မောင်လေးကို ညှော်ခံကျွေးမွေးပြီး ထိုက်နန်းအတွင်း လိုက်လံပြသပါ့မယ်။ ခွင့်ပြုပါ အဘိုး"

"အေးအေး ... အဲဒီကိစ္စတွေပြီးတာနဲ့ မင်းတို့မောင်ကလေးကို သကျွညီနောင်နိုင်တဲ့ အဆောင်လက်ဖွဲ့တစ်ခုကို ပေးလိုက်ပေတော့"

"ဟုတ်ကဲ့ပါ အဘိုး"

သို့နှင့် ကျွန်တော့်အား အစ်မတော်များက ဦးဆောင်ခြံရံပြီး စင်္ကြံ လမ်းအတိုင်း ခေါ်ဆောင်သွားပါတော့သည်။ စင်္ကြံလမ်းအတွင်းသို့ ပေ(၂၀) ခန့်ဝင်မိသည်နှင့် ဘေးတစ်ဖက်တစ်ချက်တွင် အခန်းပေါင်းများစွာအား တွေ့ဖြတ်သန်းရသည်။ ထို့နောက် ခန်းမကျယ်ကြီးတစ်ခု၏ အဝသို့ရောက်တော့ အတွင်းရှိ ကျောက်စားပွဲကြီးပေါ်၌ မြန်မာမုန့်မျိုးစုံနှင့် သစ်သီးမုန့်မျိုးစုံတို့ အား ခင်းကျင်းပြင်ဆင်ထားသည်ကို တွေ့ရပါသည်။

ကျောက်စားပွဲကြီးအား ရံလျှက် ရွှေရောင်ပန်းကနုတ်များဖြင့် ထွင်းထုလုပ်ထားသော ရွှေကုလားထိုင်ကြီးများကိုလည်း ကျောက်စားပွဲကြီးကို ဝန်းရံ၍ ခင်းကျင်းထားပါသည်။

ခန်းမကြီးမှာ ရွှေအိုရောင် အလင်းတို့ဖြင့် လင်းချင်းနေပါသည်။ အခန်းကြီး၏ ကြမ်းခင်း၊ အမိုးနှင့် ပတ်လည်နံရံများမှာ ရွှေရောင်အတိ ဖြစ်သည်။ ရွှေရောင်အခန်းကျယ်ကြီး၏ အတွင်းခန်းများမှာ ရတနာမျိုးစုံ ခြယ်ထားသော ရွှေရောင်သေတ္တာကြီးများကို အစီအရီထပ်လျှက် တင် ထားသည်မှာ များပြားလှပြီး ခန်းလုံးပြည့်မျှ ဖြစ်သည်။ အခန်းထဲ၌ မီးမှန် အိမ်များမရှိသော်လည်း မည်သည့်နေရာမှ လာမှန်းမသိသော အလင်းရောင် က ရွှေရောင်နံရံများကို ထိတွေ့ပြီး အလင်းပြန်လာရာ တစ်ခန်းလုံး ရွှေ ရောင်လင်းလက်နေသည်။

www.burmeseclassic.com



ထူးခြားသည်ကတော့ ကျွန်တော်ကြိုက်သော တောစပယ်ပန်းအ[illegible]ဖြစ်သည်။ အခန်းအတွင်း၌ သစ်သီးများနှင့် မြန်မာမုန့်များသာရှိပြီး ပန်း[illegible]ထိုးထားခြင်းပင် မရှိပါ။ အမျိုးသမီးသုံးဦး၏ ဆံပင်များတွင်လည်း ပန်းပန်ထ[illegible]ကြခြင်းမရှိပါ။ တောစပယ်ပန်းနံ့က ဘယ်ကလာသည်မှန်း မသိနိုင်ပါ။

ထိုစဉ် အစ်မကြီး ဖြစ်ဟန်တူသူက ...

''ကဲ ... မောင်လေး၊ နှစ်သက်တဲ့ ကုလားထိုင်မှာထိုင်ပြီး မု[illegible]တွေ၊ သစ်သီးတွေ တစ်ဝစားပေတော့။ သောက်စရာကတော့ နွားနို့ပဲ[illegible]တယ်။ မင်းတို့ဆီကလို ကော်ဖီတွေ၊ လက်ဖက်ရည်တွေ မရှိဘူးကွဲ့''

''အစ်မတော်တို့ရယ် ကျွန်တော်လည်း တောသားပါ။ ကော်[illegible]လက်ဖက်ရည်ဆိုတာ သောက်ဖူးရုံပဲရှိပါတယ်။ အမြဲတမ်းသောက်လာတာ[illegible]နွားနို့ပါပဲ။ နွားနို့ကို ကျွန်တော် အလွန်ကြိုက်ပါတယ်။ ရွာမှာလည်း အလွ[illegible]ပေါပါတယ်''

''ကဲ ... မောင်လေး၊ အစ်မတော်တို့လက်ရာ မြန်မာမုန့်တွေကို[illegible]အရင်စားပါ။ ပြီးတော့ နှစ်သက်ရာသီးနှံတွေကို စားပြီး နွားနို့ကိုသောက်[illegible]ပါ''

''ဟုတ်ကဲ့ပါ အစ်မတော်တို့ခင်ဗျား''

ကျွန်တော် စ၍စားသည်က အုန်းသီး၊ နှမ်းထောင်းတို့ကို ပါဝ[illegible]သော ကောက်ညှင်းချော်ပေါင်းဖြစ်သည်။ ပြီးနောက် မုန့်စိမ်းပေါင်း၊ အခြ[illegible]မုန့်များဖြစ်ကြသည့် မုန့်ဖက်ထုပ်၊ ကောက်ညှင်းထုပ်၊ လယ်ကသင်းရိုးတွင်[illegible]ပေါက်တတ်သည့် ခရမ်းရောင်ကောက်လှိုင်းတီမုန့်နှင့် အခြားအကြော်မျိုး[illegible]ဖြစ်သည်။ အလွန်လည်း အရသာရှိပါသည်။ မုန့်များစားပြီးတော့ အငယ်[illegible]အမျိုးသမီးတစ်ဦးက ရွှေဝါရောင် ငှက်ပျောသီးကြီးတစ်လုံးအား ငှက်ပျော[illegible]ဖြုတ်၍ အခွံနွာပြီး ကမ်းပေးသည်။

ထို့နောက် စပျစ်သီးများ၊ လိမ္မော်သီးများ၊ ကွဲကောသီးမျ[illegible]သရက်သီးမှည့်များအား ညီအစ်မ (၃)ဖော်က တစ်လှည့်စီ ပေးကြသည်[illegible]နောက်ဆုံး ကျွန်တော် လက်ကာပြမှ အလတ်မက ရွှေခွက်ထဲတွင်ထည့်[illegible]





ထားသော နွားနို့ချိုချိုကို တိုက်ပါသည်။ ကျွန်တော်ဗိုက်မှာ ဖောင်းကား သွားပြီဟု ထင်ပါသည်။ ထိုအခါမှ ...

''အစ်မတော်တို့ကော မစားကြဘူးလား''

''အစ်မတော်တို့က စားပြီးကြပါပြီကွယ်။ အဘိုးလို နေ့စဉ်နေ့တိုင်း ဥပုသ်သီလမစောင့်ထိန်းနိုင်ပေမယ့် နေ့ကြီးရက်ကြီးတွေဆိုတော့ အစ်မတော် တို့ ဥပုသ်သီလ စောင့်ထိန်းကြရပါတယ်။ ဒါ့ကြောင့် အစ်မတော်တို့ ချွေခံ ကျွေးမွေးတဲ့ အစားအစာတွေကို ပြည့်စုံအောင် စားပါကွယ်။ အစ်မတော် တို့က အဘိုးရဲ့ ညွှန်ကြားချက်အတိုင်း နေ့စဉ် ဥပုသ်မစောင့်နိုင်ပေမယ့် အသား၊ ငါး၊ မစားဘူး။ သစ်သီးဝလံတွေကိုပဲ စားကြပါတယ်ကွယ်''

''သာဓုပါခင်ဗျား ... သာဓု ... သာဓု ... သာဓု''

''ကျွန်တော်ကတော့ အသက်ငယ်သေးလို့လား မသိပါဘူးဗျား။ သား၊ ငါး ဟင်းလျာမပါရင် ထမင်းမစားတတ်ဘူး။ အခုတော့လည်း အစ်မ တော်တို့ စားသလို မြန်မာမုန့်တွေနဲ့ အသီးအနှံတွေကိုစားပြီး နွားနို့ကို သောက်ရတာ အလွန်ကျေနပ်ပါတယ်ဗျား။ ဗိုက်လဲပြည့်သွားတော့ အစ်မ တော်တို့ကို ကျေးဇူးအလွန်တင်ပါတယ်''

''မောင်လေးက ကျေးဇူးတင်တယ်ဆိုတော့ ဝမ်းမြောက်ပြီထင်ပါရဲ့၊ နေဦးကွဲ့။ အဘိုးစေခိုင်းထားတာ တစ်ခုကျန်နေသေးတယ်။ ရော့ ... ဟော့ဒီမှာ ယက္ခညီနောင်လည်ဆွဲ၊ ဒီလည်ဆွဲကို ဝတ်ထားရင် ယက္ခညီနောင် က မောင်လေးကို မနှောင့်ယှက်နိုင်တဲ့အပြင် လိုအပ်သမျှ အကူအညီပေး ပါလိမ့်မယ်။ သူတို့နဲ့လည်း တွဲအောင်ပေါင်းပါကွယ်။ သူတို့ ညီနောင်က အလွန်အစွမ်းထက်တဲ့ သတ္တိလည်း ရှိကြတယ်။ ဒီလည်ဆွဲက သူတို့ကိုလည်း နိုင်တယ်''

''ဟုတ်ကဲ့ပါ မမ။ ကျွန်တော် အမှတ်တရ ဆွဲထားပါ့မယ်။ ယက္ခ ညီနောင်နဲ့လည်း ကျွန်တော်တွဲအောင် ပေါင်းပါ့မယ်''

''အေးကွယ် ... ကောင်းပါပြီ၊ အဘိုးစေခိုင်းထားတာ တစ်ခု ကျန်သေးတယ်။ အဲဒါကတော့ မောင်လေးကို ဒီသိုက်နန်းထဲက ရွှေ ငွေ၊ ရတနာတွေကို လိုက်လံပြဖို့ပဲ။ ဒီရတနာပစ္စည်းတွေက နောက်ပွင့်လာမယ့်

www.burmeseclassic.com



အရိမေတ္တေယျမြတ်စွာဘုရား ပွင့်တော်မူလာလျှင် ကျောင်းဆောက်လှူဒါန်းဖို့ပဲ။ စိတ်နဲ့တောင် မပြစ်မှားနဲ့နော် မောင်လေး''

''ဟုတ်ကဲ့ပါ ... မမ။ ကျွန်တော့်မှာ သူတစ်ပါးပစ္စည်းကို လိုချင်တပ်မက်တဲ့စိတ် လုံးဝမရှိပါဘူး။ ငါးပါးသီလကိုလည်း အခုလို တောမတက်တဲ့နေ့တွေမှာ လုံခြုံပါတယ်။ တောသူတောင်သားဆိုတော့လည်း ပါဏာတိပါတာကံကိုတော့ မလုံခြုံပါဘူး။ တခြား ကံလေးပါးကိုတော့ လုံခြုံပါတယ်''

''သာဓုပါ ... မောင်လေး။ သာဓုပါ ... သာဓုပါ။ အစ်မတော်တို့က မောင်လေးတို့အကြောင်းကို လေ့လာပြီးလို့ သိရှိနေပါတယ်။ အခုကလည်း အစ်မတော်တို့က မောင်လေးနဲ့တွေ့ဖို့ အဘိုးကို ပူဆာတာမို့ အဘိုးက ခွင့်ပြုတာပါ။ လာကွယ့်၊ အစ်မတော်တို့နဲ့အတူ သိုက်နန်းထဲကို လှည့်ပတ်ကြည့်ရအောင် ဒါကလည်း အဘိုးခွင့်ပြုလို့ မောင်လေးကို ပြခွင့်ရတာပါ''

''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် မမ''

သို့နှင့် ကျွန်တော့်အား အစ်မတော်တို့ ညီအစ်မက သိုက်နန်းအတွင်းလှည့်လည်ပြသရာ အချို့အခန်းများက ရွှေတုံးများအား အစီအရီအပုံလိုက်စီထားပြီး အချို့နေရာများက ရာဝင်အိုးကြီးများဖြင့် ထည့်ထားသော ရွှေမန်ကျည်းတောင့်များ၊ အချို့နေရာတွင် ရွှေရောင်ရာဝင်အိုးကြီးများတွင် ထည့်ထားသော လက်ဝတ်လက်စားရတနာများ၊ အစွန်ဆုံးအခန်းတွင် အစုလိုက်၊ အပုံလိုက်စီပြီး ထပ်ထားသည့် ပန်းကန်ပြားပုံစံ ရွှေပြားကြီးများမှာ ခေါင်မိုးအပေါက်မှ အပေါ်သို့ပင် တိုးထွက်နေပါသည်။

ထို့ကြောင့် ကျွန်တော်က ...

''အစ်မကြီး ဒီရွှေပန်းကန်ပြားတွေက ငွေယားတောင်ပေါ်မှာ ကျွန်တော် ဆော့ကစားနေကျ ငွေပြားတွေနဲ့ ပုံစံတူတယ်နော်''

''ဟုတ်တယ် မောင်လေးရဲ့။ အပေါ်မှာ မောင်လေးတွေ့ခဲ့တဲ့ ငွေယားပြားတွေဆိုတာကလည်း ရွှေပြားအစစ်တွေပဲ။ လူသားတွေ မပြစ်မှားကြရလေအောင် ငွေယားပြားတွေအဖြစ် ဖန်ဆင်းထားတာ။ မမတို့ သိုက်နန်းက ဘုရားသိုက်ဖြစ်နေတော့ ဒီလိုပဲ မပြစ်မှားရအောင် အယောင်ဆောင်





ထားရတာပေါ့။ ကဲ ... လာမောင်လေး၊ ပြန်ကြရအောင်။ အဘိုးလည်း ဘုရားကိစ္စပြီးလို့ စောင့်မျှော်နေလောက်ပြီ''

ကျွန်တော်တို့ အစွန်ဆုံးအခန်းမှ ပြန်ထွက်ပြီး စင်္ကြံလမ်းသို့ရောက်တော့ မောင်သံသုံးချက်ကို ကြားရသည်။

''ဒို ... ဒို ... ဒို ...''

''ဟော .... အဘိုးတောင် တရားထိုင်ပြီးလို့ အချက်ပေးနေပြီ ပြန်ကြစို့ မောင်လေး''

''ဟုတ်ကဲ့ပါ မမ''

ကျွန်တော်တို့ ပြန်ထွက်လာကြပြီး အဝင်ဝထိပ်ဆုံး ဘုရားခန်းသို့ရောက်တော့ အဘိုးက ပြုံးရွှင်စွာဆီးကြိုနေသည်။

''ကဲ ... လာကြ၊ လူကလေး ဘုရားဝတ်ပြုပြီး လူကလေးကို အဘိုးပြန်လိုက်ပို့မယ်။ နောင် လူကလေး အစ်မတော်တို့နဲ့တွေ့ပြီး လာလည်ချင်တဲ့ ဆန္ဒရှိရင် တောင်ပေါ်က ငွေယားတောင်စေတီကလေးရှေ့မှာ ဘုရားဝတ်ပြုပြီး အဘိုးကို တ,ပါ။ အဘိုးလာခေါ်မယ်''

''ဟုတ်ကဲ့ပါ အဘိုး။ ကျေးဇူးအထူးတင်ပါတယ်''

ကျွန်တော် ဖူးရခဲ့သော အဘယမုဒြာ ရွှေဆင်းတုတော်ဘုရားအား ဦးသုံးကြိမ်ချ၍ ရှိခိုးကန်တော့ပြီး အဘိုးအားလည်း ကျေးဇူးတင်စွာဖြင့် နှိုသေစွာ ကန်တော့ပါသည်။ ထို့ကြောင့် အဘိုးက ...

''အေးကွယ့် ငါ့မြေးလေး ဘေးဘယာဝေးကွာပြီး လောကအလယ်မှာ ငါးပါးသီလမြဲပြီး ပညာတတ် လူချမ်းသာကြီး ဖြစ်ပါစေ။ လှူနိုင်တန်းနိုင်တဲ့ ကုသိုလ်ရှင် ဘုရားဒါယကာကြီးလည်း ဖြစ်ပါစေ''

''ပေးတဲ့ဆုနဲ့ ပြည့်ပါစေ အဘိုး''

အဘိုးဦးဆောင်ပြီး ကျွန်တော်တို့ ငွေယားတောင်လှိုအတွင်းမှ ငွေယားတောင်ပေါ်သို့ ပြန်တက်လာကြသည်။ ငွေယားတောင်ပေါ်စေတီတောင်းကလေးအရှေ့သို့ရောက်တော့ ကျွန်တော် အိပ်ယာက လန့်နိုးပါသည်။

✿ ✿ ✿

www.burmeseclassic.com

❑

အချိန်က မနက် (၄)နာရီကျော် အာရုဏ်ဦးဖြစ်သောကြောင့် ထမင်းချက်ဖိုကြီးမှ အလုပ်သမားများ ဝါးခုတ်မည့် လုပ်သားများအတွက် မနက်စာစားသောက်ရန် ထမင်းဟင်းများ စီစဉ်နေကြပြီဖြစ်ပါသည်။ ကျွန် တော်တို့ တောရွာဓလေ့ထုံးစံမှာ ထမင်းသုံးနပ်စားသည်ဟု ပြောရမည် ဖြစ်ပါသည်။ အလုပ်ကြမ်းသမားများ တောနေလူတန်းစားဖြစ်သောကြောင့် အလုပ်ကြမ်းလုပ်နိုင်ရန် မနက်စောအစာထမင်းကိုလည်း အဝစားသည် နေ့လည်စာနဲ့ ညစာကိုလည်း အဝစားကြပါသည်။

ထို့ကြောင့် ထမင်းကြီး သုံးနပ်စားသည်ဟု ပြောရခြင်းဖြစ်ပါသည် တောဓလေ့အတိုင်း မနက်စာ စားသုံးပြီးကြသည်နှင့် လုပ်ငန်းခွင်ဝင်ကြ ပါတော့သည်။ ရောင်နီလာသော အရုဏ်ဦးတွင် အသီးသီး အုပ်စုများခွဲ ဝါးခုတ်ရန် လုပ်ငန်းခွင်သို့ နေ့လယ်စားရန် ထမင်းထုပ်များဆွဲ၍ သွားကြ ပါသည်။

ကျွန်တော်ပြောရန် လိုသွားသည်မှာ ဝါးခုတ်ခြင်းဖြစ်သည်။ ... ထိုးရန်အတွက် လိုအပ်သော ဝါးများမှာ မျှင်ဝါးနှင့် ကြသောင်းဝါးများသာ ဖြစ်သည်။ အခြားသော ဝါးနက်ဝါး၊ ဝါးပိုးဝါး၊ ဝါးကောက်ဝါးတို့မှာ အသား... ပြီး ဖြောင့်တန်းခြင်းမရှိသောကြောင့် ခနိုပျစ်အနှောင့်ပြုလုပ်ရန် အသုံး...





...ပါ။ ထို့ကြောင့် မျှင်ဝါးနှင့် ကြသောင်းဝါးတို့ကို ရှာဖွေပြီး ခုတ်ကြရ ...ဖြစ်သည်။ မျှင်ဝါးနှင့် ကြသောင်းဝါးရုံများမှာ လူသုံးများသောကြောင့် ...များ အနီးအနားတွင် ရှားပါးလာပါသည်။

ထို့ကြောင့် ခပ်ဝေးဝေးသို့ နေရာခွဲပြီး သွားခုတ်ကြရပါသည်။ ...ဖေတို့ကလည်း ဝါးခုတ်သမားများ တောကောင်များ၏ အန္တရာယ်မှ ကင်း ...စေရန်အတွက် နေရာခွဲ၍ ချထားရာ နေရာများသို့ ဝါးခုတ်သမားများ ...အသီးသီး လိုက်လံပို့ဆောင်ပြီး လုံခြုံရေးကို စောင့်ကြပ်ကြရပါသည်။ ...ခုတ်ကွက်များဝေးလျှင် လုပ်ငန်းမပျက်စေရန်အတွက် ဖိုကြီးမှ ထမင်းချက် ...က ထမင်းထုပ်များအား နေ့လယ်စာ စားသောက်ရန်အတွက်လည်း ...ကတည်းက စီစဉ်ထုပ်ပိုးပြီး ဝေငှပေးရပါသည်။

ထိုနေ့ ဒုတိယနေ့တွင် အဖေတို့ မအားသဖြင့် ကျွန်တော်တို့ ...မလည်နိုင်ပါ။ အဖေ့တပည့် ကိုချက်ကြီးကတော့ ပိုက်နှင့်ငါးများတံများ ...ပြီး ငါးဖမ်းထွက်ပါသည်။ ကျွန်တော်ကတော့ မနက်ခင်းတွင် အဖေ ...တွေ ဝါးခုတ်ကွက်နေရာများသို့ အလုပ်သမားများအား လိုက်လံပို့ဆောင် ...ချထားပြီးသည်နှင့် နေ့လယ်ခင်းတွင် တည်းခိုဆောင်သို့ ပြန်ခဲ့သည်။ ...၏၊ နေ့လယ်စာစားပြီးသည်နှင့် တည်းခိုဆောင်တဲကြီးအတွင်း၌ပင် ...ယူရင်း ထမင်းချက် အလုပ်သမားများနှင့် စကားပြောရင်း ကျွန်နေ ...သည်။ သားကောင်များ ပြည့်စုံစွာ ရရှိထားပြီး ရိက္ခာ၊ အသားကိစ္စ ...နေပြီဖြစ်သောကြောင့်လည်း အမဲလည်ရန် မလိုသေးပါ။

ကျွန်တော်တို့အဖွဲ့ လူ (၂၀)ခန့် ကန်တွင်းတောထဲရောက်နေပြီး ...သံ တဝုန်းဝုန်းကြောင့် တောကောင်များလည်း အနီးအပါးတွင် ...မနေကြတော့ပါ။ ထို့အပြင် အဖေကလည်း လုံခြုံရေးတာဝန်ကြောင့် ...လပ်ပါ။ ကျွန်တော့်ကိုလည်း တစ်ယောက်တည်း ဝေးလံသောတော ...သို့ အဖော်မပါဘဲ မသွားစေလိုပါ။ ထို့ကြောင့် ကျွန်တော် တစ်ဦးတည်း ...လည်ရဲတော့ဘဲ ယာယီတည်းခိုတဲကြီးအတွင်း၌သာ အနားယူနေရ ...ဖြစ်ပါသည်။

www.burmeseclassic.com



အထက်ကပြောခဲ့သည့် မျှင်ဝါးရုံနှင့် ကြသောင်းဝါးရုံများ အနီးအနား တွင် မရှိတော့သောကြောင့် အဝေးသို့ သွားကြရပါသည်။ မျှင်ဝါးရုံနှင့် ကြသောင်းဝါးရုံများမှာ တောင်စောင်းများတွင်သာ ပေါက်တတ်သောကြောင့် ဝါးခုတ်သည်မှာ မလွယ်ပါ။ ဝါးရုံတစ်ရုံ တွေ့သည်ဆိုတိုင်းလည်း ဝါးရုံတစ်ရုံလုံး ခုတ်၍ရသည် မဟုတ်ပါ။ ဝါးအလုံးများစွာထဲမှ အရင့်မှန်ပြီး အောက်သို့ ဆွဲချရန် လွယ်ကူသော ဖြောင့်တန်းသည့် ဝါးလုံးများကိုသာ ရွေးချယ်၍ ခုတ်ရခြင်းဖြစ်သည်။

ဝါးရုံကြီးတရုံတွင် အများဆုံး ဝါး (၁၀)လုံးခန့်သာ ခုတ်၍ရနိုင်ပါသည်။ မျှင်ဝါးနှင့် ကြသောင်းဝါးခုတ်ရာတွင် လူ၏ ပခုံးခန့်သာ ခုတ်၍ရနိုင်ပါသည်။ မျှင်ဝါးနှင့် ကြသောင်းဝါးခုတ်ရာတွင် လူ၏ ပခုံးခန့်အမြင့် ဝါးများကိုခုတ်ပြီး ဝါးရုံအတွင်းမှ တစ်လုံးစီ ဆွဲချရခြင်းဖြစ်ရာ ဝါးခုတ်ဖူးသူ မရှိသူများအတွက်တော့ အလွန်အန္တရာယ် များပါသည်။ အချို့ဝါးများက ဝါးခုတ်သမားများ ခုတ်ပြီးသည်နှင့် ရုတ်တရက်လျှောကျလာပြီး ဝမ်းဗိုက်ကို ထိုးတတ်သည်။ အန္တရာယ် အလွန်များသည်။

ထို့ကြောင့် ဝါးခုတ်သမားက အခြေအနေကိုကြည့်ပြီး ရှောင်ရှားနိုင်ရန် အခြေအနေနှင့် အကွက်အကွင်းကိုလည်း သတိထားရပါသေးသည်။ ထို့ကြောင့် ခုတ်ပြီးသားဝါးများ စုပုံပြီး လှည်းရှိရာသို့ တောင်ကမ်းပါးလိုများအား ဖြတ်၍သယ်ရခြင်းတို့ကြောင့် ဝါးလှည်းတစီးတိုက်ရရန် ကိစ္စမှာ အတော်မလွယ်သော အလုပ်ဖြစ်ပါသည်။ ထို့ကြောင့် ဝါးလှည်းများပြည့်ရန်အတွက် နှစ်ညအိပ်၊ သုံးရက် အနည်းဆုံးစောင့်၍ ခုတ်ရပါသည်။

တစ်ခါတစ်ရံ ဝါးရုံကောင်းမတွေ့ဘဲ အဝေးသို့ တောတိုး၍ ခုတ်ရက တစ်ပတ်ခန့်ပင် ကြာတတ်ပါသည်။ အဖေ့တပည့် ဝါးခုတ်သမားများကတော့ အလေ့အကျင့်ရှိပြီး ဝါးရုံတောများကို မည်သည့်နေရာတွင် မည်မျှရနိုင်ကြောင်း တွက်ချက်တတ်သောကြောင့် ရက်သိပ်မကြာဘဲ၊ ပြည့်စုံအောင် ရရှိတတ်ပါသည်။

ဝါးခုတ်သမားများအတွက် အရေးကြီးသည်က ဝါးခုတ်ဓားဖြစ်သည်။ သံကောင်းပြီး အလေးချိန် မျှတသော ဓားမကြီးများဖြစ်ရမည်။ ဝါးမျှစ်ဆုံ





နှင့် ထိတွေ့မိရာ၌ပင် တွန့်ကွေးမသွားဘဲ ထက်မြက်မှုရှိသော ဓားမကြီးများ ဖြစ်ရပါမည်။ ထို့ကြောင့် ဝါးခုတ်သမားတိုင်း မိမိနှင့်လက်တွေ့ရာ လက်ဆွဲဓားမကြီးများကိုသာ သ,ပြီး ကိုင်ကြသည်။ ဝါးခုတ်သမား လူဟောင်းကြီးများ၏ ဓားမကြီးများမှာ ဝါးတစ်လုံးကို ခုတ်ရာတွင် တစ်ချက်တည်းပြတ်ရုံသာမက ဝါးရင့်ရင့်ကိုပင် အကွင်းလိုက်လှီး၍ရသော ဓားမကြီးများဖြစ်သည်။ သူတို့အခေါ် ခြေသလုံးမွေးကိုပင် ရိတ်၍ရသော မွေးကျဓားမကြီးများဖြစ်ကြပါသည်။

ထိုဓားမမျိုးကို ရရှိကိုင်ဆောင်သူ ဝါးခုတ်သမားလက်ဟောင်းကြီးများက၊ ထိုမွေးကျဓားမမျိုးကို ရရှိရန် ခဲယဉ်းသောကြောင့် လက်မလွှတ်တော့ဘဲ ကျေးဇူးရှင်အဖြစ် ရွေးချယ်ထားသည်ဟုပင် ကြားဖူးပါသည်။ ကျွန်တော်တို့ ဒုတိယညအိပ်ပြီး၊ တတိယနေ့တွင် လိုအပ်သောဝါးများ မပြည့်စုံသေးသဖြင့် နေ့လယ်စာထမင်းစားပြီးနောက်၊ ဆက်၍ ခုတ်ရသေးသည်။ ထို့ကြောင့် ဝါးလှည်းများ သတ်မှတ်ချက်အတိုင်း ဝါးလုံးရေပြည့်စုံတော့ ညနေစောင်းပါပြီ။

ရွာနှင့် ကန်တွင်းတောမှာ သုံးလေးမိုင်ခန့်သာ ဝေးကွာသောကြောင့် ဤလမ်းနှင့် ဤခရီးမှာ မဝေးကွာလှပါ။ မိုးကြီးချုပ်ချုပ်၌ပင် ပြန်နေကျဖြစ်သောကြောင့် ကျွန်တော်တို့အဖွဲ့ ဝါးများခုတ်ပြီးသည်နှင့် ညနေ နေဝင်ရီတရော နွားရိုင်းသိမ်းချိန်ခန့်တွင် လှည်းတပ်ကြီးချီ၍ သင်္ဃန်းကျွန်းကြီးရွာသို့ ပြန်ခဲ့ကြပါတော့သည်။

ရန်ကုန်–ပြည်လမ်းမကြီးမှာ ကုန်းပေါ်တွင်ရှိပြီး ကျွန်တော်တို့ရွာများမှာ ငမိုးရိပ်ချောင်းနှင့် မနီးမဝေး အနိမ့်ပိုင်း မြေပြန့်လွင်ပြင်တွင် ရှိသောကြောင့် နေဝင်ခါနီးအချိန်တွင်ပင် ရွာအလယ်ပိုင်းတွင်ရှိသည့် အဓိကရ သင်္ဃန်းပင်ကြီးကိုပင် ထိုးထိုးထောင်ထောင် လှမ်း၍ မြင်နေရပါသည်။ ထိုသင်္ဃန်းပင်ကြီးကြောင့်ပင် ကျွန်တော်တို့နေထိုင်သော ရွာကြီးအား သင်္ဃန်းကျွန်းကြီးရွာဟု ခေါ်ဆိုရခြင်းဖြစ်ပါသည်။

လှည်းတပ်ကြီးဖြင့် တဖြည်းဖြည်း ဆင်းလာကြရာ သုံးလေးမိုင်သာဝေးသော်လည်း ဝါးများပါပြီး တစ်လှည်းကို တစ်လှည်းစောင့်ရင်း ဖြည်း

www.burmeseclassic.com



ညှင်းစွာ မောင်းကြရသောကြောင့် ရွာသို့ရောက်တော့ ည (၈)နာရီခန့် ရှိ
ပြီ။ ဝါးများချပြီး စုပုံ၍နွားများအား ရေတိုက်ခြင်း၊ အလုပ်သမားခများ
ရှင်းလင်းခြင်း၊ စသဖြင့် အချိန်ကုန်သွားရာ ကျွန်တော်တို့ ရေချိုးအဝတ်
အစားလဲပြီး ညစာထမင်းစားတော့ ည (၉)နာရီပင် ကျော်ပြီဖြစ်ပါသည်။

နောက်တစ်နေ့တွင် အဖေက ခနီပျစ်ထိုးရန်အတွက် လိုအပ်သော
ဝါးများကို စစ်ပင်၊ ထားဝယ်ချောင်၊ မဒ၊ ဆင်ဖုန် အစရှိသော ရွာကြီးများ
ရှိ ခနီထိုးအလုပ်သမားများဆီသို့ အချိန်မှီ ပို့ဆောင်ကြရဦးမည်ဖြစ်
သည်။

နောက်တစ်နေ့မနက်တွင် အဖေနှင့် လှည်းသမားများ ငမိုးရိ
ချောင်းစပ်သို့ ဆင်းကြသည်။ ယမန်နေ့က ခုတ်ခဲ့သောဝါးများကို ဆိပ်က
တွင်ရပ်ထားသော တုံကင်းကြီးပေါ်သို့ ကဲ့၍ တင်ကြရပြန်သည်။ လိုအ
သောဝါးလုံးရေပြည့်မှ အဖေက ကျွန်တော့်အားခေါ်ပြီး တုံကင်းကြီးဖြ
ရေလမ်းခရီး ထွက်ခဲ့ကြပြန်ပါသည်။

ကျွန်တော့်မှာ ကျောင်းရက်ရှည် ပိတ်ထားသောကြောင့် အဖေ
သွားလေရာသို့ တကောက်ကောက် လိုက်နိုင်ပါသည်။ အငယ်လေး
တော့ ရွာအိမ်ရှိ အမေ့အနားတွင်ကပ်ပြီး စားလိုရာစား၍ ဖိမ်ကျနေပါသည်
သူက ကျွန်တော့်လို ခြေထောက်ဗွေမပါ။ ခရီးသွားလာရခြင်းကို ဝါသနာ
ပါဟန်မတူပါ။ ကျွန်တော်ကတော့ ငယ်စဉ်ကတည်းက အိမ်တွင်နေရခြ
ကို ပျင်းလှသည်။

ထို့ကြောင့် ခရီးသွားနေရမှ ပျော်ရွှင်ပါသည်။ ရောက်ရာနေ
ရောက်ရာအရပ်တွင် ခရီးသွားလာရင်း ကြုံရာစားရသောက်ရသည်ကို လွှ
နှစ်သက်ပါသည်။ ထို့ကြောင့် စစ်ပင်ရွာတွင် ဝါးများချပြီး ထားဝယ်ချေ
ရွာသို့ ကူးခဲ့ရသည်။ ထားဝယ်ချောင်ရွာတွင် ဝါးများချပြီး ဆင်ဖုန်နှင့်
ရွာများသို့ရောက်တော့ နေလည်စာ စားချိန်ဖြစ်သောကြောင့် အမေ၏
ဦးလေးမှုန်ကြီး၏ ဖမ်းဆီးရမိသော ငါးမျိုးစုံနှင့် ထမင်းစားရသည်မှာ လွှ
မြိန်လှပါသည်။ ဦးလေးမှုန်ကြီးက ...





"တူလေး အင်္ဂတေချပ်ကြီးတွေ ရေပေါ်မှာ ပေါလောမျှောတာ
ခင်း မြင်ဖူးသလား"

"ဟ ... ဦးလေးကလည်း အင်္ဂတေချပ်ဆိုတာ အလွန်လေးတာ
ရေပေါ်မှာပေါ်ပြီး မမျောနိုင်ပါဘူး"

ဦးလေးမှုန်ကြီးက သူဆယ်ယူ၍ဝှက်ထားသော ငမိုးရိပ်ချောင်း
အတွင်းမှ အင်္ဂတေချပ်တစ်ချပ်ကို ယာဝင်အိုးကြီးအထဲထည့်၍ ပြပါသည်။
ဦးလေးမှုန်ကြီးပြောသလို တစ်ပေပတ်လည် အရွယ်အစားရှိ အင်္ဂတေချပ်
ကြီးမှာ ရေပေါ်တွင် ပေါလောပေါ်နေသည်ကို ထူးဆန်းစွာ တွေ့ရှိရသော
ကြောင့် ကျွန်တော် လွန်စွာ အံ့ဩမိပါသည်။

"ဦးလေး ဘယ်လိုဖြစ်တာလဲဗျ။ အင်္ဂတေဆိုတာ အလွန်လေး
လို့ ရေပေါ်မှာ မပေါ်နိုင်ဘူး။ ဘယ်လိုဖြစ်ရတာလဲ"

"အေး ... မင်းကို လက်တွေ့ပြမယ်။ ဒီ အင်္ဂတေချပ်ကြီးထဲမှာ
အခေါင်းပါပြီး ဝါဂွမ်းတွေထည့်ထားတာကြောင့် ရေမမြုပ်ဘူးကွ။ ငါ လက်
တွေ့ပြမယ်"

ဟုဆိုကာ မြေပေါ်တွင် ပုဆိန်ခင်း၍ အင်္ဂတေချပ်ကြီးအား ခွဲပြ
ပါသည်။ ကွဲသွားသော အင်္ဂတေချပ်ကြီးထဲမှ ဝါဂွမ်းနှင့် တောက်ပသော
ကျောက်ပွင့်ကလေးများ ဖြိုးဖြိုးဖျက်ဖျက်ဖြင့် ထွက်ကျလာပါတယ်။

"ဦးလေး အဲဒါ ဘာတွေလဲ။ စိန်ပွင့်တွေဆိုတာလား"

"မဟုတ်ဘူး ငါ့တူရ။ ဒါ ဓာတ်တော်တွေ။ ငမိုးရိပ်ချောင်းကမ်းပါး
က ရှေးဟောင်းဘုရားပျက်တစ်ဆူကို ရေတိုက်စားပြီး ပြိုပျက်သွားလို့ ဘုရား
စေတီမှာ ဌာပနာထားတဲ့ ဓာတ်တော်မွေတော်တွေ မျောလာဟန်တူပါတယ်။
ငါလည်း တစ်နေ့က ငါးမြှုံးထောင်နေတုန်း ထူးထူးဆန်းဆန်း ချောင်းရေ
ထဲမှ မျောလာတဲ့ အင်္ဂတေချပ်ကြီးတွေကိုတွေ့လို့ ရသမျှ လိုက်ဆယ်ထားတာ။
ခင်းအဘိုးကတော့ ဘုရားပျက်က ဓာတ်တော်တွေလို့ ပြောတယ်။ ငါကတော့
စိန်ပွင့်တွေဆိုပြီး သူဌေးဖြစ်ပြီလို့ မှတ်နေတာ"

"ဦးလေး ဓာတ်တော်တွေဆိုရင် ဘယ်လိုလုပ်ကြမလဲ"

www.burmeseclassic.com



"မင်းအဘိုးက ပြောတယ်။ ဓာတ်တော်ဖြစ်ဖြစ်၊ စိန်ပွင့်ဖြစ်ဖြစ် ဘုရားစေတီဟောင်းက ရှေးလူကြီးမိဘတွေ လှူဒါန်းပူဇော်ထားတာမို့ လူ့ ပုဂ္ဂိုလ်တွေအနေနဲ့ မသုံးကောင်းဘူးတဲ့။ ဒါကြောင့် မင်းအဘိုး၊ ရွာဦးကျောင်း သွားပြီး ကျောင်းထိုင်ဆရာတော်နဲ့ တိုင်ပင်နေတယ်။ ငါကတော့ ချောင်းရေ ထဲက အပင်ပန်းခံပြီး ဆယ်ယူထားရတာမို့ ကုသိုလ်တော့ရတာပေါ့ကွာ"

"ဦးလေးက ဓာတ်တော်တွေနဲ့ စိန်ပွင့်တွေကို ခွဲခြားတတ်လို့ လား"

"ဟေ့အေး ... ငါလည်း မသိဘူး။ မင်းအဘိုးပြောလို့ သိရတာ စိန်ပွင့်တွေဆိုရင်တော့ ငါက ရောင်းစားမှာပဲ။ အခုတောင် မင်းအဘိုးကို တချို့တစ်ဝက်အပ်ပြီး ကျန်တာတွေကို ငါသိမ်းထားတာ။ ရွာဦးကျောင်း ဆရာတော်က ဓာတ်တော်တွေမဟုတ်ဘဲ စိန်ပွင့်တွေဆိုရင်တော့ ငါထောက် လူလေးရ"

"ဟာ ... ဦးလေးကလည်း ဓါတ်တော်ဖြစ်ဖြစ်၊ စိန်ပွင့်ဖြစ်ဖြစ် ရှေးဟောင်းဘုရားက ဌာပနာပစ္စည်းဆိုရင် ရောင်းမစားပါနဲ့ဗျာ။ ခိုက်လိမ့် မယ်"

"ဟာကွာ ... တူလေးရဲ့ မင်းကလည်း သိပ္ပံကျောင်းတက်နေ ပြီး အဲဒီလို အယုံအကြည် မရှိစမ်းပါနဲ့ပ။ ငါနဲ့ထိုက်လို့ ရေထဲမျောလာပြီ ငါ့ကို ပိုင်ရာဆိုင်ရာတွေက လက်ဆောင်ပေးတာ။ အဲဒီတော့ ငါ ရောင်း စားရင် ဘာဖြစ်သလဲ"

ဦးလေးမှုန်ကြီးမှာ အဖေလုပ်သူ အဘိုးဦးရွှေမွန်းက စေတနာ ဆေးဆေးရာ၊ ငါးပါးသီလမြဲပြီး နေ့ကြီးရက်ကြီးများတွင် ဥပုသ်စောင့်သော သူတော်စင်ဖြစ်သော်လည်း ဦးမှုန်ကြီးမှာ ဘုရား၊ တရားကိစ္စ၊ ဝါသနာမပါ။ ရေသတ္တဝါ၊ ကုန်းသတ္တဝါတို့၏ အသားကိုစားရမှ ထမင်းစားမြိန်သူဖြစ် သည်။ ငယ်စဉ်ကပင် ထိုဗီဇကိုသိသောကြောင့် အဘိုးက ဦးလေးမှုန်ကြီး အား ကြိမ်ဖြင့်ရိုက်ပြီး နေလှန်းထားသော်လည်း မမှတ်ပါ။ ခွေးမြီးကောက် ကျည်တောက်စွပ်ဟူသော စကားပုံလိုပင် ရိုက်တုန်းခဏပင်။ နောက်ပိုင်း



နိုင်းသော၊ အဘိုးဆုံးမ၍လည်း နားမထောင်ပါ။ အဘွားဒေါ်ပုတိုက သား အငယ်ဆုံးဖြစ်သူ ဦးမှုန်ကြီးဘက်က ကာဆီးကာဆီး လုပ်နေသောကြောင့် အဘိုးနဲ့အဘွား ဦးမှုန်ကြီးကိစ္စကြောင့် မကြာခဏ စကားများကြကြောင်း ကြား သိရဖူးသည်။

ထို့နောက်ပိုင်းတွင် အဘိုးက သားအငယ်ဆုံးဖြစ်သူ ဦးလေးမှုန် ကြီးအား ပေလယ်ယူကံ ဝကွက်နှံ၍ ဖြစ်လိုရာဖြစ်စေဟူသော သဘောဖြင့် ဆုံးမပဲ့ပြင်ခြင်း မပြုတော့သည့်အပြင် ဇနီးဖြစ်သူ အဘွားဒေါ်ပုတိုနဲ့လည်း မေးထူးခေါ်ပြောရုံလောက်သာ မပြောမဖြစ်မှ စကားပြောတော့သည်။ ထို့ ကြောင့်လည်း ဦးလေးမှုန်ကြီးက ယဉ်ကျေးသိမ်မွေ့သော မိဘနှစ်ပါးမှ ဆင်းသက်ပေါက်ဖွားလာသော်လည်း တမူထူးခြားကာ ဖွဲဆိုးပါလာသူဖြစ်ပါ သည်။

ဦးမှုန်ကြီးမှာ ရွာကျောင်းမှ စာသင်ခဲ့ရသော ဘုန်းကြီးကျောင်း ထွက်တစ်ဦး ဖြစ်သော်လည်း ဘာသာရေးကို အလေးမထား။ ရိုင်းစိုင်းသူ မဟုတ်သော်လည်း သူများအသက်ကိုသတ်ပြီး သားငါးဟင်းနှင့် ထမင်းစားရ မှ စားဝင်အိပ်ပျော်သူဖြစ်သည်။ အမေဖြစ်သူ အဘွားဒေါ်ပုတိုက ရွာတွင် ရောင်းသော ကြက်၊ ဝက်၊ ငါးများကို ဝယ်ကျွေးသော်လည်း ဦးမှုန်ကြီးက ဘဝင် မကျပါ။ သူက သူကိုယ်တိုင် ရှာဖွေသတ်ဖြတ်ပြီး ချက်ပြုတ်စားသောက်ရမှ ဘဝင်ကျ ကျေနပ်သူဖြစ်ပါသည်။

ထို့ကြောင့် ဦးလေးမှုန်ကြီးမှာ ဘာသာရေးကို အလွန်ကိုင်းရှိုင်း ပြီး ငါးပါးသီလကို ခါးဝတ်ပုဆိုးလိုမြဲ၍ သက်သက်လွတ်စားသော အဖေ ဖြစ်သူ ဦးရွှေမွန်းနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်၍ နေပါတော့သည်။

ထိုနေ့က ကျောင်းပိတ်ရက်ရှည် ပိတ်ထားသောကြောင့် ကျွန်တော် အဘိုးတို့အိမ်၌ ကျန်နေရစ်ခဲ့ပါသည်။ အဖေကတော့ အလုပ်ရှိသောကြောင့် တုံကင်းကြီးဖြင့် အုတ်ပုံဆိပ်ကမ်းသို့ သွားပြီးမှ သဃ်န်းကျွန်းကြီးရွာသို့ ပြန်မည်ဖြစ်ပါသည်။ ကျွန်တော် ဆင်ဖုန်ရွာတွင် ကျန်နေခဲ့သည်ဟု သိသည် နှင့် အမေနေမည် မဟုတ်ပါ။ အငယ်ကောင်ကို လက်ဆွဲပြီး သူမ၏ ဇာတိ

www.burmeseclassic.com



ရွာ ဆင်ဖုန်သို့ နက်ဖြန်မနက်တွင် လိုက်လာမည်မှာ အသေအချာဖြစ်ပါသည်။

အဘိုးဦးရွှေမွန်း၊ ဆင်ဖုန်ရွာ ဘုန်းတော်ကြီးကျောင်းမှာ ပြန်လာသောအခါ ကျွန်တော့်အား တွေ့သည်နှင့် ...

"ဩော် ... ငါ့မြေးရောက်နေတာကိုး။ အဘိုးလည်း အငယ်ကောင် မွန်ကြီးရထားတဲ့ ဌာပနာတွေကို ဘာအမျိုးအစားတွေလဲဆိုတာ သိချင်လို့ ဆရာတော်ကို သွားလျှောက်တာ ဆရာတော်က ရဟန္တာ ဓာတ်တော်တွေလို့ပြောတယ်။ အဲဒါကြောင့် အဘိုးနဲ့ ဆရာတော် တိုင်ပင်ပြီး မြေစင်ကန်က ရှေးဟောင်းစေတီကလေးကို ပြုပြင်ပြီး ဌာပနာတွေကို အဲဒီဘုရားစေတီထဲမှာ ထည့်သွင်းပူဇော်ဖို့ တိုင်ပင်နေကြတာ အဘိုးတို့ မိသားစုတွေ အကုန်အကျခံပြီး စုပေါင်းလုပ်ကြမှာ။ ဒါပေမဲ့ ရွာကလည်း မနေပါဘူး ထည့်ဝင်ကြမှာပါ။ မင်းအဖေနဲ့ မင်းအမေ လိုက်လာရင်လည်း ပြောရဦးမယ်"

ဆင်ဖုန်နဲ့ မဒရွာဆိုသည်မှာ အမည်နှစ်မျိုးဖြစ်သော်လည်း တစ်ရွာနှင့်တစ်ရွာ ငမိုးရိပ်ချောင်းကမ်းပါး၌ ရွာချင်းစပ်နေပြီး ဆွေမျိုးသားချင်းများသာ စုပေါင်းနေထိုင်ကြသော လယ်ယာသမားနှင့် ဓနိခြံလုပ်ငန်း လုပ်ကိုင်သူများသာ နေထိုင်ကြသည့် ရွာများဖြစ်ပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ရွာများက ဆင်ဖုန်ရွာနှင့် မဒရွာကို ရွာချင်းစပ်နေသောကြောင့် ဆင်ဖုန်၊ မဒရွာ ဟု တစပ်တည်း တွဲ၍ခေါ်ကြပါသည်။

အဘိုးပြန်လာသည့်အချိန်တွင် ဦးမွန်ကြီးတစ်ယောက် မရှိပြန်ပါ။ ညွှန့်သည် ကျွန်တော်ရောက်သည်ကို အကြောင်းပြ၍ သားငါးရှာလုပ်ငန်း လုပ်ကိုင်နေမည်မှာ အသေအချာဖြစ်ပါသည်။ ကိုမွန်ကြီးတွင် ဝါသနာတူ အပေါင်းအသင်းများ ရှိသော်လည်း အများအားဖြင့် သူက တစ်ကိုယ်တော် ရှာဖွေလုပ်ကိုင်တတ်သည်။ တစ်ကိုယ်တော် ဟုဆိုသော်လည်း သူ့တွင် အလွန်အားကိုးရသော အဖော်တစ်ယောက်ပါသည်။

ထိုအဖော်မှာ လူတော့မဟုတ်၊ အလွန်အားကိုးပြီး ယုံကြည်စိတ်ချရသော ခွေးလိမ္မာကြီးအောင်နက်ဖြစ်ပါသည်။ ၎င်း၏လျှာတွင် အမဲစက်များပါသည်။ မြွေကိုနိုင်သည်ဟု ဆိုသည်။ အဆိပ်ရှိသော မြွေများ အကိုက်ခံရ





မှုသော်လည်း မသေပါ။ မြန်မာခွေးမျိုးဖြစ်သော်လည်း အင်းခွေးစပ်ဖြစ်သောကြောင့် အရုပ်အမောင်း ခေါင်ကောင်းသည်။ သူ၏အရုပ်မှာ လှခါးစောင်းခန့်ရှိသည်။ နဖူးအလယ်တွင် အဖြူစက်ပါပြီး ခြေလက်အစုံနှင့် အမြီးများတွင် အဖြူကွက်များစွပ်ထားသောကြောင့် ကြန်စုံခွေးလည်းဖြစ်ပါသည်။

ဦးမွန်ကြီးနှင့်အတူ ငါးရှာ၊ ဖားရှာ အလွန်ကောင်းသည်။ ငမိုးရိပ်ချောင်းရေစပ်တွင် ကျောက်ရုပ်လို မလှုပ်မယှက် ရပ်နေတတ်ပြီး ရေစီးနဲ့ အတူပါလာသော ငါးများကို ကိုက်ချီဖမ်း၍ ကမ်းပေါ်သို့တင်ပေးတတ်သည်။ ငါးအများရပါမှ သူ့သခင် ဦးမွန်ကြီးကို လုံချည်ကိုကိုက်ဆွဲ၍ ခေါ်လာပြီး ငါးများကို ပေးတတ်သည်။ ဝါသနာတူ ဇီဇတူများဖြစ်၍ တစ်ယောက်နဲ့ တစ်ကောင် အလွန်ချစ်ကြပါသည်။ အဘိုးကတော့ အကြောင်းသိဖြစ်သောကြောင့် ဟိုနှစ်ကောင်ဟု ခေါ်လေ့ရှိပါသည်။ ဆုံးမ၍မရ ဆိုးသောသားဖြစ်သော်လည်း အငယ်ဆုံးသားဖြစ်၍ မိဘများက နောက်ကွယ်တွင် အချစ်ပိုကြမည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။

ထိုနေ့ညနေစောင်းတွင် အဒေါ်တော်သူ ဒေါ်လေးမြတင်နှင့် ဦးမွန်ကြီးတို့ မီးဖိုအတွင်း၌ သားငါးများ ချက်ပြုတ်နေကြပြီး အဘိုးက တရားထိုင်နေပါသည်။ အဘွားကတော့ ဓနိထိုးသမားများနှင့် အလုပ်ရှုပ်နေသောကြောင့် ကျွန်တော်တစ်ယောက်တည်း ပျင်းပျင်းရှိသည်နှင့် အမြဲတမ်း ရွာဘက်သို့လာလျှင် ခေါင်းလာနေကြဖြစ်သော နံပါတ် (၁) လေသေနတ်ကလေးကိုထမ်းပြီး ရွာအရှေ့ဘက်ရှိ မြေ့စင်ကန်ဘက်သို့ ထွက်ခဲ့ပါသည်။

မြေ့စင်ကန်မှာ ရွာနှစ်ရွာ၏ အားကိုးရသော သောက်သုံးရေကန်ဖြစ်ပါသည်။ နွေ၊ မိုး၊ ဆောင်း ရေမခမ်းပါ။ ကန်ဘောင်ပေါ်တွင် မြန်မာကုက္ကိုလ်နှင့် မန်ကျည်းပင်ကြီးများအပြင် ဘုရားငုတ်တိုဘက်၌ ညောင်ချဉ်ပင်ကြီးများ ပေါက်ရောက်နေသောကြောင့် အလွန်သာယာပြီး အရိပ်အာဝါသကောင်းပြီး အေးချမ်းလှပါသည်။ ရွာမှ အပျိုများ ရေခပ်ဆင်းချိန်တွင် ကျေးရွာဓလေ့ လူပျိုများ ထိုင်ငေးရန်အတွက် သစ်ပင်ကြီးများအောက်၌ ခုံတန်းရှည်များရိုက်ထားရာ ထိုင်ပြီးအနားယူ အပန်းဖြေနိုင်ပါသည်။

www.burmeseclassic.com



အနောက်ဘက်တွင် ရွာကြီးရှိပြီး အရှေ့ဘက်၌ ကျယ်ပြန့်သော လယ်ကွင်းများသာ ရှိသောကြောင့် ထိုကွင်းများကို ဖြတ်သန်းတိုက်ခတ်လာသည့် လေနုအေးကလေးမှာ မနက်ခင်းနှင့် ညနေခင်းတို့တွင် ရိုးပြတ်နံ့သင်းသင်းကလေးကို သယ်ဆောင်လာပြီး အလွန်လတ်ဆတ်သော လေနုအေးကလေးကိုပေး၍ အပန်းဖြေသည်ကို ချွေးသိပ်ပြီး နှစ်သိမ့်စေပါသည်။

ကျွန်တော်ရောက်သောအချိန်တွင် ရေခပ်ဆင်းသော ကျေးရွာမှ အပျိုများနှင့် လူပျိုလှည့်ကြသော ရွာကာလသားများ တဖွဲဖွဲ ပြန်ကြကုန်ပြီဖြစ်ပါသည်။ ကျွန်တော်နှင့်လည်း ရင်းနှီးမှုမရှိသောကြောင့် အခေါ်အပြောနှုတ်ဆက်ခြင်း မရှိကြပါ။ ကျွန်တော်ကလည်း တစ်ကိုယ်တည်း အေးချမ်းစွာနေလိုသောကြောင့် အဖော်မလိုပါ။ ကျွန်တော်၏အသက်မှာ ထိုအချိန်က (၁၀)နှစ်ခန့်သာ ရှိသေးသောကြောင့် အပျို၊ လူပျိုလှည့်ရန်အရွယ်လည်း မဟုတ်သေးပါ။

လေသေနတ်အားလွယ်၍ ကြုံလျှင် ငှက်ပစ်ရန်နှင့် အကောင်ဗလောင်မပစ်ရလျှင်လည်း အပျင်းပြေ ပစ်မှတ်တစ်ခုခုကို လက်တည့်စမ်းရန် လေသေနတ်အား ဆောင်လာခြင်းသာဖြစ်ပါသည်။ ကျွန်တော် ကန်စောင်းပေါ်ရှိ မန်ကျည်းပင်ကြီးတစ်ပင်၏ ပင်စည်ရင်း ထိုင်ခုံပေါ်၌ အကျအနထိုင်နေသော အချိန်တွင် ရေကန်၌ ရေခပ်ဆင်းသူ အပျိုများနှင့် ရွာကာလသားများ မရှိကြတော့ပါ။ ထို့ကြောင့် အေးချမ်းသာယာသော ပတ်ဝန်းကျင်တွင် နားအေးပါးအေး ဖိမ်ခံရင်း လေသေနတ်ကလေးအား ဟိုချိန်၊ ဒီချိန် လုပ်နေပြီး အရှေ့လယ်ကွင်းအတွင်း၌တော့ နွားအုပ်ကြီးကို သိမ်းပြီး ရွာသို့ပြန်ဝင်လာကြသော နွားကျောင်းသားများနှင့် နွားအုပ်ကြီးကို မြင်ခဲ့ရသည်။

နေမင်းကြီးမှာ အနောက်ဘက် ဂေါယာကျွန်းသို့ ယွန်းပြီဖြစ်၍ နွားရိုင်းသွင်းချိန်ဖြစ်ပါသည်။ နေမင်းကြီး၏ အလင်းရောင်က တစ်စတစ်စ လျော့နည်းလာကြပြီး အမှောင်ထုက ကြီးစိုးလာပါသည်။

ထိုအချိန်တွင် အမျိုးသမီးတစ်ဦး ရေခပ်ဆင်းလာပါသည်။ အစိမ်းရောင်ခံ ဝတ်စုံပေါ်တွင် အဖြူရောင် နှင်းဆီပန်းပွင့်ကြီးများ ရိုက်ထားပြီး





ထိုခေတ်ထိုအခါက အမျိုးသမီးအများစု ဝတ်ဆင်ကြသည့် သရက်ထည်နှင့်ရိုက် အထည်မျိုးဖြစ်ပါသည်။ သူမက ရေအိုးတစ်လုံးကိုပိုက်၍ ဘယ်ဘက်ပုခုံးပေါ်တွင် တစ်ဘက်ဖောင်းတစ်ထည်ကို တင်လာသည်။ ခေါင်း၌လည်း နှင်းပန်းများကို သီကုံး၍ ပန်ထားသည်။ မျက်နှာပြင်ပေါ်၌ ဘာမျှလိမ်းချယ်ထားခြင်း မရှိပါ။ သို့သော် သူမ၏ မျက်နှာကလေးက နေဝင်ခါနီးအချိန်၌ပင် ဖြူဖွေးပြီး လင်းလက်နေသည်။ သူမသည် သူမစီးလာသော ပိန်းတန်းဖိနပ်ကလေးကို ကန်ဘောင်ပေါ်၌ ချွတ်ထားခဲ့ပြီး သောက်ရေခပ်ရန် ရေကန်အတွင်းရှိ ရေဆင်းတံတားသို့ ဆင်းလာပါသည်။

ထို့နောက် သူမပိုက်လာသော သောက်ရေအိုးကလေးကို ရေဖြည့်ပြီးနောက် သောက်ရေအိုးကလေးအားပိုက်၍ ရေဆင်းတံတားမှ တစ်ဆင့် ကန်ဘောင်ပေါ်သို့ ပြန်တက်ပါသည်။ ကန်ဘောင်ပေါ်၌ သောက်ရေအိုးကလေးအား အောက်သို့ချပြီး သူမ ချွတ်ထားခဲ့သော ဖိနပ်ကလေးကို စီး၍ အသင့်ပါလာသော ပုခုံးပေါ်မှ တစ်ဖက်ကလေးကို ခေါင်းခုလုပ်၍ ခေါင်းပေါ်သို့တင်ပြီးမှ သောက်ရေအိုးကို ရွက်ဟန်ပြုသည်။ ပြီး ကျွန်တော်ထိုင်နေရာဘက်သို့ လှမ်းကြည့်ပြီး အကူအညီတောင်းလိုဟန် ပုံစံမျိုးဖြစ်သောကြောင့် ကျွန်တော်ကလည်း အလိုက်သင့်၊ အပြေးသွားပြီး သူမ၏ခေါင်းပေါ်သို့ မ,တင်ပေးပါသည်။ သူမက ကျွန်တော့်အား ဘာမျှမပြောသော်လည်း ကျေးဇူးတင်ဟန်ဖြင့် အပြုံးချိုချိုကလေး ပြုံးပြပြီး ရွာဘက်သို့ ထွက်ခွာသွားပါသည်။

ထိုအချိန်တွင် နေဝင်ပြီး အလင်းရောင်ဖြူဖြူသာ ကျန်ရှိတော့သည်။ နွားအုပ်ကြီးများရွာအတွင်းသို့ သွင်းချိန်ဖြစ်သောကြောင့် ကျန်ရှိခဲ့သော ဖုန်လုံးကြီးများသည် ရွာစည်းရိုးတွင် ဝေ့ဝဲ၍ ကျန်ရှိခဲ့ပြီး လှည်းလမ်းတိုပင် ဖုံးအုပ်ထားပါသည်။ မှောင်စပျိုးချိန်၊ နေဝင်ချိန်၊ လေငြိမ်ချိန်ဖြစ်သောကြောင့် ဖုန်လုံးကြီးများမှာ ရွေ့လျားမသွားဘဲ ရွာပတ်ဝန်းကျင်ခြံစည်းရိုး ဝါးရုံများတွင်ကပ်၍ ကျန်ရှိနေခဲ့ပါတော့သည်။

ကျွန်တော် ပြန်ချိန်သင့်ပြီးဟု အသိရှိသော်လည်း မည်သို့ဖြစ်မှန်းမသိ၊ အစောက ရေခပ်ဆင်းလာသော အမျိုးသမီးကလေး နောက်

www.burmeseclassic.com



တစ်ခေါက်ပြန်လာဦးမည်အထင်နဲ့ စောင့်မျှော်နေမိပါတော့သည်။ သို့သော် ကျွန်တော့်တွင် လက်နှိပ်ဓာတ်မီးမပါ။ အဘိုးပြောထားသောကြောင့် မြေ့စင်ကန်ပတ်ဝန်းကျင်မှာ သိုက်နန်းရှိပြီး အဆိပ်ရှိသောသတ္တဝါများ ပေါများ၍ ခြေခင်းလက်ခင်း မသာယာကြောင်း သတိရသည်နှင့် လှည်းလမ်းအတိုင်း ဆင်ဖုန်ရွာဘက်သို့ပြန်ခဲ့ပါတော့သည်။ လှည်းလမ်းပေါ်တွင် ဖုန်လုံးကြီးက မပြယ်သေး။ ဖုန်နံ့က မွှန်နေသည်။ ရွာတွင်းရှိ အိမ်အချို့တွင် မီးခွက်များ ပင် ထွန်းနေကြပြီဖြစ်ပါသည်။

ကျွန်တော် အဘိုးတို့အိမ်ပြန်ရောက်တော့ ဒေါ်လေးမြတင်က..

''သားရယ် ... မှောင်နေပြီကွယ့်။ ညစာ ထမင်းစားရအောင် ပြင်ဆင်ပြီး သားကိုရှာတော့ မတွေ့လို့ အဘိုးနဲ့အဘွားကို ကျွေးနေပြီ သားဆာရင်တော့ ဝင်စား၊ မဆာသေးရင်တော့ ရေမိုးချိုးပြီးမှ မင်းဦးလေးမှုန်ကြီးနဲ့ အတူတူစားပေတော့''

''ဟုတ်ကဲ့ပါ ... ဒေါ်လေး။ ကျွန်တော် ရေမိုးချိုး အဝတ်အစားလဲပြီးမှ စားပါ့မယ်''

ကျွန်တော်က အဘိုးအဘွားများနှင့် ထမင်းစားရခြင်းထက် ဦးလေးမှုန်ကြီးနဲ့ စကားပြောရင်း ထမင်းစားရသည်ကို ပို၍ နှစ်သက်ပါသည်။ ထိုအချိန်တွင် ဦးလေးမှုန်ကြီးမှာ ရေမိုးချိုးပြီး အိမ်အနောက်ဘက်လှေကားမှ အိမ်ပေါ်သို့ တက်လာပါသည်။

''တူလေး ... ရေချိုးတော့ကွာ၊ မင်းကို ဦးလေး စောင့်နေတာ အဲ့ဒါ၊ အမေတို့နဲ့ ထမင်းစားရင် သက်သက်လွတ်ပဲ စားရမှာ။ ဦးလေးနဲ့ စားရင်တော့ သား၊ ငါးဟင်းမျိုးစုံ စားရတာပေါ့။ ဒီနေ့ အောင်နက်ကြီးဖမ်းပေးလို့ ငါးရှဉ့်တွေပါ ရထားတယ်။ ငါးရံ့ခေါင်းချဉ်ရည်ဟင်း၊ ငါးပတ်မွှေချက်နှင့် ငါးရှဉ့်ဆီပြန်ဟင်း၊ ချဉ်ပေါင်ရွက်ဟင်းချို၊ ငါးပိရည်ကျိုနဲ့ ကောက်ရိုးနွယ် အတို့အမြှုပ်ပါတော့ ထမင်းစားလို့ မြိန်မှာပါ။ ကဲ ... ရေချိုးတော့ ဦးလေး အသင့်ပြင်ပြီး စောင့်နေမယ်''

ကျွန်တော် ရေမိုးချိုးပြီးနောက် ဦးလေးမှုန်ကြီးနဲ့ ထမင်းအတူစားကြရာ အဒေါ်ဖြစ်သူ ဒေါ်မြတင်လည်း ဝင်စားပါသည်။ သားငါးဟင်း





ကို လွန်စွာကြိုက်သော ကျွန်တော် ဤတစ်ခါတွင်တော့ ဦးလေးမှုန်ကို အလွန်ကျေးဇူးတင်ပြီး ယခင်အခါများက ငါးရှဉ့်ဟင်းကို လူသေတွေ စားသော အပုပ်ကောင်ဟု အမေကပြောဖူးသောကြောင့် ကျွန်တော် ...ခဲ့ပါ။

ယခုတော့ ဦးလေးမှုန်ကြီးက ကုလားမဆလာများဖြင့် ကောင်း...စွာ ချက်ထားသောကြောင့် ငါးရှဉ့်ဟင်းမှာ အလွန်အရသာရှိသည်။ ...ကျည်းသီးအနှစ်ဖြင့် ဆီပြန်ချက်ထားသောကြောင့် မွှေးကြိုင်ပြီး စားလို့ ...လွန်ကောင်းသည်။ ငါးရံ့ခေါင်းဟင်းကိုလည်း ဒန့်ဒလွန်သီးဖြင့် ချဉ်ရည် ...ထားသောကြောင့် လွန်စွာ စား၍ကောင်းပါသည်။ အရိုးကြောက်သော ...န်တော့်အတွက် ငါးပတ်မွှေချက်ဟင်းမှာလည်း လွန်စွာခံတွင်းတွေ့စေ...သည်။

နွေဦးပေါက်တွင် ပေါ်လေ့ရှိသော ညောင်ချဉ်ဖူးကို မြေပဲဆံထောင်း ...ပုဇွန်ခြောက်ဖြင့် သုပ်ထားသဖြင့်စား၍ အလွန်ထမင်းမြိန်ပါသည်။ ငါးပိ...ည်ကတော့ လယ်ယာအလုပ်သမားနှင့် မနိုထိုးသမားများအား နေ့လည်စာ ...မြဲတမ်း ကျွေးရသောကြောင့် အဘွားက ငါးပိရည်ကျိုအိုးများကို အစိတ်...စဉ့်အိုးကြီးများဖြင့်ရင်း၊ သရက်သီးပေါ်ချိန်တွင် စိမ်ထားလေ့ရှိသော ...ရက်သီးဆားစိမ်နှင့် သုပ်စားရန်အတွက် သရက်သီးပိုးတီများက ဟင်း...မယ်ဖြစ်ပါသေးသည်။

လယ်ကွင်းဒေသဖြစ်ပြီး ကျွန်တော်တို့ သဃ်နီးကျွန်းကြီးရွာမှာ ...တောတောင်ဖြင့် မနီးသောကြောင့် တောထွက်အသီးအနှံများကတော့ ...ပါ။ အတို့အမြှုပ်အနေဖြင့် ကောက်ရိုးနွယ်နှင့် ချောင်းမြောင်းအစပ်...င်ပေါက်သော ဖရစ်ရိုးနီပြုတ်လောက်သာ ရှိပါသည်။ ညစာစားသောက် ...နောက် ဦးလေးမှုန်ကြီးက အပေါ်ထပ် သူ့အိပ်ခန်းသို့ တက်သွားသည်။ ...န်တော်ကတော့ အဘိုးရှိရာ ဘုရားခန်းတွင် ထန်းလျက်နှင့် ရေနွေးကြမ်း... သောက်သုံးပြီး အဘိုးနှင့်အတူ အိပ်ရမည်ဖြစ်ပါသည်။

ထိုစဉ်အခါများက နွေဦးပေါက်စရာသီဖြစ်၍ ကွင်းဘက်မှ တိုက်...လာသော လေများနှင့် ငမိုးရိပ်ချောင်းထဲသို့ တိုက်ခတ်လာသော လေနု

www.burmeseclassic.com



အေးကလေးများက ငမိုးရိပ်ကမ်းစပ်တွင် နှစ်ထပ်ဆောက်ထားသော အ တို့အိမ်ကြီးမှာ လေဝင်လေထွက် အလွန်ကောင်းပြီး ညအခါ အလွန်အေ ချမ်းပါသည်။ ခြင်လည်း မရှိသဖြင့် ခြင်ထောင်၊ ထောင်စရာလည်း မ ပါ။ သူခိုး၊ ဓားပြလည်း မရှိသောကြောင့် ပြတင်းတံခါးများဖွင့်၍ အိပ် ပါသည်။

နောက်တစ်နေ့ မနက်တွင် အဘိုးက ...

''ငါ့မြေး ... အဘိုး ရွှေတိဂုံဘုရားဖူးသွားမလို့ လိုက်ဦးမလား''

''အဘိုး ဘာနဲ့သွားမှာလဲ''

''မင်းအဖေနဲ့အမေ ဒီနေ့မနက် လာကြလိမ့်မယ်။ အဘိုးကအေ မင်းအဖေ တုံကင်းကြီးနဲ့ အုတ်ပုံဆိပ်ကို လိုက်သွားပြီး အဲဒီကမှ ကြ ကားနဲ့ သမိုင်းကိုသွားမယ်။ သမိုင်းအိမ်မှာ တစ်ညအိပ်ပြီး နောက်တစ် မနက်စောစော ရွှေတိဂုံဘုရားသွားဖူးမယ်လို့ ကြံရွယ်ထားတာပါပဲ''

''ဟုတ်ကဲ့ ... ကောင်းတော့ကောင်းပါတယ် အဘိုး။ ဒါပေမဲ့ ...''

''ဒါပေမယ့် ဘာဖြစ်လဲ၊ ငါ့မြေးရဲ့''

''အဘိုးနဲ့ သွားရတာ လမ်းချည်းလျှောက်ရတာများလို့ ခြေထော ညောင်းပြီး ပေါင်တွေပါပွန်းလာလို့ လန့်တယ် ... အဘိုးရဲ့''

''ဟ ... ယောက်ျားပဲကွ၊ လမ်းလျှောက်တယ်ဆိုတာ ကျန်း ရေးအတွက် အကောင်းဆုံးဆေးဝါးဘဲ။ အခု အဘိုးက သက်သတ်လွတ် စားတယ်၊ လမ်းလျှောက်တယ်။ အဘိုး အသက် (၇၀) ပြည့်တာတော် သွားတစ်ချောင်း မကျိုးသေးဘူး။ မျက်စိလည်း မမွဲသေးဘူး။ စားနိုင် သွားနိုင်တုန်းပဲ။ ငါ့မြေးက အခုမှ အသက် (၁၀)နှစ်လောက်ရှိသေးတ ဒါလောက်ကလေးကို ဘာမှုစရာလိုသလဲ''

''ဟုတ်ပါတယ် ... အဘိုး။ ဒါပေမဲ့ ကျွန်တော်က လမ်းအ ကြီးလျှောက်ရမှာ ပျင်းတယ်အဘိုးရဲ့''

အဘိုးအကြောင်း ကျွန်တော်သိပါတယ်။ ဆင်ဖုန်း မဒ ရွာများ တစ်ဖက်ကမ်းကို ငမိုးရိပ်ချောင်းကြီးက ပိုင်းခြားထားသောကြောင့်သာ လ လျှောက်၍ မရသောကြောင့် အဖေတို့ တုံကင်းကြီးကို စီးခြင်းသာဖြ





သည်။ အုတ်ပုံဆိပ်သို့ ရောက်လျှင်လည်း ကားစောင့်ရသည်ကို ကြာလျှင် မရှည်ဘဲ ကမ္ဘာအေးဘက်မှဖြတ်၍ သမိုင်းအိမ်သို့ လမ်းလျှောက်တတ် သည်။ အလွန်ဝေးကွာသော ခရီးဖြစ်ပါသည်။

ကျွန်တော်တို့ လူငယ်လူရွယ်များ မောပန်းလွန်း၍ နားလိုသော် သည်း အသက်(၇၀)ကျော် အဘိုးကတော့ လုံးဝမနား၊ တောင်ဝှေးပင် ဘဲ၊ ကွမ်းယာကလေးဝါး၍ တံတွေးတံပျစ်ပျစ်ထွေးရင်း လမ်းလျှောက် တတ်ပါသည်။ နေပူပူ၊ မိုးရွာရွာ အဘိုးက မမှုပါ။ သူ့တွင် အမြဲဆောင်ထား လေ့ရှိသော ကြက်ဆင်ဖဲထီးကြီးကို ပုခုံးတွင်ချိတ်၍ ရှမ်းလွယ်အိတ်ကြီးကို ယ်ကာ တလှုပ်လှုပ် လျှောက်တတ်ပါသည်။ လမ်းတွင်လည်း လက်ဖက် ည်ဆိုင်ထိုင်ခြင်း၊ အစားအသောက်စားခြင်း အမှုကို လုံးဝမပြုလုပ်ပါ။

ထို့ကြောင့် ကျွန်တော် အဘိုးနဲ့ မလိုက်လိုခြင်းဖြစ်ပါသည်။ အဖေ အမေတို့နှင့် ဤခရီးကို သွားပါက ကားစီးသည်၊ ကြုံရာတွင် ကျွန်တော် သောရအောင် စားချင်တာကို ဝယ်ကျွေးတတ်သည်။ ထို့ကြောင့် လက်ဖက် ည်ချိုသောက်ရသည်။ မုန့်ပဲသရေစာအမျိုးမျိုးနှင့် ထမင်းစားချိန်တွင် ဟင်းမျိုးစုံဖြင့် ထမင်းလည်း စားရပါသေးသည်။ အဘိုးနှင့်လိုက်ရင်တော့ အလျှောက်လုံး လမ်းလျှောက်ရသည့်အပြင် ရေပင်မသောက်ရပါ။ ထို့ကြောင့် ရွှေတိဂုံဘုရားဖူးရန် ဆန္ဒရှိသော်လည်း ကျွန်တော် အဘိုးနှင့် မလိုက်လို ပါ။

ထို့ကြောင့် ကျွန်တော်က ...

''အဘိုး ... ဒီတစ်ခေါက်တော့ အဘိုးနဲ့မလိုက်သေးဘူးဗျာ။ ကျွန် တော်အဖေတို့နဲ့ ကန်တွင်းတောဘက် တောလည်သွားကြမည်လို့ ချိန်းထား တာ ရှိလို့ပါ''

''အေး ... အေး ... ငါ့မြေး။ ကုသိုလ်ရေးထက်၊ အကုသိုလ် အရေးကို အလေးပေးတာ မကောင်းဘူးကွယ့်။ အခု ငါ့မြေးတို့ ငယ်စဉ် တုန်းကတော့ မသိသာပေမယ့် အသက်အရွယ် ကြီးလာတာနဲ့အမျှ သိလာ လိမ့်မယ်။ အသက်အရွယ်ငယ်စဉ်မှာ ပညာဗဟုသုတ ရှာမှီးရမယ်။ အရွယ် လတ်မှာ ဥစ္စာပစ္စည်း ရှာဖွေရတယ်။ အသက်အရွယ်ကြီးလာရင်တော့ တရား

www.burmeseclassic.com



ဘာဝနာ၊ ရှာမှီးရမယ့် အရွယ်ပေါ့ကွယ်။ ငါ့မြေးလည်း အခုအရွယ် စပြီး အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်ပြီး ဆင်ခြင်တုံတရား လက်ကိုင် ဖြစ်ပါစေကွယ်''

''ဟုတ်ကဲ့ပါ ... အဘိုး''

ထိုညက ကျွန်တော်တို့ မြေးအဘိုး ဘုရားဝတ်ပြုပြီး အိပ်ရာ ခဲ့ကြပါသည်။ ကျွန်တော့်မှာ ယနေ့မှ ဘာကြောင့်မှန်းမသိ ချက်ချင်းအိပ် မပျော်ပါ။ အဘိုး၏ ဆုံးမစကားများကြောင့်လား၊ ညနေစောင်းက မြေ ကန်ပေါ်တွင် တွေ့ခဲ့ရသော ရေခပ်ဆင်းလာသူ လုံမကြောင့်လား မသိပါ။ ထို့ကြောင့် အဘိုး၏အကြောင်းကို ကျွန်တော် စဉ်းစားနေမိ သည်။

အဘိုးက ငယ်ရွယ်စဉ်ကတည်းက သီလ၊ သမာဓိ၊ ပညာဉာဏ် တို့ဖြင့် ပြည့်စုံသည်။ မိဘများက တောသူဌေးများဖြစ်သော်လည်း အဘိုး ငယ်ရွယ်စဉ်ကတည်းကပင် အသုံးအဖြုန်း၊ အပျော်အပါး သောက်စားခြ လုံးဝမရှိဘဲ အပေါင်းအသင်းလည်း အလွန်နည်းသည်။ သူ ဝါသနာပါသည် က ဗိန္ဒောဆေးပညာဖြစ်သည်။

မိဘများက ချမ်းသာသောကြောင့် အခြားအလုပ်ကို လုပ်စရ မလို။ ထို့ကြောင့် ငယ်စဉ်ကပင် ငါးပါးသီလမြဲ၍ သက်သက်လွတ်စားသည်။ ထို့ကြောင့် အာနိသင်ထက်သည်လားမသိ။ ဆိုခဲ့ပြီး မြဲစေဟူသော စကား အတိုင်း အဘိုးလုပ်သမျှ အောင်မြင်သည်။ ပြုသမျှ ကုသိုလ်ကံကလည် စင်ကြယ်သည်။ ထို့ကြောင့် ဆေးကုသရာ၌ အဖိတ်အစင်မရှိ။ အဆိပ် သော သတ္တဝါများ အကိုက်ခံရလျှင် အဘိုးက အဓိဋ္ဌာန်ပြု၍ ကုသပေးသည် ထိုသို့ကုသခြင်းအတွက်လည်း ငွေရေးကြေးရေး တောင်းဆိုခြင်းမရှိ။ လူနာ ရှင်က ကန်တော့သမျှကိုသာ ယူသည်။ အကယ်၍ လူနာရှင်က တတ်နိုင် သူမတုတ်ပါက အဘိုးကပဲ အာယုဒါနအဖြစ် ကုသပေးခဲ့ပါသည်။

ထို့ကြောင့် အဘိုးအား စေတနာဆရာအဖြစ် လွန်စွာ လေးစားပြ အားကိုးကြပါသည်။ ငမိုးရိပ်ချောင်းတစ်လျှောက် ဆင်ဖုန်၊ မဒ၊ စစ်ယ





ထားဝယ်ချောင်၊ ပေါက်တလောက်၊ သယံနီးကျွန်းကြီး ရွာများအထိ အဘိုး ၏ ဂုဏ်သတင်းက ကျော်ကြားပါသည်။ အလွန်လည်း လေးစားကြ သည်။

အဘိုးအား လှည်းနှင့်တစ်ဖုံ၊ လှေနှင့်တစ်မျိုး လာရောက်ပင့်ဆောင် ပြီး ရောဂါကုစားတတ်ပါသည်။ နောက်တစ်နေ့မနက်တွင် ကျွန်တော် အိပ်ယာ ထနိုးတော့ အဒေါ်ဖြစ်သူ ဒေါ်မြတင်က ကောက်ညှင်းပေါင်းနှင့်နွားနို့ကို တိုက်ကျွေးပါသည်။ အဘိုးကတော့ တရားထိုင်နေဟန်တူသည်။ အဘွား က ခေါ်ထိုးသမားများနှင့် စကားပြောနေပါသည်။ ဦးမှန်ကြီးတော့ မရှိပါ။ ထုံးစံအတိုင်း သား၊ ငါးရှာထွက်နေဟန် တူပါသည်။

ထို့ကြောင့် ကျွန်တော်လည်း မနက်စာစားသောက်ပြီးသည်နှင့် အဖေ၊ အမေတို့ အလာကိုစောင့်ရင်း မြေစင်ကန်ဘက်သို့ ထွက်ခဲ့ပြန်ပါ သည်။ မနက် (၉)နာရီခန့်သာ ရှိသေးသော်လည်း ကန်ဘောင်ပေါ်တွင် လူအတော်ရှင်းနေသည်။ ရေခပ်ဆင်းသူ တစ်ဦး၊ နှစ်ဦးသာရှိပြီး သစ်ပင် များအရိပ်၊ ခုံတန်းလျားများတွင် ကာလသားများလည်း မရှိပါ။ ထို့ကြောင့် ကျွန်တော် ကန်စောင်းတွင်ရှိသော အရိပ်ကောင်းလှသည့် မန်ကျည်းပင် ကြီးတစ်ပင်အောက်ရှိ ခုံတန်းလျားပေါ်တွင် တစ်ဦးတည်း ဝင်ထိုင်မိသည်။ စိတ်ထဲတွင်တော့ ယမန်နေ့ ညနေစောင်းက မြင်တွေ့ခဲ့ရသော အစိမ်း ရောင်ဝတ် အမျိုးသမီးတစ်ဦးကို တွေ့မြင်လိုနေခြင်းဖြစ်ပါလိမ့်မည်။

သို့သော် ရေခပ်ဆင်းသူ တစ်ဦးစ၊ နှစ်ဦးစထဲတွင် ထိုအမျိုးသမီး ကို မတွေ့မြင်ရပါ။ မည်သည့်နေရာတွင် နေမှန်းမသိ။ မည်သည့်အမျိုးအမည် မှန်းမသိ၊ နာမည်ပင်မသိရဘဲ ထိုအမျိုးသမီးကို စုံစမ်းရှာဖွေရန် ကျွန်တော့် တွင် အစွမ်းအစမရှိပါ။ ထို့ကြောင့် ရေငုံနှုတ်ပိတ်၍ စိတ်အစဉ်ဖြင့်သာ မျှော် ငေးပြီး နေမိပါတော့သည်။ ထိုသို့ လှခြေတိတ်သည်နှင့် မြေစင်ကန်ကြီး၏ အရှေ့ဘက်လယ်ကွင်းနှင့် ထိစပ်နေသော ကြာကန်ကြီးအတွင်းသို့ ငှက်များ ဆင်းလာပါသည်။ ခရုစုပ်၊ ကြာဖက်နင်း၊ ရေစစ္စလီနှင့် ချေကြက်၊ ရေဝမ်း ဘဲများ အုပ်လိုက်ဆင်းလာကြခြင်း ဖြစ်ပါသည်။

www.burmeseclassic.com



ယခင်အခါများက အခုလို အခွင့်အရေးမျိုးကို စောင့်မျှော်ပြီး ငှက်များကို ချောင်းမြောင်းပစ်ခတ်ရသည်မှာ ကျွန်တော် အလွန်ဝါသနာပါသော အလုပ်ဖြစ်ပါသည်။ ယခုအခါတွင်တော့ အေးချမ်းသော ပတ်ဝန်းကျင်နှင့် တိတ်ဆိတ်ငြိမ်သက်သော အခြေအနေကို ကျွန်တော် အလွန်နှစ်သက်ပါသည်။ ကျွန်တော် ငှက်များအား ပစ်ခတ်၍ ဝုန်းခနဲ ထပျံသွားကြလျှင် သဘာဝအလှတရားကို ဖျက်ဆီးလိုက်သလိုမျိုး ဖြစ်သွားမှာကို ကျွန်တော် အလွန်စိုးရိမ်ပါသည်။ ထို့ကြောင့် ယခင်က တစ်ခါမျှ မကြုံရှယ်ပူးသော စိတ်ကူးဖြင့် သဘာဝအလှတရားကို မပျက်ဆီးစေရန်အတွက် လှုပ်ရှားခြင်းပင် မပြုမိတော့ဘဲ ငုငုငိုင်ငိုင်ဖြင့် ထိုင်နေမိတော့သည်။

ထိုအချိန်တွင် ကျွန်တော်၏ မျက်စိထောင့်တစ်နေရာတွင် အရိပ်တစ်ခုလှုပ်ရှားနေသည်ကို မြင်တွေ့လိုက်ရသည်။ အေးဆေးငြိမ်သက်သော ပတ်ဝန်းကျင်တွင် ကျွန်တော် ငိုက်မြည်းသွားသောကြောင့် အိပ်မက်မက်နေသလို။ အလန့်တကြား သေချာကြည့်မိမှ ယမန်နေ့ညနေက ကျွန်တော်နှင့်ဆုံခဲ့သော အမျိုးသမီးလေးမှန်း သတိပြုမိတော့သည်။ သူမကလည်း ကျွန်တော့်အား မှတ်မိသလိုဖြင့် ပြုံး၍ နှုတ်ဆက်ရှာပါသည်။ ကျွန်တော်ကလည်း ပြန်ပြီးပြုံး၍ နှုတ်ဆက်မိပါသည်။

ထို့ကြောင့် ယနေ့တော့ သူမ ရေအိုးရွက်ရန် အကူအညီမတောင်းမှီပင် ကျွန်တော် ထိုင်ရာမှထကာ သူမထံသို့ လှမ်းသွားမိပါသည်။ အနီးကပ်ကြည့်မှ သူမက ကျွန်တော့်ထက် အသက်အရွယ်ကြီးမှန်း သိရှိရပါသည်။ ထို့ကြောင့် ကျွန်တော်က ...

"မမက ဘယ်ရွာကလဲ။ ဆင်ဖုန်ကလား၊ မဒကလား"

"ဪ ... မမကိုမေးတာလား။ မမက ဒီနားကပါပဲ။ မောင်လေးက အဘိုးဦးရွှေမှန်းရဲ့မြေးမဟုတ်လား"

"ဟုတ်ပါတယ်။ မမက ကျွန်တော့်ကို သိနေတာကိုး"

"အဘိုးဦးရွှေမှန်းဆိုရင် ဒီပတ်ဝန်းကျင်မှာ လူတိုင်းသိပါတယ်ကွယ်။ အဘိုးက သီလ၊ သမာဓိ၊ သိက္ခာနဲ့ ပြည့်စုံတဲ့ ဆေးဆရာကြီးမှန်း





လူတိုင်းက သိပါတယ်။ ဒါပေမဲ့ကွယ် ဆရာကြီးရဲ့သား ကိုမှန်ကြီးကတော့ အလွန်ဆိုးတယ်ကွယ့်။ အခုလည်း ရွာသချိုင်းကုန်းမှာ မသူတော်တွေနဲ့ ပေါင်းပြီး မြေစင်ကန်သိုက်ကိုတူးဖော်ဖို့ လုပ်နေကြပြန်ပြီ"

"ကျွန်တော် ဘာကူညီရမလဲ မမ"

"မောင်လေးကူညီလို့ မရပါဘူးကွယ်။ သူ့သဘော သူဆောင်သွားမှာပါ။ အဘိုးဦးရွှေမှန်းကိုတော့ အသိပေးစေချင်ပါတယ်"

"ဟုတ်ကဲ့ ... မမ၊ ကျွန်တော် ပြောပေးပါ့မယ်။ ဒါပေမဲ့ အဘိုးက အဖေနဲ့အမေ လာကြိုတာနဲ့ သမိုင်းအိမ်ကြီးကို သွားတော့မှာ။ မနက်ဖြန် ရွှေတိဂုံဘုရားဖူးပြီးမှ ပြန်လာတော့မှာ"

"အင်း ... အဲဒါဆိုရင်တော့ ကိုမှန်ကြီး ကံဆိုးတော့မှာပဲ"

"ဘာဖြစ်လို့လဲ ... မမ"

"ကိုမှန်ကြီးဟာ မသူတော်တွေနဲ့ပေါင်းပြီး ကံဆိုးတော့မှာပဲ။ သူ့မှာ အသက်အန္တရာယ်ရှိတယ်"

"ဒါဆို ကျွန်တော် အဘိုးကို ပြောပေးပါ့မယ်"

"အင်း ... မင်းပြောပေမယ့် ကိုမှန်ကြီး ကံနိမ့်နေပြီကွယ့်။ အဘိုးလည်း ကယ်နိုင်တော့မယ် မထင်ဘူး။ ကဲ ... မမလည်း ပြန်တော့မယ်။ မောင်လေးကို အသိပေးရုံသာ အသိပေးနိုင်တာ စိတ်မကောင်းပါဘူး"

"ဟုတ်ကဲ့ပါ မမ"

ထို့ကြောင့် ကျွန်တော် ထိုအမျိုးသမီးကလေး ရေအိုးရွက်ပြီး ရွာထဲဝင်သွားသည်နှင့် ကျွန်တော် အိမ်သို့ ပြန်ခဲ့ပါသည်။ ကျွန်တော် အိမ်ပြန်ရောက်တော့ အဘိုးက ဘုရားခန်း၌ထိုင်ပြီး ကွမ်းယာ ယာ၍စားနေပြီး ရှေ့တွင် လူကြီးနှစ်ဦးသုံးဦး ထိုင်နေရင်း စကားပြောနေကြသည်။ ထို့ကြောင့် ညီသည်များရှေ့တွင် ဦးမှန်ကြီးအကြောင်းကို အဘိုးအား အသိပေးရန် မပြောဝံ့ပါ။ ထို့ကြောင့် အိမ်ရှေ့ကုလားဖျင်းအောက်တွင် ခနိုထိုးသမားများဖြင့် စကားပြောနေသော အဘွားအား ပြောရန်လုပ်တော့လည်း အဘွားက

www.burmeseclassic.com



ခနိဝယ်လာသူများနှင့် စကားပြောနေခြင်းဖြစ်သောကြောင့် ကျွန်တော် ပြောခွင့်မသာပြန်ပါ။

ထို့ကြောင့် နောက်ဆုံးတွင် မီးဖိုအတွင်း၌ တကုတ်ကုတ်ချက်ပြုတ်နေသော ဒေါ်လေးမြတင်ကိုသာ ပြောမည်ဟုကြံရွယ်ပြီး မီးဖိုအတွင်းသို့ ဝင်ခဲ့ပါတော့သည်။

''တူလေး ...ဆာပြီလား။ ထမင်းဟင်းတွေက ကျက်နေပါပြီ။ အဘိုးအတွက်ပဲ သက်သက်လွတ်ဟင်းလျာတွေကို ကြော်ဖို့ပဲ ရှိတော့တယ်။ အသင့်ပြင်ပြီးပါပြီကွယ်။ တူလေးဆာရင် ပြောနော်။ မဆာသေးရင်တော့ မင်းမိဘတွေ အလာကို စောင့်ပါဦးလား''

''ဟုတ်ကဲ့ ...ဒေါ်လေး။ ကျွန်တော် ထမင်းမဆာသေးပါဘူး။ အဖေနဲ့အမေတို့လာမှ စားပါ့မယ်။ ဒေါ်လေးကို ပြောစရာရှိလို့ပါ''

''အင်း ...ပြောစမ်းကွယ့်၊ ငါ့တူလေး ဘာအလိုရှိလို့လဲ။ ဒီရွာမှာ သက်တူရွယ်တူ ကစားဖော်ကမရှိတော့ ပျင်းနေပြီနဲ့တူပါရဲ့''

''ရပါတယ် ...ဒေါ်လေး။ ကျွန်တော် တစ်ဦးတည်းလည်း နေတတ်ပါတယ်။ ဦးလေးမှုန်ကြီးအကြောင်း ပြောချင်လို့ပါ။ ဦးလေးမှုန်ကြီးက သိုက်ဆရာတွေနဲ့ပေါင်းပြီး ရွာသချိုင်းကုန်းမှာ မြွေစင်ကန်သိုက်ကို တူးဖော်ဖို့ စီစဉ်နေတယ်လို့ ကြားရတယ် ...ဒေါ်လေး။ အဲဒီသိုက်ကိုတူးဖော်ရင် ဦးမှုန်ကြီး အသက်အန္တရာယ် ထိခိုက်နိုင်တယ်လို့လည်း သိရတယ် ... ဒေါ်လေးရဲ့''

''ဘယ်သူကပြောတာလဲ ငါ့တူလေး''

''အစောက ကျွန်တော် မြွေစင်ကန်ပေါ်မှာ ထိုင်နေရင်း ရေခပ်ဆင်းလာတဲ့ အမျိုးသမီးတစ်ယောက်က သတိပေးပြီး ပြောသွားတာပဲ ... ဒေါ်လေး''

''ဘယ်သူ့မျှားပါလိမ့်ကွယ် ... မှုန်ကြီးတို့ လုပ်နေတာတွေကို မြင်လို့များလား။ ဒီမောင်တစ်ယောက်ကြောင့်လည်း အတော်ခက်ပါတယ်။ အဖေနဲ့အမေသာသိရင် စိတ်မကောင်းဖြစ်ကြရဦးမယ်။ တစ်မိပေါက် တစ်ယောက်





ထွန်းဆိုသလို ဆိုးလိုက်တဲ့အကောင်ကွယ်။ အဖေ၊ အမေတွေ ဆုံးမတော့လည်း ပြန်မပြော၊ နားမထောင်ကွယ့်။ ဒေါ်လေးပဲ အဖေ၊ အမေတွေ မသိအောင် တိုးတိုးတိတ်တိတ် မေးမြန်းပြီး ဆုံးမပါဦးမယ်ကွယ်''

ထိုအချိန်တွင် အိမ်အပြင်ဘက်မှ အဖေ၊ အမေတို့ အသံကြားရသောကြောင့် ကျွန်တော် အိမ်ရှေ့ဘက်သို့ အပြေးထွက်ခဲ့ပါသည်။ အဖေနှင့်အမေမှာ စားသောက်ဖွယ်ရာများ၊ သစ်သီးများဖြင့် ရောက်ရှိလာကြသည်။ ဘုရားခန်းအတွင်းဝင်၍ အဘိုးနှင့် စကားပြောနေပါသည်။ အဘွားကတော့ ခနိဝယ်လာသူများနှင့် ငွေပေး၊ ငွေယူလုပ်နေသောကြောင့် မအားလပ်သေးပါ။ အဘွားမှာ အမည်က ဒေါ်ပုတိုသာဆိုသည်။ အရပ်က မြင့်မားပြီး စကားပြည်ပြောဆိုရာတွင် အမှုင်မပြတ်တတ်ပါ။ ထိုသည်ကို စကားနည်းသော အဘိုးက မကြိုက်နှစ်သက်ပါ။ အဘိုးကိုယ်နှိုက်ကတော့ သောကြာသားဖြစ်သော်လည်း စကားပြောရာတွင် လိုရှင်းတိုရှင်းသာ ပြောတတ်ပါသည်။ စကားကျောရှည်သည်ကိုလည်း အဘိုးမကြိုက်ပါ။

အိမ်ဘုရားခန်းအတွင်း အဘိုးရှေ့မှောက်၌ အဖေနှင့်အမေတို့က သူတို့ယူဆောင်လာသော စားသောက်ဖွယ်ရာ၊ လက်ဆောင်များဖြင့် ကန်တော့ရင်း အဘိုးနှင့် စကားပြောနေကြပါသည်။ ကျွန်တော်လည်း မိဘများနှင့်ရောယောင်ထိုင်ရင်း အဘိုးအား ကန်တော့ရပါတော့သည်။

အဘိုးက ...

''ငါ ဒီနေ့ အုတ်ပုံဆိပ်ကို ခရီးကြုံလိုက်ရင်း သမိုင်းက အိမ်ကြီးတို့သွားမယ်။ အဲဒီကမှ မနက်ဖြန်မနက်မှ ရွှေတိဂုံဘုရားဖူးသွားမလို့။ မင်းတို့သားကိုခေါ်တာ ဒီကောင် အင်တင်တင်လုပ်နေတယ်''

အဘိုးစကားကြောင့် အဖေနဲ့အမေမှာ ကျွန်တော့်အား လှည့်ကြည့်ပါသည်။ ကျွန်တော်က ...

''အဘိုးနဲ့သွားရင် ဘာမှလည်း ဝယ်မပေးဘူး။ ကုန်းကျောင်းချည်းလျှောက်ရတယ်။ အဲဒါကြောင့် ကျွန်တော် မလိုက်ချင်တာပါ''

www.burmeseclassic.com



"ဪ . . . . သားရယ်၊ ဘုရားဖူးသွားတယ်ဆိုတာ ကုသိုလ်ရပါတယ်။ အဘိုးနဲ့လမ်းလျှောက်တော့လည်း အဘိုးကို စောင့်ရှောက်ရင်း ကျန်းမာရေး လေ့ကျင့်ခန်းလုပ်ရတဲ့ သဘောပဲ။ လိုက်သွားလိုက်ပါ သားရယ်"

ထိုအချိန်တွင် ပိုးထိသောလူနာအား ဧည့်သည်များလှည်းဖြင့် ခေါ်ဆောင်လာသောကြောင့် ကျွန်တော်တို့ အဘိုးနှင့် ဦးမှုန်ကြီးအကြောင်း ပြောရန် အခွင့်အရေး မရတော့ပါ။ ထို့ကြောင့် ကျွန်တော်တို့ အိမ်ရှေ့ကုလားဖျင်းရှိ အဘွားစကားပြောရာသို့ ဆင်းခဲ့ကြပါသည်။ အဘွားမှာ ငွေပေးငွေယူ အရောင်းအဝယ်လုပ်ပြီးသော်လည်း နောက်တစ်ဖွဲ့ဖြင့် စကားမပြတ်သေးပါ။ ထို့ကြောင့် ကျွန်တော်က အဘိုးအဘွားတို့ကို ဦးမှုန်ကြီးအကြောင်း မပြောသာတော့ဘဲ အဖေနှင့်အမေတို့ကိုသာ တိုးတိုးတိတ်တိတ် ကြိတ်၍ပြောရပါတော့သည်။ ပြောသာပြောရသော်လည်း ဦးမှုန်ကြီးမှာ ကျွန်တော်တို့၏ အဖေ၊ အမေ စကားကိုသာမက အမေဖြစ်သူ ဒေါ်ပုတို၏ စကားကိုပင်လျှင် နားထောင်သူမဟုတ်ပါ။ အဘိုးစကားကိုတော့ ကြောက်လန့်သဖြင့် နားထောင်ကောင်း နားထောင်မည်ဟု ထင်ပါသည်။

ထို့ကြောင့် ကျွန်တော်နှင့် ကျွန်တော်၏မိဘများ မီးဖိုခန်းအတွင်း၌ပင် နေ့လည်စာစားကြသည်။ ထမင်းစားနေစဉ် ဒေါ်လေးမြတင်က ဦးမှုန်ကြီးအကြောင်းကို ကျွန်တော့်၏ အဖေနှင့်အမေအား ကျွန်တော်ပြောခဲ့သလိုပင် ထပ်မံ၍ အသိပေးပြန်ပါသည်။ သို့သော် အထက်က ကျွန်တော်ပြောခဲ့သလို ပြောပိုင်ခွင့်ရှိသော်လည်း လုပ်ပိုင်ခွင့်ရှိသူများ မဟုတ်ကြ၍ ဦးမှုန်ကြီးကလည်း လက်ခံနားထောင် လိုက်နာမည်မဟုတ်ပါ။

သို့နှင့် ထိုနေ့က အဘိုးဦးရွှေမှုန်းသည် နေ့လယ်စာအား ကဝိုက်ကရိုက်စား၍ လူနာလာပင့်သူများနှင့် စစ်ပင်ကျေးရွာသို့ လှည်းဖြင့်ပါသွားတော့သည်။ ထို့ကြောင့် ထိုနေ့က အဘိုးဦးရွှေမှုန်းအား ဦးမှုန်ကြီးအကြောင်းကို မပြောဖြစ်လိုက်ကြပါသည်။ ထို့ကြောင့် ထိုနေ့က အဘိုးဦးရွှေမှုန်းမှာ လူနာကိစ္စကို ဦးစားပေးရမည်ဖြစ်သောကြောင့် ဘုရားဖူးကိစ္စကိုလည်း





ဖယ်ဖျက်ပြီး လိုက်ပါသွားပါတော့သည်။ လူနာအခြေအနေပေါ်မူတည်၍ ညည်သည့်အချိန်တွင်မှ ပြန်လာမည်မှန်း မသိနိုင်ပါ။

ဦးမှုန်ကြီး ကံဆိုးမည်ဟု ကန်ဘောင်ပေါ်မှ အမျိုးသမီးကလေး နိမိတ်ဖတ်စကားပြောသွားသည်မှာ မှန်ပါလျှင် တွေးရဲစရာ မရှိတော့ပါ။ ထို့ကြောင့် အမေသာ ကျွန်တော်နှင့်အတူကျန်ခဲ့ပြီး အဖေက သူ၏အလုပ်ကိစ္စအတွက် ဆက်လက်ထွက်ခွာသွားပါတော့သည်။

ညနေစောင်း နေဝင်ဖြိုးဖျအချိန်တွင် ကိုမှုန်ကြီးအား သူ၏ ပေါင်းအသင်းများ ထမ်းလာကြသည်။ ထိုအခါမှ အဘွားဒေါ်ပုတို သိရှိပြီး မျက်ကလဲဆန်ပြာဖြင့် အဘိုးအား တ,တော့သည်။ ကိုမှုန်ကြီး၏ အပေါင်းအသင်းကိုတုတ်ကြီး ပြောပြသည်ကတော့ . . .

"အဘွားရေ . . . ကိုမှုန်ကြီးနဲ့ သိုက်ဆရာတွေ မြေစင်ကန်သိုက်ကို တူးဖို့ကြံနေကြတာကို ကျွန်တော်တို့လည်း ကြိုတင်မသိဘူးဗျ။ ကျွန်တော်တို့သိလို့ လိုက်သွားတော့ သချိုင်းကုန်းမှာ သူတို့ မရှိကြတော့ဘဲ မြေစင်သိုက်ကို တူးနေကြပြီဗျ။ အဘွားရယ် ကျွန်တော်တို့ ကြိုတင်သိရင်လည်း ကိုမှုန်ကြီးကို တားလို့လည်း ရမှာမဟုတ်ပါဘူး"

"အခု ငါ့သားမှုန်ကြီးက ဘာဖြစ်သွားတာလဲ။ မထိတ်ကောင်း မလန့်ကောင်းကွယ်"

"ကိုမှုန်ကြီးက ပိုးထိသွားတာ . . . အဘွားရဲ့။ ကိုမှုန်ကြီးကို ရေထဲမျောပါလာတဲ့ မြွေဟောက်ကြီးတစ်ကောင် ကိုက်သွားတာ"

"အမလေးတော့ . . . ကိုရွှေမှုန်းကလည်း မရှိတော့ အခက်ပဲ"

"ငါ့သားလေးတော့ ရေတိမ်နစ်ပါပြီ။ ဒုက္ခပါပဲ။ ဟဲ့ . . . လှည်းသမားတွေ မင်းတို့အဘိုးကို စစ်ပင်ရွာလိုက်ပြီး အမြန်ခေါ်ကြစမ်း"

ဟု ပြောဆိုပြီး အဘွားဒေါ်ပုတိုက တဂစ်ဂစ်ဖြင့် တက်၍သွားပါတော့သည်။

ထိုအချိန်တွင် ကိုမှုန်ကြီးမှာ သတိပြန်လည်မလာသေးပါ။ ကျွန်တော်၏ အမေနှင့် ဒေါ်လေးမြတင်တို့က တတ်သမျှ မှတ်သမျှ သတိပြန်

www.burmeseclassic.com



လည်ရစေရန် ပြုစု၍နေရပါသည်။ ထိုအခါတွင် ကျွန်တော်မှ ကိုတုတ်ကြီး တို့အား အသေးစိတ်ပြောရန် တိုးတိုးကလေးမေးရာ ကိုတုတ်ကြီးက . . .

"ဒီလို . . . ညီလေးရေ၊ ကိုမှုန်ကြီးက သိုက်ဆရာတွေနဲ့ မြေစင် ကန်သိုက်ကို ကန်တော့ပွဲပေးပြီး တူးတာ။ အဲဒါကြောင့် ရေလျှံမြောင်းထဲ မှာ မိုးရာသီမဟုတ်ပေမယ့် ရွှေအိုးကြီးတွေရဲ့နှုတ်ခမ်း ပေါ်လာတယ်။ အဲဒီ အချိန်မှာ သူတို့အဖွဲ့က အောင်ပြီ . . . အောင်ပြီဆိုပြီး ရွှေအိုးကြီးတွေကို အလုံးလိုက် တူးကြတာ။

ကိုမှုန်ကြီးက ဖြတ်လမ်းသမားပီပီ ရွှေအိုးကြီးတွေ အလုံးလိုက် ပေါ်အောင်တူးရင် ကြာတယ်ဆိုပြီး အိုးနှုတ်ခမ်းကို သံတူရွင်းနဲ့ဖွဲ့ယူတာ အိုးကြီးနှုတ်ခမ်းတစ်ဖက် ခွပ်ခနဲဆို ပဲ့သွားတာနဲ့ မိုးမရွာ၊ လေမတိုက်ဘဲ မြေစင်ကန်ထဲကရေတွေ အလုံးအရင်းနဲ့ လျှံကျလာပြီး သိုက်တူးတဲ့ လူတွေ အားလုံး ရေစီးထဲ မျောပါကုန်ကြတာ။

အဲဒီအချိန်မှာ မြွေဟောက်ကြီးတစ်ကောင် ရေစီးအတိုင်းမျောပါလာ ပြီး ကိုမှုန်ကြီးကို အရင်ကိုက်တာ။ တခြားသိုက်ဆရာတွေကို မကိုက်ဘူး။ ဒါပေမဲ့ အားလုံး သတိမေ့ပြီး ရေစီးနဲ့ မျောပါသွားကြတာ။ မိုးရိပ်ချောင်း ထဲ ရောက်ကရောတဲ့။ အဲဒါကျွန်တော်တို့ လိုက်ဆယ်ပြီး မြွေကိုက်ခံရတဲ့ ကိုမှုန်ကြီးကိုပဲ သယ်လာကြတာ။ တခြားသိုက်ဆရာတွေကတော့ သတိရ တာနဲ့ ကြောက်လန့်ပြီး ပြေးကြပြီ"

ထိုအခါမှ ကျွန်တော့်မှာ မနက်ပိုင်းက မြေစင်ကန်ဘောင်ပေါ်တွင် သတိပေးစကားပြောသွားသော အမျိုးသမီးကလေးစကားကို ပြန်လည် အမှတ်ရပြီး ကိုမှုန်ကြီးအခြေအနေကို လွန်စွာ စိုးရိမ်မိတော့သည်။

တစ်နာရီခန့်ကြာသော် ကိုမှုန်ကြီးမှာ အသားအရည်များ အေး စက်လာပြီး ဆတ်ခနဲ ဆတ်ခနဲ တွန့်သွားသည်။ ကျွန်တော်တို့က သတိရ လာပြီဟု ထင်မိသော်လည်း မဟုတ်ပါ။ နောက်ဆုံး အသက်ထွက်ခါနီး အကြောဆွဲဟန် တူပါသည်။ လက်များ၊ ခြေများများအား ကိုင်ကြည့်တော့ အေးစက်ပြီး တောင့်တင်းနေပါသည်။ ကိုမှုန်ကြီး ဆုံးပြီဟု ကျွန်တော် သိလိုက်ပါသည်။





သို့သော် အဘွား၊ အမေနှင့် ဒေါ်လေးတို့ စိတ်မကောင်းဖြစ်မည် သောကြောင့် ဖွင့်ဟ၍ မပြောရဲခဲ့ပါ။ နောက်တစ်နာရီခန့်အကြာ နွားရိုင်း ချိန်တွင်မှ လှည်းနှစ်စီး ဒုံးဆိုင်း၍ ရောက်ရှိလာပါသည်။ တစ်စီးမှာ အဘိုးပါလာပြီး စစ်ပင်ရွာမှ လူနာရှင်များက လိုက်ပို့ခြင်းဖြစ်သည်။ တစ်စီး ကတော့ ကျွန်တော်တို့ရွာမှ သွားကြိုသော လှည်းဖြစ်ပါသည်။

ရောက်ရောက်ချင်းပင် အဘိုးက သားဖြစ်သူ ကိုမှုန်ကြီး၏ လက် ကောက်ဝတ်ကို သွေးစမ်းပြီး ခေါင်းခါသည်။ ထိုအခါတွင် သားအတွက် ကြာခဏတက်၍ သတိမေ့ မေ့သွားတတ်သော အဘွားဒေါ်ပုတိုမှာ ပြန်လည် သတိရလာပြီး . . .

"ကိုရွှေမှုန်းရဲ့ တော့်သားအသက်ကို ကယ်ပါဦး။ တခြားလူတွေ ရဲ့ အသက်ကိုတော့ ကယ်တင်နိုင်ခဲ့ပြီး ကိုယ့်သားကျမှ မကယ်နိုင်တော့ ဘူးလား"

ဟု ပြောဆိုကာ ချုံးပွဲချ ငိုကြွေးပါတော့သည်။

အဘိုးမှာ တရားရှိသူဖြစ်သော်လည်း သားအငယ်ဆုံးဖြစ်သူအတွက် တော့ အသက်မကယ်နိုင်သောကြောင့် စိတ်ကောင်းဟန်မရှိပါ။

"မကယ်နိုင်တော့ဘူး . . . မပုတိုရေ၊ သူ့ကံနဲ့သူ ဖြစ်လာတာ။ ငါ လည်း ဒီနေ့မှ စစ်ပင်ရွာက လူမမာကိစ္စကို လိုက်သွားမိတယ်။ ကြိုတင် သိရတဲ့။ ကြိုတင်သိရရင်လည်း မင်းသားမိုက်သားက ငါတို့ကို အတွေ့ ခံဘဲ ရှောင်နေမှာပါ။ မပုတိုရေ . . . သတ္တဝါတစ်ခု ကံတစ်ခုပေါ့။ တရားနဲ့ ဖြေပေတော့။ ငါလည်း ဘာမှမတတ်နိုင်တော့ဘူး။ ငါ့ရဲ့မြွေဆိပ်ဖြေ တွေက မြွေကိုက်ခံရပြီး တစ်နာရီအတွင်းလူနာရဲ့ အသက်ကိုပဲ ကယ် တာ။ အခုက နှစ်နာရီတောင် ကျော်သွားပြီ။ ငါ ဘယ်လိုမှ မတတ်နိုင် ဘူး။ ဘယ်လောက်ပဲဆိုးဆိုး ကိုယ့်သားအရင်းပဲကွယ်။ စိတ်တော့ ဘယ် ကောင်းမလဲ။ သူ့ကံနဲ့သူဖြစ်လာတာ မိုက်တဲ့ကောင် ဘုရားသိုက်ကိုမှ သွား တူးတယ်။ အစီစဉ်ရဲ့မှာ ချုံးကပ်အောင်နေပေတော့ . . . သားမိုက် ရေ"

www.burmeseclassic.com



ဟုဆိုကာ အဘိုးက အိမ်ပေါ်ရှိ ဘုရားခန်းသို့ တက်သွားပါသည် [illegible]
နောက်ကို လုံးဝ လှည့်မကြည့်တော့ပါ။

အဘွားဒေါ်ပုတို့ကတော့ အမေနှင့် ဒေါ်လေးမြတင်၊ ဓနိထိုးသ[illegible]
များ ဝိုင်းဝန်း၍ နှာနှပ်ပြုစုနေကြသည့်ကြားမှ သတိရလိုက်၊ ပြန်တက်[illegible]
မေ့သွားလိုက်နဲ့ သံသရာလည်၍ နေတော့သည်။ ထိုအခါမှ အဘိုးဒေါ[illegible]
ကြား၍ ကျွန်တော် အိမ်ပေါ်သို့ အပြေးတက်သွားရာ အဘိုးက ...

"ရော့ ... ငါ့မြေး ဒီပုလင်းကလေးထဲက နှာချေဆေးနဲ့ မင်းအဘွ[illegible]
နှာခေါင်းဝကိုတော့ပြီး ရှူပေး။ နောက်ပြီး ခြေမနှစ်ဖက်ကိုလည်း ချိုး[illegible]
ပြန်သတိရလာလိမ့်မယ်။ ရော့ ... မြန်မြန်ယူသွားပြီးလုပ်၊ ကြာရင် မကော[illegible]
ဘူး"

ထို့ကြောင့် ကျွန်တော်လည်း အိမ်အောက်သို့ အပြေးဆင်း[illegible]
အဘိုးမှာသည့်အတိုင်း ပြုလုပ်ရာအဘွားမှာ အင်းအရှည်ကြီးချ၍ ညည်း[illegible]
ပြီး ပြန်လည်သတိရလာပါတော့သည်။ ထိုအခါမှ အမေတို့က အဘွားအ[illegible]
ချီမ၍ အိပ်ခန်းထဲသို့ ပို့သည်။

ကျွန်တော်သိသည်မှာ ကိုမှုန်ကြီး အသက်ဆုံးသွားရခြင်းမှာ [illegible]
တစ်ကြိမ်မှာ ဒုတိယအကြိမ်နှင့် နောက်ဆုံးအကြိမ် ဖြစ်ပါသည်။ ပထမအ[illegible]
မှာ နို့ဆီဘူးထဲ ယမ်းစပ်ထည့်ပြီး စနက်တံတပ်၍ ငမိုးရိပ်ချောင်းထဲ[illegible]
ငါးမိုင်းခွဲရာ မပေါက်သောကြောင့် ကိုင်ကြည့်ရာမှ လက်ထဲတွင်ပေါက်[illegible]
သွားသည်။ ကံကောင်းသည်ကတော့ ဘယ်ညာလက်ချောင်းထိပ်ကလေး[illegible]
ပြတ်သွားပြီး ရင်ဘတ်နှင့် လက်မောင်းများတွင် ဒဏ်ရာအနည်းငယ်ရသ[illegible]
မှအပ အသက်အန္တရာယ် မထိခိုက်ခဲ့ပါ။

သို့သော် ကျေးရွာဆေးပေးခန်းထဲတွင် တစ်လခန့် ကျိတ်၍ ကု[illegible]
ရပါသည်။ သို့သော် ကိုမှုန်ကြီးမှာ 'ခွေးမြီးကောက် ကျည်တောက်စွပ်' [illegible]
သော စကားနဲ့အညီ လူမိုက်ပီပီ အသက်အန္တရာယ်ကို မမှု။ မိဘမျာ[illegible]
မျက်နှာကိုမထောက်ဘဲ မိုက်မဲနေဆဲဖြစ်သောကြောင့် လောကပါလစော[illegible]
နတ်များက နောက်ဆုံးအကြိမ်အနေဖြင့် ဒဏ်ခတ်လိုက်ဟန်တူပါသည်။





ဦးမှုန်ကြီးဆုံးသွားသဖြင့် ကျွန်တော်တို့ သားအမိ အဘိုးတို့အိမ်
[illegible] သောင်တင်နေပါတော့သည်။ အဖေနှင့်အတူ ကျွန်တော်တို့၏ မောင်နှမ
[illegible]များလည်း ရောက်ရှိလာကြမည်ဖြစ်သည်။ အသုဘကိစ္စတွင် အကျွး
[illegible] ဝေယျာဝစ္စလုပ်ငန်းများအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရ
[illegible]သည်။ အသုဘအား ငါးရက်ပြည့်သောနေ့တွင် ဆင်ဖုန်သုသာန်၌ မီးသဂြိုဟ်
[illegible] လူအများ လေးစားခင်မင်ရသော ဆေးဆရာကြီး ဦးရွှေမှုန်း၏ သားကိစ္စ
[illegible]သောကြောင့် ဆင်ဖုန်၊ မဒရွာများအပြင် အနီးပတ်ဝန်းကျင်ရှိ စစ်ပင်၊
[illegible]တလောက်၊ ထားဝယ်ချောင်နှင့် သဃ်န်းကျွန်းကြီးရွာများမှ ရွာသူ
[illegible]များ လာရောက်ကြသောကြောင့် လွန်စွာစည်ကားပါသည်။ ကိုမှုန်
[illegible] အနေမကောင်းသော်လည်း မိဘ၊ မောင်ဘွားများ၏ အခြေအနေ
[illegible]ကောင်းမှုကြောင့် လွန်စွာစည်ကားသော အသုဘ အခမ်းအနားဖြစ်ပါ
[illegible]သည်။

✿ ✿ ✿

www.burmeseclassic.com

❑

ရပ်ရွာထုံးစံအတိုင်း (၇)ရက်လုံးလုံး လာရောက်သမျှ ညှိသ ပရိသတ်များအား နေ့လယ်နှင့် ညနေစာ ထမင်းကျွေးရရာ အဘိုးဦးရွှေ နှင့် အဘွားဒေါ်ပုတိုတို့၏အိမ်ကြီးမှာ ညအိပ်ညနေ ညှိသည်များ တရ ရှန်းနှင့် ပြည့်ကျပ်နေပါတော့သည်။

ဦးမှုန်ကြီးမှာ သူတစ်ပါးအသက်အား သတ်ဖြတ်၍ မိဘများအပေ ဆိုးသွမ်းသည့် လူငယ်တစ်ဦးဖြစ်သော်လည်း ရပ်ရွာက လက်မခံနိုင်လော အောင် အကျင့်စရိုက်ပျက်စီးသူ လူငယ်တစ်ဦးတော့ မဟုတ်ပါ။ ရပ်ရွာ တွင် ပျော်ရွှင်စွာနေတတ်သော လူငယ်တစ်ဦးသာ ဖြစ်ပါသည်။ ထို့ကြော ရပ်ရွာကလည်း ဦးမှုန်ကြီးအား ခင်မင်ကြသူ များကြပါသည်။ ပိုးထိ ရုတ်တရက် ဆုံးပါးရသောကြောင့် အစိမ်းသေ သေသည်ဟု ဆိုရမည်ဖြ သော်လည်း ဦးမှုန်ကြီးက ခြောက်လှန့်၍ ဒုက္ခပေးခြင်း မရှိခဲ့ပါ။ အမှ ကထင်သလို ကောင်းရာသုဂတိ ဘုံဘဝသို့ရောက်မည်မဟုတ်သော်လည် အသုဘကိစ္စမှာ (၇)ရက်လည်သည်အထိ အခြောက်အလှန့်နှင့် အနို အယောင်ပြခြင်းပင် လုံးဝမရှိခဲ့ပါ။

(၇)ရက်လည်သောနေ့ မနက်တွင် သံဃာတော် (၅)ပါးအား ဆွ ကပ်၍ ရေစက်ချအမျှဝေပြီး ဦးမှုန်ကြီး ကောင်းရာသုဂတိရောက်ရန်အတွ ဆွမ်းကျွေးပြီး အမျှဝေပါသည်။ ရွာပေါင်းစုံမှ ပရိတ်သတ်ကလည်း လာရော လုပ်ကိုင်ကြ၍ အဘိုးတို့အိမ်တွင် တစ်နေကုန် စည်ကားနေပါတော့သည်





(၇)ရက်၊ (၇)လီ လူမပြတ်စည်ကားနေသော အဘိုးတို့အိမ်တွင် ကျွန်တော် မပျော်ပိုက်တော့ပါ။ အသုဘကိစ္စ ရှိနေသောကြောင့် သည်း ညည်းခံ၍ နေရခြင်းဖြစ်ပါသည်။ (၇)ရက်လည်ပြီး နေ့လယ်နေ့ခင်း လူအနည်း ငယ်ပါးချိန်တွင် ကျွန်တော်တစ်ဦးတည်း မြေစင်ကန်ဘက်သို့ ထွက်ခဲ့ပြန် ပါသည်။ မြေစင်ကန်ပေါ်တွင် နေ့လည်၊ နေ့ခင်းဖြစ်သောကြောင့် လူတစ်ဦး တစ်ယောက်မှ ရှိမနေပါ။

ထိုနေ့က ဦးမှုန်ကြီး၏ အသုဘကိစ္စကြောင့် ကျွန်တော် ဆောင် နေကြ လေသေနတ်ကလေးကိုလည်း မဆောင်ယူခဲ့ပါ။ ထို့ကြောင့်လား မသိ မြေစင်ကန်ကြီး၏ အရှေ့ဘက် ကြာကန်အတွင်း၌ ရေကြက်၊ ရေငှက်၊ ရေဘဲများ ပျော်မြူးနေကြပြီး ကြာကန်ကြီးတစ်ဖက်ထိပ် လယ်ကွင်းအစပ် တွင်ရှိသော် လက်ပံပင်ကြီးတစ်ပင်ပေါ်၌လည်း ဆက်ရက်ငှက်များ အုပ်စု လိုက် ပျော်မြူးစွာ စားသောက်နေကြပါတော့သည်။

ဆက်ရက်ငှက်များ၏ ထုံးစံအတိုင်း ဆူညံစွာအော်ဟစ်နေရာ ကျွန်တော်ထင်သလို မြေစင်ကန်ပတ်ဝန်းကျင်တွင် အေးချမ်းငြိမ်သက်၍ မနေဘဲ ငှက်သံပေါင်းစုံဖြင့် စုစုဝေးဝေး စည်စည်ကားကား ဖြစ်၍နေပါတော့ သည်။

ကျွန်တော် ခါတိုင်းထိုင်နေကျ မန်ကျည်းပင်ကြီးအရိပ်ရှိ ခုံတန်း တွင် ထိုင်ပြီး နေ့လယ်နေ့ခင်း ကန်ဘောင်ရိုးပေါ်တွင် လေညှင်းခံရင်း ထွေထွေရာရာ တွေးတောပြီး ငေးမောနေမိပါတော့သည်။ ထိုအချိန်တွင် ခြေသံကြား၍ အသံလာရာသို့ လှမ်းကြည့်မိတော့ ယခင်အပတ်က တွေ့ ခဲ့သော မိန်းမပျိုကလေး ရေခပ်ဆင်းလာခြင်းဖြစ်ပါသည်။ ထိုနေ့က သူမ သည် ရေအိုးကလေးကို ကန်ဘောင်ပေါ်တွင်ချခဲ့ပြီး ကျွန်တော့်ထံသို့ လျှောက်လှမ်းလာပါသည်။

"မောင်လေး . . . တစ်ယောက်တည်း ပျင်းနေပြီလားကွယ့်"

"ဟုတ်ကဲ့ မမ၊ ပျင်းနေတယ်ရယ်လို့တော့ မဟုတ်ပါဘူး။ အဘိုး တို့အိမ်မှာ ဦးမှုန်ကြီးရဲ့ အသုဘကိစ္စကြောင့် ညှိသည်တွေ မပြတ်လာ နေကြတော့ ငြီးစီစီဖြစ်ပြီး စိတ်ပင်ပန်းတာနဲ့ ဒီကန်ဘောင်ရိုးဘက် ထွက်

www.burmeseclassic.com



ခဲ့ကြတာပါ။ ဒီမြေခွင်ကန်ဘောင်ရိုးက သစ်ပင်ကြီးတွေနဲ့ အရိပ်ရပြီး ရေဓာတ်ကြောင့် အလွန်အေးချမ်းပါတယ်။ ဒါကြောင့် ကျွန်တော် စိတ်အနှမ်းပြေဖို့ ဒီနေ့မှ ထွက်လာနိုင်တာပါ''

''ဟုတ်ပါရဲ့ ... မောင်လေးရယ်။ မမကတော့ ကန်လှရှင်းချိန်မှာ နေ့လယ်ရေလာခင်ရင်း မောင်လေးကို စောင့်မျှော်ကြည့်ရှုမိပါတယ်။ ဒီနေ့မှပဲ မောင်လေးနဲ့ ဆုံရတော့တယ်''

''ဟုတ်ပါတယ် ... မမ။ ကျွန်တော်လည်း ဆွေမျိုးအရင်းအချာဆိုတော့ လိုအပ်သမျှကိစ္စတွေကို ပိုင်းလုပ်ပေးရင်း ဧည့်သည်တွေကို နေ့ညမပြတ် ဧည့်ခံနေရလို့ ဒီကန်ဘက်ကို မရောက်ဖြစ်ခဲ့တာပါ။ ဒါနဲ့ မမက ဦးမှူးကြီးဆုံးပါးမယ်ဆိုတာကို ကြိုတင်သိထားတယ်ဆိုတော့ မမက အကြားအမြင် ပညာရှင်လား။ ဗေဒင်ဆရာမလား ခင်ဗျား''

''မဟုတ်ပါဘူး ... မောင်လေးရယ်။ မမတို့က မြင်ရကြားရလို့ ခန့်မှန်းပြီး ပြောမိခဲ့တာပါ။ ပညာရှင်တွေလည်း မဟုတ်ရပါဘူး''

ထူးဆန်းနေသော ထိုအမျိုးသမီးအား ကျွန်တော် စေ့စေ့ကြည့်မိပြီး ...

''မမက ဘယ်သူလဲ။ ဒီရွာတွေကတော့ မဟုတ်လောက်ပါဘူး။ ဒီက ရွာသူရွာသားတွေကို အကုန်လောက်နီးနီး ကျွန်တော် သိနေပါတယ်''

''အေးပါကွယ် ... မမကို မင်း မသိသေးတဲ့ ရွာသူတွေထဲက တစ်ယောက်လို့ပဲ မှတ်ထားလိုက်ပါတော့ကွယ် နော်''

''မဟုတ်သေးပါဘူး ... မမရယ်။ ကျွန်တော်က အရိုးခံနဲ့ သိချင်လို့ မေးတာပါ။ မမ အဖြေမပေးချင်ရင်လည်း မပေးလို့ရပါတယ်။ ကျွန်တော် မေးတာလွန်သွားရင်လည်း ခွင့်လွှတ်ပါ ... မမရယ်''

ထိုအခါမှ ထိုအမျိုးသမီးလေးက ကျွန်တော်ထိုင်နေသော မန်ကျည်းပင်ကြီး၏အောက်ရှိ ထိုင်ခုံတစ်ဖက်စွန်းတွင်ထိုင်ရင်း ...

''မောင်လေး ... ဒီကန်ဘောင်ရိုးပေါ်က အလွန်သာယာတာပဲ နော်။ မောင်လေးလိုပဲ မမလည်း ဒီမြေခွင်ကန်ကြီးကို အလွန်သဘောကျ





နှစ်ခြိုက်ပါတယ်။ ဒီကန်ကြီးနဲ့ ပတ်ဝန်းကျင်မှာ နေရတာကို အလွန်ပျော်ပါတယ်။ စိတ်ညစ်စရာလေးတွေရှိရင် ဒီကန်ဘောင်ရိုးပေါ်တက်လာပြီး အပန်းဖြေပါတယ်။ စိတ်ညစ်စရာတွေ ယူပစ်လိုက်သလို ပျောက်ကွယ်သွားတာပါပဲ။ ဒါကြောင့် ဒီနေရာကလေးကို အေးရိပ်ငြိမ်လို့ မမက စိတ်ထဲမှာ အမည်ပေးထားပါတယ်။ မောင်လေးလည်း မမလိုပဲ ဒီနေရာလေးကို သဘောကျမယ် ထင်ပါတယ်''

''ဟုတ်ပါတယ် ... မမ။ ကျွန်တော်က ငမိုးရိပ်ချောင်းတစ်ဖက်ကမ်း သယ်နီးကျွန်းကြီးရွာမှာမွေးပြီး မြို့ပေါ်တက် ကျောင်းတက်နေရပါတယ်။ ပညာရေးအတွက် မြို့ပေါ်တက်နေရပေမယ့် ကျွန်တော်ပျော်တာက တောထဲတောင်ထဲနဲ့ ကွင်းမှာ ပိုပျော်ပါတယ်။ အထူးသဖြင့် ဒီ မြေခွင်ကန်ဘောင်ရိုးပေါ်မှာ အပန်းဖြေရင်း စပါးနှံ ရိုးပြတ်နံ့တွေကို ရှူရှိုက်ရတာကို အလွန်ပဲ နှစ်သက်သဘောကျပါတယ်''

''ဟုတ်ပါ့ကွယ် ... မမနဲ့ မောင်လေးကတော့ အကြိုက်ခြင်းတူနေပါပြီ။ အနှောင့်အယှက်ကင်းပြီး အေးချမ်းငြိမ်သက်နေတဲ့ နေရာကလေးကို လူတိုင်း နှစ်သက်သဘောကျနေမှာပါကွယ်။ နောက်တစ်ခု မောင်လေးကို တောင်းပန်ချင်တာကတော့ ကြာကန်ထဲက ငှက်ကလေးတွေကို မပစ်ပါနဲ့ကွယ်။ သဘာဝအတိုင်း သူ့ဘာသာနေကြတာ ပျော်စရာမကောင်းပေဘူးလား''

''ဟုတ်ပါတယ် ... မမ။ ကျွန်တော် နောက်ဆိုရင် ကြာကန်ထဲက ငှက်ကလေးတွေကို မပစ်တော့ပါဘူး။ ခါတိုင်းနေ့တွေကတော့ လေးသေနတ်ကလေးပါလာပြီး လက်ယားနေတော့ ဝါသနာအလျောက် ပစ်မိပါတယ်။ ဒီနေ့ကျမှ လေးသေနတ်ကလေး မပါလာမှ အေးချမ်းတဲ့ဒီပတ်ဝန်းကျင်မှာ ငှက်သံကလေးတွေကို နားထောင်ရင်း သဘာဝရဲ့ အလှအပတန်ဖိုးကို ကျွန်တော် ခံစားမိပါတော့တယ်။ နောင်ကို ဒီကန်ဘောင်ပေါ်မှာ ကျွန်တော် ငှက်မပစ်တော့ပါဘူး မမကို ကတိပေးပါတယ်''

''အေးကွယ် ... သာဓုပါ သာဓုပါ။ ဒါနဲ့ မောင်လေးတို့ မိသားစုက အဘိုးဦးမှူးဦးဆောင်ပြီး မမတို့ရဲ့ မြေခွင်ကန်ဘောင်ပေါ်က ရှေး

www.burmeseclassic.com



ဟောင်းဘုရားငုတ်တိုကလေးကို ပြန်ပြီး ပြင်ဆင်ပူဇော်မယ်လို့ သိထားပါတယ်။ အဲဒီအချိန်အခါရောက်ရင် မမတို့ကိုလည်း အသိပေးပါ။ မမတို့လည်း တတ်စွမ်းသမျှ ကုသိုလ်ဒါန ထည့်ဝင်ချင်လို့ပါ''

''ဟုတ်ကဲ့ပါ . . . မမ။ ဒါနဲ့ မမနာမည်က ဘယ်သူလဲ။ နေတာက ဘယ်မှာနေတာလဲ။ ကျွန်တော်က ဘယ်လိုဆက်သွယ်ရမှာလဲ ပြောခဲ့ပါအုံး''

''သြော် . . . ဟုတ်ပေသားပဲ၊ မမနာမည်က မမြစိမ်း။ နေတာကဒီနားမှာပါပဲ။ မောင်လေးတို့ ဘုရားတည်မယ်ဆိုရင် ဒီကန်ဘောင်ပေါ်မှာ မမအမည်ကိုခေါ်ပြီးပြောရုံနဲ့ မမ ကြားသိနိုင်ပါတယ်''

ထိုအချိန်အထိ ကျွန်တော် သဘောမပေါက်ပါ။ ထူးဆန်းသလိုတော့ ဖြစ်နေပါသည်။ ထိုအမျိုးသမီးမှာ ကျွန်တော်နှင့် စကားဖြတ်ပြီးနောက် ရေဆင်းတံတားသို့ဆင်းပြီး သောက်ရေခပ်၍ ပြန်သွားပါတော့သည်။ ထိုအချိန်တွင် ကျွန်တော်၏ မိတ်ဆွေသူငယ်ချင်းများ ရောက်နေသည်ဟု ခနိ ထိုးသမားတစ်ဦးက လာရောက်ခေါ်သောကြောင့် အဘိုးတို့အိမ်သို့ ပြန်ခဲ့ကြပါသည်။ သို့မဟုတ်ပါက ကန်ဘောင်ရိုးပေါ်တွင် တစ်ညနေခင်းလုံး အပန်းဖြေပြီး နားနေမည်ဟု ကြံရွယ်ထားပါသည်။

ဦးမှုန်ကြီး၏ ရက်လည်ဆွမ်းသွတ်အပြီး (၇)ရက်ပြည့်သော်လည်း အဘွားဒေါ်ပုတို၏ ကျန်းမာရေးကြောင့် ကျွန်တော်တို့မိသားစု အဘိုးတို့ အိမ်ကြီးတွင် ဆက်၍နေရပါသည်။ အဖေကတော့ အဘိုးနဲ့အဘွားတို့အား စိတ်ပြေလက်ပျောက် အပန်းဖြေနားနေရန်အတွက် သမိုင်းရှိ နေအိမ်ကြီးသို့ ခေတ္တပြောင်းရွှေ့နေထိုင်ရန် အကြံပေးပါသည်။ ထိုအခါတွင် အဘိုး ဦးရွှေမှုန်းက . . .

''ငါ့သားနဲ့ သမီး . . . နားထောင်ကြစမ်းကွယ့်။ အဖေကတော့ သားဖြစ်သူ မှုန်ကြီးအတွက် ကုသိုလ်ကောင်းမှုပြုဖို့ ဒီရွာမှာ ခေတ္တခဏ နေရဦးမယ်။ အဖေ့မှာ တာဝန်ရှိနေတယ်။ မြေစင်ကန်၊ ကန်ဘောင်ပေါ်က စေတီကလေးကို ပြန်ပြင်ဆင်ပြီး တည်ထားကိုးကွယ်ဖို့ပဲ။ အဲဒါ မင်းတို့မိသားစု





လည်း ကုသိုလ်ရအောင် ပါဝင်ကြပေါ့။ အဖေကတော့ ကမ်းကထပြုပြီးဆောင်ပြီး လုပ်ပါ့မယ်။ အဲဒီကိစ္စပြီးမှ သမိုင်းအိမ်ကြီးကို အဖေ လာခဲ့မယ်။ အခုလောလောဆယ်တော့ မင်းတို့အမေကိုခေါ်ပြီး သွားကြပေတော့။ ဒါမှ စိတ်ပြေလက်ပျောက်ဖြစ်မှာ။ ဒီက လုပ်ငန်းကိစ္စတွေကိုတော့ အငယ်မ မြတင်က ဆက်လက်ဆောင်ရွက်ပြီး ငါ့အရေးကိစ္စတွေကလည်း ရပ်ထားလို့မှ မရတာ''

ထိုအခါတွင် တစ်ချိန်လုံး စကားမပြောဘဲ ငြိမ်သက်နေသော အဘွားဒေါ်ပုတိုက . . .

''အင်း . . . အမေလည်း လုပ်လက်စ စီးပွားရေးကိစ္စတွေကြောင့်သာ ဒီဆင်ဖုန်ရွာမှာ နေရပေမယ့် အငယ်ကောင် သားမှုန်ကြီးကို သတိရပြီး နေကို မနေချင်တော့တာ။ ဖြစ်နိုင်ရင်တော့ ကိုရွှေမှုန်းရေ ဒီက လယ်တွေ၊ ယာတွေနဲ့ ခနိခြံတွေ အပါအဝင် ဒီအိမ်ကြီးကိုပါ ရောင်းချပြီး သမီးတို့ သမိုင်းအိမ်ကြီးမှာ သွားပြီးပဲ နေချင်တော့တာပဲ''

''အေးကွယ့် . . . မပုတိုရဲ့။ ငါလည်း အဲ့လိုပဲ စိတ်ကူးမိပါတယ်။ ဒါပေမဲ့ လယ်ယာနဲ့ ခနိခြံတွေက ချက်ချင်းကြီးရောင်းလို့မှ မရနိုင်တာ။ ဒါကြောင့် ဒီရွာဘက်အခြမ်းက ကိစ္စတွေကို ငါကြည့်ပြီး စီစဉ်ပါ့မယ်။ မပုတိုမင်းသာ ဒီရွာကို သံယောဇဉ်ဖြတ်ပြီး မြို့ပေါ်မှာသွားနေဖို့ စီစဉ်ပေတော့ကွယ်''

ထိုအခါမှ ကျွန်တော့်အဖေက . . .

''ဟုတ်ကဲ့ . . . အဖေနဲ့အမေ။ သားသမီးတွေ ပညာရေးကြောင့် ကျွန်တော် မြို့ပေါ်တက်ပြီး သမိုင်းဘက်မှာ အိမ်ကြီးနဲ့ခြံကြီးကိုဝယ်ပြီး စီစဉ်ထားပါတယ်။ ဒီကိစ္စက ကလေးတွေအတွက် ပညာရေးသာမက အဖေအမေတို့အတွက်လည်း အသက်ကြီးလာတော့ ကျန်းမာရေးနဲ့ ဘာသာရေးကိစ္စတွေ ချမ်းချမ်းသာသာ ကျန်းကျန်းမာမာ ဆောင်ရွက်နိုင်အောင် ကျွန်တော် ခြေကုပ်ယူထားတာပါ။ တောမှာသာဆက်နေရင် သားသမီးတွေက လယ်သမားသားသမီးတွေသာဖြစ်ပြီး ခေတ်ပညာမတတ်တော့ လယ်သမားပဲ ဖြစ်နေမှာ။ အသိပညာ၊ အတတ်ပညာလည်း ကြွယ်ဝကြမှာမဟုတ်ဘူး''

www.burmeseclassic.com



"ကျွန်တော့်လုပ်ငန်းကတော့ အရောင်းအဝယ်သမားမို့ ဘယ်နေရာမှာနေနေ ပတ်ဝန်းကျင်နဲ့ လိုက်လျောပြီး အရောင်းအဝယ်လုပ်ဖို့ စိတ်ကူးထားပါတယ်။ အခု မြို့ပေါ်မှာ ဆောက်လုပ်ရေးနဲ့ အထွေထွေပစ္စည်း ရောင်းဝယ်ရေးဆိုင်ကြီးကိုဖွင့်ဖို့ ကျွန်တော် စီစဉ်ထားပါတယ်။ ဒီက ဆန်စပါး ခနဲ့ ဆောက်လုပ်ရေးပစ္စည်း အရောင်းအဝယ်ကိစ္စတွေကိုလည်း ဆက်လုပ်ရမှာပါ။ ဒါမှ တောရော မြို့ပါ လုပ်ငန်းတွေတိုးချဲ့ပြီး ဝင်ငွေကောင်းအောင် ဆောင်ရွက်နိုင်မှာပါ"

ထိုအခါမှ အဘိုးက ...

"အေး ... အေး ... မင်းတို့ လူလတ်ပိုင်းအရွယ်က ဥစ္စာရှာပြီး ငါ့မြေးတို့အရွယ်က ပညာရှာရမယ့် အချိန်ပေါ့။ အဘိုးတို့ အရွယ်ကတော့ နေဝင်ချိန်ရောက်ပြီကွယ့်။ ကုသိုလ်ဘာဝနာ တရားရှာရမဲ့အရွယ်တွေဘဲ။ ကဲ ... ဒီနေ့ ည(၇)ရက်လည်သည်အထိ မြန်မာလေ့ထုံးစံအရ ဒီအိမ်ကြီးမှာနေကြပြီး မနက်ဖြန် ပြန်ကြတော့။ သမီးမြခင်က သမီးအမေကို မြို့ပေါ် ခေါ်သွားပြီး သမိုင်းအိမ်ကြီးမှာ စိတ်ပြေလက်ပျောက် ပြောင်းရွှေ့နေကြပေတော့။ အဘိုးနဲ့ငါ့မြေးက အငယ်မ မြတင်နဲ့အတူ ဒီရွာမှာ ခေတ္တနေပြီး မြွေစင်ကန် ဘုရားပျက်ကလေးကို အသစ်ပြုပြင်မွမ်းမံ ပူဇော်ပြီးတာနဲ့ သမိုင်းအိမ်ကြီးကို လိုက်ခဲ့မယ်ကွယ့်"

"ဟုတ်ကဲ့ပါ ... အဖေ"

ထိုညက မိသားစုဝင်အားလုံး ဆင်ဖုန်ရွာ အဘိုးတို့အိမ်ကြီးတွင် စုစုဝေးဝေး ညအိပ်ကြပါတယ်။ အဖေကတော့ မြွေစင်ကန် ဘုရားဟောင်းကလေး ပြုပြင်မွမ်းမံတည်ဆောက်ရန်အတွက် အုတ်အင်္ဂတေ၊ သဲ၊ ထုံးများနှင့် လိုအပ်သော ပစ္စည်းများကို ဝယ်ယူစုဆောင်းပြီး အုတ်ပုံဆိပ်ကမ်းမှ ဆင်ဖုန်ရွာသို့ ကူးသန်းသွားလာပြီး ဝယ်ယူစုဆောင်းပေးမည်ဖြစ်ပါသည်။

(၇)ရက်ပြည့်ပြီး နောက်တစ်နေ့မနက်တွင် အဖေက အုတ်ပုံဆိပ်သို့သွားရင်း အမေနှင့်အဘွားအား သမိုင်းအိမ်ကြီးသို့ လိုက်လံပို့ဆောင်ပါသည်။ ကျွန်တော်နှင့် အဘိုးကတော့ မြွေစင်ကန်ပေါ်ရှိ ဘုရားပျက်ကလေး





အား အသစ်ထပ်မံတည်ဆောက်ရန်အတွက် ဘုရားစေတီ တည်ဆောက်သူ ပန်းရံဆရာများနှင့် ညှိနှိုင်းတိုင်ပင်ပြီး စတင်၍အကောင်အထည် ဖော်နေရပါတော့သည်။ အဘိုးကလည်း ရွာဦးကျောင်းဆရာတော်နဲ့ တိုင်ပင်၍ ဆင်ဖုန်၊ မဒရွာသူကြီးနှင့် သက်ဆိုင်ရာ လူကြီးများကိုပါခေါ်ပြီး မြွေစင်ကန် ဘုရားပျက်အားမွမ်းမံတည်ဆောက်ရန်အတွက် တိုင်ပင်နှီးနှောကြပါသည်။

ထို့ကြောင့် မူလက (၄)၊ (၅)တောင်ခန့်သာရှိသော မြွေစင်ကန် ဘုရားပျက်ကလေးအား (၉)တောင်ပြည့် စေတီတည်ရန် ရွာဦးကျောင်း ဆရာတော် ဦးနန္ဒမာလာ၏ ညွှန်ကြားချက်ကိုလိုက်နာပြီး (၉)တောင်ပြည့် စေတီတည်၍ ရွှေပြီးနီးချိန် ထီးတော်တင်ရန် ဘုရားပွဲလုပ်ရန်ကိစ္စများကို ပါ ကျယ်ပြန့်စွာ အစီအစဉ်ရေးဆွဲပြီး ဂေါပကအဖွဲ့၍ ဆောင်ရွက်ကြရပါတော့သည်။ ဘာသာရေးကိစ္စဖြစ်သောကြောင့် မလွဲမှားစေရန်လည်း အတွေ့အကြုံရတတ်ကျွမ်းသူ ပညာရှင်များဖြင့်လည်း တိုင်ပင်နှီးနှောကြရပါသည်။ အဖေ၏မိတ်ဆွေ အပေါင်းအသင်း အဆက်အသွယ်များကြောင့် ကြည့်မြင်တိုင်ဘက်မှ ဘုရားတည်သူ၊ ပန်းတဉ်းပညာရှင်အား ငှားရမ်းပြီး လုပ်ငန်းကိစ္စအဝဝကို အပ်နှံရပါတော့သည်။

ထို့ကြောင့် ကျွမ်းကျင်သော ပညာရှင်များ၏ အစွမ်းကြောင့် (၁) လခန့်အကြာတွင် မြွေစင်ကန်ဘောင်ပေါ်၌ ရွှေရောင်ဝင်းနေသော (၉) တောင်ပြည့်စေတီကလေးအား သပ္ပာယ်စွာ ဖူးမျှော်ကြရပါတော့သည်။ တောင်ဘက်တွင် အာရုံခံတန်ဆောင်းလည်း ဆောက်လုပ်ထားပြီး ကန်ဘောင်ရိုးအားလည်း အုတ်စီ၍ ခိုင်မာအောင် ပြုပြင်ထားပါသည်။ မြွေစင်ကန် အရှေ့ဘက်ရှိ ကြာကန်ကြီးကိုလည်း လေးဘက်လေးတန် အုတ်စီဘောင်ခတ်ပြီး မြွေစင်ကန်စေတီတော်၏ ဘုရားကန်အဖြစ် သတ်မှတ်လိုက်ကြပါတော့သည်။

ထို့ကြောင့် မြွေစင်ကန်မှာ သာယာပြီး သပ်ရပ်သန့်ရှင်းသော အပန်းဖြေစရာ နေရာဒေသတစ်ခု ဖြစ်လာပါတော့သည်။ ကိစ္စများပြီးစီးသော် အဘိုးက သူတို့အိမ်ကြီးနှင့် လယ်ကွင်းများ၊ ခနိုခြံများကို စိတ်ချယုံကြည်ရသူ တူတစ်ယောက်အား တာဝန်လွှဲပေးပြီး သမိုင်းအိမ်ကြီးသို့

www.burmeseclassic.com



ပြောင်းရွှေ့နေထိုင်ကြပါတော့သည်။ ထိုအချိန်ကတည်းက ကျွန်တော် ဆင်ဖုန်၊ မဒရွာများဘက်သို့ မရောက်ဖြစ်ခဲ့တော့ပါ။ သမိုင်းအိမ်ကြီးမှ သွားလာရန် အဆင်ပြေသော ကန့်တွင်းတောနှင့် သဃ်န်းကျွန်းကြီးရွာဘက်ကိုတော့ မကြာခဏ ရောက်ဖြစ်ပါသည်။ အတန်းကြီးလာသည်နှင့်အမျှ အထက်တန်းသို့ ရောက်သည်နှင့် ကျောင်းပိတ်ရက်ရှည်များမှအပ မိဘ၊ အဘိုးအဘွားတို့၏ မွေးရပ်မြေရွာများသို့ အတော်နှင့် မရောက်ဖြစ်တော့ပါ။ အဖေသာလျှင် တုံကင်းကြီးတစ်စီးဖြင့် သွားလာလှုပ်ရှားနေပါသည်။

သမိုင်းအိမ်ကြီး၌လည်း ဆောက်လုပ်ရေးပစ္စည်းနှင့် အထွေထွေ လှူသုံးကုန်ပစ္စည်းများ ရောင်းချနေပြီဖြစ်၍ အမေနှင့် အစ်မကြီးတို့လည်း ရွာမပြန်နိုင်ကြတော့ဘဲ အရောင်းအဝယ်လုပ်ငန်းများ ထိထိရောက်ရောက် ပါဝင်လှုပ်ရှားနေကြပြီ ဖြစ်ပါသည်။ ကျွန်တော်ကတော့ အထက်တန်းကျောင်းသားအဖြစ် ကျောင်းတက်ဆဲ ဖြစ်ပါသည်။

✿ ✿ ✿

## အခန်း (၂)

❑

ကျွန်တော်တို့မောင်နှမ အစဉ်အဆက် သမိုင်းအိမ်ကြီးနှင့်နီးသော သမိုင်းကုန်းကျောင်းခေါ် ပါသာဒိကာရုံ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ အစိုးရမူလတန်းကျောင်းတွင် မူလတန်းအောင်သည်အထိ တက်ရောက်သင်ကြားခဲ့ရသည်။ အလယ်တန်းတွင် သမိုင်းမြို့မကျောင်းသို့ ပြောင်းရွှေ့ပြီး ပညာသင်ကြားရပါသည်။ သတ္တမတန်းအောင်တော့ အမှတ် (၁)အထက်တန်းကျောင်း မရမ်းကုန်းသို့ ပြောင်းရွှေ့ပြီး ပညာသင်ကြားရပါသည်။ အဋ္ဌမတန်း ပညာသင်ကြားနေပြီး နွေရာသီကျောင်းပိတ်ရက်အတွင်း မွေးရာအထိ သဃ်န်းကျွန်းကြီးရွာသို့ အလည်အပတ်သဘောဖြင့် ပြန်နေပါသည်။ …င်နှင့် အစ်ကို၊ အစ်မ ညီများကတော့ အဘိုးအဘွားတို့နှင့်အတူ သမိုင်းအိမ်ကြီးသို့ ပြောင်းရွှေ့ပြီး အခြေချ နေထိုင်နေကြပြီဖြစ်ပါသည်။

အဖေကတော့ သဃ်န်းကျွန်းကြီး စစ်ပင်၊ ပေါက်တလောက်၊ …ားဝယ်ချောင်၊ ဆင်ဖုန်၊ မဒရွာများတွင် လယ်ယာစိုက်ပျိုးခြင်းနှင့် ဓနိ …ထုပ်ငန်းအပြင် စပါး (၅၀၀၀)ပါ တုံကင်းကြီးဖြင့် ကူးသန်းသွားလာခြင်း ရောင်းဝယ်ဖောက်ကားနေရသောကြောင့် သမိုင်းအိမ်ကြီးတွင် အနေမြဲပြီး

www.burmeseclassic.com



သယံနိုးကျွန်းကြီးရွာတွင် အခြေချနေထိုင်သည့် အချိန်က များပါသည်။ ထို
ကြောင့် ကျွန်တော်၏ ကျောင်းပိတ်ရက်ရှည်များတွင် သယံနိုးကျွန်းကြီး
သို့ ကျွန်တော့်အားခေါ်ဆောင်ပြီး အဖေနှင့်အတူ တုံကင်းကြီးဖြင့် လုပ်
ကိစ္စအဝဝကို လိုက်ပါဆောင်ရွက်ခြင်း အားရက်များတွင် ကန်တွင်းတော
ဝင်၍ အဖေ၏ အပေါင်းအသင်းများနှင့်အတူ အမဲလည်ခြင်း၊ သစ်ခါး
ခြင်း၊ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရပါသည်။

ထိုအချိန်တွင် ကျွန်တော်၏အရွယ်မှာ လူပျိုပေါက်အရွယ်ဖြစ်
အသက်က (၁၆)နှစ်ခန့်ရှိပြီဖြစ်ပါသည်။ ငယ်စဉ်ကပင် ကျန်းမာရေးလို
စားပြီး အထက်တန်းကျောင်းကြီးသို့ ရောက်ရှိသောအခါ ရေကူး၊ ဘော
လုံးကန်၊ ဘောလီဘောပုတ်၊ အလေးမ စသည့် အားကစားလုပ်ငန်း
စတင်လုပ်ဆောင်နေပြီဖြစ်သောကြောင့် ခန္ဓာကိုယ်မှာလည်း အချိုးအဆစ်
ဖြစ်၍ ကျားကျားလျားလျားဖြစ်၍ လာပါတော့သည်။

ထို့အပြင် အဖေက သယံနိုးကျွန်းရွာဦးကျောင်း ဆရာတော်
ပွဲကျောင်းထွက်ဖြစ်သောကြောင့် ယောကျ်ားတို့တတ်အပ်သော ကိုယ်လုံ
များကို အပ်နှံသင်ကြားပေးပြီး အစ်ကိုကြီးဖြစ်သူက မြန်မာသိုင်းနှင့် ဗန်
ဗန်ရှည်ပညာများကို သင်ကြားပေးသောကြောင့် ကျွန်တော့်မှာ ကိုယ်
ကိုယ်ထည် ထွားကျိုင်းပြီး အားကစားလေ့ကျင့်ခန်းများအပြင် ကိုယ်
ပညာလည်း ထိုက်သင့်သလောက် တတ်ကျွမ်းနေပြီဖြစ်ပါသည်။ သို့သော်
တောနယ်ကိုချစ်သော ဝါသနာနှင့် ငှက်ပစ်၊ အမဲလိုက်သော ဝါသနာများ
တော့ မစွန့်လွှတ်နိုင်ဘဲ ဝါသနာပါမြဲ ဖြစ်ပါသည်။

ထို့ကြောင့် နွေဦးကာလ ကျောင်းပိတ်ရက်ရှည်ပိတ်သော အချိန်
ကာလတွင် အဖေနေထိုင်ရာ သယံနိုးကျွန်းကြီးရွာသို့ သွားရောက်လည်ပတ်
နေထိုင်ရင်း ငယ်စဉ်ကပင် ပျော်ရွှင်စွာ ဆော့ကစားခဲ့သော ကန်တွင်းတော
သို့ ရောက်ခဲ့ပြန်ပါသည်။ အချိန်က ၁၉၆၁ ခုနှစ် နွေရာသီခန့်က ဖြစ်ပါ
သည်။

တန်ခူးလဆန်းတာနဲ့ ကောင်းကင်ယံမှာ မိုးသားတွေတက်လာ
သည်။ ဒီနှစ်သကြန်အကြိုမိုး စောစောရွာပြီး မိုးဦးကျ စောမယ်ထင်





။ ထင်ထားတဲ့အတိုင်းပါပဲ။ ညဘက်မှာ သကြန်အကြိုမိုးက သဲသဲမဲမဲ
တယ်။ နောက်နေ့လည်း (၂) ရက်ဆက်တိုက် မိုးရွာတယ်။ ဒါဆို မနက်
နက် ကန်တွင်းတောထဲမှာ မှိုတွေပေါက်ပြီး ဖက်ဆွတ်မှို၊ တောင်ပို့မှို
ဖုံးနက်ဆိုတာတွေက သဘာဝမှိုတွေပဲ အုံနဲ့ကျင်းနဲ့ကိုပေါက်တာ။ တစ်
ကျင်းတစ်ကျင်း ပိဿာနဲ့ချီပြီးရတာ အိမ်ထောင်စုတစ်စု အဝစားလို့ လို
ဘက်ရှုံတင်မက မှိုရာသီမှာ ရောင်းစားလို့တောင်ရတယ်။ လက်ဦးဖို့
တော့ အရေးကြီးတယ်ဗျ။

ကျွန်တော်တို့ရွာက ကန်တွင်းတောနဲ့ (၄)မိုင်လောက်တော့ ဝေးတယ်။
ဝေးမယ့် ဝီရိယကောင်းပြီး စောစောသွားရင်တော့ မီပါတယ်။ ရွာလေ
မှိုကျင်းကို အလျင်တွေ့လို့ ဦးသူက အနားမှာ ငုတ်တိုင်စိုက်ထားရင် ဗိုင်
ရှိတယ်ပေါ့။ တခြားသူက မခူးတော့ဘူး။ လက်ရှောင်တယ်။ စည်းကမ်း
ပြီး ခူးမိရင်လည်း မှိုကျင်းက အစောင့်မြွေက ကိုက်တတ်သတဲ့လေ။
ကျင်းဆိုတာကလည်း တစ်ညတစ်ရက်တည်း ခူးရတာမျိုး မဟုတ်ဘူး။
လာတဲ့ မှိုပွင့်ကြီးတွေကို အလျင်ခူးပြီး ကျန်တဲ့ မှိုပေါက်စတွေကို
ပတ်လောက်စောင့် ရတတ်တယ်။ တောင်ပို့မှိုလည်း ဒီအတိုင်းပဲ။ နှစ်စဉ်
ပေါက်နေကျနေရာမှာ ပေါက်တတ်တယ်။ အဆိပ်မရှိဘူး။ သဘာဝမှိုတွေပဲ။
လွန်အရသာရှိတယ်။

အင်ဥမှိုကတော့ မိုးဦးကျ၊ အင်ဖက်အကြွေတွေအောက်မှ ကပ်
ပေါက်တာ။ နီညိုရောင်အလုံးကလေးပဲ။ ဟင်းသားနဲ့ချက်စားရင် အလွန်
ကောင်းတာ။ အိနေတာပဲ။ တောသဘာဝ၊ တောစာ၊ တောင်စာဟာ မိုးဦး
မှာ အလွန်ပေါတယ်။ မှိုနဲ့မျှစ်အပြင် ဖလံတောင်ဝှေး၊ ရေစ်ရိုးဆိုတာ
တာလည်း မိုးဦးကျမှ ပေါက်တတ်တာ။

ကျွန်တော်တို့ရွာကို သယံနိုးကျွန်းကြီးရွာလို့ခေါ်တယ်။ အတွင်းကျ
ယ် ပြည်လမ်းမကြီးနဲ့နီးပြီး အဆက်အသွယ်ကောင်းတယ်။ ငမိုးရိပ်
ကင်းဘေးက ပေါက်တလောက်၊ ထားဝယ်ချောင်၊ စစ်ပင်၊ မဒ၊ ဆင်ဖုန်
တွေနဲ့လည်း မဝေးလှဘူး။ မလှမ်းမကမ်းမှာ ရှိတယ်။ လေးရွာအုပ်သူကြီး
ပိုင်စားရွာကြီးမို့ စည်ကားပါတယ်။

www.burmeseclassic.com



ကျွန်တော်တို့ဘကြီး ဦးစံခိုင်က လေးရွာအုပ်သူကြီး။ အင်္ဂလိ ခေတ်နှောင်းပိုင်းကတည်းက ဆွေစဉ်မျိုးဆက် သူကြီးဖြစ်ခဲ့ပြီး ဂျပန်ခေ ပါလီမန်ခေတ်အထိ သူကြီးပါပဲ။ အဖေကတော့ ဦးစံကြိုင်တဲ့။ ဂျပန်ခေ ပါလီမန်ခေတ်အထိ သူကြီးပါပဲ။ အဖေကတော့ ဦးစံကြိုင်တဲ့။ သူကြီ ညီမ မိသားစု လယ်ကေ ရာနဲ့ချီပိုင်ပြီး လယ်ယာလုပ်ငန်းအပြင် ခနီခြံလုပ် စပါးတင်း (၅၀၀၀) ဆံ့ စက်တပ်တုံကင်းကြီးတစ်စီးနဲ့ ငမိုးရိပ်ချောင်း လျှောက် လှိုင်မြစ်အထိ သွားလာလှုပ်ရှားနေတဲ့ ကုန်သည်လို့ ဆိုရမှာ ဘိုးစဉ်ဘောင်ဆက် နေနိုင်ပေမယ့် ခရီးထွက်တာ၊ စွန့်စားရှာဖွေရတာ အလွန်ဝါသနာကြီးတယ်။

ကန်တွင်းတောဆိုတာကလည်း အဖေ့ခြေရာတွေချည်းပါပဲ။ အ သားဖြစ်တဲ့ ကျွန်တော်ဟာလည်း အဖေ့ခြေရာကို နင်းပါတယ်။ ငယ် ကလေးဘဝကတည်းက ခွတစ်ချောင်းနဲ့ ရွာစဉ်လျှောက် ငှက်ပစ်ခဲ့သ အဖေတပည့် ဦးသံချောင်းသင်ပေးထားလို့ ကြက်ထောင်၊ ငှက်ထောင်၊ မြ ငါးဖမ်း၊ ငါးမျှားတာ အလွန်ဝါသနာပါတယ်။ ရွာမှာ အတန်းကျောင်းလည မရှိတော့။ ဘုန်းကြီးကျောင်းထွက်ပေါ့ဗျာ။ အရင်က ပွဲကျောင်းလို့ခေါ် ရွာတောင်ကျောင်းဟာ အခုတော့ ကျောင်းထိုင်ဆရာတော် ဦးသောဘိတ ပရိယတ္တိ၊ ပဋိပတ္တိ ပဋိဝေဒစာပေတွေကိုသင်တဲ့ ထေရဝါဒကျောင်း စ ဖြစ်လို့ ဘာသာရေးစာပေကိုပဲ အလေးထားပြီး သင်ကြားပါတယ်။

ပွဲကျောင်းထွက် အဖေက သိုင်း၊ ဗန်တိုဗန်ရှည် သင်ပေးလို့ ကို ကိုယ်ကို ကာကွယ်ဖို့တော့ တတ်ပါတယ်။ သေနတ်ပစ်၊ တောလိုက် ကလည်း အဖေသင်ပေးထားတာပါ။ ရွာကျောင်းက ရတနာရွှေချိုင့်၊ အ အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ပရိတ်ကြီး (၁၁)သုတ်၊ ဇာတ်ကြီး (၁၀)ဘ ကျွန်တော် သင်ရိုးကုန်ပြီးပြီ။ မြို့နဲ့ဝေးတော့ အတန်းကျောင်းလည ဆက်မတက်နိုင်တော့ဘူး။

ကျွန်တော်တို့က ချမ်းသာပါတယ်။ မြို့သွားပြီး အတန်းကျော လည်း တက်နိုင်ပါတယ်။ မြို့မှာ ဆွေမျိုးတွေကလည်း ရှိတယ်။ ဒါပေမ





ကျွန်တော်ကိုယ်က စိတ်မပါတာ။ ဘာလုပ်မလဲဗျာ။ မိဘကလည်း ပစ္စည်း ဥစ္စာချမ်းသာ၊ ရာထူးလည်းမလို၊ စာရေးတတ်၊ ဖတ်တတ်ရင် တော်ပြီပေါ့။ အဲ . . . ပြောရဦးမယ် အဖေက အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်တွေကမိခဲ့တော့ စကားအပြောအဆို ကျွန်တော့်ကို သင်ပေးထားတယ်။ အတန်းပညာမတတ် ပေမယ့် မြို့ပိုင်တွေ၊ ရာဇဝတ်အုပ်တွေ နယ်ဆင်းလာရင် ကျွန်တော် ဝင်ရော လို့ ကျွန်တော့်ကို ချစ်ခင်ကြပါတယ်။ အဲ့ဒီတုန်းက ကျွန်တော့်အသက် ဘာရှိ သိမ့်ဦးမတုံး။ (၁၀)နှစ်ကျော်ဝန်းကျင်ပေါ့။

အဖေတို့ စပါးသယ်၊ ခနီပို့ရင်လည်း ကျွန်တော် လိုက်တာပဲ။ အလကားနေတာတော့ မဟုတ်ဘူး။ ငမိုးရိပ်ချောင်းကမ်းဘေးက ငှက်မျိုးစုံ ကို အဖေဝယ်ပေးထားတဲ့ နံပါတ်ဝမ်းလေသေနတ်ကလေးနဲ့ လက်တည့်စမ်း ပြီးပစ်တာ။ အကုသိုလ် အကျိုးပေးသန်လို့လားတော့ မသိဘူး။ တစ်ချက် တစ်ကောင်ပဲ။ ဒါကြောင့် အဖေက ကျွန်တော့်ကို တစ်ချက်တစ်ကောင် မောင်မောင့်လက်ဆောင်ဆိုပြီး ဂုဏ်ပြုတယ်။ ကျွန်တော် ပစ်လို့ရသမျှ ငှက် တွေကိုလည်း အဖေက ကြော်နိုင်းပြီး အရက်နဲ့မြည်းတာကိုး။

ကျွန်တော် လေသေနတ်နံပါတ်ဝမ်းကို နိုင်နင်းတော့ အဖေက နီတိုက်က လေသေနတ်နံပါတ်တူးကို ဝယ်ပေးတယ်။ နံပါတ်တူးအန္တရာယ် ရှိတော့ အဖေ့မိတ်ဆွေ ဌာနအုပ်ရဲ့ထောက်ခံချက်တော့ လိုတာပေါ့။ လေ သေနတ်နံပါတ်တူးက ခဲသီးကြီးပြီး ပြင်းအားများတော့ တောကြွက်၊ တော ကြောင်၊ ချေပေါက်၊ တောဝက်ပေါက်လောက်တော့ သေစေနိုင်ပါတယ်။ ဒါကြောင့် အဖေက ကျွန်တော့်လေသေနတ် နံပါတ်တူး၊ နံပါတ်ဝမ်းကို နိုင်နင်းသလို ကျွမ်းကျင်ရင် ကန်တွင်းတောထဲ အမဲလည်တဲ့နေ့ကျရင် ခေါ် မယ်လို့ ကတိပေးထားတယ်။

ဒါကြောင့် ကျွန်တော် အိမ်အအနောက်ဘက်က စိုက်ခင်းကျယ် ကြီးထဲမှာ နို့ဆီခွက်နဲ့ ပုလင်းတွေထောင်ပြီး အဝေးအနီး ပစ်ခတ်လေ့ကျင့် သိုက်ရတာ အမောပါပဲ။ သေနတ်ရှည် (ရိုင်ဖယ်)အမျိုးမျိုး နံပါတ်ဝမ်းကို နိုင်တော့ နံပါတ်တူးကလည်း မခက်ပါဘူး။ တွန်းအားကို လက်ငြိမ်နဲ့ ထိန်း

www.burmeseclassic.com



ဖို့ပဲ လိုပါတယ်။ အဖေအလုပ်အားတဲ့ တစ်ရက်မှာ ကျွန်တော်တို့ ကန်တွင်း တောထဲ လှည်းတစ်စီးနဲ့ ထွက်ခဲ့ကြတယ်။ အဖေနဲ့ သူ့တပည့် ဦးသံချောင်း အပြင် ထမင်းချက် (၂)ယောက်လည်း ပါသေးတယ်။ ဦးသံချောင်းက လှည်းမောင်းတယ်။ မနက်ကထွက်တာ နောက်ကျတာမို့ တောစခန်းရောက်တော့ မွန်းတည့်ပြီ။ စခန်းထဲရောက်စရာ မလိုတော့ဘူး။ အဖေတို့ မကြာခဏ ဝါးခုတ်လာနေရတော့ တဲစခန်းကို အမိုးအမာ လုံခြုံအောင်ဆောက်ထားတယ်။ ခနိုမိုး ဝါးကပ်ကာပြီး တဲတံခါးတွေကိုပါ လုပ်ထားတော့ အတော်စိတ်ချရတယ်။ ကင်းစောင့်စရာတောင် လိုမယ်မထင်ဘူး။

နေ့လယ်စာ ချက်ပြုတ်စားသောက်ပြီး ခေတ္တနားတယ်။ ညနေစောင်းတော့ ကျွန်တော်တို့ တောလည်ထွက်ခဲ့ကြတယ်။ အဖေက နှစ်လုံးပြူး သေနတ်ထမ်းပြီး အမဲလိုက်စား ခါးထိုးထားတယ်။ ကျွန်တော်ကတော့ လေသေနတ်လွယ်ပြီး ဘောင်းဘီရှည်ဝတ်၊ ခါးပတ်ပတ်၊ ရေဘူးကို ခါးချိတ်ထားတယ်။ ဦးသံချောင်းကတော့ တူမီးသေနတ်ကိုထမ်း။ အဖေနဲ့ သူ့အတွက် အရက်ဗူးကိုလွယ်၊ ငှက်ကြီးတောင်ဓားကို နောက်ပိုးပြီး အားနဲ့မာန်နဲ့ လိုက်နေတယ်။ ညနေခင်း အချိန်စောသေးတော့ ကြက်ငှက်နဲ့ မျောက်ညိုတွေလောက်ပဲ တွေ့ရတယ်။ ကျွန်တော်က လက်ယားနေပေမယ့် အဖေက မပစ်ခိုင်းတော့ မပစ်ရဲဘူး။ ငြိမ်နေရတယ်။

''ကဲ ... သားရေ မင်းလက်ကို စိတ်ချရပေမယ့် တောစည်းကမ်း တောင်စည်းကမ်းဆိုတာ ရှိတယ်ကွ။ ဒီနေ့ မင်းကို အဖေနဲ့ဦးလေးသံချောင်းက သင်ပေးမယ်။ အသေအချာ မှတ်ထားပါ။ မုဆိုးအမဲလိုက်တယ်ဆိုတာက သူ့အသက်၊ ကိုယ့်အသက်လုရတဲ့ပွဲမျိုးလည်း ရှိတယ်။ ကိုယ့်မှာ သေနတ်ကြီးပါပေမယ့် တောကောင်မှာလည်း ဦးချိုရယ်၊ အစွယ်ရယ်၊ အလွန်သန်မာတဲ့ ခြေတွေလက်တွေပါတယ်။ တောကောင်အထာကို မုဆိုးက လိမ္မာပါးနပ်စွာ အကဲခတ်တတ်ရမယ်။ တစ်မဟုတ်ချင်း ဆုံးဖြတ်ချက်မှန်ကန်ရမယ်။ တောကောင်တွေဟာ တစ်ကောင်နဲ့တစ်ကောင် မတူဘူး။ အထူးသဖြင့် အင်အား





ကြီးမားတဲ့ ကျား၊ ဆင်၊ တောဝက်၊ ဆိုင်၊ ဆတ်၊ ပြောင်တွေကို သတိထားရမယ်။ အဲ .. အုပ်စုနဲ့ ကျယ်တတ်တဲ့ တောခွေးတွေကိုလည်း သတိထားရမယ်။ ကျန်တာတွေက မိုင်နာတွေ ဆိုပါတော့''

''အရေးကြီးတာက စသင်ပေးမယ်''

''ကဲ .. သား ... အဖေတို့ စထွက်လာတာ တောင်အရပ်ဆိုပါတော့။ အရှေ့အရပ်က ဘယ်ဘက်မှာလဲ''

''ဒါက လွယ်ပါတယ်။ အဖေရော တောင်ဘက်ကို လက်ယာထား အရှေ့အရပ်ကို မျက်နှာမူ၊ လက်ဝဲက မြောက်အရပ် ကျောဘက်က အနောက်အရပ်ပေါ့''

''အေး ... သားက တော်ပါတယ်။ အရှေ့အနောက် တောင်မြောက်မသိနိုင်တဲ့ ညအချိန်ဆိုရင်ရောကွာ''

''ကြယ်တွေကိုကြည့်မှာပေါ့ အဖေရ။ မြောက်အရပ်မှာ ဓူဝံကြယ်ရှိတယ်လေ''

''မိုးအုံ့ပြီး တိမ်ဖုံးနေရင်ကောကွာ''

''အင်း ... အဲဒါတော့ အခက်ပဲ''

''မခက်ပါဘူး သားရဲ့။ မိုးတွင်းမှာလည်း နေသာချိန်ကလေး ရှိတတ်ပါတယ်။ နေဟာ မနက် နေထွက်ချိန်နဲ့ ညနေ နေဝင်ချိန်ဟာ ဘယ်အချိန်က ပိုကြာသလဲ''

''နေဝင်ချိန်က ပိုကြာပါတယ် အဖေ''

''အေး ... နေထွက်တာနဲ့ နေဝင်တာ ဘယ်အချိန်က နောက်ကျသလဲ''

''နေထွက်တာက အရင်၊ နေဝင်ချိန်က နောက်ကျပါတယ်''

''ဟုတ်ပြီ။ အဲဒီတော့ မိုးချုပ်လို့ အရှေ့အနောက်တောင်မြောက် မှန်းဆနိုင်ရင် တောအုပ်ထဲကထွက်၊ သစ်ပင်ကျဲတဲ့နေရာက သစ်ပင်ကြီးတစ်ပင်ရဲ့ ပင်စည်ကို လက်နဲ့စမ်းကြည့်ရင် နေရောင်တိုးထားလို့ ပူနေမယ်။ အဲဒါ အနောက်အရပ်ဘဲ။ အနောက်ဘက်သိရင် သား ခန့်မှန်းတတ်ပါပြီ''

www.burmeseclassic.com



"အေး . . . နောက်တစ်ခုက အမဲလိုက်ရာမှာ အဓိကကျတဲ့ ထေ
တင်လေအောက်ရွေးနည်းပဲ။ တောကောင်တွေက မျက်စိလျှင်၊ နားပါးတဲ့
အပြင် အနံ့ခံ အလွန်ကောင်းတယ်။ လူတွေထက် သာတယ်"

"မိုးခြစ် ခြစ်ကြည့်မှာပေါ့ အဖေရ"

"မီးခြစ်ခြစ်သံကို တောကောင်က နားပါးတော့ သိတယ်။ ဓာတ်မီး
မီးလောင်ညှော်နံ့ကိုလည်း သူတို့က ခံစားတတ်တယ်။ သစ်ရွက်ခြောက်ကလေး
တွေကို ချေကြည့်ရင်လည်း လွင့်သွားတဲ့ဘက်က လေအောက်ပေါ့။ မီး
ကလည်း သားကောင်နဲ့ အလွန်နီးကပ်နေရင် မသုံးသင့်ဘူး။ ဝါဂွမ်းစကလေး
တွေ ဆောင်ထားရင်တော့ အဆင်ပြေတယ်။ မှဆိုးသဘာရင့်ရင်တော့ သစ်ရွက်
လှုပ်တာ၊ တောကောင်အသံကြားရာ အနီးအဝေးကို ချိန်ပြီး ခွဲခြားသိနိုင်
ပါတယ်"

"နောက်တစ်ခုက ခြေသံလုံဖို့ အရေးအကြီးဆုံးပဲ။ မှဆိုးဟာ မိနစ်
စီးထားထား မထားထား အောက်ခြေမြေပြင် အနေအထားအရ ခြေထောက်
ကိုလှမ်းပြီး ခြေချရာမှာ ခြေဖျားထောက်ပြီး ခြေဖျားချပြီး ဖနောင့်ကို
အသာချရမယ်။ သစ်ရွက်ခြောက်နဲ့ သစ်ကိုင်းခြောက်တွေကို ကြည့်ရှောင်
ရမယ်"

"နောက် အရေးကြီးတာက နားနေစဉ် မဆိုလိုဘူး။ အမဲလိုက်
နေစဉ်မှာ ကွမ်းမစားရ၊ ဆေးလိပ်မသောက်ရ၊ အရက်မသောက်ရဘူး။ တော
ကောင်တွေက အနံ့ခံ အလွန်ကောင်းတယ်"

"ဟုတ်ကဲ့ပါ အဖေ"

"အေး . . . ကျန်သေးတယ်"

"ငါ့သားက ပစ်မှတ်အသေနဲ့ သေနတ်ပစ်လေ့ကျင့်ထားတော့
လှုပ်ရှားပစ်မှတ်ကို ပစ်တဲ့နေရာမှာ ပညာလိုသေးတယ်။ အပြေးအလွန်မြန်တဲ့
ဖြောကောင်ကိုပစ်ရင် တောကောင်ရဲ့ ကိုယ်ထည်တစ်လျား ကြိုချိန်ပြီး
ပစ်ရတယ်။ တောကောင်တစ်ကောင်နဲ့တစ်ကောင် မတူဘူး။ ဒါကတော့
ပစ်ရင်းခတ်ရင်း အလုပ်သဘောက သင်ပေးသွားလိမ့်မယ်။ တောကောင်





တွေရဲ့ သေကွင်းသေကွက်တွေကို နားလည်ထားရမယ်။ ဦးခေါင်းလည်တိုင်
ဆိုရရင် လက်ပပ်ကြား အဲ့ဒီနေရာတွေက အသေအချာမှန်ရင် ဘယ်တော
ကောင်မဆို သေနိုင်တယ်။ အရေးကြီးတဲ့နေရာတွေပဲ မှတ်ထား"

"ဟုတ်ကဲ့ပါ အဖေ"

"ကဲ . . . ငါ အာခြောက်ပြီကွာ။ ရေတစ်ငုံလောက်ပေးစမ်း"

ကျွန်တော်က ခါးတွင်ချိတ်ထားသော ရေဘူးကိုလှမ်းပေးတော့
အဖေ ရေတစ်ငုံသောက်သည်။

"ကဲ . . . ဒီ ဖင်ပြွန်းပင်အောက် ခဏနားကြမယ်။ ရှေ့ တောင်
ကုန်းပေါ်ရောက်ရင် ဂုံညင်းလျှိုနဲ့နီးနေပြီ။ စကားမပြောရတော့ဘူး ။ရေစမ်း
ရှိတယ်။ တောကောင်တွေ နေ့လယ်နေ့ခင်း အိပ်ကြပြီး ရေသောက်ဆင်း
ကြတော့မယ်။ မှဆိုးဆိုတာ ရေကိုလည်း ရွေးတာသောက်ရမယ်။ ကဲ . . .
သံချောင်းရေ . . . မင်းအလှည့်ပဲ။ မင်းတူကို တောကောင်တွေထောင်ဖမ်း
နည်းနဲ့ တောဆေးတောင်ဆေး မုဆိုးဆေးတွေအကြောင်း ပြောပြလိုက်
ဦး"

"ဟုတ်ကဲ့ . . . အစ်ကို"

"တောကြက်၊ တောငှက်နဲ့ အကောင်ငယ်ကလေးတွေ ထောင်
နည်းတော့ မင်းကို သင်ပေးပြီးပါပြီ။ တောကောင်ကြီးတွေ ထောင်နည်းက
တော့ နင်းကိုင်းနဲ့ ပိုက်ထောင်နည်း၊ ကျင်းထောင်နည်းတွေပဲ။ တဖြည်းဖြည်း
လက်တွေကသင်ပေးမယ်။ တောဆေးတောင်ဆေး မုဆိုးဆေးတွေကလည်း
အများကြီးပဲ။ အရေးကြီးတာက ဆေးဖက်ဝင်သစ်ပင်တွေအကြောင်း သိ
ဖို့လိုတယ်။ ရုတ်တရက် ဒဏ်ရာရရင် သွေးတိတ်အောင်ထည့်တဲ့ ဆေးရွက်၊
အဆိပ်အတောက်ဖြစ်ရင် ဖြေဆေးပင်၊ ငှက်ဖျားဝင်ရင် သောက်တဲ့ဆေး
ပင်၊ ဆေးရွက်၊ ဆေးမြစ်တွေကို ပြထားမယ်"

"အရေးပေါ် ရေရှာနည်းကတော့ ဝါးပင်တွေရဲ့ ဒုတိယအဆစ်
ထဲမှာ ရေရှိတယ်။ ရေငတ်ပြေပင်တွေလည်း ရှိတယ်။ အရွက်ကိုဝါးပြီး အရည်
ကို စုပ်ရတယ်။ ကျားလက်ဝါးနွယ်တွေက ခုတ်ဖြတ်တာနဲ့ အရည်တွေထွက်

www.burmeseclassic.com



လာတယ်။ ရေငတ်ပြေတယ်။ အားတိုးဆေးတစ်မျိုးပဲ။ စားကောင်းတဲ့ အသီးနဲ့ မစားရတဲ့အသီးတွေကိုလည်း ခွဲခြားသိရမယ်''

''သံချောင်းရေ ... ငါတို့ခိုနေတဲ့အပင်က ဖင်ပြွန်းပင်၊ အပြန်ကျတက်ခူးစမ်းကွာ။ ငါး၊ ချေသား၊ ဆတ်သားနဲ့ ချက်စားရင် အလွန်ထမင်းမြိန်တာ။ ဖရစ်ရိုးနဲ့ ဖလံတောင်ဖေ့းလည်းရှာကွာ။ မစားရတာ ကြာပြီ။ ဒီတောင်ပို့မှိုလည်း ဒီရာသီ ရတတ်တယ်''

''တောင်ပို့မှိုဆိုလို့ ပြောရဦးမယ် ...ငါ့တူရေ။ အရောင်ရှိတဲ့မှိုတွေ၊ ခြေကျင်းပါတဲ့မှိုတွေမှာ အဆိပ်ရှိတတ်တယ်။ မစားနဲ့။ စားနေကျမှိုတောင်မှ အဆိပ်ရှိမရှိ စစ်ဆေးပြီးမှ စားရတယ်။ မှိုကို ဖျစ်ကြည့်လို့အရောင်ပြောင်းသွားရင် မစားနဲ့။ လွှတ်ပစ်လိုက်ပေရော့။ တောမှိုဆိုတာ အရသာအလွန်ရှိသလို၊ အဆိပ်ကလည်း ရှိတတ်တယ်။ တချို့မှိုက စားပြီးတာနဲ့ အော့အန်တတ်တယ်။ ဝမ်းလျှောတယ်။ တချို့မှိုက စားပြီး အိပ်ပျော်သွားရင် မနိုးတော့ဘူး''

''အဲဒီအခြေအနေကို သိတာနဲ့ ကန်စွန်းရွက်အရည်နဲ့ ဖလံတောင်ဖေ့းကို ညှစ်လို့ရတဲ့ အရည်တွေက ဖြေဆေးပဲ။ ချောင်းကမ်းစပ်တွေမှာ ဆူးချုံအနေနဲ့ ပေါက်တဲ့ ခရာအပင်အမြစ်နဲ့ ဖားမကြီးပင်အမြစ်၊ ဆေးမြင်းခွာဥတွေကလည်း အဆိပ်ဖြေဆေးတွေပဲ။ အမြစ်ကို ရေနဲ့သွေးပြီး တိုက်ရတယ်။ ရုတ်တရက် ငှက်ဖျားဝင်ရင်တော့ အရွက်ဖားဖားတွန့်နေတဲ့ ဆေးခါးကြီးပင်ကို ရှာပြီးဝါးရတာ။ ဆေးခါးကြီးပင်က ခွေးသေးပန်းပင်လောက်ပဲ''

''ဟုတ်ကဲ့ ... ဦးလေးသံချောင်း''

အဖေက ...

''ကဲ ... သွားကြစို့။ ခြေသံလုံပစေ။ ချောင်းမဆိုးစေနဲ့။ နှာမချေစေနဲ့''

''ဟုတ်''

ကျွန်တော်တို့ ခြေသံလုံလုံဖြင့် လေတင်လေအောက်ကိုကြည့်ပြီး တောတိုး၍ တောင်ကုန်းပေါ်တက်ခဲ့ကြသည်။ လေက မြောက်ဘက်မှ တိုက်





နေသဖြင့် ကျွန်တော်တို့ တောင်ဘက်မှ တက်ခဲ့ကြသည်။ တောင်ဆင်ခြေလျှောနှင့် တောင်ကုန်းပေါ်တွင် ကျွန်း၊ ပျဉ်းကတိုး၊ တောင်သရက်၊ ယမနေမျောက်ချောနှင့် ကညင်ပင်ကြီးများ ပေါက်နေသဖြင့် အောက်ခြေရှင်းသည်။

မုဆိုးလမ်းကလေးမှ တက်ခဲ့ကြပြီး တောင်ထိပ်ကညင်ပင်ကြီး၏ မြစ်ပျဉ်းများအကွယ်တွင် တိတ်ဆိတ်စွာ နေရာယူကြသည်။ တစ်ဖက်လျှိုကြီးအလယ်တွင် စမ်းချောင်းနှင့် ရေအိုင်ကြီးရှိသည်။ တောကောင်များ ရေသောက်ဆင်းလေ့ရှိသော ရေစမ်းနေရာဖြစ်သည်။ ကညင်ပင်ကြီးခြေရင်းနှင့် စမ်းရေအိုင်မှာ ပေ (၁၀၀)ကျော်ခန့်သာ ဝေးကွာပါလိမ့်မည်။ အပေါ်စီးကဖြစ်၍ မြင်ကွင်းကောင်းသည်။

မကြာပါ အဝေးမှ ချေဟောက်သံနှင့် ဆတ်တစ်သံ၊ တောဝက်အော်သံများ ကြားလာရသည်။ မုဆိုးများ သေနတ်အသင့်ပြင်၍ စောင့်နေကြစဉ် တောတိုးသံများ ကြားလာရသည်။ ခဏကြာတော့ လျှိုအတွင်း ဟိုနေရာသည်နေရာများမှ တောကောင်များ အလျိုလျို ရေကန်တွင်း ဆင်းလာကြသည်။ အုပ်ကောင်းသဖြင့် တောဝက်အုပ်ကတော့ ကမူးရှူးထိုး ဆင်းလာသည်။ ချေပေါက်တစ်ကောင်က ချုံစပ်တွင် အကဲခတ်နေဟန် ကန်စပ်ဆင်းသေး။ နားရွက်ထောင်၍ ပတ်ဝန်းကျင်ကို လှေ့လာနေသည်။ ဆတ်စုတွဲကတော့ အဖော်ပါ၍ ရဲရဲဝံ့ဝံ့ ကန်စပ်ကိုဆင်းလာသည်။

မုဆိုးချင်းအချက်ပြ၍ အသင့်ပြင်ကြရာ အဖေက ဆတ်စုတွဲ၊ ဦးသံချောင်းက ချေပေါက်ကြီး၊ ကျွန်တော်က ဝက်ပေါက်တစ်ကောင်ဖြစ်သည်။ ပစ်ကွင်းဝင်သည်နှင့် ပြိုင်တူပစ်ကြသည်။

''ဒိန်း ... ဒိန်း ... အုန်း ... ဖြန်း ...''

''ဝရော ... ဝေါ ... ဖြော ... ဗြော''

ဝက်အုပ်ကြီး ပြေးပြီး ကျွန်တော်တို့ပစ်သော ချေတစ်ကောင်၊ ဆတ်စုံတွဲနှင့် တောဝက်ပေါက်တစ်ကောင် ချက်ကောင်းထိပြီး ကျန်ခဲ့သည်။ ဒုန်းပိ သေနတ်ကို အားမရပါ။ အဖေ့သေနတ်တာ နှစ်ချက်ပစ်ရုံဖြင့် နှစ်

www.burmeseclassic.com



ကောင်ရသည်။ အခုတော့ ကျွန်တော် တစ်ချက်ပဲ ပစ်ရပြီး လေသေနတ်ခါး ချိုး၍ ကျည်ဆန်ထည့်နေတုန်း တောဝက်အုပ်က ပြေးပြီ။ အဖေက ကျွန်တော့် ကိုကြည့်ပြီး ပြုံးသည်။ မင်းမဆိုးပါဘူး။ ဒါပေမယ့် လိုသေးတယ်။ ဆိုတဲ့ ပုံစံမျိုး။ အဖေ့မိတ်ဆွေတစ်ယောက်နဲ့ အမဲလိုက်တုန်း ကျွန်တော်ပါဖူး သည်။

ဒသမ ၃၀၃ အင်္ဂလိပ်ရိုင်ဖယ်တိုကြီး ကိုင်ပြီး အဖေ့လိုပင် တစ်ချိန် တည်းဆင့်ကာ နှစ်ချက်ပစ်နိုင်သဖြင့် တောဝက်နှစ်ကောင်ရသည်။ ဟုတ် ပါသည်။ ကျွန်တော် လိုပါသေးသည်။ သို့သော် အဖေ့မိတ်ဆွေ တောအုပ် တစ်ယောက်ကိုင်သော ပွိုင့် ၂၂ သေနတ်မျိုးကို ကျွန်တော် လိုချင်သည်။ အတွဲလိုက် မပစ်နိုင်သော်လည်း တစ်တောင့်ချင်းဆက်၍ ပစ်နိုင်သည်။ ပွိုင့် ၂၂ ဘရူနိုင်း အမျိုးအစား သေနတ်ဖြစ်သည်။ ကျွန်တော် အသေ အချာ မှတ်ထားသည်။ ထို့ကြောင့် အိမ်ပြန်ရောက်သည်နှင့် ကျွန်တော် အဖေ့ အား ပူဆာတော့သည်။ ယမ်းပါသဖြင့် အဖေ သူ့မိတ်ဆွေ ဌာနအုပ်ကို ကျွေးမွေးပြီး ဝယ်နိုင်းရသည်။

ထိုစဉ်က ပန်းဆိုးတန်း ကုလားဘုရားကျောင်းအနီးရှိ လက်နက် ပြင်သည့် SMITH AND WATSON သေနတ်ကုမ္ပဏီတွင် ရဲအရာရှိများ အနေဖြင့် ဝယ်လို့ရသည်။ ကျွန်တော့်တို့အိမ်က ပွိုင့် ၅၀၀စိုင်ပေါင်နှစ်လုံး ပြူးသေနတ်ကြီးကိုလည်း ထိုဆိုင်တွင်ပင် ပြင်ရသည်။ ဌာနအုပ်ထောက်ခံ စာဖြင့် ကျည်ဆန်ဝယ်ရသည်။

ယခု ပွိုင့် ၂၂သေနတ်ကလေးကတော့ နံပါတ် (၂) လေသေနတ် လောက်မလေးသော်လည်း ထိရောက်မှု ရှိပါသည်။ ပြောင်းနှင့်ကိုယ်ထည် ကို အမည်းရောင်ဆေးမှုတ်ထားပြီး သေနတ်ဒင်မှာ နီညိုသပြေသီးမှည့်ရောင် ပြောင်လက်တောက်ပနေသည်။ ကျည်ဆန်က (၂)မျိုး၊ ကျည်ဆန်ထိပ်ချွန် နှင့် HOLLOW ကျည်ခေါ် ကျည်ဆန်ထိပ်တွင် အခေါင်းပေါက်ပါသည့် ကျည်မျိုး၊ တောကောင်ကြီးပစ်ရန်ဟု ဆိုသည်။





ပစ်လျှင်လည်း အသံက ဖျန်းခနဲမြည်၍ ကျည်ဆန်သွားသံက ချွန်သံလို ရွှီးခနဲမြည်သည်။ အလွန်ချစ်စရာကောင်းသော သေနတ် လေးဖြစ်သည်။ အန္တရာယ်ရှိပြီး လူကို သေစေနိုင်သဖြင့် အဖေက ွယ်ထားမပေး။ တောတက်မှ ထုတ်ပေးသည်။ ကျည်ကတ်ထဲတွင် ည်ဆန်ငါးတောင့် ထည့်နိုင်သည်။

ဝယ်ယူစဉ်က ထိပ်ချွန်ကျည် (၅၀)ပါ တစ်ဘူး HOLLOW ကျည် ) ပါ တစ်ဘူး။ ကျည်ဆန် (၁၀၀)ပါရှိသည်။ ရိုင်ဖယ်အမျိုးအစားဖြစ်သဖြင့် သေနတ်နံပါတ် (၁)၊ (၂). ကျွမ်းသော ကျွန်တော့်အတွက် အခက်အခဲ ိုး အလွန်ငြိမ်ပါသည်။ ကျွန်တော်က ရိုင်ဖယ်သေနတ်ကို သဘောကျ ည်။ ပြောင်ချောနှစ်လုံးပြူးသေနတ်ကို သဘောမကျပါ။

နောက်ပိုင်း ကျွန်တော် လူပျိုပေါက်ဖြစ်လာပြီး အဖေ အလုပ် ားလျှင်လည်း ဦးသံချောင်းနှင့်တွဲ၍ တောလည်သည်။ ကျွန်တော့် နတ်ကလေးဖြင့် ချေနှင့် တောဝက်လောက်တော့ မကြာခဏ ရသည်။ ၍ ဆတ်နှင့် တောဝက်သိုကြီးများကို ဦးသံချောင်း တူမီးဖြင့် တစ်ချက်တည်း ပါက ကျွန်တော်က ပွဲသိမ်းကူပစ်ပေးရသည်။

ကျွန်တော်ပစ်လျှင်လည်း လက်ပက်ကြားနှင့် လည်တိုင်ရင်း တစ်ချက် ည်သော နောက်ပိုင်း အတွေ့အကြုံများလာတော့ တောဝက်အုပ်တွေ့သည် သုံးကောင်လောက်တော့ ဆက်တိုက်ပစ်၍ လှဲနိုင်သည်။ ထိချက်ကတော့ ည်တိုင်ရင်းနှင့် လက်ပက်ကြားပင် မလွဲစေရ။ ကျွန်တော်တစ်ကြိမ် ည်း လေးငါးကောင်ရရန် ကြိုးစားလေ့ကျင့်နေပါသည်။

တစ်နေ့ ကဆုန်လဆန်း မိုးဦးကျစကာလ၊ ပါလီမန်ခေတ်ဦးကာလ ဖြစ်သည်။ အဖေ့မိတ်ဆွေများဖြစ်ကြသော ဌာနအုပ် ဦးအောင်သိန်း အုပ်ကြီး ဦးဇော်မင်းနှင့် ကျွန်တော်တို့ သားအဖ အမဲလိုက်ဖြစ်သည်။ ိုးလမ်းပြက ဦးသံချောင်း။ အဖေ့တပည့် ထမင်းချက်နှစ်ဦးလည်း သည်။ ဤတစ်ကြိမ်တောပစ်သည်က ကျွန်တော်တို့သွားနေကျ ကန့်တွင်း ၏ မြောက်ဘက်အရပ်မဟုတ်။ မသွားဘူးသေးသော တောင်ဘက်

www.burmeseclassic.com



အရပ်ဖြစ်သည်။ ထိုစဉ်က လက်နက်ကောင်းကိုင်နိုင်သော မုဆိုးအဖွဲ့မ... ကျွန်တော်တို့အဖွဲ့လောက်သာ ရှိပါသည်။ အခြား မုဆိုးများက ဒူးလေ... တူမီးသေနတ်လောက်သာ ကိုင်နိုင်ကြပါသည်။

ကျွန်တော်တို့အဖွဲ့ကလည်း တစ်လတစ်ကြိမ်လောက်သာ အ... လိုက်ကြသဖြင့် ကန်တွင်းတောတွင်း တောကောင်အရေအတွက် ပို... လာသည်ဟု ထင်မိသည်။ တောကောင်လည်း အမျိုးစုံလာသည်။ ယခင်... မတွေ့နိုင်သော ပြောင်၊ ဆိုင် စသော အကောင်ကြီးများကိုပင် အုပ်လိုက်... လာရပြီး ဆင်အော်သံ၊ ကျားဟိန်းသံများကိုပင် ကြားလာရသဖြင့် အ... ကျွန်တော်တို့ချည်း တောထဲမလွှတ်တော့။ အဖွဲ့စုံ၊ လက်နက်စုံမှ တော... ဖြစ်သည်။ ထို့ကြောင့် တစ်လတစ်ခါခန့်သာ အမဲလည်ဖြစ်တော့သည်။

ထိုနေ့မနက် တောက အတော်ငြိမ်သည်။ တောကြက်တွ... ရစ်ကြက်များ အတောင်ပံရိုက်သံပင် မကြားရ။ မျောက်အော်သံတွေ... တော့ အဝေးက ကြားရသည်။ ချေဟောက်သံသဲ့သဲ့လည်း ကြားရသည်... တောလုံငှက်တစ်ကောင်၏ 'ဥုဖွ ... ဥုဖွ' ဟူသော အသံကိုကြားရသည်... အဖေက တောကောင်ကြီး 'ကျား' အနီးတွင် ရှိသည်ဟူသော အထင်... အကာအကွယ်နေရာယူကြရန် အချက်ပြသည်။ ကျွန်တော်တို့ နီးရာသစ်... ပင်စည်များအား အပြေးကပ်ကြသည်။ ကျည်အသင့်ထိုးကြသည်။ ... သော် ...

"အားလုံး သေနတ်တွေအောက်ချပြီး လက်မြှောက်ထွက်ခဲ့... မင်းတို့အားလုံးကို ငါတို့ ကရင်လွတ်မြောက်ရေး တပ်မတော်က ဝိုင်း... ပြီ။ လှုပ်တာနဲ့ အပစ်ပဲ"

ကျွန်တော် လူကြီးများကို လှမ်းကြည့်သည်။ အားလုံးက ခေါ်... ညိတ်ပြကြသဖြင့် ပုန်းခိုနေရာက သေနတ်အောက်ချ၍ ထွက်ခဲ့ရသည်။

ကရင်စစ်ဗိုလ်ဖြစ်ဟန်တူသူက ပျဉ်းမပင်ကြီးအကွယ်က ထွက်... သလို ကရင်စစ်သား ငါးဆယ်ခန့်က လက်နက်ကိုယ်စီဖြင့် ကျွန်တော်... အဖွဲ့အား ဝိုင်းထားသည်။





"မင်းတို့ ဘယ်ကလဲ"

"သယ်နီးကျွန်းကြီးရွာက မုဆိုးအဖွဲ့ပါ။ အမဲလိုက်ဖို့ လာတာပါ။ ...နေ့မှ တောတောင်ဘက်ကို မရောက်ဘူးသေးလို့ လာမိတာပါ"

"အေး ... ဟုတ်ပြီ။ နောက် ဒီဘက်မလာနဲ့။ သေနတ်တွေကို ...ပြီး ရွာပြန်ကြတော့"

ခေတ်ကြီးပြောင်းနေပြီကို ကျွန်တော် မသိပါ။ ကျွန်တော် အပြော ...ာင်း၍ အန္တရာယ်မပြုသော်လည်း ကျွန်တော် အလွန်သဘောကျ၍ ...ခိုတသောကိုင်သော ပွိုင့် ၂၂ သေနတ်ကလေး ဆုံးရှုံးခဲ့ရပါသည်။

✿ ✿ ✿

www.burmeseclassic.com

❑

ကျွန်တော်တို့အဖွဲ့ ယခင် ဝါးခုတ်နေကျ စခန်းချရာ တဲစခန်းဘက်သို့ ပြန်ခဲ့ကြပါသည်။ ကျွန်တော်နှင့် အဖေ စိတ်ပျက်လက်ပျက်ဖြင့် ပြန်လာကြသော်လည်း အဖေ့၏အပေါင်းအသင်းများ ဖြစ်ကြသည့် ရဲအုပ်ကြီးနှင့် တောခေါင်းကြီးတို့မှာ မျက်နှာပင်မပျက်။ လေကလေးများပင် ချွန်၍ ပြန်လာကြပါသည်။ တဲစခန်းသို့ရောက်တော့ အဖေက ...

"ကဲ ... ဆရာတို့ အမဲလည်ဖို့လာတာ အမဲလိုက်လက်နက်တွေ အသိမ်းခံရတော့ ဘာနဲ့တောလည်ကြမှာလဲ။ ကျွန်တော်ကိုင်တဲ့ သူကြီးနှစ်လုံးပြူးသေနတ်ကြီးကတော့ သောင်းကျန်းသူတွေကြောင့် ပါသွားပေမယ့် ဆရာတို့နှစ်ယောက် ထောက်ခံချက်ပေးရင် ကျွန်တော့်အတွက် ပြဿနာ မရှိနိုင်ဘူးထင်ပါတယ်။ ဆရာတို့နှစ်ယောက်အတွက်ပဲ ဌာနဆိုင်ရာတွေက သေနတ်တွေဆိုတော့ ဖြေရှင်းလို့မရရင် အရေးယူခံရမှာကိုပဲ စိုးပါတယ်"

"ဟား ... ဟား ... ဟား ... ဟီး ... ဟီး ..."

"ကိုကြိုင်ရေ ... ကျွန်တော်တို့အတွက် မပူနဲ့။ ခင်ဗျားသေနတ်အတွက်လည်း မပူပါနဲ့။ သားငယ်ရဲ့ ဖွိုင့် ၂၂ သေနတ်အတွက်တော့ စိတ်မကောင်းပါဘူး။ အသစ်ချပ်ကျွတ်ဆိုတော့ နှမြောရှာမှာပဲ။ ကိစ္စတော့ မရှိပါဘူးဗျာ။ ကျွန်တော်တို့ ထောက်ခံချက်နဲ့ ပြန်ဝယ်ပေးပါ့မယ်"





"နေစမ်းပါဦး ... ဆရာတို့ရေ၊ ဌာနဆိုင်ရာ သေနတ်တွေ သောင်းကျန်းသူ နောက်ပါသွားတာဟာ လက်နက်ကိုင်ယူနိုင်ဖောင်းလက်တွေ အတွက် ပြဿနာအကြီးကြီး မဟုတ်ဘူးလား"

"ဟား ... ဟား ... ဟား ..."

ရဲအုပ်ကြီးနှင့် တောခေါင်းကြီးတို့နှစ်ဦး ထပ်မံ၍ ရယ်ကြပြန်ပါသည်။ ကျွန်တော်နှင့် အဖေမှာ အူကြောင်ကြောင်ဖြစ်နေကြစဉ် ရဲအုပ်ကြီးက ...

"ကိုကြိုင်ရေ ... ကျွန်တော်တို့ကိုင်တဲ့ သေနတ်တွေက ဌာနဆိုင်ရာက ထုတ်ပေးထားတဲ့ လိုင်စင်နဲ့ သေနတ်တွေမဟုတ်ဘူးဗျ။ ကျွန်တော်တို့ကိုင်တာက အခု တောထဲမှာရှိတဲ့ အင်္ဂလိပ်အပြေး သိုဝှက်ထားခဲ့တဲ့ လက်နက်သိုက်ထဲက သေနတ်တွေဗျ။ (၁၀)ခါသိမ်းခံရလည်း ပြဿနာမရှိပါဘူး။ အဲ ... ဒါပေမဲ့ ကျွန်တော်တို့လျှို့ဝှက်ထားတဲ့ လက်နက်တိုက်ထဲမှာ နှစ်လုံးပြူးသေနတ်နှင့် သားကိုင်တဲ့ ဖွိုင့် ၂၂ သေနတ်က မရှိလေတော့ အဲဒီအတွက်ပဲ စိတ်မကောင်းဖြစ်ရတာ။ အခုလည်း ကျွန်တော်တို့ အမိကအစီအစဉ်အတိုင်း လက်နက်တွေပြန်ယူပြီး ဦးတည်ချက်မပျက်ရအောင် အမဲလိုက်ကြမှာပါ။

သားရေ ... မင်းအတွက်လည်း ဖွိုင့် ၂၂ သေနတ်နဲ့ ပိုမိုထိရောက်ပြီး ကောင်းတဲ့ ကာဗိုင်သေနတ်ကို ဦးလေးတို့က ထုတ်ပေးပါ့မယ်။ ကာဗိုင်သေနတ်ဆိုတာက ဖွိုင့် ၂၂ သေနတ်ထက် ယမ်းအားပိုပြင်းပြီး တံတောင့်ခြင်းအပြင် အတွဲလိုက်ပါ ပစ်လို့ရလို့ ပိုကောင်းပါတယ်။ အဲ ... တစ်ခုတော့ ရှိတယ်။ ရွာကိုယူသွားလို့တော့ မရဘူး။ ဒီတောထဲက လက်နက်သိုက်မှာပဲ သုံးပြီးတာနဲ့ သိမ်းထားခဲ့ရမယ်။ ဒါလည်း ကောင်းပါတယ်ကွာ။ သေနတ်တွေကို အလေးခံပြီး သယ်နေစရာ မလိုတော့ဘူးပေါ့"

ထိုအခါမှ အဖေက ...

"ဩော် ... ခင်ဗျားတို့က လူလည်ကြီး သားသမီးတွေကိုး။ ကျွန်တော့်မှာတော့ ကိုယ့်အတွက် မစိုးရိမ်ဘဲ ဌာနဆိုင်ရာဝန်ထမ်းတွေဖြစ်တဲ့ ခင်ဗျားတို့အတွက်ပဲ စိတ်မကောင်းဖြစ်နေမိတာ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"ဟား ... ဟား ... ဟား ..."

သူတို့နှစ်ဦး ရယ်ကြပြန်ပါသည်။

"ကိုကြိုင်ရယ် ... ကျွန်တော်တို့နှစ်ဦးက ခင်ဗျားကို လှို့ထားတာ မဟုတ်ပါဘူး လိုအပ်ရင် ထုတ်ပေးဖို့ပဲ အဆင်သင့်ပါပဲ။ ဒါပေမဲ့ ခင်ဗျားက နှစ်လုံးပြူးသေနတ်ကြီးကိုပဲ လက်တွေ့တယ်ဆိုတော့ ကျွန်တော်တို့ရဲ့ လှို့ဝှက်လက်နက်သိုက်ထဲမှာ မရှိဘူးလေဗျာ။ လက်နက်သိုက်ထဲမှာရှိတာတွေက အင်္ဂလိပ်ရိုင်ဖယ်လေဗျာ။ အမေရိကန်ရိုင်ဖယ်နဲ့ ခြောက်လုံးပြူး အမျိုးမျိုး၊ ကာဗိုင်သေနတ်နဲ့ ဘရင်းဂန်းခေါ် စက်ကလေးသေနတ်တွေရယ်။ လက်ပစ်ဗုံးတွေရယ်ပဲ ရှိတာဗျ"

"ကဲ ... အဲဒါဆိုရင် ဘာလုပ်ကြမှာလဲ"

"ကိုကြိုင်ရယ် ... လှို့ဝှက်လက်နက်သိုက်ထဲက လိုချင်တဲ့ လက်နက်တွေကို သွားယူပြီး ဦးတည်ချက်မပျက်ရလေအောင် အပဲဆက်လိုက်ကြတာပေါ့ဗျာ"

ကျွန်တော်တို့ မုဆိုးအဖွဲ့ ဝါးခုတ်တဲစခန်းကြီးတွင် ခေတ္တခဏ နားကြပြီး ရွာမှခေါ်ယူလာသော လှည်းသမားနှင့် ထမင်းချက်များအား နေ့လယ်စာစားရန်အတွက် အရေးပေါ်ဆောင်ယူလာသော စည်သွပ်ဘူးများကိုဖောက်၍ ကျော်ချက်ပြီး နေ့လယ်စာ စားသောက်ကြပါသေးသည်။ တောခေါင်းကြီးဦးဆောင်၍ လှို့ဝှက်လက်နက်သိုက်ရှိရာသို့ ထွက်ခဲ့ကြပါသည်။ သူတို့ ဦးတည်သွားသည်က ကျွန်တော်တို့ စတည်းချသည့် ဝါးခုတ်တဲစခန်း အနောက်ဘက် ငွေယားတောင်ခြေ လျှိုအတွင်းသို့ ဆင်းသွားကြခြင်းဖြစ်ပါသည်။

ကျွန်တော့်မှာ ငွေယားတောင်သိုက်ဝင်ပေါက်အား သိရှိထားသောကြောင့် အတော်စိုးရိမ်မိပါသည်။ သို့သော် တောင်ခြေလျှိုထဲသို့အရောက်တွင် တောခေါင်းကြီး ဦးဆောင်သွားသည်မှာ ငွေယားတောင်သိုက်ရှိရာ အရှေ့ဘက်သို့မဟုတ်ဘဲ လျှိုကြီး၏ မြောက်ဘက်သို့ ဖြစ်နေသောကြောင့် ကျွန်တော်၏ စိုးရိမ်စိတ်များ လွင့်ပါး၍ သွားရပါသည်။

စိတ်ကူးသစ်စာပေ



ကျွန်တော်တို့ လျှိုအတွင်း တောချုံများအား ဖြတ်သန်း၍ ခက်ခက်ခဲခဲ လျှောက်လာကြရင်း ကမ်းပါးပေါ်တွင်ပေါက်သည့် ကညင်ပြုပင်ကြီး၏ အောက်ခြေလျှိုအတွင်းအတွင်း သစ်မြစ်နှင့် တောချုံများအား ဖြတ်သန်း၍ ခက်ခက်ခဲခဲ လျှောက်လာကြရင်းမှ ကမ်းပါးပေါ်တွင်ပေါက်သည့် ကညင်ပြုပင်ကြီး၏ အောက်ခြေလျှိုအတွင်းတွင် သစ်မြစ်နှင့် တောချုံများဖုံးအုပ်နေရာတွင် တောခေါင်းကြီးက ဦးဆောင်ပြီး လက်ရာမပျက်စေရန် ချုံနွယ်များအား ဖယ်ရှား၍ အတွင်းသို့ ဝင်ကြရသည်။ အတွင်း၌ မှောင်မဲနေသောကြောင့် တောခေါင်းကြီးက သူ့တွင် အသင့်ပါလာသည့် လက်နှိပ်ဓာတ်မီးကလေးဖြင့် မီးထိုး၍ လမ်းပြပြီး အထဲသို့ ဝင်ရပါသည်။

(၁၀) ပေခန့်အတွင်းဝင်ပြီးတော့ အတွင်း၌ သဘာဝလိုဏ်ဂူမဟုတ်ဘဲ လူအများ တူးဖော်မွမ်းမံထားသည့် ဂူကြီးအတွင်းသို့ ရောက်သွားသည်။ ထိုအတွင်း၌ သစ်သားများဖြင့် စင်များပြုလုပ်ထားပြီး သေနတ်မျိုးစုံတို့အား စနစ်တကျ တန်းစီ၍ တင်ထားပြီး ကျည်ဆန်ပုန်းများအားလည်း သစ်သားကွပ်ပျစ်ကြီးများပေါ်တွင် တန်းစီ၍ စနစ်တကျ တင်ထားပါသည်။ ထို့ကြောင့် တောခေါင်းကြီးနှင့် ရဲအုပ်ကြီးတို့က ကျွန်တော်တို့အားအပအား ကာဗိုင်သေနတ်တစ်လက်စီနှင့် ကျည်ဆန်များအားယူပေးပြီး သူတို့နှစ်ဦး နှစ်သက်ရာ သေနတ်များကိုလည်း ယူဆောင်ကြပြီး ခြေရာလက်ရာမပျက် လက်နက်ဂူကြီးအား စနစ်တကျ တောချုံများဖြင့် ပြန်လည်ဖုံးအုပ်ပြီး လျှိုကြီးအတိုင်း အောက်ခြေမှ မြောက်ဘက်သို့ လှမ်းခဲ့ကြပါတော့သည်။

ကန့်တွင်းတောကြီး မြောက်ဘက်အပိုင်းမှာ ကျွန်တော်တို့ အမဲလိုက်သွားလေ့ရှိသော နေရာဖြစ်သော်လည်း ယခု သွားနေသည့် အောက်လျှိုကြီးအတွင်းဘက်သို့ သွားလေ့မရှိပါ။ ခရီးလမ်းပန်း ခက်ခဲကြမ်းတမ်းပြီး အန္တရာယ်ရှိသောကြောင့် ဖြစ်ပါသည်။ သို့သော် လက်နက်ကိုယ်စီနှင့် အတွေ့အကြုံရှိသောသူများ ဖြစ်သောကြောင့် ကျွန်တော်တို့အဖွဲ့ စိတ်ဆိုတ်ငြိမ်သက်စွာ လျှောက်လှမ်းလာခဲ့ကြပါတော့သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



လျှိုကြီးအတွင်းရှိ စမ်းချောင်းမှာ နွေရာသီဖြစ်သောကြောင့် ရေ စပ်စပ်သာရှိသော်လည်း အချို့နေရာများ၌ ရေအိုင်ကြီးများဖြစ်၍ နေပါသည် လျှိုအတွင်း ကျယ်ပြန့်သောနေရာများရှိ ရေစမ်းအိုင်များတွင် ယခု နေ့လယ်အချိန်များတွင် တောကောင်များ ရေသောက်ဆင်းတတ်ကြ သည်။ ထို့ကြောင့် ကျွန်တော်တို့အဖွဲ့ အတတ်နိုင်ဆုံး ခြေသံကို လုံအော နင်းပြီး လျှောက်လှမ်းခဲ့ကြပါသည်။ တစ်နေရာရာသို့အရောက်တွင် တောခေါ ကြီးမှ လက်ထောင်ပြသောကြောင့် ကျွန်တော်တို့အဖွဲ့ သတိအနေအထာ ဖြင့် လမ်းလျှောက်ခြင်းကို ရပ်နားလိုက်ကြပါသည်။

အသေအချာ နားစွင့်ကြည့်မှ အရှေ့ဘက် ကိုက်(၁၀၀)ခန့်အကွ တွင် တောကောင်များ မြူးတူးသံနှင့် ခြေသံများကို ကြားကြရပါသည် တောကောင်များအသံမှာ 'တဝူးဝူး' နှင့် တဂွိဂ်ဂွိဂ် မေးရိုက်သံများဖြ သောကြောင့် တောဝက်အုပ်ဖြစ်မှန်း သိသာပါသည်။ ထို့ကြောင့် ကျွန်တော တို့အဖွဲ့ တောဝက်များ၏ အန္တရာယ်မှ ကင်းရှင်းစေရန်အတွက် လေအော ချရန် ကမ်းပေါ်သို့တက်ပြီး အပေါ်စီးမှ အပိုင်ပစ်ခတ်နိုင်သောနေရာ လှ ရွေး၍ ကမ်းပေါ်သို့ တက်ခဲ့ကြပါတော့သည်။ တောကောင်များ မြူးပျော်ရာ အလှမ်းဝေးသေးသောကြောင့် တော်ပါသေးသည်။

ထို့အပြင် တောကောင်များ၏ လေအောက်ဘက်အရပ်သို့ ရောက် နေသောကြောင့် တောကောင်များမှာ ကျွန်တော်တို့ အနံ့အသက်နှင့် အသ ဗလံများ မကြားရသောကြောင့်လည်း ကျွန်တော်တို့အတွက် အနှောင့်အယှက် မရှိဘဲ အဆင်ပြေနေခြင်းဖြစ်ပါသည်။ ကမ်းပါးစွန်းအပေါ် တက်၍ အပေါ်စီး ကြည့်တော့မှ တောဝက်အုပ်ကြီးမှာ ကြီးမားလှသော ဝက်သိုးကြီးဦးဆော ပြီး ဝက်မများနှင့် ဝက်ပေါက်ကလေးများ အကောင် (၂၀) ခန့် ပါရှိသည်။ ကြ မားလှသည့် တောဝက်အုပ်ကြီး ဖြစ်ပါသည်။

ထို့ကြောင့် ဒသမ-၃၀၃ အင်္ဂလိပ်ရိုင်ဖယ်သေနတ်ကို ကိုင်ဆော သော တောခေါင်းကြီးက ဝက်အုပ်ခေါင်းဆောင်ဝက်သိုးကြီးအား ပစ်ခတ ရန်နှင့် ကျွန်တော်တို့ ကာဗိုင်သေနတ်များ ကိုင်ကြသော ကျွန်တော်၊ အဖေ





ဌာနအုပ်ကြီးတို့က တောဝက်မများအား နှစ်သက်ရာ အကောင်များကို ပစ်ခတ်ရန် ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့အဖွဲ့ သင့်လျော်သလို နေရာယူပြီးသည် နှင့် တောခေါင်းကြီးက အချက်ပေးသောကြောင့် ပစ်ခတ်ကြပါတော့သည်။

''ဒိန်း ... ဒိန်း ... ဒိန်း ... ဖောင်း ... ဖောင်း ... ဖောင်း''

''ဖောင်း ... ဖောင်း ... ဖောင်း ...''

ကော်ဒိုက်၊ ယမ်းနံ့များ တောအတွင်း ဖုံးလွှမ်းသွားပြီးနောက် (၅) မိနစ်၊ (၁၀)မိနစ် ခန့်အကြာတွင် ယမ်းငွေ့များ ပျက်ပြယ်သွားသည်။ မြင် ကွင်းပြန်ပေါ်လာရာ တောဝက်များ အတုံးအရုံး လဲကျသေဆုံးနေသည်ကို မြင်ရပါတော့သည်။

ထိုအခါမှ အဖေက ...

''ကဲ ... ဆရာတို့ တောဝက်အသေကောင်တွေက အများကြီး ဘယ်လိုလုပ်ကြမှာလဲ။ လှည်းသမားနဲ့အဖွဲ့ ပါလာကြတာပဲဗျ။ သွားခေါ် ပြီး ထမ်းခိုင်းလိုက်ကြရုံပေါ့။ တောဝက်တွေက များလွန်းတော့ တခြားတော ကောင်တွေကို ပစ်ဖို့တောင် မလိုတော့ဘူး ထင်ပါရဲ့''

တောခေါင်းကြီးက မှတ်ချက်ပေးသည်ကို ဌာနအုပ်ကြီးက ...

''ဟုတ်ပါ့ဗျာ ... ကျွန်တော်တို့အုပ်စုက နည်းနည်း တောကောင် တွေက များများဆိုတော့ ထပ်ပစ်လို့ရရင်လည်း အလဟဿဖြစ်ကုန်မှာ။ စောစောစီးစီးပြန်ပြီး တဲစခန်းမှာ ဝိုင်းဖွဲ့ အနားယူကြတာ အကောင်းဆုံး ဖြစ်မယ် ထင်ပါရဲ့ဗျာ''

အဖေကလည်း ...

''ဟင်း ... ဟုတ်ပါ့ဗျာ။ စောစောစီးစီး နားပြီး ဝိုင်းလုပ်ကြတာ အကောင်းဆုံးပါပဲ။ အဲဒါဆိုရင် ကျွန်တော်နဲ့ သားငယ်တို့ တဲစခန်းကို ပြန် ကြပြီး အလုပ်သမားတွေကို တောကောင်တွေထမ်းဖို့ လွှတ်လိုက်မယ်။ ဆရာ တို့နှစ်ယောက် ခေတ္တနားရင်း စောင့်မျှော်လို့သာ နေကြပေတော့''

ထို့နောက် ကျွန်တော်နှင့် အဖေတို့ ကမ်းပါးပေါ်ရှိ မုဆိုးလမ်း အတိုင်း လျှောက်ခဲ့ကြပြီး စတည်းချရာ တဲစခန်းအနီးရောက်တော့ လျှိုကြီး

www.burmeseclassic.com



အတွင်း ပြန်ဆင်းပြီး တစ်ဖက်ကမ်းသို့ကူး၍ ယာယီတဲစခန်းများ ချရာနေရာသို့ ပြန်ခဲ့ကြပါတော့သည်။ တဲစခန်းသို့ရောက်သောအခါ ဗိုခေါင်းက ..

"ဟော ... ဆရာကြီးတို့ ပြန်လာပြီ။ သေနတ်သံတွေကို အောက်ဘက်က တည့်တည့်ကတော့ ကြားရတယ်။ ဘာတောကောင်တွေများ ရသလဲ ခင်ဗျား"

"ကိုထွန်းမောင်ရေ ...တောဝက်(၁၀)ကောင်လောက်တော့ ရှိလိမ့်မယ်ထင်တယ်။ ဝက်သိုးကြီးရော၊ ဝက်မတွေရော၊ ဝက်ပေါက်တွေရော အစုံပဲဗျို့။ အဲဒါ ခင်ဗျားတို့အုပ်စု အမြန်ဆုံးသွားပြီး သယ်ကြပေတော့။ ညနေစာအမိ ချက်တဲ့လူကလည်း ချက်ပေါ့ဗျာ"

"ဟုတ်ကဲ့ပါ .. ဆရာကြီး။ ကျွန်တော်တို့ ညနေစာအတွက် အချိန်မီချက်ပြုတ်လို့ရအောင် စီစဉ်ပေးပါ့မယ်။ တခြား တောဝက်သားတွေကိုလည်း ဖျက်ပြီးတာနဲ့ ကျပ်တင်ဖို့ စီစဉ်ပါ့မယ်။ ကလီစာတွေကတော့ ဒီလိုနွေရာသီမှာ ကြာကြာထားလို့ မရတာကြောင့် စားနိုင်သမျှ အရင်ချက်ပြီး ကျန်တာတွေကို လုံးထားမယ်။ အသားတွေကိုတော့ ကျပ်တိုက်ထားမယ်။ ခြေထောက်တွေက ဖွပ်ပြုတ်လုပ်ပြီး ခေါင်းတွေကတော့ အသုပ်ပေါ့ ... ဆရာရယ်"

"ကောင်းပါပြီဗျာ ... ရွာနဲ့သာနီးရင်တော့ အိမ်သူအိမ်သားတွေ စားရအောင် ပြန်တောင်ပို့လိုက်ချင်တယ်"

ဗိုခေါင်းနှင့် အလုပ်သမားများ တောကောင်များအား သယ်ယူရန် ထမ်းပိုးနှင့် ကြိုးများယူဆောင်၍ သွားကြတော့ ကျွန်တော်တို့ သားအဖ တစ်လဲစီ တဲစခန်းစောင့်လုပ်ရင်း ရေချိုးကြရပါသည်။ လူသည်သမားနှင့် ဗိုသမားတို့မှာ လူအင်အားနည်းသောကြောင့် တောကောင်များသယ်ယူရာတွင် အခေါက်ခေါက်အခါခါ သယ်ယူကြရမည်ဖြစ်ပါသည်။

ကျွန်တော်တို့သားအဖ တစ်လဲစီရေချိုးနေကြစဉ်၌ပင် တောကောင်သယ်ယူသောအဖွဲ့များ ပထမအသုတ် ရောက်လာကြပါသည်။ ထို့ကြောင့် အဖေက ...





"သားရေ ... တောကောင်သားကို စောစောစီးစီး စားရအောင် အဖေကိုယ်တိုင် တောကောင်တွေကို ဝင်ဖျက်ပေးမှ ဖြစ်တော့မယ်။ နို့မဟုတ်ရင် တောကောင်တွေသယ်တာနဲ့ မိုးချုပ်သွားလိမ့်မယ်"

"ဟုတ်ကဲ့ပါ ... အဖေ၊ ကျွန်တော်လည်း တတ်နိုင်သမျှ ဝိုင်းကူညီပါ့မယ်"

"အေး ... အဲဒါဆိုရင် သားက ရေနွေးအိုးကို မီးထိုးပြီး တည်နှင့်ပေါ့"

ထို့ကြောင့် ကျွန်တော်တို့သားအဖ အလုပ်ကိုယ်စီ ရကြပါသည်။ နေဝင်ခါနီးတွင် အဖေ၏ ကြိုတင်လုပ်ဆောင်ထားမှုကြောင့် သူတို့အဖွဲ့ အရက်ဝိုင်းပြင်၊ အမြည်းများ အရံသင့်ဖြစ်နေပါတော့သည်။ ထိုစဉ်၌ပင် ကျွန်တော် တစ်စုံတစ်ရာကို သတိရမိပါသည်။ သက်သက်လွတ်သာစားကြသော အဘိုးတို့အဖွဲ့တွင် သိုက်စောင့် ယက္ခညီနောင်တို့မှာ စားရေးသောက်ရေး အဆင်ပြေကြမည်မဟုတ်။ ထို့ကြောင့် ယနေ့ ကျွန်တော်တို့အဖွဲ့ သားကောင်အများအပြားရသောနေ့တွင် ယက္ခညီနောင်အား မိတ်ဆွေဖွဲ့ရင်း ကျွေးမွေးရန် ကျွန်တော် သတိရမိပါသည်။

ထို့ကြောင့် တောဝက်ဝမ်းတွင်းသားများအား ပန်းကန်နှစ်ချပ်ထဲတွင် ထည့်ပြီး ကျွန်တော်တို့ တည်းခိုနေသော တဲစခန်းကြီး၏ အနောက်ဘက် ငွေယားတောင်သိုက်အနီးရှိ ငွေယားပြား အပုံကြီးများအလယ် မြေပြောင်ပြောင် ကုန်းကမူလေးပေါ်တွင် အင်ရွက်များခင်း၍ ဟင်းပန်းကန်များအား ချထားပြီး ယက္ခညီနောင်စားသောက်ပါရန် ဖိတ်ခေါ်ရပါတော့သည်။ ထို့နောက် ကျွန်တော် တဲစခန်းသို့ ပြန်ခဲ့သည်။ တဲစခန်း၌လည်း တောခေါင်းကြီးတို့နှင့် အလုပ်သမားများအဖွဲ့ အစုံအညီ ပြန်ရောက်နေကြပြီး တောကောင်သားများအား ဝိုင်းဝန်းပြီး ခုတ်ဖြတ်နေကြပါသည်။

ကျွန်တော် တည်ထားခဲ့သော ရေနွေးအိုးကြီးကလည်း တဗွမ်းဗွမ်းဖြင့် အဆင်သင့်ဖြစ်နေပါတော့သည်။ တောခေါင်းကြီးနှင့် ဌာနအုပ်ကြီးတို့မှာ ရေပင်မချိုးကြသေးဘဲ အဖေ့လက်ရာ ဝမ်းတွင်းသားဟင်းနှင့် တောဝက်

www.burmeseclassic.com



ခေါင်းသုပ်တို့ကို အရက်ဖြင့် မြည်းကြတော့သည်။ တောဝက်သားများမှာ လတ်ဆတ်သောကြောင့် အလွန်အရသာရှိပါသည်။ ဖိုခေါင်းနှင့် လှည်းသမားတို့မှာ တောကောင်များနှင့် အတွေ့အကြုံရှိသူများပီပီ တောကောင်များအား ကိုင်တွယ်ချက်ပြုတ်ရာတွင် အလွန်လျင်မြန်ကြပါသည်။

ထိုညက ဝါးခုတ်ရန် အလုပ်လည်းမရှိသောကြောင့် အဖေတို့က လှည်းသမားနှင့် ချက်ပြုတ်သူများအား တောကောင်သားများကို စိတ်ကြိုက်စားစေပြီး အရက်ကိုလည်း စိတ်ကြိုက်သောက်စေပါသည်။ အတွေ့အကြုံနှင့် အလေ့အကျင့်ရှိသော လှည်းသမားနှင့် ဖိုခေါင်းတို့ကတော့ သင့်ရှော်သလို စားကြပြီး တောဝက်သားများအား ဖျက်၍ ကျပ်တင်ကြရာ တစ်ညလုံးနီးနီး သူတို့အဖွဲ့ မအိပ်ကြရပါ။ သူတို့အဖွဲ့ကလည်း ထမင်းစားကြသည် မဟုတ်။ အသားနဲ့အရက်ကို တစ်ချိန်လုံး တစိမ့်စိမ့်စားသောက်ရင်း အလုပ်လုပ်ကြခြင်းဖြစ်ပါသည်။

ထို့ကြောင့် နီးကြားမှုရှိနေကြသဖြင့် ညရေးညတာ ကင်းစောင့်ရန်လည်း မလိုပါ။ ကျွန်တော်ကတော့ ည (၉)နာရီခန့်လောက်ပင် မိုက်တင်းပြီး အိပ်ပျော်သွားပါသည်။

အိပ်ပျော်ရာတွင် အိပ်မက်မက်ရာ ယက္ခညီနောင်ဟူသော ဘီလူးနှစ်ကောင်က ကြောက်စရာကောင်းသော သူတို့၏ မျက်နှာများဖြင့် ကျွန်တော့်အား ကြည့်နေကြသော်လည်း အသားများကျွေးသောကြောင့် ကျေးဇူးတင်ဟန် ပြနေကြပါသည်။ ထို့ကြောင့် ကျွန်တော်ကလည်း တောကောင်သားများအား နှစ်သက်ပါလျှင် နောင်အခါတွင်လည်း အခွင့်အလမ်းကြုံလျှင် ကြုံသလို ကျွေးမွေးမည်ဟုပြောတော့ သူတို့ညီနောင် လွန်စွာသဘောကျကြသည်။ ကျွန်တော်နှင့် ယက္ခညီနောင်တို့မှာ သိုက်နန်းအတွင်း တွေ့ဆုံကြခြင်းမဟုတ်ဘဲ သိုက်နန်းအပြင်ဘက် ငွေယားတောင် စေတီပျက်ကလေးအနီးရှိ ငွေယားပုံကြီးများအနီးတွင် တွေ့ဆုံရခြင်းဖြစ်ပါသည်။ သူတော်စင်အဘိုးနှင့် အစ်မတော်များကိုတော့ အိပ်မက်ထဲတွင် မဆုံတွေ့ခဲ့ရပါ။





ထိုစဉ်က အိပ်မက်ထဲတွင် ကျွန်တော့်အား ယက္ခညီနောင် နှိုင်နင်းသောလည်ဆွဲ ပေးခဲ့ဖူးသည်ကို အိပ်မက်ထဲ၌ ပြန်လည်သတိရမိပါသည်။ သို့သော် ထိုလည်ဆွဲအား အပြင်တွင် တကယ်တည်းရှိနေခြင်း မဟုတ်သော်လည်း အဘိုး၏အစွမ်းဖြင့် တကယ်ရရှိခဲ့သလို ခံစားရပြီး အဘိုး၏ စိတ်အင်အားကြောင့် ကျွန်တော့်တွင် တကယ်ရရှိခဲ့သလို ထင်နေမိပါသည်။

ထို့ကြောင့် လွန်စွာအရုပ်ဆိုးသော ယက္ခညီနောင်ကို ကျွန်တော် ကြောက်လန့်ခြင်း မဖြစ်မိပါ။ အပေါင်းအသင်းသဖွယ် မိတ်ဆွေဖွဲ့ခြင်းသာ ဖြစ်ပါတော့သည်။

ကျွန်တော် တစ်ရေးနိုးတော့ အာရုဏ်ဦးဖြစ်ပါသည်။ အဖေနှင့် တောခေါင်းကြီးတို့ အိပ်ရာက မနိုးကြသေးသော်လည်း ဖိုခေါင်းကြီးက အိပ်ရာကထပြီး မနက်စာစားအတွက် ညက ကျန်ရှိနေခဲ့သော ထမင်းများကို ကြော်နေပါသည်။ သူ့ခမျာ တစ်ညလုံး အိပ်ရသေးဟန် မတူပါ။ အခြား လှည်းသမားအဖွဲ့ကတော့ အစားကောင်း၊ အသောက်ကောင်းစားပြီး အိပ်ပျော်နေကြပြီဖြစ်ပါသည်။ ကျွန်တော်လည်း အိပ်ရေးဝသွားပြီဖြစ်သောကြောင့် အပေါ့အပါးသွား၊ မျက်နှာသစ် ရေသောက်ပြီး ဖိုခေါင်းကြီးအား . . .

"ဦးလေး . . . ကျွန်တော် ဘာဝိုင်းကူ လုပ်ပေးရဦးမလဲ"

"မလိုတော့ပါဘူး . . . တူလေး။ ဦးလေး အကုန်စီစဉ်ပြီးပါပြီ။ ဒီထမင်းကြော်ကလေးကျက်တာနဲ့ အားလုံးပြီးပါပြီ။ လူကလေးလည်း မိုက်ဆာရင်တော့ လူကြီးတွေအတွက် ဦးချပြီး အရင်စားနှင့်ပေါ့ကွယ်။ ဒီနေ့လည်း တောလည်ကြဦးမယ် ထင်ပါရဲ့"

"ဟုတ်ပါတယ် . . . ဦးလေး။ ဒီနေ့ ကျွန်တော်တို့ တောလည်ထွက်နေတုန်း လှည်းသမားအဖွဲ့ကို အသားကျပ်တင်တွေ ရွာကို ပြန်ပို့ခိုင်းပြီး နောက်လှည်းတစ်စီးပါ ခေါ်ခိုင်းမယ်လို့ အဖေက ပြောပါတယ်"

"အော် . . . အေး . . . အေး . . . ဒီလိုဆိုရင်တော့ လှည်းသမားအဖွဲ့ကို စောစောနိုး၊ စောစော မနက်စာကျွေးပြီး ရွာကို စောစောပြန်လွှတ်ရမှာပဲ။ ဒါမှ နေ့လယ်စာအမှီ ပြန်ရောက်လာကြမှာ"

ထိုအချိန်တွင် အဖေ အိပ်ရာမှနိုးလာပြီး . . .

www.burmeseclassic.com



"ဩော် ...ငါ့သားက အစောကြီး နိုးနေပါလား။ သားပြော တာတွေ အဖေ အားလုံးကြားပါတယ်။ အဖေ့ကိုယ်စား သားက အလုပ် တာဝန်တွေ စီစဉ်နေတယ်ထင်ပါရဲ့။ ဒါမှ အဖေ့သားကွ။ သားယောကျ်ားလေး ဆိုတာ ဒီလိုပဲ အဖေ့ကိုယ်စား တာဝန်ယူနိုင်သူဖြစ်ရမယ်။ ငါ့သား ဘာစား ပြီးပြီလဲ။ ဘာမှမစားရသေးရင်တော့ အဖေနဲ့အတူ မနက်စာစော စားကြ တာပေါ့။ ခဏလေးစောင့် အဖေ မျက်နှာသစ်လိုက်ဦးမယ်"

ထိုအချိန်တွင် လှည်းသမားနဲ့အဖွဲ့ နိုးလာကြပြီး ဗိုခေါင်းကြီးပြော သည်နှင့် ရွာသို့ပြန်ရန် အလျင်အမြန် စီစဉ်ကြတော့သည်။ ရှည်သော လှသံများကြောင့် တောခေါင်းကြီးနှင့် ဌာနအုပ်ကြီးလည်း နိုးလာကြသည်။ သူတို့ကလည်း မနက်စာစာ စောစောစားရင်း စောစောစီးစီး အမဲလည် ကြရန် ညကတည်းက စီစဉ်ထားကြပြီး ဖြစ်ပါသည်။ ထို့ကြောင့် မျက်နှာ သစ်ကြပြီး မနက်စာစောစား၍ လှည်းအဖွဲ့က တောဝက်သား ကျပ်တင် များယူပြီး ရွာသို့ပြန်သည်။ ကျွန်တော်တို့ မုဆိုးအဖွဲ့က အရှေ့ဦး အမဲ လည်ရန် တောထဲသို့ဝင်ခဲ့ကြရာ ဗိုခေါင်းကြီးတစ်ဦးတည်းသာ တဲစခန်း၌ ကျန်ခဲ့ပါတော့သည်။

✿ ✿ ✿

❑

နွေမနက်ခင်းဖြစ်သော်လည်း သစ်ပင်များပေါ်တွင် နှင်းကြွင်းနှင်း ကျန်များကြောင့် ပတ်ဝန်းကျင်က ဝေ့ဝဲဆဲဖြစ်ပါသည်။ သစ်ပင်များကြား၌ အဖြူရောင် နှင်းကမ္ဗလာပါးပါးက ဖုံးလွှမ်းထားဆဲဖြစ်ပါသည်။ သစ်ပင်ကြီး များအောက်သို့ ရောက်သည်နှင့် နှင်းစက်များက တပေါက်ပေါက်နှင့် မြေပြင် ပေါ်သို့ ကျနေရာ ငြိမ်သက်သော တိတ်ဆိတ်အေးချမ်းသော ပတ်ဝန်းကျင် ၌ အတိုင်းသား ကြားနေရပါတော့သည်။

နှင်းစက်နှင်းပေါက်များ ကြွေတာနဲ့အတူ အရှေ့ဦးတောဆိုသော ဆောင့်ကလေးများ၏ အသံ၊ တောကြက်တွန်သံနှင့် မျောက်အော်သံ၊ ချေဟောက်သံ၊ ဆတ်တစ်သံများကို အဝေးမှလည်းကောင်း၊ အနီးလည်း ကောင်း ကြားနေရသောကြောင့် တစ်ညလုံး ငြိမ်သက်တိတ်ဆိတ်နေသော တန်တွင်းတောကြီးမှာ နံနက်ခင်း အရှေ့ဦးတွင် အသက်ဝင်လှုပ်ရှား နိုးကြား လာဟန်တူပါသည်။ ယနေ့တော့ တောခေါင်းကြီးဦးဆောင်ပြီး သာစုကန် ကြီး၏ အနောက်မြောက်ဘက် တောင်ကုန်းများပေါ်တွင် အမဲလိုက်သွား ကြရန် စီစဉ်ထားပါသည်။ ထိုတောင်ကုန်းများအပေါ်တွင် ချေနှင့်ဆတ် အလွန် ပေါသည်ဟု တောခေါင်းကြီးက ဆိုပါသည်။

အတန်ငယ် ခရီးဝေးသော်လည်း ထိုခရီးကို သွားရန်အတွက် မုဆိုး လမ်းနှင့် သစ်ခုတ်သမားများလမ်း ရှိပါသည်။ လှည်းမြောင်နှင့် တောင်ကုန်း

www.burmeseclassic.com



များကို ဖြတ်သန်းသွားလာရသော်လည်း သစ်ပင်၊ ဝါးပင်၊ အလေးအပင် ထမ်းသူများက လမ်းပြေပြေကို ရွေးချယ်ထားသောကြောင့် ခရီးဝေးသော်လည်း တောလမ်းကလေးက လွန်စွာပြေပြစ်ပါသည်။ ကျွန်တော်တို့ အသွား၌ပင် ဂုံမင်းလျှိုသို့ရောက်သည်နှင့် မျောက်ညိုအုပ်ဖြင့် ဆုံပါသည်။ ဝါးရုံများပေါ်၌ တောကြက်ဖများနှင့် ဝါးရုံအောက်ခြေ မြေပြင်ပေါ်၌ အုပ်စုလိုက်ဖွဲ့၍ အစာရှာနေကြသော ရစ်ခေါင်းအုပ်များကိုလည်း တွေ့ရပါသည်။ အကောင်ကြီးများ ပစ်ရန်လာသောကြောင့် တောကောင်ငယ်များအား မပစ်ရန် တောခေါင်းကြီးက တားထားပါသည်။

ကျွန်တော်ကတော့ လွန်စွာ လက်ယားနေမိသည်။ သို့သော် ကျွန်တော်ကိုင်သည်က ယခင်ကလို လေသေနတ်မဟုတ်။ ၆၆ မှိုင့် ၂၂ မဟုတ်။ ကာဗိုင်သေနတ်ဖြစ်သောကြောင့် အသုံးပြုရသည့်ကျည်ဆန်နှင့် ပစ်ခတ်ရမည့် သားကောင်ကို ငဲ့ရပေလိမ့်မည်။ အကယ်၍ တောကောင်ကြီးများ မရခဲ့ပါလျှင် ယခုမြင်တွေ့ရသော တောကြက်ရစ်နှင့် မျောက်ညိုများကိုပဲ ပစ်ခတ်ရမည်ဖြစ်ပါသည်။ တောကောင်မျိုးစုံ ပေါများလှသော ကန်တွင်းတောအတွင်း၌ အကောင်ငယ်နှင့် အကြီးသာမက တောလည်မှုဆိုးများအတွက် ပစ်ခတ်ရန် တောကောင်များ လွန်စွာ ပေါများလှပါသည်။

ဂုံမင်းလျှိုကျော်ပြီး ဝါးကောက်တောအစပ်သို့အရောက်၌ပင် ဝါးတောနှင့် ကိုင်းတောအတွင်း၌ တောကောင်အုပ်များ စားသောက်ပြီး ပျော်မြူးနေကြသည်။ အသံများကိုတော့ အတိုင်းသား ကြားရပါသည်။ တောကောင်အမျိုးအမည်ကိုတော့ ခွဲခြား၍ မရနိုင်သေးပါ။ ထို့ကြောင့် ကျွန်တော်တို့အုပ်စု အကာအကွယ်ကောင်းပြီး အထက်စီးမှမြင်နိုင်သည့် လေအောက်နေရာသို့ ရွေးချယ်ကြရပါတော့သည်။ တောတိုးသံများမှာ တဝုန်းဝုန်းဖြစ်နေသော်လည်း တောဝက်မအော်သံ၊ ဝက်သိုးကြီးများ မေးရိုက်သံများ မဟုတ်ကြသောကြောင့် တောဝက်အုပ်မဟုတ်မှန်း သေချာပါသည်။ တောကောင်ကြီးများ အုပ်ဖြစ်၍ ကျွန်တော်တို့ အလွန်သတိထားကြရပါသည်။

တောင်သရက်ပင်ကြီးတစ်ပင် ပေါက်ရောက်နေပြီး ဝါးရုံများဖြင့်ကာစီးထားသည့် တောင်ကမူကလေးပေါ်သို့ ကျွန်တော်တို့အဖွဲ့ရောက်





တော့ အနောက်မြောက်ဘက် ရေစမ်းအတွင်းရှိ ရေအိုင်တစ်ခုတွင် တောကောင်များ သစ်ရွက်နုများကိုစား၍လည်းကောင်း၊ ရေစမ်းအတွင်း၌ ပျော်ပါးစွာ ရေကစားနေကြသည်ကိုလည်းကောင်း၊ တွေ့ရပါသည်။

သစ်ရွက်နုများကို စားနေကြသည်မှာ ဆတ်အုပ်ဖြစ်ပြီး ခြောက်စထောင်ချိုကားကြီးဖြင့် လွန်စွာလှပပြီး အချိန်(၉၀)ကျော်ခန့်ရှိသော ဆတ်ဖားကြီးက ဦးဆောင်ပြီး ကန်ရေထဲ၌ ပျော်မြူးနေကြသည်ကတော့ တောနွားတုခေါ်သည့် စိုင်အုပ်ဖြစ်ပါသည်။ ခေါင်းဆောင်စိုင်ကြီးက ကျောက်စိမ်းရောင်ချိုကားကြီးဖြင့် အချိန် (၄၀၀)ခန့်ရှိမည်ဟု ထင်ရပါသည်။ (၁၀)ကောင်ခန့်ရှိသော စိုင်အုပ်ဖြစ်ပါသည်။

ကျွန်တော်ကတော့ အမဲသား (ကျွဲသား၊ နွားသား) မစားသောကြောင့် စိုင်အုပ်ကြီးကို စိတ်မဝင်စားပါ။ ခြောက်စထောင်ချိုကားကြီးဖြင့် (၆)ကောင်ခန့်ပါသော ဆတ်အုပ်ကြီးကိုသာ စိတ်ဝင်စားပါသည်။ ကန်၏ တစ်ဖက် ဝါးရုံတောစပ်၌လည်း ချေနှင့် ဒရယ်အုပ်များ မြူးတူးပျော်ပါးနေကြသည်ကို လှမ်း၍ မြင်ရပါသည်။ ကျွန်တော်တို့နှင့် အလှမ်းဝေးသလို အကောင်သည်းငယ်သောကြောင့် ကျွန်တော် စိတ်မဝင်စားပါ။ ထိုအချိန်တွင် အကောင်(၂၀)ခန့်ပါဝင်ပြီး အရွယ်မျိုးစုံ တောဝက်အုပ်ကြီးကလည်း ဆင်းလာပြန်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့ အချက်ပြ၍ တာဝန်ခွဲဝေကြသည်။ တောခေါင်းကြီးပါသောကြောင့် တောနွားများဖြစ်ကြသည့် စိုင်များကို မပစ်ခတ်ရန် တားမြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့အဖွဲ့ တောဝက်အုပ်နှင့် ဆတ်အုပ်ကြီးကိုသာ ပစ်ခတ်ရန် အသီးသီး တာဝန်ခွဲဝေယူလိုက်ကြပါသည်။ ထိုအခါတွင်လည်း တောခေါင်းကြီးက ခြောက်စထောင် ဆတ်ဖားကြီးမျိုးမှာ ရှားပါးသွားပြီဖြစ်သောကြောင့် အခြားအကောင်များကိုသာ ပစ်ရန် ပြောပါတော့သည်။

ထို့ကြောင့် တောခေါင်းကြီးက တောတွင်း၌ အန္တရာယ်ပေးတတ်သော တောဝက်များကိုပစ်ရန်နှင့် ကျွန်တော်တို့က ဆတ်အုပ်ကို ပစ်ရန်

www.burmeseclassic.com



တာဝန်ခွဲလိုက်ကြပါသည်။ ထုံးစံအတိုင်း တောခေါင်းကြီး အချက်ပြသည်နှင့် ကျွန်တော်တို့ ပစ်ကြသည်။ တောဝက်မကြီးတစ်ကောင်နှင့် ဆတ်မ (၃)ကောင်ကျ၍ကျန်ခဲ့ပြီး သေနတ်သံများကြောင့် တောကောင်များ ပြေးကြပါတော့သည်။

"ဒိန်း ... ဒိန်း ... ဖောင်း ... ဖောင်း ..."

"ဝုန်း ... ဝုန်း ... ဝေါ ... ဝရော"

ကောဒိုက်ယမ်းနံ့များ ပျယ်လွင့်ပြီး သေနတ်သံနှင့် တောကောင်သံများငြိမ်သက်သွားတော့မှ ကျွန်တော်တို့ တောင်ကမူပေါ်က လှမ်းမျှော်ကြည့်ရှုရာ အောက်ခြေစမ်းအိုင်အနီးတွင် ကျွန်တော်တို့ မျှော်မှန်းထားသလို ပစ်မှတ်ထားသည့် တောကောင်များ လဲပြိုကျန်ရစ်ခဲ့ကြပါသည်။ အဖေက ...

"တောခေါင်းကြီး ... ဘာကြောင့် တောဝက်သိုးကြီးကို မပစ်ရတာလဲ"

"ဩော် ... ကိုကြိုင်နှယ် ... ကိုယ်ချင်းစာမှပေါ့ဗျ။ ဝက်သိုးကြီး ကျသွားရင် ဝက်မအုပ်က ဘယ်သူ့ကို အားကိုးရမှာလဲ။ နောက်ပြီး ဝက်သိုးနံ့က အလွန်နံလွန်းလို့ ကျွန်တော် တမင်မပစ်ဘဲ ဝက်မတစ်ကောင်ကိုသာ ပစ်ခဲ့တာပါ။ ယာယီစခန်းမှာလည်း တောဝက်သားတွေက စားမကုန်အောင်ရှိတော့ တကယ်တမ်း တောဝက်သားကို မပစ်ချင်ဘူးဗျ။ ဒါပေမဲ့ အသားထဲမှာ ကျွန်တော်က တောဝက်သားကို အကြိုက်ဆုံးဗျ။ မနေ့ကရတဲ့ တောဝက်သား ကျပ်တင်ဟာမျိုးကိုလည်း မီးခိုးနံ့နံ့လို့ မစားချင်ဘူးဗျ။ ကျွန်တော်ကြိုက်တာက လတ်ဆတ်တဲ့ တောဝက်အူကလီစာဟင်းနဲ့ ဝက်ခေါင်းသုပ် ဝက်ခြေထောက်စွပ်ပြုတ်လိုဟာမျိုးကို ကြိုက်တာ"

ထိုစဉ် ဌာနအုပ်ကြီးက ...

"ကျွန်တော်ကတော့ ချေသား၊ ဆတ်သားကိုပဲ ကြိုက်တယ်ဗျာ။ ဝက်သားက စားရလွန်းလို့ ညှီစော်နံနေပြီ။ သားငယ် ... မင်းကရော ဘာသားကြိုက်သလဲကွ"

ဟု ကျွန်တော့်အား မေးရာ ..





"ကျွန်တော်ကတော့ တောကောင်သား အစုံစားပါတယ်။ အကြိုက်ဆုံးကတော့ တောကြက်သားနဲ့ ဒေါင်းသားပဲဗျ"

"အေး ... အဲဒါကိုတော့ ဦးလေးလည်း ကြိုက်တယ်။ မျောက်သားတို့လည်း ဦးလေးကြိုက်တယ်"

ဟု ဝင်ပြောသူက ဌာနအုပ်ကြီး ဖြစ်ပါသည်။ အဖေကတော့ ဘာမှဝင်မပြောပါ။ တကယ်တမ်း အဖေကြိုက်သည်ကလည်း တောကောင်သားမဟုတ်ပါ။ ငါးရှဉ့်နှင့် ငါးအမျိုးမျိုးသာ ဖြစ်ပါသည်။

ကျွန်တော်တို့ စကားပြောရင်း စောင့်ဆိုင်းနေကြစဉ် အလုပ်သမားများရောက်လာပြီး တောကောင်များအား သယ်ကြသည်။ တဲစခန်းတွင် ကျန်ခဲ့သော ဖိုခေါင်းကြီးက သေနတ်သံများ ကြားသောကြောင့် ရွာမှပြန်ရောက်လာသော လှည်းသမားများအဖွဲ့အား ချက်ချင်း လွှတ်လိုက်ဟန်တူသည်။ လှည်းနှစ်စီးမှာ အလုပ်သမားများ ဖြစ်သောကြောင့် လူအင်အားလည်း ကောင်းပါသည်။

ထို့ကြောင့် ကျွန်တော်တို့အဖွဲ့ စိတ်အေးလက်အေးထားခဲ့ပြီး တဲခန်းသို့ ပြန်ခဲ့ပါသည်။ တဲစခန်းသို့ရောက်တော့ အချိန်စောသေးသဖြင့် ရေနွေးကြမ်းထိုင်သောက်ကြရင်း စကားဝိုင်းဖွဲ့ကြပါသည်။ ရဲအုပ်ကြီးက..

"ကိုကြိုင်နဲ့ တောခေါင်းကြီးရေ ... ကျွန်တော်က အုပ်ချုပ်ရေးသတ်က ဆိုတော့ နိုင်ငံရေးအကြောင်း အတော်သိနေတယ်ဗျ။ ခန့်မှန်းပြီး ပြောရမယ်ဆိုရင်တော့ တိုင်းပြည်ရဲ့ နိုင်ငံရေးအခြေအနေအရ စစ်တပ်က အာဏာပြန်သိမ်းလိမ့်မယ်။ ဒီနေ့ပဲ ကြည့်ပါလား။ တောထဲမှာ ရောင်စုံသူပုန်များ ခိုအောင်းပြီး တိုင်းပြည်ကြီးမှာ အကွဲအပြဲတွေ ဖြစ်နေကြပြီ။ ဒါကြောင့် စစ်တပ်ကလည်းသိတော့ တိုင်းပြည်ကြီး ငြိမ်ဝပ်ပိပြားရေးအတွက် အာဏာပြန်သိမ်းတာဖြစ်လိမ့်မယ်"

"တိုင်းပြည်ကြီးက လွတ်လပ်ရေးရတာ မကြာသေးဘဲ ဒီမိုကရေစီစနစ်နဲ့ အုပ်ချုပ်တာမှာ အတွေ့အကြုံ မရှိသေးတော့ စနစ်မကျဘဲ တိုင်းပြည်ကနုနု မုန်တိုင်းက ထန်ထန်ဆိုသလို ပြည်တွင်းမှာ နိုင်ငံရေးအဖွဲ့အစည်း

www.burmeseclassic.com



နဲ့ လက်နက်ကိုင် အဖွဲ့အစည်းတွေ ကွဲပြီကြ၊ ပူးပေါင်းကြနဲ့ တိုင်းပြည်ကြီး ကတော့ ဒုက္ခရောက်တော့မယ်ဗျ''

ထိုအခါတွင် တောခေါင်းကြီးက ...

''အင်းဗျာ ... ကျွန်တော်တို့လည်း ဝါသနာအလျှောက် တော မှာနေပြီး တောခေါင်းကြီးလုပ်လာတာ အမှန်တော့ တောတောင်ကိုချစ် ဒီအလုပ်ကို တစိုက်မတ်မတ်လုပ်ခဲ့တာပါ။ အခုလို တိုင်းပြည်ကြီး ကသော ကရက်ဖြစ်ပြီး မငြိမ်သက်တော့လည်း စိတ်ညစ်ရာပေါ့ဗျာ။ ကျွန်တော်တို့ ကိုကြိုင်တို့၊ ဌာနာအုပ်ကြီးတို့ဟာ သက်တူရွယ်တူတွေလောက်ပါပဲ။

အင်္ဂလိပ်ခေတ်က မွေးဖွားခဲ့ကြပြီး သူ့ကျွန်ဖြစ်ခဲ့ရပေမယ့် နိုင်ငံရေး အခြေအနေနဲ့ စားဝတ်နေရေးအခြေအနေက အေးချမ်းတယ်လို့ ဆိုရမှာ ဗျ။ ဂျပန်ခေတ်ရောက်တော့ ဒုက္ခရောက်ခဲ့ကြပြီး လေးငါးဆယ်နှစ်လောက် သာ ဂျပန်က အုပ်ချုပ်ခဲ့လို့ တော်ပါသေးရဲ့။ အင်္ဂလိပ်တွေလို နှစ်ရာနဲ့ချီ ပရမ်းပတာ အုပ်ချုပ်ခဲ့ရင်တော့ ဂျပန်တွေကြောင့် ကျွန်တော်တို့လူမျိုး ကြီးတောင် ပျောက်ကွယ်သွားနိုင်တယ်။

ဌာနာအုပ်ကြီးနဲ့ တောခေါင်းကြီးကရော ...

''ဂျပန်ခေတ်မှာ အခုအလုပ်မျိုးကို လုပ်ကြတာပဲလား''

ထိုအခါ တောခေါင်းကြီးနဲ့ ဌာနအုပ်ကြီးတို့က ...

''ဟဲ ... ဟဲ ... ကျွန်တော်တို့က အင်္ဂလိပ်ခေတ်ကတည်းက တော ခေါင်းပေါက်စနဲ့ ဌာနအုပ်ပေါက်စပေါ့ဗျာ။ ဂျပန်ခေတ်ရောက်တော့လည်း ဒီအလုပ်ပဲပေါ့။ အင်္ဂလိပ်ပြန်ဝင်တော့လည်း ဒီအလုပ်ပါပဲ။ ခြော် ... မြန်မာပြည်ကြီး လွတ်လပ်ရေးရတော့လည်း ဒီအလုပ်တွေက မထွက်နိုင် သေးပါဘူးဗျာ။ နှစ်ရှည်လများလုပ်ကိုင်လာခဲ့ရတဲ့ အလုပ်တွေဆိုတော့လည်း အသားစံ အနာခံပြီး ဆက်လုပ်နေရတော့တာပါပဲ။

အလုပ်မှာ သံယောဇဉ်လည်း ရှိနေကြပြီး အခြားအလုပ်တွေ လည်း ပြောင်းမလုပ်ချင်တော့ဘူးလေဗျာ။ ကိုကြိုင်တို့ကတော့ လယ်သမား မျိုးရိုးက ဖောက်ထွက်လာပြီး ကုန်သည်လုပ်တာဆိုတော့ လွတ်လပ်ပါရဲ့





ဒါနဲ့ ကိုကြိုင်တို့ ဂျပန်ခေတ်တုန်းက ဘယ်လိုနေဘယ်လိုထိုင်ပြီး ရုန်းကန် ခဲ့ရတယ်ဆိုတာကလေးကိုလည်း အချိန်ရတုန်း ကြုံကြိုက်တုန်း ပြောပြစမ်း ပါဦးဗျာ။

ထိုအခါတွင် ဌာနအုပ်အမေးကို တောခေါင်းကြီးကလည်း ထောက် ခံပြီး ...

''ဟုတ်ပ ... ကိုကြိုင်ရယ်။ ကျွန်တော်လည်း အဲ့ဒီအကြောင်းကို သိချင်နေတာ။ ကျွန်တော်တို့ကတော့ အထက်ကပြောခဲ့သလို အင်္ဂလိပ် ခေတ်ကတည်းက ဒီအလုပ်တွေကို ဂျပန်ခေတ်၊ လွတ်လပ်ရေးရတဲ့ အခု အချိန်ထိ ဆက်လုပ်နေရတုန်းပါပဲ။ နှစ်တွေသာပြောင်းသွားပေမယ့် ကျွန်တော် တို့ကတော့ ဘယ်အစိုးရပဲတက်တက် ဒီအလုပ်ပါပဲဗျာ။''

ထိုအခါ အဖေက ...

''အင်း ... ဟုတ်ပါ့ဗျာ။ ဂျပန်ခေတ်က ကျွန်တော်တို့ လယ်သမား သားသမီးတွေ အတော် ဘဝပျက်ခဲ့ရတာ။ ပြန်ပြောရရင်တော့ အခုအချိန် ထိ ရင်အမော မပြေသေးပါဘူးဗျာ။ ဂျပန်ခေတ်တုန်းက ကျွန်တော်က လူပျို ပေါက်ပဲ ရှိပါသေးတယ်။ မျိုးရိုးစဉ်ဆက် ရွာသူကြီးသားပေါ့ဗျာ။ အဲဒီမှာ ဂျပန်တွေ ချွေးတပ်ဆွဲတော့ ကျွန်တော်တို့က ချွေးတပ်သား၊ ရွာသားတွေ ကို စုပေးရတယ်။ အဲဒီအထဲမှာ ကျွန်တော်တို့ အမျိုးတွေရော၊ အပေါင်း အသင်းတွေရော ပါကြတော့ သူတို့ခမျာ အင်မတန် ကြောက်နေကြတယ်။ ကြားဖူးနားဝ အတွေ့အကြုံများအရ ဂျပန်တွေ ချွေးတပ်ဆွဲပြီဆိုရင် ပြန်မလာ ကြတာ များတယ်။

ဒါကြောင့် ချွေးတပ်ဆွဲခံ ရွာသူရွာသားတွေအားလုံး ကြောက်လန့် နေကြတယ်။ ဒါကြောင့် ကျွန်တော်လည်း သူကြီးရဲ့မြေးဖြစ်ပြီး ချွေးတပ် သားအဖြစ် ကိုယ်တိုင် လိုက်ခဲ့တာ။ ဒါကြောင့် ရွာသားတွေလည်း အားကိုးကြ ပြီး ဂျပန်တွေကလည်း သူကြီးမြေးအဖြစ် ကျွန်တော့်ကို အုပ်ချုပ်သူအနေနဲ့ အုပ်စုခေါင်းဆောင် တင်ခန့်ပါတယ်။

''ဘာတဲ့ ... သူတို့အခေါ်အရ ဘွန်ချို (ခေါ်) တပ်စိပ်မှူးပေါ့။ အဲဒါ နဲ့ ကျွန်တော်တို့ ရန်ကုန်ဘူတာကြီးအထိ ဂျပန်စစ်ကားကြီးတွေနဲ့ ကြပ်ကြပ်

www.burmeseclassic.com



ညပ်ညပ် လိုက်ခဲ့ကြရတယ်။ ဘူတာကြီးရောက်တော့လည်း အသင့်တွဲထိုး ထားတဲ့ ရထားကြီးပေါ်တက်ပြီး လိုက်ခဲ့ရတာ။ ဘယ်သွားလို့ ဘယ်လာ မှန်း မသိပေမယ့် ကျွန်တော်က အုပ်စုခေါင်းဆောင် ဘွန်ချိုဆိုတော့ ရှာ ရှားပိုင်ခွင့်ရှိတယ်။ ဒါကြောင့် သွားရင်းလာရင်း ခင်မင်နေကြတဲ့ ဂျပန်စကား ပြန်တွေကို မေးကြည့်မှ ယိုးဒယား–မြန်မာ ဆက်သွယ်ထားတဲ့ သေမင်း တမန်လမ်းမကြီး ဖောက်ဖို့လို့ သိရတယ်''

''အဲဒီရထားလမ်းကြီးက သံဖြူဇရပ်ကနေ ယိုးဒယားအထိ ဖောက် လုပ်နေတဲ့ ရထားလမ်းကြီးဖြစ်တယ်။ ဂျပန်တွေက စစ်အတွင်းမှာ ရေ လမ်း၊ တက်လမ်းအတွက် ကြားနေနိုင်ငံ ယိုးဒယားကတဆင့် မြန်မာပြည် ထဲကို စစ်လက်နက်တွေသယ်ဆောင်ဖို့ အရေးပေါ်ဖောက်လုပ်တဲ့ ရထား လမ်းကြီးပဲ။ ကျွန်တော်တို့ ချွေးတပ်သားတွေဟာ မီးရထားကြီးနဲ့ ရန်ကုန် ဘူတာကြီးမှ မုတ္တမဆိပ်ကမ်းအထိ ညဘက်ကြီး သွားရတာ။ ရထားတစ် စီးလုံးလည်း အမှောင်ချထားတာ။

ညဘက် ခရီးသွားရတာကတော့ ကျွဲညီနောင်လို့ခေါ်တဲ့ အင်္ဂလိပ် လေယာဉ်အမဲကြီးတွေကို ကြောက်လို့ပဲ။ အဲဒီလေယာဉ်အမဲကြီးတွေက ဒါကိုတာအမျိုးအစား အင်္ဂလိပ် ဗုံးကျဲလေယာဉ်တွေပဲ။ သူတို့က ပျံသန်း သွားရင် နှစ်စီးတွဲပြီး လှုပ်ရှားတယ်။ ပစ်မှတ်မှန်သမျှကို စက်သေနတ်နဲ့ ပစ်ပြီး ဗုံးကျဲလေ့ရှိတယ်။ ကျွဲညီနောင်လို့လည်း နာမည်ကြီးတယ်''

''ဒါကြောင့် ညဘက်မှ ရထားတစ်စီးလုံး အမှောင်ချပြီး သွားလာ ရခြင်းဖြစ်တယ်။ ကျွန်တော်တို့ ပဲခူးမြို့ကိုကျော်ပြီး ဝေါမြို့က စစ်တောင်း တံတားကြီးကိုဖြတ်တော့ သန်းခေါင်ယံအချိန်ပဲ။ အဲဒီ တံတားကြီးကိုကျော် ပြီး မုပ္ပလင်၊ ဖင်းကျိုက်၊ သထုံမြို့တွေကို ဖြတ်လာတယ်။ ဂျပန်တွေက ချွေးတပ်သားတွေကို ဘာမှမကျွေးဘူး။ ရေတောင် မဝတဝ မျှတပြီး သောက် ကြရတယ်။ မုတ္တမရောက်တော့ ရထားလမ်းဂိတ်ဆုံးလို့ မိုးလည်းလင်းပြီ အဲဒီအချိန်မှာ ကျွန်တော်တို့ ညကဖြတ်လာခဲ့တဲ့ စစ်တောင်းတံတားကြီးကို အင်္ဂလိပ်လေယာဉ်တွေက ဗုံးကြဲဖျက်ဆီးလိုက်ပြီလို့ ကြားရတော့တာပဲ''





''ဂျပန်(Zero Fighter)လေယာဉ်တွေနဲ့ ကောင်းကင်ယံမှာ တိုက်ပွဲ ဖြစ်နေကြောင်း သိရတယ်။ ဟုတ်ဟန်တူပါတယ်။ သံလွင်မြစ်နဲ့ မော်လမြိုင် မြို့တွေပေါ်မှာ လေယာဉ်ပျံတွေ ဝဲနေတယ်။ ဘယ်သူ့လေယာဉ်ပျံတွေမှန်း သိရဘူး။ ကျွန်တော်တို့ ချွေးတပ်သားအဖွဲ့ ရထားပေါ်ကဆင်းပြီး မော်လမြိုင် ဆိပ်ကမ်းကိုကူးဖို့ ဖက်ရေယာဉ်ကြီးတွေကို စောင့်နေရတယ်။ အဲဒီအချိန် မှာပဲ မော်လမြိုင်ဘက်ကမ်းက မြို့သူမြို့သားတွေ လာပြီးဝေတဲ့ ထမင်းထုပ် တွေကို စားပြီး ရေလည်း ဝဝသောက်ရတယ်။ ငှက်ပျောသီးတွေကိုလည်း ကျွေးတယ်။ အဲဒါကြောင့် ယမန်နေ့က အငတ်ခံလာရတဲ့ ကျွန်တော်တို့ ချွေးတပ်သားတွေ အသက်ရှင်နေဖို့အတွက် မိုက်ဖြည့်ရတယ် ဆိုပါတော့ ဗျာ''

''အဲဒါနဲ့ ဖက်ရေယာဉ်နဲ့ တစ်ဖက်ကမ်းကို တစ်သုတ်ပြီးတစ်သုတ် ကူးရတာ ညနေစောင်းသွားတယ်။ အဲဒီအခါမှာလည်း မော်လမြိုင်မြို့က မြို့သူမြို့သား အလှူရှင်တွေက ညနေစာ ကျွေးပြန်တယ်။ ကျွန်တော် အမှတ်ရရ မှတ်မိတာကတော့ ဘဲဥချဉ်ရည်ဟင်း။ ငါးဟင်းနဲ့ ငါးပိကျက် ... တော်တော်နဲ့ စားလို့ အတော်ကောင်းတယ်။ တစ်သက် မမေ့ရပါပဲ။ ... ချိန်မှ ဂျပန်စစ်ကားကြီးတွေနဲ့ ခရီးဆက်ရပြန်တယ်။ ချွေးတပ်သားက ... ရောက်ဆိုတော့ စစ်ကားကြီးတွေပေါ်မှာ မဆံ့မပြဲစီးရတာကြောင့် ... ဒုက္ခရောက်ရပါတယ်။

မော်လမြိုင်မြို့ပေါ်ကနေ သံဖြူဇရပ်ဆိုတဲ့ တောမြို့ကလေးကို ... ရတာကလည်း ရောင်နီလာစမှပဲ သံဖြူဇရပ်မြို့ကလေးကို ရောက်လို့ ... တော်တို့ ချွေးတပ်သားတွေကို ဆန်စက်ဂိုဒေါင်အဟောင်းကြီးတွေထဲ ... နေရာချပေးထားတယ်။ အိပ်ဖို့မပြောနဲ့ ဆောင့်ကြောင့်ထိုင်ဖို့တောင် ... ညည်းပဲ နေရာရှာရတယ်။ မိုးလုံလေလုံဆိုတော့ တော်ပါသေးတယ်။ တချို့ ... တဲ့ ချွေးတပ်သားတွေကတော့ အမိုးအကာအောက်မှာ နေရာမပေး ... နိုင်လို့ လမ်းဘေးက ကုက္ကိုပင်ကြီးတွေရဲ့ အရိပ်အောက်မှာ စုဝေးပြီး ... ကြရတယ်''

www.burmeseclassic.com



"အဲဒီအချိန်က မိုးရာသီ။ သံဖြူဇရပ်ရောက်တော့ မိုးမရွာလို
တော်ပါသေးတယ်။ ဒါပေမဲ့ မိုးအလွန်ရွာတဲ့ မော်လမြိုင်၊ တနင်္သာရီဘက်
မှာ အလွန်မိုးများတာကြောင့် ကျွန်တော်တို့ ချွေးတပ်သားတွေ မိုးရေထဲမှ
အလုပ်ကြမ်းတွေ လုပ်ရမှာတော့ အသေအချာပါပဲ။ အဲဒီညကလည်း ချွေး
တပ်သားတွေ ငုတ်တုတ် မိုးလင်းကြရတယ်။ ကျွန်တော်တို့တပ်စိပ်ခေါ်
ဆောင် ဘွန်ချိုတွေကတော့ အိပ်ဖို့မပြောနဲ့ ထိုင်ဖို့တောင် အခြေအနေ
မပေးပါဘူး။ ကိုယ့်အုပ်စုနဲ့ကိုယ် စောင့်ကြည့်နေရတာမို့ မတ်တတ်ပဲမိုးလင်း
ခဲ့ရတယ်။

"တော်ပါသေးရဲ့ . . . မိုးလင်းတော့လည်း သံဖြူဇရပ်က အလှူရှင်
တွေဝေပေးတဲ့ ထမင်းထုပ်တွေ စားရတယ်။ ပြီးတာနဲ့ ရေတစ်ဝသောက်
ပြီး ဂျပန်စစ်သားတွေ လာခေါ်တဲ့ အစုအဖွဲ့အတိုင်း လမ်းဖောက်လုပ်နေရ
စခန်းခွဲအသီးသီးကို ကုန်းကြောင်းချီတက်ကြရတယ်။ ရထားလမ်းဖော
လုပ်ရာမှာ အခုခေတ်လို စက်ကိရိယာတွေမရှိတော့ လုပ်ငန်းအားလုံးဟာ
လူရဲ့လုပ်အားတွေနဲ့ လုပ်ကိုင်ကြရတယ်။

ကျွန်တော်တို့အဖွဲ့ကတော့ ချောင်းရိုးမြောင်းရိုး တံတားတွေဆော
လုပ်ရာမှာ ဂျပန်အင်ဂျင်နီယာစစ်သားတွေနဲ့ အတူတွဲပြီး ဆောက်လုပ်
ရတယ်။ အန္တရာယ်များပေမယ့် အခြားလုပ်ငန်းလုပ်ရတဲ့ ချွေးတပ်သားတွေ
ထက်တော့ သက်သာတယ် ဆိုရမှာပဲပေါ့။ ချောင်း၊ မြောင်း၊ ရေထဲမှ
အလုပ်လုပ်ရတော့ သောက်သုံးရေနဲ့ ချိုးရေအတွက် ပြဿနာမရှိဘူ
နောက်တစ်ခုက ဂျပန်စစ်ဗိုလ်တွေဟာ သဘောကောင်းကြတယ်။ ရိုင်းရိုင်
တာက ဂျပန်စစ်သားတွေပဲ။ သူတို့က ဂျပန်လူမျိုးစစ်စစ်ဟုတ်ပုံမရဘူ
မန်ချူးရီးယား လူမျိုးစစ်သားတွေလို့ပဲ သိရတယ်"

"အဲဒီမှာ ကျွန်တော်က လူပျိုလူရွယ်ပီပီ ဖျတ်ဖျတ်လတ်လတ်
မခိုမကပ်ဘဲ အလုပ်လုပ်တော့ ဂျပန်စစ်ဗိုလ်တွေက ကျွန်တော့်ကို သဘော
ကျတယ်။ စီးကရက်နဲ့ ဂျပန်မုန့်တွေကို တစ်ခါတစ်ရံ ပေးတတ်ပါတယ်"

"ကျွန်တော်တို့အဖွဲ့က တောရွာသားတွေပီပီ လမ်းဘေးတော
စပ်မှာပေါက်တဲ့ သီးပင်စားပင်တွေကို သိတယ်။ နောက်ပြီး ချောင်းမြော





ထဲမှာ အလုပ်လုပ်ရင်း အားချိန်ကလေးရတာနဲ့ ငါးဖားရှာတတ်တယ်။
ငါးကောင်း၊ ဖားကောင်းရရင် ဂျပန်စစ်ဗိုလ်တွေကို ကျွန်တော်က မျက်နှာ
လုပ်ပြီး လက်ဆောင်ပေးတတ်တော့ သူတို့က ကျွန်တော့်ကို အလွန်သဘော
ကျပြီး တပ်စိပ်မှူး ဘွန်ချိုရာထူးကနေ တပ်ခွဲမှူး ဘွန်ဟိုက်ချိုရာထူးကို
တိုးမြှင့်ပေးတယ်။ ဘွန်ဟိုက်ချိုဆိုတာက ဂျပန်တွေရဲ့ အားကိုးအားထား
ပြုရတဲ့ လူယုံဖြစ်သွားပြီ။ ဘွန်ဟိုက်ချိုဖြစ်တာနဲ့ ဟိုဟိုဒီဒီ လွတ်လပ်စွာ
သွားခွင့်ရတယ်။ ဒါကြောင့် ကျွန်တော့်အဖွဲ့အတွက် ဟင်းသီးဟင်းရွက်နဲ့
စားစရာတွေကို ကျွန်တော်က ကြံဖန်ပြီး ရှာဖွေကျွေးနိုင်တယ်"

"တစ်ခါကလည်း ကျွန်တော်တို့ ဟင်းချက်ရန်နှင့် ဒယ်အိုး၊ ဒန်
အိုးလုပ်ရန် အိုးအခက်အခဲရှိတာနဲ့ တောစပ်မှာ ပျက်ကျနေတဲ့ အင်္ဂလိပ်
လေယာဉ်ကြီးဆီက သတ္တုပြားတွေကိုခွာပြီး ဒယ်အိုး၊ ဒန်အိုးနဲ့ ဇွန်းလုပ်ရ
တယ်။ ဂျပန်တွေမိရင်တော့ ကျွန်တော် ရက်ရက်စက်စက် အပြစ်ပေးခံရ
မှာ ကေန်ပါပဲ။

ဒါပေမဲ့ ကျွန်တော်က အချိန်တိုကလေးအတွင်းမှာပဲ ဂျပန်စကား
ပြောကို လေ့ကျင့်ပြီး သင်ထားတာကြောင့် ကျွန်တော့်ကိုခင်တဲ့ ဂျပန်စစ်ဗိုလ်
တွေ အများကြီးဖြစ်တယ်။ အဲဒီထဲကမှ နာကာမိုရာဆိုတဲ့ ဂျပန်စစ်ဗိုလ်ကြီး
က ကျွန်တော့်ကို အလွန်ချစ်တယ်။ သူ့ကိုလည်း တစ်ခါတုန်းက လမ်းလုပ်ငန်း
အနီး ခြုံအပျက်ထဲက နာနာသီးမှည့်နှစ်လုံးကို ရှာဖွေပြီး လက်ဆောင်
ပေးဖူးတယ်။ လက်ဆောင်ပေးရာမှာလည်း နာနာသီး မျက်စိကိုဖယ်၊ အခွံ
ခွာပြီး အသေအချာ ခွဲစိပ်ပေးခဲ့တာမို့ အဲဒီဂျပန်ဗိုလ်ကြီးက ဆာကေး
(ခေါ်) ဂျပန်အရက်နဲ့ အမြည်းလုပ်ရတာ အလွန်ကောင်းတယ်ဆိုပြီး ကျွန်
တော့်ကို ဂျပန်စီးကရက် လက်ဆောင်ပြန်ပေးတယ်"

"အဲ . . . မကြာပါဘူး နောက် တစ်ပတ်လောက်ကြာတော့ ဂျပန်
စစ်ဗိုလ်ကြီး နာကာမိုယာ ခေါ်နိုင်းတယ်ဆိုပြီး ဂျပန်စစ်သားတစ်ယောက်
ကျွန်တော့်အလုပ်လိုပသည့်နေရာကို လာခေါ်တယ်။ ကျွန်တော့်တပ်စိပ်
က ချွေးတပ်သားတွေကတော့ ဂျပန်တွေလာခေါ်ရင် အလွန်လန့်ကြတယ်။
တစ်ခုခုအပြစ်ပေးဖို့ လာခေါ်တယ်လို့ထင်ကြတယ်။

www.burmeseclassic.com



ကျွန်တော်ကတော့ ဂျပန်စစ်ဗိုလ်ကြီး နာကာမိုယာ ခေါ်နိုင်းတယ် ဆိုကတည်းက စိတ်ချလက်ချ လိုက်သွားခဲ့ပါသည်။ ဂျပန်ကင်ပေတိုင်ရုံ ရောက်တော့ ဂျပန်စစ်ဗိုလ်ကြီး နာကာမိုယာကို သူ့အိပ်ခန်းထဲမှာ လဲလျောင်း နေတာကို တွေ့ရတယ်။ ဘာဖြစ်တာလဲလို့ ဂျပန်လိုမေးတော့ သူ့အိပ်ခန်း ဘေးက စားပွဲပေါ်မှာ တင်ထားတဲ့ နာနတ်သီးတွေကို လက်ညှိုးထိုးပြ တယ်။ သူ့မျက်နှာကြီးက နီရဲနေပြီး နှုတ်ခမ်းတွေမှာလည်း အပူလောင် ဖုတွေလို အနာတွေပေါက်နေတယ်”

“ကျွန်တော် ရိပ်မိပါပြီ။ နာနတ်သီး အလွန်ကြိုက်သော ဂျပန် စစ်ဗိုလ်ကြီး နာနတ်သီးမှဲ့က မျက်ကွင်းတွေကို စနစ်တကျ မဖယ်ရှားဘဲ အခွံကို လှီးရုံသာလှီးပြီး စားလို့ နှုတ်ခမ်းသားများပေါက်ပြဲပြီး ပါးစပ်တွင် အနာများဖြစ်ခြင်း ဖြစ်ပါသည်။ ဂျပန်စစ်ဗိုလ်ကြီးက မေးပါသည်။

ဘယ်လိုလုပ်ရမလဲဟု မေးခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော် က ခေါင်းတွင်လိမ်းရသည့် အုန်းဆီကိုရှာနိုင်းရာ ဂျပန်ဗိုလ်ကြီးက ကျွန်တော့် အား ဂျပန်စစ်သား နှစ်ယောက်နဲ့အတူ နီးစပ်ရာ ရွာတွင်းသို့ စေလွှတ် ပါသည်။ ကျွန်တော်တို့ရွာထဲသို့ ဝင်လာသောအခါ ရွာအိမ်များရှိ မိန်းမ များနှင့် သက်ကြီးရွယ်အို အဘိုးအဘွားများ ကလေးများက ကြောက်လန့် တကြား ကြည့်ရှုနေကြပါသည်။

ထို့ကြောင့် ကျွန်တော်က ဒုက္ခပေးရန် လာခြင်းမဟုတ်ပါ။ ခေါင်း လိမ်းသည့်အုန်းဆီ အနည်းငယ် ဝယ်လိုသောကြောင့် လာရခြင်းဖြစ်ကြောင်း ပြောတော့မှ ရွာသူများက နေရာထိုင်ခင်းပေးသည်။ ကျွန်တော်တို့အား ရေနွေး ကြမ်း။ မုန့်ပဲသရေစာတို့ဖြင့် ညှို့ခံကျွေးမွေးပါသည်။ ထိုသို့ ကျွန်တော်တို့ စားသောက်နေစဉ်အတွင်း အုန်းဆီကို ရွာပတ်၍ ရှာပေးပါသည်။ စစ်အတွင်း ကာလဖြစ်သောကြောင့် လူသုံးကုန်ပစ္စည်းများမှာ လွန်စွာရှားပါးသော ခေတ် အခြေအနေဖြစ်ပါသည်။

ကျွန်တော်တို့တွင် အဓိက လိုအပ်သည်က ငါးပိနှင့် ဆပ်ပြာဖြစ် ပါသည်။ အငန်မစားရသောကြောင့်လည်းကောင်း၊ အဝတ်အစားများနှင့်





ခန္ဓာကိုယ်အား ဆပ်ပြာဖြင့် သန့်ရှင်းရေးမလုပ်ရသောကြောင့်လည်းကောင်း၊ အဝတ်အစားများထဲတွင် ထိုခေတ်က ပေါ်ပေါက်ခဲ့သော ဂျပန်သန်းကြီးမ များ။ တွယ်ပြီး ချွေးတပ်သားများမှာ ဝဲများစွဲနေကြပါသည်။ ထို့ကြောင့် ကျွန်တော် ရွာသူရွာသားများနှင့် ခင်မင်သွားသောအချိန်တွင် ကျွန်တော် က ဂျပန်စကားပြန်မဟုတ်ဘဲ ချွေးတပ်သားတစ်ဦးသာဖြစ်ကြောင်း ပြောပြ ၍ သူတို့က ကျွန်တော့်အား သနားပြီး အုန်းဆီကို အလကားပေးသည့် အပြင် ကျွန်တော့်အတွက် ငပိစိမ်းစားတစ်ထုပ်နှင့် သဲဆပ်ပြာတစ်ထုပ်ကို လည်း လက်ဆောင်ပေးကြပါသည်။

ကျွန်တော်တို့ ချွေးတပ်စခန်းသို့ ပြန်လာပြီး ဂျပန်စစ်ဗိုလ် နာကာ မိုယာအား နှုတ်ခမ်းတွင် အုန်းဆီလိမ်းပေးပြီး ခံတွင်း၌လည်း ရေနွေးနှင့် ရောစပ်ထားသော အုန်းဆီကို ငုံထွေးစေရာ သက်သာသည်ဟု သိရပါသည်။ ထို့ကြောင့် တစ်နေ့ သုံးကြိမ်ခန့်လုပ်ရန် ကျွန်တော် အုန်းဆီပုလင်းအား ပေးခဲ့ရာ ဂျပန်စစ်ဗိုလ် နာကာမိုယာက ကျွန်တော့်အား ရွာမှ လက်ဆောင် ပေးခဲ့သော အထုပ်များကို စစ်စုမေးမြန်းပါတော့သည်။ ထို့ကြောင့် ကျွန်တော် က သန့်ရှင်းရေးပြုလုပ်ရန် သဲဆပ်ပြာနှင့် ဟင်းချက်ရာတွင် အသုံးပြုရန် ငါးပိဖြစ်ကြောင်း ရှင်းပြတော့မှ သူက ကျွန်တော့်အား သနားပြီး ဂျပန် ဆပ်ပြာတုံးများကို ပေးပါသည်။

ကျွန်တော့် လုပ်ငန်းခွင်ပြန်ရောက်ပြီး အပေါင်းအသင်းများအား ဆပ်ပြာများ ဝေငှပေးရာ လွန်စွာ သဘောကျကြပါသည်။ သို့နှင့် သုံးရက် ခန့် ဂျပန်စစ်ဗိုလ်ကြီး နာကာမိုယာအား ဆေးကုသပေးပြီးနောက် နာနတ် သီးအား မျက်ကွင်းများအား ဖယ်ရှားပြီး ခွဲစိပ်၍ စားရပုံကို အသေအချာ သင် ပေးတော့မှ ဂျပန်စစ်ဗိုလ်ကြီးမှာ ကျွန်တော့်အား အလွန်ကျေးဇူးတင်ပြီး ဂျပန် စခန်းများနှင့် သွားလိုရာသွားခွင့်ရှိသော လူယုံလက်ပတ်အနီတစ်ခုကို ပေးပြန်ပါသည်။

ထိုစဉ်က ထိုလက်ပတ်မျိုးကို ထန်းပင်တက်ခွင့်လက်မှတ်ဟု ကျွန် တော်တို့ မြန်မာများက မှည့်ခေါ်ကြပါသည်။ လမ်းဖောက်လုပ်ရေးစခန်းတွင်

www.burmeseclassic.com



ကျွန်တော်တို့ မြန်မာလူမျိုးများသာမက ဖမ်းဆီးခံထားရသော သုံ့ပန်း နိုင်ငံခြားသားများလည်း ရှိကြပါသည်။ ၎င်းတို့မှာ အနောက်တိုင်းသားများဖြစ်သောကြောင့် ခြောက်ပေခန့်ရှိသော ကိုယ်ခန္ဓာမှာ အရိုးပြိုင်းပြိုင်းနှင့် အာဟာ ချို့တဲ့နေပုံ ရပါသည်။ ကျွန်တော်တို့ မြန်မာလူမျိုးများကတော့ မြန်မာ့မြေ မြန်မာ့ရေဖြစ်သောကြောင့် ကြုံရာစားပြီး ကြုံသလို နေထိုင်တတ်ကြ သောကြောင့် ထိုနိုင်ငံခြားသားများလောက် အခြေအနေ ဆိုးဝါးသွားကြခြင်း မရှိပါ။

ထို့အပြင် ရေမြေတောတောင်များအတွင်းရှိ သဘာဝပေါက်ပင် နေသော အစားအစာများကိုလည်း ရှာဖွေစားသောက်တတ်သောကြော အသက်ရှင်ရပ်တည်ရန်အတွက် အဆင်ပြေကြပါသည်။

(၆)လခန့်ကြာသောအခါ ကျွန်တော့်မှာ ဂျပန်စကားလည်း တတ မြောက်ပြီး ဂျပန်စစ်ဗိုလ်၊ စစ်သားများနှင့်ပင် အဖွဲ့ကျပြီး ရင်းနှီးလာ သည်။ ကျွန်တော့်ကိုလည်း သူတို့က လူယုံအဖြစ် သတ်မှတ်လာကြဟန် ပါသည်။ ထို့ကြောင့် ကျွန်တော့်ဂျပန်စစ်ဗိုလ်များ၏ တဲများအတွင်းသို့ ထွက်သွားလာနိုင်သည့်အပြင် တစ်ခါတစ်ရံတွင် သူတို့တိုက်သော ဆာကေးဟူသည့် အရက်များကိုပင် သောက်သုံးရလေ့ ရှိပါသည်။ ဟိုဟ ပေး၊ ဒီဟာပေးဖြင့် ကျွန်တော့်တွင် စားစရာနှင့် စီးကရက်များ၊ ဆေး များက အလျှံအပယ် ဖြစ်လာပါသည်။

ထို့ကြောင့် ကျွန်တော် ထိုပစ္စည်းများအား လွန်စွာငတ်မွတ် သော ချွေးတပ်သားများကို ခွဲဝေ၍ ပေးကမ်းထောက်ပံ့ပါသည်။ လွှ ငတ်ပြတ်သော အခြေအနေတွင် တစ်ခါတစ်ရံမှသာ ကောင်းမွန်စွာ စား ရသောကြောင့် ချွေးတပ်သားများက ကျွန်တော့်အား အလွန်ခင်မင် ယုံကြည်ကြသည်။ ထို့ကြောင့် ကျွန်တော် ခိုင်းစေလျှင် အသက်ပေး၍ ထမ်းဆောင်ကြမည်ဟု အမြဲတမ်းပြောဆိုကြပါသည်။ သို့သော် အခွင့်အ မပေါ်သေးသောကြောင့် ကျွန်တော် ရေငုံနှုတ်ပိတ်နေခဲ့ပါသည်။ ဂျပန်များ ဆက်ဆံရာတွင် မယုံကြည်စရာ အမှားအယွင်းများ၊ မသင်္ကာဖွယ် အကြောင်းအရာများ မဖြစ်ပေါ်စေရန် အထူးသတိထားရပါသည်။





ဂျပန်စစ်သားများ ကိုယ်၌က သင့်လျော်သလို နေတတ်ကြသော်လည်း ဂျပန် အလိုရှိခေါ် မြန်မာစကားပြန်များက မထင်လျှင် မထင်သလို ကုန်းချော ခြေထိုးတတ်သောကြောင့် အလွန် သတိထားရပါသည်။

အင်္ဂလိပ် လေယာဉ်ပျံများမှာ ကျွန်တော်တို့ လမ်းဖောက်လုပ်ရေး စခန်းကောင်းကင်ယံ၌ မကြာခဏ ဝဲပျံနေကြသော်လည်း ချွေးတပ်သားများအား ပစ်ခတ်ခြင်း အလျှဉ်းမရှိပါ။ တကယ်တမ်းက အနောက်တိုင်းသားများသည် စည်းကမ်းစနစ် အလွန်ကြီးကြပါသည်။ တစ်ဖက်ရန်သူ သုံ့ပန်းများအား ဖမ်းဆီးမိလျှင်လည်း စားဝတ်နေရေးနှင့် ဆေးဝါးကုသရေးတို့ကို အဆင့်တန်းရှိစွာ ပေးကမ်းထောက်ပံ့သည်ဟု ကြားသိရပါသည်။ ဂျပန်များကတော့ ထိုသို့မဟုတ် သူတို့လူမျိုးကိုသာ သူတို့ချစ်သော မျိုးချစ်စိတ်ဓာတ်ပြင်းထန်သူများ ဖြစ်ကြပါသည်။

နိုင်ငံတကာ ကျင့်သုံးသော စစ်စည်းကမ်းများကိုလည်း လိုက်နာကြခြင်း မရှိပါ။ ၎င်းတို့ စစ်နိုင်ရေးကိုသာ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ပြုကျင့်တတ်သော လူမျိုးများ ဖြစ်ပါသည်။ ၎င်းတို့ အမိနိုင်ငံအတွက် ကာမီကာဇေ ဟုခေါ်သော အသေခံစစ်သားများလည်း ရှိပါသေးသည်။ ထို့ကြောင့်ပင် အမေရိကန်ပိုင် ပုလဲဆိပ်ကမ်းကို ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ရာတွင် ကြိုတင်စစ်ကြေငြာခြင်း မပြုဘဲ အမှတ်တမဲ့ အငိုက်မိစေပြီး တိုက်ခိုက်ခြင်းကြောင့် အမေရိကန်ပိုင် ပုလဲဆိပ်ကမ်း ဆိုးဝါးစွာ ပျက်စီးပြီး အမေရိကန် အထိနာခဲ့သည်။

ထို့ကြောင့် အမေရိကန်များ ဒုတိယကမ္ဘာစစ် အတွင်း၌ မဟာမိတ်များဖြင့်တွဲပြီး ဒုတိယကမ္ဘာစစ်အတွင်းသို့ ဝင်ရောက်လာခဲ့ကြခြင်းဖြစ်ပါသည်။ ထိုအချိန်က ဂျပန်လူမျိုးများမှာ မေဂျီခေတ် ပြုပြင်ပြောင်းလဲခြင်းများကြောင့် အလျင်အမြန် တိုးတက်ဖွံ့ဖြိုးလာခဲ့ပြီး ဝင်ရိုးစွန်းနိုင်ငံများဟု ခေါ်ဆိုအပ်သော ဟစ်တလာ၏ ဂျာမနီပြည်၊ မူဆိုလိုနီ၏ အီတလီပြည်တို့နှင့် တွဲကာ ဒုတိယကမ္ဘာစစ်အတွင်းသို့ ဝင်ရောက်လာခဲ့ပြီး အင်္ဂလိပ်၊ ပြင်သစ်နှင့် မဟာမိတ်နိုင်ငံများကိုသာမက အမေရိကန် ပြည်ထောင်စုကြီး

www.burmeseclassic.com



ကြီးရွာသို့ ပြန်လည်ရောက်ရှိခြင်းဖြစ်ပါသည်။ ရွာပြန်ရောက်လည်း ဂျပန် အုပ်ချုပ်ရေးလိုလို၊ အင်္ဂလိပ်အုပ်ချုပ်ရေးလိုလို၊ အုပ်ချုပ်ရေး အတည်တကျ မရှိသေးတာကြောင့် ကိုယ့်ရွာကို လုံခြုံရေးယူထားကြပြီး ကာကွယ်စောင့် ရှောက်ခဲ့ရပါသည်။

အဲဒီ အတွေ့အကြုံတွေကြောင့် ကျွန်တော်တို့ စစ်သားကြီးလုံးလုံး ဖြစ်ပြီး သေနတ်မျိုးစုံနှင့် တိုက်ပွဲတွေနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ရတာပါ။ တကယ် တမ်းဆိုရင်တော့ ကျွန်တော်တို့ လယ်သမားတွေကလည်း ကိုယ့်ဘာသာ ကိုယ် ရိုးသားစွာ လယ်ယာလုပ်ကိုင် စားသောက်နေထိုင်ရင်းက ဂျပန်တွေ ရဲ့ ချေးတပ်ဆွဲပြီး ရိုးစိုင်းတဲ့ အပြုအမူတွေကြောင့် တော်လှန်ရေး စစ်သား ကြီးလုံးလုံး ဖြစ်ခဲ့ရတယ် ဆိုပါတော့ဗျာ''

''အေးဗျာ ..ကိုကြိုင်ရေ ကျွန်တော်တို့ သေနတ်ကိုင်ပြီး အ လိုက်ခွင့် ရခဲ့ပေမယ့် ခင်ဗျားတို့လို တိုက်ပွဲအတွေ့အကြုံ မရှိပါဘူးဗျာ ခင်ဗျားတို့ကတော့ တကယ့် ကံထူးသူတွေပဲ။ စွန့်လွှတ်စွန့်စား တကယ့် လူတွေပါပဲဗျား။ ကျွန်တော်တို့ကတော့ အစိုးရဝန်ထမ်းတွေ ဖြစ်ကြတော့ ချေးတပ်ဆွဲတဲ့အထဲ မပါဝင်ခဲ့ရပါဘူး။ ကျွန်တော်တို့က အစိုးရဝန်ထမ်း တော့ ဘယ်အစိုးရတက်တက် ကျွန်တော်တို့က ကျွန်ခံရမှာပဲပေါ့ဗျာ''

ဟု ဌာနာအုပ်ကြီး မှတ်ချက်ပြုသလိုလို တောခေါင်းကြီး လည်း ...

''ကိုကြိုင်ရေ ...ကျွန်တော့်အလုပ်ကလည်း တောထဲတော် တာဝန်နဲ့နေရတာကလည်း ဖျဉ်းမပင်ကျေးရွာမှာဆိုတော့ ပြင်ပနဲ့ အဆ အသွယ် အသွားအလာလည်း အလွန်နည်းပါ့ဗျာ။ ရန်ကုန်ရုံးချုပ်ကိုတော လချုပ် အစီရင်ခံစာပို့ရင်းနဲ့ လစာထုတ်ရင်း တစ်လမှ တစ်ခေါက်လော ရောက်တာဆိုတော့ တောအတွေ့အကြုံကလွဲပြီး ဒေသန္တရ ဗဟုသုတ နည် တယ်လို့ပဲ ပြောရမှာပေါ့ဗျာ။ ဌာနအုပ်ကြီးလည်း ဒီလိုပါပဲ တောက်ကြ ပြီး ပတ်ဝန်းကျင်၊ ကျေးရွာတွေလောက်သော အသွားအလာရှိတော့ ကျွန် တော့်လိုပဲ ဒေသန္တရ ဗဟုသုတနည်းတယ်လို့ ထင်ပါတယ်ဗျာ''





''ဟုတ်ပ ...တောအုပ်ကြီးရေ။ ကျွန်တော်တို့က တောထဲတောင် ထဲရောက်နေကြရတဲ့ တော်ပျော်ကြီးတွေဆိုတော့ တောရွာမှာရှိနေတဲ့ ကိုကြိုင့်လောက်တောင် ဗဟုသုတ မပြည့်စုံဘူးဆိုတာ မရှက်တမ်း ဝန်ခံ ရမှာပဲ။ ဂျပန်တော်လှန်ရေး အတွင်းက ကျွန်တော်တို့တွေ ယူနီဖောင်းဝတ် အရာရှိတွေ ဖြစ်နေကြပြီဖြစ်ပေမယ့် ကိုယ့်တာဝန်ကိုယ်ထမ်း၊ ကိုယ့်လစာ ကိုယ်စားရင်း ကိုယ့်လုပ်ငန်းပတ်ဝန်းကျင်မှာသာ ရှိနေကြတာကြောင့်လည်း ဂျပန်တော်လှန်ရေးဆိုတာကလည်း သိပင်သိသော်လည်း ကျွန်တော်တို့အဖွဲ့ ထူးထူးခြားခြားကြီး မလုပ်ခဲ့ရပါဘူးဗျာ''

''အင်း ...အဲဒီအချိန်တွေက ကုန်ခဲ့ပါပြီ။ ခင်ဗျားတို့နဲ့လည်း ပတ်သက်ခြင်း မရှိသလို ဖြစ်ခဲ့ရတယ်ဆိုပေမယ့် အခု ရောင်စုံသူပုန်တွေက ခင်ဗျားတို့တာဝန်ကျရာ ခင်ဗျားတို့ နယ်မြေတောထဲမှာ အဲဒီလူတွေက ရောက် နေကြပြီဆိုတော့ ဒီတစ်ခါတော့ ခင်ဗျားတို့နဲ့ မပတ်သက်လို့ မရတော့ဘူး။ တိုက်ရိုက်ရင်ဆိုင် တွေ့ကြုံကြတော့မှာပဲ ထင်ပါရဲ့ဗျာ''

''ဟုတ်ပါ့ဗျာ ...ကိုကြိုင်ပြောသလိုပဲ တော်လှန်ရေးခေတ်ကလို ကျွန်တော် တာဝန်ကျပြီး ပျော်တဲ့တောထဲမှာ အေးအေးချမ်းချမ်းနေခဲ့ရ ပေမယ့် ဒီတစ်ခါတော့ ရောင်စုံသူပုန်တွေက တောခိုကြပြီမို့ မလွယ်ဘူး ထင်ပါတယ်။ ဌာနအုပ်ကြီးရေ''

''အေးဗျ ...ဒီတစ်ခါတော့ မပတ်သက်လို့ မရတဲ့အတွက် ကျွန် တော်တို့ အလှည့်ပေါ့ဗျာ''

''ဟား ...ဟား ...ဟား ...''

ကျွန်တော်တို့ စကားကောင်းနေစဉ်တွင် လှည်းသမားများနှင့် ဖိုးခေါင်းတို့အဖွဲ့ တောကောင်များအား ထမ်းလာကြပြီး ဖျက်သူကဖျက်၊ ချက် သူကချက်ဖြင့် အလုပ်ရှုပ်နေကြပါတော့သည်။ ထိုအခြေအနေကို နိုဝ်မိ သော အခါက ...

ရဲအုပ်ကြီး တောခေါင်းကြီးတို့နှင့်အတူ စောင့်ဆိုင်းရင်း အမြည်း စားရန်အတွက် ကိုယ်တိုင်ဝိုင်းဝန်းပြီး ချက်ပြုတ်လုပ်ကိုင်ပါတော့သည်။

www.burmeseclassic.com



အဖေမှာ လယ်သမားမျိုးရိုး ကုန်သည်ပီပီ နေရာတကာ နှံ့စပ်သောကြောင့် ထမင်းဟင်းချက်ပြုတ်ရာ၌လည်း ကျွမ်းကျင်ပါသည်။ ကျင်လည်ခဲ့ရသော ဘဝလည်းစုံသဖြင့် ဗဟုသုတလည်းပြည့်စုံပါသည်။ အဖေ့ခြေရာကို နင်းနိုင်သည့် သားတစ်ယောက်အဖြစ် ကျွန်တော် ကြိုးစားရပါဦးမည်။

ကျွန်တော် ယခင်က သိသည်များက လယ်သမားမျိုးနွယ်၊ အဖေဖြစ်သူက သူကြီးမျိုးနွယ် ဇာတိက ဆင်းသက်ပြီး တောရွာအချမ်းသာဆုံး လူတန်းစားစာရင်းတွင် ပါဝင်ခဲ့ပြီး စီးပွားရေး၊ အမြော်အမြင်ရှိသူ တစ်ဦးဟုသာ ထင်မြင်ယူဆမိခဲ့သော်လည်း ယခုအခါမှ အဖေ၏ ငယ်စဉ်ဘဝကို ကိုယ်တိုင် ပြန်လည်ပြောဆိုမှုကြောင့် သိရှိရခြင်းဖြစ်ပါသည်။ ထို့ကြောင့် အဖေ့ကို လွန်စွာလေးစားမိပါသည်။

ကျွန်တော်တို့က နှောင်းခေတ်တွင် လူဖြစ်လာပြီး မိဘများ၏ အထောက်အပံ့ဖြင့် ကြီးပြင်းလာခဲ့သောကြောင့် တိုင်းပြည်ကြီး၏ အခြေအနေများကို သိရှိခြင်း မရှိသလို စိတ်ဝင်စားခဲ့ခြင်းလည်း မရှိပါ။ ယခု အဖေ ပြောပြမှ တော်လှန်ရေးတွင်လည်းကောင်း၊ နိုင်ငံရေးတွင်လည်းကောင်း ပါဝင်ပတ်သက်ဆက်နွယ်ခြင်း မပြုသော လူတစ်ဦးပင်လျှင် တောနယ်တွင် နေထိုင်သောြငားလည်း မိမိနေထိုင်သော တိုင်းပြည်ကြီး၏ တိုင်းရေးပြည်ရာ နိုင်ငံရေးအမှုတွင် အလိုအလျောက် ပါဝင်လာရသည်ဆိုသည်မှာ ဂရိအတွေး အခေါ်ပညာရှင် ဆိုကရေးတီး၏ 'လူဆိုသည်မှာ နိုင်ငံရေး သတ္တဝါဖြစ်သည်''ဟူသော အဆိုကို ကျွန်တော် လက်ခံမိပြီး သဘောပေါက်လာရပါတော့သည်။

ထို့ကြောင့်ပင် ကျောင်းသင်ခန်းစာများက အသိပညာကို ပေးသလို မြင်ဗဟုသုတ အတွေ့အကြုံများနှင့် လူကြီးများ၏ ပြောဆိုဆုံးမ မှုပြင်မှုများက လူတစ်ဦးတစ်ယောက်အတွက် ဘဝသင်ခန်းစာများကို ပေးနိုင်ကြောင်း ကျွန်တော် သဘောပေါက်ပြီး လက်ခံရပါတော့သည်။

ထိုနေ့က ညနေစောင်းတွင် တောကောင်များအား လိုအပ်သလို အချိုးကျ ခွဲဝေယူကြပြီး လှည်းတစ်စီးအား သဃ်န်းကျွန်းကြီးရွာသို့ တော





ကောင်သေများနှင့်အတူ ပြန်လွှတ်ပြီး ကျွန်တော်နှင့်အဖေတပည့် ဦးသံချောင်းတို့က တောခေါင်းကြီးနှင့် ရဲအုပ်ကြီးတို့အား ပျဉ်းမပင်နှင့် ထောက်ကြန့်ပြီးများသို့ လိုက်လံပို့ဆောင်ခဲ့ရာ ကျွန်တော်တို့ သဃ်န်းကျွန်းကြီးရွာ အိမ်သို့ ရောက်တော့ ည (၉)နာရီပင် ကျော်ပါပြီ။ မိုခေါင်းနှင့် အဖွဲ့က စားသောက်ဖွယ် ဟင်းလျာများကို အသင့်ပြင်ဆင်ထားပြီး ဖြစ်သောကြောင့် ပင်ပင်ပန်းပန်းဖြင့် ရေမိုးချိုး ညစာစားသောက်ပြီး အိပ်ရာဝင်ခဲ့ရပါတော့သည်။

✿ ✿ ✿

❑

နောက်တစ်ပတ်ခန့်ကြာသောအခါ ခနိုတိုးရန် ဝါးများလိုအပ်သည် ဆိုသောကြောင့် ကျွန်တော်တို့ လှည်း (၁၀)စီးဖြင့် ကန်တွင်းတောသို့ ထက်ပြေန်ပါသည်။ နှစ်ညအိပ်၊ သုံးရက်ခန့် အနည်းဆုံး တောထဲ၌ ညအိပ်နေထိုင်ရမည်ဖြစ်သောကြောင့် အဖေက သူ့မိတ်ဆွေ ဌာနအုပ်ကြီးနှင့် တောခေါင်းကြီးတို့အားလည်း ဖိတ်ကြားပြီး အမဲလိုက်ဖို့ စီစဉ်ပါသည်။ ထိုနေ့က မနက်စောစော ကန်တွင်းတော တဲအိမ်ကြီးသို့ ကျွန်တော်တို့ ဝါးခုတ်အဖွဲ့ ရောက်သော်လည်း ဌာနအုပ်ကြီးနှင့် ရဲအုပ်ကြီးသို့ မရောက်ကြသေးပါ။

ထို့ကြောင့် အဖေက ချက်ပြုတ်သူနှင့် ဝါးခုတ်သမားများအား ကြပ်လံနေရာချထားပေးနေစဉ် အဖေ့တပည့် ဦးသံချောင်းက ငါးထောင်ချိုက်နှင့် ငါးမျှားရန်ပိုက်များ၊ ငါးမျှားတံများဖြင့် ကန်စပ်သို့ ဆင်းသွားသည်။ ကျွန်တော်လည်း ယနေ့မှ ငွေယားတောင်မှ အဘိုးနှင့် အစ်မတော်များအား သတိရသောကြောင့် တည်းခို၊ တဲအိမ်ကြီး၏ အနောက်ဘက်သို့ ထွက်လာ

www.burmeseclassic.com



ပြီး ငွေယားတောင်စေတီကလေးအနီးသို့ရောက်တော့ အလွန်ထူးဆန်း ပါသည်။ စေတီပတ်ဝန်းကျင်တွင် အမြဲတမ်းရှိနေသော ငွေယားပုံကြီး တစ်ခုတစ်လေမျှပင် မရှိတော့ဘဲ လုံးဝ ခြေရာလက်ရာ ပျောက်နေပါသည်။

ထိုနေရာတွင် ယခင်ကာလများက ငွေယားပုံကြီး အစုလိုက်အ လိုက် ပြန့်ကျဲပြီး တည်ရှိနေပါသည်ဟု မျက်မြင်တွေ့ရှိသူက ကျိန်တွယ် မည်ဆိုလျှင်တောင် ယခင်အခါများက တွေ့ကြုံခဲ့ဖူးသူများမှလွဲ၍ လူသူ များက ယုံကြည်ကြမည် မဟုတ်ပါ။ ယခင် ငွေယားပုံကြီးရှိခဲ့သော ငွေယား တောင်စေတီ ပတ်ဝန်းကျင်ရှိ နေရာများမှလည်း မြက်ပင်ကလေးများ စိမ်း စိမ်းစိုစိုဖြင့် ခြေရာလက်ရာမပျက် တည်ရှိနေပါတော့သည်။

ကျွန်တော် အံ့သြလွန်း၍ အဘိုးအား တ,သော်လည်း အ အတော်ကြာသည်အထိ ထူးခြားသော တုံ့ပြန်မှုများ မရှိပါ။ ထို့ကြောင့် တဲစခန်းသို့ပြန်ပြီး မြက်ရှင်းဓားတစ်လက်ကိုယူပြီး ငွေယားတောင်အောက် သို့ ခက်ခဲစွာ ဆင်းခဲ့ရပါတော့သည်။ တောင်ခြေရောက်တော့ ယခင် အ နှင့်အတူ ကျွန်တော် ရောက်ရှိခဲ့ရာ ဝင်ပေါက်နေရာအား ခန့်မှန်းပြီးရှာသော် လည်း ခြေရာလက်ရာ ပျောက်နေပါသည်။ အတန်ကြာ ကျွန်တော် ရှာ နေစဉ် တောင်ပေါ်မှ ကျွန်တော့်အား အော်ခေါ်သံကို ကြားရပါသည်။

''သားယေ်ရေ ... လူကလေး မင်းဘယ်မှာလဲ''

ပထမတော့ အဘိုးအသံဟု စိတ်စွဲလမ်းပြီး ထင်လိုက်မိသော်လည် အသံကျက်မိတော့မှ အဖေ့အသံဖြစ်ပါသည်။ တခြားလူသံများလည်း ကြား ရသောကြောင့် ဒွာနအုပ်ကြီးနှင့် တောခေါင်းကြီးတို့လည်း ရောက်ရှိ ကြပြီဟု ခန့်မှန်းမိပါသည်။ ထို့ကြောင့် ကျွန်တော် ပြန်လည်၍ အသံပြု တော့သည်။

''အဖေ ... ကျွန်တော် ဒီအောက်လှိုဏ်ထဲမှာရှိတယ်။ အဖေ ဆင်းလာမှာလား။ ကျွန်တော် တက်ခဲ့ရမလား''

''အေး ... သား၊ အဲဒီမှာပဲ ခဏစောင့်နေ၊ အဖေတို့ ဆင်း ပြီ။ လက်နက်တိုက်က အမဲလိုက်ဖို့ သေနတ်တွေ ထုတ်ယူမယ်''

''ဟုတ်ကဲ့ ... အဖေ၊ ကျွန်တော် စောင့်နေပါမယ်''





ကျွန်တော် အဖေတို့အား စောင့်နေစဉ် ငွေယားတောင် အဘိုးနှင့် အစ်မတော်များ ပြောင်းရွှေ့သွားသော်လည်း ကျွန်တော့်အား နှုတ်ဆက်သွား ခြင်း မရှိသောကြောင့် မကျေမနပ်ဖြစ်နေမိပါသည်။ ပြီးခဲ့သော အပတ်က လည်း ကျွန်တော်တို့အဖွဲ့ တောပစ်လာကြရာ တောကောင်အများအပြား ရရှိခဲ့သောကြောင့် လွန်စွာပျော်ရွှင်ပြီး ငွေယားတောင်ဘက် သွားရန်ပင် ကျွန်တော် သတိမေ့လျော့နေခဲ့ပါသည်။

ယခင်အခါများက ဝါးခုတ်တဲစခန်းသို့ ရောက်သည်နှင့် ကျွန် တော် အမြဲတမ်း ငွေယားတောင်ဘက်သို့သွားပြီး ငွေယားပြားများအား ပစ် ခွတ်ကစားလေ့ရှိသော်လည်း ယခုအခါတွင် တောကောင်များ ပစ်ခတ်ရ ခြင်းကို ဝါသနာအလျောက် အဖေတို့နှင့် ပျော်ရွှင်စွာ ပစ်ခတ်ရခြင်းကြောင့် ငွေယားပြားများကို မေ့လျော့နေခဲ့မိပါသည်။

မကြာပါ အဖေနှင့် တောအုပ်ကြီး၊ ဒွာနအုပ်ကြီးတို့ ကျွန်တော်ရှိ နေရာ ငွေယားတောင်အောက်ခြေ ချောက်ကြီးအတွင်းသို့ ဆင်းလာကြပါ သည်။

အဖေက ...

''သားရေ ... နောက်ဆိုရင် အခုလို တစ်ယောက်တည်း ဒီလှိုဏ် ကြီးထဲကို မဆင်းနဲ့ပေါ့။ မြွေပါး၊ ကင်းပါးနှင့် တောကောင်တွေအပြင် ရောင်စုံ သူပုန်တွေ ပုန်းအောင်းနေပြီး သားကို အန္တရာယ်ပြုရင် အခက်ပဲ။ အဖေ တို့လည်း ချက်ချင်းကြီး ကယ်နိုင်မှာမဟုတ်ဘူး''

''ဟုတ်ကဲ့ပါ ... အဖေ''

သို့နှင့် ကျွန်တော်တို့အဖွဲ့ လှိုဏ်ကြီးအတိုင်း လျှောက်လာကြသည်။ လိုအပ်သော လက်နက်များကို လှိုဏ်ဂူလက်နက်တိုက်အတွင်းမှ ထုတ်ယူ ကြပြီး အမဲလိုက် ထွက်ခဲ့ကြပါတော့သည်။ ထိုနေ့ကလည်း တောဝက်နှင့် ဆတ်၊ ချေတို့အပြင် ရှုတ်တရက် သွားရင်းလာရင်း ဆုံခဲ့ရသော ဖြူကြီး တစ်ကောင်ကို ကျွန်တော်မှပင် ပစ်ခတ်ရရှိခဲ့ပါသည်။ နားခိုရန် တဲစခန်း သို့ရောက်တော့ အလုပ်သမားများက တောကောင်များအား သယ်ယူနေကြ

www.burmeseclassic.com



စဉ် အဖေက ကျွန်တော် ပစ်ခတ်ခဲ့သော ဖြူကောင်ကြီးအား အရေးများ နွှတ်၍ ချက်ပြုတ်ပေးပါသည်။ ဖြူသားကို ကျွန်တော် မစားဖူးသေးပါ။

တောအုပ်ကြီးက ...

"ကိုကြိုင်ရေ ... ဒီကန့်တွင်းတောထဲမှာ ဖြူကောင်တွေပေါပေမယ့် ရဖို့ အလွန်ခဲယဉ်းတယ်။ ကျွန်တော်လည်း ဒေသခံမုဆိုးတွေထောင်ပြီး ကျွေးလို့ စားဖူးရုံပဲရှိတယ်။ ဖြူကောင်ဆိုတာက တောင်ပို့ကြီးအတွင်းမှာ ကျင်းတူးပြီးနေတာ။ လုပ်တတ်ကိုင်တတ် ဖမ်းဆီးတတ်မှ ရနိုင်တယ်။ သူ့အသားက မြေအောင်းသားမို့ စားလို့လည်း အလွန်ကောင်းတယ်။ ဆေးဖက်လည်း ဝင်တယ်။ ဖြူအစာအိမ်ကို နေလှမ်းအခြောက်ခံပြီး ဆောင်ထားရတယ်။ အဲဒါကို အမှုန့်ထောင်းပြီး ပျားရည်နဲ့တေစားရင် ချောင်းဆိုး၊ ရင်ကျပ်၊ ပန်းနာ၊ ချက်ချင်းပျောက်တယ်ဗျ"

ထိုအခါတွင် ဌာနအုပ်ကြီးက ...

"အဲဒါဆိုရင် လုပ်စမ်းပါဦးဗျာ။ ကျွန်တော့်မိန်းမ ပန်းနာရောဂါစွဲနေတာ နှစ်ပေါက်တော့မယ်။ မြန်မာဆေး၊ အင်္ဂလိပ်ဆေး၊ အတော်စုံနေပြီ။ သက်သာရုံပဲ ရှိတယ်။ မပျောက်ဘူးဗျ"

"ခင်ဗျားမိန်းမကို ကျွန်တော်ပြောသလို ဖြူအစာအိမ်ကို နေလှမ်းအခြောက်ခံပြီး အမှုန့်ထောင်း ပျားရည်နှင့် တေစားစမ်းဗျာ။ တစ်ခါစားရင် ဇီးဖြူသီး အလုံးလောက်ပေါ့။ မနက် တစ်လုံး၊ နေ့လည် တစ်လုံး၊ ညတစ်လုံး တစ်နေ့ သုံးကြိမ် စားစမ်းပါ။ သုံးရက်ထက် မပိုဘူး။ ရင်ကျပ်၊ ပန်းနာရော ရှင်းရှင်းပျောက်စေရမယ်"

ကျွန်တော့်အဖေက ...

"ညွှန်းလှချေလား ... တောခေါင်းကြီးရဲ့၊ ဒီလိုဆိုဗျာ ကျွန်တော်တို့မှာလည်း ကလေးတွေနဲ့ ဆောင်ထားဦးမှပဲ"

"စိတ်ချလက်ချ ကျွန်တော်ပြောသလို မှီဝဲစမ်းပါဗျာ။ ကျွန်တော်က တောထဲမှာ တာဝန်ထမ်းဆောင်နေရတော့ ဆေးဖက်ဝင်၊ သစ်သီး၊ သစ်မြစ်၊ ဆေးမြစ်တွေနဲ့ ဆေးဖက်ဝင်တောကောင်တွေ အကြောင်းကို သိပ့်ဗျာ။ ဖြူ





ကောင်တွေက ဆေးဖက်ဝင်၊ သစ်မြစ်တွေစားတော့ သူ့အသားနဲ့ သူ့အစာအိမ်အတွင်းမှာရှိတဲ့ စားထားတဲ့ ဆေးမြစ်ပေါင်းစုံက ဆေးဖက်အသုံးတည့်တော့တာပေါ့ဗျာ။

မျောက်ညိုတွေကို ... ကြည့်ပါလား ... သစ်ရွက်၊ သစ်သီးတွေကို စားလေ့ရှိတော့ မုဆိုးတွေ ပြောကြတဲ့ မျောက်ချေးခါးဆိုတာ မျောက်အစာအိမ်နဲ့ အဲဒီအစာအိမ်ထဲက အစာသစ်တွေပဲလေ၊ အလွန်ဆေးဖက်အသုံးဝင်တယ်။ ချက်ပြုတ်စားတော့လည်း မျောက်ချေးခါးလေး တစ်ဇွန်းလောက်ထည့်ချက်ရင် အသားက အမြန်နူးလွယ်ပြီး အလွန်အရသာရှိစေတယ်"

ထို့ကြောင့် ကျွန်တော်တို့အဖွဲ့ နေ့လယ်စာ စားသောက်ကြရာတွင် သနေ့တော့ အဖေကိုယ်တိုင်ချက်သည့် ဖြူသားဟင်းအား ဦးစားပေးပြီး စားသောက်ကြပါသည်။ ဖြူကောင်၏ အရေခွံမှာ အလွန်ထူပြီး ဆူးတောင်ကြီးများ စိုက်ဝင်နေသောကြောင့် အဖုအထစ်များ ဖြစ်နေပါသည်။ ကျွန်တော်ခွံမရဲစားကြည့်တော့ ဝက်ခေါက်ကိုစားသလို အလွန်ဝါး၍ကောင်းသည်။ သူ့အသားကလည်း လွန်စွာနူးညံ့ပါသည်။

မြေအောင်းသားဖြစ်ပြီး သစ်မြစ်များကို စားသော တောကောင်ဖြစ်သောကြောင့် အနည်းငယ်တော့ ဆေးဝါးနံ့တွေ အနံ့ရှိသည်။ သို့သော် အဖေက ကန့်တွင်းတောအတွင်းမှ ရရှိသောဖာလာနှင့် သစ်ဂျပိုး၊ ကရဝေးရွက်ခြောက်များ ခတ်ထားသောကြောင့် မညှီတော့ဘဲ အနံ့ပျောက်ပြီး လွန်စွာစား၍ ကောင်းပါသည်။

ကန့်တွင်းတောအတွင်း၌ ကရဝေးရွက်နှင့် သစ်ဂျပိုးခေါက်၊ ဖာလာပင်များမှာ လွန်စွာပေါသည်။ ဖာလာပင်ဆိုသည်မှာ နနွင်းပင်ကဲ့သို့ တံတောင်ခန့်သာရှိသော အပင်ဖြစ်သည်။ မြေမှထွက်လာသော ပွင့်တံက အသီးသီး၍ ဖာလာစေ့များကို ရရှိနိုင်သော အပင်ဖြစ်ပါသည်။

သို့နှင့် ကျွန်တော်တို့ ကန့်တွင်းတောအတွင်း၌ နှစ်ညအိပ် သုံးရက်ခန့်နေပြီး လိုအပ်သောဝါးများ ပြည့်စုံစွာ ရရှိသောကြောင့် ရွာသို့ ပြန်ခဲ့ကြပါသည်။ ထိုအခေါက်ကလည်း တောကောင်မျိုးစုံရရှိသောကြောင့် ဝေငှယူ

www.burmeseclassic.com



ခဲ့ကြပြီး တောကောင်သား၊ ကျပ်တိုက်များအား အိမ်နီးနားချင်းများနှင့် ဓနိထိုးအလုပ်သမားများအား ပြည့်စုံစွာ ဝေငှပေးလိုက်ပါသည်။

သယ်န်းကျွန်းကြီးရွာတွင် တစ်ညအိပ်ပြီးနောက် ကျွန်တော်နှင့်အဖေ တပည့် ဦးသံချောင်းကိုပါ ခေါ်၍ ယမန်နေ့က ကန်တွင်းတောမှ ခုတ်ယူလာခဲ့သော ဝါးများအား စစ်ပင်ရွာ၊ ပေါက်တလောက်၊ ထားဝယ်ချောင်းရွာများနှင့် ဆင်ဖုန်၊ မဒရွာများရှိ ဓနိထိုးစခန်းများသို့ လိုက်လံချပေးရပါသည်။ ထို့ကြောင့် ကျွန်တော်ဆင်ဖုန်၊ မဒရွာများရှိ ဖြေစင်ကန်သို့ တစ်ခေါက်ရောက်ရပြန်ပါသည်။

ဆင်ဖုန်ရွာတွင် အဘိုး၊ အဘွားတို့လည်း မရှိတော့ဘဲ မြို့ပေါ်ရှိ သမိုင်းအိမ်ကြီးသို့ ပြောင်းရွှေ့သွားကြပြီဖြစ်သောကြောင့် ဆင်ဖုန်ရွာ အဘိုးတို့အိမ်ကြီးတွင် အစောင့်သာရှိပါသည်။ ထို့ကြောင့် ဓနိထိုးလုပ်သားများက အရေးပေါ်ချက်ပြုတ်ကျွေးသော ဟင်းများဖြင့် ကျွန်တော်တို့ သားအဖစားကြသောက်ကြရပြန်ပါသည်။ နေ့လယ်စာ စားသောက်ပြီးသောအချိန်တွင် အဖေက ဓနိထိုးလုပ်သားများနှင့် အလုပ်ကိစ္စများ ဆောင်ရွက်နေကြစဉ် ကျွန်တော် အချိန်အားနေသောကြောင့် ဖြေစင်ကန်ဘက်သို့ အပန်းဖြေရန် ထွက်ခဲ့ပြန်ပါသည်။

ဖြေစင်ကန်ပေါ်တွင် နေ့လယ်၊ နေ့ခင်းဖြစ်သောကြောင့် ရေခပ်ဆင်းသူ တစ်ဦးတစ်ယောက်မျှ မရှိပါ။ ထိုသို့ လူရှင်းချိန်တွင်မှ ရေခပ်ဆင်းလေ့ရှိသော မမြစိမ်းဟူသော အမျိုးသမီးကို ကျွန်တော် စောင့်မျှော်နေမိခြင်းဖြစ်ပါသည်။ အထက်တန်းကျောင်းသားကြီး ဖြစ်လာပြီး လူပျိုပေါက်စဖြစ်လာသောကြောင့် ကျောင်းကိစ္စနှင့် ပညာရေးကို ဦးစားပေးခဲ့သော်လည်း ယခုလို အားလပ်ချိန်များတွင်တော့ မသိစိတ်က မမြစိမ်းအား တောင့်တနေမှန်း ကျွန်တော် ဝန်ခံရပါမည်။

ဤသည်က အပျို၊ လူပျိုဘဝ သဘာဝအတိုင်း ဖြစ်ပါလိမ့်မည်။ သို့သော် ထိုနေ့က ညနေစောင်းသည်အထိ မမြစိမ်း ရေခပ်ဆင်းမလာပါ။ ဖွဲ့နဘဲကြီးစွာ ကျွန်တော် စောင့်မျှော်နေစဉ် ညနေစောင်းတော့ အဖေတပည့် ဦးသံချောင်းလာခေါ်သောကြောင့် ကျွန်တော်တို့ ဆက်လက်ထွ





ဆက်ရန်အတွက် လှေဆိပ်သို့ ဆင်းခဲ့ရပါတော့သည်။ စိတ်ထဲတွင်တော့ ဘဝင်တော့ မမြစိမ်းအား တွေ့မြင်ချင်စိတ်က လွန်စွာ နှိုးဆော်နေမိသည်။

သို့နှင့် ကျွန်တော်တို့ လှေဆိပ်သို့ဆင်း၍ တုံကင်းကြီးဖြင့် ဓနိများကိုသယ်ကာ အုတ်ပုံဆိပ်ဟူသော တောနှင့်မြို့ဆက်သွယ်ရာ ဆိပ်ကမ်းသို့ ထွက်ခဲ့ကြပါတော့သည်။ ထိုတွင် ဓနိပိုင်ရှင် ဓနိများချနေစဉ် အဖေက သူ့တပည့် ဦးသံချောင်းအား အစောင့်ထား၍ ညအိပ်စေပြီး ကျွန်တော်တို့ သမိုင်းအိမ်ကြီးသို့ ပြန်လာကြပါတော့သည်။ ထိုနောက်ပိုင်းတွင် ကျွန်တော်လည်း ကျောင်းကြီး ပြန်ဖွင့်တော့မည်ဖြစ်ပါသောကြောင့် သမိုင်းအိမ်ကြီး တွင်ကပ်နေပြီး ကျောင်းပြန်တက်ရန်အတွက် ပြင်ဆင်နေရပါတော့သည်။

(၁၉၆၂)ခုနှစ်တွင် စစ်အစိုးရက အာဏာသိမ်းပြီး တော်လှန်ရေးအစိုးရဖွဲ့စည်းပြီး တိုင်းပြည်အာဏာကိုသိမ်း၍ အုပ်ချုပ်ခဲ့ရာ ဆိုရှယ်လစ်နည်းဖြင့် တိုင်းပြည်ကို အုပ်ချုပ်ကြောင်း သိရှိရပါသည်။ ယခင် လွတ်လပ်၍ စနစ်မကျသော ဒီမိုကရေစီစနစ်မှ ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းရာတွင် ကုလိကလုပ်ငန်းကြီးများအား ပြည်သူပိုင်သိမ်းခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်ဟု အမည်တွင်ပါသည်။ ထိုခေတ်ကြီးတွင် လူလားမြောက်၍ ကြီးပွားလာရသော ကျွန်တော်တို့မှာ ဆိုရှယ်လစ်ဝါဒကို စည်းရုံးပြီး ရိုက်သွင်းခံရတဲ့ ကျောင်းသားများ ဖြစ်၍လာကြပြန်ပါသည်။ လမ်းစဉ် လူငယ်များဟု ခေါ်ပါသည်။

ကျောင်းသားလူငယ်ဘဝမှာ ရွှံ့ရုပ်ကလေးကဲ့သို့ပင် အုပ်ချုပ်သူနိုင်ငံတော်အစိုးရက ပုံဖော်သလို ပုံစံဖြင့် ကြီးထွားခဲ့ကြခြင်းဖြစ်ပါသည်။ ၁၉၆၈ ခုနှစ်တွင် ကျွန်တော် (၁၀)တန်းအောင်သည်။ ထိုခေတ်က တက်ကြွသော ကျောင်းသားလူငယ်များပီပီ၊ လူငယ်ရေးရာ၊ စည်းရုံးရေးအဖွဲ့က လမ်းညွှန်ချီတောင်မှုဖြင့် ရေဦး ကလေးဝ၊ လမ်းဖောက်လုပ်ရေး လုပ်အားပေးစခန်းသို့ ကျွန်တော်တို့ ကျောင်းသားများ တောထဲတောင်ထဲ တစ်လကြာ သွားရောက်နေထိုင်ပြီး လုပ်အားပေးခဲ့ကြသည်။

ဤသည်မှာလည်း အမိမြန်မာပြည်ကိုချစ်သော ကျွန်တော်တို့ လူငယ်များ၏ ပထမခြေလှမ်းဖြစ်ပါသည်။ (၁၀)တန်းအောင်ပြီး တက္ကသိုလ်

www.burmeseclassic.com



သို့ တက်ရတော့လည်း ဝိဇ္ဇာနဲ့သိပ္ပံတက္ကသိုလ်ခေါ် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားနေရခြင်းဖြစ်ပါသည်။ တက္ကသိုလ်သို့ တက်ရောက်တော့လည်း လူငယ်ပီပီ အားကစားနဲ့ ကျောင်းသားကျောင်းသူ အသင်းအဖွဲ့များသို့ ဝင်ရောက်ဖြစ်သည်။

ကျွန်တော်က နဂိုမူလ ဓာတ်ခံရှိသောကြောင့် အမဲလိုက်မုဆိုး လူကြမ်းကြီးဖြစ်ခဲ့သော်လည်း ရန်ကုန်တက္ကသိုလ် အနုပညာအသင်းတွင် အဆိုနှင့် အတီး ဘာသာရပ်ကို ကျောင်းအားသည့်အချိန်များတွင် တက်ရောက်၍ သင်ကြားလေ့လာဖြစ်သည်။ ထို့ကြောင့် (၁၉၇၀)ခုနှစ် ရန်ကုန်တက္ကသိုလ် နှစ် (၅၀)ပြည့် အထိမ်းအမှတ် ရွှေရတုသဘင်ပွဲတွင် ညစဉ် အခမ်းအနား ဖွင့် သီချင်းအဖြင့် အုပ်စုလိုက်ဆိုရသော သီချင်းကို ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမရှေ့တွင်သာမက ပညာရေးတက္ကသိုလ်နှင့် ဆေးတက္ကသိုလ် အမှတ်(၁) (ယခင် လိပ်ခုံးအဆောက်အဦ) များသို့ သွားရောက်ပြီး ညစဉ် ဆိုရပါသည်။ မြန်မာစာဌာနမှ စာဆိုတော် ဆရာ ဦးမြသိမ်းစပ်ပေးသော နှစ်ပေါင်းငါးဆယ်စေ့ရောက် ပြည့်မြောက်ခဲ့ရခြင်းကို ဖော်ညွှန်းမော်ကွန်း တင်' ဟု အစချီသော တေးသီချင်းဖြစ်ပါသည်။

တစ်ညတွင် ပညာရေးတက္ကသိုလ်ရှေ့ မဏ္ဍပ်တွင် အဖွင့်သီချင်း ကို ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ သီဆိုနေစဉ် ကျွန်တော် အမျိုးသမီးတစ်ဦးကို ရုတ်တရက် မလှမ်းမကမ်းမှ မြင်လိုက် ရပါသည်။ ထိုအမျိုးသမီးကလေးမှာ မထင်မှတ်ဘဲ ဆင်ဖုန်၊ မဒ္ဒရှုံ ဧ စင်ကန်ဘောင်ပေါ်တွင် တွေ့ရှိခဲ့ရသော မိန်းကလေးနှင့် အလွန်တူပါသည်။ သူကလည်း ကျွန်တော့်ကိုကြည့်သည်။ ကျွန်တော်ကလည်း သူ့ကိုကြည့် သည်။ သို့သော် တောရွာ၊ လယ်ကွင်း၊ သောက်ရေကန်မှ ရေခပ်ဆင်းလာ သော တောရွာသူ အမျိုးရိုးနှင့် ယခု မျက်မှောက်တွင် မြင်နေရသည့် တက္ကသိုလ်ကျောင်းသူမှာ မည်သို့မျှ သက်ဆိုင်နိုင်ခြင်း မရှိသောကြောင့် လူတူသူမှားသာ ကျွန်တော် အမှတ်ထားခဲ့မိပါသည်။

ကျွန်တော်က စေ့စေ့စပ်စပ် အမှတ်တရ ကြည့်မိသလိုပင် သူမ လည်း အခါခါ လှည့်ပြန်ကြည့်ရှာသည်။ ထိုအမျိုးသမီးအား ကျွန်တော်





ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း၌ သွားလာနေစဉ် မြင်တွေ့ခဲ့ဖူးခြင်း မရှိ သောကြောင့် ကျွန်တော် ယခု ရောက်ရှိနေရာ ပညာရေးတက္ကသိုလ်မှ ကျောင်း သူတစ်ဦးဖြစ်မည်ဟုတော့ ခန့်မှန်းမိပါသည်။

တက္ကသိုလ် ရွှေရတုသဘင် နောက်ဆုံးညမှာ ကျောင်းသားများ နိုင်ငံရေး မငြိမ်မသက်မှုကြောင့် လုပ်ခွင့်မရပါ။ သို့နှင့်ပင် နှစ် (၅၀)ပြည့် ရန်ကုန် တက္ကသိုလ် ရွှေရတု အခမ်းအနားကြီးမှာ မပြည့်မစုံဖြင့် ပြီးစီးခဲ့ရ ပါတော့သည်။ သို့သော် ကျွန်တော်တို့ ကျောင်းသူကျောင်းသားများအတွက် နှစ် (၅၀)ပြည့် ရွှေရတုအခမ်းအနားကြီးကို မှီခဲ့ရခြင်းအတွက် လွန်စွာဝမ်း မြောက် ဂုဏ်ယူမိပါသည်။

ထိုစဉ်ကလည်း ကျွန်တော်တို့ ကျောင်းသူကျောင်းသားများမှာ လူငယ်များပီပီ လွန်စွာ စိတ်ဓာတ်တက်ကြွ နေကြပါသည်။ (၁၉၇၀)ပြည့်နှစ် ကျွန်တော် တက္ကသိုလ် ဒုတိယနှစ်တွင် ရန်ကုန်တက္ကသိုလ်၊ လူငယ်များ အသင်းအရုံးမှ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံအတွင်း စာမတတ်သူ ပပျောက် ရေးလုပ်ရှားမှုအတွက် (အသုံးလုံး) လုပ်အားပေး ဆရာအဖြစ် ကျောင်းပိတ် ရက်တွင် နယ်သို့ဆင်း၍ စာသင်ရန် အခွင့်အရေး ရလာခဲ့ပါသည်။

ထိုအချိန်က အထက်မြန်မာပြည် အညာဒေသ ကျောက်ဆည်နှင့် ရွာ၊ အမရပူရမြို့နယ်များတွင် (အသုံးလုံး) လုပ်အားပေး ဆရာများအဖြစ် လုပ်ကိုင်ကြရမည်ဖြစ်ရာ ကျွန်တော်တို့ တာဝန်ကျသည်က အမရပူရ မြို့နယ်တွင်ဖြစ်ပါသည်။

မန္တလေးမြို့သို့ (အသုံးလုံး) ရထားကြီးဖြင့် သွားကြရပြီး ထိုမှ တာဝန်ကျရာ တောရွာအသီးသီးသို့ မြို့နယ် (အသုံးလုံး) ကော်မတီက တာဝန်ခွဲဝေချထားခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ မန္တလေးမြို့သို့ရောက် ၍ ဘူတာကြီးမှ မန္တလေးမြို့ရှိ အထက်တန်းကျောင်းကြီးတစ်ကျောင်းတွင် ခေတ္တ တည်းခိုနေထိုင်ကြရပါသည်။ ထိုမှ (အသုံးလုံး) ဗဟိုကော်မတီမှ အသွားမှေးညွှန်ခံသည်။ မြို့နယ်များမှ လာရောက်ခေါ်ဆောင်သော ဘတ်စ် ကားကြီးများအဖြင့် တောနယ်သို့ ဆင်းကြရပါသည်။

www.burmeseclassic.com



ကျွန်တော်တို့ ကျောင်းသူကျောင်းသားများအဖွဲ့မှာ ဝိဇ္ဇာနှင့်သိ
တက္ကသိုလ်မှ မေဂျာပေါင်းစုံအပြင် အခြား စီးပွားရေးတက္ကသိုလ်နှင့် ပညာ
ရေး တက္ကသိုလ်တို့မှလည်း ကျောင်းသူ၊ ကျောင်းသားများ ပါဝင်ကြပါသည်
ကျွန်တော်တို့အဖွဲ့အား အမရပူရမြို့နယ်ရှိ အထက်တန်းကျောင်းကြီးတ
ကျောင်းတွင် စုရပ်အဖြစ် နေရာချထားပေးသောကြောင့် ထိုညက
အထက်တန်းကျောင်းကြီးတွင် ညအိပ်ပြီး နားနေကြရပါသည်။

မြို့နယ် (အသုံးလုံး)ကော်မတီကလည်း အကျွေးအမွေးနှင့် ဆော
ကူသပေးခြင်း၊ ဖျော်ဖြေခြင်း အလုပ်များကို လုပ်ဆောင်ပြီး ဧည့်ဝတ်ပြု
ပါသည်။ ညဘက်တွင် ကျောင်းသူများတစ်ဆောင်၊ ကျောင်းသားမျ
တစ်ဆောင် ခွဲခြား၍ တည်းခိုရသောကြောင့်လည်းကောင်း၊ ခရီးပမ်းလာသော
ကြောင့်လည်းကောင်း၊ ကျောင်းသူကျောင်းသား မိတ်ဆွေအရင်းအချာများ
လွဲ၍ အခြားသူများနှင့် ဆုံတွေ့ရန် အခြေအနေမရခဲ့ပါ။

နောက်တစ်နေ့မနက်တွင် မြို့နယ် အသုံးလုံးကော်မတီက အကြော
ကြားပြီး စီစဉ်ထားမှုကြောင့် တာဝန်ကျရာ ကျေးရွာအသီးသီးမှ ဆရာ၊ ဆရာ
များအား ကားများဖြင့် လာရောက်ကြိုဆိုပြီး ခေါ်ဆောင်ပါသည်။ ကျွန်တော်
တာဝန်ကျရာ ကျေးရွာကတော့ အမရပူရမြို့နယ် ရေပုတ်ရွာအုပ်စု ရှမ်း
ကြီးဟု ခေါ်တွင်သော ရွာကလေးဖြစ်ပါသည်။ အမရပူရမြို့နယ် အစွန်း
ဖြစ်ပြီး ပြင်ဦးလွင်မြို့နယ် အစပ်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

သို့နှင့် ကျွန်တော်တို့ ကျောင်းသူကျောင်းသားများအား တာ
ကျရာ ကျေးရွာအုပ်စုများမှ လာရောက်ကြိုဆို ခေါ်ဆောင်သော ကား
ဖြင့် လိုက်ပါသွားကြစဉ် အမရပူရမြို့နယ် ကန်ဘဲ့ရွာအုပ်စုသို့ရောက်တော့
ရောက်ကြိုဆိုသော အုပ်စုကော်မတီဝင်များက ကျောင်းဆရာနှင့် ဆရာ
အား အမောပြေ နွားနို့နှင့် လက်ဘက်ရည်ချိုတိုက်ရန်အတွက် ကန်ဘဲ့ရွာ
တွင် နားကြစဉ် ထိုရွာများတွင် ,တာဝန်ကျသော ဆရာမကလေးများ
ကားတစ်စီးဖြင့် ထပ်မံရောက်ရှိလာပါသည်။

ထိုတွင် ကားပေါ်မှမြင်ရသည့် ကျောင်းဆရာမများအနက်
ယောက်မှာ ကျွန်တော် တွေ့မြင်ဆုံတွေ့ခဲ့ဖူးသော ဆင်ဖုန်ရွာ မြေစင်သော





ရေကန်ပေါ်တွင် မြင်တွေ့ခဲ့ရသည့် မမြစိမ်းနှင့် အလွန်တူပြီး ပညာရေး တက္ကသိုလ် နှစ် (၅၀) မြောက် ရွှေရတုသဘင်တွင် ရုတ်တရက် မြင်တွေ့ခဲ့ ရသော ကျောင်းသူတစ်ဦးနှင့်လည်း လွန်စွာ တူနေပါသည်။

ကျွန်တော်ကလည်း သူ့ကို ကြည့်သည်။ သူမကလည်း ကျွန်တော့် ကိုကြည့်သည်။ သို့သော် လောကတွင် လူတူမရှား၊ နာမည်တူမရှားသော ကြောင့် နှုတ်မဆက်ရဲကြပါ။ ထိုအချိန်တွင် ထိုကန်ဘဲ့ရွာတွင် အုပ်ချုပ်သူ လူကြီးဖြစ်ဟန်တူသူက ကျွန်တော်အပါအဝင် ကျောင်းဆရာ၊ ဆရာမ (၂၀) ဦးခန့်အား ကျွေးမွေးဧည့်ခံပြီး မိတ်ဆက်ခြင်းဖြစ်ပါကြောင်း ပြောကြားပြီး သူတို့ ကန်ဘဲ့ရွာတွင် တာဝန်ကျသော ဆရာမလေး (၂)ဦးနှင့် ကျွန်တော်တို့ တို့ ကျောင်းဆရာ၊ ဆရာအဖွဲ့အား မိတ်ဆက်ပေးပြန်ပါသည်။

ဤသို့ (အသုံးလုံး)လုပ်အားပေးရာတွင် တက္ကသိုလ်ပေါင်းစုံမှ ကျောင်း သားကျောင်းသူများဖြစ်ခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး သိရှိခြင်းမရှိကြပါ။ ထို့ကြောင့် ရပ်ရွာလူကြီးမှ မိတ်ဆက်ပေးမှုကြောင့် ကျွန်တော်တို့ ရန်ကုန် မှလာသူ လုပ်အားပေး ကျောင်းဆရာ၊ ဆရာမများ အချင်းချင်း သိကျွမ်း ရင်းနှီးရခြင်းဖြစ်ပါသည်။ ထိုအချိန်မှ ကန်ဘဲ့ရွာတွင် တာဝန်ကျသော ဆရာမ လေးနှစ်ဦးမှာ ပညာရေးတက္ကသိုလ်မှ တတိယနှစ်ကျောင်းသူ ဒေါ်မြမြစိမ်း နှင့် ဒေါ်လှလှနွယ်တို့ဖြစ်ကြောင်း သိရှိရပါတော့သည်။

ကျွန်တော်တို့အုပ်စုမှာ တစ်အုပ်စုကြီးအတွင်း တာဝန်ကျသည်ဟု ဆိုနိုင်သော်လည်း တာဝန်ကျသော ကျေးရွာများမှာ တစ်ရွာနှင့်တစ်ရွာ လွန်စွာ ဝေးကွာလှပါသည်။ ထိုသို့ ကျေးရွာအုပ်စု (အသုံးလုံး) ကော်မတီက မိတ်ဆက်ပေးပြီးနောက် နေ့လယ်စာ ထမင်းပါ စားသုံးပြီးမှ တာဝန်ကျရာ ကျေးရွာအသီးသီးသို့ သွားရောက်ကြရန်ကိုလည်း ကြေညာပြန်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့ (အသုံးလုံး) လုပ်အားပေး ကျောင်းဆရာ ကျောင်းဆရာမများ ကန်ဘဲ့ရွာရှိ လူကြီးအိမ်ရှေ့ ကနဖျင်း မဏ္ဍပ်အောက် တွင် နေ့လယ်စာစားရင်း ဆုံကြပြန်ပါသည်။ အစောပိုင်းက ရွာလက်ဘက် ရည်ဆိုင်ဖြစ်ပြီး ယခုတော့ တာဝန်ကျရာ ဆရာမလေးများ ခေတ္တတည်း ခိုနေထိုင်ကြရမည့် ရွာလူကြီးအိမ်ပင် ဖြစ်ပါသည်။ မဏ္ဍပ်အောက်၌ ရွာမှခင်း

www.burmeseclassic.com



ကျင်းထားသော စားပွဲဝိုင်းကြီးများတွင် ကျွန်တော်တို့အား ခွဲဝေထိုင်စေပြီး နေ့လယ်စာ ထမင်းပွဲတွင် ကျွန်တော်က ပညာရေးတက္ကသိုလ်မှ ဆရာမလေး နှစ်ဦးနှင့်အတူ စားပွဲတစ်ဝိုင်းတည်း ထိုင်ကြသည်။ ကျွန်တော်တို့ဝိုင်းတွင် ရွာလူကြီးကလည်း အိမ်ရှင်အနေဖြင့် နေ့လယ်စာ အတူစားသုံးကြရန် လာ ထိုင်ပါသည်။

ထိုအခါမှ ကျွန်တော် ဒေါ်မြမြစိမ်းဟူသော ဆရာမအား မျက်မှန်း တမ်းမိသည်နှင့် မေးရတော့သည်။

''ဆရာမ . . . ကျွန်တော် မသိတာလေးရှိလို့ မေးရဦးမယ်။ မှားရင် စိတ်မဆိုးပါနဲ့။ ဆရာမက မဒ၊ ဆင်ဖုန်ရွာက မြွေစင်ကန်ဘောင်ပေါ်မှာ ကျွန် တော်နဲ့ဆုံခဲ့တဲ့ မမြစိမ်းလားလို့ ထင်လို့ပါ''

''ဩော် . . . ဟုတ်ပါရဲ့၊ ရှင်က ဆေးဆရာကြီး အဘိုးဦးရွှေမှန် ရဲ့မြေး ထင်ပါရဲ့။ ကျွန်မတို့က တစ်ယောက်ကိုတစ်ယောက် မြင်ဖူးကြမေ မယ့် ခင်မင်ရင်းနှီးကြသူတွေ မဟုတ်ခဲ့လေတော့ မှတ်မိသလိုပဲ ရှိခဲ့တာ ဒါကြောင့် ကျွန်မကစပြီး နှုတ်မဆက်ရဲခဲ့တာပါ''

''ဟုတ်ကဲ့ခင်ဗျား . . . ကျွန်တော်က ဆေးဆရာကြီး ဦးရွှေမှန်းရဲ့မြေး တင့်ထူးဝေပါ။ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနက ဒုတိယနှစ်ကျောင်းသား တစ်ဦးပါ''

''ဟုတ်ကဲ့ရှင့် . . . ကျွန်မကတော့ မမြမြစိမ်းပါ။ ပညာရေးတက္ကသိုလ် က တတိယနှစ်ကျောင်းသူတစ်ဦးပါ''

''ဟုတ်ကဲ့ပါ ခင်ဗျား။ အခုလို သိရကျွမ်းရတော့လည်း အလွန် ဝမ်းသာမိပါတယ်။ တစ်နယ်တစ်ကျေးမှာ တစ်ရွာတည်းနေ၊ ငယ်ပေါင်းတွေ တွေ ပြန်လည်ဆုံတွေ့ရသလို အလွန်ပဲ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်''

''ဟုတ်ကဲ့ ကျွန်မတို့လည်း အခုနှစ်မှ ကျောင်းနေဖက် သူငယ်ချင်း လှလှနွယ်နဲ့ ပြန်ဆုံရတာနဲ့ စိတ်ကူးပေါက်ကြပြီး ရွာပြန်မနားတော့ဘဲ တက္ကသိုလ်ရအောင် ဒေသန္တရ ဗဟုသုတရအောင် ထွက်ခဲ့ကြတာပါ။ တနယ် တကျေးမှာ အတူပြန်ဆုံကြလို့ ဝမ်းသာပါတယ်။ ကျွန်မတို့ အကူအညီလိုရင် လည်း ကိုတင့်ထူးဝေက ကူညီပေးပါနော်''





''ဟုတ်ကဲ့ . . . ကျွန်တော်က အစွန်အဖျား အဝေးဆုံးရွာမှာ တာဝန် ကျပေမယ့် ယောကျ်ားကလေးဖြစ်လို့ မကြာမကြာ ဒီဘက်ရွာတွေကို ရောက် မှာပါ''

''ဟုတ်ကဲ့ရှင့် . . . တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူချင်း တွေ့ မြင်ဖူးသူတွေ ပြန်ဆုံရတော့ အလွန်ပဲ ဝမ်းသာပါတယ်။ ကျွန်မတို့လည်း အခွင့်အခါသင့်ရင် ကျေးရွာလူကြီးကို အကူအညီတောင်းပြီး ကိုတင့်ထူးဝေ တို့ရွာကိုလည်း လာလည်ပါ့မယ်''

ထိုအခါတွင် ရွာလူကြီးလုပ်သူက . . . .

''ဟုတ်ပါ့ဗျာ . . . ဆရာကလေး တင့်ထူးဝေတို့ တာဝန်ကျတဲ့ရွာ က ပုဂံပြည်ရှင် အနော်ရထာမင်းကြီးရဲ့ မိဖုရား စောမွန်လှတည်ထားတဲ့ ရွှေစာရံစေတီရှိလို့ တစ်နေ့ ကျွန်တော် လိုက်ပို့ပါ့မယ်။ ကျွန်တော်တို့ ကနဲ့တဲ့ ရွာကနေ ရေပုတ်ရွာကိုကျော်ပြီး ဆယ်တော်ကြီး မြောင်းဘောင်လမ်းအတိုင်း သွားရင် ရှမ်းရွာကြီးကို ရောက်ပါတယ်။ အဲဒီရွာကနေ ရွှေစာရံစေတီကို ဝေးတော့ပါဘူး။ လှမ်းမြင်နေရပါတယ်။ ရွှေစာရံစေတီတော်က ကျွန်တော် တို့ ဒီနယ်ဘက်မှာတော့ အထင်အရှားဆုံးပါပဲ။ ဧရာဝတီမြစ်ကြီးနှင့် ကြွက် နားတောင်ကြီး အနီးမှာရှိတာကြောင့် အလွန်ပဲ သာယာပါတယ်''

''အေးဗျာ . . . . ကျွန်တော်တို့လည်း မရောက်ဖူးသေးတော့ နယ်မြေဒေသကို ဘာမျှ မသိကြသေးပါဘူး။ ဆရာမလေးတို့ လာနိုင်မယ် ဆိုရင် ကျွန်တော်က လှိုက်လှိုက်လှဲလှဲ ကြိုဆိုနေမှာပါ''

''ဟုတ်ကဲ့ရှင့် . . . ကျွန်မတို့ ဆက်ဆက်လာလည်ပါ့မယ်။ ဥက္ကဋ္ဌ ကြီးကလည်း လိုက်ပို့ပါနော်''

''စိတ်ချပါ . . ရွှေစာရံစေတီတင်မကပါဘူး။ ကျွန်တော်တို့ အမရပူရ နယ်ထဲမှ ထင်ရှားကျော်ကြားတဲ့ ရှေးဟောင်းနေရာ အသီးသီးကိုလည်း ဆရာမလေးတို့ကို လိုက်ပို့ဦးမှာပါ''

''ဟုတ်ကဲ့ . . . ဥက္ကဋ္ဌကြီး ကျေးဇူးတင်ပါတယ်''

ကျွန်တော်တို့အဖွဲ့ လက်စုံထမင်းစားကြရတော့ 'စားရင်းသောက် ရင်း ငယ်ပေါင်းရောင်းရင်းများ၊ ပြန်လည်ဆုံတွေ့ကြသလို ခင်မင်ရင်းနှီး

www.burmeseclassic.com



ကြပါသည်။ ကျွန်တော်တို့ ထမင်းစားပြီးတော့လည်း ကျေးရွာဥက္ကဋ္ဌ ကျေးရွာ (အသုံးလုံး) ကော်မတီက လက်ဘက်သုပ်၊ ဂျင်းသုပ်ကျေးရွာထွက် မလိုင်ခဲများနှင့် ရေနွေးကြမ်းတို့ဖြင့် ဧည့်ဝတ်ပြုပြန်ပါသည်။

ထိုအချိန်တွင် ကျွန်တော်တို့ အဝေးတွင် တာဝန်ကျသော ကျောင်း ဆရာများအား လာခေါ်သည့်လှည်းများ ရောက်လာပါသည်။ မြို့နယ်(အသုံးလုံး) ကော်မတီက ဆရာမကလေးများအား ဆက်သွယ်ရေးကောင်းမွန်သော လမ်းဆုံရွာကလေးများတွင် တာဝန်ချထားပေးပြီး ကျွန်တော်တို့ ယောကျ်ား ကလေး ဆရာများကိုတော့ အဆက်အသွယ်အသွားအလာ ခက်ခဲသော မြို့နယ်အစွန်အဖျား ရွာကလေးများတွင် တာဝန်ချထားပေးခြင်း ဖြစ်ပါ သည်။

လာခေါ်ကြသော ရွာလှည်းများမှာ တမုတ်ဆိုးရွာနှင့် ရွာဟော ညောင်ပင်သာနှင့် ကျွန်တော်တာဝန်ကျသော ရှမ်းရွာကြီးတို့ဖြစ်ပါသည်။ ကျွန်တော်တာဝန်ကျရာ ရှမ်းရွာကြီးသို့ ဖြတ်သွားရမည့် ခရီးလမ်းတွင် ရေပု ရွာဟူသော ရွာကြီးရှိသော်လည်း ထိုရွာကြီးတွင် အစိုးရမူလတန်းကျောင်း ရှိသောကြောင့် (အသုံးလုံး) ကျောင်းဆရာ ချထားခြင်း မပြုလုပ်ခြင်း ကြောင်း သိရှိရပါသည်။ ကျွန်တော့်အား လာခေါ်သောလှည်းတွင် ရေပု ရွာမှ ကျောင်းဆရာဦးထွန်းနှင့် ဦးခင်မောင်ဝင်းဆိုသူတို့ ပါလာကြပါသည်။ လှည်းဆရာကြီးမှာ ရှမ်းရွာကြီးမှ ရွာလူကြီးဦးသာနီးဆိုသူဖြစ်ပါသည်။

ကျွန်တော်တို့ ကန်ဘဲ့ရွာမှ ဆရာမကလေးများနှင့် ရွာလူကြီး အား နှုတ်ဆက်ပြီးနောက် လှည်းလမ်းကြမ်းကြီးအတိုင်း မောင်းနှင်လာ ရာလမ်းမှာ မြေလမ်းဖြစ်ပြီး ခယောင်းလမ်းကြမ်းကြီး ဖြစ်ပါသည်။ လမ်းဘေး ၌လည်း ရှေးဟောင်းစေတီအပျက်များက တန်းစီ၍ ရှိနေပါသည်။

ဗုဒ္ဓဘာသာဝင်များ နေထိုင်ကြသည့် မြန်မာရွာများ ဖြစ်ကြသော လည်း လှည်းလမ်းဘေးတွင် တည်ရှိနေသည့် စေတီပုထိုးအပျက်များ များပြားလွန်းလှသောကြောင့် ပြုပြင်ထိန်းသိမ်းသူများပင် ရှိဟန်မတူ လှည်းလမ်းဘေးဝဲယာများ၌ ခြစည်းရိုး အုတ်တိုင်များသဖွယ်သာ တည်ရှိ





ခဲ့တော့သည်။ နှစ်မိုင်၊ သုံးမိုင်ခန့်သာဝေးကွာသော ကန်ဘဲ့ရွာနှင့် ရေပုတ် ရွာကို တစ်နာရီခန့် လှည်းစီးရပါသည်။

ထိုအချိန်မှာ နွေရာသီ နေ့လယ်ခင်းအချိန် ဖြစ်သောကြောင့် အညာဒေသမှာ လွန်စွာပူပြင်းပါသည်။ လှည်းကြမ်းကြီး စီးရသောကြောင့် ကျွန်တော့်တစ်ကိုယ်လုံး ချွေးဒီးဒီး ကျနေပါသည်။ နေကာမျက်မှန်နှင့် ဦးထုပ် ဆောင်းထားသော်လည်း နွေနေပူရှိန်ကို အန်တုဖက်ပြိုင်ပြီး မနေနိုင်ပါ။ ကျောင်းဆရာများနှင့် လှည်းသမားကြီးကတော့ ဒေသခံအညာသားများ ဖြစ်ပုံ ရပါသည်။ သူတို့ကတော့ စကားတပြောပြောနှင့် နွေနေပူရှိန်ကို အန်တု ၍ အေးဆေးစွာ လိုက်ပါလာကြပါသည်။

ရေပုတ်ရွာသို့ရောက်တော့ ကျောင်းဆရာများက ကျွန်တော့်အား ရွာအလယ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လက်ဖက်ရည်အချိုနှင့် ဧည့်ခံပြန်ပါသည်။ တွဲဖက်စားသုံးရန် မုန့်များအနေဖြင့်လည်း ဆိုင်တွင်းရှိ ဘိစကစ်မုန့်များအပြင် ဟိုကလာပေး၊ ဒီကလာပေးသော အကြော်စုံမုန့် များလည်း အလွန်များပြားပါသည်။ စားရင်းသောက်ရင်း ကျွန်တော်နှင့် ကျောင်းဆရာများမှာ သက်တူရွယ်တူများဖြစ်သောကြောင့် ခင်မင်ရင်းနှီး သွယ်ကူပါသည်။

ကျောင်းဆရာ ဦးထွန်းက ...

"ဆရာဦးတင့်ထူးဝေ ... ကျွန်တော်တို့ကို ညီအစ်ကိုရင်းလို သဘော ထားပါဗျာ။ ဒီရွာတွေမှာတော့ စားရေးသောက်ရေးကတော့ ဘယ်အိမ်မှာ မဆိုစား အဆင်ပြေပါတယ်။ ကျွန်တော်တို့နှစ်ဦးက ဒီကျောင်းမှာပဲ အိမ် ထောင်ပြီး နေကြရတာ။ ဒါကြောင့် ဆရာဦးတင့်ထူးဝေအနေနဲ့ ရှမ်းရွာကြီးမှာ ကျောင်း (အသုံးလုံး) စာသင်ပြီး နေ့ပိုင်း ပျင်းနေရင်တော့ ကျွန်တော်တို့ ရေပုတ်ရွာကျောင်းကိုလာလည်ရင်း နေ့ပိုင်းမှာ လုပ်အားပေးစာသင်ပေး ပါဗျာ။ ကျွန်တော်တို့က နွေရာသီကျောင်းပိတ်ရက်မှာ မူလတန်းအောင် ပြီး အလယ်တန်းတက်ကြရမဲ့ ကလေးတွေကို မြို့နယ်အဆင့်မီအောင် ပြန် စာသင်ပေးနေရလို့ပါ"

www.burmeseclassic.com



"ဟုတ်ကဲ့ပါ . . . ဆရာတို့ ကျွန်တော်ကလည်း ဆရာတို့လို ကျေ
ဆရာ လုပ်စားမှာမဟုတ်ပေမယ့် စာသင်ရတာကို အလွန်ပဲ ဝါသနာပါ
တယ်။ ပညာဒါန ဖြန့်ဝေတာပေါ့ဗျာ"

"ကောင်းပါတယ်ဗျာ . . . ကျွန်တော်တို့လည်း ဒီခေတ်ကြီးထဲ
အစိုးရအလုပ်ကရှားတော့ ဝါသနာပါရာ လွယ်ကူတဲ့ ကျောင်းဆရာအလု
ကိုပဲ လုပ်ကြရတာပဲ။ ဒီနယ်မှာတော့ အစိုးရလခအပြင် ကြားပေါက်ဝင်
လည်း မရှိတော့ ကျေးရွာက ပံ့ပိုးထားတဲ့ လယ်ယာမြေမှာ စပါးနဲ့ အသီးအ
စိုက်ရင်း အပိုဝင်ငွေရှာရတော့တာပဲဗျို့။ နောက်ရက်တွေကျမှ ဆရာဦးထ
ထူးဝေကိုလည်း ကျွန်တော်တို့ စိုက်ပျိုးခင်းတွေကို လိုက်ပြပါ့မယ်"

ထိုအချိန်တွင် စကားအလွန်နည်းသော၊ ကျွန်တော့်အား လာ
သည့် လှည်းဆရာကြီး ဦးသာနိုးက . . .

"ကဲ . . . ဆရာတို့၊ လှမ်းလိုက်ကြဦးစို့ ရှမ်းရွာကြီးကို။ ဟို
လည်း ရွာသူရွာသားတွေက ဆရာလေးကို စောင့်မျှော်နေကြမှာ။ ဆ
ထွန်းနဲ့ ဆရာခင်မောင်ဝင်းတို့လည်း ဒီက ဆရာကလေး ဦးတင့်ထူးဝေ မျ
ရဘဲ အဖော်ရအောင် ကျွန်တော်တို့ရွာမှာ တစ်ညလောက် လိုက်အိပ်
ကြပါလား"

"ရပါတယ် . . . မနက်ဖြန်လည်း ကျောင်းပိတ်ရက်ပဲ ကျွန်တေ
တို့နှစ်ယောက် လိုက်ခဲ့ကြမှာပါ။ ညနေစာရော အစဉ်ပြေပါ့မလား"

"ဆရာတို့ရယ် . . . ကျွန်တော်က ရွာမှာ ရွာလူကြီးပါ။ ကျွန်တေ
တို့ရွာက လယ်ကွင်းတွေဝိုင်းနေတော့ ရေပုတ်ရွာလို သစ်ပင်ကြီးတွေ မရှိ
မယ့် စားရေးသောက်ရေးအတွက် အလွန်ပေါပါတယ်။ ရွာသူရွာသား
ကလည်း အလွန်စေတနာ ကောင်းကြပါတယ်"

"အဲဒါကို ပြောတာမဟုတ်ဘူး . . . ဦးသာနိုးရဲ့၊ ညနေစာ ထန်း
ကိုပြောတာ။ ကျွန်တော်တို့က ဆရာလေးကိုရှိုပြီး ကပ်သောက်ကြမလို့"

"ဒါလေးများ . . . ဆရာတို့ရယ်၊ ကျွန်တော်တို့ရွာမှာ ပေါမှ
ပါ။ ဒုဗ္ဗဝတီ မြစ်ကြီးနဲ့နီးတော့ ဆရာတို့ ရေပုတ်ရွာလို သားငါးမရှားပါ
အသီးအနှံအပြင်၊ ငါးဖားလည်း ပေါပါတယ်"





ကျွန်တော်တို့အဖွဲ့ ဦးလေးသာနိုး၏ လှည်းကြမ်းကြီးဖြင့် ရေပုတ်
မနက်ကျဉ်းပင်များ စိုက်ပျိုးထားသည့် လှည်းလမ်းအတိုင်း မောင်းလာခဲ့
ဆည်တော်ကြီးရေပေးမြောင်း ကန်ပေါင်ရိုးပေါ်သို့ တတ်တော့ အရိပ်
ကောင်းသော နှစ်မြို့သစ်ပင်ကြီးများ မရှိတော့ဘဲ ရေပေးမြောင်း တာဘောင်
သောကဖြတ်၍ လှည်းကို မောင်းရသည်။ (၂)မိုင်ခန့် လယ်ကွင်းပြင်ကို
တ်မောင်းပြီးမှ ရှမ်းရွာကြီးဟူသော လယ်ကွင်းပြင်ထဲမှ ထန်းပင်နှင့်ဝါးပင်
များ ဝိုင်းရံနေသော ရွာစုစုလေးကို လှမ်း၍ မြင်ရသည်။

ထိုရွာကလေး၏ တောင်ဘက်၌လည်း လယ်ကွင်းများအဆုံး၌
ရှမ်းရိုးမတောင်တန်းနှင့် လွန်းထိုးရထားလမ်းများ၊ ငုင်းတောင်တန်းကြီးအခြေ
လယ်ကွင်းများအဆုံးတွင် ထုံးဖြူဖွေးဖွေး စေတီတော်တစ်ဆူနှင့် ကြွက်
နားတောင်ဟုခေါ်ဆိုသော သစ်ပင်ကြီးများဖြင့် ဖုံးအုပ်နေသော စိမ်းညို
တောင်တန်းကြီးကိုလည်း မြင်တွေ့နေရပါသည်။ ထိုအခါတွင် လှည်းမောင်း
လာသည့် ဦးလေးသာနိုးက . . .

"ဆရာလေး . . . ဦးတင့်ထူးဝေ၊ ဟိုးရှေ့က လွန်းထိုးရထားလမ်း
နဲ့ တောင်တန်းကြီးက ရှမ်းရိုးမတောင်တန်း။ တောင်ကြီးမြို့ပေါ်အထိ ရထား
နဲ့ ခရီးသွားလို့ရတယ်။ ဒီဘက်တောင်က ညို့ညို့မှိုင်းမှိုင်းကြီးက ကြွက်
နားတောင်ကြီး၊ ကြွက်နဖားတောင်ကြီးကအောက်က စေတီလေးက မိဖုရား
အလှူမွန်တည်သွားတဲ့ ရွှေစာရံစေတီပဲ။ တစ်ရက်ရက် ကျွန်တော် လိုက်ပို့
မယ်"

သို့နှင့် ဆက်လက်၍ လှည်းမောင်းလာရာ ဆည်တော်ကြီးမှ
မြောင်းရေဖြင့် စိုက်ပျိုးသော လယ်ယာမြေများ ဖြစ်သောကြောင့် နွေရာသီ
ဖြစ်သော်လည်း လယ်ကွင်းကြီးများမှာ စိမ်းစိုနေသည်။ ဆည်မြောင်းမှ ရေ
ဖြင့်၍စိုက်ပျိုးသော လယ်မြေများဖြစ်ခြင်းကြောင့် နွေ၊ မိုး၊ ဆောင်း ရေဓာတ်
ပြည့်ဝမှာနတ္တူသည်။ ရွာပတ်ဝန်းကျင်တွင် လယ်ယာသာမက မျိုးသန့် ဖီးပင်
များကိုလည်း စိုက်ပျိုးထားသေးသည်ကို တွေ့ရပါသည်။

လှည်းလမ်းကြောင်းမှ ဖဲ့ခွာ၍ ရွာဝင်လမ်းအတိုင်း လှည်းမောင်း
လာခဲ့ကြရာ (၂)ဖာလုံခန့်ရောက်တော့ ရွာအတွင်းသို့ ရောက်သည်။ ရွာတွင်း

www.burmeseclassic.com



ဌ်လည်း မိုးရာသီ မဟုတ်သော်ငြား ကျွဲ၊ နွားများသွားလာပြီး ဆည်မြောင်
သောကြောင့် ရွာအတွင်း ရွာလမ်းမကြီးမှာ ဖွက်ထိုး၍ နေပါသည်
ရှမ်းရွာကြီးဟူသော ဤရွာမှာ ဒုဋ္ဌဝတီမြစ်နှင့်လည်း နီးပြီး ဆည်တော်
ရေပေးမြောင်းနှင့်လည်း မဝေးသောကြောင့် အမြဲတမ်း စိမ်းစိုနေပါ
ပါသည်။

ကျွန်တော် ရှမ်းရွာကြီးသို့ရောက်တော့ ကျွန်တော့်အား လာ
သည့် လှည်းဆရာကြီး ဦးသာနိုး၏အိမ်တွင် တည်းခိုရပါသည်။ ဦးသာ
ကလည်း ရစ်ရွာလူကြီးတစ်ဦးဖြစ်သည်။ သို့သော် သူက လူငယ်လူရွယ်
သို့ အလွန်လျင်မြန်ဖျတ်လတ်ပြီး သွက်လက်သူဖြစ်ပါသည်။ အဘဦးသာ
၏ လုပ်ငန်းက လယ်ယာစိုက်ပျိုးရေးနှင့် ဓနိပင်စိုက်ပျိုးရေးနှင့် မလိုင်
လုပ်ရန်အတွက် နွားနို့ ရောင်းဝယ်ရေးလုပ်ငန်းများ ဖြစ်ပါသည်။

ထို့ကြောင့် မနက်စောစော နေ့တိုင်း ရွာမှ နွားနို့များကိုကောက်
သည်နှင့် စက်ဘီးနောက်ခုံတွင် နွားနို့ပုံးကြီး နှစ်လုံးအားချ၍တင်ပြီး စက်
နင်း၍ ကန်ဘဲ့တာဆုံရွာသို့ ပို့ရခြင်းဖြစ်ပါသည်။ ထိုအလုပ်ကို နို့ဘီး
သည်ဟု ခေါ်ပါသည်။ နွားနို့ဘီးမှာ လွန်စွာလေးသောကြောင့် အလေ့အကျ
မရှိသော တော်တန်ရုံလူများ နို့ဘီးကို မနင်းနိုင်ကြပါ။ အဘဦးသာနိုး
တော့ မနက်တိုင်း နို့ဘီးအား နင်းနေကျဖြစ်သောကြောင့် ကျန်းမာ
ကောင်းပြီး အလေ့အကျင့် ရနေပါတော့သည်။ ထို့အပြင် ကျွန်တော်
ဆရာမကလေး ဒေါ်မြမြစိမ်းတို့ ဆက်သွယ်ရန်အတွက် အဘဦးသာနိုး
လည်း အားကိုးရမည်ဖြစ်ပါသည်။

''အဘဦးသာနိုး ... ရှမ်းရွာကြီးနဲ့ ကန်ဘဲ့တာဆုံက မဝေးလှ
မယ့် အဘရဲ့ နို့ပုံးကြီးတွေနဲ့ လှည်းလမ်းကြမ်းကြီးကို ဘယ်လို စက်ဘီး
သလဲ။ အတော် ဒုက္ခများမှာပဲနော်''

''မဟုတ်ပါဘူး ... ဆရာလေးရယ်။ ကန်ဘဲ့တာဆုံရွာကို ရှေ့
ရွာဘက်ကသွားရင်တော့ လမ်းအလွန်ဆိုးတယ်။ အဘ နေ့စဉ်သွားတာ
တော့ အရှေ့ဘက် မိုင် (၄၀)ရွာဘက်ကပတ်ပြီး (၇)ပုံစံ တာဘောင်





အတိုင်း သွားရတာ လမ်းကောင်းပါတယ်။ နည်းနည်းတော့ လှမ်းတာပေါ့။
အလေ့အကျင့်ရနေတော့ အသွားတစ်နာရီလောက်ပဲ နင်းရတယ်။ ဆရာလေး
လည်း တစ်ရက်လောက် စက်ဘီးအလွတ်နဲ့ လိုက်ခဲ့ပေါ့။ ဆရာမလေးဆီ
ကို အလည်သွားရင်း လမ်းခရီးလည်း သိရအောင်ပေါ့''

''ဟုတ်ကဲ့ပါ ... အဘ''

ညနေပိုင်းတွင် ရွာကာလသားခေါင်း ကိုကုလားတို့အဖွဲ့ ရောက်
လာကြပြီး ကျွန်တော်နှင့် မိတ်ဆက်ပါသည်။ သူတို့က လက်ချည်းလာသည်
မဟုတ်။ ထန်းရေအိုးများ ပါလာသည်။ အမြည်းကတော့ အဘဦးသာနိုး
၏ အိမ်တွင်ရှိသည့် ပဲကြီးလှော်နှင့် မြေပဲဆားလှော်ဖြစ်ပါသည်။ မကြာပါ
နောက်တစ်ဖွဲ့ ရောက်လာပြန်သည်။ သူတို့က ဖားမင်းနှင့် လိပ်မင်းဟုခေါ်
တွင်သော ဒုဋ္ဌဝတီမြစ်အတွင်း ငါးဖားရှာကြသည့် ညီအစ်ကိုနှစ်ဦး ဖြစ်ပါ
သည်။

နောက်တစ်ဦး ရောက်လာသည်က ကိုတင့်တယ်ဟူသော ရွာမှ
စာမည်ပြောင်ပေး၍ ခေါ်ကြသော ပန်းပဲဆရာဖြစ်ပါသည်။ သူကလည်း သူ့
ခြံထွက် ပြောင်းဖူးများနှင့် ဓနိသီးများကို ယူလာသည်။ နောက်တစ်ဦးက
ရောက်လာပြန်သည်။ ထိုသူကတော့ ဆယ်အိမ်ခေါင်း ကိုဖိုးတော်ဖြစ်ပါသည်။
သူက ခါးမောက်တစ်ချောင်း ခါးထိုး၍ လက်ထဲတွင် ဒုတ်ထိုးထားသော မုန့်
များလို ရွှေဝါရောင် ပျားအုံကလေးများကို ယူဆောင်လာခြင်းဖြစ်ပါသည်။

ထိုအခါမှ အဘဦးသာနိုးက ...

''ကဲ ... ဆရာလေး။ သူတို့တွေဟာ ဒီရွာက ကာလသားအဖွဲ့
တွေပဲ။ ဆရာလေး လိုအပ်သမျှ သူတို့ကိုပြော။ စားချင်ရာ သောက်ချင်ရာ
ရှိသမျှ သူတို့ ရှာဖွေပေးလိမ့်မယ်။ ငါးဖားကိစ္စကတော့ ဒီရွာမှာ ရှားပါး
သမယ့် လိပ်မင်းနဲ့ ဖားမင်းညီအစ်ကိုက ရှာဖွေပေးနိုင်ပါတယ်''

ထိုအခါ ထိုညီအစ်ကိုက ...

''ဆရာလေး ... လိပ်သားစားမလား၊ ငါးရှဉ့်နဲ့ ငါးလင်ဗန်းစား
သား၊ ဒီရာသီမှာ တွင်းအောင်းရာသီမို့လို့ ချိတ်နဲ့ချိတ်ပြီး ဖမ်းလို့ရပါတယ်။

www.burmeseclassic.com



တခြား သားငါးတွေကတော့ ပိုက်ထောင်ပြီး ဖမ်းရတယ်။ ဒီရာသီမှာ နည်းနည်းရှားတယ်ဗျ''

သို့နှင့် ကျွန်တော်တို့ ထိုညနေက ကျေးရွာကာလသားများအဖွဲ့နှင့် မိတ်ဖြစ်ဆွေဖြစ် ထန်းရည်သောက်ကြပါသည်။ ကျွန်တော့်မှာ တစ်ခါမှ မူးယစ်စေတတ်သော အရာကို မသောက်သုံးဖူးသောကြောင့် အနည်းငယ်သာ မြည်းစမ်းကြည့်မိပါသည်။ ထန်းရည်မှာ အရက်လိုမဟုတ်ဘဲ ချိုပြင်းကလေးဖြစ်သောကြောင့် အနည်းငယ်တော့ သောက်၍ရပါသည်။ ကာလသားအဖွဲ့များနှင့် ဆယ်အိမ်ခေါင်းအပြင် အဘဦးသာနီးလည်း ထန်းရည်ကိုကြိုက်တတ်ပုံရပါသည်။

ထိုနေ့ညက ပဲအမျိုးမျိုးနှင့် ငါးခြောက်ဟင်းများဖြင့် ညစာ စောစောစီးစီး စားရပါသည်။ ထို့နောက် ရပ်ရွာလူကြီး၏ အိမ်အောက်တွင် စာသင်ခန်းဖွင့်ပြီး စာမတတ်သူ သက်ကြီးရွယ်အိုများနှင့် မိတ်ဆက်စကား ပြောရတော့သည်။ စာတတ်မြောက်ရေးအတွက် ကျွန်တော်တို့ အဝေးမှပင် စေတနာထားပြီး လုပ်အားပေးလာခဲ့ကြောင်း၊ အရေးအဖတ်အတွက်ဟူသော (အသုံးလုံးကျေ) လုပ်ငန်းမှာ လူတိုင်းအတွက် မဖြစ်မနေ တတ်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ လူမှုဘဝနယ်ပယ်တွင် ရောင်းဝယ်ဖောက်ကားပြီး လူ့အဆင့်အတန်းမီ နေနိုင်ကြမည်ဖြစ်ကြောင်း၊ ခေတ်မှီတိုးတက်ရန်အတွက် စာရေးစာဖတ်နိုင်မှ လူရာဝင်မည်ဖြစ်ပြီး တိုင်းပြည်၏ အခြေအနေကို စာဖတ်နိုင်မှ သတင်းစာ၊ စာနယ်ဇင်းများမှတစ်ဆင့် သိရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စာရေးတတ်၊ စာဖတ်တတ်ခြင်းမှာ လူ့ဘဝအတွက် အလွန်အရေးကြီးပြီး ဘာသာရေးစာပေများကို ဖတ်ရှုနိုင်လျှင်လည်း မိမိကိုးကွယ်ရာဘာသာ၏ အကျိုးအကြောင်းကို ဆီလျော်စွာ သုံးသပ်၍ ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရှာ စာမှာရှိဟူသော စကားပုံအတိုင်း လူတိုင်းလူတိုင်း စာတတ်မြောက်မှသာလျှင် တိုးတက်ခေတ်မီနိုင်မည်ဖြစ်ကြောင်း။

ယခု ကျွန်တော်တို့ အရေး၊ အဖတ်၊ အတွက် (အသုံးလုံး) စာသင်ကြားရာတွင် လွယ်ကူလျင်မြန်သော ဖြတ်လမ်းနည်းဖြင့် သင်ကြားပေးမည်





ဖြစ်သောကြောင့် အခက်အခဲ မရှိပါကြောင်း၊ စာတတ်မြောက်လိုသော စိတ်သာရှိလျှင် တစ်လအတွင်း၌ပင် စာရေး၊ စာဖတ်နှင့် အတွက်အချက်နည်းပညာတို့ကို အလွယ်တကူ တတ်မြောက်နိုင်မည်ဖြစ်ပါကြောင်း စည်းရုံးရေးဆင်းရတော့သည်။

ထိုနေ့ညကတော့ အရေးအဖတ်အတွက် စာတတ်မြောက်ရေးအကြောင်းနှင့် လူမှုဆက်ဆံရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စများ ဆက်စပ်နေပုံများကို စိတ်ဝင်စားဖွယ်ကောင်းအောင် ဟောပြောပြီး ကျေးရွာလူထုနှင့် မိတ်ဆက်ရပါတော့သည်။ စာသင်ကြားမည့် လူကြီးလူလတ်များမှာ အစထဲမတွင် ကျေးရွာအုပ်ချုပ်သူများက ဆင့်ခေါ်သောကြောင့်သာ မဖြစ်မနေ လာရောက်ကြရခြင်းဖြစ်သော်ငြားလည်း ကျွန်တော်၏ ရင်းနှီးခင်မင်စွာ အပြောအဟောကြောင့် တဝါးဝါး ပွဲကျနေပြီး မကြောက်မလန့်တော့ဘဲ ရင်းနှီးခင်မင်ဟန် ပြလာကြပါသည်။

ထို့ကြောင့် ကျွန်တော်ကလည်း စာသင်သားများ တစ်ဦးချင်းအမည်များမေး၍ လိုက်လံနှုတ်ဆက်ပြီး မိတ်ဆွေဖွဲ့ရပါသည်။ ထိုညက စာသင်ဖြစ်ပါ။ မိတ်ဆက်သော အခမ်းအနားဖြစ်သော်လည်း ည (၉)နာရီခန့် အချိန်ကျမှသာ အခမ်းအနားလေး ပြီးဆုံးပါသည်။ ရေပုတ်ရွာမှ ကျောင်းဆရာနှစ်ဦးမှာလည်း ထိုညက ကျွန်တော်နှင့်အတူ အဘဦးသာနီးတို့အိမ်တွင် အိပ်ကြပြီး အတွေ့အကြုံများအား ဖလှယ်ကြပါသည်။

ဦးထွန်းနှင့် ဦးခင်မောင်ဝင်းဟူသော ရေပုတ်ရွာမှ မူလတန်းပြ ကျောင်းဆရာနှစ်ဦးမှာ မန္တလေးသားများဖြစ်ကြသောကြောင့် တာဝန်ကျသော ရွာမှ မန္တလေးမြို့သို့ တစ်လနှစ်ခါခန့် ပြန်လေ့ရှိကြောင်းလည်း ပြောကြပါသည်။ လူပျိုလူလွတ် အိမ်ထောင်မရှိသူများ ဖြစ်ကြတော့လည်း ကျွန်တော်တို့ ခင်မင်ရင်းနှီးရသည်မှာ လွယ်ကူမြန်ဆန်ပါသည်။

နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့အဖွဲ့ အဘဦးသာနီး၏ အိမ်မှ ကြော်ပေးသော နွားနို့နှင့် ထမင်းကြော်ကို စားသောက်နေကြစဉ် အဘဦးသာနီးက နို့ဘီးကြီးကိုတွန်းပြီး . . .

www.burmeseclassic.com



"ဆရာလေး . . . ဆရာမလေးတွေအတွက် ဘာမှာလိုက်ဦးမလဲ"

"ကျွန်တော် ဒီရွာမှာ အဆင်ပြေကြောင်း ရွှေစာရံဘုရားကို ဖူးချင်ရင်လည်း အဆင်ပြေတဲ့နေ့မှာ လာကြဖို့ ဖိတ်ပါကြောင်း စားရေးသောက်ရေး ကြိုတင်စီစဉ်ထားမှာမို့လို့ တစ်ရက်လောက်ကြိုပြီး ပြောဖို့လောက်သာ ပြောပေးပါ . . . အဘရယ်"

"စိတ်ချ . . . ဆရာလေး။ ကျုပ် အသေအချာ ပြောပေးမယ်"

ပြောပြောဆိုဆို အဘဦးသာနိုး အရွယ်နှင့် မလိုက်အောင် လျှင်မြန်ဖျတ်လတ်စွာ နွားကြီးကိုနှင်း၍ ရွာလမ်းအတိုင်း စီးသွားပါတော့သည်။ ဤသည်မှာ အဘ၏ နေ့စဉ်အလုပ်ဖြစ်သည်။ နွားဆွဲပြီး ကန်ဘဲ့ရွာတွင် နွားနို့များ ချိန်တွယ်၍အပ်မည်။ သူ အလွန်ကြိုက်သော လက်ဖက်ရည်ချိုနှင့် နံပြားကိုစားမည်။ ပြီးနောက် အေးချမ်းစွာဖြင့် မြောင်းဘောင်လမ်းအတိုင်း စက်ဘီးနင်း၍ ပြန်လာမည်။ အိမ်ရောက်မှ ခေတ္တနား၍ ရေမိုးချိုးပြီး မွန်းတည့် (၁၂) နာရီခန့်တွင် နေ့လယ်စာကို ပုံမှန်စားသည်ဟု အဘဖနီးသည်က ပြောပြပါသည်။

ထို့ကြောင့် အဘဦးသာနိုးမှာ အသက် (၆၀)ခန့် ရှိပြီဖြစ်သော်လည်း ကျန်းမာရေး အလွန်ကောင်းမွန်ပါသည်။ နေ့စဉ် ကန်ဘဲ့တာဆုံရွာတွင် လက်ဖက်ရည်သောက်ရင်း၊ သတင်းစာဖတ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများအား တောသူတောင်သားများ အချင်းချင်း ဆွေးနွေးကြသောကြောင့် မျက်စိပွင့်၊ နားပွင့်ပြီး ကျေးရွာတွင်နေသော်လည်း အလွန်ခေတ်မီသော လူကြီးများဟု ဆိုနိုင်ပါသည်။

ဒုတိယညတွင် သူကြီးအိမ်အောက်ထပ်၌ (အသုံးလုံး) ကော်မင်မှ တမတတ်သူ ပ,ပျောက်ရေး အထိမ်းအမှတ်အဖြစ် ပေးဝေထားသော အောင်လင်းဓာတ်မီးကြီးကို ထိန်ထိန်တွန်းကာ စာစ,၍ သင်ကြားရပါတော့သည်။ စာသင်ကြားရာ၌လည်း အရွှန်းကလေးများဖောက်ပြီး ဟာသကလေးများနှောကာ ဆရာနှင့် စာသင်သားများ ရင်းနှီးကျွမ်းဝင်စေရန်အတွက် သင်ကြားခြင်းဖြစ်သောကြောင့် သက်ကြီးစာသင်သားများသာမက ပွဲကြေ





သံဖွယ် ရပ်ရွာမှ လာရောက်ကြည့်ရှုကြသော ယောက်ျား၊ မိန်းမ၊ ရွာသူရွာသားများကလည်း လွန်စွာ သဘောကျကြပါသည်။

ထို့ကြောင့် ကျွန်တော့်မှာ ဒုတိယည၌ပင် (အသုံးလုံး) စာသင်ကြားရေးတွင် အများတကာ စိတ်ဝင်စားသောကြောင့် အောင်မြင်သည်ဟု ဆိုရပါမည်။ ည (၉)နာရီထိုးအပြီး သင်တန်းရုပ်သိမ်းတော့လည်း ကျေးရွာကာလသားများအဖွဲ့က ညလယ်စာစားရန် စောင့်ကြိုနေကြပြန်သည်။ ရွာသူရွာသားများ၏ ဓလေ့စရိုက်မှာ ခင်မင်သည်ဟုဆိုပါလျှင် လွတ်၍ ယုံကြည်ကြခြင်းဖြစ်ပါသည်။

ထိုညက ညလယ်စာစားရင်း ရွာကာလသားများဖြင့် အတွေ့အကြုံဖလှယ်ကြရာ ညဉ့်သန်းခေါင် (၁၂)နာရီထိုးသွားပါသည်။ ထို့ကြောင့် အိပ်ရာဝင်နောက်ကျ၍ နောက်တစ်နေ့မနက်တွင် စောစောမနိုးတော့။ အဘဦးသာနိုးတို့ မိသားစုက အလွန်အလိုက်သိပါသည်။ ကျွန်တော့်ကို အိပ်ရာက မနှိုးပါ။ မနက် (၇)နာရီခန့်မှ အိပ်ရာက ထမိပါတော့သည်။

ထိုစဉ်တွင် အဘဦးသာနိုး၏ ဇနီးသည်မှ . . .

"ဆရာလေး . . . မနက်စောစာစားဖို့ လာဖိတ်ကြတာ၊ အများကြီးဘဲ ဆရာလေး အိပ်ရာကမနိုးသေးလို့ စောင့်နေကြတယ်။ ဒီနေ့တော့ ရှမ်းရွာကြီးကို ပတ်ပြီး စားပေတော့ သောက်ပေတော့ . . ဆရာလေးရေ"

✿ ✿ ✿

www.burmeseclassic.com

အခန်း [ ၃ ]

❑

တစ်ပတ်ခန့်အကြာ အဘဦးသာနိုး နို့ဘီးဆွဲပြီးပြန်အရောက် ကျွန်တော်တို့ နေ့လယ်စာစားရန် စောင့်ဆိုင်းနေကြစဉ် အဘဦးသာနိုးက ...

''ဆရာလေး ... စာပါတယ်''

''ဘယ်ကစာလဲ ... အဘ၊ ရန်ကုန်ကလား''

''မဟုတ်ပါဘူးဗျာ ... ကန်ဘဲ့တာဆုံရွာက ဆရာမလေးဒေါ်မြမြစိမ်းက ပေးလိုက်တာ''

''ဟုတ်ကဲ့ ... အဘ''

ကျွန်တော် ဖွင့်ဖတ်ကြည့်တော့ သူမနှင့် ဆရာမလေး လှလှနွယ်တို့အား ကျေးရွာသူကြီးမှ နက်ဖြန်မနက် အဘဦးသာနိုး အပြန်တွင် စက်ဘီးတိုယ်စီဖြင့် တောတောင်လမ်းအတိုင်း ကျွန်တော်တို့ရွာကို လာလည်ပြီး နေ့လယ်စာစားပြီး မိဖုရားစောမွန်လှ၏ ရွှေစာရံဘုရားအား ဖူးမြော်မည်ဖြစ်ကြောင်း ရေးသားထားခြင်းဖြစ်ပါသည်။ ကျွန်တော် အလွန်ဝမ်းသာသွားပါသည်။ ထို့ကြောင့် ရပ်ရွာလူစုံဖြင့် ရေပုတ်ရွာမှ ကျောင်းဆရာများ





ဖြစ်ကြသော ဆရာဦးထွန်းနှင့် ဆရာဦးခင်မောင်ဝင်းတို့ကိုလည်း လှမ်း၍ အကြောင်းကြားရပါတော့သည်။

ကျွန်တော်က ...

''အဘဦးသာနိုး ... မနက်ဖြန်နေ့လယ်စာအတွက် ကြက်ကလေး ဘာလေး ဝယ်ပေးပါဗျာ။ ကျွန်တော် ပိုက်ဆံပေးပါ့မယ်။ ဆရာမလေးတွေ လာရင် ဧည့်ခံကျွေးမွေးချင်လို့ပါ''

''ဩော် ... ဆရာလေးရယ်၊ ကျုပ်တို့က အိမ်ရှင်ပါ။ ဆရာလေးရဲ့ဧည့်သည်ဟာလည်း ကျုပ်တို့ရဲ့ ဧည့်သည်ပါပဲ။ အဲဒီကိစ္စကို ကျုပ်ပဲ ပြည့်စုံအောင် စီစဉ်ပါ့မယ်။ ဆရာလေးနဲ့ ပတ်သက်လာရင် ရွာထဲမှာ ကျွေးချင်မွေးချင်တဲ့သူတွေ တစ်ပုံကြီးပါ။ ဟင်းအမယ်တွေ မြိုင်သွားအောင် ငါးရှာဖားရှာ အရှာကောင်းတဲ့ လိပ်မင်း၊ ဖားမင်းတို့ ညီအစ်ကိုကိုလည်း ကြိုတင်ပြီး အကြောင်းကြားထားရမယ်။ အသီးအရွက်နဲ့ အရည်သောက်ဟင်းတွေကိုလည်း စီစဉ်ပေးပါ့မယ်''

''ကျေးဇူးတင်ပါတယ် ... အဘ''

သို့နှင့် ညနေစောင်းတော့ ရေပုတ်ရွာမှ ကျောင်းဆရာနှစ်ဦးတို့ ရောက်လာကြပြီး သူတို့က ရေပုတ်ရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ စိုက်ပျိုးထားသော သနပ်ခါးတုံးများကိုလည်း ဆရာမလေးတို့အား လက်ဆောင်ပေးရန် ယူဆောင်လာကြပါသည်။ ထို့အပြင် ရှမ်းရွာကြီးမှ ပန်းပဲဆရာ ကိုတင့်တယ်ကလည်း သူ့ခြံထွက် ပြောင်းဖူးများနှင့် ဖီးသီးများကို လာပေးပါသည်။

လိပ်မင်းနှင့် ဖားမင်း ညီအစ်ကိုနှစ်ဦးကလည်း ညနေပိုင်း သူတို့ရှာဖွေရလာသော ငါးမျိုးစုံကို လာပေးကြသည်။ ရွာကာလသားခေါင်း ကိုချစ်တီးကတော့ ကြက်ဖကြီးတစ်ကောင်ကို လာပေးသည်။ အသီးအရွက်တို့များကတော့ အဘဦးသာနိုးက ရှာဖွေပေးသောကြောင့် ဟင်းချက်စရာများ ပြည့်စုံသွားပါတော့သည်။

ဟင်းလျာများအား အဘဦးသာနိုး၏ ဇနီးသည်နှင့် ရေပုတ်ရွာမှ ကျောင်းဆရာများက ဝိုင်းဝန်းချက်ပြုတ်ကြမည်ဖြစ်ပါသည်။ ထိုညက ကျွန်

www.burmeseclassic.com



တော် စာသင်ရသည်မှာ အလွန်ပျော်ရွှင်နေမိသည်။ ထို့ကြောင့် စာသင်ရသည်မှာလည်း အလွန်ကောင်းပါသည်။ ည (၉)နာရီ စာသင်ဝိုင်းပြီးတော့လည်း ရေပုတ်ရွာမှ ကျောင်းဆရာများပါ ရောက်နေကြသောကြောင့် ကာလသားခေါင်း ကိုချက်ကြီးတို့အဖွဲ့က ညလယ်စာဖြင့် ဧည့်ခံပြန်ပါသည်။

ထို့ကြောင့် ထိုနေ့ညက ကျွန်တော်တို့အဖွဲ့ တစ်ဦးနှင့်တစ်ဦး နောက်ပြောင်ရင်း အပျော်လွန်ကြပါသည်။

နောက်တစ်နေ့မနက်တွင် အဘဦးသာနိုးက နွားနို့မပိုမီ ဧည့်သည်များအား ပြည့်စုံစွာ ဧည့်ခံနိုင်ရေးအတွက် စိတ်ချလက်ချ စီစဉ်မှာကြားသွားပါသေးသည်။ ထို့ကြောင့် ကျွန်တော်တို့အဖွဲ့ ပျော်ရွှင်စွာဖြင့် နေ့လယ်စာစားရန်အတွက် ချက်ပြုတ်ရာတွင် ဝိုင်းဝန်းကူညီကြပါသည်။

ကျောင်းဆရာ ဦးထွန်းနှင့် ဦးခင်မောင်ဝင်းတို့မှာ လူပျိုများဖြစ်ကြသော်လည်း ချက်ရေးပြုတ်ရေး၌ ကျွမ်းကျင်ကြသော မန္တလေးသားများဖြစ်ကြပါသည်။ မနက် (၁၀) နာရီခန့်၌ပင် ထမင်းနဲ့ ဟင်းလျာများ ပြည့်စုံပြီး အရံသင့်ဖြစ်နေပါသည်။ ဟင်းရွက်ကြော်နှင့် ဟင်းချိုကိုတော့ ပူပူနွေးနွေး စားသုံးနိုင်ရန် စီစဉ်ထားပါသည်။

ထိုနေ့က အဘဦးသာနိုးဦးဆောင်ပြီး မနက်(၁၀)နာရီ၌ပင် ဧည့်သည်များကို ခေါ်ဆောင်၍ စက်ဘီးကိုယ်စီဖြင့် ရောက်လာကြပါသည်။ ကျွန်တော်၏ ဧည့်သည် (အသုံးလုံး) ကျောင်းဆရာမလေးများဟု သိရသောကြောင့် ရှမ်းရွာကြီးမှ ရွာသူရွာသားများ ထွက်၍ ကြိုကြပါသည်။

"ကဲ ... ဆရာမ ဒေါ်မြမြစိမ်းနဲ့ ဒေါ်လှလှနွယ်တို့ ထမင်းအရင်စားမလား။ ဘုရားဖူးပြီးမှ အပြန်မှ စားကြမလား"

ဟု ကျွန်တော်ကမေးရာ ...

"ဆရာတင့်ထူးဝေရေ ... စက်ဘီးက စီးလေ့မရှိလို့ မိုက်ဆာနေပြီ။ ထမင်းစားပြီးမှပဲ ဘုရားဖူးသွားကြတာ ကောင်းမယ်ထင်ပါတယ်"

"အဲဒါဆိုရင်လည်း ခဏနားကြပြီး အမောပြေတာနဲ့ နေ့လယ်စာ ထမင်းစားကြတာပေါ့။ ထမင်းမြိန်အောင် ကျွန်တော်တို့ စီစဉ်ထားပါတယ်။ ဒီက ကျောင်းဆရာ ဦးထွန်းနဲ့ ဦးခင်မောင်ဝင်းတို့က မန္တလေးမြို့လက်ရာ





ရှ ရှမ်းရွာကြီးက အဘဦးသာနိုးရဲ့ဖနီး ရွာလက်ရာတို့ပေါင်းပြီး အစုံအလင် စီစဉ်ထားပါတယ်"

ထိုအချိန်တွင်မှ အသင့်ပြင်ထားသော ဟင်းရွက်များကြော်ပြီး အရည်သောက်ဟင်းချိုကိုလည်း ဝိုင်းဝန်းပြီး ချက်ပြုတ်ကြပါသည်။

နေ့လယ်စာ ထမင်းစားပွဲတွင် အဘဦးသာနိုး၏အိမ် ဧည့်ခန်း၌ပင် ဖျာခင်းကျွေးမွေးရာ ဟင်းအမည်က အလွန်စုံပါသည်။ ကြက်သားနှင့် ဝက်သားဟင်းများအပြင် ငါးဟင်းများလည်း ပါသောကြောင့် ဆရာမလေးတို့ အံ့ဩနေပါသည်။

ဒေါ်မြမြစိမ်းက ...

"ငါးအစိုဟင်းက ဘယ်ကရတာလဲ ... ဆရာဦးတင့်ထူးဝေ"

"ကျွန်တော်တို့ရွာက ဧရာဝတီမြစ်နဲ့ နီးတယ်လေ။ အဲဒီမြစ်ထဲက ရတာပါ။ ဒီရွာမှာတော့ လိပ်မင်း၊ ဖားမင်း ညီအစ်ကိုဆိုတာ ငါးရှားတာရှား အလွန်တော်တယ်။ ကြက်သားနဲ့ ဝက်သားဟင်းတွေကတော့ ဒီရွာက ကာလသားခေါင်း ကိုချစ်တီးတို့အဖွဲ့က ရှာဖွေပေးတာပါ။ ရှမ်းရွာကြီးအနီးမှိုင်း ဆည်တော်ကြီးရေပေးမြောင်းနဲ့ ဧရာဝတီမြစ်ကြားမှာရှိတာကြောင့် ဟင်းသီးဟင်းရွက်လည်း ပေါပါတယ်"

ထိုအခါတွင် ဆရာမလေး ဒေါ်လှလှနွယ်က ..

"ကျွန်မတို့ရွာကတော့ နွားနို့ပဲပေါတာရှင့်။ သားငါးအနေနဲ့ကတော့ ငါးခြောက်နဲ့ အမဲသားလောက်ပဲ ရှိပါတယ်။ ကျွန်မတို့က အမဲသားစားတော့ အစားအသောက်အတွက် သားငါးရှားတယ်လို့ ဆိုရမှာပဲ။ ဒါပေမဲ့ တာဝန်ကျတဲ့ ရွာက ပဲအမျိုးမျိုးနဲ့ အသီးအရွက်တော့ ပေါပါတယ်။ ကျွန်မတို့ကလည်း "အသီးအရွက်ဟင်းလျာကို ကြိုက်ပါတယ်ရှင့်"

ကျွန်တော်တို့ နေ့လယ်စာကို စုပေါင်းစားကြပြီးနောက် ပန်းပဲဆရာ ကိုတင့်တယ်က ဆရာမကလေးများအား ဖီးသီးနဲ့ ပြောင်းဖူးပြုတ်များဖြင့် ဧည့်ခံပါသည်။ ကျောင်းဆရာဦးထွန်းနှင့် ဦးခင်မောင်ဝင်းတို့ကတော့ သူတို့ ယူဆောင်လာကြသော သနပ်ခါးတုံးများကို လက်ဆောင်ပေးပါသည်။ ထိုအခါတွင် ဆရာမလေး ဒေါ်မြမြစိမ်းက ...

www.burmeseclassic.com



"ဒီဘက်ရွာတွေမှာ သနပ်ခါးထွက်လို့လား"

ထိုအခါ ဆရာဦးထွန်းက ...

"ဆရာမရယ် ...အညာရွာတွေပဲ။ ကန္တာရဆူးပင်ပေါက်ရင် သနပ်ခါးစိုက်လို့ရတာပဲ။ အခု ကျွန်တော်တို့ လက်ဆောင်ပေးတာက ရေပုတ်ရွာ ဘုန်းကြီးကျောင်းထဲမှာ စိုက်ပျိုးထားတဲ့ နှစ်ချို့ သနပ်ခါးပင်ကြီးလဲသွားလို့ ကျွန်တော်တို့ လက်ဆောင်ရပြီးဆရာမလေးတို့ကို လက်ဆောင်ပြန်ပေးတာပါ။

ရေပုတ်ရွာအနောက်ဘက် ရေမြောင်းဘောင်ကြီးအနီးက မြွေနိုင်ဘုရားအနီးမှာ ဘုရားနီကြီးတွေရှိတယ်။ ရှေးဟောင်း ဘုရားပျက်ကြီးတွေပဲ။ အဲဒီမှာလည်း ရွှေနတ်တောင် ဘုန်းတော်ကြီးကျောင်းဆိုပြီး တောင်ပေါ်ဘုန်းကြီးကျောင်းတစ်ခုရှိတယ်။ အဲဒီ ရွှေနတ်တောင်ပေါ်မှာဆိုရင် ရှင်မတောင် သနပ်ခါးတွေ အလေ့ကျပေါက်နေတာ အဲဒီတောင်ပေါ်တက်ရင် ရှင်မတောင် သနပ်ခါးအမွှေးနံ့က တစ်တောင်လုံး မွှေးကြိုင်သင်းပျံ့နေတာပဲ"

ထိုအခါ ဒေါ်လှလှနွယ်က ...

"ဟယ် ...သွားချင်လိုက်တာ။ ဒီကနဲ့ အတော်ဝေးသလား ဆရာ"

"အင်း ...အတော်လေး လှမ်းတယ်"

"မြွေနိုင်ဘုရားရောက်တာနဲ့ ရှေ့ဆက်ပြီးသွားရင် ကုန်းကျောင်းခရီးဆိုတော့ ဆရာမလေးတို့ အပြန်မိုးချုပ်လိမ့်မယ်။ ဒီနေ့တော့ ရွှေစာရုံဘုရားကိုပဲဖူးပြီး နောက်အပတ်ကျမှ ကျွန်တော်တို့ စီစဉ်ပေးပါ့မယ်။ ကန်ဘဲ့ရွာက ဆရာမလေးတို့ လှည်းနဲ့လာပြီး လှည်းနဲ့သွားမှ အဆင်ပြေပါလိမ့်မယ်။ ဝက်ဘီးနဲ့က အဆင်မပြေဘူး။ တောလမ်းက အလွန်ကြမ်းတယ်"

ထိုအခါတွင်မှ ကန်ဘဲ့ရွာသူကြီးက ...

"ဆရာမလေးတို့ မပြန်ခင် ကျွန်တော် စီစဉ်ပေးပါ့မယ်။ ဒီနေ့တော့ စားသောက်ပြီးတာနဲ့ ရွှေစာရုံဘုရားဘက် လျှောက်ကြရအောင်။ ကုန်းကြောင်းခရီးဆိုတော့ စောစောသွားပြီး စောစောပြန်မှ ကောင်းမယ်"





ထို့ကြောင့် ကျွန်တော်တို့အဖွဲ့ ဦးထုပ်ကိုယ်စီ၊ ထီးကိုယ်စီဆောင်းပြီး ရွာတောင်ဘက် တောလမ်းအတိုင်း ရိတ်သိမ်းပြီးစ လယ်ကွင်းများကိုဖြတ်၍ ရွှေစာရုံဘုရားသို့ ထွက်ခဲ့ကြပါတော့သည်။ ရွာမှထွက်၍ လယ်ကွင်းပြင်သို့ရောက်သည်နှင့် ထုံးဖြူဖွေးဖွေးနှင့် ရွှေစာရုံဘုရားအား လှမ်း၍ဖူးမြော်ရသည်။ လယ်ကွင်းများကိုကျော်တော့ နွားစားကျက်ကွင်း၊ ထိုမှလွန်သော် အနိမ့်ပိုင်းသို့ဆင်း၍ လေးပေခန့်သာကျယ်ဝန်းသော နားချောင်းကျချောင်းကလေးကို ဖြတ်ကူးရသည်။ ထိုဖြတ်ကူးသောနေရာမှာ မိဖုရားစောမွန်လှနှင့် ရဲရွှေတော်တစ်ဦးတို့၏ ပုံစံတူ သံရုပ်တုကြီးများကို တွေ့မြင်ရပါသည်။

ရာသီဥတု နေဒဏ်၊ လေဒဏ်ကြောင့် ခြယ်သထားသော ရောင်စုံဆေးများ မရှိတော့သော်လည်း တောင့်တင်းခိုင်မာဆဲ ရှိပါသေးသည်။

အဘ ဦးသာနီးကလည်း ...

"ဆရာလေးနဲ့ ဆရာမလေးတို့ရေ ...ဒီနေရာက မိဖုရားစောမွန်လှချောင်းထဲမှ ရေချိုးဆင်းစဉ် နားချောင်းကျပျောက်သွားလို့ တောစောင့်နတ်၊ တောင်စောင့်နတ်တွေကို တိုင်တည်ပြီး အဓိဋ္ဌာန်ပြု ဆုတောင်းတဲ့နေရာပဲ။ အဲဒါကို မန္တလေးတောင်က ရသေ့ကြီးဦးခန္တီက အထိမ်းအမှတ်အရုပ်တွေ ထုထားတာ"

နားချောင်းကျချောင်းကလေးကိုကျော်တော့ တစ်ဖက်ကမ်းမှာ ရွှေစာရုံစေတီဘုရား ပုရဝုဏ်ဖြစ်ပါသည်။ ဘုရားပုရဝုဏ်အတွင်း၌ ဇီးပင်များပေါက်ရောက်နေပြီး ကြွေကျသော ဇီးသီးများအား လွှတ်ကျောင်းထားသည့်နွားများက ကောက်ယူစားနေကြသည်။ ထိုစဉ်က ရွှေစာရုံဘုရားမှာ မုခ်တန်ဆောင်း တစ်ဖက်တည်းသာရှိပြီး ရွှေပြိန်းချထားခြင်းပင် မရှိပါ။

ထီးတော်မှာလည်း ရွှေရောင်များ လွင့်ပြယ်နေပြီး စေတီတော်တစ်ခုလုံး ထုံးသက်န်းသာ ကပ်လှူပူဇော်ထားသောကြောင့် တောဘုရား၊ တောင်ဘုရားသဖွယ်သာ ဖြစ်၍နေပါတော့သည်။ ထိုစဉ်တွင် ကျွန်တော်ကြားဖူးသော နန်းတော်ရှေ့ ဆရာတင်စပ်ပြီး လေဘာတီမပြရင် သီဆိုခဲ့

www.burmeseclassic.com



သည်ဟု အောက်မေ့ရသော ရွှေစာရံဘုရားပွဲနှင့် သက်ဆိုင်သည့် ထန်းရွက်ပုတီးဟူသော သီချင်းကလေးကို ကြားယောင်မိပါသည်။

ဘုရားစေတီ၏ အာရုဏ်ခံတန်ဆောင်းအတွင်း၌ ပန်းအိုးများရှိရာ ထိုးထားသော ပန်းများကလည်း ခြောက်သွေ့နေပြီ ဖြစ်ပါသည်။ ဘုရားတန်ဆောင်းအတွင်း၌ နွားကျောင်းသားကလေးများသာ ဆော့ကစားနေကြသော်လည်း ကျွန်တော်တို့အဖွဲ့မှတစ်ပါး အခြားဘုရားဖူးများ တစ်စုံတစ်ဦးမျှပင် မရှိပါ။ ကျွန်တော်တို့အဖွဲ့ ထိုင်၍ ဘုရားဖူးကြသည်။

ဆရာမလေးတို့မှာ ပန်းအိုးများတွင် ပန်းများ ခြောက်ကပ်နေသောကြောင့် ပန်းအသစ်များလဲလှယ်ရန် ဆန္ဒရှိကြောင်း ပြောသော်လည်း အနီးအနားတွင် နွားကျောင်းသားကလေးများမှအပ အခြားသူများ မရှိပါ။ ထို့ကြောင့် ကျွန်တော်တို့အဖွဲ့ ဘုရားဖူးပြီးသည်နှင့် ရေစီးသံကြားသောကြောင့် ရွှေစာရံဘုရား၏ အနောက်ဘက်သို့ ထွက်ခဲ့ကြရာ ဧရာဝတီမြစ်ဆိပ်သို့ ရောက်သည်။

မြစ်ဆိပ်တွင် တစ်ဖက်ကမ်း ကြွက်နဖားတောင်ခြေသို့ ကူးသော ငှက်သမ္ဗန်၊ တူးတို့ဆိပ်ရှိသောကြောင့် ကမ်းပါးပေါ်တွင် လက်ဖက်ရည်ဆိုင်နှင့် အသီးအရွက်ဆိုင်၊ ပန်းဆိုင်ကလေးများ ရှိနေသည်။

ထို့ကြောင့် ဆရာမလေးတို့ အပြေးအလွှား သွားရာနောက်သို့ ကျွန်တော်တို့ လိုက်ကြရပါသည်။ သူတို့က ဘုရားပန်းလဲရန်အတွက် ပန်းဝယ်ကြခြင်းဖြစ်ပါသည်။ ရောင်းချသော ပန်းများမှာလည်း အထူးအဆန်းပန်းများမဟုတ်။ နေကြာအရိုင်းပန်းများနှင့် တောပန်းတောင်ပန်းများ ဖြစ်ပါသည်။ ဆရာမလေးတို့ ပန်းဝယ်နေကြစဉ် ကျွန်တော်တို့အဖွဲ့ ဧရာဝတီမြစ်ကမ်းပေါ်ရှိ မယ်ဇယ်ပင်ကြီးအောက်တွင် ဖွင့်လှစ်ထားသော လက်ဖက်ရည်ဆိုင်တွင် ထိုင်ကြပြီး ဧရာဝတီမြစ်ကမ်း ကြွက်နဖားတောင်ခြေတွင် အေးချမ်းငြိမ်သက်သော အရသာကိုခံယူရင်း လက်ဖက်ရည်သောက်ပြီး အပန်းဖြေကြပါသည်။

လက်ဖက်ရည်မှာ နို့ဆီဖြင့် ဖျော်ခြင်းမဟုတ်။ အကျဲရည်၊ သကြားနှင့် နွားနို့ကိုသာ ရောစပ်ဖျော်ထားသော မြန်မာလက်ဖက်ရည်ချိုစစ်စစ် ဖြစ်





ပါသည်။ သောက်၍လည်း ကောင်းပါသည်။ ဆရာမလေးတို့ ပန်းဝယ်ပြီး လက်ဖက်ရည်သောက်နေကြစဉ် ကျွန်တော်တို့အဖွဲ့က လက်ဖက်ရည်ဆိုင်မှ ရေပုံးနှစ်ပုံးငှားပြီး ဧရာဝတီမြစ်အတွင်းမှ မြစ်ရေကို ခပ်ရသည်။

ပြီးနောက် ရွှေစာရံဘုရားသို့သွားကြရာ ကျွန်တော်တို့က ဘုရားတန်ဆောင်းအတွင်းမှ ပန်းအိုးများကို ရေဆေး၍ ရေအပြည့်ထည့်ပြီး ပန်းဟောင်းများကို စွန့်ပစ်ကြသည်။ ဆရာမလေးတို့အဖွဲ့က ပန်းသစ်များ လဲလှယ်ပြီး ကပ်သည်။ အလုံးစုံပြီးမှ ဘုရားဝတ်ပြု၍ ဧရာဝတီမြစ်ကမ်းဘေးရှိ လက်ဖက်ရည်ဆိုင်တွင် ပြန်ထိုင်ပြီး အကြော်မျိုးစုံကိုလည်း ရေနွေးကြမ်းဖြင့် စားသောက်ကြပြီး အနားယူကြပြန်ပါသည်။ ထိုအခါတွင်မှ ဆရာမလေး ဒေါ်မြမြစိမ်းမှ အဘဦးသာနိုးအား မေးမြန်းပါတော့သည်။

"အဘရှင့် ... အဘက ရှမ်းရွာကြီးကဆိုတော့ ရွှေစာရံဘုရားနဲ့ အနီးဆုံးရွာပဲ။ ကျွန်မတို့လည်း တက္ကသိုလ်ကျောင်းသူတွေဆိုတော့ သမိုင်းသင်ဖူးပါတယ်။ မိဖုရားစောမွန်လှကို အနော်ရထာမင်းကြီးရဲ့ မိဖုရားတွေက စုန်းမလို့ ကုန်းချောတာနဲ့ အနော်ရထာမင်းကြီးက စောင့်ကြည့်ရာမှ လပြည့်လကွယ်နေ့ညတွေမှာ သန်းခေါင်ယံ အချိန်ရောက်တာနဲ့ မိဖုရားစောမွန်လှရဲ့ နားမှောင်းမှ တတ်တော်တွေ ကွန့်မြူးတာကို စုန်းတောက်စားတယ်ဆိုပြီး အထင်မှားလို့ နန်းတော်က နှင်ခဲ့တာ။

အဲဒီအခါမှာ မိဖုရားစောမွန်လှဟာ ဖခင်ရှိရာ ရှမ်းပြည်ကိုပြန်ရင်း ဒီနေရာကလေးမှာ နားမှောင်းကျပျောက်လို့ အဓိဋ္ဌာန်ရင်းက နားမှောင်းပြန်ရလို့ ဌာပနာရမယ့်နေရာမှန်းသိရှိရပြီး ဧရာဝတီမြစ်နံဘေး ရှမ်းပြည်တောင်ခြေဖြစ်တဲ့ ဒီနေရာကလေးမှာ ရွှေစာရံစေတီတော်ကို တည်ခဲ့တယ်လို့ ကျွန်မတို့ မှတ်သားဖူးပါတယ်"

"နောက်တစ်ခုက ဘုရားစေတီတည်ပြီးတာနဲ့ မိဖုရားစောမွန်လှဟာ ရင်ကွဲနာကျ သေဆုံးတယ်လို့ သိရပါတယ်။ အဲဒါ ဒီနေရာမှာလား အဘ"

"မဟုတ်သေးဘူး ... ဆရာမလေးတို့ရဲ့ မိဖုရား စောမွန်လှက နားမှောင်းကျပျောက်ပြီး ဓါတ်တော်မွေတော်တွေ ကိန်းဝပ်မယ့်နေရာမှန်ဖြစ်

www.burmeseclassic.com



ပါက ပြန်ရပါစေဆိုပြီး တောပိုင်၊ တောင်ပိုင် နတ်အပေါင်းကို တိုင်တည်ပြီး ဆုတောင်းလို့ နားရွှေင်းပြန်ရတာကြောင့် ဒီ ရွှေစာရံဘုရားကို တည်ခဲ့တာ တော့ အမှန်ပဲ။ တစ်ဝက္ကပုံစံ ရွှေစာရံစေတီတော်ရဲ့ တန်ဆောင်းမုခ်ကို ပထမ ဖခမည်းတော်ရှိရာ ရှမ်းပြည်ဘက်ကို လှည့်ထားသော်လည်း အနော်ရထာ မင်းကြီးသိလျှင် အပြစ်ပေးမှာစိုးလို့ မြတစ်ဘက်ဖြင့် ဆွဲလှည့်ပြီး ပုဂံဘက် ကိုလည်း မျက်နှာမပ္ပဘဲ ဟိုဘက်ဒီဘက် ကြားအရပ်မှာ ထားခဲ့တယ်လို့ သိရတယ်''

''ရွှေစာရံဘုရားကို တည်ပြီးတော့လည်း မိဖုရားစောမွန်လှ ရင်ကွဲ နာကျပြီး သေတယ်ဆိုတာလည်း မဟုတ်ပါဘူး။ ရှမ်းပြည်က သူ့ ခမည်း တော်ရှိရာ သီပေါစော်ဘွားကြီးဆီကို ပြန်တယ်။ အဲဒီအချိန်မှာ သီပေါ စော်ဘွားကြီးကလည်း သမီးတော် ပြန်လာကြောင်းသိရလို့ ဆင်းလာအကြို မှာ လမ်းခရီးမှာ ဆုံတယ်။

အဲဒီဆုံတဲ့နေရာမှာ အထိမ်းအမှတ် အစုတော်ကြို ဘုရားလို့ခေါ် တဲ့ စေတီတစ်ဆူကို တည်ထားခဲ့တယ်။ အမှန်တော့ ဘော်ကြို မဟုတ်ဘူး။ ပေါ့်ကြိုလို့ ခေါ်တွင်ခဲ့တာ။ ပေါ့်ဆိုတာက ဖခမည်းတော်ကို ပြောတာ။ ဖခမည်း တော်လာကြိုတဲ့ နေရာမှာ အမှတ်တရ ဘုရားတည်ခဲ့လို့ ပေါ့်ကြိုခေါ် ရာကနေ နောက်ပိုင်းတော့ ဘော်ကြိုဆိုပြီး အမည်တွင်လာခဲ့တာ။ အဲဒီ ဘုရားတည်ပြီးတော့မှ စောမွန်လှမိဖုရားဟာ ရင်ကွဲနာကျပြီး သေဆုံး ရတာ။ အခုအချိန်အထိ ရှမ်းပြည်နယ် ဘော်ကြိုဘုရားနားမှာ မိဖုရား စောမွန်လှရဲ့ အုတ်ဂူတည်ရှိနေတယ်။ ဒီဘက်ကသွားရင် လက်ဝဲဘက် မှာ။ ဘော်ကြိုဘုရားတည်ရှိပြီး လမ်းရဲ့ လမ်းယာဘက်မှာတော့ မိဖုရား စောမွန်လှရဲ့ အုတ်ဂူရှိတယ်။ ဆရာမလေးတို့ ရောက်ဖူးသလား''

''မရောက်ဖူးပါဘူးရှင် ... ဘော်ကြိုဘုရားကို နာမည်သာ ကြား ဖူးပါတယ်။ အဘ အခုပြောပြမှ အကြောင်းစုံသိရတာပါ။ ရှေးတုန်းက ရှင်ဘုရင်တွေဟာ အသေအချာ မစုံစမ်းဘဲ ကုန်းတိုက်တာနဲ့ ယုံတယ်ဆိုတာ ကိုတော့ ကျွန်မ လက်မခံချင်ဘူး။ ဘုန်းကြီးတဲ့ ဘုရင်တစ်ဆူပဲ။ ပြဿနာ





တစ်စုံတစ်ရာဖြစ်လာရင် အသေအချာ စုံစမ်းစစ်ဆေးရမှာက တိုင်းပြည် အုပ်ချုပ်မင်းလုပ်တဲ့ ဘုရင်တွေရဲ့ တာဝန်ပဲမဟုတ်လား''

''ဟုတ်ပါတယ် ... ဆရာမလေးရဲ့၊ အနော်ရထာဘုရင်ဟာလည်း ရှမ်းမိဖုရား စောမွန်လှကို အလွန်တရာ ချစ်မြတ်နိုးတယ်လို့လည်း အဘတို့ စာတွေ၊ ပေတွေထဲမှာ ဖတ်ဖူး၊ မှတ်ဖူးပါတယ်။ ဒါပေမဲ့လေကွယ် မိဖုရား အများစုက အနော်ရထာမင်းကြီး ရှမ်းမိဖုရားကို ဦးစားပေးချစ်မြတ်နိုး တော်မူတာကို မနာလိုမရှုစိတ်နဲ့ ကုန်းချောကြတော့ မိဖုရားအများစုရဲ့ ဆန္ဒကို မလွန်ဆန်နိုင်ဘဲ ယုံကြည်ခဲ့ဟန်တူပါတယ်''

''အဲဒါပေါ့ ... အဘရယ်။ အမျိုးသမီးတွေဘက်က စဉ်းစားကြည့် ရင် အဲဒီကိစ္စဟာ မတရားခံရတာမို့ ကျွန်မကတော့ အနော်ရထာမင်းကြီး ကို အပြစ်တင်မိတယ်။ တခြားကိစ္စတွေမှာ အနော်ရထာမင်းကြီးဟာ အလွန် တော်တဲ့ မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်ပြီး သီဟိုဠ်နဲ့ တရုတ်ပြည်က စွယ် တော်တွေ ပင့်ရမှာတောင် ဘုန်းတန်ခိုးလက်ရုံးနဲ့ ပြည့်စုံခဲ့တယ်။ အခု ကျွန်မ တို့ မျက်မှောက်ဘဝကို ကြည့်ပါလား။ လှည်းဝင်ရိုးသံတညည့် ပုဂံ ဘုရားပေါင်းလို့ ဆိုပြီး မြောက်များလှစွာ စေတီဘုရားတွေကို တည်ခဲ့တာ။ အံ့မခန်း ကမ္ဘာကျော်ပါပဲ''

''ဟုတ်ပါတယ် ... ဆရာမလေးရယ်၊ မမှားသောရှေ့နေ၊ မသေ သောဆေးသမားလို့ ဆိုတဲ့ စကားပုံတောင်ရှိပါတယ်၊ အနော်ရထာမင်းကြီး လည်းမှားတဲ့အခါလည်း မှားပေမှာပေါ့''

''အဘက ယောက်ျားဆိုတော့ အနော်ရထာမင်းကြီးဘက်က လိုက် ပြောတာဖြစ်မှာပေါ့''

''ဟော့ဗျာ ... ဆရာမလေးက ကျုပ်ကိုတောင် ကျေနပ်ဟန်မတူ ဘဲ ရန်လုပ်နေပြန်ပါပြီ''

''ဟုတ်တယ်လေ ... အဘတို့က ယောက်ျားအချင်းချင်းဆိုတော့ မိန်းမတွေဘက်က ကိုယ်ချင်းမစာတတ်ဘဲ အတူတူဘဲ နေမှာပေါ့''

ထိုစကားကိုကြားတော့ ကျွန်တော်တို့လည်း ဆရာမလေး ခေါ်မြမြစိမ်း စကားကို ဖြုံသွားမိကြသည်။ သို့သော် ရင်းနှီးကျွမ်းဝင်သူများ မဟုတ်သေး

www.burmeseclassic.com



သောကြောင့် ကျွန်တော်တို့အဖွဲ့ ရွှေစာရံစေတီတော်မှ လယ်ကွင်းကိုဖြတ်၍ ပြန်လာကြသည်။ ရှမ်းရွာကြီးကို ပြန်ရောက်သည့်အထိ ဆရာမလေး ဒေါ်မြမြစိမ်းက ဟက်ဟက်ပက်ပက် စကားမပြောတော့ပါ။ ဆရာမလေး ဒေါ်လှလှနွယ်ကသာ အလိုက်အထိုက် စကားပြောရင်း ပြန်ခဲ့ကြခြင်းဖြစ်သည်။

ရွာပြန်ရောက်တော့လည်း ခေတ္တခဏသာ နားကြပြီး ပြန်ကြပါသည်။ ကျွန်တော်တို့အဖွဲ့ကတော့ ရွာထိပ် ရေမြောင်းဘောင်လမ်းပေါ်အထိ လိုက်ပို့ကြပါသည်။ ဆရာမလေး ဒေါ်မြမြစိမ်း၏မျက်နှာက မသာယာပါ။ ထို့ကြောင့် ကျွန်တော်တို့အဖွဲ့လည်း စိတ်မကောင်းဖြစ်ကြရပါသည်။ အလိုက်အထိုက်သိသော ဆရာမလေး ဒေါ်လှလှနွယ်ကတော့ တောင်းပန်စကားပြောပြီး စက်ဘီးကိုယ်စီဖြင့် ပြန်ကြပါတော့သည်။ ကျွန်တော်တို့အဖွဲ့ တာဘောင်ရိုးပေါ်မှ ရွာလမ်းအတိုင်း လမ်းလျှောက်ပြန်လာကြစဉ် အဘဦးသာနီးက ကျွန်တော့်အား . . .

''ဆရာလေးရဲ့ . . . ဆရာမလေးက ဘယ်လိုဖြစ်သွားရတာလဲ''

''မသိပါဘူး . . . အဘရယ်။ ကျွန်တော်နဲ့ ဆင်ဖုန်ရွာ မြောင်းကန်တောင်ရိုးပေါ်မှာ တွေ့တုန်းကလည်း သိုက်နန်းကလိုလို၊ ဘာလိုလိုနဲ့ ကျွန်တော်တောင် ဇဝေဇဝါ ဖြစ်ခဲ့ရသေးတယ်။ အဲဒီ ဆရာမလေးက အတော်ထူးဆန်းတာတော့ အမှန်ဘဲ။ စိတ်ဝေဒနာများ ခံစားနေရသလားတော့ မသိပါဘူး . . . အဘရယ်''

သို့နှင့် ကျွန်တော်တို့လည်း ကိုယ့်ရွာကိုယ်စွ ကိုယ်သာ အားကြိုးမာန်တက် (အသုံးလုံး)လုပ်ငန်းကို လုပ်ဆောင်ခဲ့ကြပြီး သကြိန်တွင်းသို့ ရောက်သောအခါ မန္တလေးမြို့နယ် (အသုံးလုံး) ကော်မတီက လုပ်အားပေး ဆရာ၊ ဆရာမများအား သကြိန်တွင်း မန္တလေးမြို့နှင့် ပတ်ဝန်းကျင်တွင် ထင်ရှားသော ဘုရားပုထိုးများအား လှည့်လည်ပူဇော်ရန်အတွက် အကြောင်းကြားခေါ်ဆိုရာ မြို့နယ်အုပ်စုအသီးသီးမှ တာဝန်ခံများက စုရပ်တည်ရှိရာ မန္တလေးမြို့ပေါ်ရှိ ဘူတာကြီးအနီး အထက်တန်းကျောင်းကြီးတွင် စုဝေးကြရပါသည်။





ထိုနေ့က ကန်ဘဲ့တာဆုံရွာတွင် ကျွန်တော်တို့ (အသုံးလုံး)လုပ်အားပေး ဆရာ၊ ဆရာမများ ဆုံမိကြတော့လည်း ဆရာမလေး ဒေါ်မြမြစိမ်းမှာ ကျွန်တော့်အား လှိုက်လှဲဖော်ရွေစွာ နှုတ်ဆက်ပြန်ပါသည်။ လမ်းတစ်လျှောက်လုံးတွင်လည်း ကျွန်တော့်အနီးတွင်ထိုင်၍ ငယ်ပေါင်းကြီးဖော်ပမာ စကားများ တတွတ်တွတ် ပြောလာပါသည်။ ကျွန်တော်တို့ ဆရာ ဆရာမ လုပ်အားပေးအဖွဲ့အား မန္တလေးမြို့တွင် (အသုံးလုံး)ကော်မတီက မန္တလေးမြို့ပေါ်ရှိ ဘုရားများနှင့် ပတ်ဝန်းကျင် စစ်ကိုင်း၊ အင်းဝ၊ အမရပူရမြို့ဟောင်းရှိ ဘုရားပုထိုးနှင့် ထင်ရှားသော နေရာများသို့ လိုက်ပါပို့ဆောင်ပါသည်။ ထိုအခါ၌လည်း ဆရာမလေး ဒေါ်မြမြစိမ်းမှ ကျွန်တော်နှင့် အကျွမ်းတဝင် ရင်းရင်းနှီးနှီး ရှိလာပါသည်။

ထို့ကြောင့် ကျွန်တော်က ကျွန်တော့်တွင်ပါလာသော ထိုခေတ် ထိုအခါကသုံးသည့် ကင်မရာကြီးနှင့် အဲမှတ်တရဓာတ်ပုံများ ရိုက်ပေးရပါသည်။ ထိုကင်မရာမျိုးမှာ ဘောက်စ်ကင်မရာအမျိုးအစားဖြစ်ပြီး ဖလင်တစ်လိပ်လျှင် ဓာတ်ပုံ နှစ်ပုံသာ ဆံ့ပါသည်။ ပထမနေ့က မန္တလေးမြို့ပေါ်ရှိ ဘုရားစေတီများအား လှေလာဖူးမြော်ပြီးနောက် ညအိပ်တည်းခိုရန် မန္တလေးဘူတာကြီးအနီးရှိ အထက်တန်းကျောင်းကြီးတွင် ပြန်၍ ညအိပ်ရပါသည်။ နောက်တစ်နေ့တွင် စစ်ကိုင်းရှိ ဘုရားပုထိုးများ တတိယနေ့၌ အမရပူရနှင့် အင်းဝရှိ ဘုရားပုထိုးများ ဖြစ်ကြပါသည်။

ထိုအချိန်အခါများက ကျွန်တော်နှင့် ဆရာမလေး ဒေါ်မြမြစိမ်းတို့မှာ ဖွင့်ဟမပြောသော်လည်း ချစ်သူစုံတွဲများပမာ အတွဲထူးကြသောကြောင့် ဆရာမလေး ဒေါ်လှလှနွယ်ကပင် နောက်ပြောင်ပြောဆိုသည်အထိ ဖြစ်ခဲ့ရပါသည်။ ထိုအချိန်တွင်လည်း ဆရာမလေး ဒေါ်မြမြစိမ်းမှာ ကျေနပ်သော အပြုံးဖြင့် လှိုက်လှဲစွာ ပြုံး၍နေပါတော့သည်။ ထိုအချင်းအရာကို မြင်ရသော ကျွန်တော့်ရင်တွင် ပီတိများပွားရပါသည်။ သို့သော် ဆရာမလေးကို ဖွင့်ဟ၍တော့ မပြောဖြစ်ခဲ့ပါ။

သို့နှင့် ကျွန်တော်တို့ မန္တလေးမြို့မှတစ်ဆင့် တာဝန်ကျရာ ရွာအသီးသီးသို့ ပြန်ခဲ့ကြပါသည်။ နှစ်ဆန်းတစ်ရက်နေ့တွင် မြန်မာကျေးရွာ

www.burmeseclassic.com



များ၏ ပုံးစံအတိုင်း ရွာများတွင် နှစ်ဆန်းတစ်ရက်နေ့ အလှူအတန်းများ လုပ်ကြရာ ကျွန်တော်တို့ လုပ်အားပေး ဆရာ၊ ဆရာမများ ကန်ဘဲ့ရွာအုပ်စု တွင် ပြန်ဆုံကြပါသေးသည်။ ထိုအခါ၌လည်း ဆရာမလေး ဒေါ်မြမြစိမ်း ၏ ကျွန်တော့်အပေါ် ဆက်ဆံရေးမှာ လိုက်လှဲပူနွေးဆဲပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော် ကျေနပ်နှစ်သိမ့်ပြီး ပီတိပွားရပါသည်။

ထိုနောက်ရက်များတွင်လည်း (အသုံးလုံး)လုပ်အားပေးသင်တန်း များ ပြီးဆုံးလုပြီဖြစ်သောကြောင့် ကျွန်တော်တို့ လုပ်အားပေး ဆရာများက မိမိ တို့တာဝန်ကျရာ ကျေးရွာအသီးသီးတွင် ဦးတည်ရည်မှန်းထားသည့် သင် တန်းသားများ၏ အရေးအဖတ်အတွက် (အသုံးလုံး)ကျေရန်အတွက် နေ့နေ့ ညည ဖိဖိစီးစီး ကြိုးပမ်းပြီး ဆောင်ရွက်ကြရပါသေးသည်။ ရက်ပေါင်း (၄၀)ပြည့်သောနေ့ (အသုံးလုံး) မြို့နယ်ကော်မတီက သင်တန်းသားများ၏ အရေးအဖတ်အတွက် (အသုံးလုံး) ကျေမကျေ လိုက်လံစစ်ဆေးရာ သင် တန်းသားများ၏ အစစ်အဆေးခံနိုင်မှုအား အားရကျေနပ်စရာကောင်းလှ ပါသည်။

ထို့ကြောင့် ကျေးရွာအလိုက် (အသုံးလုံး)ကျေ သင်တန်းဆင်းပွဲ များ ပြုလုပ်ကြပါသည်။ (၄၅)ရက်ပြည့်သောနေ့တွင် ကျွန်တော်တို့ တာဝန် ကျရာ ကျေးရွာအသီးသီးရှိ သင်တန်းသားများနှင့် အုပ်ချုပ်သူ လူကြီးများ ကျေးရွာသူ ကျေးရွာသားများအား နှုတ်ဆက်ရပါသည်။ ထိုအချိန်တွင် ကျေးရွာများက လက်ဆောင်ပြန်ပေးသော နယ်မြေထွက်ပဲအမျိုးမျိုး၊ သနပ် ခါးတုံးများ၊ ထန်းလျက်ခဲများနှင့် မလိုင်လုံးများမှာ အလွန်များပြားလှပါ သည်။ ကျွန်တော်တို့ ပေးခဲ့နိုင်သည်ကတော့ ပညာဒါနသာလျှင် ဖြစ်ပါ တော့သည်။

သို့နှင့် ကျွန်တော်တို့ ဆရာ၊ ဆရာမများ မိမိတို့ ရပ်ရွာအသီးသီး သို့ပြန်ကြရန်အတွက် ဗဟိုဖြစ်သော ကန်ဘဲ့ရွာသို့ လှည်းကိုယ်စီဖြင့် စုဝေး ပြီး ရောက်ရှိကြပါသည်။ ကန်ဘဲ့ရွာမှတစ်ဆင့် မြို့နယ် (အသုံးလုံး)ကော်မတီ စီစဉ်ပေးသော လှေကားကြီးများဖြင့် မန္တလေးမြို့ ဘူတာကြီးအနီးရှိ အထက်





တန်းကျောင်းကြီးတွင် စုစည်းပြီး ရောက်ရှိကြပြန်ပါသည်။ ထိုကျောင်းကြီး တွင် ညဘက်၌ မန္တလေးမြို့ (အသုံးလုံး)ဗဟိုကော်မတီက ကျွန်တော်တို့ (အသုံးလုံး)လုပ်အားပေး ဆရာ၊ ဆရာမများအား ဂုဏ်ပြုအခမ်းအနား စီစဉ်ကျင်းပပေးပါသည်။

နောက်တစ်နေ့မနက်စောစောတွင် ဗဟိုကော်မတီမှ စီစဉ်ပေးသော (အသုံးလုံး) ရထားကြီးဖြင့် ရန်ကုန်သို့ ပြန်ခဲ့ရပါတော့သည်။ ထိုအပြန်ခရီး စဉ်တွင်လည်း ကျွန်တော်နှင့် ဆရာမလေး ဒေါ်မြမြစိမ်းတို့မှာ လွန်စွာကျွမ်း ဝင်ရင်းနှီးခဲ့ကြပါသည်။ ညမိုးချုပ်စ (၆)နာရီအချိန်ခန့်တွင် ရန်ကုန်ဘူတာကြီး သို့ရောက်ရှိကြပြီး အပြန်ခရီး၌လည်း ကျွန်တော်နှင့် ဆရာမလေး ဒေါ်မြမြ စိမ်း၊ ဒေါ်လှလှနွယ်တို့ အငှားကားတစ်စီးအား ငှားရမ်းပြီး အတူပြန်ခဲ့ကြ ရာ ဆရာမလေးတို့အား မာလာဆောင်သို့ဝင်ပို့ခဲ့ပြီး ကျွန်တော်က သမိုင်း အိမ်ကြီးသို့ ခရီးဆက်၍ ပြန်ခဲ့ပါသည်။

ကျောင်းများ ပြန်မဖွင့်သေးဘဲ တစ်ပတ်ခန့် အချိန်ရသေးသော ကြောင့် ထင်ဖုန်ရွာ၊ မြေစင်ကန်ရွာတွင် ပြန်ဆုံကြရန် ကျွန်တော်နှင့် ဆရာမ လေး ဒေါ်မြမြစိမ်းတို့ အချိန်းအချက် ပြုလုပ်ခဲ့ကြပါသေးသည်။ ကျွန်တော့် အနေဖြင့် ထိုသို့ မြေစင်ကန်ဘောင်ရိုးပေါ်တွင် ဆရာမလေး ဒေါ်မြမြစိမ်း နှင့် အေးချမ်းစွာ တွေ့ဆုံတော့မှ ကျွန်တော်၏ ရင်တွင်းခံစားချက်ကို ဖွင့်ဟ ပြောတော့မည်ဟု တေးထားမိပါသည်။ သမိုင်းအိမ်ကြီးတွင် နှစ်ရက်သုံးရက် နေပြီး အဖေလာတော့မှ ကျွန်တော် ပြန်လိုက်သွားရန် စီစဉ်ထားပါသည်။ ကျွန်တော့်မှာ တက္ကသိုလ် တတိယနှစ်သို့ ကျောင်းကြီးဖွင့်သည်နှင့် ပြန်တက် ရမည်ဖြစ်ပြီး ဆရာမလေး ဒေါ်မြမြစိမ်းကတော့ စတုတ္ထနှစ်သို့ တက်ရမည် ဖြစ်ပါသည်။

ကျွန်တော်တို့ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်မှာ လေးနှစ်တက်ပြီး ဘွဲ့ရ မည်ဖြစ်သော်လည်း ဆရာမလေးတို့ ပညာရေးတက္ကသိုလ်မှာ ငါးနှစ်တက်ရ မည်ဖြစ်သောကြောင့် ကျောင်းပြီးချိန်တွင် အတူတူပြီးမည်ဖြစ်ပါသည်။ ဒေါ်မြ မြစိမ်းတို့က ပညာရေးတက္ကသိုလ်ဆင်း ဆရာ၊ ဆရာမများဖြစ်သောကြောင့်

www.burmeseclassic.com



*အလုပ်တန်း၌ ရှိမည်ဖြစ်သော်လည်း ကျွန်တော့်တွင်တော့ ဘာအလုပ်* လုပ်ရမည်ဟု မသေချာ။ မရေရာသေးပါ။ ကျွန်တော်ကလည်း အစိုးရ ဝန်ထမ်းအရာရှိဖြစ်မှ အလုပ်ဝင်မည်ဟု မျှော်မှန်းထားသူဖြစ်ပါသည်။ ကျောင်း ဆရာလည်း မလုပ်လို။ စာရေးစာချီလည်း မလုပ်လိုပါ။ ကျွန်တော်ဝါသနာ ပါသည်ကတော့ ယူနီဖောင်းဝတ်ပြီး လက်နက်ကိုင်၍ အရာရှိလုပ်လိုသူ ဖြစ်ပါသည်။

သမိုင်းအိမ်ကြီး၌ အနားယူအပန်းဖြေရင်း ကျောင်းကြီးပြန်ဖွင့်လျှင် တက်ရောက်နိုင်ရန်အတွက် အသင့်ပြင်ဆင်ထားရပါသည်။ နောက်တစ်ပတ် တွင် အဖေရောက်လာပါသည်။

''သားရေ . . . သားတို့ (အသုံးလုံး) လုပ်အားပေးခရီးစဉ်မှာ အတော် ပျော်ခဲ့ရဲ့လား။ ယောက်ျားလေးဆိုတာ ခရီးအနှံ့သွားပြီး ဒေသန္တရဗဟုသုတ နှံ့စပ်အောင်ရှာရတယ်။ မိုးရွာတုန်း ရေခံဆိုသလို ဒီအသက်အရွယ်မှာ ကြုံကြိုက်တုန်း အခွင့်အရေးရတုန်း ရသမျှ ဗဟုသုတကို နှံ့စပ်အောင် စုဆည်း ရှာဖွေထားပါ။

နိုင်ငံခြားသားတွေဆိုရင် ငွေကြေးအကုန်အကျခံပြီး ကိုယ့်ပြည် တွင်းသာမက နိုင်ငံခြားသားတိုင်းပြည်တွေကိုပါ လှည့်ပတ်ပြီး ဗဟုသုတ ရှာမှီးကြတယ်။ အဖေတို့ လူမျိုးတွေကတော့ ကိစ္စရှိမှသာ ခရီးသွားလေ့ ရှိတာကြောင့် ဗဟုသုတ ခေါင်းပါးတယ်လို့ ပြောရမှာပဲ။ အဖေ ဖြစ်စေချင်တာ ကတော့ အခုလို သားတို့ငယ်စဉ်မှာ အခွင့်အရေးရတုန်း ဗမာပြည်ထဲမှာ ခရီးသွားပါ၊ လေ့လာပါ။ နောက်ပြီး ဘွဲ့ရလို့ အလုပ်ဝင်ရင်လည်း မြန်မာပြည် အနှံ့ တောထဲတောင်ထဲပါမကျန် ခရီးသွားပြီး လေ့လာရတဲ့ အလုပ်မျိုးကို ငါ့သား လုပ်စေချင်တယ်''

''မြန်မာပြည်သားတစ်ယောက်ဖြစ်ပြီး မြန်မာပြည်ထဲမှာ ရှိတဲ့ မြို့ရွာတွေကိုတောင်မှ မနှံ့စပ် မရောက်ဖူးဘူးဆိုရင် နိုင်ငံတကာနဲ့ ယှဉ်ပြီး ပြောရင် အလွန်ညံ့ဖျင်းရာကျတယ်။ ဒါကြောင့် အဖေတောင်မှ လယ်သမား မျိုးရိုးဖြစ်ပေမယ့် အကြားအမြင်၊ ဗဟုတတွေရပြီး အပေါင်းအသင်းများ အောင် ကုန်သည်အလုပ်ကို လုပ်နေတာ။





အဖေ့သားကို ပြောခဲ့သလို ဂျပန်ခေတ်တုန်းက သေမင်းတမန် ရထားလမ်းကြီး ဖောက်လုပ်တဲ့နေရာကို အရောက်သွားခဲ့တယ်ဆိုတာက လည်း အဲဒီ အတွေ့အကြုံ ဗဟုသုတတွေကို လိုချင်လို့ပဲ။ အတွေ့အကြုံ ဗဟုသုတဆိုတာ ငွေနဲ့စက်ဝယ်လို့ မရနိုင်ဘူး။ အရွယ်ရှိတုန်း အချိန်အခါ သင့်တုန်း သွားလာရှာဖွေမှ ရနိုင်တာ။ သားက ယောက်ျားလေးပဲ အရွယ် လည်း ရောက်လို့ တက္ကသိုလ်ကျောင်းသားကြီးတောင် ဖြစ်နေပြီ။ သူများ တကာထက် ထူးချွန်အောင် နှံ့စပ်အောင်သွားစမ်း၊ လာစမ်းပါ သားရယ်''

''ဟုတ်ကဲ့ပါ . . . အဖေ''

ထိုနေ့က အဖေတို့ သမိုင်းအိမ်ကြီး၌ တစ်ညအိပ်ပြီး နောက် တစ်နေ့မနက်တွင် ကျွန်တော့်ကိုပါ ခေါ်၍ အုတ်ပုံဆိပ်ကမ်းသို့ ဆင်းခဲ့ကြပါ တော့သည်။ ဆိပ်ကမ်းသို့ရောက်သော် အဖေ့တပည့် ဦးသံချောင်းက . . .

''ဆရာရေ . . . ခနီအမှာတွေ အများကြီးပဲ။ ကျွန်တော်တို့ ဒီနေ့ အခေါက်ခေါက် အခါခါ ခနီထိုးစခန်းတွေက ခနီတွေကို သယ်ပေးမှ ဖြစ် တော့မယ်။ ဒီနေ့ညလည်း ဆင်ဖုန်ရွာက အိမ်ကြီးမှာ ညအိပ်ရမလိုဖြစ်နေ ပြီ

''အေးလေကွာ . . . ဒါ အလုပ်ကိစ္စပဲ။ တို့က ယောက်ျားတွေချည်း ကြုံရာစားပြီး ကြုံရာအိပ်ကြတာပေါ့။ ငါ့သား ဘယ်နှယ့်လဲ မင်းအတွက် အဆင်ပြေပါ့မလား''

''ဟာ . . . အဖေကလည်းဗျား ကျွန်တော်က ဆင်ဖုန်ရွာက အဘိုး အိမ်ကြီးမှာ အိပ်ရတာ အလွန်သဘောကျတယ်။ ငမိုးရိပ်ချောင်းဘက် ဆိုက်လာတဲ့ လေကလေးတဖြူးဖြူးနဲ့ လယ်ကွင်းကျယ်ကြီးဘက်က တိုက် ခတ်တဲ့ ရိုးဖြတ်နံ့သင်းသင်း လေကလေးကို ကျွန်တော် အလွန်သဘော ကျတာ။ တကယ်တမ်းက အဖေလည်း ဆင်ဖုန်ရွာက အဘိုးတို့အိမ်ကြီးမှာ ညအိပ်ချင်ခဲ့တာ။ ဆင်ဖုန်၊ မဒရွာတွေမှာက ခနီလုပ်ငန်းတွေရှိပြီး အသွား အလာ အလယ်ဗဟိုကျတယ်။ အုတ်ပုံဆိပ်ကမ်းနဲ့လည်းနီးတော့ အဆင်မပြေ ဘူးလား . . . အဖေရယ်''

www.burmeseclassic.com



"ငါ့သားပြောတာလည်း ဟုတ်ပါတယ်။ ဒါပေမဲ့ အဖေတို့က ကန်တွင်းတောကို မှီပြီး သစ်၊ ဝါးကိစ္စ လိုအပ်တာတွေက ရှိသေးတယ်လေ။ နောက်ပြီး အဖေတို့ပိုင်တဲ့ လယ်ယာလုပ်ငန်း ကိစ္စတွေက ရှိသေးတယ်။ သိပ် တော့မဝေးပါဘူး ... သားရယ်။ ဆင်ဖုန်၊ မဒ၊ စစ်ပင်၊ ပေါက်တလောက်၊ ထားဝယ်ချောင်၊ သဃ်နီးကျွန်းကြီးဆိုတဲ့ ရွာတွေက ငမိုးရိပ်ချောင်းရဲ့ တစ် ဖက်တစ်ချက် ကမ်းပေါ်မှာ ရှိကြတယ်။ လမ်းကျောကတော့ ဒီခရီးပါပဲ"

"အင်း ... အဲဒါလည်း ဟုတ်ပါတယ် ... အဖေ"

အမှန်တော့ ကျွန်တော့်စိတ်ကူးနဲ့ကျွန်တော် ဆရာမလေး ဒေါ်မြ စိမ်းနဲ့ နီးစပ်ရန်အတွက် ဆင်ဖုန်ရွာက အဘိုးတို့အိမ်ကြီးတွင် အဖေ့အား ပြောင်းရွှေ့နေစေရန် အဆိုပြုမိခြင်းပင် ဖြစ်ပါသည်။ ထိုအိမ်ကြီးတွင် အဖေ စတည်းချ၍ အိပ်စက်ပါမှ ကျွန်တော်လည်း အဘိုးတို့အိမ်ကြီးတွင် အိပ်စက် ရပြီး ညနေစောင်းတွင် မြေစင်ကန် ကန်ဘောင်ရိုးပေါ်၌ ရေခပ်ဆင်းလာသော မမြစိမ်းနှင့် ဆုံတွေ့နိုင်ရန် ကိုယ့်အတွေးနဲ့ကိုယ် အဖေ့အား အကြံပြု ခြင်း ဖြစ်ပါသည်။ သို့သော် ဤသည်က ကျွန်တော်၏ ဆန္ဒသာဖြစ်ပြီး အဖေ ရှင်းလင်းပြသည်က မှန်တာပါသည်။

ကျွန်တော်တို့ မိသားစုတွင် လယ်ယာလုပ်ငန်း အိမ်ကြီးနှင့် ကျွ ကောင်ရေများစွာက သဃ်နီးကျွန်းကြီးရွာ အိမ်ကြီးတွင် ကျန်ရှိနေပါသည်။ အဘိုးအဘွားနှင့် ကျွန်တော့်၏မိခင် အစ်မနှင့် ညီတို့ကလည်း သမိုင်းအိမ် ကြီးသို့ ပြောင်းရွှေ့နေထိုင်ကြသောကြောင့် သဃ်နီးကျွန်းကြီးရွာ အိမ်ကြီး ကို ပစ်ထား၍လည်း မရပါ။ ထို့ကြောင့် အဖေပြောသည်မှာ နည်းလမ်းကျ ပါသည်။ ထို့ကြောင့် ကျွန်တော် ငြိမ်နေရပါသည်။

ထိုနေ့က အဖေနှင့် အဖေ့တပည့် ဦးသံချောင်းတို့ ဆင်ဖုန်၊ မဒ ရွာများရှိ ဓနိထိုးစခန်းများမှ ဓနိများကို အုတ်ပုံဆိပ်ကမ်းသို့ အခေါက်ခေါက် အခါခါ တုံကင်းကြီးဖြင့် သယ်ပို့နေကြစဉ် ကျွန်တော့်မှာ အဘိုးအဘွား အိမ်ကြီးတွင် တည်းခိုရင်း နားနေရပါသည်။ စားရေးသောက်ရေးကိုလည်း လူရင်း ဓနိထိုးသမားများနှင့် အဘိုး၏တူက ချက်ပြုတ်လုပ်ကိုင်ပေးပါသည်။





ညနေချမ်းအချိန်တွင် ကျွန်တော်တစ်ဦးတည်း မြေစင်ကန်ဘက်သို့ ထွက်ခဲ့ပါ တော့သည်။

ညနေစောင်းပြီဖြစ်သောကြောင့် မြေစင်ကန်ပေါ်တွင် ရေခပ်ဆင်း သူ အမျိုးသမီးများ တစ်ဦးစနှစ်ဦးစသာ ရှိပါသည်။ လူမျိုလှည့်ကြသော ရွာကာလသားများလည်း အသီးသီး ပြန်ကုန်ကြပြီဖြစ်ပါသည်။ ကျွန်တော် ကတော့ ထုံးစံအတိုင်း ထိုင်နေကျ ကန်ဘောင်ရိုးပေါ်ရှိ မန်ကျည်းပင်ကြီး အောက် ခုံတန်းလျားလေးတွင် ထိုင်နေမိပါသည်။

ဆရာမလေး မမြစိမ်းနဲ့ တွေ့ဆုံရန် ချိန်းဆိုထားသည်ဟု ဆိုသော် ငြားလည်း မည်သည့်အချိန် မည်သည့်နေရာဟု တိတိကျကျ ချိန်းဆိုထား ခြင်း မရှိပါ။ ထို့ကြောင့် စိတ်တူကိုယ်တူ ကြုံလျှင်တွေ့မည်။ မကြုံလည်း လျှင် ရှိစေတော့ဟု ကမ္ဘာသကာသဘောထားပြီး စောင့်နေမိခြင်းပင် ဖြစ်ပါ တော့သည်။ ကျွန်တော် ကံကောင်းပါသည်။ ဆရာမလေး မမြစိမ်း ရေအိုး ကလေးကို ပွေ့ပိုက်၍ ခေါင်းခုတဘက်လေး ပခုံးပေါ်တင်ပြီး ရွာအတွင်းမှ ရေကန်ဘက်ကို ရေခပ်ဆင်းလာပါသည်။

ကျွန်တော့်ကိုမြင်သည်နှင့် ...

"ဟော ... မောင်လေး ရောက်နေတာ ကြာပြီလား။ မမလည်း ကျောင်းကြီးဖွင့်တော့မှာမို့ နောက်ဆံတင်းရမယ့် အိမ်အလုပ်တွေကို အပြီး သတ်လုပ်ရင်းက ရေခပ်ဆင်းချိန် နောက်ကျရတယ်။ မောင်လေးကို မမ အမြဲတမ်း သတိရနေတာပါ"

မမြစိမ်းက ရေလာမြောင်းပေးစကား ပြောသော်လည်း ကျွန်တော် တို့ (အသုံးလုံး) ဆရာ၊ ဆရာမများအဖြစ် နယ်တွင် တာဝန်ထမ်းဆောင် နေသောအချိန်က တစ်ဦးနှင့်တစ်ဦး တလေးတစားနှဲ့ ဆရာ၊ ဆရာမများ ဟု ခေါ်ခဲ့ကြပြီး ယခုမှ ကျွန်တော်နှင့် မြေစင်ကန်ဘောင်ရိုးပေါ်၌ စတင် တွေ့ဆုံခဲ့စဉ်ကလိုပင် မောင်လေးနှင့်မမကို အခေါ်အဝေါ်များ ပြန်လည်သုံး နှုန်းနေပြန်ပါသည်။ ကျွန်တော့်ပုံစံမှာ အံ့ဩစိတ်ဝင်နေကြောင်း သတိပြုမိပုံ ရသော ဆရာမလေး မမြစိမ်းက ...

www.burmeseclassic.com



"ဘာလဲ ... မောင်လေး။ အခုလို ခေါ်ဝေါ်တာကို မကြိုက်ဘူးလား။ လူအများရှေ့မှာက လေးစားသမှုနဲ့ အများခေါ်သလို ခေါ်ရတာလေကွယ်။ အခုဟာက မမနဲ့မောင်လေး နှစ်ယောက်တည်း ခေါ်ချင်သလို ခေါ်ခွင့်မရှိဘူးလား"

ထိုအခါမှ ကျွန်တော်က ...

"ကဲ ... လာပါ၊ ဒီခုံတန်းလျားမှာ ထိုင်ပါဦး။ ကျွန်တော် အဖော်ရှိနေပြီပဲ။ ကြောက်စရာလည်း မရှိပါဘူး။ မမကို တွေ့ချင်လွန်းလို့ ကျွန်တော့်မှာ သမိုင်းအိမ်ကြီးကနေ ဒီဘက်ကမ်းကို အစောကြီးကတည်းက ရောက်နေပြီး စောင့်နေရတာ။ မမ သဘောပေါက်ပါနော်"

"သဘောပေါက်ပါတယ် ... မောင်လေး။ အဲဒီကိစ္စကို မောင်လေးနဲ့ မမ စတွေ့ကြုံစဉ်ကတည်းက မမရဲ့ မသိစိတ်မှာ စွဲထင်နေခဲ့တာပါ။ ဒါပေမဲ့ မောင်လေးရယ် မမနဲ့မောင်လေး ဒီအတိုင်းပဲနေတာ မကောင်းပေဘူးလား။ သံယောဇဉ်တွေဖြစ်လာရင် မောင်လေးပဲ စိတ်ညစ်ရမှာ"

"ဘာကြောင့်လဲ ... မမ။ ကျွန်တော်တို့ဘက်ကလည်း မိဘတွေက ပြည့်စုံကြွယ်ဝပါတယ်။ နောက်ပြီး ကျွန်တော်တို့နှစ်ဦးက ဘွဲ့ရပညာတတ်တွေ ဖြစ်ကြတော့မှာမို့ နှစ်ဖက်မိဘတွေကလည်း သဘောတူ ကြည်ဖြူကြမှာပါ"

"အဲဒီကိစ္စတွေက အကြောင်းမဟုတ်ဘူး ... မောင်လေးရဲ့။ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ မမက လူဝင်စား။ သိုက်ကလာတာ။ သိုက်တောင်မှ အခု မောင်လေးနဲ့မမတို့ ရောက်ရှိနေကြတဲ့ မြွေစင်ကန်သိုက်က။ ဝန်ခံကတိနဲ့ လူ့ဘဝကို လာရတာပါ။ အိမ်ထောင်ပြုတာနဲ့ မမကိုသိုက်က ပြန်ခေါ်တော့မှာ"

"မမရယ် ... အဲဒါမျိုးကိစ္စတွေ ဒီခေတ်ကြီးမှာ ရှိသေးသလား။ နောက်ပြီး မမတို့ ကျွန်တော်တို့က ခေတ်ပညာတတ်တွေပါ။ ရှေးရိုးစွဲဝါဒတွေ မယုံကြည်ဘဲ တွန်းလှန်ပစ်ဖို့ အချိန်ရောက်နေပါပြီ"

"မဟုတ်သေးဘူး ... မောင်လေးရဲ့။ မမကလည်း အစွဲအလမ်းကြီးသူ မဟုတ်ပါဘူး။ ဒါပေမဲ့ မမကို မမွေးခင်ကတည်းက မိဘတွေကို သိုက်





က အိပ်မက်ပေးတယ်။ မမကိုမွေးပြီး အရွယ်ရောက်တော့လည်း ဘဝကို မမေ့ဖို့ မကြာခဏ သိုက်က အိပ်မက်ပေးတယ်။ ဒါကြောင့် မောင်လေးကို သံယောဇဉ်ရှိပေမယ့် မမ ခပ်ခွာခွာနေခဲ့တာ"

"ကျွန်တော် မယုံကြည်ဘူး ... မမ။ ဒီခေတ်ကြီးမှာ ဒီလို အယူအဆ အစွဲအလမ်းအဟောင်းတွေ မရှိသင့်တော့ဘူး။ မမဘက်ကသာ ပြောပါ။ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်လိုအခြေအနေနဲ့ လာရောက်တောင်းရမ်းရမယ်ဆိုတာကို ကျွန်တော် မမတို့ဘက်က လိုအပ်သလို ဆောင်ရွက်ပေးပါ့မယ်"

"အင်း ... ငါ့မောင်ကတော့ ခက်တော့တာပဲ။ အဲ့လိုလုပ်လို့ မရဘူးလို့ ပြောပြီးပြီပဲ။ ဖွတ်မကဲစမ်းပါနဲ့ကွာ။ မမကို တကယ်တမ်း တန်ဖိုးထားရင် မမပြောစကားကို နားထောင်ပါ။ မမလည်း သက်ဆိုင်ရာလူတွေဆီမှာ အသနားခံပြီး ခွင့်ပြုချက် တောင်းကြည့်ပါဦးမယ်။ သူတို့ခွင့်ပြုမှ မောင်လေးသဘောကျအတိုင်း ဆောင်ရွက်ပါ။ အဲဒီအချိန်ကျတော့ မမဘက်က မတားတော့ပါဘူး"

"ဟာဗျာ ... ကြာတယ် ... မမရယ်။ ကျွန်တော့်သဘောကတော့ နှစ်ဖက်လူကြီးတွေကို ဖွင့်ပြောပြီး စေ့စပ်ကြောင်းလမ်းထားချင်တယ်။ လက်ထပ်တာကတော့ ကျွန်တော်တို့ မမတို့ ဘွဲ့ရပြီး အလုပ်အကိုင်ကိုယ်စီနဲ့မှ လုပ်ကြတာပေါ့။ အဲဒီကိစ္စကို မမ သဘောမတူဘူးလားဟင်"

"အင်း ... စေ့စပ်ကြောင်းလမ်းတာလောက်ကတော့ ခွင့်ပြုကြလိမ့်မယ် ထင်ပါတယ်။ ဒါပေမဲ့ မောင်လေးရယ်၊ သူတို့က ခွင့်ပြုခဲ့ရင်လည်း လက်ထပ်လို့မှ မရတာ။ မောင်လေးပဲ နောက်ပိုင်းမှာ စိတ်ဆင်းရဲရလိမ့်မယ်နော်။ မမ သတိပေးတာကို လက်ခံစမ်းပါကွယ်"

"ကဲ ... မမ၊ ကျွန်တော်ပြောသလို လုပ်ပါ။ မမမိဘတွေကို မမ မပြောရဲရင်တော့ ကျွန်တော် အဘိုးနဲ့အဘွားကို ပြောပြီး မရမက အတင်းတောင်းမှာပဲ။ အခု မမကို အခွင့်အရေးပေးနေတာ"

"ဩော် ... မောင်လေးကလည်း အကျိုးအကြောင်းပြောပြီး တားလို့တောင် မရပါလား။ အဒီလို ဖွတ်လုပ်နေရင်တော့ မောင်လေးနဲ့မမ

www.burmeseclassic.com



ဝေးကြရလိမ့်မယ်။ မမပြောစကားကို နားထောင်ပါ။ မမကို တစ်ပတ်လောက် အချိန်ပေးပါ။ တစ်ပတ်ပြည့်ရင် မမ အကျိုးအကြောင်း ပြောပြမယ်။ အဲဒီလောက်တော့ စောင့်ပါဦးကွယ်။ ငါ့မောင်က လိမ္မာပါတယ်''

''နောက်တစ်ပတ်စောင့်ရရင် ကျောင်းကြီးဖွင့်ပြီ မမရဲ့။ ကျောင်းဖွင့်ပြီဆိုတော့ အလုပ်တွေက ရှုပ်နေကြမှာ''

''အဲဒီတော့လည်း ကျောင်းပိတ်ရက်ပေါ့ကွယ်''

''ကျွန်တော် အဲဒီလောက်တော့ မစောင့်ချင်ဘူး မမ။ ကျွန်တော်က အခုဆို အခုမှကြိုက်တာ''

''အင်း ... ငါ့မောင်ကလည်း ပြောမရဆိုမရ ဖြစ်နေပါလား။ မမကို တကယ်ချစ်ရင်တော့ အဲဒီလောက်ကလေး စောင့်ပါကွယ်။ မမ အဆင်ပြေအောင် ဆောင်ရွက်ပေးပါ့မယ်''

''အင်းလေ ... ဒီတစ်ခါတော့ မမအလိုကို လိုက်ပါ့မယ်။ ကျွန်တော် မမကို နိုင်ထက်စီးနင်း လုပ်တာမဟုတ်ဘူးနော်။ မမ သဘောပေါက်စေချင်ပါတယ်။ အခုဟာက စေ့စပ်ရုံစေ့စပ်တာ။ လက်ထပ်ဖို့က အချိန်တွေ အများကြီး ကျန်ပါသေးတယ်''

''ဟုတ်ပါတယ်ကွယ် ... မောင်လေးရဲ့ ဆန္ဒကို မမ သဘောပေါက်နားလည်ပါတယ်။ ကဲ ... နွားရိုင်းသွင်းချိန်ရောက်တော့ မိုးချုပ်တော့မယ်။ မမ ပြန်တော့မယ်။ ကျောင်းကျမှ ပြန်ဆုံကြတာပေါ့ ... မောင်လေးရယ်။ အဲဒီအချိန်ကျမှ အကျိုးအကြောင်း၊ အဆိုးအကောင်းကို မမ ပြောပြမယ်။ မမနဲ့ မောင်လေးတို့နှစ်ဦး ကံကောင်းကြစေဖို့ကိုသာ မြတ်ဘုရားမှာ ဆုတောင်းပြီး နေရစ်ခဲ့ပေတော့''

မှောင်စပျိုးချိန်တွင် ကျွန်တော်တို့နှစ်ဦး မြေစင်ကန်ဘောင်ရိုးပေါ်မှ လမ်းခွဲ၍ ပြန်ခဲ့ကြပါသည်။ အိမ်ရောက်သောအခါ အဖေနှင့် ဦးသံချောင်းတို့ ပြန်မရောက်ကြသေးပါ။ အိမ်စောင့် အဘိုးဦးရွှေမှန်း၏တူက ...

''ညီလေး ... ထမင်းစားတော့မလား။ အဆင်သင့် ချက်ပြုတ်ပြီးပါပြီ။ ခူးခပ်လိုက်ရုံပါပဲ''





''မစားသေးဘူး ... အစ်ကိုကြီး။ ကျွန်တော် ရေချိုးလိုက်ဦးမယ်။ အဖေတို့ပြန်လာမှ တစ်ဝိုင်းတည်း စားကြမယ်။ ဆာလည်း မဆာသေးပါဘူး''

''အေး ... အေး ... ညီလေး။ ရေချိုးမှာဖြင့် ချိုးတော့။ အိမ်နောက်ဖေးချောင်းစပ်မှာ ရေအိုးကြီးတွေ အပြည့်ထည့်ထားတယ်။ အကြာကြီးတော့ ဖိမ်ဆွဲပြီး ချိုးမနေနဲ့။ ချောင်းဘက်က လေတိုက်တော့ အအေးမိမှာ စိုးလို့ပါ''

''ဟုတ်ကဲ့ပါ ... အစ်ကိုကြီး''

သို့နှင့် ကျွန်တော် အိမ်နောက်ဘက်ဆင်း၍ ရာဝင်အိုးကြီးများအနီး ရေသုံးရန်အတွက် ခုံရိုက်ထားသော ပျဉ်ခင်း သစ်သားခုံကလေးပေါ် ရေချိုးပါသည်။ ငမိုးရိပ်ချောင်းရေကို ချိုးရေအဖြစ် ခပ်ထားခြင်းဖြစ်သောကြောင့် လွန်စွာ အေးမြလှပါသည်။ ရွာသူရွာသားအများစုကတော့ ငမိုးရိပ်ချောင်းထဲဆင်းပြီး ရေချိုးကြသည်ကတော့ များပါသည်။ ကျွန်တော် ရေချိုးပြီး အိမ်ပေါ်တက်၍ အဝတ်အစားလဲနေစဉ် အဖေတို့ ဆရာတပည့် ရောက်လာကြပါသည်။ အဖေက ...

''ငါ့သား ထမင်းစားပြီးပြီလားကွ''

''မစားရသေးပါဘူး ... အဖေ။ တစ်ယောက်တည်း စားရမှာပျင်းလို့ အဖေတို့ကို စောင့်နေတာ''

''အေး ... အဲဒါဆိုရင် အတော်ပဲ အဖေလည်း ဒီနေ့ မြန်မာဟင်းတွေစားချင်တာနဲ့ အုတ်ပုံဆိပ်ကမ်းက တရုတ်ဟင်းတွေနဲ့ ခေါက်ဆွဲကြော်တွေ ဝယ်လာတယ်။ သား အားရပါးရ စားပေတော့''

''ဟုတ်ကဲ့ ... အဖေ။ အဖေတို့ ရေချိုးပါ။ ပြီးမှ အတူတူစားကြတာပေါ့။ ကျွန်တော်ကတော့ ခေါက်ဆွဲကြော် မကြိုက်ဘူး။ မြန်မာထမင်းနဲ့ မြန်မာဟင်းအပြင် တရုတ်ဟင်းတွေကိုပဲ ထမင်းနဲ့စားပါ့မယ်''

သို့နှင့် အဖေတို့ ရေချိုးပြီးသောအခါ ကျွန်တော်တို့ ထမင်းဝိုင်းကြီးတွင်ထိုင်ပြီး အတူစားကြပါသည်။ ထမင်းစားနေရင်း ကျွန်တော် မမြစိမ်းကို သတိရသောကြောင့် အဖေ့အား ကြိုတင်ပြီး ဖွင့်ပြောရန် စဉ်းစားမိသော်

www.burmeseclassic.com



လည်း အချိန်စောသေးသည်ဟု ထင်သောကြောင့် မပြောဖြစ်ခဲ့ပါ။ အစေ လုပ်သူမှာ လွန်စွာပွင့်လင်းပြီး သားသမီးများနှင့် သူငယ်ချင်းများသဖွယ် ဆက်ဆံတတ်သောကြောင့် ကျွန်တော်တို့ သားသမီးများက မိဘများအား ဖုံးကွယ်ထားစရာ မရှိပါ။ ထို့ကြောင့်လည်း ကျွန်တော်တို့မိသားစု မိဘနှင့် သားသမီး ဆက်ဆံရေးမှာ လွန်စွာ အဆင်ပြေပါသည်။

ထမင်းဝိုင်းတွင် အဖေနှင့် ဦးသံချောင်းတို့ကတော့ ယနေ့ ခနဲ့ များရောင်းရသော အခြေအနေနှင့် မနက်ဖြန်အတွက် မှာကြားထားသော ခနိုးများအပြင် ထပ်မံမှာကြားသော ခနိုးများအတွက် အနှောင့်လုပ်ရန် ဝါးကလို ဖြန့်ပြီဟု ညည်းနေကြပါသည်။ ဝါးများလိုလျှင် ကန်တွင်းတောသို့ တစ် ခေါက် တက်ရဦးမည်ဖြစ်ပါသည်။ ကျွန်တော်လည်း ကျောင်းကြီးဖွင့်တော့ မည်ဖြစ်သောကြောင့် ဤတစ်ခါတွင်တော့ ကျွန်တော် အလွန်သဘောကျ နှစ်ခြိုက်သော ကန်တွင်းတောအတွင်းသို့ လိုက်နိုင်တော့မည် မထင်ပါ။

"အဖေ လိုတယ်ဆိုတဲ့ ခနိုးတွေက စစ်ပင်ရွာနဲ့ ပေါက်တလောက် ထားဝယ်ချောင်တွေကရော မရနိုင်ဘူးလား"

"အေး ... သားရဲ့၊ မိုးဦးကျတော့မယ်ဆိုတော့ အိမ်မိုးခနိုးတွေ က လိုပြီလေ။ ရာသီအခြေအနေတွေကြောင့် အခုအချိန်အခါက အိမ်မိုးခနိုး တွေ အလွန်ရောင်းကောင်းတဲ့ ရာသီပဲကွယ့်။ အိမ်မိုးခနိုးက ဒီလိုအချိန်မှာ ပဲ အရောင်းအဝယ်ကောင်းတာ။ ဒါကြောင့် အဖေတို့ ကြိုးစားနေကြရတာ။ မိုးဖြိုင်ဖြိုင်ရွာတော့ အိမ်မိုးခနိုးက အရောင်းအဝယ် မဖြစ်တော့ဘူးကွယ့်။ ဒီနှစ်မှာတော့ အဖေတို့က အိမ်မိုးခနိုးတွေကို ရေငံစိမ်ပြီး စနစ်တကျ စီစဉ် ထားတာမို့ နာမည်ကြီး လပွတ္တာကထွက်တဲ့ နာမည်ကြီးခနိုးတွေကိုတောင် ယှဉ်နိုင်တယ်လေ။ အဲဒါကြောင့် ဒီနှစ် ခနိုးရာသီမှာ အဖေတို့ခနိုးကို လက် မလည်အောင် ရောင်းရတော့မှာ"

ကျွန်တော်တို့ စားရင်းသောက်ရင်း စကားပြောဆိုကြသည်။ စား သောက်ပြီးတော့လည်း ရေနွေးကြမ်းဝိုင်းဖွဲ့ပြီး စကားပြောကြပြန်သည်။ သို့ သော် အဖေတို့မှာ ဒီနေ့ ပင်ပန်းလာတာကြောင့် ည(၉)နာရီခန့်၌ပင် အိပ်ရာ





ဝင်ခဲ့ကြတော့သည်။ ကျွန်တော်လည်း အိပ်ချင်စိတ် မရှိသေးသဖြင့် အိပ်ရာ ဝင်ခဲ့သော်ငြားလည်း တောင်တောင်အီအီတွေးခေါ်ရင်း အတော်နှင့် အိပ် မပျော်ပါ။

ရွာအတွင်းမှ သန်းခေါင်ယံ သက်ကြီးခေါင်းချ ကြက်တွန်သံကြား မှ မေးခနဲ အိပ်ပျော်သွားတော့သည်။ ထိုအချိန်တွင် စိတ်ရှုပ်လမ်းလွန်းသော ကြောင့်လား မသိပါ။ အိပ်မက်မက်ရာ အိပ်မက်ထဲ၌ ဆရာမလေးမမြစိမ်း အား ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်ကြီးက ကျွန်တော်နှင့် လက်ထက်ခွင့်မပြု ကြောင်း၊ စကားကိုနားမထောင်လျှင် သိုက်နန်းက ပြန်ခေါ်မည်ဟု ကြိမ်း မောင်းနေသော မြင်ကွင်းဖြစ်ပါသည်။

ထိုဘိုးတော်ကြီးမှာ ကျွန်တော်နှင့် ခင်မင်ရင်းနှီးသည့် ငွေယား တောင်သိုက်မှ အဘိုးနှင့် မတူပါ။ မျက်နှာပေါက်က ခန့်တည်သော်လည်း သဘောကောင်းပုံ မရပါ။ ဆရာမလေး မမြစိမ်းအား ကာလအတိုင်းအတာ နှင့် လူ့ဘဝတွင် ခွင့်ပြုထားခြင်းသာဖြစ်ပြီး အိမ်ထောင်ပြုပါက မိသားစုနှင့် သေကွဲ ကွဲရမည်ဟု သတိပေးစကား ပြောကြားနေခြင်းဖြစ်ပါသည်။

ဆရာမလေး မမြစိမ်းမှာ လူးလိမ့်ပြီး ငိုကြွေးနေပါသည်။ ကျွန်တော် ထိုမြင်ကွင်းကို မြင်သောကြောင့် ဝင်ရောက်ဟန့်တား ပြောဆိုလိုပါသော် လည်း ကျွန်တော့်နှုတ်မှ စကားသံ မထွက်ပါ။ ဘိုးတော်ကြီးကလည်း လက် ဟန်ဖြင့် စကားမပြောရန် တားမြစ်ထားပါသည်။ ကျွန်တော် ထိုအိပ်မက် ကို မက်ပြီး အိပ်ရာကနိုးတော့ မနက်အရုဏ်မလာမီ သုံးနာရီအချိန်ခန့်သာ ရှိပါ သေးသည်။

ကျွန်တော့်တစ်ကိုယ်လုံး ချွေးများပြန်ပြီး ရွှဲနစ်နေသောကြောင့် အပေါ် ဆွဲ ကြည့်လိုက်သွားပြီး အင်္ကျီ လုံချည်အသစ် လဲရပါတော့သည်။ ဤအိပ်မက်မှာ နိမိတ် ဖြစ်သည်လား မသိသော်လည်း ကျွန်တော့်စိတ်တွင် လွန်စွာခံစားရသော အိပ်မက်တစ်ခု ဖြစ်ပါသည်။ ကျွန်တော် ရေသောက်ပြီး ပြန်လည်အိပ်ရာ ဝင်သော်လည်း အတော်နှင့် အိပ်မပျော်ပါ။ စိတ်အတွင်း၌ ဆရာမလေး မမြစိမ်းအား လွန်စွာ သနားနေမိပါသည်။ သရဲတစ္ဆေနှင့် သိုက်နန်းများ အကြောင်းကို မယုံကြည်ဟုဆိုသော ကျွန်တော် ဤကဲ့သို့သော အိပ်မက်

www.burmeseclassic.com



ခိုးမျိုးမက်သောအခါတွင် မယုံကြည်ဟုထင်ထားသော်လည်း စွဲလမ်းသော စိတ်ဝေဒနာခံစားမှုက မထင်မှတ်ဘဲ တကယ်ဖြစ်လာလျှင်ဟူသော အတွေး ဖြင့် လွန်မင်းစွာ စိတ်မကောင်းဖြစ်ရပါတော့သည်။

ထိုအိပ်မက်အား မေ့ပျောက်ရန် ကြိုးစားရင်း မနက်အာရုဏ်ဦး လေးနာရီခန့်လောက်မှ ပြန်လည်အိပ်ပျော်ခဲ့ပါသည်။ ပြန်အိပ်ပျော်သော် လည်း စွဲလမ်းလွန်းသော စိတ်ကြောင့်လား မသိပါ။ ထိုအိပ်မက်ကိုပဲ ထပ် တလဲလဲ ပြန်လည်မြင်မက်နေတော့သည်။ မနက် (၆)နာရီခန့်တွင် အိပ်ရာ မှ လန့်၍နိုးပြန်သည်။ ,အိပ်ရေးမဝသော်လည်း ထပ်မံ၍ မအိပ်တော့ပါ။ မျက်နှာသစ်၊ ဘုရားဝတ်ပြုပြီး အဖေတို့၏ မနက်စောစောပိုင်းတွင် ဝင်ထိုင် ရတော့သည်။

"လာပေ့ ... ငါ့သား၊ ဒီနေ့ အိပ်ရာထ စောလှချည်လား"

"အင်းလေ ... အဖေတို့လည်း ဒီနေ့မှ စောစောဆင်းပြီး စစ်ပင် ထားဝယ်ချောင်၊ ပေါက်တလောက်ရွာတွေမှာ ခနိတွေ ဝင်တင်ပြီး အုတ်ပုံ ဆိပ်ကမ်းကို ပို့ရဦးမယ်။ အဲဒါကြောင့် ငါ့သားအနေနဲ့ ဒီရွာမှာပဲ အနားယူ ရင်းနေမလား။ အဖေတို့နဲ့ စစ်ပင်၊ ပေါက်တလောက်၊ ထားဝယ်ချောင်ရွာတွေ က ခနိတွေတင်ပြီး အုတ်ပုံဆိပ်ကို ပို့ရာမှာ လိုက်ခဲ့ဦးမလား၊ သားဆုံးဖြတ် ပေတော့"

"ရပါတယ် ... အဖေ၊ ဒီမှာလည်း ကျွန်တော်တစ်ယောက်တည်း ပျင်းလို့ အဖေတို့နဲ့ လိုက်ခဲ့ပါ့မယ်။ သွားရင်းလာရင်း စားရင်းသောက်ရင်းနဲ့ တော့ ပျင်းစရာ မရှိတော့ဘူးပေါ့"

"အင်း ... ဒါပေမဲ့ နေပူတယ် ... သားရဲ့။ ချောင်းထဲမှာ လေတိုက် ကလည်းတိုက်တယ်။ တော်ကြာ သားအအေးမိပြီးဖျားရင် အခက်ပဲ၊ ကျောင်း ကြီးကလည်း ပြန်ဖွင့်တော့မယ် မဟုတ်လား"

"ရပါတယ် ... အဖေရာ၊ သားက အမဲလိုက်တောလည်တဲ့ လူကြမ်း ပါ။ အခုမှ တက္ကသိုလ်ကျောင်းသားကြီးဖြစ်လို့ နုနေစရာ မလိုပါဘူး"

"အေးပါ ... သားရယ်၊ မင်းဆန္ဒအတိုင်း လိုက်ခဲ့ပါ။ ဟိုဘက်ရွာ တွေ ရောက်တော့လည်း သူတို့ကျွေးတဲ့ တောစာတောင်စာတွေ စားရမှာ





ပေါ့။ အဖေတို့လို ရောင်းဝယ်ဖောက်ကားတဲ့ ကုန်သည်ဆိုတာ ဒီလိုပဲ ကျရာကြုံရာမှာ ဖြစ်သလို စားရတာကိုတ ပျော်စရာကောင်းနေတာ။ အဖေ ဆိုရင် အိမ်မှာငြိမ်ပြီး အခန့်သား ထမင်းဝိုင်းကြီးနဲ့ ထိုင်စားရမှာထက် အခု လို သွားရင်းလာရင်း ထမင်းစားရတာကို ပိုပြီးမြိန်တယ်လို့ အောက်မေ့ တယ်ကွာ"

"ဟုတ်ကဲ့ပါ ... အဖေ၊ သားလည်း အဖေ့လိုပါပဲ၊ သွားရင်းလာ ရင်း ကြုံသလို စားရသောက်ရတာ သဘောကျတယ်၊ မြိန်ရာဟင်းကောင်း ပေါ့ ... အဖေရာ"

ထိုအချိန်တွင် အဖေ့တပည့် ဦးသံချောင်းက ...

"ဒီဘက်ရွာတွေက ငမိုးရိပ်ချောင်းနဲ့နီးတော့ ရာသီမရွေး သားငါး ပွပွနန် ပေါပါတယ်။ ဟင်းသီးဟင်းရွက်လည်း မရှားတော့ စားရေးသောက်ရေး အဆင်ပြေပါတယ်၊ ကျွန်တော်ကတော့ ငမိုးရိပ်ချောင်းကမ်းဘေးက ရွာတွေ တို့ လှည့်ပတ်ပြီး စားသောက်ရတာကို အလွန်ပျော်ပါတယ်"

ထိုအခါ အဖေက ...

"အေးပါကွာ ... ပျော်ရာမှာမနေ၊ တော်ရာမှာနေဆိုတဲ့ စကားပုံ ရှိပေမယ့် ငါတို့ကတော့ ကိုယ့်အလုပ်နဲ့ကိုယ် နှစ်သိမ့်ပြီး ပျော်နေကြတာ ပဲ။ အလုပ်မှာပျော်မှ တိုးတက်တယ်ဆိုသလို ကိုယ့်လုပ်ငန်းကို ကိုယ်ကိုယ်တိုင် နှစ်ခြိုက်သဘောကျပြီး ကျေနပ်နေရင် ကျန်းမာရေးလည်းကောင်း၊ စီးပွား ရေးလည်း ကောင်းတာပေါ့။ ငါတို့လုပ်ငန်းက ငမိုးရိပ်ချောင်းကို မှီပြီး သွား လာလှုပ်ရှား၊ ရောင်းဝယ်ဖောက်ကားရပေမယ့် သူ့ဟာနဲ့သူတော့ အဆင်ပြေ ပါတယ်။ ရာသီအလိုက် လုပ်တတ်၊ ကိုင်တတ်ဖို့ပဲ လိုပါတယ်။

ငါတို့ဘဝဟာ အရင်တုန်းက လယ်သမား၊ ဟော ... နောက်တော့ ခနိထိုးသမား၊ ဟော ... အခုတော့ စက်လှေသမား၊ ဒါပေမဲ့ ဟိုးအရင်တုန်း ကလုပ်ခဲ့တဲ့ ဆန်စပါးလုပ်ငန်းနဲ့ ခနိပျစ်လုပ်ငန်းတွေကိုလည်း လက်မလွှတ် နိုင်သေးပါဘူး။ ဒါကြောင့် ငါ့သားကို ပညာတတ်ကြီးဖြစ်ပြီး မြို့ပေါ်မှာ အလုပ်အကိုင်ကောင်းကောင်းနဲ့ အရာရှိကြီး ဖြစ်စေချင်တာပေါ့။ အဖေတို့

www.burmeseclassic.com



က ပညာနည်းခဲ့လို့ ဥစ္စာပစ္စည်း စည်းစိမ်ပြည့်စုံပါရဲ့နဲ့ အခုလို အပင်ပန်းခံပြီး ဝင်ငွေရှာရတဲ့ ကုန်သည်ဖြစ်နေတာ”

ကျွန်တော်တို့သားအဖ အလုပ်အကြောင်း ပြောကြရင်း တုံကင်းကြီးဖြင့် ငမိုးရိပ်ချောင်းအတိုင်း ဆင်းလာကြတော့ မနက် (၇) နာရီခန့်ပင် ရှိပါသေးသည်။ ငမိုးရိပ်ချောင်းအတွင်း၌ ရေခိုးရေငွေ့နှင့် မြူမှုန်များက မှုန်မှိုင်းပြီး ဝေ့နေဆဲဖြစ်ပါသည်။ ချောင်းကမ်းနှစ်ဖက်ရှိ ကမ်းစပ်လတာပြင်ပေါ်ရှိ ဗျိုင်းအောက်များနှင့် ရေကြက်များ၊ ရေငှက်များ မြူးတူးပျော်ပါးနေကြပါသည်။ ရေတက်ချိန်ဖြစ်သောကြောင့် ချောင်းကမ်းစပ် ချုံများတွင်းမှ ဘုတ်ငှက်များကလည်း တအီအီ အသံပေးနေပါသည်။

ယခင်အခါများကတော့ ထိုသို့ တောငှက်များကို မြင်ရလျှင် လက်ကယားလာပြီး မပစ်ခတ်ဘဲ မနေနိုင်ခဲ့ပါ။ သို့သော် ယခု လူပျိုအရွယ်သို့ ရောက်တော့ ထိုသို့ ငှက်ပစ်ချင်သော ဝါသနာများ ပါးရှားသွားပါသည်။ အဖေတို့ တောအုပ်ကြီး၊ တောခေါင်းကြီး၊ ဌာနအုပ်ကြီးတို့ တောတွင်း၌ သေနတ်ကိုယ်စီဖြင့် အမဲလိုက်ရခြင်းကို ယခင်အခါများက ကျွန်တော် အလွန်ဝါသနာပါ၍ ပျော်ခဲ့သော်လည်း ယခုတော့ ထိုဝါသနာများကို စွဲစွဲလမ်းလမ်း တပ်မက်ခြင်းလည်း မရှိတော့ပါ။

ပြောင်းလဲလာသော အရွယ်နှင့် ပတ်ဝန်းကျင် အနေအထားအရ မိဖနှင့် ဝါသနာများလည်း ပြောင်းလဲကုန်ပြီဟု ထင်ပါသည်။ သို့သော် မိမိကိုယ်ကိုမိမိ စမ်းစစ်ကြည့်မိတော့ အရွယ်အရ အချစ်နတ်သား ဖမ်းစားခြင်းဖြစ်ကြောင်း သုံးသပ်မိပါသည်။ ဤသည်မှာလည်း သဘာဝဖြစ်ပါလိမ့်မည်။ ယခုအချိန်တွင် ကျွန်တော် စိတ်ဝင်စားသည်ကတော့ အချစ်အကြောင်းပဲ ဖြစ်ပါလိမ့်မည်။ ကျွန်တော်တို့ စစ်ပင်ကျေးရွာ ခနိုထိုးစခန်းသို့ရောက်တော့ ခနိုများ တုံကင်းတစ်စင်းစာရသောကြောင့် အုတ်ပုံဆိပ်ကမ်းသို့ ပြန်ပို့ရပြန်ပါသည်။

ခနိုများချပြီးတော့ အချိန်၌လည်း မနက် (၁၀)နာရီခန့်သာ ရှိသေးသောကြောင့် နေ့လယ်စာ ထမင်းမစားသေးဘဲ နောက်တစ်ခေါက်ပေါက်တလောက်နှင့် ထားဝယ်ချောင်ရွာများဘက်သို့ ဆင်းရပြန်ပါသည်။ ထိုရွာများတွင် အလုပ်သမားများက ခနိုများတင်နေစဉ် ကျွန်တော်တို့ ရွာခနိုင်များမှ ကျွေးမွေးသော ထမင်းဟင်းများကို နေ့လယ်စာအဖြစ် စားရပါသည်။

တောထမင်း၊ တောဟင်းဟု အဖေက အမည်ပေးထားသော်လည်း ကျွန်တော်ကတော့ တောရွာချက်၊ ထမင်းဟင်းများကို အလွန်ခံတွင်းတွေ့ပြီး နှစ်ခြိုက်ပါသည်။ ထို့ကြောင့် ထမင်း အလွန်မြိန်ပါသည်။ စားသောက်ပြီး ခနိုများတင်၍ အုတ်ပုံဆိပ်ကမ်း ခနိုအဝယ်ဒိုင်သို့ ခနိုများ တစ်ခေါက်ပို့ရပြန်ပါသည်။ အဝယ်ဒိုင်တွင် ခနိုများချနေစဉ် အဖေနှင့် ကျွန်တော်တို့ ဆိပ်ကမ်းရှိ လက်ဖက်ရည်ဆိုင်တွင် ထိုင်ကြပြီး လက်ဖက်ရည်သောက်ရင်း စောင့်ကြရပါသည်။

“ကဲ ... သားရေ၊ ဒီကပြီးရင် သယ်န်းကျွန်းကြီးရွာကို ပြန်မယ်။ နက်ဖြန်မနက်မှာတော့ ကန်တွင်းတောကိုတက်ဖို့ လှည်းသမားတွေကို ရှာပြီး ဝါးခုတ်ရဦးမယ်။ သားက ရွာပြန်လိုက်ခဲ့ပြီး တောတက်ပြီးမှ သမိုင်းအိမ်ကြီးကို ပြန်မှာလား။ ဒါမှမဟုတ် မနက်ဖြန် ပြန်ချင်ရင်လည်း ဦးသံချောင်းက သယ်န်းကျွန်းကြီးရွာက ခနိုတွေကို အုတ်ပုံဆိပ်ကမ်း ပို့ရဦးမှာမို့ သားလိုက်ပြီး ပြန်ချင်ရင်လည်း ရတယ်”

“ဟုတ်ကဲ့ ... အဖေ၊ အဲဒါဆိုရင်တော့ သား ဒီတစ်ခေါက် ဝါးခုတ်လိုက်ဦးမယ်။ သမိုင်းက အမေနဲ့ အစ်ကိုအစ်မတွေလည်း တောကောင်သား လတ်လတ်ဆတ်ဆတ် စားရအောင် တောပစ်ပြီး ညနေပိုင်း ကျွန်တော် သမိုင်းအိမ်ကြီးကို ပြန်မယ်လေ”

“သားရယ် ... ကားအဆင့်ဆင့်စီးပြီး မင်းတစ်ယောက်တည်း ပြန်ရမှာ အဖေ စိတ်မချဘူး။ နောက်ပြီးတော့ တောကောင်သား အစိမ်းအစိုတွေနဲ့ ညနေစောင်းမှ သမိုင်းအိမ်ကြီးကို ရောက်မှာ”

“ရပါတယ် ... အဖေရာ။ ကျွန်တော်လည်း တက္ကသိုလ်ကျောင်းသားကြီးတောင် ဖြစ်နေပါပြီပဲ။ ဒီလမ်းဒီခရီး သွားတတ်ပါတယ်။ ကန်တွင်းတောစပ်က ကြုံရာကား တားစီးပြီး အင်းစိန်မှာဆင်း။ အင်းစိန်ကနေ လိုင်း

www.burmeseclassic.com



ကားစီးရင် သမိုင်းကို ရောက်ပါတယ်။ သားက ယောက်ျားလေးပါ အဖေ မပူပါနဲ့''

''အေး ... အေး ... အဲဒါဆိုရင်လည်း စမ်းကြည့်ပေါ့ ... သွား ရယ်။ အဖေကတော့ သားတစ်ယောက်တည်းကို တစ်ခါမှ ပေးမပြန်ဖူး ဘူး''

ကျွန်တော်တို့ တုံကင်းကြီးဖြင့် စုန်ဆင်းလာကြရာ သယ်န်းကျွန်း ကြီးရွာအနီး ပြန်ရောက်တော့ နေဝင်ဖြိုးဖျအချိန် ဖြစ်ပါသည်။ လှေဆိပ်မှ ရွာသို့ လမ်းလျှောက်ရသည်ဖြစ်သောကြောင့် သယ်န်းကျွန်းကြီးရွာအိမ်သို့ မိုးအတော်ချုပ်မှ ရောက်လိမ့်မည်ဖြစ်ပါသည်။ သို့သော် သွားနေကျလမ်းနေ ကျ ခရီးလမ်းဖြစ်သောကြောင့် မထောင်းသာလှပါ။

ထိုနေ့ညက လကွယ်ညဖြစ်သောကြောင့် လမ်းခရီးတွင် ကြယ် အလင်းရောင်ဖြင့် ရွာဘက်သို့ မှန်းဆပြီး ပြန်ခဲ့ကြပါသည်။ လက်နှိပ်ဓာတ်မီး လည်း မပါလာသောကြောင့် လမ်းခရီးက အတော်မှောင်ပါသည်။ သယ်န်း ကျွန်းကြီးရွာ အိမ်ကြီးသို့ရောက်မှ ခေတ္တနားပြီး ရေချိုး၍ ညစာစားကြ ရာ ည (၉) နာရီပင် ကျော်ပြီဖြစ်ပါသည်။ ထိုညကလည်း ပင်ပန်းသော ကြောင့် စောစောအိပ်ရာဝင်ခဲ့ရာ အိပ်ပျော်သောအချိန်၌ ယမန်နေ့ညက မက်သော အိပ်မက်ကိုပင် ပြန်လည်မြင်မက်ပြန်ပါသည်။ အိပ်မက်မှာ ယမန် နေ့ညကလိုပင် တစ်ပုံစံတည်း၊ တစ်ထပ်တည်းဖြစ်ပါသည်။

ထို့ကြောင့် အိပ်မက်မှ နိုးသောအချိန်တွင် အပေါ့အပါးသွား၊ ရေ အဝသောက်ပြီး ပြန်လည်အိပ်ပြန်ရာ၊ ညဦးပိုင်းက မြင်မက်ခဲ့သော အိပ် မက်ကိုပင် ဒုတိယအကြိမ် ပြန်မက်ပါသည်။ ထို့ကြောင့် ထိတ်လန့်တကြား ဖြင့် အိပ်ရာကနိုးတော့ တစ်ကိုယ်လုံး ချွေးများပျံ၍ နေပါသည်။ အချိန်က မနက် (၅)နာရီခန့်ပင် ရှိသေးသော်လည်း ကျွန်တော် ပြန်မအိပ်တော့ပါ။ စောစောနိုးနေသော အဖေက ဝါးခုတ်လှည်းများ ခေါ်ရန်နှင့် တောခေါင်း ကြီးနှင့် ဌာနာအုပ်ကြီးတို့အား အကြောင်းကြားရန် စက်ဘီးတစ်စီးဖြင့် အလုပ် ရှုပ်နေပါတော့သည်။





''ငါ့သား အစောကြီးရှိသေးတယ်။ ပြန်မအိပ်တော့ဘူးလား''

''ဟုတ်ကဲ့ ... အဖေ။ ညက စောစောအိပ်လို့ အခုမနက် အိပ်ရာ က စောစောနိုးတာပါ။ ကျွန်တော် ဘာကူညီရမလဲ ... အဖေ''

''ရပါတယ် ... ငါ့သား နားနေပါ။ အဖေကတော့ အရေးပေါ် ဝါး တွေ လိုနေတော့ တောတက်ပြီး ဝါးခုတ်ရအောင် လူစုလိုက်ဦးမယ်။ အခြေ အနေအရ ကြုံရာမှာ နေ့လယ်စာ ထမင်းစားမှာမို့ ငါ့သား အဖေ့ကို ထမင်း စား မစောင့်နဲ့တော့''

''ဟုတ်ကဲ့ပါ ... အဖေ။ ကျွန်တော် နေ့လယ်စာကို အဆင်ပြေ သလို စားပါ့မယ်။ ဒါနဲ့ အဖေတို့က ဒီနေ့ညနေပဲ တောတက်မှာလား။ မနက်ဖြန် မနက်မှ တောတက်မှာလား''

''အေး ... သားရဲ့၊ အဲဒါကတော့ အခြေအနေအရပဲ။ လူစုံရင် ဒီနေ့ညနေပဲ တောတက်မယ်။ တောခေါင်းကြီးနဲ့ ဌာနာအုပ်ကြီးတို့က ဟိုကျ မှ အကြောင်းကြားပြီးခေါ်ရင် ဖြစ်ပါတယ်။ အဓိကအရေးကြီးတာက လှည်း (၁၀)စီးရဖို့ပဲ။ ကိုယ့်လူတွေက တခြားကိစ္စနဲ့ သွားလာနေကြရင် လှည်း(၁၀) စီး မပြည့်မှာစိုးလို့ ပူရတာပါ''

''ခါတိုင်း ငှားနေကျ လှည်းသမား၊ ဝါးခုတ်သမားတွေဆိုတော့ ခုတ်ကွက်တွေကိုသိတယ်။ အဲဒီတော့ အဖေ မပင်ပန်းတော့ဘူးပေါ့။ နို့ မဟုတ်ရင် လူသစ်တွေကို ခုတ်ကွက်တွေကိုပြပြီး လိုက်ပို့ရတာ အချိန်ကုန် ပြီး ပင်ပန်းတာပေါ့''

''ကဲ ... သားလည်း နားနားနေနေ နေပေတော့။ အဖေလည်း လှည်းသမားတွေကို အမြန်ဆုံး စုဆောင်းပြီး ပြန်လာခဲ့မယ်။ ဒီညနေထွက် နိုင်အောင်တော့ ကြိုးစားရမယ်။ ဝါးတွေက အရမ်းလိုနေပြီ။ ဝါးမရှိရင် ဓနိ ထိုးသမားတွေ ငုတ်တုတ်ထိုင်နေရမှာ။ ဒီရာသီကလေးမှာ အရောင်းအဝယ် ကောင်းတုန်း အလုပ်လုပ်ရမယ် ... သားရေ''

''ဟုတ်ကဲ့ပါ ... အဖေ''

အဖေ စက်ဘီးတစ်စီးဖြင့်ထွက်သွားတော့ ကျွန်တော် သယ်န်းကျွန်း ရွာအိမ်ကြီးတွင် တစ်ဦးတည်း ကျန်ခဲ့ပါတော့သည်။ အချိန်အားရသည်

www.burmeseclassic.com



နှင့် ဆရာမလေး မမြစိမ်းအကြောင်းကို တွေးမိပြန်ပါသည်။ ကျွန်တော်တို့လို လူပျိုပေါက်အရွယ် စိတ်ကလှုပ်ရှား အရွယ်ရောက်ချိန်တွင် သဘာဝအလျောက် ပေါ်ပေါက်လေ့ရှိသော အချစ်ဝေဒနာမှာ ဖမ်းစားမြဲပဲ ဖြစ်ပါလိမ့်မည်။ ယခုလည်း ကျွန်တော့်တွင် ထိုဝေဒနာမှာ အလုပ်လုပ်နေချိန် စကားပြောနေချိန်များကလွဲ၍ တစ်ဦးတည်း ရှိနေသည်နှင့် ဦးနှောက်ထဲသို့ ဝင်လာပြီး နှိပ်စက်ကလူ ပြုပြန်ပါသည်။

ကျွန်တော်၏ စိတ်ကူးထဲတွင်တော့ ဆရာမလေးဖက်က လက်ခံအကြောင်းပြန်သည်နှင့် မိဘများကို အသိပေးပြီး စေ့စပ်ကြောင်းလမ်းခြင်း ပြုလုပ်မည်။ ထို့နောက် ချစ်သူတို့သဘာဝ ပျော်ရွှင်စွာ လက်တွဲ၍ တက္ကသိုလ်မှာ ဘွဲ့ရသည်အထိ နေကြမည်။ ထို့နောက် အလုပ်ကိုယ်စီရသည်နှင့် လက်ထပ်မည်။ ထိုသို့လက်ထပ်ပြီးနောက် မည်သည့်အိမ်တွင်နေမည်ဟု စဉ်းစားတော့လည်း မရေရာမသေချာ မဆုံးဖြတ်နိုင်ခဲ့ပါ။

ထို့နောက်မှ စဉ်းစားမိသည်မှာ ကျွန်တော်ကလည်း အလုပ်ဝင် သူမကလည်း အလုပ်ဝင်ခဲ့ပါလျှင် အလုပ်ဌာနခြင်းမတူသောကြောင့် နှစ်ဦးပေါင်း၍နေရန် အခက်အခဲဖြစ်နိုင်သည်။ တကယ်၍ တစ်မြို့တည်းတွင် တာဝန်ကျစေဦးတော့ တစ်အိမ်တည်း အတူနေရန်မှာ လွယ်ကူသောကိစ္စ မဟုတ်ပါ။ တာဝန်ကျရာ မြို့ရွာများတွင် ခွဲ၍နေရလျှင်တော့ ပိုမိုခက်ခဲလိမ့်မည်ဟု ရှေ့ရေးကို စဉ်းစားမိသောအခါတွင် ဘဝအမောများကို စဉ်းစားမိပြီး ချွေးပြန်ရပါတော့သည်။

ဤသည်တို့မှာ လက်တွေ့အကောင်အထည် မဖော်ရသေးဘဲ တွေးစားပြီး စိတ်ကူးရုံသာ ရှိပါသေးသည်။ ထို့ကြောင့် စိတ်ပင်ပန်းစေသော ထိုကိစ္စကို ကျွန်တော် မစဉ်းစားချင်တော့။ သယ်နီးကျွန်းအိမ်ကြီးတွင် သိမ်းဆည်းထားသော လေသေနတ်ကလေးကိုယူ၍ ထင်းတောဘက်သို့ လှည့်ပြီး ငှက်ပစ်ရန် အိမ်မှထွက်မည်အလုပ် အဖေ စက်ဘီးတစ်စီးနှင့် ပြန်ရောက်လာပါတော့သည်။

‘‘သားရေ . . . ငှက်ပစ်သွားမလို့လား၊ မသွားနဲ့တော့ကွယ့်။ အဖေတို့ကိစ္စ အဆင်ပြေတယ်။ အခုပဲ လှည်းသမားတွေ စုဝေးပြီး လာကြလိမ့်မယ်။ နေ့လယ်စာကိုလည်း တောစခန်းရောက်မှ ချက်ပြုတ်စားရလိမ့်မယ်။ အဲဒါကြောင့် ငါ့သားလည်း တောထဲသွားရအောင် ပြင်ပေတော့ကွယ်။ တောခေါင်းကြီးနဲ့ ဌာနအုပ်ကြီးတို့အဖွဲ့ကိုလည်း လူကြုံနဲ့ အကြောင်းကြားလိုက်ပြီးပြီ။ ဒီနေ့ လုပ်ရကိုင်ရတာ အလွန်အဆင်ပြေတယ်’’





‘‘ဟုတ်ကဲ့ပါ . . . အဖေ။ ကျွန်တော်လည်း ပျင်းတာနဲ့ ရွာထင်းတောဘက်သွားပြီး ငှက်ကလေးလာဘာလေး ပစ်မလားလို့။ အခုတော့ မသွားတော့ပါဘူး အဖေ။ ကျွန်တော်တို့သားအဖ တောထဲမှာသုံးဖို့ လိုအပ်တဲ့ ပစ္စည်းတွေကို စုလိုက်ဦးမယ်’’

ကျွန်တော် အိမ်ကြီးအပေါ်ထပ်တွင် တောထဲ၌ သုံးရန်အတွက် လိုအပ်သော အသုံးအဆောင်ပစ္စည်းများအား မမေ့မလျော့ရအောင် စုစည်း၍ အိတ်ကြီးတစ်လုံးအတွင်း၌ အဝတ်အစားများနှင့်အတူ ထည့်သွင်းနေကြစဉ် တောတက်လှည်းများ တစ်စီးပြီးတစ်စီး ရောက်လာကြသည်။

လှည်းသမားများမှာလည်း အဖေတို့နဲ့ တောတက်ရသည်ကို အလွန်ပျော်ရွှင်ကြဟန်ရှိပါသည်။ လှည်းငှားခအပြင် ကောင်းမွန်စွာစားရပြီး အိမ်အတွက်လည်း တောကောင်သားများအား အချိုးကျ ရရှိသောကြောင့်လည်း ဖြစ်ပါသည်။ အဖေတို့ကလည်း အဆင့်အတန်းမခွဲခြားဘဲ တစ်သားတည်း စားကြသောက်ကြ၊ ပျော်ရွှင်စွာ နေကြသည်ကို သူတို့ နှစ်သက်သဘောကျကြဟန်တူပါသည်။

မနက် (၁၀)နာရီခန့်တွင် လှည်း (၁၀)စီး စုံသောကြောင့် ကျွန်တော်တို့အဖွဲ့ ထမင်းချက် ဖိုးခေါင်းကြီးနဲ့ အဖွဲ့ကိုပါခေါ်ကာ ကန်တွင်းတောဘက်သို့ ဦးတည်၍ ထွက်ခဲ့ကြပါတော့သည်။ တောတွင်းသို့ရောက်ရောက်ချင်းပင် စခန်းချပြီး နေ့လယ်စာ စားသောက်ရေးအတွက် အလျင်အမြန် ပြင်ဆင်ချက်ပြုတ်ရပါတော့သည်။

ထိုအချိန်တွင် ဌာနအုပ်ကြီးနှင့် တောခေါင်းကြီးတို့ လက်နက်ကိုယ်စီဖြင့် ရောက်လာကြပြီး . . .

‘‘ကိုကြိုင်ရေ . . . အတော်ပဲဗျ။ ဒီနေ့ ကျွန်တော်တို့နှစ်ယောက် ပျင်းပျင်းရှိတာနဲ့ ချိန်းကြပြီး အမဲလည်ကြတာ။ ဂုံညင်းလျှိုဘက်မှာ တော

www.burmeseclassic.com



ဝက်နှစ်ကောင် လှဲထားခဲ့တယ်။ ဆတ်ကြီးတစ်ကောင်ကို ပစ်ရပေမယ့် ထိမှန် ချက်မကောင်းလို့ မလဲဘူး။ အဲဒါ အခု နေ့လယ်စာစားပြီးတာနဲ့ တောနင်းပြီး ရှာဖွေရဦးမယ်။ ခင်ဗျားတို့အဖွဲ့ ရောက်လာတာနဲ့ အတော်ပဲဗျာ။ လောလောဆယ်တော့ ခင်ဗျားအလုပ်သမားတွေနဲ့ တောဝက်နှစ်ကောင် ထမ်းခိုင်းချေဗျာ။ ကျွန်တော်တို့နှစ်ယောက်တော့ ခဏအပန်းဖြေလိုက်ပြီး နားလိုက်ဦးမယ်''

အဖေက ...

''အင်းဗျာ ... တောခေါင်းကြီးနဲ့ ဌာနအုပ်ကြီးတို့ ကြိုတင်ရောက်နေမှန်း ကျွန်တော် မသိလို့ စက်ဘီးတစ်စီးနဲ့ တပည့်တစ်ယောက်ကို ဆရာတို့ဆီ အကြောင်းကြားဖို့ လွှတ်လိုက်ပြီးပါပြီ။ အခုတော့ မထင်မှတ်ဘဲ အဖွဲ့တွေလာဆုံတော့ အလွန်ကောင်းတာပေါ့ဗျာ''

''ဟုတ်ပါ့ဗျာ ... ကျွန်တော်တို့က ဟိုတစ်ရက်နှစ်ရက်ကတည်းက ကိုကြိုင့်ဆီကို အကြောင်းကြားခိုင်းတာ ကိုကြိုင် မရှိဘူးဆိုလားပဲ။ အဲဒါကြောင့် ကျွန်တော်တို့နှစ်ဦးထဲ ဆုံကြရတာ''

''ဟုတ်ပါရဲ့ဗျာ ... မိုးဦးကျတော့မယ်ဆိုတော့ ခနီရာသီမို့ ကျွန်တော်လည်း အရောင်းအဝယ်လုပ်ငန်း မပြတ်ဖြစ်နေတယ်။ အခုလည်း ခုံထိုးဖို့ ဝါးခြမ်းတွေ အရေးပေါ်လိုတာနဲ့ တောတက်လာကြတာ''

''ကောင်းပါရဲ့ဗျာ ... ကျွန်တော်တို့အဖွဲ့ကတော့ ဒီလိုပဲ ဆုံကြတာပေါ့။ အဲနောက်ပိုင်းမှာတော့ ရန်ကုန်မြို့နဲ့နီးတဲ့ ဒီတောထဲမှာ အမဲလိုက်ခွင့် ရတော့မယ် မထင်ဘူး။ ကိုကြိုင်တို့လည်း ထင်းခုတ်၊ ဝါးခုတ်တာတောင် အခွန်ဆောင်ကြလိမ့်မယ်။ နောက်ပြီး ဒီတောထဲမှာ လုံခြုံရေးအတွက် စစ်ထင်ချထားမှာမို့ ပြင်ပအရပ်သားတွေကို ညအိပ်ညနေ အိပ်ခွင့်ပြုမှာ မဟုတ်တော့ဘူး။ ဒါတွေက ကျွန်တော် ကြိုသိထားလို့ ခင်ဗျားတို့ကို သတိပေးတာပါ။

နောက်ပိုင်းမှာဆိုရင် စစ်အုပ်ချုပ်ရေးအောက်မှာ လက်နက်ကိုင်ဆောင်ခွင့် လုံးဝရတော့မှာ မဟုတ်ဘူး။ ဒါကြောင့် ဒီနေ့အတိုးချပြီး အမဲလည်





ကြတာပေါ့ဗျာ။ ပြီးတော့လည်း အခွင့်အရေးရတုန်း တောကောင်သား ဝဝစားပြီး ဝဝသောက်ကြတာပေါ့ဗျာ။

သို့နှင့် ထိုနေ့လယ်က ကျွန်တော်တို့ရွာ လှည်းသမားအဖွဲ့ ပဲ၊ ငါးခြောက်၊ ငါးခြမ်းနှင့် ဟင်းသီးဟင်းရွက်ကိုသာ နေ့လယ်စာအဖြစ် စားသောက်ရမည်ဟု ထင်နေကြသော်လည်း ကြိုတင်ရောက်နေပြီး အမဲလည်ထားနှင့်သော ဌာနအုပ်ကြီးနှင့် တောခေါင်းကြီးတို့ကြောင့် တောဝက်သားဟင်းဖြင့် ထမင်းမြိန်မြိန် စားရပါတော့သည်။

အားလုံး ထမင်းစားပြီးတော့ လှည်းသမားများအား ခုတ်ကွက်များခွဲ၍ နေရာချထားပေးပြီး ကျွန်တော်တို့ မုဆိုးအဖွဲ့ ဌာနအုပ်ကြီးတို့ ပစ်ခတ်သဖြင့် ထိမှန်သွားသည်ဟုဆိုသော ဆတ်ကြီးနောက်သို့ ခြေရာခံ၍ လိုက်ခဲ့ကြပါတော့သည်။ ကျွန်တော်၏အတွေ့အကြုံမှာ ရေစမ်းနှင့် စားပင်၊ သီးပင်များအောက်၌သာ တောကောင်များအား စောင့်၍ ပစ်ခတ်ဖူးသော်လည်း ယခုကဲ့သို့ ဒဏ်ရာရသော တောကောင်နောက်သို့ သွေးစသွေးနနှင့် ခြေရာခံပြီး နောက်ကလိုက်ရခြင်းမျိုး မကြုံဖူးသေးပါ။

ထို့ကြောင့် မုဆိုးပညာရရန်အတွက် လိုက်ခဲ့ရပါသည်။ ဂုံညင်းလျှိုသို့ရောက်၍ သားကောင်အား ထိမှန်ရာနေရာတွင် အသေအချာလေ့လာကြပြီး စစ်ဆေးရာတွင် တောကောင်မှာ သေကွင်းသေကွက် ချက်ကောင်းကို မထိသော်လည်း ထိမှန်ချက်မှာ ခန္ဓာကိုယ်၏ အနောက်ပိုင်းဖြစ်ပြီး သွေးခဲများပင် ကျကျန်ရစ်ခဲ့သောကြောင့် ဒဏ်ရာကြီးမားကြောင်း သိရှိရပါသည်။ မည်သို့ပင်ဆိုသည် သွေးထွက်လွန်ပြီး သားကောင်မှာ တစ်နေရာရာတွင် လဲပြီး ငြိမ်သက်နေပြီဖြစ်ပါသည်။ တောကောင်များ၏ သဘာဝမှာ ဒဏ်ရာရပြီး သွေးထွက်လွန်ပါက တောကောင်၏ သဘာဝမှာ ရေအလွန်ငတ်တတ်ပြီး ရေစမ်းရေအိုင်ရှိရာသို့သာ ကမူးရှူးထိုး ပြေးတတ်ကြပါသည်။

ထို့ကြောင့် ထိုသဘာဝကို ကောင်းစွာသိသော တောခေါင်းကြီးက ဦးဆောင်ပြီး ကျွန်တော်တို့ လူမခွဲဘဲအုပ်စုလိုက် သေနတ်များကို အသင့်ပြင်ပြီး လိုက်ခဲ့ကြပါတော့သည်။ ဝါးရုံတောသို့ ရောက်သောအခါ ဆတ်ဖား

www.burmeseclassic.com



[illegible] ခေတ္တနားနေရာတွင် သွေးကွက်များအား တွေ့ရပြီး လူသံများကြား ရသောကြောင့် ဆက်လက်ပြေးသွားဟန်ပုံစံကို တွေ့ရပါသည်။ ထိုအခါတွင် အညွှန်း တောခေါင်းကြီးကပဲ ဦးဆောင်၍ ညောင်နှစ်ပင်လျှိုဘက်သို့ လိုက်ကြပြန်ပါသည်။

ညောင်နှစ်ပင်လျှိုအတွင်းရှိ စမ်းချောင်းအတွင်း၌လည်း ဆတ်ဖားကြီးရေသောက်ပြီး ဆက်လက်ပြေးလွှားသွားကြောင်း ခြေရာလက်ရာများ တွေ့ရပါသည်။ ထို့ကြောင့် ကျွန်တော်တို့အုပ်စု ဆက်၍ လိုက်ကြပြန်ပါသည်။ သာစုကန်ဘုရား အနောက်ဘက် ကျောက်တစ်လုံးလျှိုအနီးသို့ရောက်မှ ဆတ်ဖားကြီး ထ၍ပြေးသည်ကို တွေ့ရသောကြောင့် ကျွန်တော်တို့အုပ်စု လူစုခွဲ၍ ညှပ်ပူးညှပ်ပိတ် လိုက်ကြပါသည်။ ထိုအခါတွင်မှ ကျောက်တစ်လုံးတောင်ခြေ အနောက်ဘက် လျှိုထဲမှ စမ်းချောင်းတွင် ဆတ်ဖားကြီးကို တွေ့ရသောကြောင့် အဖေက စခန်းသိမ်း၍ ပစ်ခတ်ရပါတော့သည်။

"ဒိုင်း . . ."

ဆတ်ဖားကြီးမှာ သွေးထွက်လွန်နေပြီး နောက်ဆုံးထိမှန်သော ကျည်ဆန်က ရှေ့လက်ပတ်ကြားတွင် ထိမှန်သောကြောင့် တုံးခနဲ ပစ်လဲပြီး အသက်ပျောက်သွားပါတော့သည်။

ထိုမြင်ကွင်းကိုကြည့်ပြီး ဝမ်းသာရမည့်အစား ကျွန်တော် ဆတ်ဖားကြီးအား သနားနေမိသည်။ ရရှိသောဒဏ်ရာကြောင့် သူ၏အသက်မသေဆုံးစေရန်အတွက် ပြေးလွှားခဲ့ရသော ခရီးမှာ အတော်ဝေးကွာလှသည်။ ဒဏ်ရာကြီးဖြင့် ပြေးလွှားရသောကြောင့် အတော်ဒုက္ခရောက်ပေလိမ့်မည်။ ကျွန်တော်တို့ လူကောင်းမဆိုးများတောင် သားကောင်ပြေးလွှားရာ အနောက်ဘက်မှ တောလမ်းခရီးအတိုင်း တောတိုး၍ လိုက်ခဲ့ကြရာ အလွန်ပင်ပန်းလှပါသည်။

ထို့ကြောင့် ထိုအချိန်မှစ၍ လူကိုရန်မူတတ်သော တောကောင်များမှအပ အခြားတောကောင်များကို ပစ်ခတ်ခြင်း မပြုတော့ရန် ကျွန်တော် ဆုံးဖြတ်မိပါသည်။ ချေနှင့် ဆတ်တို့ တောကောင်ကြီးများ၊ သမင်၊ ဒရယ်များ ယုန်များမှာ လူကို အန္တရာယ်ပေးတတ်သော တောကောင်များ မဟုတ်ကြပါ။ ထို့အပြင် ငှက်မျိုးစုံမှာလည်း အန္တရာယ်ကောင်များ မဟုတ်ကြပါ။





ယနေ့ ပစ်ခတ်ရရှိသော ဆတ်ဖားကြီးမှာ ဦးချိုလဲကာစဖြစ်သောကြောင့် ခြောက်စတောင်ဆတ်ဖားကြီး မဟုတ်ပါ။ အလေးချိန် ပိဿာ (၈၀)ခန့်သာ အနည်းဆုံး ရှိမည်ဖြစ်ပါသည်။ အပြန်တွင် တောခေါင်းကြီးနှင့် ဌာနအုပ်ကြီးတို့က ဆတ်ဖားကြီးအား စောင့်ကျန်ရစ်ခဲ့မည်ဖြစ်ကြပြီး ကျွန်တော်နှင့် အဖေက စခန်းပြန်၍ လူခေါ်မည်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်နှင့်အဖေတို့ ပြန်လာကြရာ ညောင်နှစ်ပင်လျှိုအနီးရောက်တော့ တောဝက်အုပ်စုအသံကို ကြားကြရပါသည်။ တောဝက်များမှာ အခြားသားကောင်များလို မဟုတ်ပါ။ အခြားသော သားကောင်များက နေ့လယ်နေ့ခင်း နေပူရှိန် အရိပ်ကောင်းသောနေရာများ၌ အိပ်စက်အနားယူနေတတ်ကြသော်လည်း တောဝက်များက အုပ်စုလိုက် ရေစမ်းရေအိုင်သို့ ဆင်းကြပြီး ရေစိမ်၍လူးနေတတ်ကြပါသည်။

ထို့ကြောင့် ကျွန်တော်နှင့်အဖေ အကာအကွယ်ကောင်းသော ကညင်နှစ်ပင်လျှိုအနီးရှိ ပျဉ်းမပင်ကြီးပင်စည်တွင် ကပ်ပြီး အခြေအနေတို့ စောင့်ကြည့်ကြရာ တောဝက်အုပ်ကြီးမှာ ရေစမ်းအိုင်အတွင်းသို့ဆင်း၍ ပျော်မြူးစွာ ရေစိမ်နေကြပြီး တောဝက်အုပ်ခေါင်းဆောင် ဝက်သိုးကြီးက ရေကန်စစ်သဲပြင်ပေါ်တွင် ကင်းစောင့်ရင်း အောက်မေးတကာတ်ကာတ်ရိုက်၍ ရန်သူကို ရှာဖွေနေဟန် တူပါသည်။

ထို့ကြောင့် အဖေက တောဝက်သိုးကြီးကို ပစ်မည်ဖြစ်ပြီး ကျွန်တော့်အား တောဝက်မအုပ်အတွင်းမှ နှစ်သက်ရာ အကောင်များကို ပစ်ရန် ညွှန်ကြားပါသည်။

ထို့ကြောင့် အဖေက အချက်ပြသည်နှင့် ကျွန်တော်တို့ ပြိုင်တူ ကာဘိုင်သေနတ်အား မောင်းခလုတ်ဆွဲ၍ ပစ်ကြပါတော့သည်။

"ဒိုင်း . . . ဒိုင်း . . ."

"ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . ."

အဖေက တောဝက်သိုးကြီးအား ပေ (၁၀၀) ကျော်ခန့် ပစ်မှတ်အတွင်း၌ ဝက်သိုးကြီး သေကွင်းသေကွက်အား အကျအနချိန်ပြီး နှစ်ချက်ဆင့်၍ ပစ်ခတ်သလို ကျွန်တော်ကလည်း တောဝက်မ (၃) ကောင်အား

www.burmeseclassic.com



ကာဘိုင်သေနတ်ဖြင့် အသေအချာ ပစ်ခတ်နိုင်ခြင်းဖြစ်ပါသည်။ တောဝက်အုပ်ကြီး ကြောက်လန့်တကြား ပြေးလွှားသွားသောကြောင့် ကမ်းစပ်တွင် တောဝက်သိုးကြီး ကျန်ခဲ့ပြီး ရေအိုင်အတွင်း၌ တောဝက်မသုံးကောင် လဲပြိုပြီး ကျန်ခဲ့ပါတော့သည်။

ထိုအခါမှ အဖေက ...

"ဟ ... ငါ့သားက တော်လှချည်လားကွ။ တစ်ချိန်တည်း ပစ်ကွင်းတစ်ခုတည်းမှာ တောကောင်သုံးကောင်ကို လဲအောင်ပစ်နိုင်တာ တော်တန်ရုံမှုဆိုး မပစ်နိုင်ဘူး။ ပစ်နိုင်သည့်တိုင်အောင် ချက်ကောင်းကိုထိပြီး အပိုင်ကျကျန်ခဲ့တာမျိုး ဖြစ်ဖို့က အလွန်ခဲယဉ်းတယ်။ ငါ့သားကတော့ လုပ်နိုင်ပြီး ဒါမှ အာဂယောကျ်ားကွ။

"အစောပိုင်း တောခေါင်းကြီးက ပြောတယ်၊ အဖေတို့ ကန်တွင်းတောထဲ အမဲလိုက်ရတာ ဒီနေ့နောက်ဆုံးဖြစ်မယ်လို့လေ။ ဒါကြောင့် ဒီနေ့တော့ အားရပါးရ ပစ်ကြတာပေါ့။ ငါ့သားလည်း ဒီနေ့တော့ အတော်ပင်ပန်းသွားပြီ။ မနက်ဖြန်တစ်ရက်တော့ တောလိုက်ကြရဦးမယ်။ သန်ဘက်ခါတော့ ရွာပြန်ကြတာပေါ့။ နောက်ဆုံး အခွင့်အရေးအနေနဲ့ တောကောင်များများပစ်ပြီး အဖေတို့လုပ်ငန်းနဲ့ ဆက်သွယ်နေတဲ့ မိတ်ဆွေတွေကို ဝေကြတာပေါ့"

"ဟုတ်ကဲ့ပါ ... အဖေ"

ကျွန်တော်တို့ ကညင်နှစ်ပင်လျှိုကို ကျော်ပြီး ဂုညင်းလျှိုကို ဖြတ်၍ လျှိုကြီး၏ ကမ်းပါးစောင်းကို တက်၍ ယာယီစခန်းချရာတဲစခန်းသို့ ပြန်ကြပါသည်။ ထိုအချိန်တွင် ဖိုးခေါင်းနှင့် အဖွဲ့မှာ သေနတ်သံကြားပြီးကြသောကြောင့် တောကောင်သယ်ရန် ထမ်းပိုးနှင့် ကြိုးများအား အသင့်ပြင်ပြီး နီးစပ်ရာ ဝါးခုတ်သမားများအား တကြော်ကြော်ခေါ်ပြီး လူစုနေကြပါတော့သည်။

လူစုံသည်နှင့် အဖေက ...

"ငါ့သား ... စခန်းစောင့်ပြီး နားနေရစ်ခဲ့တော့ကွာ။ အဖေလည်း အလုပ်သမားတွေကို လမ်းပြပြီး တောကောင်တွေကို သွားထမ်းတော့မယ်။ ငါ့သား မင်းတစ်ယောက်တည်း နေရဲရဲ့လား"





"အဖေကလည်းဗျာ ... ကျွန်တော်က ယောကျ်ားတစ်ယောက်ပါ။ ပြီးတော့မုဆိုး၊ လက်ထဲမှာ သေနတ်အဆင်သင့်ရှိတယ်။ ဘာကြောက်စရာလိုလဲ။ အဖေတို့ဘဲ နောက်ဆံမတင်းဘဲ သွားကြပါ။ ကျွန်တော် နိုးနိုးကြားကြားနဲ့ စခန်းစောင့် နေရစ်ခဲ့ပါ့မယ်"

အဖေတို့အဖွဲ့ အုပ်စုဖွဲ့၍ ထွက်သွားကြပြီးနောက် ကျွန်တော်လည်း ဗိုက်ဆာသဖြင့် ဖိုးခေါင်းနှင့်အဖွဲ့ ချက်ပြုတ်လက်စတန်းလန်း တောဝက်သားကို ထမင်းတစ်ပန်းကန်နှင့်ခူး၍ အားရပါးရ စားလိုက်ပါသည်။ ပြီး အရှေ့ပါးထရံကို မှီပြီး အနားယူရင်း ကင်းစောင့်နေမိပါတော့သည်။

ထိုအချိန်က ကျွန်တော်တို့ စခန်းချရာ တဲစခန်းနေရာမှာ ငွေယားတောင်နှင့်မဝေးသလို ရန်ကုန်-ပြည် ကားလမ်းမကြီးနှင့်လည်း ကိုက် (၂၀၀) ခန့်သာ ဝေးကွာလိမ့်မည်ဟု ထင်ပါသည်။ သို့သော် ထိုအချိန်က ကားအသွားအလာ နည်းပါးသောကြောင့် ကားသံများအား တစ်ချက်တစ်ချက်သာ ကြားရပါသည်။ စိတ်ငြိမ်လှသော ပတ်ဝန်းကျင်တွင် ကျွန်တော် ဗိုက်ပြည့်ပြီး အနားယူနေမိရာမှ ဖျတ်ခနဲ အိပ်ပျော်သွားမိပါသည်။

"ဟဲ့ ... လူကလေး။ ထစမ်းပါဦးကွယ့်။ အဘိုးတို့က လူကလေးကို စိမ်းကားကြတာ မဟုတ်ပါဘူး။ အခြေအနေနဲ့ အချိန်အခါအရ လောဘသားတွေကို ရင်မဆိုင်ချင်လို့ အဘိုးတို့ ငွေယားတောင်သိုက်ကို ရှတ်တရက် ရွှေ့ပြောင်းသွားခဲ့ကြတာပါ။ အခု ရွှေ့သွားတဲ့ နေရာကလည်း လူကလေးနှင့် မစိမ်းပါဘူး။ လူကလေး လှုပ်ရှားသမျှ သွားလာသမျှကိုလည်း အဘိုးတို့က သိနေမြင်နေရပါတယ်"

"ဒါဆိုရင် အဘိုးတို့က ဘယ်နေရာကို သိုက်ပြောင်းသွားကြတာလဲ။ ကျွန်တော် အဘိုးနဲ့ အစ်မတော်တို့ကို တွေ့ချင်မြင်ချင်ရင် ဘယ်ကိုလိုက်ခဲ့ရမလဲ"

"ဟယ် ... ငါ့သားက အဘိုးတို့ကို အမှတ်ရသေးသားပဲ။ ဝေးဝေးပြောင်းတာ မဟုတ်ဘူး ... ငါ့မြေးရဲ့၊ မင်းအလွန်သဘောကျပြီး မကြာခဏလာပြီး အပန်းဖြေတတ်တဲ့ မြွေစင်ကန်သိုက်နဲ့ ပေါင်းလိုက်တာ။ ဟိုမှာက လူနေတဲ့ရွာနဲ့ မဝေးလှတာကြောင့် အစောင့်အကြပ်က အားနည်းတယ်။

www.burmeseclassic.com



ဒါကြောင့် မင်းဦးလေးမှုန်ကြီးနဲ့ မသူတော် သိုက်ဆရာ အချို့ပေါင်းပြီး ရွှေအိုးကြီးတွေကို ဖော်ကြတာ။

အဲဒါကြောင့် အဘိုးတို့ ဘုရားသိုက်နှစ်ခုပေါင်းပြီး အလွန်အစွမ်းထက်တဲ့ ယက္ခညီနောင်နဲ့ အဖွဲ့က လုံလုံခြုံခြုံစောင့်ကြပ်ပြီး ထိန်းသိမ်းကြလိမ့်မယ်။ နောက်ပိုင်းမှာလည်း ရွှေအိုးကြီးတွေကို လူမြင်သူမြင်ဆို လောဘတဏှာမှာစိုးလို့ အဘိုးတို့ နေရာပြောင်းရွှေ့ပြီး မြှုပ်နှံလိုက်ကြပြီ။ ငါ့မြေးတို့က ဖြေစင်ကန်ဘုရားစေတီလေးနဲ့ တန်ဆောင်းပါဆောက်ထားတော့ အဘိုးတို့အတွက် တရားထိုင်ဖို့ အဆင်ပြေတာပေါ့'

''အဲဒါဆိုရင် အဘိုး အလွန်အဆင်ပြေတာပေါ့။ ကျွန်တော် အကူအညီတစ်ခု တောင်းစရာရှိလို့ပါ''

''ငါ့မြေး ...မြေးတောင်းမယ့် အကူအညီကို အဘိုး သဘောပေါက်ပါတယ်။ အဲဒီကိစ္စကို အဘိုးတို့လည်း ညှိနှိုင်းပေးနေပါတယ်။ ငါ့မြေးကို အဘိုးတို့ မြေးအဘိုးက ကနဦးကတည်းက သံယောဇဉ်ရှိပြီးသားမို့ ငါ့မြေးဘက်ကလိုက်ပြီး ညှိနှိုင်းပေးတာပါ။ ဒါပေမယ့် သိုက်စည်းကမ်းအရ သူ့သဘောသူဆောင်ထားတာမို့ ဒီလို ကိစ္စမျိုးကို ညှိနှိုင်းပေးရတာ အလွန်ခက်ခဲတယ်ကွယ့် ... ငါ့မြေးရဲ့''

အဘိုးတို့ သိုက်စည်းကမ်းတွေက လူတွေရဲ့ စည်းကမ်းထက် ပိုကြီးပြီး ကတိကဝတ်ကို လေးစားကြရတယ်။ ဒါကြောင့် ငါ့မြေးတို့ကိစ္စမှာလည်း အဘိုးတို့က မေတ္တာရပ်ခံရုံကလွဲပြီး သူတို့ရဲ့ သိုက်နန်းဥပဒေကို ပြောင်းလဲပစ်လို့ မရနိုင်ဘူး။ ငါ့မြေးနဲ့က ပဋ္ဌာန်းဆက်တွေကြောင့် ဆုံကြရပေမယ့် နောက်ပိုင်း ဘဝတစ်လျှောက်လုံးတွက်တော့ အလားအလာ မကောင်းနိုင်ဘူးကွယ့်။ ငါ့မြေး သံယောဇဉ်ဖြတ်ပြီး ရပ်တန်းက ရပ်နိုင်ရင်တော့ အကောင်းဆုံးပါပဲ။ ဒါပေမဲ့ ငါ့မြေးစိတ်ဓာတ်ကိုလည်း အဘိုးတို့ကသိတော့ အတတ်နိုင်ဆုံးတော့ အဆင်ပြေအောင် ကူညီပါ့မယ်ကွယ့်''

''ဟုတ်ကဲ့ပါ ... အဘိုး။ အလွန်ပဲ ကျေးဇူးတင်လှပါတယ်။ အဘိုးကိုလည်း ကျွန်တော့်အဘိုးအရင်းအချာလို သဘောထားပြီး ကျွန်တော်





ကန်တော့ပါတယ်။ ကျွန်တော် မပြစိမ်းကိစ္စကို စွမ်းဆောင်နိုင်သမျှ ကူညီဆောင်ရွက်ပေးစေလိုပါတယ်''

ကျွန်တော် အိပ်မက်လိုလို၊ တကယ်လိုလို အနေအထားနဲ့ အဘိုးအား ဦးသုံးကြိမ်ချ၍ ကန်တော့ဖြစ်ပါသည်။ ထိုအချိန်တွင် ကျွန်တော်၏ အနီးသို့ အဖေရောက်ရှိလာပြီး ကျွန်တော့်ပခုံးမှ ကိုင်၍ ...

''ငါ့သား ဘယ်သူ့ကို ဦးချကန်တော့နေတာလဲ''

ဟု မေးမြန်းတော့မှ ကျွန်တော့်အိပ်မက်မှ လန့်နိုးပြီး ထထိုင်မိတော့သည်။ မိမိကိုယ်မိမိလည်း အဖေတို့ရှေ့တွင် အတော်ရှက်သွားမိသည်။ သို့သော် အရှက်ပြေ ရောယောင်၍ ...

''အဖေ ...ကျွန်တော် အစောကပစ်ခဲ့တဲ့ ဆတ်ဖားကြီး မသေခင် သေလုမြောပါး ဒဏ်ရာကြီးနဲ့ တောအနှံ့လျှောက်ပြေးပြီး ခံစားခဲ့ရတဲ့ ဝေဒနာကို သတိရတာကြောင့် နောင်ကို လူကို အန္တရာယ်မပေးတဲ့ တောသတ္တဝါလေးတွေကို မပစ်တော့ပါဘူးလို့ တိုင်တည်ပြီး တောစောင့်နတ်၊ တောင်စောင့်နတ်တွေကို အာရုံပြုပြီး ရှိခိုးနေတာပါ အဖေ''

''ဩော် ...ငါ့သားလေးရယ်၊ မုဆိုးလုပ်တဲ့ကောင်က အသည်းနုလှချည်လား။ သတ္တဝါဆိုတာ လူကချွတ်မှ ကျွတ်တာကွယ့်။ ဒါကလည်း မုဆိုးစကားပါ။ ဘုရားဟော မဟုတ်ပါဘူး''

''ဟား ...ဟား ...ဟား ...''

တောခေါင်းကြီးနှင့် ဌာနအုပ်ကြီးတို့က အားရပါးရ ရယ်မောကြပြီး ...

''အောင်မယ်လေး ...အငယ်ကောင်လေးရယ်၊ ဦးတို့က တောထဲတောင်ထဲမှာ သေနတ်နဲ့ အမဲလိုက်ကြတာ။ တောဘုရင်ကျားဆိုတဲ့ သတ္တဝါတွေကျတော့ အမြဲတမ်း တောကောင်ငယ်တွေကို သူ့ရဲ့ နေ့စဉ် အစားအဖြစ် စားကြရတယ်။ ဒါဟာ သဘာဝပဲ။ အခု ဦးလေးတို့က နေ့စဉ် အမဲလိုက်ပြီး တောကောင်တွေကို နိုင်ထက်စီးနင်း သတ်ဖြတ်စားသောက်ကြတာ မဟုတ်ပါဘူး။ ဒါကြောင့် လူကလေးလည်း စိတ်ထဲမှာ အစွဲမထားပါနဲ့။ သဘာဝလောကကြီးဟာ ဒီလိုပါပဲ ...ငါ့တူရေ''

www.burmeseclassic.com



ထိုအခါမှ ကျွန်တော့်မှာ ကျွန်တော် လိုးလွဲပြောသောစကားနဲ့ လူကြီးများ၏ ထင်မြင်ချက်မှာ အတော်ကလေး ကိုက်ညီဆီလျော်သောကြောင့် စိတ်ထဲက ရယ်မိပါသည်။ သို့သော် နှုတ်ကတော့ ဖွင့်ပြီး မရယ်ရဲပါ။ လူကြီးများ ဆုံးမဩဝါဒ ပေးသည်ကို မခန့်လေးစားပြုရာကျမည်ဖြစ်သောကြောင့် အသံမထွက်ဘဲ နှုတ်ခမ်းတွန့်ရုံသာ ပြုံးမိပါသည်။

ထိုနေ့ညနေ့လယ်း အဖေနှင့် သူ၏မိတ်ဆွေများ ဗိုခေါင်းကြီးနှင့် ဝါးခုတ်သမားများ ဆတ်သားဟင်းဖြင့် မြိန်ယှက်စွာ ညစာထမင်းစားကြသော်လည်း ကျွန်တော် ဆတ်သားဟင်းကို မစားတော့ဘဲ တောဝက်သားဟင်းဖြင့်သာ စားပါသည်။ အမှန်တော့လည်း အဖေနှင့် တောခေါင်းကြီးဌာနအုပ်ကြီးတို့ပြောသလို အမဲလိုက်မှုဆိုးဖြစ်နေမှ ရရာတောကောင်သားကို စားရမည်မှာ မုဆိုးသဘာဝပဲဖြစ်ပါသည်။

နောက်တစ်နေ့ မနက်ပိုင်း ဝါးခုတ်ကြပြန်သည်။ ကျွန်တော်တို့အဖွဲ့ကတော့ အမဲမလိုက်တော့ဘဲ စခန်း၌ပင် နေ့လယ်စာ စားသုံးကြပြီးနားသည်။ လိုအပ်သောဝါးများ ပြည့်စုံစွာ ရရှိသောကြောင့် နေ့လယ်စာစားပြီးသည်နှင့် စခန်းသိမ်းပြီး သဃန်းကျွန်းကြီးရွာသို့ ပြန်ခဲ့ကြပါသည်။ ဤတစ်ခေါက်တွင်လည်း အမဲလိုက်ခြင်း နောက်ဆုံးအခေါက်အနေဖြင့် ဝေပုံကျအသားများကို ခွဲဝေယူခဲ့ကြပြီး ပြန်ခဲ့ကြခြင်းဖြစ်ပါသည်။

ခေတ်ကြီးက ပြောင်းလဲနေပြီဖြစ်သောကြောင့် နောင်အခေါက်များတွင် အမဲလိုက်ရန် မဖြစ်နိုင်သောကြောင့် ကျွန်တော်တို့ ငွေယားတောင်လက်နက်တိုက်အား အသေအချာပိတ်ဆို့ပြီး လက်စဖျောက်ခဲ့ကြပါသည်။ နောင်အခါများတွင်တော့ ဌာနအုပ်ကြီးနှင့် တောခေါင်းကြီးတို့ သူတို့၏ ဌာနဆိုင်ရာ လက်နက်များဖြင့် ပစ်ခတ်ရရှိသော တောကောင်သားများ စောင့်မျှော်စားသုံးရန်သာ ရှိပါတော့သည်။

ကျွန်တော်တို့ အရပ်သားများအနေဖြင့်တော့ ကန့်တွင်းတော၌တောကောင်ပစ်ရန် အခွင့်အရေး ရရှိတော့မည်မဟုတ်ပါ။

✿ ✿ ✿

# အခန်း | ၃ |

❑

ကျွန်တော်တို့ တက္ကသိုလ်ကျောင်းများ ပြန်ဖွင့်မည်ဖြစ်ပါသည်။ ကျောင်းတက်ခါစ နှစ်စဖြစ်သောကြောင့် စာအုပ်စာတန်းနှင့် အသုံးအဆောင်များ ဝယ်ယူစုဆောင်းကြရသောကြောင့် ကျွန်တော်တို့ မအားလပ်ကြပါ။ အတန်းအသစ် ဆရာ၊ ဆရာမများအသစ်၊ ကျောင်းသားကျောင်းသူ အသစ်များဖြင့်လည်း ဆုံကြရပါသည်။

ကျွန်တော်တို့ ဒုတိယနှစ်က အပေါင်းအသင်းဟောင်းများ ပြန်လည်ဆုံတွေ့ကြသလို အခန်း (က)၊ (ခ) ခွဲထားသောကြောင့် ယမန်နှစ်က အတန်းသားများချည်း မဟုတ်တော့ပါ။ ကျောင်းစာသင်ခန်းများကတော့ အမရဆောင်တွင်သာ ဖြစ်ပါသည်။ မေဂျာမဟုတ်ဘဲ အခြားဘာသာရပ်များကို ဦးချစ်ဆိုင်အနီးရှိ ရာမညဆောင်တွင် သွားရောက်ပြီး သင်ယူရပါသည်။

ကျွန်တော်တို့နှင့် အမြဲတမ်း ဆုံတွေ့ကြသူများကတော့ ပထဝီဘာသာ အထူးပြုနှင့် စိတ်ပညာဘာသာ၊ ဒဿနိကဗေဒဘာသာ အဓိကယူသူများနှင့်သာ ဆုံလေ့ရှိပါသည်။ အားလပ်ချိန် နေ့လယ်စာ စားကြတော့

www.burmeseclassic.com



လည်း တောင်ငူဆောင်၊ ကန်တင်းနှင့် ရာမညဆောင်အနီးရှိ ဦးချစ်ဆိုင်တို့တွင်သာ ဖြစ်ပါသည်။

တစ်ခါတစ်ရံတော့ ECO ကန်တင်းဘက် သွား၍ စားကြရပါသည်။ ပညာရေးတက္ကသိုလ်ကတော့ ကျွန်တော်တို့နှင့် အလှမ်းဝေးသောကြောင့် မရောက်ဖြစ်ခဲ့ပါ။ ဆရာမလေး မမြစိမ်းကလည်း ကျောင်းကြီးဖွင့်စဖြစ်၍ ထင်ပါသည်။ ဆက်သွယ်မှု မလုပ်ခဲ့ပါ။ ထို့ကြောင့် ကျွန်တော်တို့ချင်း တက္ကသိုလ်ကျောင်းများ ပြန်ဖွင့်သော်လည်း မဆုံတွေ့ဖြစ်ပါ။

ကျွန်တော့်မှာ သမိုင်းအိမ်ကြီးတွင် နေပြီး အဆောင်နေသူမဟုတ်ပါ။ ကျွန်တော်တို့ မေဂျာဝင်များကတော့ စစ်ကိုင်းဆောင်တွင် နေထိုင်ကြပါသည်။ မမြစိမ်းတို့က မာလာအမျိုးသမီးဆောင်တွင် နေထိုင်ကြပြီး ကျွန်တော်တို့မေဂျာဘာသာဝင် ကျောင်းသူများကတော့ သီရိဆောင်တွင် နေထိုင်ကြပါသည်။

တစ်နေ့ နေ့လယ်တွင် ECO ကန်တင်းအနီးရှိ ယမ်းဘီလူးဆိုင်တွင် ကျွန်တော်နှင့် သူငယ်ချင်းနှစ်ယောက်တို့ ရှမ်းခေါက်ဆွဲ သွားစားကြစဉ် မမြစိမ်းတို့နှင့် ဆုံတွေ့ရပါသည်။ ယမ်းဘီလူးဆိုင်မှာ မာလာဆောင်အနောက်ဘက်တွင် ရှိပါသည်။ ကျွန်တော်တို့ချင်း တွေ့ကြသောအခါ သူမက ဖော်ရွေပြုံးရွှင်စွာ နှုတ်ဆက်ပြီး သူမ၏ သူငယ်ချင်းများဖြင့်လည်း မိတ်ဆက်ပေးပါသည်။ ကျွန်တော်ကလည်း ကျွန်တော်၏ သူငယ်ချင်းနှစ်ယောက်ဖြင့် မိတ်ဆက်ပေးလိုက်ပါသည်။ ထိုအခါ မမြစိမ်းက ...

''ကိုတင့်ထူးဝေ (အသုံးလုံး) လုပ်အားပေးတုန်းက ဓာတ်ပုံတွေကို ဒီက သူငယ်ချင်းတွေက အလွန် သဘောကျကြတယ်။ ဓာတ်ပုံဝါသနာပါသူတွေမို့ တစ်ရက်လောက် ရန်ကုန်တက္ကသိုလ်ဝင်းထဲမှာ အမှတ်တရဓာတ်ပုံရိုက်ချင်ကြတယ်။ အဲဒါကို ကိုတင့်ထူးဝေ ပိတ်ရက်တစ်ရက်လောက် ချိန်းကြပြီး အကူအညီပေးပါလား''

''ဟုတ်ကဲ့ ... ကျွန်တော် ကူညီပါ့မယ်။ (အသုံးလုံး) ခရီးသွားစဉ်တုန်းက အသုံးပြုခဲ့သော် ကင်မရာကြီးက ဖလင်တစ်လိပ်ကို (၁၂) ပုံသာ ဆွဲတာမို့ ပုံအရေအတွက်များများ မရိုက်နိုင်ဘူး။ ဒီတစ်ခါတော့ Kowa Flish





ကင်မရာလေးကို ယူခဲ့မယ်။ အဲဒီကင်မရာက ၃၆ ပုံဆွဲပြီး ရိုက်ရတာမြန်ပြီး လွယ်တယ်။ စိတ်တိုင်းကျ ရိုက်နိုင်အောင် ကျွန်တော် ဖလင်နှစ်လိပ်ပါ ယူခဲ့မယ်။ တစ်လိပ်ကို ၃၆ ပုံဆွဲတော့ ဖလင်နှစ်လိပ်ဆိုရင် ၇၂ ပုံရမယ်။ တစ်ဝကြီး ရိုက်လို့ရပါတယ်''

''ဟုတ်ကဲ့ပါရှင့် ... ကုန်ကျစရိတ်ကို ကျွန်မတို့ ပေးပါ့မယ်''

ဟု မမြစိမ်း၏ အပေါင်းအသင်းများက ပြောကြသောအခါ ...

''ကိစ္စမရှိပါဘူး ... ကျွန်တော်ပဲ တာဝန်ယူပြီး ရိုက်ပေးပါ့မယ်။ ကျွန်တော်က အပျော်တမ်း ဓာတ်ပုံဆရာဆိုပေမယ့် ကျွန်တော့်ရဲ့ ဆရာသမားတွေက 'အောင်' ရုပ်ရှင်က ဆရာဦးကြည်နဲ့ ဦးအောင်သန်းတို့ပါ။ သူတို့ပေးတဲ့ပညာနဲ့ ကျွန်တော် ဓာတ်ပုံတွေကို အဆင့်အတန်းမှီမှီ ရိုက်နိုင်ပါတယ်''

''သြော် ... ဒါကြောင့်မို့ ကိုတင့်ထူးဝေရဲ့ ဓာတ်ပုံတွေက တကယ့် Professional Photographyer တွေလိုပဲ လက်ရာအလွန်ကောင်းတာကိုး။ နောက်ခံ Back ground ရော၊ ရှေ့က အရိုက်ခံရသူတွေပါ Focus ဖြစ်တယ်။ ဓာတ်ပုံလည်း အလွန်ကြည်တယ်''

''အဲဒါတွေကတော့ဗျာ ကင်မရာမင်းနဲ့တော်လို့ မဟုတ်ပါဘူး။ Rolly Card ကင်မရာက နာမည်ကြီး ဂျာမနီ Box Camera ဖြစ်ပြီး အမျိုးအစားကောင်းလို့ပါ''

''သြော် ... ကိုတင့်ထူးဝေကတော့ ပညာရှင်ဖြစ်ပြီး နှိမ့်ချလှချည်လား။ ကျွန်မတို့က ဓာတ်ပုံခရေဇီတွေပါ။ ဒီနှစ် (အသုံးလုံး) ခရီးစဉ် ထွက်ရင်တော့ မြစိမ်းနှင့် ကပ်လိုက်ပြီး ကိုတင့်ထူးဝေကို အမှတ်တရ ဓာတ်ပုံတွေ အရိုက်ခိုင်းရမယ်။ အဲဒီကိစ္စကို မြမြစိမ်းက သဘောတူပါ့မလားတော့ မသိသေးဘူး''

''ဟဲ့ကောင်မတွေ ... ကိုတင့်ထူးဝေက ငါနဲ့ဘာဆိုင်လို့လဲ။ ညည်းတို့ပြောစကားတွေက အနှောင့်အသွား မလွတ်ဘူး''

''မြမြစိမ်း ... ကိုတင့်ထူးဝေနဲ့ တစ်ကယ်ဘာမှမဆိုင်တာ သေချာရဲ့လား။ တော်ကြာ ပိုင်ရှင်မရှိလို့ ကျူးကျော်တဲ့သူဝင်မှ တရားမစွဲနဲ့နော်။

www.burmeseclassic.com



ကိုယ့်ခြံကိုယ်လုံအောင်ထိန်း။ နောက်ဆုံး သတိပေးရရင်တော့ ပိုင်ရှင်ရှိတယ် ဆိုတဲ့ ဆိုင်းဘုတ်ကို ချိတ်ဆွဲထားတာ အကောင်းဆုံးပဲ''

''ဟယ် ...ကောင်မတွေ ပြောမရဆိုမရပါလား။ တက္ကသိုလ်ကျောင်းသူတွေဖြစ်ပြီး မရှက်ကြဘူးလား''

''ဟဲ့ ...မြမြစိမ်း။ ဒီကိစ္စမျိုးက ရှက်စရာမဟုတ်ဘူး။ ဒါဟာ သဘာဝပဲ။ အထက်တန်းကျောင်းက လုံချည်အစိမ်းဝတ်ပြီး နေခဲ့ရတဲ့ ကျောင်းသူလေးတွေရဲ့ဘဝလည်း မဟုတ်တော့ဘူး။ အခု ငါတို့ဘဝက တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားတွေ ဖြစ်ကုန်ပြီ။ ကျောင်းသားဘဝဆိုတာ ဘဝမှာ အလွတ်လပ်ဆုံး၊ အပျော်ရွှင်ဆုံး နေကြရမယ့်ဘဝပဲ။ ဒီအချိန် ဒီဘဝကို တန်ဖိုးထားပြီး ပျော်ပျော်ရွှင်ရွှင် နေကြရမယ်။ ကျောင်းကြီးပြီးလို့ ဘွဲ့ရတာနဲ့ အလုပ်ကိုယ်စီဝင်၊ အိမ်ထောင့်တာဝန်ထမ်း၊ တာဝန်တွေ ကိုယ်စီနဲ့ ဘယ်လွတ်လပ်တော့မလဲ။ ငါတို့ကတော့ တစ်သက်လုံး တက္ကသိုလ်ကျောင်းသူဘဝနဲ့ပဲ အမြဲတမ်းနေချင်တာ''

ထိုအခါမှ မမြစိမ်းမှာ နှုတ်ဆိတ်သွားတော့သည်။ ယမ်းဘီလူးဆိုင်မှ ရှမ်းအစားအစာများကိုသာ ငုံ့ပြီးစားနေတော့သည်။ မမြစိမ်းမှာ နှုတ်နည်းပြီး အေးချမ်းစွာနေသလောက် သူမ၏ သူငယ်ချင်းများမှာ ဆရာမလောင်းများ ဖြစ်ကြသော်လည်း လက်ပံပင် ဇရပ်ကျသလို စကားအလွန်ပြောနိုင်ကြပါသည်။

ထိုနေ့က စကားပြောကောင်းကြ၍ ကျွန်တော် ကျူတိုရီရယ်ခေါ် ဆရာမများနှင့် အမေးအဖြေလုပ်ရသော အတန်းများကိုလွတ်ပြီး ကျောင်းပြေးကြရပါတော့သည်။ မမြစိမ်းတို့ အဖွဲ့ကလည်း မနက်ပိုင်းသာ အတန်းတက်ပြီး ညနေပိုင်းအချိန်များကို လွတ်၍ မာလာဆောင်သို့ ပြန်လာကြခြင်း ကျွန်တော်တို့နှင့် တွေ့ဆုံကြခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်က မမြစိမ်းနှင့် စေ့စပ်ကြောင်းလမ်းခြင်း ကိစ္စကို မေးမြန်းလိုသော်လည်း အခွင့်မသာခဲ့ပါ။ စားသောက်ပြီး လမ်းခွဲခါနီးမှ မမြစိမ်းက ကျွန်တော့်အနားကပ်၍ ပြောသွားသည်မှာ လာမည့်ကျောင်း





ပိတ်ရက် စနေနေ့ ညနေတွင် မာလာဆောင်သို့ ဓာတ်ပုံရိုက်ရန် ကိစ္စအတွက် ညှော်ချိန်တွင်လာရောက်ရန် ချိန်းဆိုသွားပါသည်။

ထိုအပတ်က ကျောင်းတက်ရသည်မှာ တစ်လခန့်ကြာသည်ဟု စိတ်ထဲတွင် ထင်ယောင်နေမိပါသည်။ ထိုအချိန်ကာလက စနေ၊ တနင်္ဂနွေနေ့များတွင် တစ်ပတ်နှစ်ရက် ကျောင်းကြီးမပိတ်ပါ။ စနေနေ့တွင် နေ့တစ်ဝက် ကျောင်းတက်ရပါသေးသည်။ နိုင်ငံ့ဝန်ထမ်း၊ အစိုးရအမှုထမ်းများလည်း စနေနေ့ဝက် ရုံးတက်ကြရပြီး တနင်္ဂနွေ တစ်နေ့တည်းသာ ရုံးပိတ်ပါသည်။ ကျွန်တော်တို့ ကျောင်းသူ၊ ကျောင်းသားများကတော့ အရေးကြီးသောဘာသာ တွဲမပါလျှင် ထိုစနေနေ့ကို နေ့ဝက်ပင် မတက်ကြတော့ဘဲ ကျောင်းပြေးကြပါသည်။

ထို့ကြောင့် ချိန်းဆိုထားသော စနေနေ့သို့ရောက်တော့ ကျွန်တော် ကင်မရာနှင့် လိုအပ်သက်ဆိုင်သည့် ဓာတ်ခဲများ၊ ဖလင်လိပ်များကို ကင်မရာနှင့်တွဲ၍ ကျောပိုးအိတ်အတွင်း၌ ထည့်ပြီး မနက် ၉ နာရီခန့်၌ပင် မာလာဆောင်ဘက်သို့ ထွက်ခဲ့ပါတော့သည်။ ထိုအချိန်အခါက Taxi ခေါ် အငှားကားများရှားပါးပြီး စီးသူလည်း အလွန်နည်းပါသည်။ ကျွန်တော်တို့ ရန်ကုန်–အင်းစိန်လမ်းပေါ်တွင် ဟီးနိုးခေါ် ဂျပန်လူစီးကားသစ်ကြီးများ လိုင်းဆွဲနေပြီဖြစ်သောကြောင့် စီး၍ အလွန်အဆင်ပြေပါသည်။

ကျွန်တော်တို့နေသော သမိုင်းမှ လှည်းတန်း၊ တက္ကသိုလ်ဝင်းများအနီးအထိ ဆယ်ပြားသာပေးရပါသည်။ ကျွန်တော် ကားသစ်ကြီးကို စီးပြီး စံရိပ်ငြိမ်တွင်ဆင်းသည်။ ထိုမှ ဖြတ်လမ်းဖြင့် ပြည်လမ်းဘက်သို့ထွက်တော့ တစ်ဖက်ကမ်း သီရိဆောင်အနီး ရန်ကုန်တက္ကသိုလ်နယ်မြေအနီးသို့ ရောက်ရှိသွားသည်။

ပြည်လမ်းကိုဖြတ်ကျော်ပြီး ပလက်ဖောင်းအတိုင်း အင်းယားကန်ဘက်သို့လျှောက်တော့ ပြည်လမ်းအနီးရှိ မာလာဆောင်သို့ ရောက်ရှိပါတော့သည်။ ပိတ်ရက်ဖြစ်သောကြောင့် ညှော်ချိန်အဖြစ် မနက်ကော၊ ညနေပါ ညှော်သည်များ ဝင်ထွက်တွေ့ဆုံနိုင်ပါသည်။ ကျွန်တော် မာလာဆောင်ညှော်ခန်း

www.burmeseclassic.com



တွင်ဝင်ထိုင်ပြီး နာမည်ပြော၍ တွေ့လိုသူများအား စာရင်းပေးရသည်။ (၁၀) မိနစ်ခန့်ကြာတော့ မမြစိမ်းနှင့်အဖွဲ့ အသင့်ပြင်ဆင်ပြီးဟန်ဖြင့် ဆင်းလာကြပါသည်။ ကျွန်တော့်ကိုတွေ့လျှင် မမြစိမ်းအပေါင်းအသင်းများ ဖြစ်ကြသော မစန္ဒီနှင့် မကလျာတို့က နှုတ်ဆက်ကြပါသည်။

''နှစ်ဦးနှစ်ဖက် အချိန်ကို ချိန်းဆိုမထားပေမယ့် သိလိုက်ကြတာနော်။ ကိုတင့်ထူးဝေ ... ဘယ်အချိန်လာမယ်မှန်း မသိပေမယ့် ကျွန်မတို့က မနက် (၉)နာရီကတည်းက ပြင်ဆင်ပြီး စောင့်နေကြတာရှင့်''

''ဟုတ်ပါတယ်ခင်ဗျာ ... ဓာတ်ပုံရိုက်တယ်ဆိုတာ နေရောင်ခြည်နုတုန်း ရိုက်ပါမှ အလင်းအမှောင်သဘာဝ အပေးအယူမျှပါတယ်။ နေခေါင်းပေါ်ရောက်ရင် အလင်းအမှောင် ချိန်ရတာ အဆင်မပြေလို့ပါ။ ဓာတ်ပုံရိုက်ရင် မနက်ပိုင်း နေရောင်တက်ခါစနဲ့ ညနေပိုင်း နေကျချိန်က အကောင်းဆုံးပါပဲ။ အရိပ်ထဲနဲ့ သစ်ပင်အောက်မှာ ရိုက်မယ်ဆိုရင်လည်း အလင်းအမှောင် အဆင်ပြေရအောင် ကျွန်တော် ဖလက်ဂန်းပါ ယူလာခဲ့ပါတယ်။

''တော်လိုက်တာရှင် Professional camera man ကြီး ကျနေတာပဲ။ အခု ကျွန်မတို့ ဘယ်မှာ အရင်ရိုက်နိုင်ကြမလဲ။ ကိုတင့်ထူးဝေ မနက်စာရော စားပြီးပြီလား''

''စားပြီးပါပြီဗျာ ... ဒီက ဆရာမတို့ရော စားပြီးကြပြီလား''

''အဆောင်က ကျွေးတဲ့ ကော်ဖီကျဲကျဲနဲ့ ပေါင်မုန့်မီးကင်လောက်တော့ အဆာပြေ စားပြီးကြပါပြီရှင့်''

''အဲ ... အဲဒါလောက်ဆိုရင်လည်း မနက်အဆာပြေ ခံနိုင်လောက်ပါတယ်။ ဘွဲ့နှင်းသဘင်နဲ့ သစ်ပုတ်ပင်တွေဘက်မှာ နေရောင်ကလေးရှိတုန်း ဓာတ်ပုံရိုက်ပြီးမှ ECO ကန်တင်း ယမ်းဘီလူးဆိုင်မှာ စားကြသောက်ကြတာပေါ့။ ပြီးမှ ဘွဲ့နှင်းသဘင် အနောက်ဘက် အင်းယားကန်စောင်းနဲ့ Boat Club ဘက်မှာ ဓာတ်ပုံရိုက်ကြမယ်''

''ဟုတ်ကဲ့ ... အဲဒါ ကောင်းပါတယ်။ ညနေစောင်းတော့ရော ရှင့်ကျွန်မတို့က ရွှေတိဂုံဘုရားဘက်သွားပြီး ဘုရားဖူးရင်း ဓာတ်ပုံလည်း အမှတ်တရ ရိုက်ချင်သေးတာ''





''ဟုတ်ကဲ့ ... အဲဒါလည်း ကောင်းပါတယ်။ ကျွန်တော် အချိန်ရပါတယ်''

ထိုအခါမှ နှုတ်ဆိတ်နေသော မြမြစိမ်းက ...

''စန္ဒီတို့ လုပ်ချင်တာက တစ်ပုံကြီးပဲ။ ဒီက ကိုတင့်ထူးဝေကိုလည်း သူ့ခမျာ အားရဲ့လားလို့ မမေးမစမ်းဘဲနဲ့ ကိုယ်လုပ်ချင်တာတွေကိုပဲ မဟားတယား ပြောနေကြတယ်''

''ရပါတယ်ဗျာ ... တစ်ခါတလေပဲ။ ကျွန်တော်ကလည်း ဓာတ်ပုံ အရိုက်ခံရတာကို ဝါသနာမပါပေမယ့် ဓာတ်ပုံရိုက်ရတာကိုတော့ ဝါသနာအလွန်ပါပါတယ်။ စိတ်ချမ်းသာသလို လုပ်ကြပါ။ ကျွန်တော်က အပြင်အိမ်မှာ နေသူဖြစ်လို့ နောက်ကျရင်လည်း ပြဿနာမရှိပါဘူး။ မစန္ဒီတို့သာ ညနေ (၆)နာရီ အဆောင်တံခါးပိတ်မှာမို့ မှီမမှီကိုသာ ချင့်ချိန်ပြီး လုပ်ကြပါဗျာ''

''ရပါတယ်ရှင့် ... ကျွန်မတို့က ညနေ ဓာတ်ပုံရိုက်ပြီး တစ်နေရာမှာ တစ်ခုခုစားပြီးတာနဲ့ ကိစ္စပြီးပါပြီ။ အဆောင်ပိတ်ချိန် မှီမမီတွက်ဆပြီး ညနေစာစားရင်လည်း မာလာဆောင်နားက စားသောက်ဆိုင်ကြီးတစ်ဆိုင်ဆိုင်မှာ စားကြတာပေါ့။ အသွားအလာမှာ တက္ကစီကိုပဲ ငှားသုံးမှာဖြစ်တာကြောင့် လိုင်းကားစီးသလို အချိန်မကြာလောက်ပါဘူး။ ကဲ ... ပြောနေကြာပါတယ်။ အချိန်ကလေးရတုန်း ဓာတ်ပုံရိုက်သွားကြပါစို့''

ထို့ကြောင့် ကျွန်တော်တို့ မာလာဆောင်ကထွက်ပြီး ဘွဲ့နှင်းသဘင်ခန်းမရှေ့တွင် အုပ်စုလိုက်ပုံနှင့် တစ်ယောက်တည်းပုံများ ရိုက်ပေးရပါသည်။ အချိန်က မနက် (၉)နာရီခွဲခန့်သာရှိသေးသောကြောင့် နေရောင်မှာ မပြင်းထန်လှသေးပါ။ ထို့နောက် သစ်ပုတ်ပင်ကြီးဘက်တွင်လည်းကောင်း၊ ဝိဇ္ဇာခန်းမနှင့် ကျောင်းသူကျောင်းသားများ အနားယူအပန်းဖြေသော RC ဘက်၌လည်းကောင်း၊ ဂျပ်ဆင်၊ ခရစ်ယာန်ဘုရားကျောင်းရှေ့တွင်လည်းကောင်း၊ ဓာတ်ပုံရိုက်ပေးပါသည်။ ပြီးနောက် ECO ကန်တင်း ယမ်းဘီလူးဆိုင်တွင် နေ့လယ်စာအဖြစ် စားသုံးကြပြီး ဘွဲ့နှင်းသဘင်၏ အနောက်ပေါက်မှထွက်၍ အင်းယားကန်စောင်းသို့ လာခဲ့ကြပါတော့သည်။

www.burmeseclassic.com



ထို့နောက် ကျွန်တော်တို့အဖွဲ့ အင်းယားကန်ဘောင်ရိုးပေါ်နှင့် Boat Clup ဘက်တွင် နေပူချိန် သစ်ပင်များအောက်၌ ဓာတ်ပုံရိုက်ကြပါသည်။ အရိပ်ထဲ၌ ဓာတ်ပုံမမည်းစေရန်အတွက် ဖလက်ရှ်ဂန်းကို အသုံးပြုရပါသည်။ နေစောင်းတော့မှ မွန်းလွဲပိုင်းတွင် တက္ကစီတစ်စီးငှားပြီး ရွှေတိဂုံဘုရားဘက်သို့ ထွက်ခဲ့ကြပါတော့သည်။

ရွှေတိဂုံဘုရားပေါ်၌လည်း တန်ခိုးကြီးနေရာများနှင့် အထိမ်းအမှတ်နေရာများတွင် အမှတ်တရ ဓာတ်ပုံရိုက်ကြခြင်းဖြစ်ပါသည်။ သူတို့မှာ Photo Crazy သမားများဖြစ်ကြသောကြောင့် ကျွန်တော့်မှာ လက်မလည်အောင် ရိုက်ပေးရပါသည်။ ဖလင်နှစ်လိပ်ကုန်မှ သတိပေးရပြီး ပြန်ကြရပါသည်။ အချိန်မှာ ညနေစောင်း သုံးနာရီခန့်ရှိပါသည်။

အချိန်ရှိသေးသောကြောင့် ရန်ကုန်မြို့လယ် တရုတ်တန်းတွင် တရုတ်အစားအစာများ သွားစားကြပြီး အပြန်တွင်မှ တက္ကစီငှားပြီး မာလာဆောင်သို့ ဝင်ပို့ပေးရပါသည်။ ပြီးနောက်မှ ကျွန်တော်တို့ တက္ကစီကားကလေးဖြင့်ပင် သမိုင်းအိမ်ကြီးသို့ ပြန်ခဲ့ရပါတော့သည်။ ဓာတ်ပုံများကူးရန် ကိစ္စက ရှိသေးသောကြောင့် မနက်ဖြန် တနင်္ဂနွေနေ့တွင် ကျွန်တော် ရန်ကုန်မြို့တွင်းသို့ လာရဦးမည်ဖြစ်ပါသည်။

အဖေကတော့ ကျောင်းဖွင့်စ အလုပ်မအားဘူးထင်ကာ ကျွန်တော့်အား ရွာများဘက်သို့ ခေါ်ခြင်းမပြုပါ။ နောက်အပတ်တွင်လည်း ကျောင်းပိတ်ရက်တွင် ဓာတ်ပုံများရွေး၍ပေးပြီး မမြစိမ်းတို့အုပ်စုနှင့် ဆုံရဦးမည်ဖြစ်သောကြောင့် အဖေနှင့် ရွာများအားဆင်းရန် ဖြစ်နိုင်ဦးမည် မထင်ပါ။

နောက်တစ်ပတ် စနေနေ့ ညနေစောင်းတွင် ကျွန်တော် မာလာဆောင်သို့သွား၍ မမြစိမ်းတို့အား ဓါတ်ပုံများပေး၍ မစန္ဒီတို့အဖွဲ့ ချောင်းမြစ်ဝကျွန်းပေါ်ဘက်သို့ ပြန်သွားကြကြောင်း သိရသဖြင့် မတွေ့ဆုံခဲ့ရပါ။ ထို့ကြောင့်လည်း မမြစိမ်းနှင့် လွတ်လပ်စွာ စကားပြောဆိုနိုင်ခဲ့ပါသည်။

"ကဲ ... ဘယ်လိုလဲ ... မမ၊ အချိန်တွေ အတော်လွန်သွားပြီ။ စေ့စပ်ကြောင်းလမ်းမဲ့ကိစ္စကို ဘယ်နေ့လို့ သတ်မှတ်ပြီးပြီပဲ။ ကျွန်တော်





က မိဘတွေနဲ့ အဘိုးအဘွားတွေကို ကြိုတင်ပြီး ခွင့်တောင်းရဦးမှာ။ မမရဲ့ မိဘတွေကိုလည်း အသိပေးပြီးပြီလား"

"ဟုတ်ပါတယ် ... မောင်လေး။ သိုက်နန်းက ခွင့်ပြုချက်ရတာနဲ့ မမ ဒီဘဝက မိဘတွေကို အသိပေးပြီးပါပြီ။ အဘိုးဦးရွှေမှန်းရဲ့ သမီး ဒေါ်မြခင်ရဲ့ သားဖြစ်တာကြောင့် အမေတို့နဲ့က ငယ်ပေါင်းသူငယ်ချင်းတွေလို့ ပြောကြပါတယ်။ ဒါကြောင့်လည်း မောင်လေးနဲ့ မမတို့ကိစ္စကို မကန့်ကွက်ဘဲ သဘောတူကြပါတယ်။ ဒါပေမဲ့ စေ့စပ်ကြောင်းလမ်းတာ အကြောင်းမဟုတ်ပေမယ့် လက်ထပ်ပွဲလုပ်ရင်တော့ ပြဿနာဖြစ်မလားလို့ မိဘတွေက စိုးရိမ်နေကြပါတယ်"

"လက်ထပ်ပွဲကျင်းပတာကို ခဏထားပါဦး ... မမရယ်။ စေ့စပ်ကြောင်းလမ်းတာကို ဘယ်နေ့လို့ သတ်မှတ်ပြီးပြီလဲ"

"နောက်တစ်ပတ် တနင်္ဂနွေနေ့က ရက်ရာဇာလည်း ကျတယ်။ မမတို့လည်း ကျောင်းပိတ်တော့ အဲဒီနေ့ကို သတ်မှတ်ထားပါတယ်။ မောင်လေးတို့ဘက်က ဘာမျှယူလာစရာ မလိုပါဘူး။ လူကြီးတွေနဲ့ မိတ်ဆွေသင်္ဂဟအချို့လောက်သာ ခေါ်ခဲ့ပါ။ မမတို့ဘက်ကလည်း အကျွေးအမွေး စီစဉ်ထားပါ့မယ်"

"ဟာ ... မမကလည်း ကျွန်တော်တို့ ယောကျ်ားလေးရှင်ဘက်က ဘာတင်တောင်းရမလဲ။ ညာတင်တောင်းရမလဲ ဆိုတာလောက်တော့ ရှိဦးမှာပေါ့"

"မလိုဘူး ... မောင်လေး။ မောင်လေးတို့ဘက်က ချမ်းသာသလို မမတို့ဘက်ကလည်း မဆင်းရဲပါဘူး။ အခုညစ္စာက သားရေး၊ သမီးရေးကိစ္စ ဆင်စီးလို့ မြင်းရံကြတာ။ မြန့်ရွှေ ဂဟေဆက်သလို လိုက်ဖက်ညီတဲ့ ဇနီးမောင်နှံအဖြစ် နှစ်ဖက်မိဘတွေက ပံ့ပိုးကြရမှာ။ လောကထုံးစံအရ တာဝန်ပဲ။ မမတို့ဘက်ကလည်း မိဘတွေ အသက်အရွယ်ကြီးလာတာနဲ့အမျှ ပြန်ပြီး လုပ်ကျွေးပြုစုရမှာ သားသမီးတိုင်းမှာ ရှိတဲ့တာဝန်ဝတ္တရားပဲ မဟုတ်လား ... မောင်လေးရဲ့"

www.burmeseclassic.com



"ဟုတ်ပါတယ် ... မမ။ ဒါပေမဲ့ ရပ်ရွာထုံးတမ်း အစဉ်အလာနဲ့ အညီ ကျွန်တော်တို့ ယောကျ်ားလေးရှင်ကလည်း တင်တောင်းရရိုး ထုံးစံရှိပါတယ်။ ဒါက မင်္ဂလာမဆောင်မီ စေ့စပ်ကြောင်းလမ်းခြင်း အမှုပြုတဲ့အချိန်မှာ လုပ်ရတဲ့ အရပ်ဓလေ့ထုံးစံပါ"

"အဲဒါတွေ မလိုပါဘူးလို့ မမပြောပြီးပြီပဲ။ မမဘက်က မိဘတွေကလည်း မမပြောထားလို့ ဘာမှ တောင်းဆိုမှု မပြုကြပါဘူး။ မောင်လေးတို့ အဘိုးအဘွားကအစ မိဘတွေအထိ ရပ်ဆွေရပ်မျိုး ခင်မင်ရင်းနှီးသူတွေဖြစ်ကြလို့ အဲဒီ တင်တောင်းတယ်ဆိုတဲ့ ဂုဏ်ပကာသနအမှုတွေ မပါပါဘူး ... မောင်လေးရယ်"

"ဟုတ်ကဲ့ပါ ... မမ။ ဒါဆိုရင်လည်း ကျွန်တော့်မိဘတွေကို ပြောပါ့မယ်။ ဒါပေမဲ့ အဲဒီ စေ့စပ်ကြောင်းလမ်းတဲ့နေ့မှာတော့ အကျွေးအမွေးကို ကျွန်တော်တို့ဘက်က လုပ်ချင်ပါတယ်။ တောရွာမှာဆိုတော့ မြို့မှာလို လက်ဖက်ရည်နဲ့ မုန့်နဲ့တင် ပြီးမှာမဟုတ်ဘူး။ ထမင်းဟင်းကျွေးပါမှ ကျေနပ်ကြမှာ"

"ရပါတယ်ကွယ် ... နေ့လယ်စာကို ထမင်းကောင်း၊ ဟင်းကောင်းနဲ့ တစ်ရွာလုံးကို ဖိတ်ကျွေးပြီး အသိအမှတ်ပြုမှာပါ။ တကယ်တမ်းတော့လည်း မမတို့ဘက်ကလည်း မောင်လေးတို့ဘက်ကပါ လူသိများတဲ့ ရပ်ရွာလူကြီးတွေဖြစ်ကြလို့ လူတိုင်း သိကြပါတယ်"

"အဲ ... တစ်ခုပဲရှိတယ် ဆင်ဖုန်၊ မဒရွာတွေသာမက စစ်ပင်၊ ပေါက်တလောက်၊ ထားဝယ်ချောင်၊ သဃ်န်းကျွန်းကြီး ရွာတွေဘက်ကပါ အမျိုးတွေရှိကြတော့ စေ့စပ်ကြောင်းလမ်းပွဲဆိုပေမယ့် မဖိတ်ရင် ကျေနပ်ကြမှာ မဟုတ်ဘူး။ ဒါကြောင့် အလှူ၊ မင်္ဂလာဆောင်၊ ပွဲကြီးတစ်ခုလိုပဲ လူစည်ကားဦးမှာပဲ။ မမကလည်း လူစည်ကားတာကို မကြိုက်ဘူး"

"မမရယ် ... ကျွန်တော့်သဘောလည်း အဲဒီလိုပါပဲ။ စေ့စပ်ကြောင်းလမ်းတာကိုတော့ အကျဉ်းရုံးပြီး နှစ်ဖက်မိဘတွေလောက်သာ တက်စေချင်ပါတယ်"





"ဟုတ်ပါတယ် ... မောင်လေး။ ဒါပေမဲ့ မမတို့ မိဘတွေဘက်က အစောက မောင်လေးပြောခဲ့သလိုပဲ တင်တောင်းတာတွေ၊ ဘာတွေ တောင်းဆိုခြင်း မရှိပေမယ့် အကျွေးအမွေးကိုတော့ နှစ်ဖက်ဆွေမျိုးတွေနဲ့ စည်စည်ကားကား လုပ်ချင်တယ်လို့ ပြောပါတယ်။ အဲဒါကိုတော့ မောင်လေးတို့ဘက်က လိုက်လျောပေးပါ"

"ဟုတ်ကဲ့ပါ ... မမ။ ကျွန်တော် အဆင်ပြေကြောင်း မိဘတွေကို ပြောပေးပါ့မယ်"

သို့နှင့် ထိုနေ့က မမြစိမ်းနှင့် စေ့စပ်ကြောင်းလမ်းခြင်းကိစ္စ တိုင်ပင်ပြီးတော့ ကျွန်တော် သမိုင်းအိမ်ကြီးသို့ ပြန်လာခဲ့ရာ အိမ်တွင် အဖေကလည်း ရောက်ရှိနေသောကြောင့် အတော် အဆင်ပြေသွားပါသည်။ ကျွန်တော်က ကျွန်တော်နှင့် မမြစိမ်း စေ့စပ်ကြောင်းလမ်းခြင်းကိစ္စအား မိဘများအား ပြောပြရာ မိဘများကလည်း သဘောတူကြသော်လည်း မိန်းကလေးရှင်များဘက်က အကုန်အကျခံ၍ ကျွေးမွေးမည်ဟု ဆိုသည်ကိုတော့ ဘဝင်မကျကြပါ။

မိဘများက တောသူဋ္ဌေးများပီပီ သားသမီးများကိစ္စ၌လည်း ယောကျ်ားလေးရှင်ဘက်ကသာ အကုန်အကျခံရမည်ဖြစ်ကြောင်း ပြောကြပါသည်။ ထို့ကြောင့် ကျွန်တော်က မင်္ဂလာဆောင်ပွဲကျမှသာ အကုန်အကျခံပါရန် မနည်းတောင်းပန်ပြီး ပြောမှသာ မိဘများ အင်တင်တင်ဖြင့် သဘောတူလိုက်ကြတော့သည်။ သို့သော် မမြစိမ်း၏ မိဘများပြောသလိုပင် မိဘများဘက်ကလည်း ဆွေကြီးမျိုးကြီးဖြစ်သောကြောင့် မိတ်ဆွေသင်္ဂဟနှင့် ရပ်ရွာအား ဖိတ်ကြားမှ ဖြစ်မည်ဖြစ်ကြောင်း ပြောဆိုပြန်ပါသည်။ ထို့ကြောင့် နောက်ဆုံးတွင် ကျွန်တော် လိုက်လျောပြီး သဘောတူညီလိုက်ရပါတော့သည်။

ကျွန်တော်နှင့် မမြစိမ်းတို့၏ သဘောနှင့်သာဆိုပါလျှင် နှစ်ဖက်မိဘများအား အသိပေး၍ စေ့စပ်ပြီး နီးစပ်ရာ တရားရုံးတွင် ရုံးတက်၍ လက်မှတ်ထိုးကြခြင်းဖြင့် နှစ်ဦးနှစ်ဖက် သဘောတူညီပြီး မင်္ဂလာပွဲ အထမြောက်အောင်မြင်မည်ဟု ယူဆပါသည်။ သို့နှင့် ထိုကိစ္စအား နှစ်ဖက်မိဘ

www.burmeseclassic.com



များကို အသိပေးပြီးဖြစ်သောကြောင့် ကျွန်တော် စိတ်အေးသွားရပါတော့သည်။

ဤတစ်ပတ်တွင်တော့ အချိန်တွေက အကုန်မြန်သည်ဟု ထင်ပါသည်။ ရွာတွင် စေ့စပ်ကြောင်းလမ်းပြုရာသို့ တက္ကသိုလ်မှ အပေါင်းအသင်းများကလည်း လိုက်လိုကြောင်း ဆန္ဒပြုကြပါသည်။ တောမင်္ဂလာဆောင်လိုမျိုး ဖြစ်သောကြောင့် ကျွန်တော် မဖိတ်လိုပါ။ သို့သော် သူတို့က ကျွန်တော် မဖိတ်လျှင်လည်း အတင်းအဓမ္မ လိုက်ကြမည့်သူများ ဖြစ်ကြပါသည်။ ထို့ကြောင့် စနေနေ့ညနေတွင် အဖေ ကျွန်တော်နှင့် မိဘညီအစ်ကိုမောင်နှမများအား လာခေါ်တော့ တက္ကသိုလ်မှ အပေါင်းအသင်း (၁၀)ယောက်ခန့်ကလည်း တစ်ပြုံကြီး လိုက်လာကြပါသည်။ သူတို့တွေ အုတ်ပုံဆိပ်ကမ်းမှ တံ့ကင်းကြီးပေါ်ရောက်တော့လည်း အလွန်ပျော်နေကြသည်။ ငမိုးရိပ်ချောင်းကို ဖြတ်ကူးတော့လည်း ဝိုင်းဖွဲ့၍ သီချင်းဆိုကြသည်။ ဂစ်တာပါသူများကလည်း ဂစ်တာတီးကြ၊ ခတ်ကြသည်။ ထို့ကြောင့်လည်း လှေသူငယ်များပီပီ အလွန်ပျော်ရွှင်ကြပါသည်။

ညနေစောင်းတွင် ငမိုးရိပ်ချောင်းစပ်ရှိ အဘိုး၏ နှစ်ထပ်အိမ်ကြီး၌ တည်းခိုကြပါသည်။ အဘိုးနဲ့အဘွားက လူငယ်များ မလွတ်လပ်မှာ စိုးသောကြောင့် လိုက်မလာသည်မှာ အတော်ကံကောင်းပါသည်။ ညနေနေဝင်စတွင် တက္ကသိုလ်ကျောင်းသား လူငယ်များပီပီ တီးဝိုင်းကလေးမှတစ်ဆင့် အရက်ဝိုင်းဖွဲ့ကြတော့သည်။

တစ်ခုကံကောင်းသည်မှာ ရပ်ရွာမှ ကာလသားများက ကျွန်တော်နှင့် မရင်းနှီးသော်လည်း နှစ်ဖက်မိဘ အဘိုးအဘွားများ၏ မျက်နှာကြောင့် လာရောက်ပြီး မိတ်ဆက်၍ ချက်ပြုတ်လုပ်ကိုင်ပြီး ဧည့်ခံပေးပါသည်။ တကယ်တမ်းလည်း လှိုက်လှဲဖော်ရွေ ကူညီကြခြင်းဖြစ်ပါသည်။ ကွယ်လွန်သူ ဦးလေးမှုန်ကြီး၏ အပေါင်းအသင်းများကလည်း ကျွန်တော်နှင့် ရင်းနှီးပြီးသားဖြစ်သောကြောင့် သားငါးများ ရှာပေးကြသည်။ ပြည့်စုံစေရန်အတွက် ကျွန်တော်ကလည်း အမြည်းအတွက် ကြက်၊ ဝက်၊ ဆဲ





များ ဝယ်ယူနိုင်ရန် ကာလသားများအား ငွေထုတ်ပေးရာသူတို့ အလွန်သဘောကျကြပါသည်။

သို့နှင့် ထိုညက စေ့စပ်ကြောင်းလမ်းခြင်း အကြိုညအဖြစ် အတော်စည်ကားပါသည်။ နောက်တစ်နေ့ စေ့စပ်ကြောင်းလမ်းသည့်ပွဲအတွက်လည်း ကျေးရွာကာလသားများက သတို့သမီးအိမ်ရှေ့တွင် မဏ္ဍပ်ကြီးကို ကြီးကျယ်စွာ ထိုးထားကြပါသည်။ ကျွန်တော့်မှာ နှစ်ဖက်မိဘ၊ ဆွေမျိုးများနှင့် အချိန်ကြာမြင့်စွာ ဆုံရမည်ဖြစ်သောကြောင့် စိတ်ပျက်လှပါသည်။ လူစည်ကားလျှင် မနေတတ်သော မမြစိမ်းအတွက်လည်း ကျွန်တော် ကိုယ်ချင်းစာမိပါသည်။

နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့က အိပ်ရာထ၍ မနက်စာစားသောက်တုန်းရှိသေးစဉ် စစ်ပင်၊ ထားဝယ်ချောင်၊ ပေါက်တလောက်၊ သယ်န်းကျွန်းကြီးရွာတို့မှ ရပ်ဆွေရပ်မျိုးများ လှည်းများဖြင့် ချီတက်လာကြရာ လူအုပ်ကြီးက မနည်းမနောပါပဲ။ ကျွန်တော်၏ မိဘများက ရပ်ဆွေရပ်မျိုးငယ်ပေါင်းကြီးဖော် ဆွေမျိုးများလာကြ၍ လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်၍ နေကြပါသည်။

ထို့ကြောင့် မနက် (၉) နာရီ မင်္ဂလာအချိန်တွင် စသောနှစ်ဖက်မိဘများ၏ စေ့စပ်ကြောင်းလမ်းခြင်းကိစ္စမှာ မနက် (၁၀)နာရီခန့်နှင့်ပြီးသော်လည်း ကျွေးမွေးဧည့်ခံသည်မှာ တစ်နေ့လုံးနီးနီးပင်။ ထို့ကြောင့် ညနေစောင်း နေဝင်ခါနီးတွင် ကျွန်တော် မမြစိမ်းအား လက်တို့ပြီး မြွေစင်ကန်ဘက်သို့ ထွက်ခဲ့ကြပါတော့သည်။ မမြစိမ်းမှာ ထိုအခါကျမှ ငြိမ်းစိမ်ဖြစ်ရာမှ သက်သာဟန်ဖြင့် မြွေစင်ကန် ကန်ဘောင်ရိုးပေါ်ရှိ ထိုင်နေကျ မန်ကျည်းပင်ကြီးအောက် ခုံတန်းလျားတွင် ဝင်ထိုင်ကြပြီး လတ်ဆတ်သော လေကလေးကို တဝရှူမိကြတော့သည်။

"မောင်လေးရေ ... စေ့စပ်ကြောင်းလမ်းတာတောင် ဒီလောက်လူများနေရင် မင်္ဂလာဆောင်ရင်တော့ အတော်အလုပ်များကြမှာပဲ။ နှစ်ဖက်မိဘတွေကတော့ လူများတာကို ပကာသနအနေနဲ့ ဂုဏ်ယူနေကြတယ်။ မကတော့ အလွန်စိတ်ညစ်တယ်"

www.burmeseclassic.com



"မင်္ဂလာဆောင်ရင် ကိစ္စမရှိဘူး ... မမ။ နာမည်ကြီးဟိုတယ်ကြီး တစ်ခုမှာ လုပ်မှာမို့လို့ ဒုက္ခခံစရာ အကြောင်းမရှိဘူး။ အချိန်နဲ့ရပြီး အချိန် နဲ့ဆုံးမှာ။ ကျွေးမွေးညှော်ခံတာကလည်း ဟိုတယ်ဝန်ထမ်းတွေက လုပ်ကြမှာ မို့ ကျွန်တော်တို့မှာ တာဝန်မရှိဘူး။ အေးအေးဆေးဆေး မင်္ဂလာပွဲကျင်းပ၊ ဧည့်ပရိသတ်ကို နှုတ်ဆက်ပြီးတာနဲ့ ပြီးပါတယ်။ နှစ်ဖက်မိဘတွေအိမ်မှာ မင်္ဂလာပွဲကို ကျင်းပတာမဟုတ်တော့ တက်ရောက်ကြတဲ့ ဧည့်သည်တွေ လည်း အခုလို မှောင်စပျိုးတဲ့အချိန်အထိ ခိုကပ်နေလို့ မရဘူး။ ကျွန်တော် တို့ မင်္ဂလာပွဲပြီးတာနဲ့ နောက်မင်္ဂလာပွဲတစ်ခုက အချိန်နဲ့ဝင်မှာဖြစ်လို့ ဟိုတယ် ကလည်း ဧည့်သည်တွေကို လက်ခံတော့မှာ မဟုတ်ဘူး"

"ကောင်းပါတယ် ... မောင်လေးရယ်။ ဒါပေမဲ့ အဲဒီအချိန်တွေ ကို မမ မမျှော်မှန်းရဲသေးပါဘူး။ အခု စေ့စပ်ကြောင်းလမ်းတာကိုတောင် မောင်လေးဘက်က အတင်းအဓမ္မတောင်းဆိုလို့ အလျင်အမြန် လုပ်ဆောင် ပေးရတာပါ။ ကျေနပ်တော့ မောင်လေးရယ်"

"ဟုတ်ကဲ့ ... မမ၊ ကျွန်တော် ကျေနပ်ပါတယ်။ နှစ်ဖက်မိဘ တွေလည်း ကျေနပ်ကြမှာပါ။ ရပ်ရွာသူရပ်ရွာသားတွေနဲ့ ကာလသားတွေ အဖွဲ့က ကျေနပ်အောင်လည်း ကျွန်တော် စီစဉ်ထားပါတယ်။ မမရဲ့ မိဘတွေ ကိုလည်း ကျေနပ်အောင် တောင်းပန်ပေးပါ။ ကျွန်တော်တို့က တောမှာမွေး ပေမယ့် မြို့ပေါ်မှာကြီးတာကြောင့် တချို့ ရပ်ရွာကိစ္စတွေကိုမသိ၊ နား မလည်ပါဘူး။ အဲ့လိုများ အမှားအယွင်းနဲ့ လိုအပ်ချက်များ ကျန်ရှိခဲ့မယ်ဆို လျှင်လည်း တောင်းပန်ပါကြောင်းနဲ့ ခွင့်လွှတ်ပါရန် ပြောဆိုပေးပါ ... မမ ရယ်"

သို့နှင့် မှောင်စပျိုးချိန်မှ ကျွန်တော်တို့ ချစ်သူနှစ်ဦး ခြွေစင်ကန်ပေါ် မှ အတူလက်တွဲ၍ ဆင်းခဲ့ကြသည်။ ရွာတွင်းရှိ သတိုးသမီးအိမ်ကို ဝင်ခဲ့ ကြသည်။ နှစ်ဖက်ဆွေမျိုးများ ပြန်ကုန်ကြပြီဖြစ်သော်လည်း လူရင်းတချို့ ကတော့ ကျန်နေပါသေးသည်။ ထို့ကြောင့် ကျွန်တော်တို့ နှစ်ဦးက နှုတ် ဆက်၍ ဧည့်ခံရပါသေးသည်။

စိတ်ကူးသစ်စာပေ



ကျွန်တော်တို့ ဧည့်ခံစကားပြောကြားနေစဉ် ကျွန်တော်နှင့်အတူ လိုက်ပါလာကြသော တက္ကသိုလ်မှ အပေါင်းအသင်းများမှ လာရောက်ခေါ် ဆောင်ကြသောကြောင့် ကျွန်တော် မမြစိမ်းအား ခေါ်ယူ၍ အဘိုးတို့အိမ် တွင် ဧည့်ခံရပြန်သည်။ မြို့ကြီးသား တက္ကသိုလ်ကျောင်းသားများပီပီ ပွင့်လင်းစွာ၊ ပြောကြ၊ ဆိုကြ၊ နောက်ပြောင်ကြသောကြောင့် ကျွန်တော် မမြစိမ်း အား လွန်စွာအားနာမိပါသည်။

ထို့ကြောင့် မမြစိမ်းကို သူ့မိဘအိမ်သို့ ပြန်ပို့ပြီး ကျွန်တော် အဘိုး အိမ်သို့ပြန်၍ အပေါင်းအသင်းများအား ဧည့်ခံရပြန်ပါသည်။ တော်ပါသေး သည်။ အိမ်ကြီးပေါ်တွင် အဘိုးအဘွားများ မရှိ။ အဖေနှင့်အမေသာ ရှိ ကြသောကြောင့် ခွင့်လွှတ်ကြပါသည်။ အဖေကတော့ ကျွန်တော်၏ တက္ကသိုလ် ကျောင်းသား အပေါင်းအသင်းများနှင့်အတူ အရက်ဝိုင်းတွင် ပါဝင်သော ကြောင့် တစ်သားတည်းဖြစ်၍ နေပါသည်။ အမေနှင့်ဒေါ်လေး ခင်ထိုး အလုပ် သမများကတော့ အမြည်းနှင့် ဟင်းလျာများကို ဖွယ်ဖွယ်ရာရာ စီစဉ်ခြင်းဖြင့် အလွန် အလုပ်များနေကြပါသည်။ ဤလိုအချိန်မျိုးတွင် ကျွန်တော် ကွယ်လွန် သွားသော ဦးလေးဖြစ်သူ ဦးမှုန်ကြီးအား တမ်းတပြီး အောက်မေ့သတိရတာရ ရှိလှပါတော့သည်။

ဦးလေးဦးမှုန်ကြီးသာ ဒီလိုအချိန်မျိုးတွင် ရှိခဲ့ပါလျှင် ကျွန်တော်၏ အပေါင်းအသင်းများအတွက် သား၊ ငါးများကို ကိုယ်တိုင်ရှာပြီး ကိုယ်တိုင် ချက်ပြုတ်ပေးမည့်သူ ဖြစ်ပါသည်။ ထိုစေ့စပ်ပွဲ ညက စားကြ၊ သောက်ကြ ရင်း ည (၁၂)နာရီခန့်မှ တပျော်တပါး အိပ်ရာဝင်ကြပါသည်။

နောက်တစ်နေ့ မနက်တွင်လည်း အိပ်ရာက စောစောမထကြပါ။ တနင်္လာနေ့ ကျောင်းတက်ရန်ဖြစ်သော်လည်း ဤလိုအခြေအနေဖြင့် ကျောင်းတက်နိုင်မည်လည်း မဟုတ်ပါ။ ထို့ကြောင့် ယနေ့ ကျောင်းပြေးကြရ မည်ဖြစ်ပါသည်။ မမြစိမ်းတို့ကလည်း ကျောင်းတက်ရန် အရိပ်အခြေမှ မဟာ ကြပါ။ ထို့ကြောင့် ယနေ့ အချင်းချင်း တိုင်ပင်ထားခြင်း မရှိသော်လည်း ခေါင်း၍ ကျောင်းပျက်ကြမည်ဖြစ်ပါသည်။

စိတ်ကူးသစ်စာပေ

မနက် (၉)နာရီခန့်မှာ အိပ်ရာမှထကြပြီး ဒေါ်လေးမြင့်တင်နဲ့ ခင်ထိုး သမများ ကြိုတင်စီစဉ်ချက်ပြုတ်ထားသော မုန့်ဟင်းခါးကို တဝတပြဲ စား ကြသည်။ မြို့သား တက္ကသိုလ်ကျောင်းသားများ ဖြစ်သောကြောင့် အမေ တို့က ကော်ဖီနှင့် လက်ဖက်ရည်ချိုကိုလည်း စီစဉ်ထားပါသည်။ နို့ဆီအစား နွားနို့စစ်စစ်ကို စိတ်တိုင်းကျ ဖျော်ထားသောကြောင့် လွန်စွာစိမ့်ပြီးသောက် ၍ ကောင်းပါသည်။ လက်ဖက်ရည်သောက်ပြီးချိန်မှ အဖေက ...

''သားတို့ ... ဘယ်လိုစီစဉ်ထားကြသလဲ။ ဒီနေ့တော့ ကျောင်း ပျက်ကြပြီ ထင်ပါရဲ့''

''ဟုတ်ကဲ့ပါ ... အဖေ။ ဒီနေ့တော့ ဒီပုံစံနဲ့ ကျောင်းမတက်နိုင် တော့ပါဘူး။ ညနေကျမှ အရောက်ပြန်ကြရုံပဲ ရှိပါတယ်။ ဒီနှစ်ကျောင်းဖွင့် တာ မကြာသေးတော့ အရေးတော့ မကြီးပါဘူး။ နေ့လယ်စာစားပြီးမှ အဖေ တံကင်းကြီးနဲ့ အုတ်ပုံဆိပ်ကမ်းကို လိုက်ပို့ပါ။ အဲဒီကမှ ကျွန်တော်တို့ ကား ငှားပြီး လူခွဲပြန်ပါ့မယ်။ ညနေ အချိန်မီပြန်ရောက်ရင် ပြီးတာပါပဲ ... အဖေ ရာ''

''အေး ... အေး ... အဲဒါဆိုရင်လည်း အဖေ စီစဉ်ပေးပါ့မယ်။ မိန်း ကလေးနဲ့ သူ့အပေါင်းအသင်းတွေအတွက်တော့ သားကိုယ်တိုင် ကားငှား ပြီး အဆောင်အထိ လိုက်ပို့လိုက်နော်။ သား အခုအချိန်ကစပြီး သားမှာ မိန်းကလေးနဲ့ပတ်သက်ပြီး တာဝန်ရှိသွားပြီလို့ မှတ်ယူလိုက်ပေတော့''

''ဟုတ်ကဲ့ပါ ... အဖေ၊ သား သဘောပေါက်ပါတယ်။ အဖေ မှာကြားသလို သား ပြည့်စုံအောင် ဆောင်ရွက်ပါ့မယ်။ စိတ်ချလက်ချသာ နေပါအဖေ''

''အေး ... အေး ... ကောင်းပြီကွယ်။ အချိန်ရရင်တော့ သမိုင်း အိမ်ကြီးဝင်ပြီး မင်းအဘိုးနဲ့အဘွားကို မြေးမလေးနဲ့ မိတ်ဆက်ပေးပြီး တွေ့ဆုံ ပေးစေချင်တယ်''

''ဟုတ်ကဲ့ ... အဖေ၊ လမ်းကြောင်းလည်း သင့်ပါတယ်။ ကျွန် တော် အဘိုးနဲ့အဘွားလည်း ဝမ်းသာရအောင် မမြစိမ်းနဲ့ သမိုင်းအိမ်ကြီးကို ရောက်ဖူးအောင် ဝင်တွေ့ပေးလိုက်ပါ့မယ်''





မနက် (၁၀) နာရီခန့်တွင် မမြစိမ်းနဲ့ သူ၏အပေါင်းအသင်းများ ကျွန်တော်တို့တည်းခိုရာ အဘိုးအိမ်သို့ ရောက်ရှိလာကြပါသည်။

''မောင်တင့်ထူးဝေ ... အပေါင်းအသင်းတွေကို ဘာကျွေးပြီးပြီလဲ။ အစ်မတို့အိမ်မှာ မုန့်ဟင်းခါး ချက်စားကြတယ်''

''ဟုတ်ကဲ့ ... မမ။ ကျွန်တော်တို့အိမ်မှာလည်း မုန့်ဟင်းခါးပါ ပဲ။ လက်ဖက်ရည်အချိုနဲ့ ကော်ဖီတောင်ပါသေးတယ်။ တက္ကသိုလ်ကျောင်း က အငတ်တွေ စားကြတာမှ တဝကြီးပဲ''

ကျွန်တော်၏ အပေါင်းအသင်းများမှာ ပြုံးစေ့စေ့နှင့် ရယ်ကျဲကျဲ လုပ်၍ နေပါတော့သည်။

''ကဲ ... မောင်လေးရေ အစ်မတို့ရွာမှာလည်း လည်စရာ၊ ပတ် စရာဆိုလို့ မြေစင်ကန်နဲ့ ပတ်ဝန်းကျင်ပဲ ရှိတယ်။ အဲဒီဘက်သွားပြီး သစ်ပင် ကြီးရဲ့ အရိပ်က ခုံတန်းလျားမှာ နားကြပြီး စကားပြောကြတာပေါ့''

''ဟုတ်ကဲ့ပါ မမ''

''ဒါနဲ့ မောင်လေး ဒီနေ့ကတော့ အခြေအနေအရ ကျောင်းပျက် ကြရပြီ။ ညနေကို မောင်လေးတို့ဘက်က ဘယ်လို စီစဉ်ထားသလဲ''

''နေ့လယ်စာ စားပြီး ကျွန်တော့်အဖေရဲ့ တံကင်းကြီးနဲ့ အုတ်ပုံ ဆိပ်ကမ်းဘက်ကို ကူးမယ် မမ။ အဲဒီကမှ ကားငှားပြီး မမကို အဘိုးအဘွား တွေနဲ့ တွေ့ဆုံပြီး ကန်တော့ရအောင်။ သမိုင်းအိမ်ကြီးကို ခဏဝင်မယ်။ အဲဒီကမှတစ်ဆင့် မမတို့ကို အဆောင်ပြန်ပို့ပေးမယ်''

''အဲဒီအစီအစဉ် ကောင်းပါတယ် ... မောင်လေး။ ဒါပေမဲ့ မမတို့ ဆော့စဝ်ကြောင်းလမ်းပွဲမှာ ပါဝင်ကူညီကြတဲ့ အပေါင်းအသင်းတွေအတွက် ဒီနေ့ညနေစာကို အဆောင်က ထမင်းဟင်းတွေအစား လှည်းတန်းလောက် မှာဖြစ်ဖြစ် အပြင်မှာ အမှတ်တရ ကျွေးချင်တယ်''

''ဪ ... ဟုတ်ပါတယ် ... မမရယ်။ ကျွန်တော်က အဆောင် ပိတ်ချိန် မမီမှာစိုးလို့ လောနေမိတာ။ အဲဒါဆိုရင်လည်း ဒီကပြန်ရင် (၈)မိုင်က နန်းဆင်းဟိုတယ်မှာ ညစာ စောစောကျွေးပြီးမှ အဆောင်ပြန်ပို့မယ်။ လမ်း ကြောင်းသင့်ပြီး အချိန်လည်း မှီပါတယ်။ နန်းဆင်းဟိုတယ်က အင်းစိန်နဲ့ (၈)မိုင်

www.burmeseclassic.com



ဘက်မှာတော့ အကောင်းဆုံး ဟိုတယ်ပါပဲ။ နေရာကျယ်ဝန်းပြီး ဟင်းလျာအချက်အပြုတ် အလွန်ကောင်းပါတယ်''

''မောင်လေးစီစဉ်တာ ကောင်းပါတယ်ကွယ်။ အဲဒီအတိုင်းပဲ လုပ်ကြတာပေါ့။ ကဲ ... အခုတော့ မြွေစင်ကန်ဘက်သွားပြီး အနားယူကြမယ်။ မြွေစင်ကန်ဆိုတာ မောင်လေးနဲ့မမတို့အတွက် ဘဝတစ်သက်တာ အမြဲတမ်း အမှတ်တရ နေရာဖြစ်တယ်ဆိုတာ အပေါင်းအသင်းတွေလည်း သိရှိသွားကြအောင်ပါ''

ထို့ကြောင့် ကျွန်တော်တို့ လူငယ်များ အဖွဲ့နှစ်ဖွဲ့ အဘိုးတို့အိမ်မှ မြွေစင်ကန်ဘက်သို့ လမ်းလျှောက်ထွက်ပြီး ထွက်ခဲ့ကြပါတော့သည်။ မြွေစင်ကန်ဆိုသည်မှာ ဆင်ဖုန်နှင့် မဒရွာကြား မနီးမဝေး လယ်ကွင်းစပ်၌ ရှိသော လွန်စွာစိမ်းစိုအေးချမ်းလှသည့် အိုအေစစ်ကလေးပင် ဖြစ်ပါတော့သည်။ ကျွန်တော်တို့အဖွဲ့ ကန်ဘောင်ရိုးပေါ်ရှိ သစ်ပင်ကြီးများ အရိပ်အောက်ရှိ ခုံတန်းလျားပေါ်တွင် ထိုင်ကြပြီး အနားယူကြပါသည်။ အရှေ့ဘက် လယ်ကွင်းပြင်ကြီးကို ဖြတ်၍ တိုက်ခတ်လာသော လေရူးကလေးမှာ ရိုးဖြတ်နံ့ကလေးသင်းသင်းနဲ့ လွန်စွာ သန့်ရှင်းလတ်ဆတ်လှပါသည်။

ထိုအချိန်တွင် မြွေစင်ကန်တောင်ဘက် ညောင်ချဉ်ပင်ကြီးအနီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ထားသော မြွေစင်ကန်စေတီတော်ကလေးဘက်မှ ဆည်းလည်းသံကလေး တလွင်လွင်ဖြင့် လွန်စွာကြည်နူးပျော်ရွှင်ဖွယ်ကောင်းလှပါသည်။

ကျွန်တော်နှင့် မမြစိမ်းတို့ကလည်း ကျွန်တော်တို့ နှစ်ဦး၏ အမှတ်တရ ချစ်ဓာတ်လမ်းအမှတ်တရ ဖြစ်ခဲ့ရာ နေရာဖြစ်ကြောင်း ပြောကြားပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြပါသည်။ နေမွန်းလွဲအချိန် အရိပ်ရသော သစ်ပင်ကြီးများအောက်မှာ မြွေစင်ရေကန်ကြီးဘေးတွင် ရိုက်ကြသောကြောင့် လွန်စွာမြင်ကွင်းက ကောင်းလှပါသည်။ သစ်ပင်ရိပ်များအောက် ဖြစ်သောကြောင့် ဖလက်ရှ်ဂန်းကိုတော့ လိုအပ်သလို အသုံးပြုရပါသည်။

ဒီနေ့မှ ထူးဆန်းစွာ မြွေစင်ကန်ကြီး အရှေ့ဘက် ကြာကန်ကြီးအတွင်း၌လည်း ကြာမျိုးစုံက ပွင့်ဖူးဝေဆာနေပြီး ကြာကန်ထဲ၌ ပျော်မြူး



ကြသည့် ငှက်မျိုးစုံကလည်း မြူးတူးပျော်ပါးနေကြပါသည်။ ကျွန်တော် ဆင်တာကြာပြီဖြစ်သောကြောင့်လည်း ငှက်ကလေးများ လွတ်လပ်စွာ ပျော်မြူးနေကြဟန်တူပါသည်။

နေ့လည်စာ စားချိန်၌ ကျွန်တော်တို့ အိမ်အသီးသီးသို့ ပြန်ကြပြီး နေ့လယ်စာ စားကြသည်။ ညနေ (၃)နာရီအချိန်ခန့် နေကျချိန်တွင် အဖေက ပြန်ကြရန် နှိုးဆော်သောကြောင့် ကျွန်တော်တို့ အဖွဲ့များ နှစ်ဖက်လူကြီးများကို ကန်တော့ပြီး တံကင်းကြီးဆိုက်ကပ်ထားရာ ကမ်းစပ်သို့ ဆင်းခဲ့ကြပါသည်။ အုတ်ပုံဆိပ်ကမ်းသို့ ညနေ (၃)နာရီခွဲအချိန်ခန့်တွင် ရောက်ရှိကြပြီး ကျွန်တော်တို့ ယောက်ျားလေးနဲ့ မိန်းကလေး အဖွဲ့နှစ်ဖွဲ့အတွက် အငှားကား နှစ်စီးငှားပြီး (၈)မိုင်လမ်းဆုံရှိ နန်ဆင်းဟိုတယ်သို့ ရှေ့ရှုပြီး လာခဲ့ကြပါသည်။

ညနေစာကို အမျိုးသား၊ အမျိုးသမီးအဖွဲ့အတွက် စိတ်ကြိုက်မှာယူခိုင်းပြီး စိတ်ကြိုက် အဝကျွေးပါသည်။ စားသောက်ပြီးချိန်မှာ ညနေ (၅) နာရီ အချိန်ခန့် ဖြစ်ပါသည်။ ထို့ကြောင့် သမိုင်းအိမ်ကြီးသို့ ကားငှား၍ ထွက်ခွာလာကြပြီး အဘိုးအဘွားများကို ကန်တော့ပြီး သမိုင်းအိမ်ကြီးကိုလည်း မမြစိမ်းကို ပြသရပါသည်။

ထိုမှ အမျိုးသမီးကျောင်းသူများကို ဦးစားပေးအနေနဲ့ သူတို့အဖွဲ့ကို မာလာဆောင်သို့ အလျင်ပို့ပြီးမှ ယောက်ျားကလေး သူငယ်ချင်းများကို စစ်ကိုင်းဆောင်သို့ ပို့ရသည်။ ကိစ္စများပြီးတော့ ညနေ (၆) နာရီထိုးပါပြီ။ ကျွန်တော် တစ်ဦးတည်းငှားထားသော အငှားကားဖြင့် ပြန်ခဲ့ရတော့သည်။ အထီးကျန် ဆန်လှပါသည်။ သို့သော် ယနေ့ ကျွန်တော်၏ စိတ်ဆန္ဒအတိုင်း လုပ်လိုရာကို လုပ်ခွင့်ရပြီဖြစ်သောကြောင့် ကျေနပ်နှစ်သိမ့်နေမိပါတော့သည်။

အဆင်ပြေပြေ လိုက်လျောစီစဉ်ပေးကြသော နှစ်ဖက်မိဘများကိုလည်း လွန်စွာ ကျေးဇူးတင်မိပါတော့သည်။"

✿ ✿ ✿

www.burmeseclassic.com

မမြစိမ်းမှာ ပညာရေးတက္ကသိုလ်မှ ဖြစ်သောကြောင့် ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများကို စာသင်ခန်းများမှထွက်ပြီး အိမ်ဆောင်များသို့ လမ်းလျှောက်ပြန်ရန် ခရီးက မနီးမဝေး ပညာရေးတက္ကသိုလ်ရှေ့ စိုက်ပျိုးရေးမှတ်တိုင်မှ မာလာဆောင်ရှေ့သို့ လိုင်းကားကြီးများအား တိုးစီးရသောကြောင့် သူ့ခမျာ အသွားအပြန်ခရီးအတွက် အလုပ်ပိုတစ်ခု ဖြစ်နေပါသည်။

ထို့ကြောင့် ကျွန်တော်က အလိုက်သိစွာဖြင့် ကြားရက်များတွင် အရေးကြီးကိစ္စ ရှိသည်မှတပါး သူမအဆောင် သွားတွေ့လေ့မရှိပါ။ ဝိတ်ရက်များ၌သာ သူမအဆောင်သို့သွားပြီး ဘုရားဖူးခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေးတွင် ဈေးဝယ်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်း အမှုများကိုသာ ပြုလေ့ရှိပါသည်။

ကျောင်းပိတ်ရက်ရှည်များတွင်တော့ သူမအား ဆင်ဖုန်ရွာသို့ ပြန်ပို့ရတတ်ပါသည်။ တချို့သော တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင်တော့ ကျွန်တော်၏မိဘများနှင့် သူမအား ကျွမ်းဝင်စေရန်အတွက် သမိုင်းအိမ်ကြီးတွင် နေ့လယ်စာ၊ ညနေစာ ချက်ပြုတ်စားသောက်ပြီးမှ သူမအား မာလာဆောင်သို့ ကျွန်တော် ပြန်ပို့ပါသည်။





ဤသို့ဖြင့် နွေရာသီကျောင်းကြီး စိတ်ပြန်ပါသည်။ ဤတစ်ကြိမ်တွင်လည်း ကျွန်တော်တို့ (အသုံးလုံး) ဆရာ၊ ဆရာများအဖြစ် လုပ်အားပေး၍ စာမတတ်သူများအား ပညာဒါနဖြန့်ဝေရန် တိုင်ပင်ပြီး စီစဉ်ကြပါသည်။ ဤတစ်နှစ်တွင်တော့ သူမဘက်နှင့် ကျွန်တော်၏ဘက်မှ တစ္ဆေသိုလ်ကျောင်းသား၊ ကျောင်းသူများလည်း အဖွဲ့စုံစုံ လိုက်ပါကြမည်ဖြစ်ပါသည်။ ဤတစ်ကြိမ်တွင်တော့ ကျွန်တော်တို့အဖွဲ့ မုံရွာမြို့နယ်ဘက်သို့ ခရီးထွက်ကြရပါသည်။

ကျွန်တော်တို့အဖွဲ့ ဘုတလင်မြို့နယ်ဘက်သို့ တာဝန်ကျပါသည်။ မြို့ပေါ်ဟူသော ကျေးရွာကြီး၏ အထက်တန်းကျောင်းကြီးတွင် ညအိပ်တည်းခိုကြပြီး နောက်တစ်နေ့တွင် တာဝန်ကျရာ ကျေးရွာအသီးသီးသို့ တာဝန်ထမ်းဆောင်ရန် ထွက်ခွာကြရမည်ဖြစ်ပါသည်။

ကျွန်တော်နှင့် သူငယ်ချင်းကိုတင်ရွှေတို့က ကျောင်းသားအများစု မသွားလိုကြသော ဘုတလင်မြို့နယ်အစွန်အဖျား တောင်များပေါ်ရှိ ထူးကြီးနှင့် မုံထူးဟူသော ကျေးရွာများသို့ သွားကြရန် ဗော်လံတီယာအဖြစ် ဆန္ဒပြုလိုက်သောကြောင့်လည်းကောင်း၊ မမြစိမ်းတို့မှာ ကျွန်တော်တို့ တည်းခိုနေရာ မြို့ပေါ်ရွာကြီးနှင့် မဝေးလှသော တွင်းတောင်ဟုခေါ်ဆိုသော (ယခုမျက်မှောက် စိမ်းပြာရည်ညိုထုတ်လုပ်ရာ) ရွာကြီးတွင် တာဝန်ကျသောကြောင့် ယခင်နှစ်များက အမရပူရမြို့နယ်ကျေးရွာများတွင် တာဝန်ကျသလို ကျွန်တော်တို့ ရွာချင်းမနီးပါ။ ခရီးက အတော်ဝေးပါသည်။

ထို့ကြောင့် ကျွန်တော်တို့ချင်း တွေ့ဆုံရန် မလွယ်ကူတော့ပါ။ တွင်းတောင်ရွာဟူသည်မှာ အစားအသောက်ပေါပြီး မီးတောင်ဟောင်းကြီးအထဲ၌ ရေကန်ကြီးရှိသောကြောင့် အလွန်အေးချမ်းသော ပူပြင်းခြောက်သွေ့သော အညာအိုအေစစ်ကလေး ဖြစ်ပါသည်။ အတွင်း၌ တွင်းတောင်ရွာသူရွာသားများက ကွမ်းရွက်နှင့် အသီးအနှံများ စိုက်ပျိုးကြသည်။ ဒုန်းပင်၊ ထန်းပင်လည်း လွန်စွာပေါများသည်။

တွင်းပိုးဟုခေါ်ဆိုသော ပုစွန်ခြောက်လို အကောင်ကလေးများ လပြည့်၊ လကွယ်နေ့များတွင် ထွက်သောကြောင့် ထိုတွင်းပိုးကလေးများ

www.burmeseclassic.com



ကို ရွာသူရွာသားများက ဆန်ကာနဲ့ဖမ်းပြီး အခြောက်လှန်း၍ ပုစွန်ခြောက် သဖွယ် မန္တလေးနှင့် မုံရွာအထက်အညာရှိ မြို့ကြီးများသို့ တင်ပို့ရောင်းချရသည်။ ထို့ကြောင့် တွင်းတောင်ရွာသူ၊ ရွာသားများ ဆင်းရဲသူမရှိဘဲ သဘာဝကပေးတဲ့ လက်ဆောင်များဖြင့် စားဝတ်နေရေး ဖူလုံပြီး လူနေမှုဘဝ ပြည့်စုံ ဖူလုံ ကြွယ်ဝကြပါသည်။

ထိုသို့သောနေရာတွင် တာဝန်ကျသော မမြစိမ်းတို့အတွက် ကျွန်တော် စိတ်ချလက်ချ ရှိရပါသည်။

ကျွန်တော်တို့ တာဝန်ကျသော ရွာများကတော့ လွန်စွာ ခေါင်းပါးကြသည်။ ကျောက်တောင်ပေါ်တွင် တည်ထားသော ရွာများဖြစ်ခြင်းကြောင့် ထန်းပင်လောက်သာကြီးမားသော အပင်များရှိပြီး အညာဒေသ၏ စိမ်းလန်းစိုပြေပြီး၊ အရိပ်အာဝါသရသော ထနောင်းပင်များလည်း ကြီးကြီးမားမား မရှိပါ။

ရွာရှိ အိမ်များအနေဖြင့်လည်း ထန်းလက်မိုး၊ ထန်းလက်ကာတဲအိမ်သာသာ အိမ်များပင်ဖြစ်ကြပါသည်။ ပူပြင်းခြောက်သွေ့သော အညာဒေသတွင် လွန်စွာနွမ်းပါးသော ရွာကလေးများဖြစ်ကြပါသည်။ ရေကလည်း အလွန်ရှားသည်။ ထိုအခြေအနေကို သိကြသော ကျောင်းသားများက မသွားလိုကြသောကြောင့် ကျွန်တော်တို့က ဇော်လံတီယာလုပ်ပြီး သွားကြခြင်းဖြစ်ပါသည်။

ကျွန်တော်တို့အုပ်စု တည်းခိုရာ မြို့ပေါ်ရွာကျောင်းကြီးနှင့် ကျွန်တော်တို့တာဝန်ကျရာ ရွာကလေးများမှာ အတော်ဝေးကွာလှသည်။ ရွာမှ ကျွန်တော်တို့ (အသုံးလုံး) ဆရာများအား လာရောက်ကြိုဆိုသည့်လှည်းကို ဆွဲသောနွားများမှာ ကောက်ရိုးနှင့်မြက်ကို မစားရဘဲ ထန်းသီးခွံကိုသာ အာဟာရအဖြစ် စားသုံးကြခြင်းကြောင့် လွန်စွာ ပိန်လှီလှပါသည်။ သွားရသော ခရီးကလည်း တောင်တက်ခရီးလမ်း။ ထို့ကြောင့် အညာနေမှာ ပူပြင်းလှသော်လည်း တချို့သော တောင်တက်လမ်းကြမ်းများတွင် ကျွန်တော်တို့ (အသုံးလုံး)ဆရာများ နွားပိန်ကလေးများကို သနားလှသောကြောင့် လမ်းဆင်း၍ လျှောက်ရပါသေးသည်။

စိတ်ကူးသစ်စာပေ



ရွာမှလာကြိုသူ ရွာလူကြီးနှင့် လှည်းဆရာတို့ကတော့ ကျွန်တော်တို့အား လှည်းပေါ်မှမဆင်းရန် တားပါသေးသည်။ သို့သော် ကျွန်တော်တို့က လူငယ်များပီပီ ပူပြင်းလှသော အညာနေ့နှင့် လေပူကြီးကို အန်တုပြီး လမ်းဆင်းလျှောက်ကြပါသည်။ တောင်ပေါ်ဒေသဖြစ်သော်လည်း မအေးချမ်းပါ။ ဖုန်တလုံးလုံးဖြင့် ချွေးစေးများပျံပြီး ကျွန်တော်တို့ ရန်ကုန်သား ကျောင်းဆရာများ အလွန်ဒုက္ခရောက်ပါသည်။ ညနေ (၇)နာရီခန့်မှ ထူးကြီးဟူသော ရွာကလေးသို့ ရောက်ပါသည်။

တောင်ပေါ်ဒေသ ဖြစ်ခြင်းကြောင့် နေမဝင်သေးပါ။ ကျွန်တော်တို့အား သူကြီးဦးလှဖေဟူသော လှည်းဆရာနဲ့အတူ လာကြိုသည့် အဘတို့ အိမ်မှာဘဲ တည်းခိုရပါသည်။ အဘဦးလှဖေတို့အိမ်မှာ ရွာသူကြီးအိမ်ဖြစ်သောကြောင့် အတန်ငယ် ကျယ်ဝန်းသော်လည်း မြေစိုက်တဲကြီးသာ ဖြစ်ပါသည်။ ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦးအား ဧည့်ခန်းတွင် နေရာချထားပေးပါသည်။ ထိုတဲအိမ်ကြီးတွင် အဘ၏ သားသမီး အပျို၊ လူပျို အလွတ်များလည်း ရှိသောကြောင့် ကျွန်တော်တို့မှာ အနေအထိုင် လွန်စွာ ကျပ်တည်းလှပါသည်။

လူနေမှု ဆင်းရဲသော်လည်း ထူးကြီးရွာမှ ရွာသူရွာသားများ၏ စေတနာက မဆင်းရဲပါ။ ကျွန်တော်တို့ရောက်သည်နှင့် အဆာပြေစားရန် ပဲအမျိုးမျိုး အကြော်အလှော်များနှင့် ထန်းရည်များ ရေနွေးကြမ်းများကို တစ်ရွာလုံးက စုဝေး၍ ပေးလာကြသည်။ ရွာသူရွာသားများကလည်း ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦးအား လိုက်လှဲပျူငှာစွာ နှုတ်ဆက်ပြီး ကြိုဆိုကြပါသည်။ ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦးမှာ ခရီးလမ်းကြမ်းကြီးအား ဖြတ်သန်းပြီး ရွာ၌ ခေတ္တနားခိုပြီးနောက် အပြင်းပြဆုံး ဖြစ်ပေါ်လာသည့် ဆန္ဒမှာ ရေချိုးပြီး အဝတ်အစားအသန့်များ လဲလှယ်ဝတ်ဆင်လိုခြင်းဖြစ်သည်။ ရွာအနေအထားအရ တောင်ပေါ်ရွာကလေးဖြစ်သောကြောင့် ရေတွင်း ရေကန်လည်း မမြင်ရပါ။ ထိုအခြေအနေကို ရိပ်မိသော သူကြီးဦးလှဖေက ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"ဆရာလေးတို့ ရေချိုးဖို့အတွက် ကျွန်တော့်သားကြီး လှမောင်ရေစည်လှည်း သွားတိုက်နေပါတယ်။ ခဏလောက် သည်းခံပြီးမှ နေအေးအေးမှ ရေအေးအေးလေးချိုးပြီး အနားယူ အပန်းဖြေကြပါ"

ထိုစဉ်တွင် ကျွန်တော်တို့နှစ်ဦး၏ ဆန္ဒမှာ အပေါ့အပါးသွားလိုခြင်းဖြစ်သည်။ ထိုသည်ကိုလည်း ရိပ်မိသော သူကြီးဦးလှဖေက . . .

"ဆရာလေးတို့ . . . အပေါ့အပါးသွားချင်ရင် အနောက်ဘက်ခြံထဲမှာ သွားလို့ရပါတယ်။ ကျင်ကြီး စွန့်တာကတော့ ရွာအနောက်ဘက် ထနောင်းတောထဲမှာ တောထိုင်ရပါတယ်။ အနောက်မြောက်ဘက်က အမျိုးသမီးနေရာဖြစ်တယ်။ အနောက်တောင်ကတော့ အမျိုးသားနေရာလို့ သတ်မှတ်ထားပါတယ်"

ခက်သည်မှာ ဒေသခံများအနေဖြင့် အရှေ့၊ အနောက်၊ တောင်၊ မြောက်ကို စကားပြောတာနဲ့ မှတ်မိသိရှိကြသော်လည်း ကျွန်တော်တို့အနေဖြင့် အညာသားများ မဟုတ်ကြသောကြောင့် စကားပြောရာတွင် အရှေ့၊ အနောက်၊ တောင်၊ မြောက်ဟူ၍ ထည့်သွင်းအသုံးမပြုသလို အမှတ်အသားထားခြင်းလည်း ပြုလေ့မရှိပါ။

ထိုစဉ်တွင် သူကြီး၏သားကြီး ရေစည်လှည်း တိုက်လာသောကြောင့် ကျွန်တော်နှင့် သူငယ်ချင်း ကိုတင်ရွှေကို တစ်လဲစီ ရေချိုးကြပါသည်။ ညဘက်ရောက်တော့လည်း သူကြီးရဲ့ အိမ်ခန်း၌ပင် ထမင်းစားပွဲကြီးပြင်ဆင်ထားရာ ရွာသူရွာသားများက ဝိုင်းအုံ၍ ကြည့်ရှုကြသည်။ ဟင်းများမှာလည်း ရွာသိမ်ရွာငယ်ကလေးများဖြစ်သော်ငြားလည်း ကြက်သားဟင်းနှင့် ငါးခြောက်ဟင်းများ အသီးအရွက်ကြော်များ၊ ညောင်ချဉ်ဖူးသုတ်နှင့်မြန်မာကုက္ကိုလ်ရွက်အသုပ်၊ မဲဇလီရွက်ဟင်းချိုများလည်း ပါရှိပြီး အတော်ပြည့်စုံပါသည်။ မြေပဲဆီစစ်စစ်ဖြင့် ချက်ပြုတ်ထားသောကြောင့် အလွန်လည်း အရသာရှိလှပါသည်။ ထမင်းစားပြီးသောအခါ၌လည်း ဒေသထွက် ပဲမျိုးစုံအကြော်များနှင့် လက်ဖက်သုတ်၊ ရေနွေးကြမ်း၊ ထန်းလျက်ခဲတို့မှာလည်း ပြည့်စုံရုံသာမက ပိုလျှံအောင်ပင် ညှော်ခံကြပါသည်။





ထိုညကတော့ စာမသင်ဖြစ်ပါ။ ရပ်ရွာလူထုနှင့် မိတ်ဆက်စကားပြောကြပြီး မြို့အကြောင်း၊ ရွာအကြောင်း၊ အပြန်အလှန် ပြောကြခြင်းသာ ဖြစ်ပါသည်။ စကားစမြည် ပြောခြင်းမှာ ရွာလူထုမှာ ဆင်းရဲသော်လည်း လွန်စွာရိုးသားကြသည်။ တင်းတိမ်ရောင့်ရဲသူများ ဖြစ်ကြသည်။ ထူးခြားသည်ကတော့ ရွာသားအမျိုးသားများမှာ အသားအရေ ဖြူပြီး ရွာသူအမျိုးသမီးများမှာ အသားမဲ၍ ရုပ်ဆိုးကြသူများသည်။ ကျွန်တော် သတိပြုမိ၍ သူကြီးအားတိုးတိုးမေးမိတော့ ရွာသူကြီးက ကျိန်စာကြောင့်ဖြစ်ကြောင်း ပြောဆိုပါသည်။

အကျယ်တဝင့် သိလိုသည်များကို နောက်ပိုင်း ရွာလူထုနှင့် ရင်းနှီးကျွမ်းဝင်ကာမှ မေးမြန်းရပါလိမ့်မည်။ ယခုချက်ချင်းကြီးတော့ ရွာလူကြီးကလည်း ရွာသူ၊ ရွာသားများ ရှေ့မှောက်၌ ပြောဆိုလိုဟန်မရှိပါ။ ထို့ကြောင့်လည်း ကျွန်တော် အလိုက်တသိ မေးမြန်းခြင်း မပြုရဲတော့ပါ။ နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့အား ရွာသူကြီးအိမ်က ဧည့်ခန်းတွင် ထမင်းနှင့် ပဲအမျိုးမျိုးကြော်ကိုစားပြီး ရေနွေးကြမ်းသောက်နေကြစဉ် ရွာသူကြီးက . . .

"ဆရာလေးတို့ . . . ကျွန်တော်တို့ရွာ ထူးကြီးနဲ့ ဟိုဘက်ရွာ မုံထူးရွာကလေးက နှစ်မိုင်လောက်ဝေးပါတယ်။ ဒီဘက်ရွာတွေက အစွန်အဖျားကျလို့ ရွာနှစ်ရွာကို ထူးကြီးနဲ့မုံထူးလို့ ပေါင်းခေါ်ကြပါတယ်။ ဒါကြောင့် ဆရာလေးတို့နှစ်ယောက် တစ်ရွာစီ တာဝန်ကျရာမှာ ကျွန်တော်တို့ ရွာမှာပဲ ဆရာလေးတို့ နှစ်ဦးအတူနေပြီး မုံထူးရွာကိုတော့ တစ်လဲစီ စာသွားသင်ပေးရင် ကောင်းမလား။ ဒါမှမဟုတ် ဆရာလေးတို့ အထဲက တစ်ဦး မုံထူးရွာမှာ သွားနေပြီး စာသင်ပေးမလား။ ဆုံးဖြတ်ရမှာ"

"ကျွန်တော့် သဘောအလိုအရတော့ မုံထူးရွာကလေးက ထန်းလျက်ချက်လုပ်ငန်းသာရှိပြီး အလွန်ဆင်းရဲကြတာမို့ အစားအသောက် အနေအထိုင် ဆရာလေးတို့ မပြည့်စုံမှာကို ကျွန်တော်စိုးရိမ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သူကြီးရွာမှာပဲ စုပေါင်းပြီး နေစေချင်ပါတယ်"

www.burmeseclassic.com



"အဘသူကြီး ... ကျွန်တော်တို့က ရန်ကုန်မြို့သား တက္ကသိုလ်ကျောင်းသားဆိုပေမယ့် အစားအသောက် အနေအထိုင်ကိစ္စကို မပူပါနဲ့။ ယောကျ်ားကလေးတွေဖြစ်လို့ ဖြစ်သလို နေထိုင်စားသောက်တတ်ပါတယ်။ ဒါကြောင့်လည်း မြို့နယ် (အသုံးလုံး) ကော်မတီက အနေအထိုင် ဆင်းရဲမှာစိုးလို့ အမျိုးသမီးတွေ မပို့ဘဲ ကျွန်တော်တို့ ယောကျ်ားကလေးတွေကို ပို့တာပါ။ ယောကျ်ားကလေးတွေအထဲမှာလည်း တချို့က နယ်စွန်နယ်ဖျားဖြစ်ပြီး ဝေးကွာလွန်းလှလို့ မသွားချင်ကြပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့နှစ်ဦးက ဗော်လံတီယာလုပ်ပြီး ကျွန်တော်တို့ဆန္ဒနဲ့ ကျွန်တော်တို့ ထွက်ခဲ့ကြတာပါ။ ထမင်းနဲ့ပဲရှိရင်ပဲ ကျွန်တော်တို့ စားတတ်သောက်တတ်ပါတယ်။ တခြားဘာမှမပူပါနဲ့"

"အဲလိုလည်း မဟုတ်သေးဘူး ... ဆရာလေးရဲ့။ အဝေးကြီး ရန်ကုန်မြို့ကြီးကလာခဲ့ရတဲ့ ဆရာလေးတို့ကို ကျွန်တော်တို့က ကောင်းကောင်းမွန်မွန် ပြည့်ပြည့်စုံစုံ ကျွေးချင်မွေးချင်၊ ထားချင်တာပါ။ ဒီရွာတွေမှာ ဘယ်လိုပဲ အစားအသောက် ရှားပါးတယ်လို့ ဆိုစမ်းပါစေ ဆရာလေးတို့အတွက် ကျွန်တော်တို့ ရွာတွေက ပြည့်စုံအောင် ဖန်တီးပေးမှာပါ"

"ကဲ ... ဆရာလေးတို့ မုံထူးရွာဘက်ကို သွားကြရအောင်။ တို့ရွာကလေးက ကျွန်တော်တို့ ရွာလက်အောက်ကပါပဲ။ စာသင်သားလည်း နည်းပါတယ်။ အဲဒီတော့ ကျွန်တော်ဖြစ်စေချင်တာကတော့ ညရေးညတာ ဆရာလေးတို့ အသွားအလာ အခက်အခဲ မရှိစေဖို့ နေ့ပိုင်းမှာ မုံထူးရွာကို စာသွားသင်၊ ညပိုင်းမှာ ထူးကြီးရွာမှာ စာသင်ပေးရင် မကောင်းပေဘူးလား။ ထူးကြီးရွာမှာ စာသင်သားလည်း ပိုများပါတယ်"

"ဟုတ်ကဲ့ ... ကောင်းပါတယ်။ သူကြီးရဲ့ အစီအစဉ်အတိုင်း ကျွန်တော်တို့ လိုက်ပါဆောင်ရွက်ပါ့မယ်"

ကျွန်တော်တို့ မုံထူးရွာကလေးသို့ ရောက်သောအခါ ရွာကလေးမှာ အတော်ဆင်းရဲချို့တဲ့လှကြောင်း တွေ့ရပါသည်။ ထန်းပင်များရှိသော်လည်း ကြီးကြီးမားမား ထန်းတောကြီးမဟုတ်ပါ။ ကျိုးတိုးကျဲတဲနဲ့ ဖြစ်သလို လုပ်ကိုင်စားသောက်နေကြခြင်း ဖြစ်ပုံရပါသည်။ ထို့ကြောင့် ထူးကြီးရွာသူကြီး





က ကျွန်တော်တို့ အစားအသောက် အနေအထိုင် မဆင်းရဲစေရန်အတွက် ထူးကြီးရွာ သူကြီးအိမ်တွင် စုပေါင်းခေါ်ထားခြင်းဖြစ်ကြောင်း သဘောပေါက်ရပါတော့သည်။

မုံထူးရွာကလေးမှာ အိမ်ခြေ (၂၀)ကျော်ခန့်သာရှိပြီး ထူးကြီးရွာလောက်တော့ စည်ကားခြင်း မရှိပါ။ ထို့ကြောင့် ကျွန်တော်က ...

"သူကြီးရယ် မုံထူးရွာနဲ့ ထူးကြီးရွာ နှစ်ရွာပေါင်းပြီး တစ်ရွာတည်း စုပေါင်းနေထိုင်ကြရင် မကောင်းပေဘူးလား။ အခုတော့ မုံထူးရွာက ဆင်းရဲကြပုံမြင်ရတော့ ကျွန်တော်တို့ စိတ်မကောင်းဖြစ်မိတယ်"

"အဲဒီလိုလည်း မဖြစ်နိုင်ဘူး ... ဆရာလေးရဲ့။ ထူးကြီးက ဆွေမျိုးအုပ်စုကြီးတစ်စု၊ မုံထူးက ဆွေမျိုးအုပ်စုတစ်ခုဆိုတော့ အုပ်စုခြင်းမတူကြဘူး။ ဟိုးယခင်ကလည်း အုပ်စုခြင်း မတည့်ကြဘူးလို့ သိရပါတယ်။ အခုမှသာ မုံထူးရွာက ထူးကြီးရွာရဲ့ လက်အောက်သူကြီးတစ်ပိုင်သာ ဖြစ်လာလို့သာ အသင့်အတင့် ပေါင်းသင်းဆက်ဆံရေး ပြောင်းလဲလာကြတာပါ"

သို့နှင့် ထိုနေ့က မုံထူးရွာ ဆယ်အိမ်ခေါင်းနှစ်ဦးအား လူစုစေပြီး (အသုံးလုံး) စာသင်မည့် သူများအား အသေအချာ စာရင်းကောက်လည်း (၁၀) ဦးခန့်သာ ရှိပါသည်။ ထို့ကြောင့် ကျွန်တော်တို့က နေ့ပိုင်းတွင် မုံထူးရွာ၌ (အသုံးလုံး) ကျေ သင်ပေးသည်။ ညပိုင်းတွင်တော့ ထူးကြီးရွာမှ အများစု စာသင်သားများအား စာသင်ကြားပေးရန် စီစဉ်ဆုံးဖြတ်ကြရပါတော့သည်။

ထိုညက ထူးကြီးရွာ သူကြီးအိမ်ရှိ စာသင်ဝိုင်း၌ အရေး၊ အဖတ်အတွက် သင်ကြားပေးရာ စာသင်သား (၆၀)ခန့် ရှိပါသည်။ အမျိုးသားထက် အမျိုးသမီးဦးရေက ပိုပါသည်။ ကျွန်တော်တို့ ဆရာနှစ်ဦးက ခင်ခင်မင်မင် ရင်းရင်းနှီးနှီး အရွှန်းကလေးများဖောက်၍ သင်ကြားပေးသောကြောင့် စာသင်သားများအပြင် လာရောက်ကြည့်ရှုကြသော ရွာသူရွာသားများလည်း စိတ်ဝင်စားကြပါသည်။ ထို့ကြောင့် စာသင်ကြားရင်း ရယ်စရာ၊ မောစရာကလေးများ ပါလာပါက စာသင်သားများအပြင် တစ်ရွာလုံး သဘောကျစွာ ဝိုင်း၍ ရယ်မောပြီး အားပေးကြပါသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ (အသုံးလုံး)

www.burmeseclassic.com



လုပ်အားပေးကျောင်းဆရာများနဲ့ ရပ်ရွာလူထုမှာ ပိုမိုရင်းနှီးပြီး လျင်မြန်စွာ ခင်မင်ခွင့် ရခဲ့ပါသည်။

လလယ်ခန့်တွင် ထူးကြီးနဲ့ မုံထူးရွာတွင် သောင်တင်နေသော ကျွန်တော်တို့မှာ တစ်ရွာနှင့်တစ်ရွာ ဝေးကွာလှသော အစွန်အဖျား ဒေသဖြစ်တာကြောင့် သွားလှူဘခြင်း မရှိခဲ့ပါ။ ထိုအချိန်တွင် သကြန်တွင်း ရောက်လာသောကြောင့် မြို့နယ် (အသုံးလုံး) ကော်မတီက လုပ်အားပေးဆရာ၊ ဆရာမများအား သကြန်တွင်း ဘုရားဖူးရန်အတွက် မြို့ပေါ်ကျောင်းကြီးတွင် စုဝေးကြရန် ခေါ်စာရောက်ရှိလာပါသည်။

ထို့ကြောင့် ကျွန်တော်တို့ ချိန်းဆိုသောရက်တွင် တောင်ပေါ်ကျေးရွာကလေးများမှ နွားပိန်ဆွဲသော လှည်းကလေးဖြင့် မြို့ပေါ်ဟူသော ကျေးရွာအုပ်စုသို့ ဆင်းလာခဲ့ကြပါသည်။ မနက်အစောပိုင်းကတည်းက ဆင်းလာခဲ့ခြင်းဖြစ်သောကြောင့် နွားများသက်သာပြီး မွန်းမတည့်မီ (၁)နာရီခန့်အချိန်တွင် မြို့ပေါ်ရွာကျောင်းကြီးသို့ ရောက်ရှိကြပါသည်။ ထိုတည်းခိုစရာ ကျောင်းကြီး၌ အခြားလုပ်အားပေး ကျောင်းဆရာ၊ ဆရာမများ အပြင် တွင်းတောင်ရွာ၌ တာဝန်ကျနေသော မပြစိမ်းတို့အဖွဲ့လည်း ရောက်ရှိနေကြခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ တွေ့ဆုံကြသည်နှင့် မစန္ဒီက . . .

"ကိုတင့်ထူးဝေတို့ . . . အနေအထိုင် အဆင်ပြေကြရဲ့လား။ ကျွန်မတို့တာဝန်ကျတဲ့ တွင်းတောင်ရွာကတော့ ရာသီဥတုလည်း မျှတပြီး အစားအသောက်လည်း ပေါများတော့ နေရထိုင်ရတာ အနားယူရသလိုပဲ။ အလွန်အေးချမ်းပါတယ်ရှင့်"

"ကျွန်တော်တို့တာဝန်ကျတဲ့ ထူးကြီးရွာနဲ့ မုံထူးရွာဆိုတာ ဘုတလင်မြို့နယ် အစွန်အဖျား တောင်ပေါ်ရွာကလေးတွေဖြစ်လို့ ခရီးက ဝေးလှတဲ့အပြင် အစားရေစာ အလွန်ရှားပါးလှတယ်ဗျ။ ဒါပေမဲ့ ကျေးရွာသူကျေးရွာသားတွေရဲ့ စေတနာက အလွန်ဖြူစင်ကြပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ နေနိုင်ပါတယ်ဗျာ။ သား၊ ငါး၊ ရှားပါးပေမယ့် အသီးအရွက်လည်း မပေါ်များဘူး။ ပဲအမျိုးမျိုးကတော့ ပေါပါတယ်။ ရေလည်း အလွန်ရှားတယ်ဗျ။ ဒါပေမဲ့ ရွာသူကြီးနဲ့ ရွာသူရွာသားတွေက ကျွန်တော်တို့ကျောင်းဆရာနှစ်ဦးကို နေရာတကာမှာ အလွန်ဦးစားပေးတယ်ဗျ။ ကျွန်တော်တို့ကတောင် ဦးစားပေးခံရလွန်းလို့ ကျေးရွာသူရွာသားတွေကို အားတောင်နာနေရပါသေးတယ်"

"ဟုတ်ပါ့ရှင် . . . အထက်အညာ ရွာသူရွာသားတွေရဲ့ စိတ်ဓာတ်ဖြူစင်ပုံမျိုးကတော့ အလွန်ပဲ ရှားပါးလှပါတယ်။ မြန်မာလူမှုအဖွဲ့အစည်းက တိုင်းရင်းသားတွေပီပီ ဧည့်သည်ကို ဦးစားပေးတတ်တာကတော့ ကမ်းကုန်ပါပဲ။ ကျွန်မတို့လည်း ရောက်ခါစက အစားအသောက် အနေအထိုင် ဟင်းလက်ရာမတူတော့ တစ်ခါတလေ သတိလက်လွတ် ညည်းတွားမိတာနဲ့ ရွာသူရွာသားတွေက ချက်ချင်းကြီးပဲ ပြန်လုပ်ပေးကြတယ်။

ဒါကြောင့် အခုတော့ ဟင်းကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ပါးစပ်မဟရဲဘူး။ ကျေးသမှုကို ရောင့်ရဲတင်းတိမ်ပြီး နေတတ်ထိုင်တတ် စားတတ်နေကြပါပြီ။ အခု ကိုတင့်ထူးဝေတို့ ပြောမှပဲ ကျွန်မတို့ရဲ့ စားဝတ်နေရေးက အစစအရာရာ တခြားရွာတွေထက်တောင် သာကြောင်း သိရပါတော့တယ်"

"မစန္ဒီရယ် . . . အဓိကက ရေနဲ့ အသီးအနှံပေါများရင် အဆင်ပြေတယ်ပဲ ဆိုရမှာပါ။ မစန္ဒီတို့က တွင်းကန်ကြီးကို ပတ်လည်ဝိုင်းပြီး ထန်းပင်အုန်းပင်တွေရဲ့ အရိပ်အောက်မှာ နေထိုင်ကြရတယ်ဆိုတော့ အလွန်အေးချမ်းမှာပါ။ ကျွန်တော်တို့ ရွာတွေကတော့ တောင်ပေါ်ဒေသဖြစ်ပေမယ့် မြင်ဦးလွင်၊ တောင်ကြီးတို့လို အအေးပိုင်းဒေသမဟုတ်ဘဲ အပူပိုင်းဒေသတောင်ပေါ်ရွာတွေ ဖြစ်တာကြောင့် မအေးပါဘူးဗျာ။ လေပူပူ၊ နေပူပူ အရိပ်မရှိတဲ့ တောင်ကတုံးပေါ်မှာ ဖြစ်သလို နေကြရတာပါပဲ။

ကျွန်တော်တို့ကတော့ တခဏ (၅၅) ရက်လောက်သာ နေရထိုင်ရတာဖြစ်လို့ မထောင်းသာလှသော်လည်း တစ်သက်လုံး နေထိုင်ကြရတဲ့ ရွာသူရွာသားတွေရဲ့ဘဝကို စာနာမိတော့လည်း အလွန်စိတ်ပျက်စရာ ကောင်းလှတယ်။ ရွာက ကျောက်တောင်ခေါင်းတုံးပေါ်မှာ ရေကလည်း အလွန်ရှား

www.burmeseclassic.com



တယ်။ အရိပ်အာဝါသက မရှိ။ စိုက်ပျိုးစားစရာ မြေလွတ်မြေရိုင်းတွေ ရှိပေမယ့် ရေမရှိတော့ မိုးရာသီကလွဲပြီး ဘာပင်မှ စိုက်လို့မရနိုင်ဘူး။ အဲဒီလို လွင်တီးခေါင် နေရာမျိုးမှာကြုံခဲ့ပြီး နေထိုင်နိုင်ကြတဲ့ ရွာသူရွာသားတွေကို ကျွန်တော်ဖြင့် အလွန်အံ့ဩတယ်ဗျာ။ ဒါပေမဲ့ သူတို့နေရာနဲ့သူတို့ လိုက်လျောညီထွေရှိဟန်တော့ တူပါတယ်''

''ကျွန်းမာရေးကောင်းကြပြီး ရွာထဲမှာ သက်ကြီးရွယ်အိုတွေက အများစုပဲ။ တချို့ သက်ကြီးရွယ်အိုတွေဆိုရင် အသက် (၉၀)ကျော်က ပိုများတယ်။ သူ့အရပ်နဲ့သူ့ဇာတ်တော့ ဟုတ်နေတာပဲ။ ကျွန်တော်တို့ အောက်ပြည်အောက်သားတွေဆိုရင် ရေရှားတာ တစ်ခုတည်းနဲ့ပဲ နေကြမှာမဟုတ်တော့ဘူး။ နောက်ပြီး စီးပွားဖြစ်လုပ်ငန်း ဘာတစ်ခုမှ မည်မည်ရရလုပ်လို့မရတဲ့ ဒေသဖြစ်တာကြောင့် စိတ်ဝင်စားကြမှာလည်း မဟုတ်ပါဘူး''

''ဟုတ်ပါ့ရှင် ... ကျွန်မတို့က ကံကောင်းတာပေါ့။ မြို့ရွာနဲ့ အနီးအနားမှာနေရပြီး အေးချမ်းသာယာတဲ့ တွင်းတောင်ဒေသမှာ နေရတာကြောင့် နွေရာသီမှာ သဲကန္တာရအလယ်က အိုအေစစ်ကလေးတစ်ခုမှာ နားဆိုနေရသလိုပါပဲ။ အခုတောင် ဒီမြို့ပေါ်ရွာနဲ့ ဇီးတောကြီးရွာဆိုတာ ကားလမ်းမကြီး တစ်ဖက်တစ်ချက်မှာရှိလို့ အဆက်အသွယ်အသွားအလာ လွယ်ကူပေမယ့် ကျွန်မတို့ တွင်းတောင်ရွာလောက် မအေးချမ်းဘူးရှင့်။ ရာသီဥတုက အလွန်ပူတယ်''

သို့နှင့် ထိုနေ့က စုရပ်မြို့ပေါ်ရွာကြီးရှိ အထက်တန်းကျောင်းကြီးတွင် တည်းခိုနေထိုင်ကြရပြီး နေ့လယ်စာနှင့် ညစာကို ကျွေးမွေးသည်ခံပါသည်။ နောက်တစ်နေ့တွင် မနက်စောစော အဆာပြေစားပြီးသည်နှင့် မြို့နယ် (အသုံးလုံး)ဗဟိုကော်မတီမှ စီစဉ်ပေးသော ချက်ပလက် ဖိုက်ပူ ဘတ်စ်ကားကြီးများဖြင့် စတင်ပြီး ခရီးထွက်ခဲ့ကြပါတော့သည်။

ဘုတလင်မြို့နယ်မှ နာမည်ကျော် တန်းတလုတ်ချောင်း၊ မုံရွာမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများနှင့် အထည်စက်ရုံလုပ်ငန်းများ၊ သမ္ဗုဒ္ဓေ မိုးညှင်းစေတီတော်နှင့် ဇာမိတစ်ထောင်ကျောင်း စသဖြင့် လိုက်လံလေ့လာကြည့်ရှုရပြီး နေ့လယ်စာကိုတော့ (အသုံးလုံး) ဗဟိုကော်မတီမှပင်





ထမင်းထုပ်များဝေပေးသောကြောင့် ကျွန်တော်တို့ စားကြရပါသည်။ ညစာ ထမင်းကိုတော့ မုံရွာမြို့ အထက်တန်းကျောင်းကြီးတစ်ကျောင်းတွင် တည်းခိုနေထိုင်ပြီး စားကြသောက်ကြပါသည်။

နောက်တစ်နေ့တွင် သကြန်တွင်း ရေပက်ခံရန် မုံရွာမြို့အတွင်း လိုက်လံပို့ဆောင်ပြီး နောက်ဆုံးအတက်နေ့တွင် ဘုတလင်မြို့နယ်၊ မြို့ပေါ်ရွာ၊ အထက်တန်းကျောင်းကြီးတွင် ပြန်ဆုံကြပြီး မွန်းလွဲပိုင်းတွင် တာဝန်ကျရာ ကျေးရွာအသီးသီးကို ပြန်ကြရန် ရွာမှလာကြိုသော လှည်းများဖြင့် ပြန်ကြရန် အစီအစဉ်ဖြစ်ပါသည်။

သို့သော် မမြစိမ်းနှင့် မစန္ဒီတို့က သူတို့တာဝန်ကျသော တွင်းတောင်ရွာမှာ မဝေးသောကြောင့် မနက်စောစော မြို့ပေါ်ရွာမှ လှည်းငှားပြီး ပြန်မည်။ ကျွန်တော်နှင့် သူငယ်ချင်း ကိုတင်ရွှေတို့လည်း တွင်းတောင်သို့ လိုက်လည်ရန်နှင့် နေ့လည်ပိုင်းအမီ မြို့ပေါ်ရွာ အထက်တန်းကျောင်းကြီးသို့ ပြန်ရန် ပူဆာသောကြောင့် ကျွန်တော်တို့ ညဘက်တွင် အစီအစဉ်ဆွဲပြီး နောက်တစ်နေ့ မနက်(၆)နာရီခန့်တွင် မမြစိမ်းနှင့် မစန္ဒီတို့အဖွဲ့ကို လိုက်ပို့ရင်း မဝေးလှသော တွင်းတောင်ရွာကြီးသို့ လေ့လာရန် လိုက်ခဲ့ကြပါတော့သည်။ မြို့ပေါ်ရွာကြီးမှာ ကားလမ်းမကြီးတစ်ဖက်ကမ်းသို့ ကူးသည်နှင့် ဇီးတောကြီးဟူသော ရွာကြီးသို့ ရောက်ပါသည်။ ထိုရွာတန်းရှည်ကြီးဆုံးတော့ မြေနီလွင်ပြင်ကြီးဖြစ်သည်။

လွင်ပြင်ကြီးအဆုံး၌ စိမ်းညို့နေသော တောင်ကြီးကို တွေ့ရသည်။ ထိုတောင်ကြီးအလယ်၌ မမြစိမ်းတို့ တာဝန်ကျသော တွင်းတောင်ရွာကြီးရှိပါသည်။ ကျွန်တော်တို့ စီးလာသော လှည်းကြီးမှာ ထိုတောင်ကြီးအတွင်း ဝင်သည့် တောင်ကြားလမ်းမှ ဝင်ခဲ့ကြရာ ရာသီဥတုမှာ ချက်ချင်း ပြောင်းလဲသွားပါသည်။

တွင်းတောင်ကြီးအပြင်ဘက် လွင်ပြင်ဒေသတွင် လေပူကြီးတိုက်နေပြီး နေမှာ အလွန်ပူပြင်းလှသော်လည်း တောင်ကြီးအတွင်းရောက်သည်နှင့် တွင်းတောင်အလယ်မှ ရေကန်ကြီးနှင့် စိမ်းစိုသော စားပင်၊ သီးပင်များ

www.burmeseclassic.com



ကြောင့် ခန္ဓာကိုယ် အေးချမ်းသွားသလို မျက်စိပသာဒလည်း အေးချမ်းလှပါသည်။

တွင်းတောင်အတွင်း ကန်ကြီး၏ ပတ်ဝန်းကျင်၌ ထန်းပင်၊ အုန်းပင်နှင့် သီးနှံပင်များ ဖြစ်ထွန်းအောင်မြင်နေပြီး ငှက်ပျောပင်နှင့် ကျွဲကောပင်ကြီးများမှာ ကန်ကြီး၏ အအေးဓာတ်ကြောင့် လွန်စွာ ကြီးထွားသောအသီးကြီးများဖြင့် အောင်မြင်စွာ သီးပွင့်နေကြပါသည်။ ကန်ကြီး၏ ပတ်ဝန်းကျင်မှာ ရွာကလေးတည်ရှိနေပြီး ကန်ရေပြင်ကျယ်ဆီမှာ အစိမ်းရောင်သန်းနေပါသည်။

ကျွန်တော်တို့ အောက်ပြည်အောက်ရွာမှ ရေကန်များလို ဘဲစားသော ရေမှော်ပင်များ ဖုံးလွှမ်းနေသည်မဟုတ်ပါ။ ကမ္ဘာပေါ်တွင် အလွန်အေးဖက်ဝင်သော စပီရူလိုင်းနားခေါ် စိမ်းပြာရေညှိများ ဖုံးလွှမ်းနေပြီး ထိုရေညှိပင်များကိုစား၍ ပေါက်ဖွားလာသော တွင်းပိုးခေါ်အကောင်ကလေးများ အုပ်လိုက်၊ သင်းလိုက်၊ ကန်အတွင်း၌ သဘာဝအလျောက် ပေါက်ဖွားနေကြခြင်းဖြစ်ပါသည်။

စပီရူလိုင်းနားခေါ် စိမ်းပြာရေညှိများကို စားကြသော တွင်းပိုးကောင်ကလေးများအား လူများက ဖမ်းဆီးစားသောက်ကြသောကြောင့် အသက်ရှည်ဆေးကို မှီဝဲရသလို ဖြစ်လိမ့်မည်ထင်ပါသည်။ ဆရာမလေး တည်းခိုသောနေအိမ်သို့ ရောက်တော့ ...

''ဟယ် ... ဆရာမလေးတို့ ရွာက လာကြိုမှာပေါ့။ ဒီနေ့ ချိန်းထားတာ နေ့လယ် (၁၂)နာရီမှလေ။ ဘာကြောင့် အစောကြီးပြန်လာကြသလဲ''

''အဘ ... ဒီက ကျောင်းနေဖက်သူငယ်ချင်းတွေက မရောက်ဖူးသေးလို့ အဘတို့ တွင်းတောင်ရွာကို ခေါ်လာပြီး ပြတာပါ။ အချိန်ကလေးတုန်း ကျွန်မတို့လည်း တွင်းတောင်ရွာကလေးမှာ ဓာတ်ပုံရိုက်ချင်လို့။ အခုကျွန်မတို့သူငယ်ချင်း ဒီက (အသုံးလုံး) ကျောင်းဆရာနှစ်ဦးက ထူးကြီး မုံရွာတာဝန်ကျရာ ရွာတွေကို ပြန်ကြရမှာ။ ဒါကြောင့် စောစောစီးစီး ခေါ်လာပြီး ကျွန်မတို့ အမှတ်တရ ဓာတ်ပုံရိုက်ကြမယ်။





သူတို့လည်း နေ့လယ် (၁၂)နာရီအမီ မြို့ပေါ်ရွာကျောင်းကြီးကို ပြန်ကြရမှာ။ အဲဒါကြောင့် အဘာရယ်။ ဒီက ဆရာလေးတွေကို လက်ဆောင်ပေးချင်လို့ တွင်းပိုးကောင်အခြောက်နဲ့ ကျွဲကောသီးရယ်၊ ငှက်ပျောသီးနှစ်ပိုင်းလောက်ရယ် အဘ ရှာပေးပါဦး။ ကျွန်မတို့ ကျသလောက် ပိုက်ဆံပေးပါ့မယ်''

''အောင်မလေး ... ဆရာမလေးတို့ရယ်၊ ဆရာမလေးတို့လိုချင်ရင် ဒီတွင်းတောင်ရွာမှာ ဘယ်ပစ္စည်းမှ ဝယ်စရာမလိုပါဘူး။ အဘ အကုန်ဖန်တီးပေးပါ့မယ်။ ဆရာနဲ့ ဆရာမလေးတို့ ဓာတ်ပုံ လျှောက်ရိုက်ပြီးတာနဲ့ အသင့်ဖြစ်စေရပါမယ်။ အဲဒါကို အဘ တာဝန်ထားလိုက်ပါ''

''ဟုတ်ကဲ့ ... အဘ၊ အဲဒါဆိုရင် ဒီက ကျောင်းဆရာလေးတို့က မြို့ပေါ်ရွာကျောင်းကြီးကို အချိန်မှီပြန်ရဦးမှာမို့ သမီးတို့ အခုပဲ အမှတ်တရ ဓာတ်ပုံ ရိုက်လိုက်ဦးမယ်နော်''

ထိုစဉ်တွင် မီးဖိုခန်းထဲမှ အသက် (၆၀) အရွယ်ခန့် အဘွားကြီးတစ်ဦးထွက်လာသည်။ အဘွားကြီးဟု ဆိုရသော်လည်း ပါးရေနားရေတွန့်ခြင်း မရှိပါ။ အစောပိုင်းမှ အဘလိုပဲ အသားအရည် ဖြူစင်ဝင်းပပြီး ကျန်းမာရေးကောင်းပုံလည်း ရပါသည်။ ထိုအခါမှ မစန္ဒီက ...

''ကိုတင့်ထူးဝေ ... ဒီက အဘက ရွာလူကြီး အသက် (၇၀)ကျော်ပြီ။ ဒီက အဒေါ်ကတော့ အသက် (၆၀)ကျော် အဘသူကြီးရဲ့ ဇနီးပဲ။ သမီးနှစ်ယောက်ရှိတယ်။ အသားအရည် ဖြူစင်ဝင်းပပြီး အရမ်းချောတာ''

''အေးဗျ ... ရေမြေရာသီဥတုနဲ့ အစားအသောက်ကောင်းတော့ အဘတို့ အဒေါ်တို့ကို အသက် (၆၀)ကျော်ပြီလို့တောင် မထင်ရပါဘူး''

ထိုအခါမှ အဒေါ်ကြီးက ...

''ကျောင်းဆရာရယ် ... ဒီမှာနေသူ ရွာသူရွာသားအားလုံး ဒီအတိုင်းပါပဲ။ ရေသောက်ရင်လည်း ကန်ကြီးထဲကရေကို ဆေးအဖြစ်ပါးအဖြစ် ကျိုပြီး သောက်ကြတယ်။ ကန်ကြီးထဲကထွက်တဲ့ ရေကိုသောက်ပြီး စိုက်ပျိုးထားသမျှ အပင်တွေက ကြီးတဲ့အသီးအနှံတွေက ဆေးဖက်ဝင်

www.burmeseclassic.com



တာချည်းပဲ။ ကန်ကြီးထဲကရေက ဆေးနံ့ရှိတော့ တချို့လူတွေက မသောက်နိုင်ကြဘူး။ အဲဒါကြောင့် ကန်ကြီးဘေး အနီးအနားမှာ ရေတွင်းတူးပြီး သောက်ကြတယ်။ အဲဒီရေတွင်းရေတွေကတော့ ဆေးနံ့မနံဘူး။ အလွန်ကြည်လင်ပြီး အေးမြတယ်။

အဘတို့ အဒေါ်တို့က ကန်ကြီးထဲကထွက်တဲ့ တွင်းပိုးတွေစားကြတော့ ဆေးဖက်ဝင်လို့ အသက်ရှည်ပြီး ကျန်းမာရေးကောင်းကြတယ်ဆိုပေမယ့် ရွာဦးကျောင်းက ကျောင်းထိုင်ဆရာတော်ကြီး ဦးနန္ဒမာလာဆိုရင် သတ်သက်လွတ်စားပြီး ဒီရွာကထွက်တဲ့ အသီးအနှံတွေကိုသာ ဘုန်းပေးတာကြောင့် အခု သက်တော် (၇၀)၊ ဝါတော် (၆၀)ပြည့်ပြီ ဖြစ်ပေမယ့် ဆရာတော်ကို ဖူးတွေ့ရတာဟာ သက်တော် (၄၀) ကျော် (၅၀)အတွင်းလို့ပဲ အောက်မေ့ရတယ်။ အသားအရည်ကလည်း ဖြူဝင်းနေပြီး မျက်စိ၊ နားတွေ မမှဲသေးဘူး။ ကျန်းမာရေးကလည်း ဒေါင်ဒေါင်မြည်ပဲ။ ဒါကြောင့် အဒေါ်တို့ကတော့ ဒီတွင်းတောင်ကန်ကြီးကို ကျေးဇူးရှိတဲ့ ရေကန်ကြီးအဖြစ် သဘောထားကြတယ်။

တွင်းတောင်နဲ့ ရေကန်ကြီးကို စောင့်ရှောက်တဲ့ အပိုင်အဆိုင်နတ်ဒေဝါတွေကိုလည်း လပြည့်၊ လကွယ်နေ့တွေမှာ မုန့်ဖြူ၊ မုန့်နီ၊ သစ်သီးဝလံတွေနဲ့ ပူဇော်ပ,သကြတယ်။ တစ်နှစ်တစ်ခါမှာလည်း တွင်းတောင်အဘိုးနဲ့ အစောင့်အရှောက်တွေကိုလည်း ပွဲတော်လုပ်ပြီး ပူဇော်ကြတယ်။ ဒါကြောင့် အဒေါ်တို့ရွာကလေးက အလွန်အေးချမ်းပါတယ်''

''ဟုတ်ကဲ့ . . . အဒေါ်၊ အခုလို ကြားရတာ ဝမ်းသာပါတယ်။ ကျွန်တော်တို့ကြားဖူးသလို ပြောရမယ်ဆိုရင် ဒီတွင်းတောင်ကန်ကြီးဟာ ကမ္ဘာပေါ်မှာတောင် ရှားပါးပြီး အလွန်ဆေးဖက်ဝင်တဲ့ စိမ်းပြာရေညှိခေါ် စပီရူလိုင်းနား သဘာဝအသက်ရှည်ဆေးဝါးတွေကို ထုတ်လုပ်နေတာပါ။ ဒီရေကို အမြဲတမ်း ကျိုချက်သောက်တော့ ကျန်းမာရေး ကောင်းပြီး ဒီရေဒီမြေမှာ စိုက်ပျိုးထားတဲ့ အသီးအနှံတွေကို စားတော့ အသက်ရှည်တာပေါ့။

ဒီကန်ကြီးထဲကထွက်တဲ့ တွင်းပိုးကောင်တွေဟာလည်း ဒီကန်ကြီးထဲကရေကို သောက်တာကြောင့် ဆေးဖက်ဝင် အကောင်ကလေးတွေ ဖြစ်





လာတာပေါ့။ ကျောင်းထိုင်ဆရာတော်ကြီးက ဒီရေ ဒီမြေမှာနေပြီး သတ်သတ်လွတ်စားတာကြောင့် ပိုပြီး နုပျိုဟန်တူပါတယ်''

''ဟုတ်လိမ့်မယ်ကွယ့် . . . သမီးတို့၊ သားတို့လည်း သွားရင်းလာရင်း ကန်ထဲကို အမှိုက်မပြစ်ကြနဲ့၊ ဖိနပ်နဲ့ မဆင်းကြနဲ့၊ နောက်ပြီး အပြောအဆို အနေအထိုင် မကြမ်းကြနဲ့ကွယ့်။ ကန်စောင့်အဘိုးက မကြိုက်ဘူးလို့ အဒေါ်တို့ အယုံအကြည် အစွဲအလမ်းရှိကြတယ်။

ဒါကြောင့်လည်း အဒေါ်တို့ရွာက အပျိုတွေ၊ လူပျိုတွေဟာ အချင်းချင်းပင် လက်ထပ်ပေါင်းသင်းကြတယ်။ တခြားရွာက ရွာသူရွာသားတွေနဲ့ ကြိုက်ရင်တော့ တစ်ခါတည်း လိုက်သွားပေတော့။ ဒီရွာထဲကို အလည်အပတ်ကလွဲပြီး ညအိပ်ညနေတောင် နေခွင့်မရှိဘူးကွယ့်။ အဘိုးက မကြိုက်ဘူး။ ဒါကြောင့်လည်း အဒေါ်တို့ရွာမှာ လူတိုင်းဟာ သန့်ရှင်းဖြူစင်ပြီး ရုပ်ရည်တွေက တစ်ဦးနဲ့တစ်ဦး တူသလိုဖြစ်နေကြတာ''

''ဟုတ်ကဲ့ပါ . . . အဒေါ်။ ကျွန်တော်တို့ အချိန်မရလို့ ကန်ကြီးပတ်လည်မှာ အမှတ်တရ ဓာတ်ပုံရိုက်ပါရစေ။ ခွင့်ပြုပါခင်ဗျား''

''အေးကွယ် . . . အပြန်ကျရင်တော့သာ အဒေါ်တို့အိမ်မှာ ထမင်းစားပြီးမှ ပြန်ကြကွယ်။ အဒေါ် အသင့်စီစဉ်ထားလိုက်မယ်''

''နေပါစေ . . . ဒေါ်ဒေါ်၊ ကျွန်တော်တို့ မဆာသေးပါဘူး။ အချိန်ကလည်း စောပါသေးတယ်။ ဒီရွာရောက်တန်း ဆေးဖက်ဝင်တဲ့ အစားအစာတွေကိုစားပြီး ပြန်ကြမှာပါ။ မြို့ပေါ်ရွာ အထက်တန်းကျောင်းကြီးမှာ ကျွန်တော်တို့ တာဝန်ကျရာရွာတွေက လာကြိုမယ့်လှည်းကို စောင့်ရင်း နေ့လယ်စာ စားကြရမှာပါ''

''အေးကွယ် . . . အဲဒါဆိုရင်လည်း အဒေါ်တို့က တွင်းပိုးခြောက်ပါတဲ့ လက်ဖက်အစုံသုပ်ရယ်၊ သဘော်သီး၊ ကျွဲကောသီး၊ ငှက်ပျောသီးတွေနဲ့ ဧည့်ခံရအောင် အဆင်သင့်ပြင်ထားပါ့မယ်''

''ဟုတ်ကဲ့ . . . ဒေါ်ဒေါ်၊ ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်''

ထို့နောက် ကျွန်တော်က မမြစိမ်းတို့ သူငယ်ချင်းအဖွဲ့အား နောက်ခံမြင်ကွင်းကောင်းရာ နေရာများတွင် အမှတ်တရဓာတ်ပုံများ ရိုက်ပေးကြ

www.burmeseclassic.com



ပါသည်။ ကန်ရေထဲတွင် ပေါက်ရောက်ပြီး လွန်စွာသန်စွမ်းလှသည့် ထန်းပင်ကြီးများ နောက်ခံဖြင့်လည်းကောင်း၊ တွင်းတောင်ကန်ကြီး၏ အနောက်ဘက် ကျောက်စွန်းပေါ်တွင် တည်ထားသော ထုံးဖြူဖြူ ဘုရားစေတီကလေးအား နောက်ခံပြု၍လည်းကောင်း၊ ထို့အပြင် ကန်ကြီး၏ ကမ်းစပ်၌ စိုက်ပျိုးထားသော လွန်စွာကြီးမားပြီး ဖြစ်ထွန်းလှသည့် ကျွဲကောပင်၊ ငှက်ပျောပင်ကြီးများနှင့် အသီးအနှံပင်များ အကြားတွင်လည်းကောင်း၊ မမြစိမ်းတို့သူငယ်ချင်းများအား အမှတ်တရ ဓာတ်ပုံရိုက်ပေးခဲ့ပါသည်။

ဓာတ်ပုံများ ရိုက်ပြီးသော်လည်း မမြစိမ်းတို့တည်းခိုရာ သူကြီးအိမ်တွင် ခေတ္တနားပြီး အိမ်ရှင်များမှ စေတနာဖြင့် ကျွေးမွေးသော လက်ဖက်သုပ်နှင့် အသီးအနှံ လတ်လတ်ဆတ်ဆတ်တို့ကို စားသုံးကြရပါသည်။ ကန်ရေဖြင့် ကျိုထားသော ရေနွေးကြမ်းမှာ ဆေးနံ့ကလေး မွှေးနေသော်လည်း ချို၊ ချဉ်၊ ဖန်၊ ခါး အရသာပြောင်းလဲခြင်းမရှိပါ။

စားသောက်ပြီးနောက် ကျွန်တော်တို့က သူကြီးနှင့် သူကြီးကတော်လက်ဆောင်ပေးသော ငှက်ပျောခိုင်များနှင့် ကျွဲကောသီး၊ တွင်းပိုးခြောက်များအတွက် ငွေကြေးအဖိုးအခ ပေးသော်လည်း ၎င်းတို့က သွင်သွင်ငြင်းဆန်ကြပါသည်။ ထို့ကြောင့် ကျွန်တော်တို့ ကျေးဇူးတင်စွာဖြင့် အစီအရီထိုင်ကြပြီး ရိုသေစွာ ကန်တော့ကြပါသည်။ ဆုများကို ဝေနေအောင် ပေးကြပါသည်။

မြန်မာလူမျိုး ဗုဒ္ဓဘာသာအညာသူ၊ အညာသား ဖြစ်ကြသော်လည်း တခြားရွာသူရွာသားများဖြင့် ရောယှက်ခြင်း၊ မရှိကြသောကြောင့် သီးခြားဆန်သော လူမျိုးစုတစ်စု ဖြစ်၍နေပါသည်။ ကျွန်တော် နိုင်ငံခြားမှ သိပ္ပံနှင့် လူမှုရေးမဂ္ဂဇင်းများကို ဖတ်ဖူး၍ သိရှိရသည်ကတော့ မျိုးဆက်ခြင်းနီးလွန်းသော လူမျိုးစုအချင်းချင်း အိမ်ထောင်ပြုပါလျှင် သီးသန့်လူမျိုးစုကြီးဖြစ်ပြီး ဦးနှောက်ရည်ပင် နိမ့်ပါးတတ်ကြောင်း ဦးနှောက်မဖွံ့ဖြိုးခြင်းကြောင့် ဉာဏ်ရည်မမှီသူ (စိတ္တဇ)ဆန်သူများ၊ 'ဦးနှောက်ကျပ်မပြည့်သူများ မွေးဖွားလာတတ်ကြောင်း ဖတ်ဖူးမှတ်ဖူးပါသည်။





မြန်မာဘုရင်များလက်ထက်ကလည်း ဤကဲ့သို့ပင် ဆွေမျိုးနီးစပ်တော်သူ ဝမ်းကွဲညီအစ်ကိုမောင်နှမအား လက်ဆက်ပေးစားခြင်းကြောင့် ဦးနှောက်ကျပ်မပြည့်သူများ မွေးဖွားခဲ့ကြတယ်။ ထွန်းပေါက်အောင်မြင်သူများ ရှားပါးခဲ့ကြောင်း သိရှိရဖူးပါတယ်။

ထို့အပြင် ဗိသနိုးဘုရင်မ ပန်ထွာမင်းသမီးအား သရေခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းကြီးက ပန်ထွာပြည်ကြီးအား တိုက်ခိုက်ဖျက်ဆီးပြီး ဘုရင်မအား သိမ်းပိုက်၍ အသိပညာနဲ့ အတတ်ပညာရှင်များအား သရေခေတ္တရာသို့ ဖမ်းဆီးခေါ်သွားသွားပြီး လျှို့ဝှက်စွာ တစ်သီးတခြားနေထိုင်ခဲ့တယ်။ အိမ်ထောင်ပြုချင်ကြသောကြောင့် ယခုအခါ ဗိသနိုးမြို့ဟောင်းအနီးရှိ မျိုးဆက်ကျန်ရွာဟူသော ရွာမှ ရွာသူရွာသားများမှာ ပုံစံပြောင်းနေပြီး အတွေးအခေါ် အယူအဆမှာလည်း သာမန်လူများနှင့် မတူဘဲ ထူးခြားနေသည်ဟု သိရပါသည်။

ထို့ကြောင့် ဂျာမနီပြည် နာဇီခေါင်းဆောင် စစ်အာဏာရှင်ဟစ်တလာလက်ထက်တွင် ဦးနှောက်ကောင်းသော မျိုးဆက်သစ်များ ပေါက်ဖွားလာရန်အတွက် ကမ္ဘာကျော် သိပ္ပံပညာရှင် အဖိုနှင့်အမတို့အား ဖမ်းဆီးပြီး လျှို့ဝှက်စွာ မျိုးဆက်သစ် လူချွန်လူကောင်းများ ဖြစ်လာစေရန် ဖန်တီးခဲ့ကြောင်းကိုလည်း ကျွန်တော် ဖတ်ဖူးမှတ်ဖူးပါသည်။

ယခုလည်း တွင်းတောင်ရွာမှာ မိမိတို့၏ ရွာသူရွာသားများ အချင်းချင်းကိုသာ လက်ဆက်ပေးစားသည်ဆိုသောကြောင့် နောင်နှစ်ပေါင်းကြာသောလျှင် ဗိသနိုးမြို့ဟောင်းက မျိုးဆက်ကျန်ရွာရှိ ရှေးဟောင်းလူမျိုးများကဲ့သို့ ဖြစ်သွားမည်ကို စိုးရိမ်မိပါသည်။

ကျွန်တော်တို့ ငှားလာသော မြို့ပေါ်ရွာမှ လှည်းဖြင့်ပင် ပြန်ခဲ့ကြပါသည်။ တွင်းတောင်ရွာထဲက ထွက်လိုက်သည်နှင့် အညာနေပူဒဏ်ကို ရှိန်းမြှမြ ခံစားရပါသည်။ ကွင်းပြင်သို့ ရောက်သောအခါ၌လည်း နေပူရှိန်သာမက လေပူကြီးကလည်း ဆီးကြို၍ ဖေ့ယမ်းပြီး တိုက်ခတ်နေပါသည်။ မဝေးလှသော ခရီးဖြစ်သော်လည်း အညာဒေသ ကွင်းပြင်၏ နေပူဒဏ်၊ လေပူဒဏ်ကို အတော်ခံစားလိုက်ရပါသည်။

www.burmeseclassic.com



ကျွန်တော်တို့ မြို့ပေါ်ရွာတည်းခိုသည့် အထက်တန်းကျောင်းကြီးသို့ ရောက်ရှိချိန်ရောက်မှ ကျွန်တော်တို့အားလာကြိုသည့် ထူးကြီးရွာမှ သူကြီးသားအဖ၏ လှည်းဆိုက်ရောက်လာပါသည်။ နွားပိန်ကလေးများမှာ လွန်စွာ မောပန်းနေသောကြောင့် ရေတိုက်၊ အစာကျွေးပြီး ညောင်ပင်ကြီးအောက်မှာ အနားပေးပြီး လှန်ထားရပါသည်။

မြို့နယ် (အသုံးလုံး) ကော်မတီအစီအစဉ်ဖြင့် ကျွန်တော်တို့ ကျောင်းဆရာများကိုသာမက တာဝန်ကျရာ ရွာများမှ လာကြိုကြသော လှည်းသမားများနှင့် သူကြီးများကိုလည်း နေ့လယ်စာ ကျွေးမွေးညှေခံသောကြောင့် ကျွန်တော်တို့အဖွဲ့ အတူတွဲ၍ ထမင်းလက်ဆုံ စားကြရပါသည်။ နေ့လယ်စာ စားပြီးတော့လည်း နွားများ ပင်ပန်းလွန်းသောကြောင့် အညာနေပူအောက်တွင် မပြန်ကြသေးဘဲ နေစောင်းမှ ပြန်ကြရန် စီစဉ်ထားပါသည်။

ကျွန်တော်တို့ ရွာပြန်ကြမည့်လမ်းမှာ ကွင်းပြင်နဲ့ တောင်ကုန်းသာ သစ်ပင်ကြီးကြီးပင်မရှိ။ ထို့ကြောင့် အလင်းရောင်က ရှိနေပြီးဖြစ်သည်။ ညဘက်ရောက်ချိန်တော့ ကြယ်ရောင်နဲ့ လရောင်တော့ရှိမှာ ကောင်ဖြစ်ပါသည်။ လမ်းမှားစရာလည်း မရှိပါ။ ဤခရီးဤလမ်းမှာ ဝေးကွာလှသော်လည်း တစ်လမ်းတည်းသာ ရှိပါသည်။

ထို့ကြောင့် ကျွန်တော်တို့ စားသောက်ပြီးသော်လည်း နွားများအား အနားပေးထားရာ အနီးရှိ ညောင်ပင်ကြီးအရိပ်အောက်တွင် ဖွင့်လှစ်ထားသော လက်ဖက်ရည်ဆိုင်တွင် ထိုင်ပြီး အချိန်ဖြုန်းကြပါသေးသည်။

✿ ✿ ✿

❑

ညနေ (၃) နာရီအချိန်ခန့် အချိန်ရောက်မှ နွားများအား ရေတိုက်ပြီး ကျွန်တော်တို့ စတင်၍ ခရီးထွက်ခဲ့ပါတော့သည်။ လှည်းပေါ်တွင် ပါလာသော ငှက်ပျောခိုင် နှစ်ခိုင်နှင့် ကျွဲကောသီးများ တွင်းတောင်ပိုးခြောက်များတို့တော့ အဘသူကြီးတို့ မိသားစုအတွက် လက်ဆောင်အဖြစ် ပေးလိုက်ပါတော့သည်။ လှည်းမောင်းရင်း တောင်တက်ရင်း နေညိုလာပါသည်။ နေညိုသာမှ နွားများမှာ အပူဒဏ်မှ သက်သာရာရသောကြောင့် အညာလေ နွေးနွေး၌ပင် သက်သက်သာသာဆွဲရုန်း၍ ပုံမှန်အနေအထားဖြင့် သွားနေကြပါသည်။ လှည်းကိုလည်း မြန်မြန်မမောင်းစေဘဲ ဖြည်းဖြည်းသာ မောင်းစေသောကြောင့် နွားများလည်း သက်သာပြီး ကျွန်တော်တို့လည်း ညနေချမ်း လေကလေးတဖြူးဖြူးအောက်၌ ဖိမ်ခံ၍ လှည်းစီးခဲ့ကြပါတော့သည်။

မြို့ပေါ်ရွာမှ နေကျချိန်တွင် နွားများအား သက်သာစေရန် ထွက်ခဲ့ကြသောကြောင့် ကျွန်တော်တို့ ထူးကြီးရွာသို့ရောက်တော့ ည (၈)နာရီပင် ကျော်ပါပြီ။ ထို့ကြောင့် ခေတ္တခဏနားနေပြီးမှ ရေမိုးချိုးကြသည်။ အဘသူကြီးက ရေချိုးနောက်ကျခြင်းကြောင့် ဆေးဖြစ်ဝါးဖြစ်ဟုဆိုကာ ငှက်ခါးတောင် ထန်းရေခါးခါးကို တိုက်ပါသည်။ ကျွန်တော်တို့မှာ ရဟန်းကြီးကြိုက်ထန်းရည်ချိုလောက်သာ သောက်သုံးသောကြောင့် အဘသူကြီးတိုက်သော ငှက်ခါးတောင်ထန်းရည်ခါးမှာ အတော်အဝင်ဆိုးပါသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



သို့သော် ထိုထန်းရည်ခါးကို သောက်ပြီးနောက် ခရီးပမ်းလာသမျှ အနွမ်းပြေပြီး ညစာထမင်းလည်း အလွန်စား၍ ကောင်းပါသည်။ ထမင်းစား ပြီးတော့လည်း ယခင်ညများကလို စုစုဝေးဝေး စကားစမြည် ရှည်ရှည်ဝိုင်းဖွဲ့၍ မပြောနိုင်တော့ပါ။

မျက်စိက မဖွင့်ချင်တော့လောက်အောင် အိပ်ချင်သောစိတ်ကြောင့် ရပ်ရွာလူကြီးများနှင့် စကားစမြည်ပြောဆိုရင်း အိပ်ပျော်ခဲ့ပါတော့သည်။ နောက်ဆုံး အမှတ်မထင် အဘသူကြီးတို့ ပြောတတ်သောစကားကတော့ ကျောင်းဆရာကလေး ထန်းရည်မူးပြီး အိပ်ပျော်သွားသည်ဟူ၍သာ ဖြစ်ပါသည်။ တော်ပါသေးသည်။ ထိုနေ့ညက (အသုံးလုံး) သင်တန်းမရှိသောကြောင့် ကျွန်တော်တို့ ရှုပ်ပျက်ဆင်းပျက် မဖြစ်ခဲ့ရပါ။

ထူးကြီးရွာမှ ရွာသူရွာသား မိန်းမယောက်ျားတိုင်း ထန်းရည်ခါးကို သောက်ကြသည်ဟု ကျွန်တော်တို့အား အဘသူကြီးက ပြောဖူးဆိုဖူးပါသည်။ သို့သော် ကျွန်တော်တို့အနေဖြင့် အတွေ့အကြုံနည်းသေးသောကြောင့် ထန်းရည်ခါးသောက်ပြီး အမူးလွန်၍ အိပ်ပျော်ကြခြင်းဖြစ်ပါသည်။ ဤသည်က (အသုံးလုံး) လုပ်အားပေးစဉ် ထူးကြီးတောင်ပေါ်ရွာကလေး၌ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကလေးပင် ဖြစ်ပါတော့သည်။

ကျွန်တော်တို့ ရွာများဖြစ်ကြသည့် ထူးကြီးရွာနှင့် မုံထူးရွာတို့မှ (အသုံးလုံး) စာသင်ဝိုင်းများမှာ အရှိန်ရနေပြီဖြစ်ပါသည်။ မနက်ပိုင်းတွင် မနက်စောစော စားသောက်ပြီးသည်နှင့် ကျွန်တော်တို့ ဆရာနှစ်ယောက်စလုံး မုံထူးရွာသို့ သွားကြသည်။ (အသုံးလုံး) စာသင်ကြားမည့် သင်တန်းသားများအား မွန်းမတည့်မီ (၁၁)နာရီထိ စာသင်ကြားပေးပြီးမှ ထူးကြီးရွာသို့ပြန်၍ နေ့လယ်စာစားသည်။

ညနေပိုင်းတွင် (၅)နာရီခွဲခန့်၌ ညနေစာစောစောစားပြီး (အသုံးလုံး) သင်တန်းကို ညနေ (၆) နာရီတွင်စပြီး ည (၉)နာရီအချိန်တွင် သင်တန်းပြီးဆုံးပါသည်။ ထိုအချိန်ဖယားများမှာ ကျွန်တော်တို့ နေ့စဉ်ထမ်းဆောင်သော အချိန်ဖယားများဖြစ်ပါသည်။ ကြားထဲတွင် ပိတ်ရက်ဟူ၍ မရှိပါ





(၄၅)ရက်ကြာ (အသုံးလုံး) သင်တန်းများ သင်ကြားရာတွင် တကြားရွာများနှင့်တန်းတူ အမှီလိုက်နိုင်စေရန်အတွက် ကြိုးစားရခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ စာသင်ကြားရသော သင်တန်းသားများမှာ သတ်ကြီးရွယ်အိုများမှာ အများဆုံးဖြစ်သောကြောင့် လူငယ်လူရွယ်များလို မှတ်ဉာဏ်မကောင်းကြပါ။ သို့သော် သူတို့မှာ အသက်ကြီးသောကြောင့် ဘဝအတွေ့အကြုံများကြပါသည်။ ထို့ကြောင့် တွန်းအားပေးပြီး စာသင်လိုစိတ်ဖြစ်လာစေရန် ရောင်စုံဓါတ်ပုံများပါသော စာစောင်များကိုလည်း စိတ်ပါဝင်စားစေရန် ပြသပြီး သိလိုစိတ် ဖြစ်ပေါ်လာစေရန်အတွက်လည်း ကြိုးစားရပါသေးသည်။ (၄၅)ရက်ဟူသော စာသင်ချိန်ကာလမှာ အလွန်တိုတောင်းပါသည်။

ထို့ကြောင့် အရေးအဖတ်အတွက်ဟူသော (အသုံးလုံး) စာများသင်ကြားရာတွင် သင်တန်းသားများ စိတ်ပါဝင်စားစေရန် ပြသပြီး သိလိုစိတ်ဖြစ်ပေါ်လာစေရန် အတွက်လည်း ကြိုးစားရပါသေးသည်။ (၄၅)ရက်ဟူသော စာသင်ချိန်ကာလမှာ အလွန်တိုတောင်းပါသည်။ ထို့ကြောင့် အရေးအဖတ်အတွက်ဟူသော (အသုံးလုံး) စာများသင်ကြားရာတွင် သင်တန်းသားများ စိတ်ပါဝင်စားစေရန်အတွက် အတော်ပင် စည်းရုံး၍ သင်ကြားရပါသည်။

အချို့သော သင်တန်းသားများက အရှိန်မြင့်လာသည်နှင့်အမျှ စိတ်စားမှု ပိုမိုလာကြသော်လည်း အချို့သော သင်တန်းသားများက အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခြေအနေများကြောင့် စာသင်ကြားရာတွင် စိတ်ဝင်စားမှု နည်းပါးသွားတတ်ကြပါသည်။ ထိုအခြေအနေမျိုးကိုလည်း ကျွန်တော်တို့က လေ့လာသိရှိပြီး အကူအညီပေးရပါသည်။

ထို့အပြင် ဖျားနာသူနှင့် မျက်စိဝေဒနာရှိသူများကိုလည်း ကျွန်တော်တို့တွင်ပါလာသည့် ဆေးများဖြင့် တယုတယ ကုသပေးရပါသည်။ ထို့ကြောင့်လည်း စာသင်သားများမှာ ကျွန်တော်တို့ (အသုံးလုံး) ဆရာများအား လေးစားပြီး အားနာသမှုဖြင့် ကြိုးစားပြီး စာသင်ကြားကြပါသည်။ တစ်လပြည့်သောအချိန်တွင် အတော် အခြေအနေ ကောင်းနေပြီဖြစ်ပါသည်။

www.burmeseclassic.com



အများစုမှာ အရေးအဖတ်အတွက် အတော်ကျွမ်းကျင်နေကြပြီး အနည်းစုသာ မသေမချာ မရေမရာဖြင့် ဇဝေဇဝါဖြစ်နေကြပါသည်။ ထို့ကြောင့် ကျွန်တော်နှင့် (အသုံးလုံး)ကျောင်းဆရာ ကိုတင်ရွှေတို့ သင်တန်းသားများအား နှစ်ပိုင်းခွဲ၍ ဖိဖိစီးစီး သင်ကြားကြရပြန်ပါသည်။ အများစုအား ကျွန်တော်က စာသင်ကြားသော အချိန်တွင် စာမလိုက်နိုင်သော အနည်းစုအား ကိုတင်ရွှေက သီးသန့်သင်ပေးပါသည်။

ထို့အပြင် မုံထူးရွာမှ မနက်ပိုင်း စာသင်ကြား၍ ပြန်လာပြီး နေ့လယ်ထမင်းစားပြီးသည်နှင့် စာမလိုက်နိုင်သော သင်တန်းသားများအား ကျွန်တော်တို့က နေ့လယ်စာ ရေနွေးကြမ်းဝိုင်းကလေးလုပ်၍ စားရင်းသောက်ရင်းရင်းနှီးစွာ စာသင်ပေးရပြန်ပါသည်။ ထို့ကြောင့် စာမလိုက်နိုင်သူများမှာ သဘောပေါက်လာပြီး အများနဲ့တန်းတူ အဆင့်မှီလာကြပါသည်။

ကျွန်တော်တို့ရွာမှာ အစွန်အဖျား တောင်ကုန်းပေါ်မှ ရွာကလေးများဖြစ်ကြသောကြောင့် အခြားရွာကလေးများဖြင့်လည်း အလှမ်းဝေးလွန်းလှပါသည်။ ထို့ကြောင့် နေ့လယ်နေ့ခင်း အားလပ်ချိန်များတွင်လည်း တခြားရွာများသို့ သွားရောက်လည်ပတ်ရန် မကြိုးစားတော့ဘဲ တာဝန်ကျရာ ရွာအတွင်း၌သာ လည်ပတ်ရင်း (အသုံးလုံး) ကိစ္စကိုသာ ဖိဖိစီးစီးကြိုးပမ်းနေရပါတော့သည်။ ရက် (၄၀) ပြည့်သော အချိန်တွင် မြို့နယ် (အသုံးလုံး) ကော်မတီမှ စစ်ဆေးရေးဆရာများ ရောက်ရှိလာကြပြီး သင်တန်းသားများအား စစ်ဆေးကြပါသည်။

ထိုနေ့ကလည်း စာစစ်သူများ မုံထူးရွာသို့ သွားရောက်စစ်ဆေးပါက အချိန်နောက်ကျမည်စိုးသောကြောင့် မုံထူးရွာမှ စာသင်သားများအား ထူးကြီးရွာသို့ ကြိုတင်ခေါ်ဆောင်ထားပြီး အစစ်ဆေးခံရခြင်းဖြစ်ပါသည်။ ရွာ (၂) ရွာလုံးရှိ စာသင်သားများမှာ အားရကျေနပ်ဖွယ်ရာ အရေးအဖတ်အတွက် သင်ခန်းစာများအား ကြေညက်ကြသောကြောင့် ကျွန်တော်တို့ စာသင်ပေးသော ဆရာများနှင့် ရပ်ရွာအုပ်ချုပ်သူ လူကြီးများ စိတ်ချမ်းသာကြရပါသည်။





(အသုံးလုံး)ကော်မတီမှ စစ်ဆေးပြီးသောအချိန်တွင် ကျွန်တော်တို့၏ တာဝန်ပြီးဆုံးသည်ဟု ဆိုရန်ရှိသော်လည်း အားနေသောရက်များတွင် ကျွန်တော်တို့ဆရာနှစ်ဦး အချိန်များကို အလကားမဖြုန်းလိုပါ။ ထို့ကြောင့် အုပ်စုဖွဲ့၍ စာသင်ပေးခြင်း၊ မပြုတော့သော်လည်း တစ်ရွာလုံးရှိ စာသင်သားများရှိရာ အိမ်များသို့ လှည့်လည်ပြီး စာဖတ်ရှိန် မကျဆင်းသွားဘဲ တိုးမြှင့်စေရန်အတွက် လှည့်လည်သင်ကြားပေးရပြန်ပါသည်။

ကျွန်တော်တို့ တည်းခိုနေသော ထူးကြီးရွာတွင် လိုက်လံစာသင်ပေးရသည်မှာ နေ့ရှည်ရှည် တစ်ရွာတည်း အတူနေထိုင်သောကြောင့် ပြဿနာဟူ၍ မရှိသော်လည်း မုံထူးရွာသို့ သွားရောက်၍ စာသင်ကြားရသည်မှာ အခက်အခဲရှိပါသည်။ မုံထူးရွာမှာ ဆင်းရဲလှသောကြောင့် ကျွန်တော်တို့ဆရာများအား နေ့လယ်စာ ထမင်းကျွေးရန် အခက်အခဲရှိပါသည်။

ထို့ကြောင့် မုံထူးရွာတွင် တစ်နေကုန် မနေနိုင်ဘဲ ထမင်းစားချိန်တွင် ထူးကြီးရွာသို့ အညာနေပူထဲ အမြန်ပြန်ပြေးရသည်မှာ လွန်စွာ ပင်ပန်းလှပါသည်။ သို့သော် ကျွန်တော်တို့၏ ခံယူချက်အတိုင်း အရေးအဖတ်အတွက် (အသုံးလုံး) လုပ်ငန်းများ အောင်မြင်နေပြီ ဖြစ်သောကြောင့် ပင်ပန်းသည်ဟုမထင်ဘဲ ဝမ်းသာကြည်နူးကြရပါသည်။

(၄၅) ရက်ပြည့်သောနေ့တွင် (အသုံးလုံး) ကျေသင်တန်းဆင်းပွဲကျင်းပပြီးနောက် ကျွန်တော်တို့အား မြို့နယ် (အသုံးလုံး) ဗဟိုကော်မတီ၏ ညွှန်ကြားချက်အတိုင်း မြို့ပေါ်ရွာသို့ ပြန်ဆင်းခဲ့ကြပါတော့သည်။ ထိုအခါကျမှ ရွာသူရွာသားများ၏ သံယောဇဉ်ကို သိရပါတော့သည်။ တစ်ရွာလုံး ငိုယိုကျသည်။ အမှတ်တရလက်ဆောင်များ ပေးကြသည်။

တန်ဖိုး မရှိသော်လည်း စေတနာအရင်းခံသော လက်ဆောင်ပစ္စည်းများဖြစ်သောကြောင့် ကျွန်တော်တို့က ဝမ်းမြောက်ဝမ်းသာ သူတို့ ကျေနပ်စေရန် လက်ခံရပါသည်။ လက်ဆောင်ပစ္စည်းများကတော့ ထန်းရွက်ဖြင့် ရက်ထားသော ဦးထုပ်များ၊ ထန်းကြောဖျာနှင့် ထန်းလျက်ခဲများ၊ ပဲအမျိုးမျိုးတို့ ဖြစ်ပါသည်။

www.burmeseclassic.com



ကျွန်တော်တို့အဖွဲ့ မြို့ပေါ်ရွာအုပ်စုသို့ ပြန်ရောက်ကြတော့ မမြစိမ်းတို့အဖွဲ့ ပြန်ရောက်နေကြပြီ ဖြစ်ပါသည်။ သူတို့ကတော့ စိမ်းလန်းစိုပြည်သော အသီးအနှံ၊ လက်ဆောင်ပစ္စည်းများစွာနှင့်ပင် ဖြစ်ပါသည်။ အညာကျေးရွာများမှ စေတနာ၊ သဒ္ဓါတရား တူညီကြမည်ဖြစ်သော်လည်း ရွာများ၏ ပေါကြွယ်မှုနဲ့ ပါးရှားမှုတို့က အဆင့်အတန်းကို ခွဲခြားသလို ဖြစ်နေသည်ကို ကျွန်တော်တို့ သဘောပေါက်ရပါသည်။

ထိုနေ့ညက မြို့ပေါ်ရွာကျောင်းကြီးတွင် မြို့နယ်(အသုံးလုံး) ကော်မတီက အကျွေးအမွေးများဖြင့် ညှိခံပြီး ဂုဏ်ပြုလက်မှတ်များလည်း ပေးပါသည်။ အဆို၊ အကများဖြင့်လည်း ဖျော်ဖြေညှိခံပါသည်။ ည (၉)နာရီတွင် အခမ်းအနားပြီးမှ ကျွန်တော်နှင့် မမြစိမ်းတို့တွေ့ဆုံပြီး လွတ်လပ်စွာ စကားပြောရပါတော့သည်။

ကျွန်တော်က ...

"မမရေ ... ပျော်ရဲ့လား။ တစ်နှစ်လည်း ပြီးသွားပြန်ပြီ။ နောင်နှစ်ဆို ကျွန်တော်လည်း နောက်ဆုံးနှစ်၊ မမလည်း နောက်ဆုံးနှစ်ဆိုတော့ ဘွဲ့ယူ စာတန်းပြုစုရမှာမို့ (အသုံးလုံး) လုပ်အားပေး လိုက်လို့ရတော့မှာ မဟုတ်ဘူး။ ဒါကြောင့် ဒီနှစ်နောက်ဆုံးနှစ်ပဲ ထင်ပါရဲ့"

"ဟုတ်တယ် ... မောင်လေး။ ဘာလိုလိုနဲ့ မမတို့လည်း နောက်တစ်နှစ်ပြီးတာနဲ့ အလုပ်ကိုယ်စီ ဝင်ကြရတော့မယ်။ အဲဒီ ရှေ့ရေးအကြောင်းကို စဉ်းစားမိရင် မမတော့ မပျော်ဘူး။ အခုလို ရပ်ရွာနဲ့ဝေးပြီး မိဘတွေနဲ့ ခွဲနေရတဲ့အချိန်မှာ စိတ်ညစ်စရာရှေ့ရေးကို မတွေးတော့ဘဲ ပျော်ပျော်နေလိုက်တော့ စိတ်ချမ်းသာရပါတယ်။ မောင်လေးကရော စိတ်ချမ်းသာရဲ့လား"

"ကျွန်တော်ကတော့ ပညာဒါန မျှဝေတဲ့သဘောနဲ့ (အသုံးလုံး) ဒီလုပ်ငန်းကို စေတနာပါပါလုပ်ဖို့ ထွက်ခဲ့တာပါ။ အပျော်သဘောနဲ့ မဟုတ်ပါဘူး။ ဒေသန္တရ ဗဟုသုတရလိုတဲ့ ဆန္ဒတော့ ပါတာပေါ့ဗျာ။ ဒါကြောင့်လည်း တခြားကျောင်းသားတွေ မသွားလိုတဲ့ ရှားပါးပြီး ဝေးလံတဲ့ ရွာစွန်ရွာများ ဆင်းရဲတဲ့ရွာကလေးတွေကို ရွေးပြီး ဇော်လံတီယာ လုပ်သွားခဲ့တာပါ။





အနေအစားကတော့ သူများရွာတွေနဲ့ မတူဘဲ ဆင်းရဲတာပေါ့ဗျာ။ ဒါပေမဲ့ တာဝန်ကျခဲ့တဲ့ ရွာက ရွာသူရွာသားတွေဟာ လူမှုဘဝဆင်းရဲသော်လည်း စေတနာမဆင်းရဲတဲ့ မြန်မာလူမျိုး အညာသူ၊ အညာသား စစ်စစ်တွေပါ။ ဒါကြောင့် ကျွန်တော်တို့ တာဝန်ကျရာနေရာမှာ ပျော်တယ်လို့ မဟုတ်ပေမယ့် စိတ်ချမ်းသာခဲ့ရပါတယ်"

"နောက်တစ်ခု ကျွန်တော်ပြောချင်တာက ရှေ့အနာဂတ်ခရီးမှာ ကျွန်တော်တို့နှစ်ဦးအတွက် ဘာအဟန့်အတားမှ မရှိပါဘူး ... မမရယ်။ နှစ်ဖက်မိဘတွေကလည်း သဘောတူကြည်ဖြူလို့ စေ့စပ်ကြောင်းလမ်းထားကြပြီပဲ ဘာများ အဆင်မပြေနိုင်တာ ရှိသေးသလဲ ... မမရယ်"

"အင်း ... မောင်လေးက အယုံအကြည်မရှိတော့လည်း ခက်ပါတယ်ကွယ်။ မမက သိုက်ကလာတဲ့ သိုက်အဆက်ဆိုတာကို မောင်လေးက လက်မှမခံဘဲ။ မမကတော့ ကိုယ့်အကြောင်းနဲ့ကိုယ်မို့ ရှေ့ရေးကိုတွေးပြီး ပူပန်မိတာပါ။ မမနဲ့ မောင်လေးတို့ ဘွဲ့ရပြီးတာနဲ့ အလုပ်ကိုယ်စီဝင်ကြရပြီး လက်ထပ်မင်္ဂလာပွဲလည်း လုပ်ကြရတော့မှာ အဲဒီအချိန်ရောက်လာမှာကို မမ အစိုးရိမ်ဆုံးပဲ။ မောင်လေးကတော့ ထင်မယ်။

ချစ်တဲ့သူနှစ်ဦး နှစ်ဖက်မိဘတွေ သဘောတူညီချက်နဲ့ ပြည့်ပြည့်စုံစုံ လက်ထပ်မင်္ဂလာပြုတယ်ဆိုတာ လူမျိုး အမျိုးတွေ ဘဝရဲ့ အတော်ဆုံးအချိန်လို့ မှတ်ယူပြီး ပျော်စရာအကောင်းဆုံးအချိန်လို့ ပြောမှာ အသေအချာပါပဲ။ မမလည်း အဲဒီလိုဖြစ်ချင်တာပေါ့။ ဒါပေမဲ့ မမတို့မှာ လူ့ဘဝကိုရလာဖို့အတွက် ဝန်ခံကတိဆိုတာရှိတယ်။ ဒါတွေကို မောင်လေးက မယုံတော့ မပြောဆိုချင်ဘူး။ နောက်ပြီး ပျော်ရွှင်နေတဲ့ မောင်လေးမျက်နှာ ညှိုးသွားမှာကိုလည်း မမ မမြင်ရက်ဘူး။ ဒါကြောင့် ကိုယ့်ဘာသာကိုယ်မှိတ်ကျိတ်ပြီး ခံစားနေရတာ"

"အဲ ... မမကလည်း တစ်မျိုး။ စိတ်အစွဲအလမ်းဆိုတာ မထားရင် အကောင်းဆုံးပါပဲ။ ဥပါဒ်ဒဏ်ကြောင့် ဥပါဒ်ဖြစ်တတ်တယ်ဆိုတဲ့ ရှေးလူကြီးတွေရဲ့ စကားပုံတောင် ရှိပါသေးတယ်။ ပျော်ပျော်ရွှင်ရွှင်သာ နေစမ်းပါ ..

www.burmeseclassic.com



မမရယ်။ လူဖြစ်လာကတည်းက အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတာ ကင်းနိုင်တာမှ မဟုတ်ဘဲ။

ကျွန်တော့်သဘောက ရောဂါကြီးတစ်ခု စွဲကပ်လို့ အဲဒီရောဂါနဲ့ သေမယ်လို့ ဆရာဝန်က မှတ်ချက်ပေးထားပေမယ့် အတတ်နိုင်ဆုံး ပျော်ပျော်ရွှင်ရွှင် နေသွားမှာပဲ။ အစောက ပြောခဲ့သလို လူဖြစ်လာရင် ခန္ဓာဆိုတာ ရှိလာရတယ်။ ခန္ဓာဆိုတာရှိလာရင် ဝေဒနာဆိုတာလည်း ကပ်ပါလာမှာပဲ။ ဝေဒနာရှိလာရင်တော့ အနိစ္စဆိုတာ ဒွန်တွဲပြီး လိုက်လာမှာပဲ။

ဒါကြောင့် လူတိုင်းဟာ လူဖြစ်လာပြီးကတည်းက တစ်နေ့မှာ သေမယ်ဆိုတာ လူတိုင်းသိကြပါတယ်။ အဲဒီလို သိနေတာနဲ့ မကြိုးစားတော့ဘဲ ဘဝကြီးမှာ ရေစုန်မျောပြီး တစ်နေ့ သေမှာပါပဲကွာလို့ ခံယူထားကြသလား။ ဘာပဲဖြစ်ဖြစ် တစ်နေ့သေမှာကို သိကြပေမယ့် ကိုယ့်ဘဝ ရပ်တည်တိုးတက်ရေးအတွက် အစွမ်းကုန် ကြိုးစားရတယ်ဆိုတာ အဲဒါ လူ့ဘဝပဲ မဟုတ်လား ... မမရဲ့''

''မောင်လေးရဲ့ အတွေးအခေါ် ဖလော်ဆော်ဖီတွေက အရမ်းသဘာဝကျပြီး လူသားဆန်ပါတယ်။ မမကတော့ မောင်လေး တရားရှုပြီး လူ့ဘောင်ကိုစွန့်လို့ သာသနာ့ဘောင်ကို ဝင်စေချင်တာ။ ဒီလောက်တောင် အတွေးအခေါ်တွေ ကောင်းနေမှတော့ သာသနာ့ဘောင်ကိုဝင်ပြီး အနိစ္စ ဒုက္ခ၊ အနတ္တ တရားတွေကို ဆင်ခြင်ရင်း အားထုတ်ကြိုးပမ်းရင် ပေါက်ရောက်အောင်မြင်မှာ။ အမှန်ပါပဲ ... မောင်လေးရယ်''

''မမရယ် ... ကျွန်တော်ကတော့ လောကီလူ့ဘဝမှာ ရတုန်းခဏဘဝလေးအတွင်း အတတ်နိုင်ဆုံး ကြိုးစားပြီး စိတ်ကောင်းထားဖို့ ပျော်ပျော်ရွှင်ရွှင် စိတ်ချမ်းချမ်းသာသာနဲ့ ဘဝအစအဆုံး ဖြတ်ကျော်နိုင်ဖို့ အားထုတ်ရမယ်ဆိုတဲ့ လက်တွေ့ပကတိဘဝကို ပြောနေတာပါ။ နောင်ဘဝတွေအတွက် ကုသိုလ်လုပ်ပြီး တရားအားထုတ်ဖို့ အကြောင်းတွေ မပါဘူး။ လူဖြစ်လာရင် လူပီသဖို့နဲ့ လူ့ဘဝပတ်ဝန်းကျင် အံဝင်ခွင်ကျ နေသွားနိုင်ဖို့လောက်ကိုပဲ ကျွန်တော်က ပြောနေတာပါ''





''အင်း ... သိပါတယ် ... မောင်လေးရယ်။ မင်းကို ဖြူစင်တဲ့ စိတ်ဓာတ်နဲ့ လူပီသတဲ့ လူမှုရေးစိတ်ဓာတ်ရှိလို့ မမ သဘောကျပြီး လက်ခံခဲ့တာပါ။ အဲဒီလိုလူမျိုးနဲ့ တွေ့ကြုံရတာကိုတော့ မမလည်း လူ့ပဲ အလွန်ဝမ်းသာတာပေါ့ကွယ်။ လူ့ဘဝမှာ တွေ့ကြုံဆုံကွဲဆိုတဲ့ စကားပုံအတိုင်း တစ်နေ့နေ့တော့ တစ်ဖက်ဖက်က အရင်ဆုံး အနိစ္စသဘောနဲ့ ပျက်စီးရမှာ ကေန်ပါပဲ။ ဒါပေမဲ့ အဲဒီလို သဘာဝအတိုင်း အသက်ကြီးရင့်လို့ ကွေကွင်းရတာက တစ်မျိုးကွဲ့၊ အသက်ငယ်ငယ်ရွယ်ရွယ်မှာပဲ အချိန်မတန်ခင် ကြွေလွင့်ရတယ်။ နှစ်ဦးနှစ်ဖက် အကျိုးမရှိတော့ မကောင်းဘူးပေါ့ကွယ်။ မမက အဲ့လိုဖြစ်မှာ အကြောက်ဆုံးပါပဲ''

''ထားပါတော့ ... မမရယ်။ ဒီအကြောင်းတွေကို အခုအချိန်မှာ ပြောဆိုနေရရင်လည်း စိတ်ဆင်းရဲရုံကလွဲပြီး အကျိုးမရှိပါဘူး။ မမနဲ့ ကျွန်တော်တို့ ကတိထားခဲ့တဲ့ အလုပ်အကိုင် ကိုယ်စီရကြရင်တော့ ဘယ်လို အခြေအနေမျိုးပဲဖြစ်ဖြစ် လက်ထပ်ကြမယ်ဆိုတာကိုတော့ မမေ့ပါနဲ့ဗျာ''

''ကဲပါ ... မောင်လေးရယ်၊ ရှေ့ရေးကိုတွေးပြီး နှစ်ဦးနှစ်ဖက် အသနတွေပွင့်လို့ ပြောနေရင်တော့ ပြီးဆုံးမှာ မဟုတ်တော့ပါဘူး။ ဒါကြောင့် မောင်လေးပြောခဲ့သလို လူဆိုတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ မကင်းကြတော့ သေမျိုးပဲ။ ဒါကြောင့် နောင်ခါလာ၊ နောင်ခါချေး သဘောထားပြီး ပျော်ပျော်ကြီးနေကြတာပဲ ကောင်းပါတယ်ကွယ်''

''အေး ... ဒါမှ တို့မမကွ''

ကျွန်တော် မမအား တအားဖက်၍ ပွေ့မြှောက်လိုက်မိပါသည်။ ဤသို့သောအချိန် ကျွန်တော်တို့နှစ်ဦးအတွက် အပျော်ရွှင်ဆုံးအချိန် ဖြစ်ပါတော့သည်။ ထိုနေ့ညက ကျောင်းသားကျောင်းသူများ စုရပ်လုပ်ပြီး နားနီရန် မြို့ပေါ်ရွာကျောင်းကြီး၌ အေးချမ်းစွာနားခိုအိပ်စက်ကြရပါသည်။ ထိုအချိန်တွင် မမျှော်လင့်ဘဲ လျှပ်စီးများလက်၍ မိုးကြီး သည်းထန်စွာ ရွာတော့သည်။ မိုးဦးလေဦးအစ ဖြစ်သောကြောင့်လားမသိပါ အညာမိုးမှာ တော်တော်နဲ့ မစဲဘဲ အားရပါးရ ရွာသွန်းနေပါသည်။

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော်တို့ ကျောင်းသူ၊ ကျောင်းသားများ အိပ်၍ အလွန်ကောင်းပါသည်။ တာဝန်ရှိသူ (အသုံးလုံး) ကော်မတီကတော့ ရုတ်တရက် ရှာသွန်းမိုးကြောင့် မြေတွင်းအောင်းနေသော အဆိပ်ရှိသော သတ္တဝါများ ထွက်နိုင်သည်။ အပေါ့အပါးသွားရာတွင် သတိထား၍ သွားကြရန် သတိပေးနေပြီး တစ်ညလုံး ကော်မတီဝင်များ အလှည့်နှင့် ကင်းစောင့်နေကြရပါတော့သည်။

နောက်တစ်နေ့မနက် (၅)နာရီခန့်တွင် ကျွန်တော်တို့ လုပ်အားပေး ဆရာ၊ ဆရာမများ အိပ်ရာကထကြပြီး ရန်ကုန်သို့ ပြန်ရန် အသင့်စီစဉ်ရပါတော့သည်။ (အသုံးလုံး) ကော်မတီက ကျွေးမွေးညှော်ခံသော ထမင်းကြော်နဲ့ လက်ဖက်ရည်အချို့တို့ကို သောက်သုံးနေကြစဉ် ခရီးသည်တင်ကားကြီးများ တစ်စီးပြီးတစ်စီး ရောက်ရှိလာပါတော့သည်။

ထို့ကြောင့် မနက် (၆) နာရီတိတိတွင် ကားများပေါ်၌ နေရာယူကြရပြီး မုံရွာမြို့ ဘူတာကြီးသို့ ရှေ့ရှုပြီး ပြန်ခဲ့ကြပါတော့သည်။ ကျွန်တော်တို့ ကျောင်းသား၊ ကျောင်းသူအုပ်စုများ မုံရွာမြို့ အထက်တန်းကျောင်းကြီးတစ်ခုတွင် ခေတ္တတည်းခိုကြရပြီး ည (၆)နာရီတွင် ထွက်သော (အသုံးလုံး) ရထားကြီးဖြင့် မန္တလေးမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ တစ်ညလုံး ခုတ်မောင်း၍ ပြန်ခဲ့ကြရပါတော့သည်။

ရန်ကုန်ဘူတာကြီးရောက်မှ ကျွန်တော်တို့ အငှားကားငှားပြီး ပြန်ခဲ့ကြပါသည်။ မမြစိမ်းတို့အား မာလာဆောင်သို့ ဝင်ပို့ပြီးနောက် ကျွန်တော်သမိုင်းအိမ်ကြီးသို့ ပြန်ခဲ့ပါတော့သည်။

✿ ✿ ✿

❑

တက္ကသိုလ်နောက်ဆုံးနှစ်တွင် အစပိုင်း ပထမနှစ်ဝက်ကတည်းက ကျွန်တော်တို့ နောက်ဆုံးနှစ် ကျောင်းသူကျောင်းသားများ အလုပ်များကြရပါသည်။ ပထမနှစ်ဝက်ပြီးနောက် ဘွဲ့ယူစာတမ်း ခေါင်းစဉ်များ ရကြသောကြောင့် လိုအပ်သော စာအုပ်စာတမ်းများ ရှာဖွေပြီး ခေါင်းစဉ်အလိုက် လိုအပ်ချက်များကို စုဆောင်းရပါသည်။ အကြောင်းအရာများ ပြည့်စုံသော အခါကျမှ စာတမ်းကို ရေးသားပြုစုကြတော့သည်။

နှစ်ဝက်ကျောင်းပိတ်ရက်အတွင်း စုဆောင်းရေးသားရပြီး ဒုတိယနှစ်ဝက်တွင်လည်း စာသင်ကြားရင်းက စာတမ်းကို အပြီးရေးရခြင်းဖြစ်ပါသည်။ နောက်ဆုံးကျောင်းပိတ်ခါနီးတွင် ဘွဲ့ယူရန် အပြီးရေးရခြင်းဖြစ်ပါသည်။ နောက်ဆုံးကျောင်းပိတ်ခါနီးတွင် ဘွဲ့ယူရန် စာမေးပွဲကြီး ဖြေဆိုရပြီး ကျွန်တော်တို့ပြုစုထားသည့် စာတမ်းနှင့် ပတ်သက်ပြီး ပါမောက္ခနှင့် တွေ့ရပါသည်။

ပါမောက္ခနှင့် သက်ဆိုင်ရာ ဆရာ၊ ဆရာမတို့၏ မေးမြန်းသမျှကိုလည်း' ဖြေကြားရပါသည်။ ထိုအဖြေကို မှတ်ပြီး ဘွဲ့ယူစာတမ်းတွင် အဆင့်အမှတ်ပေးခြင်းဖြစ်ပါသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



စာမေးပွဲကြီးပြီးတော့လည်း မည်သည့်အဆင့်ဖြင့်ပင် အောင်အောင် ပြီးတော့လည်း ပြီးတာပါပဲဟု သဘောထားကြသည်မှာ ကျွန်တော်တို့ ကျောင်းသူကျောင်းသားများ၏ သဘာဝပင်ဖြစ်ပါသည်။ နွေရာသီ ကျောင်း ပိတ်ရက်ရှည်တွင် ကျွန်တော်တို့ ချစ်သူနှစ်ဦး နှစ်ဖက်မိဘများအိမ်သို့ ကူး သန်းသွားလာပြီး ပျော်ခဲ့ရပါသည်။ ဘွဲ့ရသည်နှင့် မမြစိမ်းက ကျောင်းဆရာမ အဖြစ် တိုက်ရိုက်အလုပ်ရမည်ဖြစ်သော်လည်း ကျွန်တော်တို့ ဝိဇ္ဇာသိပ္ပံ က တက္ကသိုလ်အောင်မြင်သူ၊ ကျောင်းသားကျောင်းသူများအနေဖြင့်တော့ ကိုယ်တိုင် ကြိုးစားရှာဖွေမှ အစိုးရအလုပ်တစ်နေရာရာတွင် စာရေးစာချီ အဖြစ် ရနိုင်ကြမည်ဖြစ်ပါသည်။

ကျွန်တော်ကတော့ ယူနီဖောင်းဝတ် လုပ်လိုသူဖြစ်ပြီး အရာရှိ အဆင့်ဖြင့် အလုပ်ဝင်လိုသူဖြစ်သောကြောင့် တခြားသူများလို စာရေး စာချီအလုပ်ကို စိတ်မဝင်စားပါ။ ထို့ကြောင့် ဘွဲ့ရပြီး ၁၉၇၂ ခုနှစ်တွင် လည်ပတ်ရင်း အချိန်ဖြုန်းနေမိတော့သည်။ မမြစိမ်းကတော့ ကမာရွတ် အ. ထ. က(၂)ဟူသော အထက်တန်းကျောင်းကြီးတွင် ကျောင်းဆရာမ ရာထူးရရှိပြီး အလုပ်ဝင်နေပြီဖြစ်ပါသည်။

ထိုစဉ်က နယ်မှ ဆရာမများကို ကျောင်းဝင်းအတွင်း၌ပင် နေအိမ် များပေးထားသောကြောင့် မမြစိမ်းမှာ ထိုကျောင်းဝင်းအတွင်း၌ပင် နေထိုင် ပါသည်။ ကျွန်တော့်အားလည်း အစ်ကိုကြီးလုပ်သူက အလုပ်မလုပ်သေး ရင် ဘွဲ့တစ်ခုထပ်ယူရန် (သို့) သင်တန်းတစ်ခုတက်ရန် အကြံညာဏ်ပေးသော ကြောင့် မမြစိမ်းတို့ကျောင်းနဲ့ နီးစပ်ရာ တက္ကသိုလ်ရိပ်သာလမ်းရှိ နိုင်ငံခြား ဘာသာသိပ္ပံသို့ တက်ရောက်ရန် ဝင်ခွင့်စာမေးပွဲဖြေရာ ဂျပန်ဘာသာ အချိန် ပြည့်သင်တန်းသို့ တက်ရောက်ခွင့်ရပါသည်။

ထိုအချိန်က ၁၉၇၃ ခုနှစ်ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ် ကျွန်တော် ဒုတိယနှစ်သို့ရောက်တော့ ဦးသန့်အရေးအခင်းဖြစ်သည်။ ဦးသန့်၏အလောင်း အား ရန်ကုန်တက္ကသိုလ် ကျောင်းသားကျောင်းသူများက ကျွန်တော်တို့ ကျောင်းရှေ့ တက္ကသိုလ်ရိပ်သာလမ်းကိုဖြတ်ပြီး ကျိုက္ကစံကွင်းသို့ သယ်ဆောင်





သွားကြရာ အနောက်ဘက်မှ ကျောင်းမျိုးစုံက ကျောင်းသူကျောင်းသား များနှင့် ပြည်သူလူထုကြီးကလည်း နိုင်ငံတော်အလံများ သယ်ဆောင်ကာ တန်းစီ၍ လိုက်လာကြပါသည်။

ထိုအချိန်တွင် ကျွန်တော်တို့မှာ ဘွဲ့လွန်သင်တန်းသားများဖြစ် ကြသော်လည်း မည်သူကစတင်၍ နှိုးဆော်လိုက်သည်မသိပါ။ တိုးတိုး တိတ်တိတ်ဖြင့် စည်းရုံးကြပြီး လူစု၊ လူဝေးဖြစ်လာကာ နိုင်ငံခြားသိပ္ပံ ဘာသာ ကျောင်းပေါက်ဝသို့ ချီတက်စုဝေးကြပါသည်။

ကျွန်တော်တို့ ဦးသန့်၏ ရုပ်ကလာပ်အား လိုက်ပါပို့ဆောင်ရန် လူစု နေသော အချိန်၌ပင် ကျွန်တော်တို့ကျောင်းရှေ့က အထက်တန်းကျောင်း သားများကိုဦးဆောင်၍ ဆရာမလေး မမြစိမ်း ဖြတ်ကျော်သွားပါသည်။ ကျွန်တော့်မြင်တော့ လက်မြှောက်၍ပင် ပြသွားသေးသည်။

ဪ ... ဒီလိုဆိုတော့လည်း မမြစိမ်း လူမှု၊ လူ့ပတ်ဝန်းကျင် ကို နားလည်သိတတ်သူ ကျောင်းသူကျောင်းသား စိတ်ဓာတ်ရှိသူ မဟုတ် မခံ၊ ရဲရင့်သော စိတ်ဓာတ်ရှိသူဟု ကျွန်တော် မှတ်ချက်ချမိပါသည်။ သူတို့ အဖွဲ့နောက်မှ ကျွန်တော်တို့ နိုင်ငံခြားသိပ္ပံဘာသာ ကျောင်းသူကျောင်းသား အဖွဲ့ ချီတက်လိုက်ပါလာပါသည်။ ကျွန်တော်တို့ကိုတော့ မည်သည့် ဆရာ၊ ဆရာမများကမှ ဦးဆောင်ခြင်းမရှိပါ။ ထိုစဉ်က တက္ကသိုလ်ရိပ်သာလမ်းမှာ ကားများပင် သွား၍မရတော့။ ကျောင်းသူကျောင်းသား လူအုပ်ကြီးဖြင့် ပြည့်၍နေပါတော့သည်။

တက္ကသိုလ်ရိပ်သာလမ်း၏ တစ်ဖက်တစ်ချက်ရှိ အိမ်များကလည်း ရေးတန်းသဖွယ် ဆိုင်ကလေးများခင်းကျင်းပြီး မုန့်ပဲသရေစာ၊ သောက်ရေ နှင့် ငှက်ပျောသီးများအား လာသမျှ လူများကို ပေးကမ်းဝေငှပါသည်။ ထို မြင်ကွင်းကိုမြင်ရသောအခါ (၁၃၀၀)ပြည့် ရေနံမြေအရေးတော်ပုံနှင့် သခင် ဗိုးလှကြီးဦးဆောင်၍ ချောက်မြို့မှ ရန်ကုန်မြို့သို့ ကုန်းကြောင်းချီတက် ဆန္ဒပြခဲ့သော ရေနံမြေအရေးတော်ပုံကို ပြန်လည်မှန်းဆပြီး မြင်ယောင်နေ မိပါသည်။

www.burmeseclassic.com



ကျိုက္ကစံကွင်းအလယ်ခေါင်တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ရုပ်အလောင်းကို ခင်းကျင်းပြင်ဆင်ထားပြီး စိတ်ဝင်စားစွာ တက်ရောက်လာကြသည်။ ကျောင်းသူကျောင်းသားများနှင့် ပြည်သူလူထုတို့က စနစ်တကျ တန်းစီပြီး ဂါရဝပြုကြခြင်းဖြစ်ပါသည်။ နောက်နေ့များတွင် ဦးသန့်၏ ရုပ်အလောင်းအား တက္ကသိုလ်နယ်မြေအတွင်းသို့ ရွှေ့ပြောင်းပြီး ဘွဲ့နှင်းသဘင်ခန်းမ၌ ဟောပြောပွဲများလုပ်ကြသည်။

ကျွန်တော်တို့လည်း ကျောင်းသားကျောင်းသူ စိတ်ဓာတ်မကုန်သေးသောကြောင့် သွားရောက်ကြည့်ရှု နားထောင်ဖြစ်ခဲ့ပါသည်။ ဆရာမလေး မမြစိမ်းကတော့ စင်မြင့်ပေါ်သို့ တက်ရောက်၍ ဟောပြောသူများအထဲ၌ မပါဝင်သော်လည်း တက်ကြွစွာ ပံ့ပိုးကူညီပြီး လုပ်အားပေးခဲ့ကြသော ကျောင်းသူကျောင်းသားများအဖွဲ့တွင် ပါဝင်ခဲ့ကြောင်းကိုတော့ သိရှိရသည်။

ထိုအခြေအနေအတွင်း၌ ဆရာမလေး မမြစိမ်းအား ကျွန်တော် လွတ်လပ်စွာ ဆုံတွေ့ခွင့်မရခဲ့ပါ။ သို့နှင့် ဦးသန့်အရေးအခင်းဖြစ်ပြီး ကျောင်းအားလုံး အပိတ်ခံရသည်။ ထိုအခါတွင်မှ ဆရာမလေး မမြစိမ်းအား ကျွန်တော်က သူမတာဝန်ကျရာ ကျောင်းမှ ဆင်ဖုန်ရွာသို့ ပြန်ပို့ရသည်။ မမြစိမ်းမှာ တက်ကြွသော ကျောင်းသားကျောင်းသူ စိတ်ဓာတ်မကုန်သေးကြောင်း ကျွန်တော် သတိပြုမိပါသည်။

ဦးသန့်အရေးအခင်း ဖြစ်ပြီးနောက် ကျောင်းများပြန်ဖွင့်တော့ ကျွန်တော်တို့ နိုင်ငံခြားသိပ္ပံဘာသာမှ ဦးသန့်ရုပ်အလောင်းအနားသို့ တက်ရောက်ခဲ့ကြရာ ကျောင်းသူကျောင်းသားများ အရေးယူခံရခြင်း မရှိသော်ငြားလည်း ဆရာမလေး မမြစိမ်းအား အ.ထ.က(၂) ကမာရွတ်ကျောင်းကြီးမှ မြစ်ဝကျွန်းပေါ်ဘက်ရှိ ကျောင်းတစ်ကျောင်းသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်ကြောင်း သိရှိရပါသည်။ ထိုအခါတွင်လည်း ကျွန်တော်ပင် သင်္ဘောဖြင့် မမြစိမ်းတာဝန်ကျရာ မြို့ရွာအထိ လိုက်လံပို့ဆောင်ရပါသည်။ သူမတာဝန်ကျသည့်နေရာမှာ ခနီကောင်းထွက်သည့် လပွတ္တာမြို့နယ်၊ တောမြို့ကလေးတစ်ခုတွင် ဖြစ်ပါသည်။





အထက်တန်းကျောင်းဟု ဆိုသော်လည်း လွန်စွာ ဝေးကွာခေါင်လှသော နေရာဖြစ်ပါသည်။ အသွားအလာခရီးလမ်းကို လှေ၊ သမ္ဗန်တို့ဖြင့်သာ သွားလာကြရသော နေရာဖြစ်ပါသည်။ ထိုသို့ ခက်ခဲသော နေရာဒေသဖြစ်သော်လည်း မမြစိမ်း စိတ်ဓာတ်ကျဟန် မတူပါ။ နေရာသစ်၊ ပတ်ဝန်းကျင်အသစ်၌ ပျော်စရာကောင်းသည်ဟုပင် ဆိုနေပါသေးသည်။

ကျွန်တော်ကတော့ မမြစိမ်း မကြာခဏ ပြောလေ့ရှိသော သိုက်ကလာသည်ဟုဆိုသည့် ဥစ္စာစောင့်မ လူဝင်စားက ကျောင်းသားကျောင်းသူများ လှုပ်ရှားမှုအရေးတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားသောကြောင့် အုပ်ချုပ်သူအစိုးရက နယ်နှင်ဒဏ်ပေးသည်ကိုပင် သူမကစိတ်ဓာတ်ကျဘဲ ပျော်ရွှင်နေသောကြောင့် ကျွန်တော် အံ့ဩမိပါသည်။ စိတ်ဓာတ်မကျစေရန်အတွက်လည်း ထိုမြို့နယ်သို့ ကျွန်တော် မကြာခဏ သွားရောက်ပြီး အားပေးရပါသည်။ နောက်ဆုံး အဆင်မပြေလျှင် အလုပ်ကထွက်ရန် ပြောတော့ သူမက ခေါင်းခါပါသည်။ သူမကိုမြင်ရသည်မှာ မည်သည့်နေရာတွင် တာဝန်ကျကျ စိတ်ဓာတ်တက်ကြွစွာဖြင့် လှုပ်ရှားလုပ်ကိုင်နေသည်ကို တွေ့ရပါသည်။

ကျွန်တော် ဂျပန်ဘာသာ ပထမနှစ်အောင်မြင်ပြီး ဒုတိယနှစ်သို့ တက်ရသည်။ ၁၉၇၅ ခုနှစ်ဖြစ်ပါသည်။ ထိုအချိန်တွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ ဒုရဲအုပ်နှင့် ထောင်မှူးလောင်းများ အလိုရှိကြောင်း သတင်းစာများမှ ခေါ်ယူပါသည်။ ထို့ကြောင့် ကျွန်တော် အမှတ်မထင် လျှောက်လိုက်မိပါသည်။

ကျွန်တော်တို့ နိုင်ငံခြားဘာသာသိပ္ပံ ဒုတိယနှစ် စာမေးပွဲကြီးမတိုင်မီပင် အထက်ပါရာထူးများအတွက် ရေးဖြေစာမေးပွဲကို ကမ္ဘာအေး ဆွမ်းစားကျောင်းဆောင်များတွင် ဖြေဆိုရပြီး အောင်မြင်သောအခါ ကျန်းမာရေးနှင့် ရောဂါရှိမရှိကို အောင်ဆန်းကွင်း၌ လက်တွေ့ အစစ်ဆေးခံရပြန်ပါသည်။ ထိုမှ အောင်မြင်သော ပြည်ထဲရေးဌာနမှ ခန့်စာများ ကျွန်တော့်ထံသို့ ရောက်ရှိလာပါသည်။ ပထမဦးဆုံး ရောက်ရှိလာသည်က အကျဉ်းထောင်တွင် ထောင်မှူးခန့်ထားသော စာဖြစ်ပြီး ဒုတိယခန့်စာက ဒုရဲအုပ်အဖြစ် ခန့်ထားလိုက်ကြောင်း အမိန့်စာဖြစ်ပါသည်။

www.burmeseclassic.com



အစမ်းခန့်ရာထူးများဖြစ်သောကြောင့် ထောင်မှူးရာထူးအတွက် အင်းစိန်ထောင်ဝင်းအတွင်းရှိ လေ့ကျင့်ရေးသင်တန်းကျောင်းတွင် သင်တန်းတက်ရောက်ရမည်ဖြစ်သည်။ ဒုတိယရဲအုပ်ရာထူးအတွက် မန္တလေးမြို့ ရဲသိပ္ပံကျောင်းကြီးတွင် သင်တန်းတက်ရောက်ရမည်ဖြစ်ကြောင်း သိရှိလိုက်ရသည်။ ထိုအချိန်တွင် ကျွန်တော်တို့ နိုင်ငံခြားဘာသာ သိပ္ပံမှ နောက်ဆုံးနှစ်စာမေးပွဲကြီးကို ဖြေဆိုရပါသည်။

ကျွန်တော်၏ အိမ်မှ မိဘများကလည်း ဒုရဲအုပ်ရာထူးကို လုပ်ခွင့်မပေးဘဲ ထောင်မှူးလုပ်ပြီး မြို့နယ်ကြီးများတွင် တာဝန်ထမ်းဆောင်ရခြင်းကို သဘောကျသောကြောင့် ကျွန်တော် ထောင်မှူးသင်တန်းသို့ တက်ရောက်ခဲ့ရပြီး အင်းစိန်ဗဟို အကျဉ်းထောင်ကြီးတွင် သင်တန်းဆင်းသည်နှင့် ထောင်မှူးအဖြစ် တာဝန်ထမ်းဆောင်ရပါတော့သည်။

ထိုအခြေအနေတွင်မှ နယ်နှင်ဒဏ်ပေး၍ အဝေးသို့ ပို့ထားသော မမြစိမ်းအား ရန်ကုန်သို့ ပြန်၍ ပြောင်းရွှေ့ခွင့်ပြုသည်ဟု သိရပါသည်။ အင်းစိန်မြို့နယ်အတွင်းမှ ကျောင်းတစ်ကျောင်းဖြစ်သောကြောင့် ကျွန်တော်တို့ချင်း အလုပ်တာဝန် အနေနီးပြီး နတ်ကောင်းနတ်မြတ်များ ဖန်တီးပေးသော အခြေအနေဟု ကျွန်တော်မြင်ပြီး လွန်စွာ ဝမ်းသာမိပါသည်။ ထို့ကြောင့် မမြစိမ်းအား မြစ်ဝကျွန်းပေါ် လပွတ္တာမြို့နယ်ကျောင်းတစ်ကျောင်းမှ သွားရောက်ကြိုဆိုပြီး အလုပ်တာဝန် အကူးအပြောင်းကာလတွင် ဆင်ဖုန်၊ မြေစင်ကန်၌ ကျွန်တော်တို့နှစ်ဦး ဆုံကြပြန်ပါသည်။

''ကဲ . . . မမရေ၊ နတ်ကောင်းနတ်မြတ်တွေ ဖန်ဆင်းပေးထားလို့ ကျွန်တော်တို့ မြို့နယ်တစ်ခုထဲမှာ တာဝန်ကျရင်း အလုပ်ကိုယ်စီနဲ့ ဆုံကြရပြီ။ ကျွန်တော့် ထောင်မှူးအလုပ်က (၂၄) နာရီ တာဝန်ရှိတာမို့ ထောင်ဝင်းထဲမှာပဲ အိမ်ခန်းပေးထားပါတယ်။ ဒါကြောင့် မမနဲ့ကျွန်တော် အတူနေပြီး လက်ထပ်ထိမ်းမြားရမယ့် အခြေအနေလည်း ရောက်ပါပြီ။ မမဘက်က ဘယ်နေ့ ဘယ်အချိန်၊ ဘယ်နေရာမှာ မင်္ဂလာပွဲ လုပ်ချင်တယ်ဆိုတာကို သာ ဖွင့်ဟပါတော့။ ကျွန်တော် အကုန်စီစဉ်ပေးပါ့မယ်''





''မောင်လေးရယ် . . . မင်းလည်း အလုပ်တာဝန်က မခြေမကျသေးဘူး။ မမလည်း အခုမှ ပြောင်းလာကာစဆိုတော့ ချက်ချင်းကြီး လက်ထပ်လို့တော့ မကောင်းသေးပါဘူး။ တစ်လလောက် အခြေကျမှ လက်ထပ်ကြစို့ကွယ်''

''မမ . . . ကျွန်တော်က ယူနီဖောင်းဝတ် လက်နက်ကိုင်အဖွဲ့အစည်းကဖြစ်သွားပြီ။ ကျွန်တော့် ကိုယ်ရေးကိုယ်တာကို ခရီးသွားတာကအစ လုပ်ချင်တိုင်း လုပ်လို့မရတော့ဘူး။ ဌာနက ပိုင်သွားပြီ။ ဒါကြောင့် မမနဲ့ လက်ထပ်မယ်ဆိုရင်လည်း အထက်ဌာန အဖွဲ့အစည်းကို ကြိုတင်ပြီး လက်ထပ်ခွင့်တောင်းရဦးမှာ။ အဲဒီလိုတောင်းရင် အနည်းဆုံး ခွင့်ပြုမိန့်ချပေးဖို့ ခြောက်လလောက်ကြာတတ်တယ်။ ဒါကြောင့် ကျွန်တော် လက်ထပ်ခွင့်ကို မမ သဘောတူတယ်ဆိုရင် ကြိုတင်ပြီး တင်လိုက်တော့မယ်နော်''

''မောင်လေး . . . သဘောပါကွယ်။ မမ သဘောတူထားပြီးပြီပဲ။ တန့်ကွက်ငြင်းဆန်ဖို့ မရှိပါဘူး''

သို့နှင့် မိဘများက သဘောတူ၍ စေ့စပ်ကြောင်းလမ်းခြင်း ပြုထားပြီး ကျွန်တော်တို့နှစ်ဦးက ကြည်ဖြူ၍ လက်ထပ်ရန် ကတိပြုထားခြင်းကြောင့် နှစ်ဦးနှစ်ဖက် အဆင်ပြေသည်ဟု ပြောရမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော့်ဌာနတွင် အထက်လူကြီးများအား ပြောဆိုအသိပေးပြီး ညွှန်ကြားရေးမှူးချုပ်ထံသို့ လက်ထပ်ခွင့် တင်လိုက်ပါတော့သည်။ တိုက်ဆိုင်သည်ထားတော့ မသိပါ။

ကျွန်တော်တင်ထားသော လက်ထပ်ခွင့်မှာ တစ်လခန့်အကြာတွင် ခွင့်ပြုကြောင်း အမိန့်စာချပေးသည့်နေ့၌ပင် ဆင်ဖုန်ရွာတွင် နေထိုင်သူ မမြစိမ်း၏မိခင်ကြီး ရုတ်တရက်နှလုံးရောဂါဖြစ် ကွယ်လွန်ကြောင်း သိရသဖြင့် ကျွန်တော့်မှာ မမြစိမ်းအားခေါ်ယူပြီး ဆင်ဖုန်ရွာသို့ ပြေးရပြန်ပါသည်။ ရပ်ရွာဓလေ့အတိုင်း (၇) ရက်လည်သည်အထိ ရွာတွင်နေထိုင်ပေးရသည်။ (၇)ရက်လည်သောနေ့၌ ယောက္ခမဖြစ်သူ မမြစိမ်း၏ဖခင်ကြီးမှ ကျွန်တော်တို့နှစ်ဦးအား သီးသန့်ခွဲ၍ တွေ့ဆုံပါသည်။

www.burmeseclassic.com



"ကဲ ... သားတို့သမီးတို့လည်း ဘွဲ့တွေ ကိုယ်စီရကြပြီ။ အလုပ်အကိုင်ကိုယ်စီနဲ့ အရာရှိတွေတောင် ဖြစ်နေကြပြီ ဘာလို့ လက်မထပ်ကြသေးတာလဲ။ အရင်ကတော့ ထားပါတော့။ တစ်နယ်တစ်ကျေးစီမို့ လက်ထပ်လို့မရသေးတဲ့ ဆင်ခြေကို ပေးလို့ရသေးတယ်။ အခုတော့ တစ်မြို့တစ်နယ်ထဲမှာ သားတို့သမီးတို့ တာဝန်ကျနေပြီ။ ဒီအချိန်ထက် လက်ထပ်ဖို့ အတူနေဖို့ အခွင့်အရေးကောင်းတာ မရှိတော့ဘူး။ ဘယ်လိုလုပ်ကြမလဲ။ အဖေကတော့ သားနဲ့သမီးကို အမြန်ဆုံး လက်ထပ်စေချင်တယ်။

အခုဆိုရင် မင်းတို့နှစ်ဦးရဲ့ လက်ထပ်ပွဲကို မိခင်က မြင်တွေ့ခွင့်တောင် ရမသွားရှာဘူး။ အသက် (၆၀) ကျော်တယ်ဆိုရင်ပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေက နီးစပ်လာကြပြီ။ ဒါကြောင့် အဖေလည်း ရဟန်းဝတ်ပြီး ဆင်ဖုန်ရွာကျောင်းမှာ တရားထိုင်တော့မယ်။ ဒါကြောင့် အဖေတို့ပိုင်ဆိုင်တဲ့ လယ်ယာတွေ၊ ခနိုခြံတွေ၊ ဒီအိမ်ကြီးနဲ့ ကျွဲ၊ နွားတွေကို တစ်ဦးတည်းသောသမီးဖြစ်တဲ့ မမြစိမ်းနဲ့ ခင်ပွန်းလောင်းဖြစ်သူကို သည်က အသုဘကိစ္စပြီးတာနဲ့ လွှဲပေးချင်တယ်"

ထိုအခါမှ ကျွန်တော်က ...

"အဖေ ... လောလောဆယ်တော့ (၁)လတန်သည် (၂)တန်သည် စောင့်ဆိုင်းပါဦး။ ကျွန်တော်တို့အလုပ်က (၂၄)နာရီ တာဝန်ရှိပြီး နာရေးမှ တစ်ပါးသာရေးတောင် ခွင့်ပေးချင်တာ မဟုတ်ဘူး။ အဲဒါကြောင့် ကျွန်တော်၊ ကျွန်တော့်အဖေနဲ့ တိုင်ပင်ပြီးမှ ဒီကအဖေကို ရဟန်းဘောင်ကို ဝင်စေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က မြို့ပေါ်မှာ အလုပ်တစ်ဖက်နဲ့ဆိုတော့ ဒီရွာက လုပ်ငန်းကိစ္စတွေကို ဦးစီးပြီး အုပ်ချုပ်နိုင်မှာ မဟုတ်လို့ပါ ... အဖေရယ်"

"ကျွန်တော့် အဖေကတော့ လယ်သမားမျိုးရိုးဖြစ်ပြီး တပည့်တပမ်းပေါများတာကြောင့် စီမံအုပ်ချုပ်နိုင်မယ် ထင်ပါတယ်"

"အေးလေကွယ့် ... အဘကတော့ ဒီအိမ်ကြီးမှာ နေရတာကို စိတ်ကုန်နေပြီ။ လူမှုတာဝန် လုပ်ငန်းတွေကိုလည်း မလုပ်ချင်တော့ဘူး။





လူ့ဝတ်ကြောင်ကိုခွာပြီး သင်္ကန်းဝတ်နဲ့ လောကုတ္တရာ တရားပဲအားထုတ်ချင်တော့တာပဲ"

ထိုအခါမှ မမြစိမ်းကလည်း ...

"အဖေ ... မောင်လေးပြောသလိုပဲ။ တစ်လတန်သည်၊ နှစ်လတန်သည်လောက်တော့ စောင့်ဆိုင်းပါဦး။ ကျွန်မတို့မှာ အခြေမကျသေးတော့ အဆင်မပြေသေးဘူး မောင်လေးကလည်း သူ့ဌာနမှာ လက်ထပ်ခွင့်တင်ပြီး တောင်းထားဆဲ။ အဖေ့ကို စောင့်ဆိုင်းခိုင်းတာပါ။ ကျွန်မတို့နှစ်ဦး လက်ထပ်ပြီး တရားဝင်ဇနီးမောင်နှံဖြစ်မှ မိဘတွေက လွှဲပြောင်းပေးတာဟာ ပိုပြီးသဘာဝကျမယ်လို့ သမီးမြင်ပါတယ် အဖေ"

"အေး ... အဲဒါက တခြားမိဘတွေ၊ တခြားသားသမီးတွေအတွက် ဖြစ်လိမ့်မယ်။ အခု သားတို့သမီးတို့က နှစ်ဖက်မိဘတွေ သဘောတူလို့ စေ့စပ်ကြောင်းလမ်းထားတာပဲ။ နှစ်နှစ်၊ သုံးနှစ်မကတော့ဘူး။ အဲဒါကြောင့် အဖေတို့ဘက်က မင်းတို့နှစ်ဦးကို စိတ်ချလက်ချနဲ့ အမွေတွေကို လွှဲပေးမှာဖြစ်တယ်။ မိဘအမွေဆိုတာ ခံစားထိုက်မှ ခံစားရတာ။ အဲဒါကိုလည်း သမီးတို့၊ သားတို့ စွဲစွဲမြဲမြဲ မှတ်ထားကြနော်"

"ဟုတ်ကဲ့ပါ ... အဖေ၊ ဒီနေ့လည်း ဆွမ်းသွတ် (၇)ရက်ပြည့်လို့ အလှူလုပ်ပြီးပြီဆိုတော့ အဖေနဲ့ အလုပ်သမား တစ်ချို့သာ ဒီအိမ်ကြီးမှာ ကျန်ခဲ့တော့မှာ။ အဲဒါကြောင့် စိတ်ပြေလက်ပျောက် ကျွန်တော်တို့ မိဘများနေတဲ့ သမိုင်းအိမ်ကြီးကိုဖြစ်စေ၊ ကျွန်တော်နေတဲ့ အင်းစိန်ထောင်ထဲက အခန်းကိုဖြစ်စေ ခဏတဖြုတ် လိုက်လည်ပေးစေချင်ပါတယ်"

"အေးကွယ် ... သားရယ်၊ မင်းတို့ အဖေ့ကို ခေါ်တာကို အဖေ လက်ခံပါတယ်။ ဒါပေမဲ့ လောလောဆယ် အခြေအနေမှာတော့ လယ်ကိစ္စတွေ၊ ခနိုခြံကိစ္စတွေက အလုပ်သမားတွေနဲ့ စာရင်းရှင်းလို့ မပြီးသေးဘူး။ ကျွဲ၊ နွားကိစ္စတွေကတော့ ပြဿနာမရှိဘူး။ အခုလောလောဆယ်ပဲ အုပ်လိုက်ဝယ်မဲ့လူရှိတယ်"

"အဲဒါတွေလည်း ခဏထားပါဦး ... အဖေရာ။ ကျွန်တော်တို့ အသေအချာ ညှိနှိုင်းစီစဉ်ပြီးမှ လုပ်ကြကိုင်ကြတာပေါ့"

www.burmeseclassic.com



"အဲဒါဆိုရင် (၇)ရက် ပြည့်ပြီးမို့ မနက်ဖြန် ကျွန်တော်တို့ အလုပ်ပြန်ဝင်ကြရတော့မှာ လာမယ့်ပိတ်ရက်ကျမှ အဖေ့ကို လာခေါ်မယ်။ အဆင်သင့်ပြင်ဆင်ထားပါ … အဖေ"

"အေးကွယ် … အေး … အေး …"

"လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ လူ့ပတ်ဝန်းကျင်မှာရှိနေတဲ့ တရားတွေ မကုန်ဆုံးနိုင်သေးသရွေ့တော့ လူမှုဒုက္ခတွေကို စွန့်လွှတ်လို့ရမှာ မဟုတ်သေးဘူးပေါ့လေ။ လူမှုရေး အနှောင်အဖွဲ့ ပတ်ဝန်းကျင်က မလွှတ်နိုင်သေးသရွေ့တော့ ဒီလိုပဲ ရှိနေဦးမှာပေါ့လေကွယ်"

ထိုနေ့က မမြစိမ်းတို့အဖေအား နှုတ်ဆက်ကန်တော့ပြီး ကျွန်တော်တို့ အင်းစိန်မြို့သို့ ကားငှားပြီး ပြန်ခဲ့ကြပါတော့သည်။ ဆရာမလေး မမြစိမ်းမှာ ကျွန်တော်နှင့် လက်မထပ်ရသေးသောကြောင့် အင်းစိန်မြို့ အမှတ် (၁) အထက်တန်းကျောင်းကြီးအနီး ဘိုကုန်းဟူသော ရပ်ကွက်ထဲ၌ သူမတို့ဆရာမအဖွဲ့များဖြင့် တွဲ၍ အိမ်ငှားပြီးနေကြပါသည်။ ကျွန်တော်နှင့် လက်ထပ်ပြီးမှသာ အင်းစိန်ထောင်ဝင်းအတွင်းမှ သူမ တာဝန်ကျရာ အထက်တန်းကျောင်းကြီးသို့ အလုပ်ဆင်းရမည်ဖြစ်ပါသည်။ ထိုနေ့ညကတော့ ကျွန်တော်တို့ နှစ်ဦး၏ ခွင့်ရက်များ မကုန်သေးသောကြောင့် အင်းစိန်ဈေးအရှေ့တွင်ရှိသည့် မြနန်းနွယ် ခေါက်ဆွဲဆိုင်တွင် စားသောက်ပြီး ကျွန်တော် မမြစိမ်းအား အင်းစိန်အမှတ် (၁)ကျောင်းကြီးအနောက်ဘက် ဘိုကုန်းရပ်ကွက်အထဲရှိ မမြစိမ်းတို့ငှားနေသော အိမ်သို့လိုက်၍ ပို့ဆောင်ရပါသည်။ ကျွန်တော် အိမ်ပြန်ရောက်တော့ ည (၉)နာရီခန့်ရှိပါသည်။ ထို့ကြောင့် နောက်တစ်နေ့တွင် အလုပ်ပြန်ဝင်ရန်အတွက် ယူနီဖောင်းများအား ပြင်ဆင်ရပါတော့သည်။

နောက်တစ်လခန့်အကြာတွင် မမြစိမ်း၏အမေ ကျွန်တော်၏ယောက္ခမလောင်း၊ နှစ်လပြည့် ဆွမ်းသွတ်အလှူအတွက် မမြစိမ်းတို့ အဖေ ယောက္ခမကြီးက ခေါ်ပြန်သောကြောင့် ကျွန်တော် မမြစိမ်းကို ခေါ်ယူပြီး ဆင်ဖုန်ရွာသို့ သွားပြန်ပါသည်။ ထိုအခါတွင် ယောက္ခမကြီးက …





"ကဲ … သားနဲ့သမီး၊ မင်းတို့တောင်းဆိုထားတဲ့ တစ်လလည်းပြည့်ပြီ၊ ငါ့ဘက်ကလည်း အမွေတွေ လွှဲပြောင်းပေးဖို့ အဆင်သင့်ပြင်ပြီးပြီ။ ရဟန်းဝတ်ဖို့လည်း ရွာဦးကျောင်းဆရာတော်ကို အစုံအလင် လျှောက်ထားပြီးပြီ။ အဲဒါကြောင့် မင်းတို့ဘက်က အမွေတွေကို လက်ခံဖို့ အဆင်သင့်မဖြစ်သေးရင်လည်း ငါကတော့ လွှဲမှာပဲ"

"ဘယ့်နှယ့်ကွယ် … နှစ်ဖက်မိဘတွေကလည်း သဘောတူပြီး ကာယကံရှင်နှစ်ဦးနှစ်ဖက်လည်း ကျေနပ်ပြီးကျခါမှ ဘာကြောင့် အချိန်တွေဆွဲနေရတာလဲ။ မပြောကောင်း မဆိုကောင်း ငါသာ ရုတ်တရက် သေဆုံးသွားခဲ့ရင် မင်းတို့ ဘယ်လိုလုပ်ကြမလဲ။ တစ်ဦးတည်းသောသမီးမို့သာ တော်ပါသေးရဲ့။ မောင်နှမတွေက များရင်တော့ အမွေလုကြမှာပဲ။ နောက်ဆံတင်းစရာချည်းပဲ။ အဲဒီတော့ အဖေပြောမယ်။ အဖေတို့ပိုင်ဆိုင်တဲ့ အမွေတွေကို ရပ်ရွာလူကြီးတွေရဲ့ရှေ့မှာ ရှေ့နေရှေ့ရပ်တွေနဲ့ မင်းတို့ကို မနက်ဖြန်မှာ အပြီးပြတ်လွှဲပြောင်းပေးမယ်လို့ စီစဉ်ထားပြီးပြီ။

မင်းတို့ဘက်ကလည်း တရားဝင်ဖြစ်အောင် တရားရုံးတစ်ခုခုမှာ နှစ်ဦးသဘောတူ လက်ထပ်လိုက်ရင်လည်း ဖြစ်တာပဲ မဟုတ်လား။ ငါ့သဘောပြောရရင် နှစ်ဖက်မိဘတွေသဘောတူလို့ စေ့စပ်ကြောင်းလမ်းပြီးတာပဲ နှစ်နှစ်ကျော်၊ သုံးနှစ်ရှိနေပြီ ဂုဏ်ပကာသနအနေနဲ့ ဟိုတယ်ကြီးတွေမှာ မင်္ဂလာဆောင်တော့ရော ဘာထူးတာမှတ်လို့။

အဲဒီတော့ အဖေပြောမယ် မနက်ဖြန်မနက် (၉) နာရီ၊ (၁၀)နာရီလောက်မှာ နီးစပ်ရာ တရားရုံးမှာ မင်းတို့နှစ်ယောက် လက်ထပ်လိုက်ကြ။ နေ့လယ် (၁၂)နာရီ တိတိအချိန်မှာ အဖေက မင်းတို့ကို အမွေတွေအားလုံး လွှဲပြောင်းပေးဖို့ ရပ်ရွာလူကြီးနဲ့ ရှေ့နေရှေ့ရပ်ခေါ်ပြီး စောင့်ဆိုင်းနေမယ်။

မင်းတို့နှစ်ဦး အကြင်လင်မယားဖြစ်မှပဲ သားသမီးတွေအနေနဲ့ အမွေဆက်ခံပိုင်ခွင့် ပြုသင့်တယ်ဆိုတာဟာလည်း မြန်မာ့ရိုးရာထုံးစံ ဥပဒေမှာ ရှိတယ်လို့ ငါ့ရှေ့နေက ပြောတယ်။ အဲဒါကြောင့် မင်းတို့နှစ်ဦး မနက်ဖြန်မနက်မှာ နှစ်ဦးသဘောတူ လက်ထပ်လိုက်ကြတော့။ ဘာမှ ဆင်ခြေလက်ခြေတွေ လုပ်မနေကြနဲ့တော့"

www.burmeseclassic.com



"ဟုတ်ကဲ့ပါ . . . အဖေ"

ဤတစ်ခါတော့ ကျွန်တော်နှင့် မမြစိမ်း လက်ထပ်ခြင်းကို ရှောင်လွှဲ၍မရနိုင်တော့ပါ။ ထို့ကြောင့် နီးစပ်ရာ တရားရုံးတွင် လက်ထပ်နိုင်ရန်အတွက် တောင်ဥက္ကလာပမြို့သစ်ရှိ အသိအကျွမ်း ရှေ့နေများကို ရှာကြပြီး တရားရုံးတစ်ရုံးတွင် နှစ်ဦးသဘောတူ လက်ထပ်နိုင်ရန်အတွက် အရေးပေါ် စီစဉ်ရပါတော့သည်။ ဥစ္စာပစ္စည်းများကို ကျွန်တော် မမက်ပါ။ မမြစိမ်း တစ်ဦးတည်းအနေဖြင့်လည်း လုပ်ကိုင်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် ကျွန်တော်ပါမှ ဦးစီးပြီး လုပ်ကိုင်နိုင်မည်ဖြစ်သောကြောင့် ကျွန်တော်တို့နှစ်ဦး အရေးပေါ်လက်ထပ်ရန်အတွက် စီစဉ်ရခြင်းဖြစ်ပါသည်။ ဤအကြောင်းကိုလည်း သမိုင်းအိမ်ရှိ အဖေ၊ အမေတို့ထံကိုလည်း လှမ်း၍ အသိပေးရပါသည်။

နောက်တစ်နေ့မနက်တွင် ကျွန်တော်နှင့် မမြစိမ်းတို့အပေါင်းအသင်း ရှေ့နေများဖြင့် ချိန်းဆိုထားရာ တောင်ဥက္ကလာပမြို့သစ်ရှိ တရားရုံးတစ်ရုံးသို့သွားကြပြီး တရားသူကြီးရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး၍ လက်ထပ်ကြပါသည်။ ပြီးမှ ဆင်ဖုန်ရွာ၊ မမြစိမ်းတို့အိမ်ကြီးတွင် လက်ထပ်စာချုပ်အားတင်ပြပြီး အမွေကိစ္စအား လုပ်ဆောင်ရပါတော့သည်။

မမြစိမ်း၏အဖေက ကျွန်တော်နှင့် မမြစိမ်းတို့အား ဇနီးမောင်နှံဟူ၍ အမည်တပ်ပြီး အမွေလွှဲစာချုပ်တွင် အတိအကျ လွှဲပြောင်းပေးခြင်းဖြစ်ပါသည်။ ထိုနေ့က ကျွန်တော့်အဖေနဲ့ အမေလည်း လာကြပါသည်။ မမြစိမ်းတို့ အဖေကတော့ အမွေလွှဲပြောင်းပြီးသည်နှင့် ရွာဦးဘုန်းကြီးကျောင်းသို့ သွား၍ ဆံချသည်။ သိမ်ဝင်ပြီး သင်္ကန်းတန်းဝတ်တော့သည်။ ထိုကိစ္စများ အဝဝအတွက် ကျွန်တော်တို့ ဇနီးမောင်နှံအသစ်က ပြည့်စုံအောင် စီစဉ်ပေးရပါတော့သည်။

ယောက္ခမကြီး၏ ရဟန်းဝတ်သော အခမ်းအနားပြီးဆုံးတော့ ကျွန်တော်တို့နှစ်ဦး သမိုင်းအိမ်ကြီးသို့ အဖေ၊ အမေတို့နှင့်အတူ လိုက်ခဲ့ကြပါတော့သည်။ ထိုအိမ်ကြီးတွင် ညစာစားပြီး ညအိပ်ရန်၊ နောက်တစ်နေ့





မနက်မှ အင်းစိန်သို့သွားကြပြီး အလုပ်ဝင်ကြရန် နှစ်ဦးသား တိုင်ပင်ထားကြပါသည်။

ထို့ကြောင့် ထိုညက သမိုင်းရှိ အဖေအမေတို့ အိမ်တွင် မိသားစုတစ်စု စည်းဝေးစုံညီစွာ ညစာစားသောက်ပြီး ကျွန်တော်တို့ ဇနီးမောင်နှံ အသစ်စက်စက် မင်္ဂလာဦးညအဖြစ် ဆုံတွေ့ခဲ့ရပါသည်။

ထိုညက ကျွန်တော်တို့နှစ်ဦး အလွန်ပျော်ကြသည်။ အပျော်လွန်ပြီး နှစ်ခြိုက်စွာလည်း အိပ်ပျော်ခဲ့ကြသည်။ မနက်မိုးလင်း၍ တစ်ရေးနိုးတော့ မနက် (၇)နာရီခန့် ရှိပါသည်။ ကျွန်တော် မမြစိမ်းအား ကြင်နာစွာနှိုးတော့ မနိုးပါ။ အိပ်ချင်ဟန်ဆောင်နေသည်ဟု ထင်ပြီး သူမ၏ခန္ဓာကိုယ်ကလေးကို တယုတယ ပွေ့ပိုက်နှိုးတော့ တစ်ကိုယ်လုံး အေးစက်နေသည်။ သို့သော် သူမ၏မျက်နှာက ပြုံးနေဟန်ရှိသည်။ မမြစိမ်းတစ်ယောက် ကျွန်တော့်အား ထားခဲ့၍ မနိုးသောအိပ်ခြင်းဖြင့် အိပ်ပျော်သွားရှာပြီ ဖြစ်ပါသည်။

(၂၄) နာရီအတွင်း ကျန်းမာရေးကောင်းမွန်သူတစ်ဦး ရုတ်တရက် သေဆုံးခြင်းဖြစ်သောကြောင့် ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနသို့ ပို့ရသည်။ သေမှုသေခင်းဖွင့်ပြီး၍ ခွဲစိတ်စစ်ဆေးကြည့်တော့ နှလုံးရောဂါဖြင့် ရုတ်တရက်ကွယ်လွန်ကြောင်း တာဝန်ကျဆရာဝန်က ထုတ်ပေးသည်။ ကျွန်တော် ယူကြုံးမရဖြစ်ရပါတော့သည်။ အချစ်အတွက် အသက်အသေခံပြီး သက်သေပြသွားခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် မမြစိမ်း၏ရုပ်ကလာပ်အား သူမ၏မွေးရပ်ဒေသ ဆင်ဖုန်ရွာသို့သယ်ဆောင်ပြီး မြေစင်ကန်စေတီကလေးအနီး ညောင်ချဉ်ပင်ကြီး အောက်တွင် ဂူသွင်း၍ သင်္ဂြိုဟ်လိုက်ရပါသည်။

ကျွန်တော် စာဖတ်ပရိသတ်ကြီးအား သတိပေးလိုသည်မှာ လောကတွင် ကျွန်တော်တို့၏ အသိဉာဏ်ဖြင့် လက်လှမ်းမမီသော ဂမ္ဘီရလောက ဖြစ်ရပ်ဆန်းကြယ်များမှာ ခေတ်ကြီးမည်မျှပင် တိုးတက်ပြောင်းလဲလာစေကာမူ ဆက်လက်၍ တည်ရှိနေဆဲဟု ကျွန်တော် ယုံကြည်မိသလို စာဖတ်ပရိသတ်ကြီးလည်း ယုံကြည်စေလိုခြင်းပင် ဖြစ်ပါသည်။

www.burmeseclassic.com



လူဝင်စားဆိုသည်မှာ သေဆုံးသွားပြီးနောက် ရုတ်တရက် အမှီ အခိုကောင်းတစ်ခု ရရှိပြီး သူတို့လောကသဘာဝဘဝတစ်ခုကို ပြောင်းလဲ၍ အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာခြင်းဖြစ်ပါသည်။ သို့သော် ထိုလူဝင်စား များသည် သူတို့နှင့်သက်ဆိုင်သော အုပ်ချုပ်သူတစ်ဦးဦးက စာချုပ်ချုပ်ထား သလို အဝတ်အကျစည်းမျဉ်း၊ စည်းကမ်းကို လိုက်နာဆောင်ရွက်ရကြောင်း မမြစ်မီးက သက်သေပြသွားခြင်းပင် ဖြစ်ပါသည်။ စာဖတ်ပရိတ်သတ် ယုံ သည် မယုံသည်ဖြစ်စေ ကျွန်တော်၏ လက်တွေ့ကြုံတွေ့ခံစားခဲ့ရသော အဖြစ် အပျက်အား ကိုယ်ချင်းစာပြီး ခံစားနိုင်ကြစေရန် မျှဝေခြင်းသာ ဖြစ်ပါတော့ သတည်း။

စာဖတ်ပရိသတ်ကြီးကို အစဉ်လေးစားစွာဖြင့် ...

ထောင်မှူးကြီးသိန်းဝင်း

## စိတ်ကူးသစ်စာပေမှ ထုတ်ဝေပြီးစာအုပ်များစာရင်း

| စဉ် | စာရေးသူ | စာအုပ်အမည် | | ရောင်းဈေး |
|---|---|---|---|---|
| ၁။ | ဇောင်ညို့မှိုင်း | မြွေဝင်စားခင်မြွေ | | ၁၂၀ဝိ/- |
| ၂။ | (သန်လျင်) | လူထူးဆန်းသတိုက်ဝုံဦးရာထော့ | | ၁၂၀ဝိ/- |
| ၃။ | ။ | သည်းထိတ်ဆန်းကြယ်ရွေးနတ်ကြီး | | ၁၂၀ဝိ/- |
| ၄။ | ။ | သေရွာငါးကြိမ်ပြန်ခင်ခေါင်းဖုံ | | ၁၂၀ဝိ/- |
| ၅။ | ။ | မြွေထောတ်ဝါးမြွေများတမ်င်းသားဖိုးစည်နှင့်တျောက်ခဲ | | ၁၂၀ဝိ/- |
| ၆။ | ။ | ပြိတ္တာရွာသူမဖြေ | | ၁၂၀ဝိ/- |
| ၇။ | ။ | ကြောင်တစ်ရာသတ်ပြင်းနှင့် အင်းတစ်ထောင်မင်းဝေါင် | | ၁၂၀ဝိ/- |
| ၈။ | ။ | ပရလောကနှင့် ဖြစ်ရပ်ဆန်းကြယ် | ဂန္ဓိရဝတ္ထုတိုများ | ၁၂၀ဝိ/- |
| ၉။ | ။ | မိစ္ဆာဒိဋ္ဌိမရဏလမ်းကြမ်း | | ၁၅၀ဝိ/- |
| ၁၀။ | ။ | အံ့ဖွယ်နှင့်ဖြစ်ရပ်ဆန်းကြယ် | ။ | ၁၅၀ဝိ/- |
| ၁၁။ | ။ | ကျောက်ကြီးငြ | | ၁၅၀ဝိ/- |
| ၁၂။ | ။ | နတ်မြင်းနှာသံ | ။ | ၁၅၀ဝိ/- |
| ၁၃။ | ။ | ငြိမ်းဆင်တဲ့လက် | ဝတ္ထုတိုများ | ၁၅၀ဝိ/- |
| ၁၄။ | ။ | ရွှေဘုံပြန်လွှန်းအိမ်သစ် | | ၁၅၀ဝိ/- |
| ၁၅။ | ။ | မြစ်သုံးဆိုင်ရေအောက်ကျောက်မိကျောင်းဂန္ဓိရဝတ္ထုတိုများ | | ၁၅၀ဝိ/- |
| ၁၆။ | ။ | ပြည်ကြီးစည်ထီးဝင်တဲ့မိုးကြိုး(အထူးထုတ်လုံးချင်းဝတ္ထု) | | ၃၀ဝဝိ/- |
| ၁၇။ | ။ | မီးငြိမ်းမိုးအဝါအဝင်လျှို့ဝှက်ဆန်းကြယ် | ဝတ္ထုတိုများ | ၁၅၀ဝိ/- |
| ၁၈။ | ။ | နာနာဘာဝဖိုင် | ဂန္ဓိရဝတ္ထုတိုများ | ၂၀ဝဝိ/- |
| ၁၉။ | ။ | ပြိတ္တာရာသီဖွားနန်းအိမ်ကြို | | ၃၀ဝဝိ/- |
| ၂၀။ | ။ | မျက်ရည်ဖြစ်ပေါ်မှာသောင်မထင်တဲ့အပြာရောင်ဗေဒါ | | ၁၅၀ဝိ/- |
| ၂၁။ | ။ | ထေးမည်ရထွန်းကြိုင် | ဂန္ဓိရဝတ္ထုတိုများ | ၂၀ဝဝိ/- |
| ၂၂။ | ။ | ကျောက်တုန်းပေါ်ကလက်ဝဲရာ | ။ | ၂၀ဝဝိ/- |
| ၂၃။ | ။ | တေးသွားပေါ်မှာထက်တဲ့ဝန်းဝှင့် | | ၂၅၀ဝိ/- |
| ၂၄။ | ။ | စိန်စီကြိုးရေချမ်းအိုး | | ၂၅၀ဝိ/- |
| ၂၅။ | ။ | ရင်တွဲရွှေတိုးညို | ။ | ၂၀ဝဝိ/- |
| ၂၆။ | ။ | ပြိတ္တာရေဆန် | | ၂၀ဝဝိ/- |
| ၂၇။ | ။ | ဝံပုလွေဝန်းမှတ်ရသေ့ကြီးနှင့် အရိုးစာရွှေလုံလက် | | ၂၀ဝဝိ/- |
| ၂၈။ | ။ | သိုက်ရှင်မြွေသိပ် | | ၃၀ဝဝိ/- |
| ၂၉။ | ။ | ငှက်ကြီးထောင်ဘုန်း | ဂန္ဓိရဝတ္ထုတိုများ | ၃၀ဝဝိ/- |
| ၃၀။ | ။ | တောရနကွက်ကြောင်နတ်နှစ်ထောင် | | ၃၀ဝဝိ/- |
| ၃၁။ | ။ | ရွှေပြည်ဝင်ရထွက်မိုးအိုးစည် | | ၁၅၀ဝိ/- |